http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုဋ္ဌက

အဂ္ဂမဟာပဏ္ဍိတ

ကျေးရူးတော်ရှင်

ပဗာသပြိဿရတော်ဘုရားကြီး

ဟောကြားတော်မူသော

ဗြဟ္မဇိဟာရ

တရားတော်

သာသနာ - ၂၅၄၉ ကောဇာ - ၁၃၆၈ ခရစ် - ၂၀၀၆

http://www.dhammadownload.com

အနန္တကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂီတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ

မဟာဗျည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုဋ္ဌဂ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော

ဗြဟ္မဝိဟာရ

တရားတော်

သာသနာနှစ် - ၂၅၄၉ ကောဇာနှစ် - ၁၃၆၇ ခရစ်နှစ် - ၂၀၀၆

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၈၂၂၀၇၃/၇၀၅၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၂၀၇ဖက/၀၅၁

အုပ်ရေ - ၁၀၀၀
၂၀၀၆ ခုနှစ် ၊ နိုဝင်ဘာလ

ထုတ်ဝေသူ

ဦးတင်ဝမ် (၂၄၀)
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ၊
၁၆ ၊ သာသနာ့ရိပ်သာလမ်း ၊ ဗဟန်းမြို့နယ်က ထုတ်ဝေ၍

အဖုံးဖလင်ကားလာခွဲခြင်း ကို

STARS Colour Repro

အမှတ်(၁၈၇)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၂၄၂၃၃၃၊ ၃၈၈၄ ၂၀၅၃၄) မှ လုပ်ပေးပြီး

အတွင်းဖလင်ကားလာခွဲခြင်း ကို

EMPIRE Colour Repro

အမှတ်(၁၅၆)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၇၂၄၃၃၇၆) မှ လုပ်ပေးပြီး

စာအုပ်ပုံနှိပ်ခြင်း အတွက်

STARS EMPIRE One Stop Printing Service (၀၇ဖ၅၁)
အမှတ်(၂၈/၃၂)၊ ၄၂ လမ်း၊ ဗိုလ်တာထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉၅၁ ၄၉၅၇၄၄၊ ၃၇၈၉၈၄) မှ
လုပ်ပေးပါသည်။

(ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု)

http://www.dhammadownload.com

လက်ဦးရှုဖွယ်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အားလုံးချမ်းသာရေး

မည်သူမဆို ချမ်းသာချင်ကြသည်ချည်း မဟုတ်ပါလော။

မည်သူမဆို ချမ်းသာရေးအလုပ်ကို လုပ်သင့်သည်ချည်း မဟုတ်ပါလော။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားသည့် ယင်းချမ်းသာရေး အလုပ်ကို ညွှန်ပြပါဟုဆိုလျှင် မေတ္တာဘာဝနာအလုပ်စသည်ကိုပင် ညွှန်ပြရပေမည်။ အဘယ့်ကြောင့်ဆိုသော် ယင်းမေတ္တာဘာဝနာ အလုပ် စသည်နှင့်အညီ လူတွေအားလုံး နှလုံးသွင်းအားထုတ်နေ ကြပါမူ လူ့လောကကြီးတစ်ခုလုံး ညီညွတ်လျက် ချမ်းသာနေကြမည် ဖြစ်သောကြောင့်ပင်။

သို့ဖြစ်၍ မေတ္တာစသော ဤပြဟ္မဝိဟာရ တရားတော်ကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက မြတ်စွာဘုရားရှင်၏ အလိုတော်ကျ ဖွင့်ပြဟောကြားလျက် ဖြန့်ချိစေတော်မူသည်မှ၎င်း လူအားလုံးသတ္တဝါအားလုံးအတွက် ချမ်းသာရေးဖြစ်သည်ဟု ဆိုလျှင် မှားယွင်းဖွယ်မရှိပေ။

http://www.dhammadownload.com

ဤတရားတော်၏ဂုဏ်ပုဒ်များ

ဤတရားတော်မှ ဂုဏ်ပုဒ်အချို့ကို ဖော်ပြရမည်ဆိုလျှင် ဤတရားတော်စာအုပ် (နှာ-၆)၌ မေတ္တာစသည့် ဣရိယာပုတ် ၄-ပါးလုံး၌ပင် ပွားများနိုင်ကြောင်း မေတ္တာသုတ်ပါဠိဂါထာနှင့်တကွ ဖော်ပြထားသည်မှာ အားရနှစ်သက်ဖွယ်ကောင်းလှပါပေသည်။ ထို့ပြင် ဝိပဿနာကိုလည်း ဣရိယာပုတ် ၄-ပါးလုံး၌ပင် ပွားများနိုင်ကြောင်း မဟာသတိပဋ္ဌာနသုတ် ပါဠိတော်အရ ဖော်ပြထားသည်မှာလည်း အလွန်ပင် အားရနှစ်သက်ဖွယ်ကောင်းလှပါပေသည်။ (နှာ ၆-၇)

ဤစာရေးသူ၏ ကိုယ်တွေ့

၁၃၁၆-ခုနှစ်လောက်က ဤစာရေးသူသည် မန္တလေးမြို့ **အဘိဓေမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏** မစိုးရိမ်ကျောင်းတိုက်တွင် **ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ, သာသနဓေ သိရီပဝရ ဓမ္မာစရိယ, အဂ္ဂမဟာပဋ္ဌမကျော် အရှင်နာရဒါဘိဝံသဆရာတော်** အုပ်ချုပ်စောင့်ရှောက်နေသည့် မာဂဓနယူပ-ဒေသကျောင်းတော်၌ ပညာသင်ယူနေသော စာသင်သားများ အဖြစ်ဖြင့် ရှိနေခဲ့ပါသည်။ ထိုစဉ်အခါက တရားအားထုတ်နေတော်မူသည့် ဆရာတော်ဘုရားကြီးများ၏အကြောင်းကို ကြားရသောကြောင့် မိမိမှာ တရားအားထုတ်လိုသည့်စိတ်ဆန္ဒများ ဖြစ်ပွားခဲ့ပါသည်။ ထိုစဉ်က စာသင်သားဘဝမှာ အညောင်းအကိုက်များလှသောကြောင့် ကြာရှည်စွာထိုင်လျက် တရားအားထုတ်နိုင်မည်

http://www.dhammadownload.com

မထင်ခဲ့ပါ။ ထို့ကြောင့် အာနာပါနကို ထိုင်ရင်းပင် နှိုင်နင်းအောင် အားထုတ်ပြီးလျှင် ယင်းအာနာပနကိုပင် စကြီသွားရင်းလည်းအား ထုတ်မည်ဟု ကြံစည်စိတ်ကူးခဲ့ပါသည်၊

၁၃၁၈-ခုနှစ်၊ သီတင်းကျွတ်လ၌ မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရိပ်သာခေါ် ရတနာပုံသာသနာ့ရိပ်သာမှာ ဝိပဿနာ တရားအလုပ်ကို အားထုတ်ခွင့်ရခဲ့ပါသည်၊ ထိုစဉ်အခါက ယင်း ရိပ်သာတွင် နာယကဆရာတော်မှ အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ တရားပြသည့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ (ယခုအခါ ဇာတိအရပ် တောင်တွင်းမြို့နယ် ကုက္ကိုခွဲရွာ၌ သီတင်းသုံးလျက်ရှိသော) ဦးဣန္ဒိယနှင့်(ယခု ချင်း တွင်းမြစ်ရိုး မောင်းခမ်းရိပ်သာ၌ သီတင်းသုံးလျက်ရှိသော) မောင်း ခမ်းဆရာတော် ဦးပုညဝရ အရှင်မြတ်များ ဖြစ်ကြပါသည်။

ထိုစဉ်အခါက ကမ္မဋ္ဌာနာစရိယဆရာတော်များက လျှောင်း, ထိုင်, ရပ်, သွား ဣရိယာပုတ်လေးပါးလုံးမှာပင် ရှုမှတ်အားထုတ် ရန် ညွှန်ကြားတော်မူသည့်အတိုင်း တရားအားထုတ်ရသည်မှာ ညောင်းညာပင်ပန်းခြင်းမရှိဘဲ အလွန်ပင် အဆင်ပြေလျက်ရှိခဲ့ ပါသည်။ ထို့ကြောင့် "အာနာပါနကိုပင် စကြီသွားရင်လည်း အား ထုတ်မည်" ဟု ကြံစည်ရည်ရွယ်ချက်ကိုလည်း တစ်ခါတည်း ပယ်ဖျက်ပြီးလျှင် အခြားနည်းသို့ ပြောင်းလဲစရာမလို၊ ဤသတိ ပဋ္ဌာန်နည်း အတိုင်းသာ အားထုတ်သွားတော့မည်" ဟု ဆုံးဖြတ်ချက် ချမိပါတော့သည်။

http://www.dhammadownload.com

ထို့နောက် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် အဂ္ဂ မဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ ၁၃၂၃-ခုနှစ်က ၆-လ၊ ၁၃၂၇-ခုနှစ်က ၃-လ အားထုတ်ခွင့်ရ ခဲ့ပါသည်။

ရဟန်းတော်တိုင်းပင် နှုတ်တက်ရပြီး နေ့စဉ်ရွတ်ဆိုနေရ သည်။ ဘုရားစကားတော်ကို သတိမမူမိကြသည်က များလှချေ သည်။ ယင်းသတိမမူမိသူများထဲတွင် ဤစာရေးသူလည်း အပါ အဝင်တစ်ဦးဖြစ်ပါသည်။ ဗြဟ္မဝိဟာရတရားတော် (နှာ-၁၇၄) ၌ "တိဋ္ဌ စရံ နိသိန္နော၀ စသော ဗုဒ္ဓမြတ်စွာဘုရား၏ ဩ၀ါဒ စကားတော်ကို တွေ့ရသဖြင့် ယင်းဩ၀ါဒစကားတော်နှင့်အညီ တရားအားထုတ်ကြသော ယောဂီများ၏ အဆင်ပြေပုံ၊ အကျိုးများပုံ များကို ကိုယ်တွေ့အားဖြင့် ထင်ရှားသိမြင်ရပါတော့သည်။

ပါဠိရွတ်ပုံ စသည်ကို ရှင်းပြချက်

ဗြဟ္မဝိဟာရပုဒ်၌ ဗြဟ္မသဒ္ဒါကို အကွာရာအတိုင်း အသံပေါ် အောင် ရွတ်ဆိုပုံနှင့် မြန်မာမျိုး နားလည်အောင် ရွတ်ဆိုပုံများကို ရှင်းပြပြီးလျှင် ကိုယ်တော်တိုင်ကမူ အများနားလည်အောင် ရွတ် ဖတ်လေ့ရှိကြောင်း ပြဆိုထားသည်ကို အများက နှစ်သက်သဘော ကျမည်မှာ သေချာပါသည်။ (နှာ-၁-၂)

တင်ပျဉ်ခွေထိုင်ပုံများကို ခွဲခြားရှင်းလင်းပြထားသည်မှာ လည်း မှတ်သားဖွယ်ကောင်းလှပါပေသည်။ (နှာ-၅)

ချမ်းသာပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပွားနေ့ဟဲ့သူဟာ

http://www.dhammadownload.com

ကိုယ်ဖြင့်, နှုတ်ဖြင့်လည်း သူတစ်ပါးအား ချမ်းသာအောင် ပြုလုပ်ဆောင်ရွက်သင့်ကြောင်း စသည်ကို ပြဆိုချက်များဟာလည်း နှစ်သက်ဖွယ်ကောင်းလှပါပေသည်။ (နှာ-၁၉)

"သုခီ အတ္တာနံ ပရိဟရန္တု - ချမ်းသာနှင့်ပြည့်စုံလျက် (၀ါ-ချမ်းသာစွာ) မိမိခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ" စသော မြန်မာဘာသာပြန်နှင့် ရှင်းလင်းချက်ကို ဖတ်ရသောအခါ နိုင်ငံကျော်စာရေးဆရာကြီး ဦးသုခ ဆောင်းပါးအဆုံး၌ တွေ့ရသော "သုခီ အတ္တာနံ ပရိဟရန္တု" ဟူသော မေတ္တာပို့ပါဠိ၀ါကျကလေးကို ပြေး၍ သတိရမိပါတော့သည်။ (၂၂)

နှာ (၃၀) တွင် အမှတ်- ၉ နှင့် ၁၀ တို့အရ မေတ္တာပွားရာ ၀ယ် အောက်အရပ်၌ အရိယာပုဂ္ဂိုလ်များ, နတ်များ, လူများ၊ အထက်အရပ်၌ လူများ, အပါယ်သတ္တ၀ါများ ဘယ်လိုရှိသင့်သနည်း စသည်ဖြင့် ဖြစ်နိုင်သော သံသယအချက်အလက်များကို ရှင်းလင်းပြထားချက်မှာလည်း အားရကျေနပ်ဖွယ် ရှိပါပေသည်။
(၃၀) မှတ်ချက်။

မေတ္တာအကျိုး ဖော်ပြချက်

အလျှုံခံရဟန်းတော်များက မေတ္တာပွားလျှင် ယင်းရဟန်းတော်များရော, အလျှုံရှင် ဒကာ-ဒကာမများရော အကျိုးများပုံကို ပုတ်ဖော်ပြထားသည်မှာ အလျှုံခံရဟန်းတော်များရော, အလျှုံရှင် ဒကာ-ဒကာများပါ အားရစရာကောင်းလှပါပေသည်။ ယင်းအချက်ကို ဟောပြောမှုနည်းပါးသောကြောင့် အများအားဖြင့်

http://www.dhammadownload.com

ကြားနာခွင့်မရဘဲ ရှိနေကြပါသည်၊ ထို့ပြင် အရှင်သုဘူတိဝတ္ထုဖြင့် ထပ်လောင်း၍ ပြသထားသောကြောင့် သာ၍ပင် ကြည်ညိုဖွယ် ကောင်းလှပါသည်၊ (၃၁-၄)

သေခါနီးဆဲဆဲ၌ ဓနဥာန်စျာန်ရသွားပုံတို့ကို ဖော်ပြထား သည်မှာ မေတ္တာ စသည်ကို ပွားများအားထုတ်ကြရန် အလွန်ပင် စိတ်အားတက်ကြွစေနိုင်ဖွယ်ရှိပါသည်၊ (၃၅-၉)

သဒ္ဓါတရားဖြစ်ဖွယ်

မောင်ပုဏ္ဏထွန်ထားသည့် မြေကွက်တစ်ခုလုံး ရွှေတွေဖြစ် နေပုံကို ယခုခေတ်လူများ ယုံနိုင်ရန်အတွက် ရှေးခေတ်က မမျှော် လင့်ခဲ့သော ယခုခေတ် စက်ပစ္စည်း ဓာတ်ပစ္စည်းများနှင့် နှိုင်းယှဉ် ၍ ကြည့်သင့်ကြောင်း ပြထားသည်မှာ သင့်လျော်လှပါပေသည်။ (၅၀-၅၁)

မေတ္တာနှင့်ဝိပဿနာ ယှဉ်တွဲပွားပုံ

စျာန်ရသူဖြစ်စေ မရသူဖြစ်စေ မေတ္တာနှင့်ဝိပဿနာကို ယှဉ်တွဲ၍ ပွားနိုင်ကြောင်း ရှင်းလင်းဖော်ပြထားသည်မှာလည်း စျာန်မရသူတို့အတွက် အားတက်ဖွယ်ကောင်းလှပါပေသည်။(၅၉)

သမာဓိ၏ အန္တရာယ်ကို မဖြစ်စေတတ်သော အခြားယောဂီ များအနီး၌ ရှိနေသော်လည်း ထိုသို့သော ဌာနကို သုညာဂါရ၌ အတွင်းသွင်း၍ ပြဆိုထားသည်မှာလည်း သီးသန့်နေရာ မရနိုင် သော ယခုခေတ် ယောဂီများအတွက် အားရကျေနပ်ဖွယ်ကောင်း လှပါပေသည်၊ (၆၄)

http://www.dhammadownload.com

မေတ္တာ လုံးဝမပွားသင့်သည့် လိင်ကွဲသူ၌သော်လည်း ကုသိုလ်ဖြစ်ရုံ အကြိမ်အနည်းငယ်မျှ မေတ္တာပို့ခြင်းကိုတော့ တားမြစ်ဖွယ်မရှိကြောင်း ပြဆိုချက်မှာ ရသင့်သည့် အခွင့်အရေးကို ထုတ်ပြခြင်းဖြစ်၍ ချီးကျူးဖွယ်ကောင်းလှပါပေသည်။ (၆၇)

ကရဏီယ စသော မေတ္တာသုတ် ဖွင့်ပြချက်များ

ကရဏီယ မတ္ထကုသလေန။ ပ။ သက္ကော-ဟူသော ပါဠိ၌ အနက်အဓိပ္ပါယ်ဖွင့်ပြထားသည်မှာ ရှင်းလင်းပေါ်လွင်လှပါပေသည်။ ထိုတွင် သိက္ခာသုံးပါးကို ကျင့်နိုင်ရန်အတွက် သဒ္ဓါနှင့်ဝီရိယ ပြည့်စုံဖို့လိုကြောင်း ချဲ့ပြထားသည်မှာလည်း အလွန်ပင် အားရကျေနပ်ဖွယ် ကောင်းလှပါပေသည်။ (၁၁၁-၅)

ဥဇုနှင့်သုဟုဇု -အရကို ရှင်းပြရင်း ဩဝါဒပေးပုံမှာ အခြားအရသာနှင့်မရောဘဲ ကောင်းနေသည့် သကြားကဲ့သို့ပင် ကောင်းလှပါပေသည်။ ဥဇု သုဟုဇုဖြစ်ခြင်း၏အကျိုးကို ဆက်လက်ပြထားပုံမှာလည်း တရားအားထုတ်ဆဲ ယောဂီများရော, အားထုတ်ရန် ကြံစည်နေသည့် ယောဂီလောင်းလျာများပါ ကြည်ညိုစရာ, လိုက်နာ၍ ကျင့်သုံးစရာ ကောင်းလှပါပေသည်။ (၁၁၆-၇)

သန္တုဿကော-အရ ဆွမ်းပစ္စည်း၌ ရောင့်ရဲလွယ်ပုံနှင့် စပ်၍ ပိဏ္ဍိယာလောပ ဘောဇဉ်ဆိုတဲ့ ဆွမ်းခံ၍ ရသောဆွမ်းဖြင့် ရောင့်ရဲသင့်ပုံကို ဖော်ပြရင်း ထိုသို့ မရောင့်ရဲသဖြင့် ခွက်လက်စွဲကာ ငွေအလှူခံနေသူများကို တွေ့ရကြောင်း ထုတ်ဖော်ပြထားသည်မှာ ဗုဒ္ဓသာသနာတော်၌ ကြည်ညိုစွာ ဂုဏ်မပျက်အောင် စွမ်းဆောင်

http://www.dhammadownload.com

နိုင်သော သက်ဆိုင်ရာပုဂ္ဂိုလ်များက ထိုသို့သော သာသနာ့ဂုဏ်ဖျက်သူများကို ပယ်ရှားရန် ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်ရန် အထူးသတိပြုဖွယ် ဖြစ်ပါပေသည်။ (၁၂၄)

ပူတိမုတ္တသဒ္ဒါဖြင့် ရသင့်သောအနက်ကို ဖွင့်ပြထားရာတွင် ပါဠိပညာရှင်များအတွက် စိစစ်ဝေဖန်ပြထားသည်မှာလည်း အထူးသတိပြုဖွယ် ဖြစ်ပါပေသည်။ (၁၂၆)

ခရီးရှည်သွားလျှင် အပ်နှင့်အပ်ချည် ယူဆောင်သွားသင့်ပုံကို ကိုယ်တွေ့အကြောင်းအရာနှင့်တကွ ဖော်ပြထား၏။ ယင်းသို့ဖော်ပြချက်ကို ဖတ်ရှုသဖြင့် ဆရာတော်ဘုရားကြီး၏ ကိုယ့်ဝန်ကိုယ်ထမ်းစိတ်ဓာတ်ကို လေးစားကြည်ညိုကာ အတုယူစရာကောင်းသည်ဟု ထင်မြင်မိပါသည်။ (၁၃၁-၂)

ထို့ပြင် ယူဇနာဝက် ခရီးရှည်သွားလျှင် ရေစစ်ပါစေရမည်ဟူသော ဝိနည်းသိက္ခာပုဒ်အရ ယခုနေ့အခါ ၆-မိုင်ခွဲခန့်၊ သို့မဟုတ် ၄-မိုင်ခွဲခန့်ခရီးကိုသွားလျှင် ရေစစ်ကို ယူဆောင်သွားသင့်ကြောင်း ဖော်ပြထားသည်မှာလည်း မှတ်သားဖွယ်၊ သတိပြုဖွယ်ကောင်းလှပါသည်။ (၁၃၃)

ထို့ပြင် ကိုယ်တော်တိုင် တရားရှာထွက်စဉ်ဦးက ထီးဖိနပ်တောင်မပါဘဲ အလွန်ပေါ့ပါးစွာ သွားခဲ့ပုံကို ဖော်ပြထားသည်မှာလည်း ကြည်ညိုဖွယ်၊ အတုယူဖွယ်ကောင်းလှပါပေသည်။ (၁၃၄)

နိပကော -ပုဒ်မှ ရင့်ကျက်သော ပညာအရှုကို ဝိသုဒ္ဓိမဂ်မှ ယူ၍ ပြထားသည်မှာလည်း သဘာဝကျ၍ မှတ်သားဖွယ်ကောင်းလှပါပေသည်။ (၁၃၆)

http://www.dhammadownload.com

ကုလေသွနနုဂိဒ္ဓေါ - ပုဒ်၏အနက်ကို ဖွင့်ပြထားသည်မှာ ရှင်းလင်းလှပါပေသည်။ ရဟန်းတော်များရော, ဒကာ၊ ဒကာမများ ပါ ထိုဖွင့်ပြချက်အတိုင်း လိုက်နာ၍ ကျင့်သုံးသင့်ပါသည်။ ထိုဖွင့်ပြ ချက် ကောင်းလှသောကြောင့် သာ၍ပေါ်လွင်စေရန် ဤစာရေးသူ က အောက်ပါအတိုင်း သီးသန့်ဆောင်ပုဒ်များဖြင့် ထပ်မံ၍ တန်ဆာ ဆင်လိုက်ရပေသည်။

၁။ (ဂါဟ-ဂါဟက) ဒကာဆရာ၊ ညီညာညာ၊ ပြိုင်ကာ ဖမ်းကြသည်။

၂။ (ဂါဟ-မုတ္တက) ဒကာကသာ၊ ဖမ်းယူပါ။ ဆရာလွတ် လေသည်။

၃။ (မုတ္တ-ဂါဟက) ဆရာကသာ၊ ဖမ်းယူပါ။ ဒကာလွတ် ပေသည်။

၄။ (မုတ္တ-မုတ္တက) ဒကာဆရာ၊ ညီညာညာ၊ ပြိုင်ကာ လွတ်ကြသည်။

(မ-၆ ၂။ ၅၂ အရဖြစ်သည်) (၁၄၂-၆)

နိ နိကုဇ္ဇေထ - အရ ဘာသာရေးဖြင့် လှည့်စားသည်လည်း ရှိကြောင်း ဖော်ပြပြီးလျှင် ယင်းဘာသာရေးဖြင့် အလှည့်စားမခံရ စေရန် အထူးသတိပေးထားပေသည်။ ထို သတိပေးချက်ကို ထောက်ဆ ကြည့်လျှင် ဆရာတော်ဘုရားကြီး၏ မေတ္တာ ကရုဏာကို ထင်ရှား သိရပေသည်။ (၁၆၀-၄)

http://www.dhammadownload.com

ဒိဋ္ဌိ၌ အနုပဂ္ဂမ္မအရ အတ္တဒိဋ္ဌိပယ်ပုံကို သုတမယညာဏ်ဖြင့် လည်းကောင်း၊ မေတ္တာစျာန်ကို ရှုသိသော ဝိပဿနာဖြင့်လည်း ကောင်း၊ သာမန်မေတ္တာစိတ်ကို ရှုသိသော ဝိပဿနာစိတ်ဖြင့် လည်းကောင်း၊ အရိယမဂ်ဖြင့်လည်းကောင်း ခွဲခြားဝေဖန်၍ ဖော်ပြ ထားသည်မှာ အလွန်ပင် အားရနှစ်သက်ဖွယ် ကောင်းလှပါပေ သည်။ (၁၇၈-၁၈၃)

အရိယမဂ်ညာဏ်ဖြစ်ပုံအထိ ဝိပဿနာညာဏ်များ အဆင့် ဆင့်ဖြစ်ပုံကို ဖော်ပြထားသည်မှာ တရားအားထုတ်ဖူးသူတိုင်း မိမိ မှာ မြင်ဖူး သိဖူးသော ညာဏ်ဖြစ်ပုံများနှင့် တိုက်ဆိုင်ကြည့်ရန် ကောင်းလှပါပေသည်။ (၁၈၁-၃)

မေတ္တာစေတောဝိမုတ္တိခေါ် အပွနာစျာန်အဆင့်သို့ မရောက်သေးသော်လည်း သာမန်မေတ္တာဖြင့် ရနိုင်သော အကျိုး အာနိသင်များကို ဖော်ပြထားသည်မှာ မေတ္တာပွားများနေသူတို့ အတွက် အားတက်ဖွယ် ဖြစ်ပါပေသည်။ (၁၉၄-ကြောင်း-၉)

ဦးဘထူး၏ မေတ္တာဓာတ်ကြောင့် ခွေးဆိုးတွေကတောင် မေတ္တာတုံ့ပြန်ကြကြောင်းကို ဖော်ပြထားခြင်းဖြင့် ဤတရားတော် ကို နာယူရှုကြည့်သူတို့မှာ မေတ္တာပွားရန် စိတ်အားသန်ကြဖွယ် ရှိပါပေသည်။ (၁၉၉)

အရေးမကြီးသောအကြောင်းဖြင့် အချိန်မကုန်စေ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မေတ္တာ ၏ အကျိုးအာနိသင်ကို ပြရာတွင် လိုရင်းမဟုတ်သော မာဂဏ္ဍီ၏

http://www.dhammadownload.com

ကုန်းတိုက်ပုံ အကြောင်းအရာတစ်ခုကို ချန်ထားခဲ့ပေသည်။ ၄င်းမှာ အောက်ပါအတိုင်းပင်။

> မာဂဏ္ဍီမိဖုရား၏ ကောက်ကျစ်သော စီမံချက်အရဖြင့် ကြက်ရှစ်ကောင်ကို ကိုယ်တိုင်သတ်ပြီး ချက်ပေးရန် ဥတေနဘုရင်က သာမာဝတီတို့ထံသို့ ပို့စေလိုက်၏။ သာမာဝတီတို့က "ငါတို့ဟာ သူ့အသက်မသတ်ကြပါ" ဟုငြင်းပယ်လိုက်သောအခါ ထိုကြက်အရှင်ရှစ်ကောင်ကို ဥတေနဘုရင်ထံသို့ ပြန်ယူသွား၏။ ယင်းကြက်အရှင်များကိုပင် ဂေါတမဘုရားအတွက် သတ်ပြီး ချက်ပေးရန် သာမာဝတီထံသို့ ပြန်ပို့စေလိုက်ပြန်၏။ ထိုအခါ မာဂဏ္ဍီက ယင်းကြက်အရှင်များကို ဖယ်ရှားပြီး ကြက်သေရှစ်ကောင်ကို ပို့စေလိုက်၏။ သာမာဝတီတို့က ကြက်သေများဖြစ်သောကြောင့် "ယူခဲ့ပါ။ ဒါဟာ ငါတို့ရဲ့အလုပ်ပဲ" ဟု ကြိုဆိုကာ လက်ခံကြ၏။ ထိုအကြောင်းအရာကို ပြ၍ မာဂဏ္ဍီက ဥတေနဘုရင်အား ကုန်းတိုက်စကားပြောကြားလေသည်။ သို့သော် ဥတေနဘုရင်ကမူ အမျက်မထွက်ဘဲ သည်းခံလျက် ဆိတ်ဆိတ်သာ နေပါသတဲ့။ (ဓမ္မပဒ-၆ ၁၊ ၁၃၇)

အထက်ပါအကြောင်းအရာထဲ၌ သာမာဝတီတို့က ကြက်ကိုမသတ်ခြင်းနှင့်စပ်၍ သောတာပန်၏ဂုဏ်ကို ဖော်ပြနိုင်ပါသည်။ သို့သော် မေတ္တာ၏ အကျိုးအာနိသင် မဟုတ်သောကြောင့် ရှည်လျားသော ယင်းအကြောင်းအရာကို အချိန်မကုန်စေရန် ဆရာတော်ဘုရားကြီးက ချန်ထားခဲ့သည်ဟု ဆိုပါသည်။

http://www.dhammadownload.com

သောတာပန် သကဒါဂါမ်များ သုဒ္ဓါဝါသ၌ မဖြစ်နိုင်ကြောင်းကို မပြဘဲရှိရာ၌ စောဒနာသွင်း၍ ရှင်းလင်းပြဆိုထားသည်မှာ ကြည်ညိုဖွယ်၊ အံ့သြဖွယ်ဖြစ်ပါပေသည်။ (၂၃၃)

တပည့်သာဝကတို့နှင့် မဆိုင်ဘဲ ဘုရားတို့နှင့်သာဆိုင်သော အသာဓာရဏဉာဏ်တော် ၆-ပါးကို သရုပ်အားဖြင့် ဖော်ပြထားသည်မှာ သုတအလိုရှိသူတို့အတွက် မှတ်သားဖွယ် ဖြစ်ပါပေသည်။ (၂၆၃)

ကိုရင်ဘဝတုန်းက အသတ်ခံရမည့် နွားများအပေါ်၌ ကရုဏာသက်၍ အမဲသား မစားတော့ဘဲ ကြဉ်ရှောင်ခဲ့ပုံကို ဖော်ပြထားသည်မှာလည်း အတုယူ၍ ကျင့်ဖွယ်ကောင်းလှပေသည်။ (၂၇၂)

ကိုယ်ပိုင်ဥစ္စာမရှိပုံကို အသောကမင်းကြီးဝတ္ထုဖြင့် ပြရာ၌ မြန်မာတို့ အသိများသည့် ဝိသုဒ္ဓိမဂ်မှုဖြင့်သာ မဟုတ်ဘဲ၊ မြန်မာတို့ အလွန်အသိနည်းသည့် ဒီဗျာဝဒါနကျမ်းမှာလည်း ထုတ်ဆောင်၍ပြထားသည်ကို ဖတ်ရှုရသောသူများမှာ ချက်ချင်းပင် သံဝေဂဖြစ်ပွားရ၍ တရားအားထုတ်လိုသော စိတ်အကြံဖြစ်လောက်ပါပေသည်။ (၂၈၂-၄)

ပြဟ္မဝိဟာရတရားတော်ကို မူလဟောစဉ်က ဝိသာခမထေရ်၏ဝတ္ထုကို ဟောပြီးနောက် အရှင်အဿကဂုတ္တမထေရ်ဝတ္ထုကိုလည်း ဆက်လက်ဟောတော်မူခဲ့ပေသည်။ သို့သော် စာမူချောစီစဉ်ပြုစုသောအခါ ကျမ်းမကျယ်စေလိုသောကြောင့် ယင်းဝတ္ထုကို ချန်ထားသည်ဟု သိရပါသည်။ ၄င်းမှာ အောက်ပါအတိုင်းပင်။

http://www.dhammadownload.com

အရှင်အသဃဂုတ္တမထေရ်ဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက **သကုလုဒါယီ** ခေါ် ပရိဗိုဇ် (ပရဗိုက်) ရသေ့ဆရာကြီးတစ်ဦး ထင်ရှားခဲ့၏။ ယင်း ရသေ့ကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ် နှစ်ရာလောက်ဆီက ပါဋလိပုတ်ပြည်မှာ အမျိုးသား တစ်ဦးဖြစ်လာ၏။ ဗုဒ္ဓသာသနာတော်၌ ရဟန်းပြုပြီး တရားကျင့်၍ ရဟန္တာဖြစ်တော်မူသည်။ အရှင်အသဃဂုတ္တဟု ခေါ်ကြသည်။ ယင်းမထေရ်သည် မေတ္တာဖြင့် နေလေ့ရှိသော ရဟန်းတို့ထဲမှာ အထူးမြတ်ဆုံး ဖြစ်ပေသည်။ ယင်းမထေရ်၏ မေတ္တာစွမ်းရည်ကြောင့် တိရစ္ဆာန်များပင် မေတ္တာစိတ်ကို ရကြပါသတဲ့။ (အချင်းချင်း မြတ်နိုးကြသည်ဟု ဆိုလိုပါသည်။)

ထိုအရှင်အသဃဂုတ္တမထေရ်သည် ဇမ္ဗူဒီပ်တစ်ကျွန်းလုံး၌ ရှိသော ရဟန်းတော်များ၏ သြဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့် ဂိဠကုဋ္ဌတောင် တောအရပ်တွင် ဝတ္ထုနိကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။ ယူဇနာ ၃၀ (မိုင် ၂၄၀ ခန့်) ရှိသော ဂိဠကုဋ္ဌတောအုပ်သည် ယောဂီတို့၏ တရားအားထုတ်ရာ ကမ္မဋ္ဌာန်းကျောင်းချင်း ဆက်စပ်လျက် ပြည့်နေသည်။ အရှင်အသဃဂုတ္တမထေရ်သည် ဓမ္မခဏ် ခေါ် သားရေအခင်းကို ကောင်းကင်၌ ခင်းတော်မူပြီး ထိုအခင်းတော်ပေါ်တွင် ထိုင်တော်မူလျက် ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူသည်။ (အားတက်ပြီး အတုယူကျင့်စေလိုသော

http://www.dhammadownload.com

ကြောင့် ယင်းသို့ တန်ခိုးပြလျက် ဟောတော်မူဟန်တူပါသည်။)

ကာလရှည်ကြာ နောင်အခါ၌မူ ဆွမ်းခံတောင် မကြွတော့ဘဲ ကျောင်းတိုက်အတွင်း၌သာ သီတင်းသုံးတော်မူလျက် ကမ္မဋ္ဌာန်းပြနေတော်မူလေသည်။ စေတနာရှင်လူအများကလည်း ကျောင်းသို့ သာလျှင် သွား၍ လှူဒါန်းကြသည်။ ဓမ္မာသောကမင်းကြီးက ယင်းမထေရ်၏ ဂုဏ်သတင်းကို ကြားရ၍ ဖူးမြင်လိုသောကြောင့် သုံးကြိမ်တိုင်တိုင် (တမန်တော်ဖြင့်) ပင့်လျှောက်လေသည်။ သို့သော် အရှင်အသဃုတ္တာမထေရ်သည်ကား တပည့်တို့အား သြဝါဒပေးနေရ၍ မအားလပ်ကြောင်း မိန့်ကြားတော်မူကာ တစ်ကြိမ်တစ်ခါမျှ ကြွတော်မူခြင်းမရှိပါချေ။ (မ-၅ ၃၊ ၁၃၀) (တပည့်တို့ကိုင့်သော ကမ္မဋ္ဌာန်းဆရာများ အတုယူဖွယ်ပင်)

စိစစ်ပြဆိုပုံ အထူးများ

မာဝိဂစ္ဆန္တိ - ဟူသော မုဒိတာပွားများပုံကို ဝိသုဒ္ဓိမဂ်၌ တိုက်ရိုက်မပြထားသော်လည်း အခြားနေရာ၌ ပြထားသော နပရိဟာယိသဿန္တိ ဟူသော ပါဠိနှင့်နှီးနှောရ၍ သင့်မြတ်ကြောင်း စိစစ်ရှင်းလင်းပြထားသည်မှာ ပါဠိပညာရှင်များ အားရနှစ်သက်ဖွယ်ကောင်းလှပါပေသည်။ (၃၂၅)

အယူမှားကို ကြောက်စရာကောင်းကြောင်း ပြထားသည်မှာလည်း သံဝေဂဖြစ်ဖွယ် ကောင်းလှပါပေသည်။ (၃၅၃)

ဥပေက္ခာပွားစေရာ၌ ကမ္မသကာဟု နှလုံးသွင်းပုံကို ပေါ်လွင်စေရန် စူဠကမ္မဝိဘင်သုတ် ထုတ်ဆောင်ပြထားသည်မှာလည်း အဆင်ပြေလှပါပေသည်။ (၃၅၈-စသည်)

ကုသိုလ်ကို မေးမြန်းလေ့လာသင့်ရာ၌ ဘာဝနာကုသိုလ်ကို

http://www.dhammadownload.com

မေးမြန်းလေ့လာသင့်ကြောင်း၊ ထိုတွင်လည်း ဝိပဿနာကုသိုလ်ကို မေးမြန်းလေ့လာရန် သာ၍အရေးကြီးကြောင်း စသည်ကို ဝေဖန်ဖော်ပြထားသည်မှာလည်း အလွန်ပင် လေးနက်လှပါပေသည်။ (၃၉၉)

ဗြဟ္မဝိဟာရ တရားတော်ကျမ်းစာ၏ ဂုဏ်တွေကို ဆက်လက်ဖော်ပြနေလျှင် ဤလက်ဦးရှုဖွယ်သည် အလွန်ကျယ်သွားပေလိမ့်မည်။ သို့ဖြစ်၍ ဤမျှဖြင့် ရပ်တန့်ပြီး ဤကျမ်းစာဖြစ်လာပုံကို ဖော်ပြရင်း နိဂုံးချုပ်အပ်ပါတော့မည်။

ဤတရားတော်ကျမ်းစာ ဖြစ်ပေါ်လာပုံ

ဤဗြဟ္မဝိဟာရတရားတော်ကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ခမ္မာရုံ၌ ၁၃၂၇ -ခုနှစ်၊ ဝါဆိုလပြည့်နေ့မှစ၍ သီတင်းနေ့များတွင် ၁၆-ကြိမ်တိုင်တိုင် ဟောကြားတော်မူခဲ့ပေသည်။ တန်ဆောင်မုန်းလကွယ်နေ့မှာ နိဂုံးအရောက်ပြီးမြောက်စေခဲ့ပေသည်။

ထိုသို့ ဟောစဉ်က တစ်ချိန်က ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ အတွင်းရေးမှူးဖြစ်ခဲ့၍ ယခုအခါ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးသိန်းအောင်က တိပ်ရီကော်ဒါဖြင့် အသံဖမ်းယူထားခဲ့သည်။ ယင်းတရားသံကို တိပ်ခွေမှထုတ်၍ လက်ရေးဖြင့်လည်းကောင်း၊ လက်နှိပ်စက်ဖြင့်လည်းကောင်း၊ ရေးကူးရိုက်နှိပ်၍ ကျမ်းစာမူကြမ်းအဖြစ် ပြုစုခဲ့ပြီးနောက် ယင်းစာမူကြမ်းကို အခွင့်သာသောအခါ စိစစ်၍ မူချောအဖြစ် ပြုပြင်ပေးရန် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံ၌ အပ်နှံထားခဲ့၏။

http://www.dhammadownload.com

သို့သော်လည်း ထိုအချိန်ကာလများက ဓမ္မစကြာတရား တော်ကြီး စသည်တို့ကို စိစစ်ပြုပြင်နေရဆဲဖြစ်၍ အခွင့်မသာသော ကြောင့် ယင်းစာမူကြမ်းကို စိစစ်မပြုပြင်နိုင်ဘဲ ရှိနေခဲ့ပါသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ၁၃၃၈-ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၆-ရက်နေ့ကစ၍ အခွင့်သာသောအခါတိုင်း ယင်း စာမူကြမ်းကို စိစစ်ပြုပြင်တော်မူခဲ့ပါသည်။ တပို့တွဲလဆန်း ၇-ရက်နေ့မှာ စိစစ်ပြုပြင်၍ပြီးကြောင်း သိရပါသည်။

၁၃၃၈ -ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇-ရက်နေ့၌ ဤစာရေး သူအား လက်နှိပ်စက်ဖြင့် ၇-မျက်နှာသာ ရိုက်ရန်လိုတော့သည် ဟူ၍လည်း မိန့်ကြားတော်မူလိုက်ပါသေးသည်။ ယင်းမိန့်ကြားတော် မူချက်အရ လက်ဦးရှုဖွယ်ခေါ် ဤနိဒါန်းကို ရေးသား၍ ဆရာ တော်ဘုရားကြီးထံ ဆက်ကပ်လိုက်ရပါသည်။ ဤပြဟ္မဝိဟာရ တရားတော်ကို ဖတ်ရှုကြပြီးလျှင် သူတော်စင်အများ ဝမ်းမြောက်ကြ မည့်အရေးကို မျှော်တွေးကာ ကြည်နူးလျက် လက်ဦးရှုဖွယ်နိဒါန်း ကို နိဂုံးချုပ်လိုက်ပါသည်။

ကျန်းမာချမ်းသာကြပါစေ

ဦးကုဏ္ဍလ
အဘိဓမ္မ ပါဠိပါရဂူ
နာယက, ကမ္မဋ္ဌာနာစရိယ
မဟာစည်သာသနာ့ရိပ်သာ
တာဝါးဆယ်ရပ်၊ ဟသ်ာတမြို့။

၁၃၃၈ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်။
၁၈-၂-၁၉၇၇။

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ပထမပိုင်း စာမျက်နှာ ၁ မှ ၆၀ ထိ	
❖ တရားပလ္လင်ခံ	၁
❖ မေတ္တာစသည်၏ အနက်ကို စိစစ်ပြချက်	၃
❖ ရှေးဦးစွာ အသင့်ပြင်ပုံ ပရိကမ်	၄
❖ တင်ပျဉ်ခွေထိုင်ပုံ	၅
❖ ဣရိယာပုတ် ၄-ပါးလုံး အားထုတ်နိုင်ကြောင်း	၆
❖ အကျိုးအပြစ် ဆင်ခြင်ရမယ်	၇
❖ ဒေါသ၏အပြစ်	၉
❖ သည်းခံခြင်းအကျိုး	၁၀
❖ မေတ္တာပွားပုံ	၁၆
❖ ၅၂-သွယ် မေတ္တာပွားပုံ	၂၀
❖ အရှင်သုဘူတိ၏ မေတ္တာပွားပုံ	၃၃
❖ ဓနဉ္စာနိန္ဒ် မေတ္တာဈာန်	၃၄
❖ မေတ္တာ၏အကျိုး ၁၁-ပါး	၃၉
❖ ဝိသာခမထေရ်ဝတ္ထု	၄၃
❖ ဝိသာခဝတ္ထု	၄၈
❖ မေတ္တာနှင့်ဝိပဿနာတွဲ၍ ပွားပုံ	၅၇

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ဒုတိယပိုင်း စာမျက်နှာ ၆၁ မှ ၉၈ ထိ	
❖ တရားအနုသန္ဓေ	၆၁
❖ ချမ်းသာစွာ ထိုင်ပုံ	၆၂
❖ မေတ္တာစ၍ မပွားသင့်တဲ့ ပုဂ္ဂိုလ်များ	၆၃
❖ မေတ္တာလုံးလုံး မပွားသင့်တဲ့ ပုဂ္ဂိုလ်များ	၆၄
❖ ရှေးဦးစွာစ၍ မေတ္တာပွားသင့်တဲ့ပုဂ္ဂိုလ်	၆၆
❖ စျာန်ရပုံ	၆၉
❖ အမျက်ဒေါသ ပြေငြိမ်းအောင် ဆင်ခြင်ပုံများ	၇၂
❖ ဂါထာ ၁၀-ပုဒ်အရ ဆင်ခြင်ပုံ	၇၅
❖ ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြောင်း ဆင်ခြင်၍ငြိမ်းစေပုံ	၇၈
❖ ဘုရားအလောင်းအကျင့်ဂုဏ် ဆင်ခြင်၍ ငြိမ်းစေပုံ	၈၀
❖ ခန္ဓိ၀ါဒီရသေ့ကြီး သည်းခံပုံ	၈၀
❖ ဓမ္မပါလသူငယ်၀တ္ထု	၈၅
❖ ဆင်, မျောက်, နဂါးတို့၏ သည်းခံပုံ	၈၈
❖ အရှင်ပုဏ္ဏ၏ နှလုံးသွင်းသည်းခံပုံ	၈၉
❖ ဓာတ်ခွဲဆင်ခြင်၍ ဒေါသငြိမ်းစေပုံ	၉၂
❖ အပေးအယူဖြင့် ငြိမ်းစေပုံ	၉၃
❖ သီမာသမ္ဘေဒဖြစ်ပုံ	၉၅
❖ မေတ္တာစျာန်သို့ ရောက်ပုံ	၉၆

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
တတိယပိုင်း စာမျက်နှာ ၉၉ မှ ၁၈၂ ထိ	
❖ တရားအနုသန္ဓေ	၉၉
❖ အလျှုဒါနကိုလည်း အကျိုးကြီးစေတယ်	၁၀၀
❖ မေတ္တာသုတ်၏ အချီးဂါထာ	၁၀၀
❖ ရဟန်းငါးရာအား နတ်တွေက ခြောက်သည်	၁၀၂
❖ နတ်တွေ မခြောက်နိုင်အောင် မေတ္တာသုတ် ဟောတော်မူသည်	၁၀၄
❖ ရွှတ်ရုံမျှဖြင့် မပြည့်စုံ၊ အားထုတ်ဖို့လည်းလိုသည်	၁၀၆
❖ မေတ္တာသုတ် ပရိတ်တော်	၁၀၇
(၁) ကျင့်ရန်စွမ်းနိုင်ရမယ်	၁၀၈
(၂-၃) ဖြောင့်မတ်ရမယ်	၁၁၁
(၄) ဆိုဆုံးမလွယ်ရမယ်	၁၁၄
(၅) နူးညံ့ရမယ်	၁၁၆
(၆) မာန်မထောင်လွှားရ	၁၁၆
(၇) ရောင့်ရဲလွယ်ရမယ်	၁၁၈
(၈) မွေးမြူပြုစုလွယ်ရမယ်	၁၂၄
(၉) ကိစ္စနည်းရမယ်	၁၂၆
(၁၀) နေထိုင်သွားလာ-ပေါ့ပါးရမယ်	၁၂၆
❖ သပိတ်နှင့်ရေစစ်လည်းပါသင့်ကြောင်း	၁၂၈
❖ ကိုယ်ပိုင်ပေါ့ပါးခဲ့ပုံ	၁၂၉
(၁၁) ဣန္ဒြေ ငြိမ်သက်ရမယ်	၁၃၀

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
(၁၂) ဆင်ခြင်ဉာဏ် ရင့်ကျက်ရမယ်	၁၃၂
❖ သပ္ပာယ (၇)ပါး	၁၃၃
❖ သာတ္ထကသမ္ဘဇဉ်	၁၃၃
(၁၃) ကြမ်းတမ်းရိုင်းပျခြင်း ကင်းရမယ်	၁၃၅
(၁၄) ဒကာ-ဒကာမတို့၌ တွယ်တာမှုကင်းရမယ်	၁၃၈
(၁၅) အခြေခံ နောက်ဆုံးကျင့်ဝတ်	၁၄၁
❖ သာမန်မေတ္တာပွားပုံ	၁၄၃
❖ ၂-ပိုင်း ၃-ပိုင်းခွဲ၍ မေတ္တာပွားပုံ	၁၄၅
❖ ၂-ပိုင်းခွဲ၍ မေတ္တာပွားပုံ	၁၄၆
❖ ၃-ပိုင်းခွဲ၍ မေတ္တာပွားပုံ	၁၄၇
❖ တစ်ဖန် ၂-ပိုင်း ခွဲခြား၍ မေတ္တာပွားပုံ ၃- နည်း	၁၅၁
❖ အကျိုးမဲ့ဆင်းရဲများ ကင်းစေရန် မေတ္တာပွားပုံများ	၁၅၄
❖ မေတ္တာအစစ်ပွားပုံ ဥပမာ	၁၆၁
❖ အတိုင်းမသိ ကျယ်ပြန့်စွာပွားပုံ	၁၆၄
❖ မေတ္တာပွားရမည့် အနေအထိုင်နှင့် အချိန်ကာလ	၁၆၈
❖ ဝိဟာရ နေခြင်း ၄-မျိုး	၁၆၉
❖ အပ္ပမညာနှင့် ဗြဟ္မစိုရ်	၁၇၀
❖ ဒိဋ္ဌိပယ်၍ ဂဗ္ဘသေယျကင်းအောင် ကျင့်ရန်	၁၇၁
❖ အတ္တဒိဋ္ဌိပယ်နိုင်အောင် အားထုတ်ပုံ	၁၇၄
❖ ဂဗ္ဘသေယျကင်းအောင် ကျင့်ပုံ	၁၇၈

http://www.dhammadownload.com

ဟတိကာ

အကြောင်းအရာ **စာမျက်နှာ**

စတုတ္ထပိုင်း စာမျက်နှာ ၁၈၃ မှ ၂၃၄ ထိ

❖ တရားအနုသန္ဓေ ၁၈၃
❖ ဒုတိယ မေတ္တာသုတ် ၁၈၄
❖ ရောဇမလ္လဝတ္ထု ၁၈၉
❖ ဦးဘထူး၏မေတ္တာ ၁၉၂
❖ မြားမမှန်တဲ့ သာမာဝတီဝတ္ထု ၁၉၃
❖ သီဟဗာဟုဝတ္ထု ၂၀၈
❖ သုဝဏ္ဏသာမဝတ္ထု ၂၀၉
❖ ဒုတိယမေတ္တာသုတ် ဝိပဿနာရှုပုံစသည် ၂၁၂
❖ အနိစ္စ, အနိစ္စလက္ခဏာ, အနိစ္စာနုပဿနာ ၂၁၅
❖ ဒုက္ခ, ဒုက္ခလက္ခဏာ, ဒုက္ခာနုပဿနာ ၂၁၉
❖ အနတ္တ, အနတ္တလက္ခဏာ, အနတ္တာနုပဿနာ ၂၂၁
❖ ဒုတိယမေတ္တာသုတ်အဆက် ၂၂၄
❖ ပထမမေတ္တာသုတ် (အံ-၁၊ ၄၄၃) ၂၂၆
❖ မေတ္တာပွားရင်း ဝိပဿနာရှုရန် ၂၃၃

ပဉ္စမပိုင်း စာမျက်နှာ ၂၃၅ မှ ၂၈၃ ထိ

❖ တရားအနုသန္ဓေ ၂၃၅
❖ ကရုဏာဆိုတာ ဘာလဲ ၂၃၅
❖ ဘုရားအလောင်း၏ ကရုဏာ ၂၃၈

http://www.dhammadownload.com

ဟာတိကာ

အကြောင်းအရာ **စာမျက်နှာ**

❖ မြတ်စွာဘုရား၏ မဟာကရုဏာတော် ၂၄၀
❖ ကရုဏာစပြီး ပွားသင့်တဲ့ပုဂ္ဂိုလ် ၂၄၃
❖ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု အရ ကရုဏာပွားပုံ ၂၄၉
❖ ကရုဏာ ၁၃၂ ပါးပွားပုံ ၂၅၀
❖ မဟာကရုဏာ သမာပတ္တိဉာဏ်တော်ဖြစ်ပုံ ၂၅၅
❖ မပြတ်ကြောင့်ကြစိုက်နေကြရတာလည်း သနားစရာပဲ ၂၅၇
❖ အိုး-နာ-သေသို့ ဆောင်ပို့ခံနေကြရတာလည်း
သနားစရာပဲ ၂၆၂
❖ ရှင်သာမဏေဘဝက ဖြစ်ခဲ့တဲ့ ကရုဏာ ၂၆၃
❖ တကယ်အားကိုးစရာ မရှိကြတာလည်း သနားစရာပဲ ၂၆၇
❖ ဗုဒ္ဓဘုရားရှင်ကလည်း ဟောရုံသာ စွမ်းနိုင်တယ် ၂၇၀
❖ အားလုံးစွန့်သွားကြရတာလည်း သနားစရာပဲ ၂၇၂
❖ သီရိမ္မာသောကမင်းကြီး ဝတ္ထု ၂၇၃
❖ တဏှာ၏ ကျွန်ခံနေကြရတာလည်း သနားစရာပဲ ၂၇၇

ဆဋ္ဌပိုင်း စာမျက်နှာ ၂၈၄ မှ ၃၂၇ ထိ

❖ တရားအနုသန္ဓေ ၂၈၄
❖ သတ္တဝါတွေ မြားစူးနေတယ် ၂၈၅
❖ တရားရှုမှတ်၍ မြားငြောင့်ကင်းပုံ ၂၈၉

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
❖ တဏှာပိုက်ထဲမိနေတယ်၊ တဏှာရေကြောမျောနေတယ်	၂၉၇
❖ ဒိဋ္ဌိပိုက်ထဲ မိနေတယ်၊ ဒိဋ္ဌိရေကြောမျောနေတယ်	၃၀၀
❖ မီးလောင်ခံနေကြရသည်	၃၀၄
❖ မုဒိတာပွားစေပုံ	၃၀၃

သတ္တမပိုင်း စာမျက်နှာ ၃၂၈ မှ ၄၁၆ ထိ

❖ တရားအနုသန္ဓေ	၃၂၈
❖ ဥပေက္ခာဆိုတာ ဘာလဲ	၃၂၈
❖ သူများအကျိုး လျစ်လျူရှုတာ မကောင်းတဲ့သဘောမဟုတ်လား	၃၃၀
❖ အပြစ်နှင့်အကျိုး ဆင်ခြင်ပုံ	၃၃၀
❖ ဥပေက္ခာ၏ နီးသောအကြောင်း	၃၃၂
❖ စူဠကမ္မဝိဘင်္ဂသုတ်	၃၃၅
❖ သုဘလုလင်၏ မေးလျှောက်ချက်များ	၃၄၆
❖ မြတ်စွာဘုရားရှင်၏ အဖြေတော်	၃၄၈
❖ အသက်တိုခြင်း, အသက်ရှည်ခြင်း၏ အကြောင်းကံ	၃၅၄
❖ အနာများခြင်း, ကျန်းမာခြင်း၏ အကြောင်းကံ	၃၅၉
❖ ပုတိဂတ္တတိဿမထေရ်ဝတ္ထု	၃၆၀

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
❖ အရုပ်ဆိုးခြင်း, အဆင်းလှခြင်း၏ အကြောင်းကံ	၃၆၅
❖ အခွေအရံနည်းခြင်း, များခြင်း၏ အကြောင်းကံ	၃၆၆
❖ ဆင်းရဲနွမ်းပါးခြင်း, ပေါများကြွယ်ဝခြင်း၏ အကြောင်းကံ	၃၆၇
❖ အာနန္ဒသူဌေးကြီးဝတ္ထု	၃၆၈
❖ အမျိုးယုတ်, အမျိုးမြတ်ဖြစ်ခြင်းတို့၏ အကြောင်းကံ	၃၇၃
❖ ဥပေက္ခာ ၁၃၂ ပါး ပွားပုံ	၃၇၇
❖ အသိညာဏ်နည်းခြင်းနှင့် ကြီးခြင်း၏ အကြောင်းကံ	၃၈၀
❖ မမှီဝဲသင့်-မပြုသင့်တဲ့ အကုသိုလ်	၃၈၅
❖ မှီဝဲသင့်-ပြုသင့်တဲ့ ကုသိုလ်	၃၈၆
❖ ဝိပဿနာကုသိုလ်ဖြစ်အောင် အားထုတ်ပုံ	၃၈၈
❖ မြင်ဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ	၃၉၀
❖ ကြားဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ	၃၉၃
❖ နံဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ	၃၉၃
❖ စားဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ	၃၉၄
❖ ထိဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ	၃၉၅
❖ ကြံသိဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ	၄၀၀
❖ မှီဝဲသင့်-ပြုသင့်တဲ့ ကုသိုလ်အဆက်	၄၀၃
❖ ယခုမျက်မှောက်ကံအရ ဖော်ပြချက်	၄၀၅

http://www.dhammadownload.com

ဗြဟ္မဝိဟာရ တရားတော်

ပထမပိုင်း

၁၃၂၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ဟောသည်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

တရားပလ္လင်ခံ

ဒီကနေ့ ၁၃၂၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့ဖြစ်တယ်။ ဒီကနေ့ကစပြီး ဗြဟ္မဝိဟာရ တရားတော်ကို ဟောရမယ်။ ဗြဟ္မဝိဟာရဆိုတဲ့ ပုဒ်ထဲမှာ ဗြဟ္မဆိုတာက မြတ်တယ်လို့ အနက်ရှိတယ်။ အဲဒီ ဗြဟ္မဆိုတဲ့ ပုဒ်ကို ပါဠိအသံထွက် အချိုးကျကျရွတ်ရင် ဗရ(ဟ်)မ လို့ ရွတ်ရတယ်။ ဒါပေမယ့် မြန်မာ့အသံထွက်ကတော့ လျှာလိပ်ရ်-သ်-ဟ် သံများ မပါဘဲ ဗျမလို့သာ ရွတ်ဆိုလေ့ရှိကြပါတယ်။ မြန်မာပြည်မှာလည်း ရခိုင်တိုင်းက လူတွေရဲ့အသံထွက်ကတော့ အဲဒီ ရကောက်သံပါ ရွတ်ဆိုကြတာပါပဲ။ ဗရ (ဟ်) မ လို့ ရွတ်ဆိုတဲ့

http://www.dhammadownload.com

ပါဠိအသံထွက်ဟာ သဘာဝကျတဲ့ အသံထွက်ပါပဲ။ ဒါပေမယ့် မြန်မာလူထုထဲမှာ အဲဒီလို ပြင်ရွတ်ရင် အများအားဖြင့် နားလည်ကြမှာ မဟုတ်ဘူး။ အဆန်းထွင်တယ်လို့ ထင်ချင်ထင်ကြဦးမယ်။ ဒါကြောင့် အများရွတ်ဆိုလေ့ရှိတဲ့ အတိုင်းပဲ ဘုန်းကြီးက (ဗျမ-လို့ အသံထွက်) ရွတ်ဆိုပါတယ်။ ဝိဟာရဆိုတဲ့ ပုဒ်ကတော့ နေခြင်းလို့ အနက်ရှိတယ်။ ဒါကြောင့် ဗြဟ္မဝိဟာရဆိုတာ မြတ်သော နေခြင်းလို့ ဆိုလိုတာပါပဲ။

ဗြဟ္မဝိဟာရဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလို့ သရုပ်အားဖြင့် လေးပါးရှိတယ်။ အဲဒီလေးပါးကို ဗြဟ္မဝိဟာရတရားလေးပါးလို့ ခေါ်ဆိုရတယ်။ မဟာဂေါဝိန္ဒသုတ်မှာတော့ အဲဒီ ဗြဟ္မဝိဟာရလေးပါးကို ဗြဟ္မစရိယလို့ ဟောထားတယ်။ ဒါကြောင့် အဲဒီ ဗြဟ္မဝိဟာရတရားကို ဗြဟ္မစိုရ်တရားလို့လည်း ခေါ်ဆိုလေ့ရှိပါတယ်။ အဲဒီ ဗြဟ္မစရိယဆိုတာက မြတ်သောအကျင့်လို့ အဓိပ္ပါယ်ရှိတယ်။ ဒါကြောင့် မြတ်သောနေခြင်းနှင့် မြတ်သောအကျင့်ဆိုတာဟာ ဒီနေရာမှာ သဘောအားဖြင့်တော့ အတူတူပါပဲ။ ဒါကြောင့် ယနေ့ကစပြီး ဟောမည့်တရားကို ဗြဟ္မစိုရ်တရားလို့လည်း ခေါ်ဆိုနိုင်ပါတယ်။

နောက်ပြီးတော့ ဒီဗြဟ္မဝိဟာရတရားကို အဘိဓမ္မာဒေသနာတော်မှာ အပွမညာလို့လည်း ဟောထားပါသေးတယ်။ အပွမညာဆိုတဲ့ ဝေါဟာရကတော့ အပွမာဏ-အတိုင်းအရှည်မရှိဆိုတဲ့ပုဒ်မှ ဖြစ်လာတယ်။ မေတ္တာ စသည်ကို ပွားစေတဲ့အခါမှာ အတိုင်းအရှည်

http://www.dhammadownload.com

အကန့်အသတ် မထားဘဲ သတ္တဝါအများကို အာရုံပြုပြီးတော့လည်း ပွားစေနိုင်တဲ့အတွက် အပွမညာလို့ ခေါ်ရတာပါပဲ။

မေတ္တာစသည့်အနက်ကို စိစစ်ပြချက်

အဲဒီ ပြဟ္မဝိဟာရတရားလေးပါးထဲမှာ **မေတ္တာ** ဆိုတာက ချစ်ခြင်းလို့ အနက်ရှိတယ်။ **ကရုဏာ** ဆိုတာက သနားခြင်းလို့ အနက်ရှိတယ်။ **မုဒိတာ** ဆိုတာက ဝမ်းမြောက်ခြင်းလို့ အနက်ရှိတယ်။ **ဥပေက္ခာ** ဆိုတာက လျစ်လျူရှုခြင်းလို့ အနက်ရှိတယ်။ ဒါကြောင့် ဒီလေးပုဒ်ကို မြန်မာလိုသက်သက် ပြန်မယ်ဆိုရင် ချစ်ခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်း၊ လျစ်လျူရှုခြင်းလို့ ပြန်နိုင်ပါတယ်။ ဒါပေမယ့် ဒီမြန်မာပြန်လေးခုထဲက သနားခြင်းဆိုတာ တစ်ခုပဲ တခြားဝေါဟာရနဲ့ မရောဘဲ ပြတ်သားသန့်ရှင်းတယ်၊ ချစ်ခြင်းဆိုတာက ရာဂဖြင့် တပ်မက်ခင်မင်တဲ့ ချစ်ခြင်းကလည်း ရှိနေတယ်။ ဝမ်းမြောက်ခြင်း ဆိုတာကလည်း ကိုယ့်အလိုပြည့်လို့ ဝမ်း မြောက်ခြင်း၊ တရားနှင့်စပ်ပြီး ဝမ်းမြောက်ခြင်းဆိုတာတွေလည်း ရှိနေတယ်။ လျစ်လျူရှုခြင်းဆိုတာလဲ ဝမ်းမနည်း၊ ဝမ်းမသာ၊ အလယ်အလတ်ခံစားခြင်း စသည်ဖြင့် များစွာရှိနေတယ်။ ဒါကြောင့် မေတ္တာ၊ မုဒိတာ၊ ဥပေက္ခာပုဒ်များကို ချစ်ခြင်း, ဝမ်းမြောက်ခြင်း, လျစ်လျူရှုခြင်းလို့ မြန်မာသက်သက်ပြန်ဆိုပြီးပြောရင် တခြား အနက်များနဲ့လည်း သက်ဆိုင်သလို ဖြစ်နေတယ်။ ဒါကြောင့် ပါဠိ ဝေါဟာရဖြင့် မေတ္တာဘာဝနာ၊ ကရုဏာဘာဝနာ၊ မုဒိတာဘာဝနာ၊ ဥပေက္ခာဘာဝနာလို့ ပြောမှ ပိုပြီးရှင်းလင်းထင်ရှားတယ်။ အဲဒီ ထင်ရှားတဲ့အတိုင်း ပါဠိဝေါဟာရဖြင့် ပြောရမှာပဲ။

http://www.dhammadownload.com

မေတ္တာဘာဝနာဆိုတာ သူတစ်ပါးအား ချမ်းသာစေလိုတဲ့ စိတ်ကို ဖြစ်ပွားစေခြင်းပါပဲ။ ဘာဝနာအနေနဲ့ မဟုတ်ပေမယ့် သူတစ်ပါးအား ချမ်းသာစေချင်ရင် အဲဒါဟာ မေတ္တာကုသိုလ် စိတ်ပါပဲ။ **ကရုဏာဘာဝနာ**ဆိုတာက သူတစ်ပါးအား သနားတဲ့ စိတ်ကို ဖြစ်ပွားစေခြင်းပါပဲ။ ဘာဝနာအနေနှင့် မဟုတ်ပေမယ့် သူတစ်ပါးအား သနားရင်၊ ဆင်းရဲမှု လွတ်စေချင်ရင် ကရုဏာ ကုသိုလ်စိတ်ပါပဲ။ **မုဒိတာ**ဆိုတာကာ သူတစ်ပါးကောင်းစား ချမ်းသာနေတာကို အားရဝမ်းသာ ဝမ်းမြောက်တဲ့ သဘောပါပဲ။ သူတစ်ပါးအား ကောင်းစားမြဲကောင်းစား၊ ချမ်းသာမြဲ ချမ်းသာစေ ချင်ရင် အဲဒါဟာ မုဒိတာပါပဲ။ **ဥပေက္ခာ**ဆိုတာကတော့ သူတစ်ပါး ချမ်းသာရေးစသည်ကို ကြောင့်ကြမပြုမူ၍ ကံတရားအတိုင်းပဲလို့ လျစ်လျူရှုတဲ့ သဘောပါပဲ။ အဲဒီ ပြဟ္မဝိဟာရ လေးပါးထဲက မေတ္တာ ပြဟ္မဝိဟာရ ပွားစေပုံကို စပြီးပြောရမယ်။

ရှေးဦးစွာ အသင့်ပြင်ပုံ ပရိကမ်

ဝိသုဒ္ဓိမဂ်မှ ပထဝီကသိုဏ်းရှုပုံ မပြမီ ရှေးဦးစွာ ပြထားတဲ့ ပရိကမ်ကတော့ မျှားစွာကျယ်ဝန်းပါတယ်။ အဲဒီအထဲက လိုရင်း အကျဉ်းချုပ်ကို ထုတ်ပြောရရင်တော့ ရှေးဦးစွာ သီလစင်ကြယ် စေရမယ်။ ကျောင်းအတွက် ကြောင့်ကြစိုက်စရာ အစရှိတဲ့ ပလိ ဗောဓရှိရင် အဲဒီ ကြောင့်ကြစိုက်ဖွယ် ပလိဗောဓကို ပြီးပြတ်စေ ရမယ်။ မိမိအားထုတ်မည့် မေတ္တာကမ္မဋ္ဌာန်းကို ကျက်နန ညွှန်ပြ နိုင်တဲ့ ကလျာဏမိတ္တ ကမ္မဋ္ဌာန်းဆရာထံမှာ ပွားများအားထုတ်ပုံ

http://www.dhammadownload.com

နည်းနိဿယကို ခံယူရမယ်။အဲဒါကတော့ ယခုဘုန်းကြီး ဟောပြော မည့် နည်းနိဿယပါပဲ။ တရားအားထုတ်ရန် သင့်လျော်တဲ့ကျောင်း မှာ နေရမယ်။ ခေါင်းရိတ်ခြင်း၊ လက်သည်း၊ ခြေသည်း လှီးဖြတ်ခြင်း စသော အသေးအဖွဲ ကြောင့်ကြစရာများကိုလည်း ပြီးပြတ်စေရမယ် တဲ့။ အဲဒီကနောက် ဆွမ်းကိစ္စပြီးတဲ့အခါ ဆွမ်းဝလို့ လေးလံနေခြင်း ကို ခေတ္တအနားယူပြီး ပြေငြိမ်းစေရမယ်။ အဲဒီလို ပြေငြိမ်းစေပြီး တဲ့နောက်မှာ ဆိတ်ငြိမ်ရာတွင် နေရာ ^ ကြီး ချမ်းသာစွာ ထိုင်ရ မယ်တဲ့။

တင်ပျဉ်ခွေထိုင်ပုံ

ချမ်းသာစွာ ထိုင်ဆိုတာ မလှုပ် မပြင်ဘဲ ကြာရှည်စွာ နေနိုင် အောင် ထိုင်ခြင်းကို ဆိုလိုတာပါပဲ။ ပထမစပြီး ထိုင်ခါစမှာ ပါသာ ဒီကလည်းဖြစ်အောင် အကောင်းဆုံးကတော့ တင်ပျဉ်ခွေထိုင် ဖို့ပါပဲ။ အဲဒီတင်ပျဉ်ခွေ ထိုင်ပုံကလည်း သုံးမျိုးရှိတယ်။ (၁) ဗုဒ္ဓရုပ်ပွားတော်များ ထိုင်ပုံက တစ်မျိုး (၂) ဘိက္ခုနီမတို့အား ပယ်မြစ်ထားတဲ့ တင်ပျဉ်ခွေ ထိုင်ပုံက တစ်မျိုး၊ အဲဒါကတော့ အမျှားထိုင်လေ့ရှိတဲ့ တင်ပျဉ်ခွေ ထိုင်ပုံလို့ဆိုရမှာပဲ။ ခြေတစ်ခုပေါ် မှာ တစ်ခုတင်လျက်ဖြစ်စေ၊ အဲဒီလို မတင်ဘဲ ခြေသလုံးချင်း ယှဉ်လျက်ဖြစ်စေ ထိုင်ပုံပါပဲ။ သွေးကြောများ မပိတ်မဆို့ရအောင် ခြေချင်းမတင်ဘဲ ထိုင်တာက အမျှားအားဖြင့် အဆင်ပြေတတ်ပါ တယ်။ (၃) ဘိက္ခုနီမများအား ခွင့်ပြုထား၍ အမှုပလွှက်ခေါ် ထက်ဝက်တင်ပျဉ်ခွေထိုင်ပုံက တစ်မျိုး၊

http://www.dhammadownload.com

အဲဒါကိုတော့ ယခု မြန်မာအမျိုးသမီးများ ရိုရိုသေသေ ထိုင်ပုံမျိုးလို့ပဲ ယူကြပါတယ်။ အဲဒီသုံးမျိုးထဲက မိမိသဘောကျတဲ့ အထိုင်မျိုးဖြင့် ထိုင်ဖို့ပါပဲ။ အမျိုးသမီးများကလည်း ကြိုက်သလို ထိုင် နိုင်ပါတယ်။ အဲဒီထိုင်ပုံ ကလည်း ပထမအားထုတ်ခါစအတွက်ပါပဲ။ နောက်ကာလကျတော့ အခြေအနေအရ ဒူးထောင်ပြီးတော့လဲ ထိုင်နိုင်ပါတယ်။ ခြေဆန့်ပြီး တော့လည်း ထိုင်နိုင်ပါတယ်။

ဣရိယာပုတ် ၄-ပါးလုံး အားထုတ်နိုင်ကြောင်း

စင်္ကြံလျှောက်ရင်း၊ ရပ်နေရင်းလည်း အားထုတ်နိုင်တယ်။ လဲလျောင်းရင်းလည်း အားထုတ်နိုင်တယ်။ အဲဒီလို အားထုတ်နိုင် ကြောင်းကို မေတ္တာသုတ်မှာ (တိဋ္ဌံ စရံ နိသိန္နော ဝ၊ သယာနော ယာဝတာသ ဝိတမိဒ္ဓေါ၊ ဧတံ သတိံ အဓိဋ္ဌေယ္ယ) လို့ ဆိုထားတဲ့ စကားဖြင့် ထင်ရှားသိရပါတယ်။ အဲဒီပါဠိရဲ့ အနက်ကတော့-

တိဋ္ဌံ - ရပ်နေဆဲသော်လည်းကောင်း၊ စရံ - သွားနေဆဲ သော်လည်းကောင်း၊ နိသိန္နော ဝ - ထိုင်နေဆဲသော်လည်းကောင်း၊ သယာနော - လဲလျောင်းနေဆဲသော်လည်းကောင်း၊ ယာဝတာ- အကြာင်မျှလောက် ကာလပတ်လုံး၊ ဝိတမိဒ္ဓေါ - ငိုက်မျဉ်းခြင်းကင်း သည်၊ အသ - ဖြစ်ရာ၏၊ တာဝတာ - ထိုမျှလောက်ကာလပတ် လုံး၊ ဧတံ သတိံ - မေတ္တာနှင့်ယှဉ်သော ဤသတိကို အဓိဋ္ဌေယ္ယ - ဆောက်တည်လျက် ပွားစေရာ၏-တဲ့။

ဒီမေတ္တာဘာဝနာအရာသာ မဟုတ်ပါဘူး။ သတိပဋ္ဌာန် ဝိပဿနာအရာမှာလည်း ဣရိယာပုတ်လေးပါးလုံးမှာပင် ရှုမှတ်

http://www.dhammadownload.com

အပ်ကြောင်းကို (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ) စသည်ဖြင့် ထင်ရှား ညွှန်ပြထားတာ ရှိနေတာပါပဲ။

ဒါကြောင့် ပထမစပြီး အားထုတ်ခါစမှာ တင်ပျဉ်ခွေပြီး ထိုင်ဖို့ ညွှန်ပြထားပေမယ့်လို့ နောင်ကာလများကျတော့ ဣရိယာပုတ် လေးပါးလုံးဖြင့် သင့်တော်သလိုနေပြီး မေတ္တာဘာဝနာကို ပွားစေနိုင်ပါတယ်။ လိုရင်းကတော့ ညဉ့်သန်းခေါင်ယံ ၄-နာရီခန့်လောက် သို့မဟုတ် ၆-နာရီလောက်သာ အိပ်ချိန်ထားပြီး မပြတ်မစဲ ပွားများအားထုတ်နိုင်ဖို့ကသာ လိုရင်းဖြစ်ပါတယ်။ ညဉ့် ၉-နာရီ၊ ၁၀-နာရီ အိပ်ချိန်ကျလို့ လဲလျောင်းနေပေမယ့် အိပ်မပျော်သေး မချင်း မပြတ်ပွားများဖို့ လိုပါတယ်။

အကျိုးအပြစ် ဆင်ခြင်ရမယ်

တင်ပျဉ်ခွေထိုင်ပြီးတဲ့အခါ ဒေါသ၏ အပြစ်နှင့် သည်းခံခြင်း၏ အကျိုးအာနိသင်ကို ဆင်ခြင်ရမယ်-တဲ့။ အဲ့ဒါကို စောစောကတည်းက ဆင်ခြင်ထားပြီး ဖြစ်ရင်လည်း ကိစ္စပြီးတာပါပဲ။ ဆင်ခြင်ရင် အကျိုးရှိရမှာမို့ ညွှန်ပြရတာပါပဲ။ မဆင်ခြင်ရင်လည်း အလွန်တော့ အရေးကြီးလှမယ် မဟုတ်ပါဘူး။ သဒ္ဓါ ဆန္ဒ ထက်သန်စွာနဲ့ အားထုတ်သွားရင် လိုအပ်တဲ့ အကျိုးရမှာပါပဲ။ ဒါပေမယ့် ကိစ္စတစ်ခု လုပ်ရင် ပယ်ရမည့်အရာလည်း ရှိတယ်။ ပြည့်စုံစေရမယ့်အရာလည်း ရှိတယ်။ ပယ်ရမည့်အရာကို သူ့အပြစ်မြင်မှ ပယ်နိုင်မယ်။ ဥပမာအားဖြင့် ပြရရင် အိမ်ခန်း၊ ကျောင်းခန်းထဲ အမှိုက်လှဲနေတဲ့သူမှာ စက္ကူစတို့၊ အဝတ်စတို့၊ တုတ်ချောင်း

http://www.dhammadownload.com

ကလေးတို့ ဒီလိုအမှိုက်တွေကို တွေ့တဲ့အခါ အဲဒီအမှိုက်ဟာ ဘာမျှအသုံးမကျဘူးလို့ အပြစ်ကို မြင်တော့မှ စွန့်ပစ်နိုင်တယ်။ အပြစ်ကို မမြင်ရင်တော့ အဲဒီအမှိုက် ကို မစွန့်ပစ်နိုင်၊ ဟိုနား ဒီနား ထိုးထားမှာပဲ။ အဲဒီလို အမှိုက်ကို လက်ခံထားတော့ အခန်းမှာ မသန့်ရှင်းဘဲ ရှိနေမှာပေါ့။ အဲဒီလို ပင် ဒေါသ၏အပြစ်ကို မမြင်ရင် ဒေါသကို မပယ်နိုင်ဘဲ လက်ခံ ထားတတ်တယ်။ ဒီလိုဟာ ရှိနိုင်ပါသလားဆိုတော့ ရှိနိုင်ပါတယ်။ ဘယ်လိုလဲ ဆိုတော့ -

ယခုလူတွေမှာ မိမိအား ပြစ်မှားတယ်လို့ လူတစ်ဦး တစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ စိတ်ဆိုးမပြေဘဲဖြစ်နေတာဟာ အဲဒီဒေါသကို မိတ်ဆွေအနေနဲ့ လက်ခံထားလို့ပါပဲ။ အဲဒီလို ဒေါသ ဖြစ်နေတဲ့လူကို အခြားပုဂ္ဂိုလ်များက စိတ်မဆိုးဖို့ ပြေငြိမ်းဖို့ဖျောင်းဖျပြီး ပြောကြရင် သူက မကြိုက်ဘဲရှိတတ်တယ်။ ဒေါသဖြစ်နေရတာကို ပင် သူက အရသာရှိသလို ထင်နေတတ်တယ်။ဒေါသပြေငြိမ်းဖို့ပြော ဟောတဲ့ ပုဂ္ဂိုလ်တွေကိုတောင် သူက စိတ်ဆိုးတတ်သေးတယ်။ သူ့ အပေါ်မှာ ဆရာလုပ်ရမလားလို့ အပြစ်တင်တတ်သေးတယ်။ အဲဒါဟာ အဆိပ်ပြင်းထန်တဲ့ မြွေပွေးကြီးကို ခါးပိုက်ထဲ ထည့်ထားသလိုပင် ဒေါသကို အပြစ်မမြင်လို့ လက်ခံထားတာပါပဲ။ ဒါကြောင့် ဒေါသကို ပယ်နိုင်အောင်သူ့အပြစ်ကို ဆင်ခြင်ရမယ်-တဲ့။ ဘယ်လိုဆင်ခြင်ရမလဲ ဆိုတော့ ကျမ်းဂန်အရ ဆင်ခြင်ပုံကို ဒီလိုပြထားပါတယ်။

အခါတစ်ပါးမှာ ဆန္ဒဆိုတဲ့ ပရိဗိုဇ်က "ရာဂ၊ ဒေါသ၊ မောဟ ၏အပြစ်ကို ဘယ်လိုမြင်ပြီး ပယ်ဖို့ရာ ပညတ်ဟောကြားပါသလဲ"လို့ မေးတဲ့အတွက် ဒေါသအပြစ်ကို အရှင်အာနန္ဒာမထေရ်က ဒီလို

http://www.dhammadownload.com

ဖြေကြားတော်မူပါတယ်။

ဒေါသ၏အပြစ်

အာဝုသော - ငါ့ရှင်ဆန္ဒ၊ ဒုဋ္ဌော - စိတ်ပျက် စိတ်ဆိုးသော သူသည်၊ ဒေါသေန အဘိဘူတော - ဒေါသက လွှမ်းမိုးအပ်သည် ဖြစ်၍၊ ဝါ - ဒေါသ၏အုပ်စိုးခြင်းကို ခံရသည်ဖြစ်၍၊ ပရိယာဒိန္နစိတ္တော - ပကတိစိတ်ကောင်းတွေကို ဒေါသက ကုန်စေအပ်သည် ဖြစ်၍၊ ဝါ - ဒေါသကြောင့် စိတ်ကောင်းမရှိတော့ဘဲ၊ အတ္တဗျာပါဒါယပိ စေတေတိ - မိမိကိုယ်ကို နှိပ်စက်ရန် ဆင်းရဲစေရန်လည်း ကြံစည်ပြုလုပ်၏၊ ပရဗျာပါဒါယပိ ဥဘယဗျာပါဒါယပိ စေတေတိ - သူတစ်ပါးကို နှိပ်စက်ရန် မိမိရော သူတစ်ပါးရော နှစ်ဦးလုံးကို နှိပ်စက်ရန် ဆင်းရဲစေရန်လည်း ကြံစည်ပြုလုပ်၏။ ကာယေန - ကိုယ်ဖြင့်၊ ဒုစ္စရိတံ - သတ်ခြင်းစသော မကောင်းမှုကို၊ စရတိ - ပြုကျင့်၏၊ ဝါစာယ - နှုတ်ဖြင့်၊ မနသာ - စိတ်ဖြင့်၊ ဒုစ္စရိတံ - ဆဲဆိုခြင်း, သေပျက်စေလိုခြင်းစသော မကောင်းမှုကို၊ စရတိ - ပြုကျင့်၏-လို့ ဖြေကြားတော်မူပါတယ်။ ဒီတရားစကားကို အခြေခံ ပြုပြီး ဆင်ခြင်ဖို့ပါပဲ။ ဆင်ခြင်ပုံကတော့ -

ဒေါသဖြစ်လာရင် မိမိကို ဆင်းရဲစေတယ်ဆိုတာ အလွန် ထင်ရှားပါတယ်။ မူလက ကြည်ကြည်လင်လင် ရှင်ရှင်ပျပျ ဖြစ်နေရာထဲက ဒေါသဖြစ်လာသည်နှင့် တစ်ပြိုင်နက် ကြည်လင်ရှင်ပျ တဲ့ စိတ်မရှိတော့ဘူး။ တစ်ခါတည်းစိတ်ဟာ ပင်ပန်းသွားတော့ တာပဲ။ မျက်နှာလည်း မသာယာတော့ဘူး။ ကိုယ်ထဲမှာလည်း

http://www.dhammadownload.com

မနေသာ မထိုင်သာ ဖြစ်သွားတော့တာပဲ။ ဒေါသပြင်းထန်လေလေ ကိုယ်ရော စိတ်ပါ ဆင်းရဲပင်ပန်းလေလေပဲ။ အဲဒီလို စိတ်ဆိုးပြီး တော့ သူတစ်ပါးကိုလည်း နှိပ်စက်သတ်ဖြတ်တတ်တယ်။ မကြားကောင်း မနာသာစကားတွေကိုလည်း ပြောဆိုတတ်တယ်။ အဲဒီလို မတော်တာကို ပြုမိပြောမိတဲ့အတွက် နောင်ပြန်လည် စဉ်းစားကြည့်တဲ့အခါကျတော့ အောက်ထစ်ဆုံး အရှက်ရတတ်တယ်။ ရာဇဝတ်ပြစ်မှုမျိုးကို ပြုမိ ပြောမိရင်တော့ ရာဇဝတ်ပြစ်ဒဏ်သင့်ပြီး ချက်ချင်းပင် ဆင်းရဲရတော့တာပဲ။ ဒေါသအလျောက် ပြုမိ ပြောဆိုမိတဲ့ အဲဒီလို မကောင်းမှုတွေကြောင့် အပါယ်လေးပါးကျရောက်ပြီးတော့လည်း အကြီးအကျယ် ဆင်းရဲရတတ်တယ်။ အဲဒါဟာ ဒေါသက မိမိကိုယ်ကို နှိပ်စက်ပုံ၊ ဆင်းရဲစေပုံ အရိပ်အမြွက်ပါပဲ။ အဲဒီထဲမှာ မျက်မှောက်တွင် တွေ့ရတဲ့ ဆင်းရဲတွေကိုတော့ကိုယ်တွေ့ ဖြင့်ပင် ထင်ရှားသိနိုင်ပါတယ်။ ဒေါသအလျောက် ဘယ်လိုဖြစ်ခဲ့ရတယ်၊ ဘယ်လို ပြောမိပြုမိလို့ ဘယ်လို မကောင်းကျိုးတွေ ရခဲ့တယ်ဆိုတာ ဆင်ခြင်ကြည့်ရင်သိနိုင်ပါတယ်။

နောက်ပြီးတော့ ဒေါသဖြင့် သူတစ်ပါးကို ဆင်းရဲအောင် လုပ်တယ်ဆိုတာကတော့ သာပြီးထင်ရှားတာပဲ။ စိတ်ဆိုးတဲ့သူဟာ အောက်ထစ်ဆုံးအားဖြင့် သူတစ်ပါး နားမချမ်းသာတဲ့စကားကို ပြောဆိုတယ်။ အဲဒီလို အပြောအဆိုခံရတဲ့သူမှာ အကြီးအကျယ် စိတ်ဆင်းရဲသွားတတ်တယ်။ စွမ်းနိုင်ရင်တော့ သူတစ်ပါးကို နာကျင်အောင်လည်း နှိပ်စက်တတ်တယ်။ သေအောင်လည်း သတ်တတ်

http://www.dhammadownload.com

တယ်။ အဲဒီလို သူတစ်ပါးဆင်းရဲအောင် လုပ်တဲ့အတွက် တစ်နည်းနည်းဖြင့် မိမိကိုယ်တိုင်လည်း ဆင်းရဲဒုက္ခရောက်ရတတ်တယ်။ ယခုလောလောဆယ်ဆယ်မှာ မဆင်းရဲရစေကာမူ နောင်ဘဝများကျတော့ အပါယ်လေးပါးကျရောက်ပြီးတော့လည်း အကြီးအကျယ် ဆင်းရဲသွားရမယ်။ လူ့ဘဝရောက်လာရင်လည်း အသက်တိုခြင်း၊ အနာများခြင်း၊ အရုပ်ဆိုးခြင်း စသည်ဖြင့် ဆင်းရဲဒုက္ခရောက်သွားရမယ်။ ဒါကြောင့် ဒေါသက သူတစ်ပါးကိုလည်း ဆင်းရဲစေတယ်။ မိမိရော သူတစ်ပါးရော နှစ်ဦးစလုံးကိုလည်း ဆင်းရဲစေတယ် ဆိုတာလည်း ထင်ရှားပါတယ်။ ဒီနေရာမှာ ခန္ဓီဝါဒီ ရှင်ရသေ့ကို ဒေါသဖြင့် နှိပ်စက်တဲ့မင်း၏ ဆင်းရဲဒုက္ခရောက်ရပုံ စသည်ကို ထုတ်ပြရရင် ကောင်းမှာပဲ၊ ဒါပေမယ့် အဲဒီလို ဝတ္ထုအကြောင်းတွေ ပြောနေရင် မေတ္တာပွားပုံကို ဖော်ပြဖို့ရာ အလွန်နှောင့်နှေးသွားလိမ့်မယ်။ ဒါကြောင့် ဒေါသ၏အပြစ် ဆင်ခြင်ပုံကို ဒီတွင်ပဲ ရပ်လိုက်ပါတော့မယ်။

သည်းခံခြင်း၏အကျိုး

နောက်ပြီးတော့ သည်းခံခြင်း၏အကျိုးကို ဆင်ခြင်ရမယ် ဆိုရာမှာ ခန္ဓီ - သည်းခံခြင်းဆိုတာ တရားကိုယ်အားဖြင့် အဒေါသ-ဒေါသ၏ ဆန့်ကျင်ဘက်တရားပါပဲ။ မေတ္တာ၏အရန့်လည်း အတူတူပါပဲ။ ထူးတာကတော့ သည်းခံတယ်ဆိုတာက သူတစ်ပါးအား စိတ်မဆိုးဘဲ၊ မပြစ်မှားဘဲ ကြည်ကြည်သာသာ ရှိနေရုံမျှသဘောလည်း ဖြစ်နိုင်ပါတယ်။ မေတ္တာဆိုတာကတော့ အဲဒီလို သည်းခံနေရုံမျှ

http://www.dhammadownload.com

မဟုတ်သေးဘူး။ သူတစ်ပါးအား ချမ်းသာစေလိုတဲ့ အခြင်းအရာ ရှိမှ ဖြစ်ပါတယ်။ သည်းခံခြင်း၏ အကျိုးကိုတော့ ဝိသုဒ္ဓိမဂ်မှာ ဒီလိုပြထားပါတယ်။

(ခန္တီ ပရမံ တပေါ တိတိက္ခာ) တိတိက္ခာ - အောင့်အည်း သည်းခံခြင်းဟု ဆိုအပ်သော၊ (ဒီ ဝိသေသန - ပုဒ်ဖြင့်၊ ခန္တီ - အရ ဒီအရာမှာ ဉာဏ်မဟုတ်ဘူး၊ သည်းခံခြင်းကိုပင် ဆိုတယ်-လို့ သိစေပါတယ်) ခန္တီ - ခန္တီသည်၊ ဝါ - စိတ်မဆိုးဘဲ ခံလင့်နေ ခြင်းသည်၊ ပရမံတပေါ - အမြတ်ဆုံးအကျင့်ပေတည်း-လို့ ဟော တော်မူတဲ့ တရားအရအားဖြင့်လည်း သိရမယ်-တဲ့။

(ခန္တီ ဗလं ဗလာနီကံ) ခန္တီဗလं - သည်းခံခြင်း ခွန်အား ရှိသည်ဖြစ်၍၊ ဗလာနီကံ - ခွန်အားစစ်တပ်ရှိသူကို (ဗြဟ္မဏ သူမြတ်ဟူ၍ ငါဘုရားဟော၏) ဆိုတဲ့ တရားတော်အရအားဖြင့် လည်း သည်းခံခြင်း၏အကျိုးကို သိရမယ်-တဲ့။ အဲဒီတရားမှာ ဆိုလို တာကတော့ ဒေါသကို ကာကွယ်နိုင်တဲ့ ခန္တီခွန်အားဟာ တစ်ဖက် ရန်သူများကို ကာကွယ်နိုင်တဲ့ စစ်တပ်နှင့်တူတယ်။ အဲဒီလို သည်းခံမှု ခွန်အားရှိတဲ့ ပုဂ္ဂိုလ်ကို ဗြာဟ္မဏ - သူမြတ်လို့ မြတ်စွာ ဘုရားက ဟောဆိုပါတယ်-တဲ့။

(သဒတ္ထပရမာ အတ္တာ ခန္တ္ယာဘိယျော နဝိဇ္ဇတိ) အတ္ထာ-အကျိုးစီးပွားဟူသမျှတို့သည်၊ သဒတ္ထပရမာ - မိမိ၏ အကျိုးစီးပွား လျှင် အမြတ်ဆုံးရှိကုန်၏။ တေသု - ထိုအမြတ်ဆုံးအကျိုးတို့တွင်၊ ခန္တ္ယာဘိ - သည်းခံခြင်းထက်၊ ဘိယျော - သာလွန်သော အကျိုး စီးပွားသည်၊ နဝိဇ္ဇတိ - မရှိပေဆိုတဲ့ သိကြားမင်း၏ စကားအရ

http://www.dhammadownload.com

အားဖြင့်လည်း သည်းခံခြင်း၏အကျိုးကို သိရမယ်-တဲ့။

ယခု ထုတ်ပြခဲ့တဲ့ ဒေသနာများအရအားဖြင့် သည်းခံခြင်းဟာ အမြတ်ဆုံး အကျင့်ဖြစ်တယ်။ ဘေးရန်ကို ကာကွယ်နိုင်တဲ့ စစ်တပ်နှင့်တူတဲ့ ခွန်အားလည်းဖြစ်တယ်။ မိမိ၏ အကျိုးစီးပွားထဲမှာ အမြတ်ဆုံး အကျိုးစီးပွားလည်းဖြစ်တယ် စသည်ဖြင့် သည်းခံခြင်း၏ အကျိုးအာနိသင်ကို ဆင်ခြင်ရမယ်-တဲ့။ ဘာကြောင့် သည်းခံခြင်းဟာ အမြတ်ဆုံးဖြစ်ပါသလဲဆိုတော့ စိတ်ဆိုးစရာ၊ ပြန်လည်ချေပစရာရှိတဲ့အခါ စိတ်မဆိုးဘဲ၊ မချေပဘဲ၊ ကြည်ကြည်သာသာနဲ့ သည်းခံနေတဲ့သူကို အများက ချစ်ခင်ကြည်ညိုကြတယ်။ ချီးမွမ်းကြတယ်၊ စွမ်းနိုင်သမျှ ချီးမြှောက်ကြ၊ အကူအညီပေးကြတယ်။ သာမန်မိတ်ဆွေအဖြစ်မှ ရင်းနှီးတဲ့မိတ်ဆွေအရင်းအဖြစ်သို့ ရောက်ရတယ်။ သည်းခံတဲ့သူကို ဘယ်လိုလူကမျှ မမုန်းဘူး။ အဲဒါတွေဟာ အလွန်ထင်ရှားတဲ့ အကျိုးတွေပါပဲ။

အဲဒီလို သည်းမခံဘဲ ချေပပြောဆိုရင်တော့ နှစ်ဦးနှစ်ဖက် ငြင်းခုံကြရတယ်။ ရန်ဖြစ်ကြရတယ်။ မုန်းတီးကြရတယ်။ တစ်သက်လုံး မခေါ်မပြောဘဲ မိတ်ပျက်ဆွေပျက် ဖြစ်ကြရတယ်။ အချင်းချင်းထံမှ အကူအညီ တကယ်လိုနေတဲ့အခါပေမယ့် အကူအညီမရဘဲ ရှိတတ်တယ်။ တချို့မှာဆိုရင် သေသည်အထိတောင် အကျိုးမဲ့ကို ပြုလုပ်တတ်ကြတယ်။ အဲဒီလို အကျိုးမဲ့ဖြစ်ကြရတာဟာ ဘယ်ကလာတုန်းဆိုရင် သည်းခံသင့်တဲ့အရာမှာ သည်းမခံခြင်းကြောင့်ပါပဲ။ အကယ်၍ တစ်ဖက်သား၏ အပြောမှားအဆိုမှား အပြုမှားကို

http://www.dhammadownload.com

အောင့်အီးသည်းခံလိုက်ရင်တော့ ငြင်းခုံခြင်း, ရန်ဖြစ်ရခြင်းလည်း မရှိတော့ဘူး။ ဒါကြောင့် သည်းခံတာဟာ အင်မတန်ကောင်းပါတယ်။ အင်မတန် ကျေးဇူးများပါတယ်။ ဒါလည်း မိမိတို့ တစ်သက်တာအတွင်း ပြန်ကြည့်ရင် သည်းခံခဲ့လို့ ရတဲ့အကျိုးတွေ ထင်ရှားကြမှာပဲ များပါလိမ့်မယ်။ ဘုန်းကြီးတို့ ကိုယ်တိုင်လည်း သည်းခံခဲ့ရတာတွေ ရှိပါတယ်။ သည်းခံတဲ့အတွက် ရလာတဲ့အကျိုးတွေလည်း များစွာရှိပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက သြဝါဒပါတိမောက် အနေဖြင့် -

ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ စသည်ဖြင့် ဟောထားပါတယ်။ ဒီ ပါဠိကို ရှေ့နှားကလည်း ပြခဲ့ပါပြီ။ တိတိက္ခာ - အောင့်အည်းခြင်းဟူသော၊ ခန္တီ - သည်းခံခြင်းသည်၊ ပရမံ - မြတ်သော၊ တပေါ - အကျင့်ပေတည်း-တဲ့။ စိတ်ကို အောင့်အည်းချုပ်တည်းပြီး သည်းခံတဲ့အကျင့်ဟာ ပရမံ -မြတ်တဲ့ အကျင့်ပါပဲ-တဲ့။ နိဗ္ဗာနံ - နိဗ္ဗာန်ကို၊ ပရမံ - အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓါ - မြတ်စွာဘုရားတို့သည်၊ ဝဒန္တိ - ဟောကြားတော်မူကြသည် ဆိုတဲ့ စကားအရဆိုရင် သာမန်ရိုးရိုး မြတ်ရုံမဟုတ်ဘူး၊ ပရမ - အမြတ်ဆုံးလို့လည်း ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကုသိုလ်ဖြစ်ရေးအကျင့်ဟူသမျှတွေဟာ သည်းခံမှ အောင်မြင်တယ်၊ သည်းမခံရင် မအောင်မြင်ဘူး။ ပေးလှူရာမှာလည်း သည်းခံပြီး ဆောင်ရွက်ရတာပဲ၊ အကြီးအကျယ် ပေးလှူတဲ့အခါမှာ အကြီးအကျယ် သည်းခံပြီးတော့ ဆောင်ရွက်ရတယ်။ သီလကျင့်ရာကျ

http://www.dhammadownload.com

တော့ သည်းခံရတာ ပိုပြီး ထင်ရှားတယ်။ ပြုလုပ်ချင်တဲ့ အကုသိုလ် အမှုတွေကို မပြုဘဲ သည်းခံပြီး ကျင့်ရတယ်။ ဘာဝနာ အလုပ်ကျ တော့ အဲဒီထက်ပိုပြီး ထင်ရှားတယ်။ ကိုယ်ပင်ပန်းဆင်းရဲမှုတွေကို သည်းခံပြီး နှလုံးသွင်း ရှုမှတ်ပါမှ သမာဓိ၊ ပညာက ဖြစ်တာ။ အနည်းငယ်လောက် ညောင်း ပူ နာကျင်လာတာနဲ့ သည်းမခံဘဲ ခဏခဏ ကိုယ်အမူအရာကို ပြုပြင်နေရင် သမာဓိဖြစ်ဖို့လည်း ခဲယဉ်းတယ်၊ ဝိပဿနာဉာဏ်ဖြစ်ဖို့လည်း ခဲယဉ်းတယ်။ သည်းခံပြီး ရှုမှတ်နေပါမှ စျာန်သမာဓိမျိုးကိုလည်း ရနိုင်တယ်။ ဝိပဿနာ ဉာဏ်ထူးမျိုးနဲ့ မဂ်ဖိုလ်ဉာဏ်ထူးမျိုးကိုလည်း ရနိုင်တယ်။ ဒါကြောင့် သည်းခံခြင်းကို ပရမံ - အမြတ်ဆုံးအကျင့်လို့လဲ ဆိုသင့်ပါတယ်။ ဆိုသင့်တဲ့အတွက် ရှေ့နားက အနက်ပြန်ရာမှာ ပရမံ တပေါ - အမြတ်ဆုံးအကျင့် ပေတည်းလို့ ပြန်ခဲ့တာပါပဲ။

ဒီနေရာမှာ "သည်းခံရင် နိဗ္ဗာန်ရောက်သည်" လို့ ဆိုထားတဲ့ ရှေးပညာရှိတို့၏ စကားဟာလည်း အင်မတန် သင့်မြတ်ပါတယ်။ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရာမှာ ခန္တီဆိုတဲ့ သည်းခံခြင်းပါမှ အောင်မြင်ပြည့်စုံနိုင်တယ်။ အဲဒီပါရမီဆယ်ပါးထဲက အဓိဋ္ဌာန်၊ ဝီရိယ၊ ပညာဆိုတဲ့ ပါရမီတွေဟာ နိဗ္ဗာန်မျက်မှောက်ပြုရန်အတွက် နီးကပ်တဲ့ပါရမီတွေပဲ။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အဓိဋ္ဌာန်ပြုပြီး ရည်ရွယ်ထားတဲ့အတိုင်း မဆုတ်မနစ် အားထုတ်တဲ့ ဝီရိယကလည်း ပြည့်စုံပါမှ၊ ဝိပဿနာပညာ အရိယမဂ်ပညာတွေလည်း ပြည့်စုံပါမှ ကိစ္စပြီးတယ်။ အဲဒီလို ကိစ္စပြီးအောင် သည်းခံမှုပြည့်စုံပါမှ ဖြစ်

http://www.dhammadownload.com

တယ်။ အဲဒီလို သည်းခံပြီး အားထုတ်ရင် နောက်ဆုံးမှာ အကုန်လုံးကို သည်းခံနိုင်တဲ့ ရဟန္တာဖြစ်သွားတော့တာပါပဲ။ အဲဒီရဟန္တာပုဂ္ဂိုလ်ကို မြတ်စွာဘုရားက သည်းခံခြင်း ခွန်အားဆိုတဲ့ ဗလာနီက - ခွန်အားစစ်တပ်နဲ့ ပြည့်စုံတဲ့ ဗြာဟ္မဏ - (မကောင်းမှုဟူသမျှကို အပယ်ပြုပြီးတော့) သူမြတ်လို့ ဟောတော်မူတာပါပဲ။ အဲဒီဒေသနာတော်အရအားဖြင့် သည်းခံခြင်းဆိုတဲ့အကျင့်ကို ရဟန္တာဖြစ်သည့်တိုင်အောင် မြင့်မြတ်တဲ့အကျင့်လို့ ဆိုရမှာပဲ။ ဒီမေတ္တာကို ပွားစေရာမှာတော့ သည်းခံခဲ့တဲ့အကျင့်က ပိုပြီး အရေးကြီးပါတယ်။ သူတစ်ပါးကို စိတ်မဆိုးဘဲ သည်းခံနိုင်ပါမှ မေတ္တာက ဖြစ်ပွားမှာ၊ စိတ်ဆိုးနေရင်တော့ မေတ္တာက မဖြစ်ပွားနိုင်ဘူး။ ဒါကြောင့် မေတ္တာကို မပွားသေးမီ ရှေ့အဖို့ကတည်းက အကျိုးအာနိသင်ဆင်ခြင်ဖို့ရာ ညွှန်ပြတာပါပဲ။

မေတ္တာပွားပုံ

အဲဒီလို ဒေါသ၏အပြစ်, သည်းခံခြင်း၏အကျိုးကို ဆင်ခြင်ပြီးတော့ အပြစ်ရှိတဲ့ ဒေါသမူစိတ်ကို ကင်းရှင်းစေရန်၊အကျိုးများတဲ့ သည်းခံခြင်းနှင့် ပူးကပ်ယှဉ်တွဲနေစေရန်အတွက် မေတ္တာကို ပွားစေရမယ်-တဲ့။ အဲဒီမေတ္တာကို ပွားစေတာက ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားစေတာက တစ်မျိုး၊ ဈာန်သမာဓိရအောင် ပွားစေတာက တစ်မျိုး၊ ဒီလို ၂-မျိုးရှိတယ်။ အဲဒီ ၂-မျိုးထဲက ဈာန်သမာဓိရအောင် ပွားစေပုံ ပြရာမှာ စပြီး မေတ္တာမပွားစေသင့်တဲ့ ပုဂ္ဂိုလ်, လုံးလုံး မေတ္တာ မပွားစေသင့်တဲ့ပုဂ္ဂိုလ် စသည်ကို ဝိသုဒ္ဓိမဂ်မှာ ခွဲခြားဝေဖန်

http://www.dhammadownload.com

ပြီး ပြသွားပါတယ်။ အဲဒီ ခွဲခြားပုံတွေကို ပြောနေရင် ဒီကနေ့ မေတ္တာပွားပုံကိုပြောဖို့ အချိန်ရမှာ မဟုတ်ဘူး။ နောက်တစ်ချက် ကလည်း စျာန်ရအောင် ပွားစေပုံကို မပြောသေးဘဲ၊ ပါရမီဖြစ် ကုသိုလ် ဖြစ် မေတ္တာပွားပုံကို ရှေးဦးစွာ ပြောချင်တယ်။ ဒါကြောင့် အဲဒီ ဝိသုဒ္ဓိမဂ်က ပြထားတဲ့ အချက်အလက်များကို ဒီကနေ့ မပြောသေးဘဲ၊ ပါရမီဖြစ် ကုသိုလ်ဖြစ် မေတ္တာပွားပုံကို စပြီး ပြောသွားမယ်။

မေတ္တာဘာဝနာဆိုတာ မြင်မြင်သမျှ၊ ကြားကြားသမျှ စိတ် ကူးထဲမှာ ပေါ်သမျှ လူတွေကိုဖြစ်စေ၊ အခြားသတ္တဝါတွေကိုဖြစ်စေ အာရုံပြုပြီး ပွားများနိုင်ပါတယ်။ ဘယ်လိုပွားများစေရမလဲဆိုတော့ သုတ္တန်ပါဠိ အဋ္ဌကထာများမှာ "သုခီ ဟောတု - ချမ်းသာရှိသူ ဖြစ်ပါစေ၊ ချမ်းသာပါစေ ဟူ၍လည်းကောင်း၊ သုခိတာ ဟောန္တု- ချမ်းသာကြပါစေ ဟူ၍လည်းကောင်း၊ သဗ္ဗသတ္တာ ဘဝန္တု သုခိ တတ္တာ - အားလုံးသတ္တဝါတွေ ချမ်းသာသော စိတ်ရှိကြပါစေ၊ ချစ်သာကြပါစေဟူ၍လည်းကောင်း" ပြဆိုထားတဲ့အတိုင်း အတို ချုပ်အားဖြင့် "ချမ်းသာပါစေ - ချမ်းသာပါစေ" လို့ ပွားများဖို့ပါပဲ။

ဒါကြောင့် ကိုယ့်နေရာမှာ နေရင်းဖြစ်စေ၊ သွားလာလုပ်ကိုင် နေရင်းဖြစ်စေ၊ လူတစ်ယောက်၊ သတ္တဝါတစ်ဦးကို မြင်လျှင် ကြား လျှင် ချမ်းသာပါစေ၊ ချမ်းသာပါစေလို့ စိတ်ဖြင့် နှလုံးသွင်းပြီး မေတ္တာပွားရမယ်။ လူအများ၊ သတ္တဝါအများကို မြင်လျှင် ကြားလျှင်

http://www.dhammadownload.com

လဲ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေလို့ နှလုံးသွင်းပွားများရုံ ပါပဲ။ လွယ်လည်းလွယ်ပါတယ်။ ကောင်းလည်း အင်မတန်ကောင်း ပါတယ်။ လူတိုင်း၊ လူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်းက ချမ်းသာ ချင်ကြတယ်။ အဲဒီလို ချမ်းသာချင်တဲ့ လူတွေ၊ သတ္တဝါတွေကို "ချမ်းသာပါစေ၊ ချမ်းသာပါစေ" လို့ နှလုံးသွင်း မေတ္တာပွားများရ တာဟာ အများအလိုနဲ့ ကိုက်ညီလို့ အင်မတန်သင့်လျော်ပါတယ်။ အဲဒီလိုစိတ်ဖြင့် နှလုံးသွင်းပြီး မေတ္တာပွားနေတာဟာ မေတ္တာ မနောကံပဲ။ ယခုနေ အခါမှာ ဘုရားဝတ်တက်တဲ့ ရဟန်းရှင်လူ ကွေဟာ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု- အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် မေတ္တာပွားနေတာမျိုးကတော့ နှုတ်ဖြင့် ရွတ်ဆိုပြီး ပွားများနေတာမို့ **မေတ္တာဝစီကံ** ခေါ်တယ်။ ချမ်းသာပါစေ၊ ချမ်းသာပါစေ စသည်ဖြင့် ရွတ်ဆိုပြီး ပွားနေတာ ကလည်း **မေတ္တာဝစီကံ**ပါပဲ။

ဒီနေရာမှာ အထူးသတိပြုစရာ အချက်တစ်ချက်ကတော့ စိတ်ဖြင့် နှုတ်ဖြင့် "ချမ်းသာပါစေ၊ ချမ်းသာကြပါစေ"လို့ မေတ္တာကို ပွားနေတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ဖြင့်လည်း သူတစ်ပါးအား ဆင်းရဲအောင် မပြုဘဲ ချမ်းသာအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်၊ အဲဒီလို မဟုတ်ဘဲ သူတစ်ပါးအား ဆင်းရဲအောင်ပြုလုပ်နေရင်တော့ ချမ်း သာပါစေလို့ ပွားများတဲ့မေတ္တာဟာ ဘာမျှအဓိပ္ပာယ်မရှိဘူး၊ မအောင်မြင်ဘူးလို့ မှတ်ရမယ်။ ထို့အတူပင် သူတစ်ပါး နားမချမ်း

http://www.dhammadownload.com

သာတဲ့ စကားမျိုးကို ပြောနေရင်လည်း၊ စိတ်ဖြင့်၊ နှုတ်ဖြင့် ချမ်းသာ ပါစေလို့ ပွားနေတဲ့မေတ္တာဟာ ဘာမှအဓိပ္ပာယ်မရှိဘူး၊ မအောင်မြင်ဘူး၊ ခရီးမရောက်ဘူးလို့သာ မှတ်ရမယ်၊ အမှန်ကတော့ သူတစ်ပါးအား နားဝင်ချိုတဲ့စကား၊ အကျိုးရှိတဲ့စကားကို ပြောဆိုနိုင်ပါမှ ချမ်းသာပါစေလို့ ပွားနေတဲ့မေတ္တာဟာ အစစ်အမှန်ဖြစ်တယ်၊ ထို့အတူ ကိုယ်ဖြင့်လည်း သူတစ်ပါးအား အကျိုးမဲ့ဖြစ်အောင် မပြုလုပ်ဘဲ တတ်နိုင်သမျှ အကျိုးရှိအောင် ဆောင်ရွက်ပေးပါမှ ပွားနေတဲ့ မေတ္တာဟာ အစစ်အမှန်ဖြစ်တယ်လို့ မှတ်ယူရမယ်။ ဥပမာ - လမ်းကျဉ်းကလေးထဲမှာ ရင်ဆိုင်လမ်းလျှောက်လာတဲ့သူကို ချမ်းသာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာပို့နေရင် အဲဒီလူကလည်း ရိုသေထိုက်တဲ့သူ ဖြစ်ရင် မိမိက လမ်းဖယ်ပေးဖို့ လိုပါတယ်၊ အဲဒီလို ပြုလုပ်ပါမှ အပစာယန ကုသိုလ်လည်းဖြစ်တယ်၊ ချမ်းသာပါစေဆိုတဲ့မေတ္တာနဲ့ လည်း ညီညွတ်တယ်။

ချမ်းသာပါစေလို့ မေတ္တာပွားနေတဲ့ သူဟာ ခရီးသွားရာမှာ ကိုယ်က နေရာကျယ်ကျယ်ပြန့်ပြန့်ရထားရင် သူတစ်ပါးအားလည်း ခွဲပေးဖို့လိုပါတယ်။ မနိုင်ဝန်ထမ်းဆောင်လာတဲ့သူကို တွေ့မြင်ရရင် တတ်နိုင်သမျှ အကူအညီပေးဖို့ လိုအပ်ပါတယ်။ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး နားမလည်တဲ့သူအား နားလည်အောင် ညွှန်ကြားပေးတာ လည်း မေတ္တာအစစ်ပါပဲ။ ကိုယ့်အနီးအပါးရောက်လာတဲ့သူကို "ချမ်းသာပါစေ၊ ချမ်းသာပါစေ"လို့ စိတ်ဖြင့်မေတ္တာပွားရမယ်။ နှုတ်ဖြင့် လည်း ချိုချိုသာသာ ပြောဆိုရမယ်။ နှုတ်ဆက်ကတည်းက ရွှင်ပျသော မျက်နှာဖြင့် နှုတ်ဆက်ပြောဆိုရမယ်။ ကိုယ်ဖြင့်လည်း

http://www.dhammadownload.com

တတ်နိုင်သမျှ အကူအညီပေးရမယ်။ ဒါတွေဟာ မေတ္တာအစစ်တွေ ပါပဲ။ နှုတ်ဖြင့် စကားကောင်းကိုပြောတာက **မေတ္တာဝစီက**ံပဲ။ ကိုယ်ဖြင့် ကူညီဆောင်ရွက်တာက **မေတ္တာကာယက**ံပဲ။

၅၂၈ သွယ် မေတ္တာပွားပုံ

ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာပွားတယ်ဆိုတာကတော့ ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်မှာ မေတ္တာစျာန်ရပြီး ပုဂ္ဂိုလ်များ၏ ပွားပုံကို ညွှန်ပြထားတာပါပဲ။ ဒါပေမယ့် ယခုနေအခါတော့ ဝတ်ရွတ်စဉ် အနေနဲ့ ပါရမီဖြစ် ကုသိုလ်ဖြစ် ရွတ်ဆိုပွားများနေလေ့ရှိတယ်။ ရွတ်ဆိုနေကြတဲ့ ပါဠိအစဉ်ကတော့ အများနှုတ်တက်နေတဲ့ အတိုင်းပါပဲ။ ဒါပေမယ့် ရှင်းလင်းရေတွက် ပြဖို့ရာ ရှေးဦးစွာ အဲဒီ ပါဠိအစဉ်ကို ရွတ်ပြရဦးမယ်။

သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘावဝ ပရိယာပန္နာ - ဒီအထိ ငါးပုဒ်ကတော့ အပိုင်း အခြား အကန့်အသတ်မထားဘဲ သတ္တဝါအားလုံးကို ပြဆိုပါတယ်။ ဒါကြောင့် သဗ္ဗေသတ္တာ - အလုံးစုံသော သတ္တဝါတို့သည်-လို့ ဆိုတာနဲ့ သဗ္ဗေ ပါဏာ - အလုံးစုံသော အသက်ရှူသူတို့သည်၊ သဗ္ဗေ ဘူတာ - အလုံးစုံသော ထင်ရှားဖြစ်သူတို့သည်၊ သဗ္ဗေ ပုဂ္ဂလာ - အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊ သဗ္ဗေ အတ္တဘावဝ ပရိယာပန္နာ - အလုံးစုံသော ခန္ဓာကိုယ် အတ္တဘောရှိသူတို့သည်-လို့ ဆိုလိုတာတွေဟာ အရအတူတူပါပဲ။ သတ္တဝါတွေအားလုံးကိုချည်း ဆိုတာပါပဲ။

အဲဒီကနောက် သဗ္ဗာ ဣတ္ထိယော - အလုံးစုံသော မိန်းမတို့

http://www.dhammadownload.com

သည်၊ သဗ္ဗေ ပုရိသာ - အလုံးစုံသော ယောကျ်ားတို့သည်၊ သဗ္ဗေ အရိယာ - အလုံးစုံသော အရိယာတို့သည်၊ သဗ္ဗေ အနရိ ယာ - အလုံးစုံသော ပုထုဇဉ်တို့သည်၊ သဗ္ဗေ မနုဿာ - အလုံးစုံသော လူတို့သည်၊ သဗ္ဗေ ဝိနိပါတိကာ - အလုံးစုံသော အပါယ်သတ္တဝါတို့သည်ဆိုတာကတော့ အမနှင့်အဖို သတ္တဝါတစ်စုံ၊ အရိယာနှင့် ပုထုဇဉ်တစ်စုံ၊ နတ်လူအပါယ် သတ္တဝါ ၃-မျိုးစုတစ်ရပ်၏ အားလုံး ၇-မျိုးကို အသီးအသီး ပိုင်းခြားပြီး ပြဆိုတဲ့ စကားရပ်တွေပါပဲ။ အဲဒီလို အသီးအသီး အကန့်အသတ် အပိုင်းအခြားရှိလို့ ဒီ ၇-ပုဒ်ဖြင့် ပွားတဲ့မေတ္တာကို သြဒိသမေတ္တာလို့ ခေါ်တယ်။ ရှေ့ငါးပုဒ်ကတော့ အကန့်အသတ်မရှိဘဲ သတ္တဝါအားလုံးနဲ့ဆိုင်လို့ အနောဒိသ မေတ္တာလို့ ခေါ်တယ်။ အကန့်အသတ် အပိုင်းအခြားမရှိတဲ့ မေတ္တာလို့ ဆိုလိုတာပါပဲ။

အဲဒီ ၂-ရပ်ပေါင်း ၁၂-ပုဒ်ကို အဝေရာ ဟောန္တု - ဘေးရန်ကင်းကြပါစေ၊ အဗျာပဇ္ဇာ ဟောန္တု - စိတ်ဆင်းရဲကင်းကြပါစေ၊ အနီဃာ ဟောန္တု - ကိုယ်ဆင်းရဲကင်းကြပါစေ၊ သုခီအတ္တာနံ ပရိဟရန္တု - ချမ်းသာနှင့် ပြည့်စုံလျက် (ဝါ -ချမ်းသာစွာ) မိမိခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေဆိုတဲ့ ၄-ပုဒ်နှင့်ဆက်စပ်ပြီး မေတ္တာပွားရတယ်။ အဲဒီမှာ ချမ်းသာနှင့် ပြည့်စုံပြီး မိမိခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ပါစေဆိုတာက အင်မတန် အရေးပါတဲ့ စကားလုံးပါပဲ။ သတ္တဝါတွေမှာ ကိုယ်ပက ဘေးရန်တွေလည်း ရှိနေကြတယ်။ ကိုယ်တွင်းက ရောဂါတွေ၊ ဒုက္ခ ဝေဒနာတွေဆိုတဲ့ ဘေးရန်တွေ

http://www.dhammadownload.com

လည်း ရှိနေကြတယ်။ စားဝတ်နေရေး ကျန်းမာရေးအတွက် အစစ အရာရာ ပြည့်စုံဖို့လည်း အရေးကြီးပါတယ်။ အဲဒီဘေးရန်တွေလည်း ကင်းပြီး လိုသမျှလည်း ပြည့်စုံပါမှ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ (ဣဋ္ဌ-နဲ့ မပါဘဲ ချမ်းသာစွာ - ဟူ၍သာဆိုလျှင် မြန်မာဝေါဟာရ ပျေါ့နေသည်) မိမိခန္ဓာဝန်ကို ဆောင်ရွက်နိုင်ရင် လောကဘက်က အမြင်အားဖြင့် အကောင်းဆုံးလို့ ဆိုရမှာပဲ။ ဒါကြောင့် ချမ်းသာစွာ နဲ့ မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေဆိုတဲ့ အဲဒီ စကားလုံးဖြင့် လည်း လေးလေးနက်နက် အာရုံပြုပြီး မေတ္တာပွားရပါတယ်။

သဗ္ဗေသတ္တာ အဝေရာဟောန္တု - အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် အနောဓိသ မေတ္တာ ၅-ပုဒ်နှင့် မေတ္တာပွားပုံ ၄-ပုဒ်ဆက်စပ်ပြီး မေတ္တာပွားလိုက်လျှင် (၅×၄လီ) ၂၀-ရတယ်။ အဲဒါက အနောဓိသမေတ္တာ ၂၀-ပဲ။ နောက်ပြီးတော့ သဗ္ဗာကျတ္ထိယော - အားလုံးမိန်းမတွေ အစရှိတဲ့ သြဓိသ (မေတ္တာ) ၇-ပုဒ်နှင့် ဘေးရန်ကင်းကြပါစေ အစရှိတဲ့ မေတ္တာပွားပုံ ၄-ပုဒ် ဆက်စပ်ပြီး မေတ္တာပွားလိုက်လျှင် (၇×၄ လီ) ၂၈ -ရတယ်။ အဲဒါက သြဓိသမေတ္တာ ၂၈-ပါးပဲ။ အနောဓိသမေတ္တာ ၂၀-နှင့် ပေါင်းလိုက်လျှင် ၄၈-ပါးရတယ်။ အဲဒါက အရပ်မျက်နှာဖြင့် မပိုင်း ခြားဘဲ ပွားစေတဲ့ မေတ္တာဖြစ်တဲ့အတွက် ဒီသာအနောဓိသ မေတ္တာ လို့ ခေါ်တယ်။

ထို့အတူပင် ပုရတ္ထိမာယ ဒိသာယ - အရှေ့အရပ်၌၊ သဗ္ဗေ သတ္တာ အဝေရာဟောန္တု - အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြ

http://www.dhammadownload.com

ပါစေ စသည်ဖြင့် ပွားတဲ့မေတ္တာကလဲ ၄၈-ပါးရတယ်။ ထို့အတူပင် ပစ္ဆိမာယဒိသာယ - အနောက်အရပ်၌လည်း ၄၈-ပါးရတယ်။ ဥတ္တရာ ယဒိသာယ - မြောက်အရပ်၌လည်း ၄၈-ပါး၊ ဒက္ခိဏာယ ဒိသာယ - တောင်အရပ်၌လည်း ၄၈-ပါး၊ ပုရတ္ထိမာယ အနုဒိသာယ - အရှေ့တောင်အရပ်၌လည်း ၄၈-ပါး၊ ပစ္ဆိမာယ အနုဒိသာယာ-အနောက်မြောက်အရပ်၌လည်း ၄၈-ပါး၊ ဥတ္တရာယ အနုဒိသာယ - အရှေ့မြောက်အရပ်၌လည်း ၄၈-ပါး၊ ဒဏ္ခိဏာယ အနုဒိသာယ -အနောက်တောင်အရပ်၌လည်း ၄၈-ပါး၊ ဟေဋ္ဌိမာယ ဒိသာယ - အောက်အရပ်၌လည်း ၄၈-ပါး၊ ဥပရိမာယ ဒိသာယ - အထက်အရပ်၌လည်း ၄၈-ပါး ရတယ်။ အရပ်မျက်နှာ ၁၀-ပါးမှာ ၄၈-ပါးစီ ဆိုတော့ (၄၈×၁၀လီ) ၄၈၀ ရပါတယ်။ အဲဒီ ၄၈၀ က အရပ်မျက်နှာနှင့် ပိုင်းခြားပြီး ပွားစေတဲ့ မေတ္တာဖြစ်တဲ့အတွက် ဒိသာသြမိသမေတ္တာလို့ ခေါ်တယ်။ အဲဒီ ၄၈၀-က ဒိသာ အနောဓိသာ ၄၈-ပါးနှင့် ပေါင်းလိုက်ရင် ငါးရာ့နှစ်ဆယ်ရှစ်သွယ် (၅၂၈-သွယ်) မေတ္တာ ဖြစ်တယ်။ အဲဒီ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာကို နည်းရရေးအတွက် ရွတ်ဆိုပြီး ပွားကြရအောင်၊ လိုက်ဆိုရင်း ပွားကြရမယ်။

(၁) အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။ (မေတ္တာ ၄-ပါး)

http://www.dhammadownload.com

(၂) အားလုံးအသက်ရှူသူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် ရွက်ဆောင်နိုင်ကြပါစေ။ (မေတ္တာ ၄-ပါး)

အဲဒီလို မေတ္တာပွားနေကြရာမှာ ဘေးရန်ကင်းကြပါစေလို့ ဆိုပြီးတဲ့အခါ အဲဒီလို နှလုံးသွင်းတဲ့ စိတ်နဲ့ရွတ်ဆိုတဲ့အသံဟာ ချက်ချင်းပင် ကုန်ဆုံးသွားတယ်။ အဲဒီလို ကုန်ဆုံးသွားတဲ့ နာမ်နဲ့ ရုပ်ကိုလည်း ရှုရမယ်။ အဲဒီလို ရှုရင် မေတ္တာသမထနှင့်တကွ ဝိပဿနာလည်း ဖြစ်ပွားသွားတယ်။ သမထနဲ့ ဝိပဿနာ တစ်စုံတစ်စုံ ဖြစ်ပွားဖြစ်ပွားသွားတော့တာပေါ့။ အဲဒီလို သမထ၊ ဝိပဿနာ အစုံတွဲတွဲပြီး ရှုရှုသွားတာကို ယုဂနद္ဓ ဝိပဿနာလို့ ခေါ်တယ်။ ကဲ .. အဲဒီ ယုဂနဒ္ဓနည်းဖြင့် ရွတ်ဆိုပွားများ ကြရမယ်။ ဘုန်းကြီးကလည်း ခပ်ဖြည်းဖြည်း ဆိုပေးမယ်။

(၃) အားလုံးထင်ရှားဖြစ်သူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၄) အားလုံးပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ။ ပ ॥ ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၅) အားလုံးခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဘေးရန်ကင်းကြပါစေ။ ပ ॥ ရွက်ဆောင်နိုင်ကြပါစေ။ (၄-

http://www.dhammadownload.com

ပါး၊ ၅ × ၄ လီ = ၂၀)

(၁) အားလုံးအမျိုးသမီးတွေ (အမျိုးသမီးတွေလို့ ဆိုရတာ တော့ နားဝင်ချိုအောင် ဆိုရတာပါပဲ။ နတ်သမီး တွေလည်း ပါဝင်တယ်။ နွားကျွဲစသော တိရစ္ဆာန် မတွေလည်း ပါဝင်တယ်။ ပြိတ္တာမ၊ အသူရကာယ်မ၊ ငရဲသူမတွေလည်း ပါဝင်ပါတယ်) အားလုံး အမျိုး သမီးတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်း ကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာစွာနဲ့ မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင် ကြပါစေ။ (၄-ပါး)

(၂) အားလုံးအမျိုးသားတွေ(ဒါလည်း နားဝင်ချိုအောင် လို့ ပါပဲ။ နတ်သားတွေ၊ တိရစ္ဆာန်အထီးတွေစသည် လည်း ပါဝင်ပါတယ်) အားလုံးအမျိုးသမီးတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ ရွက်ဆောင်နိုင် ကြပါစေ။ (၄-ပါးပင်)

(၃) အားလုံးအရိယာတွေ ဘေးရန်ကင်းကြပါစေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါးပင်)

(၄) အားလုံးပုထုဇဉ်တွေ ဘေးရန်ကင်းကြပါစေ။ ပ ။ ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

(၅) အားလုံးနတ်သားတွေ ဘေးရန်ကင်းကြပါစေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါး)

http://www.dhammadownload.com

(၆) အားလုံးလူတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ ရွက်ဆောင်နိုင်ကြစေ။ (၄-ပါး)

(၇) အားလုံးအပါယ်သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ စိတ်ဆင်းရဲကင်းကြပါစေ။ ကိုယ်ဆင်းရဲကင်းကြပါစေ။ ကိုယ့်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၄-ပါး၊ ၇×၄လီ = ၂၈-ပါး)

ဒါက ဩဝါဒသမေတ္တာ ၂၈-ပါးပဲ။ ရှေ့က အနောဝါဒသမေတ္တာ ၂၀-နှင့် ပေါင်းလိုက်လျှင် ဒီသာအနောဝါဒသမေတ္တာ ၄၈-ပါးဖြစ်တယ်။ အဲဒါ ပြီးသွားပြီ။ ယခု အရှေ့အရပ်မှစပြီး တစ်မျက်နှာ ၄၈-ပါးစီ မေတ္တာပွားပုံများကို ရွတ်ဆိုပြီး ပွားများကြရမယ်။ ဒီမေတ္တာပွားပုံကတော့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်းက လက်ခံနိုင်စရာရှိပါတယ်။ ပွားများလို့လည်း လွယ်ပါတယ်။ အကြားအမြင် နည်းတဲ့လူတွေလည်းနားလည်နိုင်ပါတယ်။ ကဲ . . ရွတ်ဆိုပွားများကြရမယ်။

(၁) အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ ရွက်ဆောင်နိုင်ကြပါစေ။

- အရှေ့အရပ်က အားလုံးအသက်ရှူသူတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။
- အရှေ့အရပ်က အားလုံးထင်ရှားဖြစ်သူတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။
- အရှေ့အရပ်က အားလုံးပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။

http://www.dhammadownload.com

- အရှေ့အရပ်က အားလုံးခန္ဓာကိုယ် အတ္တဘောရှိသူတွေ။ ပ ။ ရွက်ဆောင်နိုင်ကြပါစေ။
- အရှေ့အရပ်က အားလုံးအမျိုးသမီးတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။
- အရှေ့အရပ်က အားလုံးအမျိုးသမီးတွေ။ ပ။ နိုင်ကြပါစေ။
- အရှေ့အရပ်က အားလုံးအရိယာတွေ။ ပ ။ နိုင်ကြပါစေ။
- အရှေ့အရပ်က အားလုံးပုထုဇဉ်တွေ။ ပ ။ နိုင်ကြပါစေ။
- အရှေ့အရပ်က အားလုံးနတ်တွေ။ ပ ။ နိုင်ကြပါစေ။
- အရှေ့အရပ်က အားလုံးလူတွေ။ ပ ။ နိုင်ကြပါစေ။
- အရှေ့အရပ်က အားလုံးအပါယ်သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ စိတ်ဆင်းရဲကင်းကြပါစေ။ ကိုယ်ဆင်းရဲကင်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ကျန်တဲ့ အရပ်မျက်နှာ ၉-ပါးလည်း နည်းတူပင် ရွတ်ဆိုပွားများကြဖို့ပါပဲ။ ယခုတော့ အစတစ်ပိုဒ်နဲ့ အဆုံးတစ်ပိုဒ် လောက်ဆိုပြီး ပွားများရင် တော်လောက်ပါပြီ။ ကဲ . . ဆိုကြရမယ်။

(၂) အနောက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။

http://www.dhammadownload.com

အနောက်အရပ်က အပါယ်သတ္တဝါတွေ။ ပ ။ ရွက်ဆောင်နိုင်ကြပါစေ။

(၃) မြောက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။
မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၄) တောင်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။
တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၅) အရှေ့တောင်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။
အရှေ့တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၆) အနောက်မြောက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။
အနောက်မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၇) အရှေ့မြောက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ။ နိုင်ကြပါစေ။
အရှေ့မြောက်အရပ်က အားလုံးအပါယ်သတ္တဝါ

http://www.dhammadownload.com

တွေ။ ပ ။ ရွက်ဆောင်နိုင်ကြပါစေ။

(၈) အနောက်တောင်အရပ်က အားလုံးသတ္တဝါတွေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။

အနောက်တောင်အရပ်က အားလုံးသတ္တဝါတွေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၉) *အောက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။

အောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။

(၁၀) *အထက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ ပ ။ နိုင်ကြပါစေ။

အထက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ။

---

*အောက်အရပ်၌ အရိယာများ, နတ်များ, လူများ အဘယ်သို့ ရှိသင့်ပါသနည်း-ဟူ၍လည်းကောင်း၊ ထို့အတူပင် အထက်အရပ်၌လူများ, အပါယ်သတ္တဝါများ အဘယ်သို့ ရှိသင့်ပါသနည်း-ဟူ၍လည်းကောင်း မေးဖွယ်ရှိပါသည်။ ယင်းအမေးကို အောက်ပါအတိုင်း ဖြေရှင်းသင့်ပါသည်။

မေတ္တာပို့နေသူက အိမ်ကျောင်းစသည်တို့၏ အထက်ထပ်၌နေလျက် မေတ္တာပွားနေလျှင် အောက်ထပ်များ၌လည်းကောင်း၊ အောက်ထပ်များနှင့်ညီမျှသော ဌာနများ၌လည်းကောင်း အရိယာများ, နတ်များ, လူများ ရှိနိုင်ပါသည်။ တောင်ပေါ်စသော အမြင့်၌နေလျက် မေတ္တာပွားနေလျှင် တောင်အောက်စသော အနိမ့်အရပ် အောက်အရပ်များ၌ အရိယာများ

http://www.dhammadownload.com

နတ်များ လူများရှိနိုင်ပါသည်။ အနိမ့်ဆုံးမြေပြင်၌နေလျက် မေတ္တာပွားနေလျှင် ထိုထက်နိမ့်သော ပင်လယ်ရေပြင်၌ လူများ, နတ်များ, အရိယာနတ်များရှိနိုင်ပါသည်။ ယင်းပင်လယ်ရေပြင်ထဲ၌လည်း အကြောင်းအားလျော်စွာ တစ်ရံတစ်ခါ၌ နတ်များ, အရိယာနတ်များ ရှိနိုင်ပါသည်။ ဤအရာ၌ အရှင်ဥပဂုတ်ပင်လယ်ရေထဲ၌ သီတင်းသုံးနေသည်ဟူသော အချို့ပုဂ္ဂိုလ်များ၏ ယုံကြည်ချက်ကိုလည်း သတိပြုသင့်ပါသည်။

ယခု ရွှတ်ဆိုပွားများခဲ့ကြတာဟာ ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာ အကျဉ်းချုပ်အားဖြင့် စုံသွားပါပြီ။ အဲဒါဟာ မေတ္တာစျာန်ရပြီး ပုဂ္ဂိုလ်များ ဖြန့်ပြီး စျာန်ဝင်စားပုံပါပဲ။ ဒါပေမယ့် စျာန်မရသေးတဲ့ ပုဂ္ဂိုလ်လည်း ယခုပြောခဲ့တဲ့နည်းအတိုင်း ဖြန့်ပြီးမေတ္တာ ဘာဝနာကို ပွားကောင်းပါတယ်။ ပါရမီထူး ရရှိတဲ့သူဆိုရင် အဲဒီ မေတ္တာပွားနေရင်း မေတ္တာစျာန်ကိုလည်း ရသွားနိုင်ပါတယ်။ စျာန်ကို မရပေမယ့်လို့ မေတ္တာပွားများတဲ့အတွက် အကျိုးကတော့ များပါတယ်။ ဘယ်လိုလဲဆိုတော့ -

ဘိက္ခဝေ - ရဟန်းတို့၊ ဘိက္ခု - ရဟန်းသည်၊ မေတ္တစိတ္တं - သူတစ်ပါးအား ချမ်းသာစေလိုသောစိတ်ကို၊ အစ္ဆရာသယ်ာတ မတ္တမ္ပိ - လက်ဖျစ်တစ်တွက် ကာလမျှသော်လည်း၊ စေ အာသေ ဝတိ - အကယ်၍ မှီဝဲငြားအုံ့။ (အင်္ဂုတ္တရ၊ ဧကနိပါတ် ၅၃-သုတ်) စေ ဘာဝေတိ - အကယ်၍ ဖြစ်ပွားစေငြားအုံ့။

---

*ထို့အတူပင် မြေပြင်၌တည်လျက် မေတ္တာပွားနေလျှင် ထို့ထက်မြင့်သော ကုန်းပြင်၌လည်းကောင်း၊ တောင်ပေါ် အရပ်ရပ်တို့၌လည်းကောင်း၊ အိမ်ကျောင်းတို့၏ အထက်တို့၌လည်းကောင်း လူလည်းရှိနိုင်ပါသည်။ ပိုးကောင်, ငှက်စသော တိရစ္ဆာန်များလည်းရှိနိုင်ပါသည်။ စတုတ္ထ ပါရာဇိကသိက္ခာပုဒ် ဝိနီတဝတ္ထုအခန်း၌ လည်းကောင်း၊ နိဒါနဝဂ္ဂလက္ခဏ

http://www.dhammadownload.com

သံယုတ်ပါဠိတော်၌လည်းကောင်း၊ အလွန်နာကျင်သောကြောင့် ငိုကြွေးမြည်တမ်းလျက် ကောင်းကင်၌ ပြေးသွားနေကြရှာသော ပြိတ္တာများရှိကြောင်း ပြဆိုချက်များ ရှိပါသည်။ ယင်းသည် အထက်အရပ်၌ အပါယ်သတ္တဝါများရှိကြောင်း ခိုင်လုံသော သာဓကဖြစ်ပါသည်။ ပိုးမွှားတိရစ္ဆာန်များ၊ ငှက် တိရစ္ဆာန်များ အထက်အရပ်၌ ရှိကြကြောင်းမူ ပကတိ မျက်စိဖြင့်ပင် မြင်သိနိုင်ပါသည်။

(၄င်း ၅၄-သုတ်) စေ မနုသိကရောတိ - အကယ်၍ နှလုံးသွင်းငြားအံ့။ (၄င်း ၅၅ သုတ်) ဘိက္ခဝေ - ရဟန်းတို့၊ အယံ ဘိက္ခု- လက်ဖျစ်တစ်တွက်ခန့်မျှသော်လည်း မေတ္တာစိတ်ကို မှီဝဲဖြစ်ပွားစေသော နှလုံးသွင်းသော ဤရဟန်းကို၊ အရိတ္တဇ္ဈာနော ဝိဟရတိ - ရှုမှုစျာန်မကင်းစေဘဲ နေသူဟူ၍လည်းကောင်း၊ သတ္ထု - မြတ်စွာဘုရား၏ သာသန ကရော သြဝါဒကရော - အဆုံးအမ သြဝါဒကို လိုက်နာ၍ကျင့်သူ ဟူ၍လည်းကောင်း၊ ရဋ္ဌပိဏ္ဍံ - တိုင်းသူပြည်သားတို့က လျှူအပ် သောဆွမ်းကို၊ အမောဃံဘုဥ္ဇတိ - အချည်းနှီးမဖြစ်စေဘဲ ဘုဉ်းပေးသုံးဆောင်သူဟူ၍ လည်းကောင်း၊ ဝုစ္စတိ - ဆိုအပ်ပေ၏။ ယေ - အကြင်ရဟန်းတို့သည်၊ ဗဟုလီကရောန္တိ - မေတ္တာစိတ်ကို အကြိမ်များစွာ ဖြစ်ပွားစေကုန်၏။ တေ - ထိုရဟန်းတို့ကို၊ ကော ပန ဝါဒေါ - စျာန်မကင်းဘဲ နေကြ၏ စသည်ဖြင့် ပြောဆိုဖွယ် အဘယ်မှာရှိအံ့နည်းလို့ မြတ်စွာဘုရားက ဟောကြားတော်မူတဲ့အတိုင်းပင် အလွန်အကျိုးများပါတယ်။

အဲဒီဒေသနာတော်မှာ လက်ဖျစ်တစ်တွက်ခန့် မေတ္တာစိတ်

http://www.dhammadownload.com

ကို မှီဝဲတာ ဖြစ်စေတာတောင် ရှုမှုစျာန်မကင်းသူလို့ ဆိုရပါသတဲ့။ ဘုရားအဆုံးအမကို လိုက်နာပြီး ကျင့်သူမည်ပါသတဲ့။ ဒကာ၊ဒကာမ များက လျှုတဲ့ဆွမ်းကို သုံးဆောင်တာလည်း အချည်းနှီးမဖြစ်ဘူး။ အကျိုးများစေပြီး သုံးဆောင်သည် မည်ပါသတဲ့။ အဲဒီမှာ ဒကာ၊ ဒကာမတို့အား အကျိုးများစေပုံက ဘယ်လိုလဲဆိုတော့ ရဟန်းများ မှာ ပစ္စဝေက္ခဏာဖြင့် မဆင်ခြင်ဘဲ ဆွမ်းကိုသုံးဆောင်ရင် ဣဏ ပရိဘောဂဖြစ်တယ်။ အကြွေးယူပြီးစားတဲ့ သဘောပါပဲ။ ဘယ်လိုလဲ ဆိုရင် သီလလေးပါးလုံး ပြည့်စုံတဲ့ ရဟန်းများသာ သုံးဆောင်သင့် တဲ့ ဆွမ်းကို အဲဒီရဟန်းက ပစ္စယသန္နိဿိတသီလ မပြည့်စုံဘဲ သုံးဆောင်တဲ့အတွက် နောက်မှ အဲဒီသီလကို ပြည့်စုံပါစေမယ်။ ဆွမ်းကိုတော့ ယခုပဲ သုံးဆောင်ပါရစေလို့ဆိုပြီး အကြွေးသုံးဆောင် တာနဲ့တူသောကြောင့် ဣဏပရိဘောဂလို့ ဆိုရတာပါပဲ။ သီလ လေးပါးလုံး ပြည့်စုံတဲ့ရဟန်းကို လှူရင်၊ လှူသူမှာ ဒါန၏အကျိုးကို အပြည့်အစုံရတယ်။ ပစ္စယသန္နိဿိတသီလ မပြည့်စုံတဲ့ရဟန်းအား လှူသူမှာ အဲဒီသီလ လိုနေတဲ့အတွက် အကျိုးက တစ်စိတ် တစ်ဒေသလိုနေနိုင်တယ်။ ဒါကြောင့် လှူသူမှာလည်း အကျိုးရသင့် သလောက်မရဘဲ အကြွေးပေးရတာနဲ့ တူတယ်။ ဒါကြောင့် ဆွမ်းစ သော ပစ္စည်းလေးပါးကို ဉာဏ်ဖြင့် မဆင်ခြင်ဘဲ သုံးဆောင်ရင် ရဟန်းမှာ ဣဏပရိဘောဂဖြစ်တယ်လို့ အဋ္ဌကထာများ၌ ဆိုထား ပါတယ်။

လက်ဖျစ်တစ်တွက်ခန့်မျှလောက် မေတ္တာကို ဖြစ်ပွားစေတဲ့

http://www.dhammadownload.com

ရဟန်းမှာတော့ အဲဒီလို ဣဏာပရိဘောဂ မဖြစ်တဲ့အပြင် ရဟန္တာ များ သုံးဆောင်သလိုပင် ပိုင်ရှင်ဖြစ်ပြီးတော့လည်း သုံးဆောင်ခြင်း ဖြစ်တယ်။ အကြွေးကင်းပြီး သုံးဆောင်ခြင်းလည်း ဖြစ်တယ်။ ဒါယာဒ ဆိုတဲ့ အမွေခံဖြစ်ပြီးတော့လည်း သုံးဆောင်ခြင်းဖြစ်ပါ တယ်တဲ့။ နောက်ပြီးတော့ အစ္ဆရာသယ်ာတမတ္တမ္မိ - လက်ဖျစ်တစ် တွက်ခန့်မျှသော်လည်း၊ မေတ္တံ အာသေဝန္တသ ဘိက္ခုနော - မေတ္တာ ကို မှီဝဲသော ရဟန်းအား၊ ဒိန္နဒါနံ - လှူအပ်သောအလှူကောင်းမှု သည်၊ မဟာဋ္ဌယံ ဟောတိ မဟပ္ဖလံ - အကျိုးများ၏။ အဲဒီလို အကျိုးများစေနိုင်သောကြောင့်လည်း အချည်းနှီးမဖြစ်စေဘဲ သုံးဆောင်သည် မည်ပါတယ်တဲ့၊ အဲဒီလို သူ့အဋ္ဌကထာ၌ ဖွင့်ပြ ထားပါတယ်။

အရှင်သုဘူတိ၏ မေတ္တာပွားပုံ

မေတ္တာကို နှလုံးသွင်းခြင်းဟာ အလှူဒါယကာတို့အား အထူးသဖြင့် အကျိုးများစေနိုင်ပါတယ်။ ဒါကြောင့် အရှင်သုဘူတိ ဆိုတဲ့ ရဟန္တာမထေရ်က ဆွမ်းခံကြွတဲ့အခါ အိမ်တိုင်းအိမ်တိုင်း ရှေ့၌ ခေတ္တရပ်နေစဉ်အတွင်း မေတ္တာစျာန်ကို ဝင်စားတော်မူပါ သတဲ့။ အဲဒီမေတ္တာစျာန်မှထပြီး ဆွမ်းကို အလှူခံတော်မူပါသတဲ့။ အဲဒါဟာ ဆွမ်းလှူတဲ့ ဒါယကာ-ဒါယိကာမတို့အား အကျိုးများစေ ရန် ဖြစ်သတဲ့။ အဲဒီလို အကျိုးများအောင် မေတ္တာစျာန်ဝင်စားပြီး အလှူခံလေ့ရှိတဲ့အတွက် အရှင်သုဘူတိကို မြတ်စွာဘုရားက အလှူခံပုဂ္ဂိုလ်မြတ် အများထဲမှာ အမြတ်ဆုံးအဖြစ် ဧတဒဂ်ဂုဏ်ထူး

http://www.dhammadownload.com

ဖြင့် ခ်ီးကျူးတော်မူပါတယ်။ ယခုအခါလည်း အလျှပ္ပဲမျှားခ်ိ ရဟန်းတော်များက မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ဖတ်ပွားများကြတာဟာ အလျှဒါနအကျိုးများစေရန်အတွက်ပါပဲ။ ဒါကြောင့် မေတ္တာပရိတ်တော်ကို ရွတ်ဖတ်ခ်ီးမြှောက်တော်မူကြတဲ့အခါ မေတ္တာကိုလည်း ပွားရင်း လေးလေးစားစား ရွတ်ဆိုသင့်ပါတယ်။

ဒါကြောင့် ယခုတရားနာရင်း မေတ္တာကိုပွားစေကြတာဟာ အလွန်အကျိုးများတယ်လို့ မှတ်ယူကြဖို့ပါပဲ။ မိမိတို့၏ နေမြဲနေရာများမှာလည်း အခွင့်ရသလောက် ဒီမေတ္တာ ဘာဝနာကို ပွားများသင့်ပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ဘုရားဝတ်ပြုပြီးတဲ့နောက်မှာ အချိန်ရသလောက် ပွားများသင့်ပါတယ်။ အကြောင်းညီညွတ်ရင် ဒီလိုပွားများရင်း မကြာမီအတွင်းလည်း မေတ္တာစျာန်ကို ရနိုင်ပါတယ်။ ဘယ်သူလိုလဲဆိုရင် ဓနဥ္ဇာနိဆိုတဲ့ ပုဏ္ဏားလိုပါပဲ။

ဓနဥ္ဇာနိနှင့် မေတ္တာစျာန်

ဓနဥ္ဇာနိဆိုတဲ့ ပုဏ္ဏားကြီးဟာ သေလုနီးပါးရောဂါဖြစ်နေတဲ့အခါ အရှင်သာရိပုတ္တရာကို ပင့်စေတယ်။ အရှင်သာရိပုတ္တရာက ကြွရောက်တော်မူပြီးတော့ သူ့ရောဂါအကြောင်းကို မေးပြီးတဲ့နောက် ဒီလိုဟောတော်မူပါတယ်။ ဟောပုံကတော့ -

ငရဲနဲ့ တိရစ္ဆာန် ဘယ်ဟာက ကောင်းမြတ်သလဲ စသည်ဖြင့် မေးခွန်းထုတ်တယ်။ ဓနဥ္ဇာနိက ငရဲထက် တိရစ္ဆာန်က ကောင်းမြတ်ပါတယ် စသည်ဖြင့် ဖြေကြားတယ်။ မေးပုံဖြေပုံတွေကတော့

http://www.dhammadownload.com

တိရစ္ဆာန်နဲ့ပြိတ္တာ၊ ပြိတ္တာနဲ့လူ၊ လူနဲ့ စတုမဟာရာဇ် စသည်ဖြင့် ပရ နိမ္မိတဝသဝတ္တီ တိုင်အောင် မေးဖြေပြီးတဲ့အခါ ပရနိမ္မိတဝ သဝတ္တီ နတ်တွေနဲ့ ဗြဟ္မာလောက ဘယ်ဟာက ကောင်းမြတ် သလဲလို့ မေးတယ်။ အဲဒီအခါ ဓနဥ္စာနိက ဗြဟ္မာလောကဆိုတဲ့ အသံကြားရတော့ စိတ်တက်ကြွလာပြီး "အရှင်သာရိပုတ္တရာဟာ ဗြဟ္မ လောက"လို့ ပြောပါသလားလို့ မေးတယ်။ အဲဒီအခါ ဗြဟ္မ လောက မှာ စိတ်ညွှတ်လိုလားခြင်းရှိကြောင်း သိတော်မူတဲ့အတွက် ဗြဟ္မ လောကသို့ ရောက်စေနိုင်တဲ့အကျင့်လမ်းကို ဟောကြား မယ်လို့ မိန့်တော်မူပြီးတော့ ဒီလိုဟောတော်မူပါတယ်။

ဣဓ ဓနဥ္စာနိ ဘိက္ခု မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတ္မာ ဝိဟရတိ။ တထာ ဒုတိယံ။ တထာ တတိယံ။ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္ထတာယ သဗ္ဗဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗ္ယာပဇ္ဈေန ဖရိတ္မာ ဝိဟရတိ။ အယံ ခေါ ဓနဥ္စာနိ ဗြဟ္မာနံ သဟဗျတာယ မဂ္ဂေါ။ (မဇ္ဈိမပဏ္ဏာသ-၄၀၅)

ဓနဥ္စာနိ - ဓနဥ္စာနိပုဏ္ဏား၊ ဣဓ ဘိက္ခု - ဤသာသနာ တော်၌ ရဟန်းသည်၊ မေတ္တာသဟဂတေန စေတသာ - ချမ်းသာစေ လိုသည့် မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့်၊ ဝါ - ချမ်းသာစေလို သောစိတ်ဖြင့်၊ ဧကံ ဒိသံ - တစ်ခုသော အရပ်မျက်နှာကို၊ ဝါ - အရပ်မျက်နှာတစ်ခု၌ရှိသော သတ္တဝါအပေါင်းကို၊ ဖရိတ္မာ ဝိဟ

http://www.dhammadownload.com

ရတိ - ဖြန့်လျက်နေ၏။ တထာ ဒုတိယံ - ဒုတိယအရပ်မျက်နှာကို ထို့အတူ ဖြန့်လျက်နေ၏။ တထာ တတိယံ တထာ စတုတ္ထံ - ထို့အတူပင် တတိယအရပ်မျက်နှာ, စတုတ္ထအရပ်မျက်နှာကို ဖြန့်လျက်နေ၏။ ဣတိ - ဤနည်းဖြင့်၊ ဥဒ္ဓံ - အထက်အရပ်၌ သတ္တဝါအပေါင်းကို။ အဓော - အောက်အရပ်၌ သတ္တဝါအပေါင်းကို၊ တိရိယံ - ထောင့်အရပ်လေးခု၌ သတ္တဝါအပေါင်းကို၊ သဗ္ဗဓိ - အရပ်အလုံးစုံ၌၊ သဗ္ဗတ္ထတာယ - သတ္တဝါဟူသမျှကို မိမိကိုယ်နှင့် အတူထားလျက်၊ (အဓိပ္ပါယ်နက်ဖြစ်သည်) ဝါ - စိတ်ဟူသမျှဖြင့်၊ (စိတ်တိုင်းစိတ်တိုင်းဖြင့်ဟု ဆိုလို၏) သဗ္ဗဝန္တံ လောကံ - သတ္တဝါအားလုံးရှိသော လောကကို၊ မေတ္တာသဟဂတေန စေတသာ - ချမ်းသာစေလိုသောစိတ်ဖြင့်၊ ဝိပုလေန - ကျယ်ပြန့်သောစိတ်ဖြင့်၊ မဟဂ္ဂတေန - မဟဂ္ဂုတ်စျာန်စိတ်ဖြင့်၊ အပ္ပမာဏေန - အတိုင်းအရှည်ကင်းသော စိတ်ဖြင့်၊ အဝေရေန - ရန်ကင်းသော စိတ်ဖြင့်၊ အဗ္ယာပဇ္ဈေန - နှလုံးမသာမှုကင်းသောစိတ်ဖြင့်၊ ဖရိတ္တွာ ဝိဟရတိ - ဖြန့်လျက်နေ၏၊ ဓနဇ္ဇာနိ - ဓနဇ္ဇာနိပုဏ္ဏား၊ အယံ - မေတ္တာစိတ်ဖြင့် ဖြန့်လျက်နေသော ဤအကျင့်သည်၊ ပြဟ္မာနံ သဟဗျတာယ - ပြဟ္မာတို့၏ အတူနေအဖော်ဖြစ်ရန် အလို့ငှာ၊ ဝါ - ပြဟ္မာဖြစ်ရန် အလို့ငှာ၊ မဂ္ဂေါ - လမ်းပေတည်းတဲ့။

ဆိုလိုရင်း အတိုချုပ်ကတော့ အရပ်ဆယ်မျက်နှာ၌ ရှိသမျှ သတ္တဝါအားလုံးကို မေတ္တာစိတ်ဖြင့် ဖြန့်နေတာ၊မေတ္တာပို့နေတာဟာ ပြဟ္မာဖြစ်ကြောင်း အကျင့်လမ်းပဲလို့ ဆိုလိုတာပါပဲ။ ကရုဏာ,

http://www.dhammadownload.com

မုဒိတာ, ဥပေက္ခာတို့ဖြင့် ဖြန့်နေပုံကိုလည်း နည်းတူပင် ဟောကြားတော်မူပါတယ်။ အဲဒီလို ဟောကြားပြီးတော့ အရှင်သာရိပုတ္တရာက ပြန်ကြွသွားတယ်။ မြတ်စွာဘုရားထံ သွားရောက်ပြီးတော့ ဓနဥာနိအား ဟောခဲ့တဲ့ အကြောင်းအရာများကို လျှောက်တယ်။ အဲဒီအခါ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ဒီလိုအပြစ်တင်ပြီး မိန့်တော်မူပါတယ်။ ဗြဟ္မဝိဟာရစျာန်ထက် လွန်မြတ်တဲ့ အရိယာမဂ်ဖိုလ်ရအောင် ပြုကျင့်ဖွယ်ရှိနေပါလျက် ဓနဥာနိပုဏ္ဏားကို (ဟီနေ ဗြဟ္မလောကေ) နိဗ္ဗာန်နှင့်နှိုင်းစားကြည့်လျှင် ယုတ်ညံ့သော ဗြဟ္မလောကဌ် တည်စေပြီးတော့ ထလာခဲ့သကိုးလို့ မိန့်တော်မူတဲ့အတွက် အရှင်သာရိပုတ္တရာလည်း ဗြဟ္မာ့လောကသို့သွား၍ ဓနဥာနိဗြဟ္မာအား တရားဟောသေးကြောင်း၊ ထိုအခါမှစ၍ ၄-ပိုဒ်မျှရှိတဲ့ တစ်ဂါထာကို ဟောသော်လည်း သစ္စာ ၄-ပါးမှ မလွတ်စေဘဲ ဟောကြောင်းများကို အဌကထာမှာ ပြဆိုထားပါတယ်။

ဒီနေရာမှာ သိစေလိုရင်းကတော့ ဓနဥာနိဆိုတဲ့ပုဏ္ဏားဟာ သေခါနီးဆဲဆဲ နာရီဝက်ခန့်လောက်အတွင်းမှာ မေတ္တာစသည်ကို ပွားစေပြီးတော့ စျာန်ရသွားတယ်။ အဲဒီ စျာန်ကုသိုလ်ကြောင့် ဗြဟ္မာ့ပြည်သို့ ရောက်သွားရတယ်။ အဲဒါကို သိစေလိုရင်းပါပဲ။ ဒါကြောင့် သေခါနီးကာလမှာ အားကိုးစရာကို ကောင်းကောင်းရနိုင်တယ်ဆိုတာလည်း မှတ်သားကြဖို့ပါပဲ။ ဝိပဿနာရှုမှတ်နည်းကို ရထားတဲ့သူများမှာတော့ ထင်ရှားပေါ်ရာကို ရှုမှတ်ပြီး သိနေတာက အကောင်းဆုံးပါပဲ။

http://www.dhammadownload.com

နောက်ပြီးတော့ မေတ္တာဘာဝနာအကျိုးကြီးပုံကို မြတ်စွာဘုရားက နိဒါနသံယုတ် သြက္ခာသုတ် (၄၅၅) မှာ ဒီလိုဟောထားပါတယ်။ ထမင်းအိုးကြီးတစ်ရာဖြင့် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကျွေးမွေးလျှောဒါန်းတာထက် မေတ္တာတစ်ကြိမ်မျှစိတ်ကို နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် နွားနို့တစ်ကြိမ်မျှ ညှစ်စာလောက်၊ သို့မဟုတ် နံ့သာနံ့ကို တစ်ကြိမ်မျှ နမ်းရှူတာလောက် ဖြစ်ပွားစေတာက ပိုပြီး အကျိုးကြီးတယ်လို့ ဟောတော်မူပါတယ်။ အဲဒါကို ဘုန်းကြီးက တိုတိုနဲ့ မှတ်ရအောင် ဆောင်ပုဒ်စီထားတယ်။ "တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးလှူခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာမိန့်ခွန်းတည်း" တဲ့။ အဲဒါကို လိုက်ဆိုကြရမယ်။

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးလှူခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာမိန့်ခွန်းတည်း။

ထမင်းတစ်အိုးချက်ကို ဆယ်ယောက်စားလောက်တယ်ဆိုရင်ကို အိုးတစ်ရာချက်ဆိုတော့ လူတစ်ထောင်စားလောက်မှာပေါ့။ အိုးကြီးတစ်ရာလို့ ဆိုထားတော့ လူနှစ်ထောင်၊ သုံးထောင်စာလည်းဖြစ်နိုင်ပါတယ်။ အဲဒီ ထမင်းအလှူထက် နို့တစ်ညှစ် (သုံးလေးစက္ကန့်) လောက် သုံးကြိမ်မျှ မေတ္တာပွားတာက ပိုပြီး အကျိုးကြီး

http://www.dhammadownload.com

တယ်ဆိုတော့ မေတ္တာပွားတဲ့အလုပ်ကို အားထုတ်စရာ အလွန်ကောင်းတာပါပဲ။ ဘာမျှစရိတ်လည်းမကုန်-အချိန်လည်း မကုန်ဘဲ၊ မပင်ပန်းဘဲ အကျိုးကြီးမြတ်တဲ့ မေတ္တာကုသိုလ်ကို ရနိုင်တာဟာ အင်မတန် အားရစရာကောင်းတယ်။

နောက်ပြီးတော့ အဂုံတ္တရပါဠိတော် ဧကာဒကနိပါတ် မေတ္တသုတ် (၅၄၂) မှာလည်း မေတ္တာဘာဝနာ၏အကျိုးကို ဒီလိုဟောတော်မူပါတယ်။

> မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဧကဒသာနိသံသာ ပါဋိကင်္ခါ - ကတမေ ဧကာဒသ၊ သုခံ သုပတိ၊ သုခံ ပဋိဗုဇ္ဈတိ၊ နပါပကံ သုပိနံ ပဿတိ၊ မနုဿာနံ ပိယော ဟောတိ၊ အမနုဿာနံ ပိယော ဟောတိ၊ ဒေဝတာ ရက္ခန္တိ၊ နာသ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ၊ တုဝဋံ စိတ္တံ သမာဓိ ယတိ၊ မုခဝဏ္ဏော ဝိပ္ပသီဒသိ၊ အသမ္မူဠှော ကာလံ ကရောတိ၊ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ब्रह्म-လောကူပဂေါ ဟောတိ။

မေတ္တာ၏အကျိုး ၁၁-ပါး

ဘိက္ခဝေ - ရဟန်းတို့၊ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ - မှီဝဲအပ်, ဖြစ်ပွားစေအပ်, အကြိမ်များစွာပြုအပ်ပြီးသော၊ (မေတ္တာစေတောဝိမုတ္တိ၏) ယာနီကတာယ ဝတ္ထုကတာယ

http://www.dhammadownload.com

- သွားရန်အသင့်ပြင်ထားပြီးသော ယာဉ်ကဲ့သို့ တည်ရာကဲ့သို့ ပြုထားပြီးသော၊ အနုဋ္ဌိတာယ - ခိုင်မြဲစွာတည်တံ့အောင် လေ့လာထားပြီးသော၊ ပရိစိတာယ - နိုင်နင်းအောင် လေ့ကျက်ထားပြီးသော၊ သုသမာရဒ္ဓါယ - ကောင်းစွာအားထုတ်ပြီးသော၊ မေတ္တာယ စေတောဝိမုတ္တိယာ - မေတ္တာစေတော ဝိမုတ္တိ၏။ ဝါ - ဗျာပါဒ စသော နီဝရဏမှ ကင်းလွတ်သော မေတ္တာစိတ်၏။ (မေတ္တာလို့ သာမည်ဆိုလျှင် သာမန်မေတ္တာစိတ်ကို ယူအပ်ကြောင်း၊ စေတော ဝိမုတ္တိလို့ ဆိုလျှင်တော့ ဈာန်စိတ်ကို ယူအပ်ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြထား၏) ဧကာဒသ အာနိသံသာ - ၁၁-ပါးသော အကျိုးအာနိသင်တို့ကို၊ ပါဋိကင်္ခါ - မုချရမည်ဟု အလိုရှိအပ်, မှတ်ယူအပ်ကုန်၏။ ကတမေ ဧကာဒသ - အဘယ် ၁၁-ပါးတို့နည်းဟူမူ၊ (၁) သုခံ သုပတိ - ချမ်းသာစွာ အိပ်ပျော်ရ၏။ ဘာဝနာမဲ့ ပုဂ္ဂိုလ်တွေမှာ ဟိုဘက်လှည့်လိုက်, ဒီဘက်လှည့်လိုက်၊ စောင်းလိုက်, ပက်လက်လှန်လိုက်, ကွေးလိုက်, ဆန့်လိုက်နဲ့ အမျိုးမျိုး ပြုပြင်ပြောင်းလဲပြီးတော့လည်း အိပ်ကြရတယ်၊ ဟောက်ပြီးတော့လည်း အိပ်ကြရတယ်၊ မေတ္တာဘာဝနာ လက်ရှိပုဂ္ဂိုလ်ကတော့ အဲဒီလိုမဟုတ်ဘဲ ငြိမ်သက်အေးချမ်းစွာ အိပ်ရတယ်၊ အိပ်ပျော်တဲ့အခါလည်းသမာပတ်ဝင်စားနေတဲ့ အခါလိုပင် ချမ်းသာစွာ အိပ်ပျော်နေရတယ်။ အဲဒါက ပထမ အကျိုးအာနိသင်ပဲ။

နောက်ပြီးတော့ (၂) သုခံ ပဋိဗုဇ္ဈတိ - ချမ်းသာစွာ နိုးရ၏၊ အိပ်ရာမှ နိုးတဲ့အခါလည်း အခြားသူတွေမှာ ညည်းတွားပြီး

http://www.dhammadownload.com

နိုးကြရတာလည်း ရှိတယ်။ ခြေတွေ လက်တွေကို ရမ်းခါနေရတာ လည်း ရှိတတ်တယ်။ ပြုပြင်ပြောင်းလဲရင်း၊ လူးလှိမ့်ရင်း နိုးလာ တာလည်း ရှိတတ်တယ်။ မေတ္တာပွားပြီး အိပ်တဲ့သူမှာ အဲဒီလို ဆင်းရဲမျိုးတွေမရှိဘဲ ကြာပန်းမျှား ပွင့်လာသလို လန်းလန်း ဆန်းဆန်းနဲ့ ချမ်းသာစွာနိုးရတယ်။ သုပ္ပဗုဒ္ဓ ပဗုဒ္ဓန္တိ၊ သဒါ ဂေါတမ သာဝကာ၊ ယေသံ ဒိ ဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ - အစရှိတဲ့ ဓမ္မပဒဂါထာများအရ ဆိုရင်တော့ ဗုဒ္ဓါနုဿတိ စသော ဘာဝနာများကို လေ့လာပွားများ နေတဲ့သူမှာလည်း ချမ်းသာစွာ နိုးရခြင်း, ချမ်းသာစွာအိပ်ရခြင်း စသော ဒီလိုအကျိုးများကို ရရှိနိုင်တယ်လို့ ဆိုရမှာပဲ၊ ဒါပေမယ့် ဒီမေတ္တာဘာဝနာကတော့ ဒီအကျိုးများကို ရစေရာမှာ ထူးခြားတဲ့ ဘာဝနာဖြစ်သောကြောင့် ဒီလိုအထူးပြုပြီး ဟောထားတယ်လို့ မှတ် ယူကြရမယ်။

နောက်ပြီးတော့ (၃) ပါပကံသုပိနံ - ယုတ်ညံ့ဆိုးရွားသော အိပ်မက်ကို၊ န ပဿတိ - မမြင်မက်၊ အမြင့်မှ လိမ့်ကျရသလို, လူဆိုးသူဆိုးတို့၏ အနှိပ်စက်ခံရသလို, မြွေဆိုးစသည်နဲ့ တွေ့နေရ သလို စသည်ဖြင့် အိပ်မက်ဆိုးတွေကို အချို့မှာ မြင်မက်ရတတ် တယ်။ မေတ္တာပွားနေတဲ့ သူမှာတော့ အဲဒီလို ကြောက်လန့်ဖွယ် အိပ်မက်ဆိုးတွေကို မမြင်မက်ရဘူး။ ဗုဒ္ဓစေတီတော်ကို ရှိခိုးပူဇော် နေရသလို, တရားနာနေရသလို, မိတ်ဆွေကောင်းတွေနဲ့တွေ့နေရ သလို, တရားဟောနေရသလို, ကောင်းမှုတစ်ခုခုကို ပြုရသလို စသည်ဖြင့် အိပ်မက်ကောင်းကိုသာ မြင်မက်ရတယ်။

http://www.dhammadownload.com

နောက်ပြီးတော့ (၄) မနုဿာနံ ပိယော ဟောတိ - လူအများက ချစ်ခင်ပါတယ်တဲ့။ ဘာ့ကြောင့် ချစ်ခင်ကြသလဲဆိုတော့ ချစ်စရာဂုဏ်နဲ့ ပြည့်စုံနေလို့ ချစ်ကြတာပါပဲ။ မေတ္တာကို တစ်ကယ်ပွားနေတဲ့သူက စိတ်ဖြင့်ချမ်းသာပါစေ။ချမ်းသာကြပါစေလို့ မေတ္တာပွားနေတဲ့အတိုင်း၊ သူတစ်ပါးချမ်းသာစေချင်တယ်၊ မဆင်းရဲစေချင်ဘူး။ ဒါကြောင့် သူက ဘယ်သူ့ကိုမျှ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ် အောင် မပြောဘူး၊ မပြုဘူး။ တတ်နိုင်သမျှ ချမ်းသာအောင် အကူ အညီပေးလေ့ရှိတယ်။ သူတစ်ပါးနားဝင်ချိုတဲ့ စကားကိုသာ ပြော လေ့ရှိတယ်။ ဒါ့ကြောင့် နီးစပ်တဲ့ပုဂ္ဂိုလ်တွေက သူ့အပေါ်မှာ အပြစ်ကို မတွေ့မြင်ကြဘူး။ ချီးမွမ်းဖွယ်ဂုဏ်ကိုသာ တွေ့မြင်ကြတယ်။ နောက်ပြီး သူတစ်ပါးက သူ့ကို အကျိုးမဲ့ပြောဆို ပြုလုပ်ပေမယ့်လို့ သူက ပြန်ပြီးမချေပဘူး၊ သည်းခံနေတယ်။ အဲဒီတော့ ပြစ်မှားပြောမိတဲ့ သူကလည်း အရေလည်လာတဲ့အခါ အဲဒီလို သည်းခံပြီး မေတ္တာပွားနေတဲ့သူကို ကြည်ညိုပြီး ချစ်ခင်လာတာပါပဲ။ အဲဒီလို အကြောင်းအရာကိုသိရတဲ့ ပတ်ဝန်းကျင်ပုဂ္ဂိုလ်တွေကလည်း ကြည်ညိုပြီး ချစ်ခင်ကြတာပါပဲ။ ဒါ့ကြောင့် မေတ္တာကို တကယ်ပွားပြီး သည်းခံနေတဲ့သူ၊ သူတစ်ပါးအကျိုးမဲ့ကို မပြောမပြုဘဲ၊ အကျိုးကိုသာ စွမ်းနိုင်သမျှ ပြောဆိုဆောင်ရွက်ပေးတဲ့သူကို အများက ချစ်ခင်ကြ ကြည်ညိုကြတာပါပဲ။ မေတ္တာအစစ်အမှန်ကို ပွားနေခြင်းဟာ အများက ချစ်ခင်ကြည်ညိုခြင်း၏အကြောင်းအကောင်းဆုံးဂုဏ်ပါပဲ။

http://www.dhammadownload.com

နောက်ပြီးတော့ (၅) အမနုဿာနံ ဝိယော ဟောတိ- နတ်များကလည်း ချစ်ခင်ကြပါတယ်တဲ့။ မေတ္တာ၏အကျိုး (၅) နံပါတ် ရောက်လာပြီ၊ အတိုချုပ်စီထားတဲ့ ဆောင်ပုဒ်ရှိတယ်၊ အဲဒီဆောင်ပုဒ်ကိုလည်းဆိုပြီး ရှင်းပြသွားရင် ပိုပြီးနာလည်ကြပါလိမ့်မယ်။ ဒါကြောင့် အဲဒီဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

အိပ်, နိုး-ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူ, နတ်၊ စောင့်လတ်နတ်များ၊ မီး,ဆိပ်,ခေါ်တို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာ စိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေကာမတွေ၊ လားလေဖြဟွာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှုအကျိုးတည်း။

အိပ်, နိုး-ချမ်းသာ ဆိုတာ ချမ်းသာစွာ အိပ်ရတယ်၊ ချမ်းသာစွာ နိုးရတယ်ဆိုတဲ့ အကျိုး ၂-ပါးကို ဖော်ပြတာပဲ။ ကောင်းစွာ အိပ်မက်ဆိုတာကတော့ တတိယအကျိုးကို ဖော်ပြတာပဲ။ ချစ်လျက်လူ,နတ်ဆိုတာက လူတွေကလည်း ချစ်တယ်၊ နတ်တွေကလည်း ချစ်တယ်ဆိုတဲ့ စတုတ္ထအကျိုးနဲ့ ပဉ္စမအကျိုးကို ဖော်ပြတာပါပဲ။ အဲဒီမှာ နတ်များက ချစ်ခင်ကြည်ညိုပုံကို ဝိသုဒ္ဓိမဂ်မှာ ဒီလိုပြထားပါတယ်။

ဝိသာခမထေရ်ဝတ္ထု

တစ်ချိန်က ပါဋလိပုတ်မြို့မှာ ဝိသာခဆိုတဲ့ သူကြွယ်တစ်ယောက်ရှိခဲ့တယ်၊ သူက ပါဋလိပုတ်မြို့မှာ နေစဉ်အတွင်း၌ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ)မှာ စေတီပုထိုးတွေဟာ ပန်းကုံးတွေလိုပင်

http://www.dhammadownload.com

မျှားစွာရှိနေတဲ့အကြောင်း၊ ရဟန်း သံဃာတော်တို့၏ သင်္ကန်းရောင်ဖြင့် တောက်ပနေတဲ့အကြောင်း၊ အလိုရှိရာမှာ အိပ်နိုင်၊ နေထိုင်နိုင်တဲ့အကြောင်း၊ ဥတုလည်း သပ္ပာယဖြစ်ကြောင်း၊ ကျောင်းကန်လည်း သပ္ပာယဖြစ်ကြောင်း၊ ရဟန်းရှင်လူ ပုဂ္ဂိုလ်များလည်း သပ္ပာယဖြစ်ကြောင်း၊ တရားနာရန်လည်း သပ္ပာယဖြစ်ကြောင်း စသည်ကို ကြားသိရတယ်။

ဒါကြောင့် သူက သီဟိုဠ်သို့သွားပြီး ရဟန်းပြုရန် ကြံစည်ပြီးတော့ သူ့ရဲ့စီးပွားဥစ္စာတွေကို သားမယားများအား လွှဲအပ်လိုက်တယ်။ အဲဒီလို လွှဲအပ်ပြီးတော့ ခရီးစရိတ်အဖြစ် ငွေတစ်ကျပ်သာယူပြီး အိမ်က ထွက်လာခဲ့တယ်။ သင်္ဘောဆိပ်ကျတော့ ပင်လယ်ကူးသင်္ဘောကို စောင့်နေရတာက တစ်လလောက်ကြာသတဲ့။ ဟိုတုန်းက ပင်လယ်ကူးသင်္ဘောဆိုတာဟာ ရွက်လှေကြီးပါပဲ။ သူက ရောင်းဝယ်ရေးမှာ နားလည်တဲ့အတွက် သင်္ဘောစောင့်ရင်း တစ်လအတွင်းမှာ တစ်နေရာက ပစ္စည်းကို တစ်နေရာသို့ ယူဆောင်ပြီး ရောင်းတယ်။ ဓမ္မိကာယ - တရားနှင့်လျော်ညီသော၊ ဝဏိဇ္ဇာယ - ရောင်းဝယ်ခြင်းဖြင့်၊ တေနေဝအန္တရမာသေန - ထိုတစ်လအတွင်းဖြင့်ပင်လျှင်၊ သဟဿံအဘိသံဟရိ - ငွေတစ်ထောင်စုမိပါသတဲ့။ အဲဒီမှာ တရားသဖြင့် ရောင်းဝယ်ခြင်းဆိုတာ တန်ရာတန်ဖိုးပေးပြီး ဝယ်ရတယ်။ ရောင်းတဲ့အခါကျတော့လည်း ပစ္စည်းမှန် စျေးမှန်ဖြင့် တိတိကျကျ ရောင်းရတယ်။ ဟိုရှေးခေတ်တုန်းက ငွေတစ်ကျပ်အရင်းပေါ်မှာ တစ်ပြားနှစ်ပြားခန့်သာ အမြတ်ယူပြီး ရောင်းလေ

http://www.dhammadownload.com

ရှိကြပါတယ်။ အဲဒီလို ပစ္စည်းမှန် ဈေးမှန်ဖြင့် ဝယ်ရောင်းခြင်းကို ဓမ္မိကဝဏိဇ္ဇာ - တရားနှင့်အညီ ရောင်းဝယ်ခြင်းလို့ ဆိုလိုတာပါပဲ။ အဲဒီလို တရားနှင့်အညီ ရောင်းဝယ်ပြီး အသက်မွေးတာကိုလည်း သမ္မာ အာဇီဝ - မူမှန်အသက်မွေးခြင်းလို့ ပိဋကကျမ်းဂန်များမှ ပြဆိုထားပါတယ်။ ယခု ဝိသာခသူကြွယ်ကတော့ အသက်မွေးဖို့ ရည်ရွယ်ဟန်မတူဘူး။ အချိန်အားနေလို့ ဝါသနာအလျောက် လုပ်ကိုင်ဟန်တူပါတယ်။ ဘာကြောင့်လဲဆိုရင် နောက်ပိုင်းကျတော့ အဲဒီငွေတွေကို စွန့်ကြဲပစ်တဲ့အကြောင်း ပြဆိုထားသောကြောင့်ပါပဲ။

အဲဒီကနောက် အဲဒီဝိသာခသူကြွယ်က သီဟိုဠ်ကျွန်းရောက်ပြီးတော့ မဟာဝိဟာရကျောင်းတိုက်မှာ ရှင်ရဟန်းအဖြစ် တောင်းပန်ပါတယ်။ ရှင်ရဟန်းပြုဖို့ သိမ်သို့ခေါ်ဆောင်လာတဲ့အခါ သူ့ခါးပုံထဲက ငွေတစ်ထောင်အိတ်က မြေပေါ်မှာ ကျသွားတယ်။ ဒါက ဘာတုန်းလို့ မေးတော့ ငွေတစ်ထောင်ပါဘုရားလို့ သူက လျှောက်တယ်။ ဥပါသကာရေ . . . ရှင်သာမဏေပြုပြီးတဲ့ အချိန်မှစပြီးတော့ ငွေကို မစီမံနိုင်တော့ဘူး၊ ရှင်သာမဏေမပြုရသေးမီ ယခုပင် အဲဒီငွေကို စီမံခန့်ခွဲပါ-လို့ မဟာထေရ်များက အမိန့်ရှိတဲ့အခါ "ဝိသာခ ရှင်ပြုရာမှာ လာကြတဲ့ လူတွေဟာ လက်ချည်းသက်သက် မပြန်ကြရပါစေနဲ့" လို့ဆိုပြီး အဲဒီငွေတစ်ထောင်ကို သိမ်အပြင်မှာ ကြဲလိုက်ပြီး ရှင်ရဟန်းပြုပါသတဲ့။

အဲဒီ အရှင်ဝိသာခက ငါးဝါအထိ ရဟန်းကျင့်ဝတ် ဒွေမာတိကာကို သင်ကြားလေ့လာတယ်။ ငါးဝါရတဲ့အခါ မိမိနှင့်သင့်တော်တဲ့

http://www.dhammadownload.com

ကမ္မဋ္ဌာန်းကို ယူပြီးတော့ တစ်ခုတစ်ခုသောကျောင်းမှာ လေးလ လေးလစီ အညီအမျှ နေထိုင်လျက် ကျင့်သုံးနေပါသတဲ့။ အဲဒီလို ကျင့်သုံးနေရင်း တောထဲက တစ်နေရာမှာတည်လျက် သူ့ဂုဏ်ကို ဆင်ခြင်ပြီး ဒီလိုရွတ်ဆိုကျူးရင့်ပါသတဲ့။

ယာဝတာ ဥပသမ္ပန္နော၊ ယာဝတာ ဣဓ အာဂတော။

ဇဋ္ဌန္ဓ ရေ ခလိတံ နတ္ထိ၊ အဟော လာဘော တေ မာရိသ။

ယာဝတာဥပသမ္ပန္နော - ရဟန်းပြုခဲ့သည်မှအစ၊ ယာဝတာ ဣဓ အာဂတော - ဤတောအရပ်သို့ လာရောက်သည့် တိုင်အောင်၊ (အဓိပ္ပာယ်နက် ပြန်သည်) ဇဋ္ဌန္ဓရေ - ဤအတွင်း၌၊ ခလိတံ - ရဟန်းကျင့်ဝတ်၌ ချွတ်ချော်မှားယွင်းခြင်းသည်၊ နတ္ထိ - မရှိပေ၊ မာရိသ - အမောင်ဝိသာခ၊ တေ - သင်၏၊ လာဘာ - ရဟန်း အကျင့်ဆိုင်ရာ လာဘ်လာဘတို့သည်၊ အဟော - ဩော် အံ့ဖွယ် ကောင်းပါပေစွတကား - တဲ့။

အဲဒီ အရှင်ဝိသာခဟာ သီဟိုဠ်ကျွန်းတောင်ပိုင်းအစွန်းမှာ ရှိတဲ့ စိတ္တလတောင်ကျောင်းသို့ ကြွသွားတဲ့အခါ လမ်းခွဲလမ်းခွ ရောက်တော့ ဒီလမ်းသွားရမလား၊ ဟိုလမ်းသွားရမလားလို့ ဆင်ခြင်ပြီး ရပ်တည်နေတယ်။ အဲဒီအခါ တောင်စောင့်နတ်က လက်ကို ဆန့်တန်းပြီးတော့ ဒီလမ်းပါပဲ ပြောဆိုညွှန်ပြလိုက်ပါသတဲ့။ စိတ္တလ တောင် ကျောင်းသို့ ရောက်ပြီးတော့ လေးလနေပြီးတဲ့အခါ နံနက် မိုးလင်းတဲ့အချိန်၌ တခြားသို့ ထွက်ခွာသွားတော့မယ်လို့ ကြံပြီး လဲလျောင်းနေတယ်။ အဲဒီအခါ စကြီဦးတွင် (မဏိခေါ်) သပြေ

http://www.dhammadownload.com

ပင်ခ်ိန်နေသော ရုက္ခစိုးနတ်က လေ့ကားထစ်ပျဉ်ချပ်ပေါ်မှာ ထိုင်ပြီး ငိုနေပါသတဲ့။

ဝိသာခမထေရ်က ငိုနေတာ ဘယ်သူလဲလို့ မေးတယ်။ အကျွန်ုပ် သပြေပင်စောင့်နတ်ပါလို့ လျှောက်တယ်။ ဘာကြောင့် ငိုနေသလဲ။ အရှင်ဘုရားကြွတော့မည်ကြောင့် ငိုပါတယ်လို့ လျှောက်တယ်။ ငါ ဒီမှာနေတဲ့အတွက် သင်တို့မှာ ဘယ်လိုဂုဏ်အကျိုးကို ရသလဲ။ အရှင်ဘုရား ဒီမှာနေထိုင်တော်မူတဲ့အတွက် အကျွန်ုပ်တို့ နတ်တွေဟာ အချင်းချင်းမေတ္တာကို ရကြပါတယ်။ ယခု အရှင်ဘုရားကြွသွားရင် ဒီနတ်တွေဟာ ရန်ဖြစ်ကုန်ကြတော့မှာပဲ၊ ကြမ်းကြုတ်တဲ့စကားကိုလည်း ပြောကုန်ကြတော့မှာပဲလို့ လျှောက်တယ်။ ငါ ဒီမှာနေတဲ့အတွက် သင်တို့မှာ ချမ်းသာစွာနေရခြင်းဖြစ်ရင်တော့ ကောင်းပါတယ်လို့ မိန့်ဆိုပြီး ဝိသာခမထေရ်က နောက်ထပ်လေးလ လည်း အဲဒီမှာပင် ဆက်ပြီးနေတယ်။ လေးလပြည့်တဲ့အခါ သွားဖို့ ကြံပြန်တယ်။ နတ်ကလည်း တစ်ဖန်ငိုပြန်တယ်။ ဒီနည်းဖြင့် ဝိသာခ မထေရ်က အဲဒီစိတ္တလတောင်ကျောင်းတိုက်မှာ ဆက်ကာ ဆက်ကာနေပြီး အဲဒီမှာပဲ ပရိနိဗ္ဗာန်စံတော်မူပါသတဲ့။ အဲဒါဟာ မေတ္တာပွားနေတဲ့ ပုဂ္ဂိုလ်ကို နတ်များက ချစ်ခင်ကြည်ညိုကြကြောင်း ဝိသုဒ္ဓိမဂ် မှ ပြထားတဲ့ သာဓကဝတ္ထုပါပဲ။

နောက်ပြီးတော့ (၆) ဒေဝတာ ရက္ခန္တိ - နတ်များက စောင့်ရှောက်ကြပါတယ်တဲ့။ ဘယ်လိုစောင့်ရှောက်ကြသလဲဆိုတော့ တစ်ဦးသော သားကို မိဘများက စောင့်ရှောက်ကြသလိုပင် စောင့်

http://www.dhammadownload.com

ရှောက်ကြပါတယ်-တဲ့။ အဲဒီလို နတ်များက စောင့်ရှောက်နေရင် ဘေးရန်အန္တရာယ်ကင်းဖို့၊ ကောင်းကျိုးချမ်းသာကိုရဖို့ ရှိတာပါပဲ။

နောက်ပြီးတော့ (၇) အသ - မေတ္တာပွားနေသော ထိုပုဂ္ဂိုလ်၏ ကိုယ်၌၊ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ - မီးဖြစ်စေ၊ အဆိပ်ဖြစ်စေ၊ ဓားစသော လက်နက်ဖြစ်စေ၊ နကမ္မတိ - မကျရောက် မထိပါးနိုင်ပေ။ မေတ္တာပွားနေတဲ့သူကို မီးလည်းမလောင်ဘူး။ အဆိပ်ဘေးလည်း မသင့်ဘူး၊ ဓား, လှံ, မြားစသော လက်နက်လည်း မထိပါးနိုင်ဘူးတဲ့။ ယခုခေတ်မှာ ပေါ်လာတဲ့ သေနတ်တို့၊ ဗုံးတို့ ဆိုတာတွေလည်း မထိမှန်နိုင်ဘူးလို့ ယူရမှာပဲ။ ဒါကြောင့် အဲဒီလို ဘေးဒဏ်တွေနဲ့ နီးစပ်တဲ့အခါမှာ ဒီမေတ္တာကို လေးလေးနက်နက် အထူးသဖြင့် ပွားများနေသင့်ပါတယ်။ ဒီနေရာမှာလည်း ဝိသုဒ္ဓိမဂ်မှာ သာဓကဝတ္ထုများကို ပြထားပါတယ်။ ဥတ္တရာဆိုတဲ့ ဥပါသိကာမမှာ ဆီပူ မလောင်သလို၊ သံယုတ္တနိကာယ်ဆောင် စူဠသိဝထေရ်မှာ အဆိပ်မသင့်သလို၊ သံကိစ္စ သာမဏေမှာ ဓားလက်နက် မထိသလိုပဲလို့ ပြထားပါတယ်။ နောက်ပြီးတော့ နွားမကို လှံမစူးတဲ့ ဝတ္ထုကိုလည်း ဒီလို ပြထားပါသေးတယ်။ တစ်ခါက နွားမတစ်ကောင်ဟာ သားငယ်ဖြစ်တဲ့နွားကလေးကို နို့တိုက်နေတယ်။ မုဆိုး တစ်ယောက်က အဲဒီနွားမကို လှံနဲ့ အတင်းထိုးလိုက်တယ်။ လှံသွားက နွားမ၏ ကိုယ်ကိုထိတဲ့အခါ ထန်းရွက်လိုပင် လိပ်ခွေသွားပါသတဲ့။ အဲဒါက ဥပစာ အပွနာ စျာန်ကြောင့် မဟုတ်ပါဘူး၊ သားငယ်ကို ချစ်တဲ့စိတ်သက်သက်ကြောင့်ပါပဲ။ မေတ္တာဟာ

http://www.dhammadownload.com

ဒီလောက်အထိ တန်ခိုးအာနုဘော် ရှိပါတယ်တဲ့။

အဲဒီ ဝတ္ထုတွေထဲက ဥတ္တရာဥပါသိကာ ဝတ္ထုကတော့ ဓမ္မပဒမှာ ထင်ရှားနေပါတယ်။ အကျဉ်းလောက် ထုတ်ပြရမှာပါပဲ။

ဥတ္တရာဝတ္ထု

ဥတ္တရာရဲ့ဖခင်က မောင်ပုဏ္ဏာတဲ့။ သူဟာ ရာဇဂြိုဟ်မြို့က သုမနသူဌေးကို မှီပြီး လုပ်ကိုင်စားသောက်နေရတဲ့ ဆင်းရဲသားတစ်ယောက်ပါပဲ။ တစ်နေ့သောအခါမှာ နိရောဓသမာပတ်မှ ထလာတဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်အား တံပူနဲ့မျက်နှာသစ်ရေကို လှူတယ်။ သူ့ဇနီးကလည်း အဲဒီနေ့မှာ သူယာထွန်နေရာကို ထမင်းလာပို့ရင်း အရှင်သာရိပုတ္တရာကို တွေ့ရတာနဲ့ သဒ္ဓါတရားထက်သန်စွာဖြစ်ပြီးတော့ သူ့ခင်ပွန်းအတွက် ထမင်းကို လှူလိုက်တယ်။ အဲဒီကောင်းမှုမှားကြောင့် မောင်ပုဏ္ဏာ ထွန်ထားတဲ့မြေကွက်တစ်ခုလုံး ရွှေတွေဖြစ်နေတယ်လို့ ဆိုပါတယ်။ ယခုနေအခါမှာတော့ ယုံချင်မှယုံကြမယ်။ ဒါပေမယ့် ဟိုတုန်းက ပုဂ္ဂိုလ်ထူးတွေကို အမှီပြုပြီး ကုသိုလ်အထူးက အကျိုးထူးတွေ ပေးတာဟာ ယခုခေတ်မှာ ရှေးကမဖြစ်စဖူး အထူးဖြစ်ပေါ်လာတဲ့ စက်ပစ္စည်း ဓာတ်ပစ္စည်းများနှင့် နှိုင်းစာကြည့်ရင် ယုံကြည်နိုင်စရာရှိပါတယ်။ ယခုခေတ်မှာ ရှေးကလူတွေ မယုံကြည်နိုင်အောင် အထူးတွေ ပေါ်လာသလိုပဲ ရှေးခေတ်ကလည်း ယခုခေတ်လူတွေ မယုံကြည်နိုင်လောက်အောင် အထူးအဆန်းတွေ ပေါ်ခဲ့တယ်လို့ အသင့်အတင့် နှလုံးသွင်းရင်

http://www.dhammadownload.com

ယုံကြည်ဖွယ်ရှိပါတယ်။

အဲဒီလို မြေကြီးခဲတွေဟာ ထူးထူးဆန်းဆန်း ရွှေတုံးရွှေခဲတွေ ဖြစ်လာတဲ့အတွက် ဆင်းရဲသားမောင်ပုဏ္ဏအဖြစ်မှ သူဌေးကြီး ဦးပုဏ္ဏဖြစ်လာခဲ့တယ်။ နောက်တစ်ချိန်မှာ မူလက အရှင်သခင် ဖြစ်ခဲ့တဲ့ သုမနသူဌေးက ပုဏ္ဏသူဌေးကြီး၏သမီး ဥတ္တရာကို သူ့သားနှင့် လက်ထပ်ရန် တောင်းခဲ့တယ်။ ပုဏ္ဏသူဌေးကြီးနှင့် သူ့ဇနီး၊ သူ့သမီးဥတ္တရာတို့က သူဌေးဖြစ်ခါစ အိမ်တက်မင်္ဂလာပွဲ တုန်းကပင် မြတ်စွာဘုရား၏ တရားတော်ကို နာပြီး သောတာပန် ဖြစ်ခဲ့ကြတယ်။ သုမနသူဌေး အိမ်ထောင်စုကတော့ ဗုဒ္ဓဘာသာဝင် မဟုတ်ဘဲ ဘာသာခြား ဖြစ်နေတယ်။ ဒါကြောင့် ပုဏ္ဏသူဌေးကြီးက အဲဒီတောင်းဆိုချက်ကို သဘောမတူနိုင်ဘဲ ရှိနေခဲ့တယ်။ သင့်သား က မိစ္ဆာဒိဋ္ဌိ၊ ငါ့သမီးက ရတနာသုံးပါးနဲ့ကင်းပြီး မနေနိုင်ဘူး။ ဒါကြောင့် သဘောမတူကြောင်းလည်း ဖွင့်ဟပြောတယ်။ ဒါပေမယ့် မိတ်မပျက်သင့်ကြောင်း အများက ဝိုင်းပြောကြတာနဲ့ နောက်ဆုံး ကျတော့ သမီးဥတ္တရာကို သုမနသူဌေးသားနှင့် လက်ထပ်ပေးလိုက် ရတယ်။

အဲဒီဥတ္တရာဟာ ဝါဆိုလပြည့်နေ့မှာ ခင်ပွန်းအိမ်သို့ လိုက် သွားရတယ်။ အဲဒီနေ့ကစပြီး ရဟန်းသံဃာ ရဟန်းမတို့ထံ ဆည်း ကပ်ခွင့် မရခဲ့ဘူး။ လျှုရန်၊ တရားနာရန်လည်း အခွင့်မရခဲ့ဘူးတဲ့။ အဲဒီလိုနဲ့ နေလာခဲ့ရတာ နှစ်လခွဲကြာတဲ့အခါကျတော့ ဥတ္တရာက သူ့ဖခင်ထံ အကြောင်းကြားလိုက်တယ်။ "သမီးကို ဘာကြောင့်

http://www.dhammadownload.com

ဒီလိုထောင်ထဲ ချထားရသလဲ၊ တံဆိပ်ခတ်ပြီး သူများကျွန်အဖြစ် ကြေညာတာက ကောင်းပါသေးတယ်။ ဒီလို မိစ္ဆာဒိဋ္ဌအမျိုးအား ပေးအပ်ရန်တော့ မသင့်ပါဘူး။ လာခဲ့တဲ့ နေ့ကစပြီး ရဟန်းသံဃာကို ဖူးမြင်ရခြင်းစသော ကုသိုလ်ထဲက တစ်ခုမျှပြုခွင့်မရပါဘူး" လို့ အကြောင်းကြားလိုက်တယ်။

အဲဒီတော့ သူ့ဖခင် သူဌေးကြီးက "ငါ့သမီးတော့ ဆင်းရဲနေရှာပြီ" လို့ ဝမ်းနည်းစကား ပြောကြားပြီးတော့ ငွေတစ်သောင်းငါးထောင် ပေးပို့လိုက်စေတယ်။ အဲဒီတုန်းက အဲဒီမြို့မှာ သီရိမာဆိုတဲ့ နာမည်ကျော် အမျိုးသမီးတစ်ယောက်ရှိတယ်။ သူက တစ်ရက်အတွက် ငွေတစ်ထောင် အခယူပြီး အမျိုးသားကို ဖျော်ဖြေတယ်။ အဲဒီ သီရိမာကို တစ်သောင်းငါးထောင်နဲ့ငှားပြီး ဥတ္တရာ၏ ခင်ပွန်းကို ပြုစုစေဖို့၊ အဲဒီ ၁၅-ရက်အတွင်းမှာ ဥတ္တရာက လွတ်လွတ်လပ်လပ် ကုသိုလ်ကောင်းမှုများကို ပြုနိုင်ဖို့ ရည်ရွယ်ပြီး ပေးလိုက်တဲ့ငွေတွေ ဖြစ်ပါသတဲ့။

အဲဒီတော့ ဥတ္တရာက သီရိမာကိုခေါ်ပြီး ၁၅-ရက်အတွင်း သူ့ခင်ပွန်းအား ပြုစုဖို့ပြောပြီး ငွေတွေကိုလည်း ပေးလိုက်ပါသတဲ့။ သီရိမာက သဘောတူတဲ့အတွက် ဥတ္တရာက သူ့ခင်ပွန်းထံ ခေါ်သွားပြီး ၁၅-ရက်အတွင်းမှာ သီရိမာက သူ့ကိုယ်စား လုပ်ကျွေးပြုစုရမည့်အကြောင်း၊ သူကတော့ ကုသိုလ်ကောင်းမှုများကိုသာ လွတ်လွတ်လပ်လပ် ပြုနေလိုကြောင်း ပြောကြားတယ်။ သူ့ခင်ပွန်းကလည်း အလွန်လှပတဲ့ သီရိမာကို မြင်ရတော့ သဘောတူပြီး

http://www.dhammadownload.com

ခွင့်ပြုလိုက်ပါသတဲ့။

အဲဒီနေ့ကစပြီး ဥတ္တရာဟာ ဘုရားအမှူးရှိသော သံဃာတော်ကို နေ့စဉ်ပင့်ပြီး ဆွမ်းကပ်လှူတယ်။ တရားနာလည်းနာတယ်။ သံဃာတော်များအတွက် ချက်ပြုတ်ရေးမှာလည်း ဒီလိုချက်၊ ဒီလိုလုပ် စသည်ဖြင့် စီမံခန့်ခွဲနေတယ်။ သီတင်းကျွတ်လဆန်း ၁၄-ရက်နေ့မှာ သူ့ခင်ပွန်းသူဌေးသားက ပြတင်းပေါက်ကနေပြီး မီးဖိုချောင်ဆီ လှမ်းကြည့်လိုက်တဲ့အခါ ချက်ပြုတ်ရေးအတွက် စီမံနေတဲ့ ဥတ္တရာကို မြင်ရတယ်။ ချွေးတွေကလည်း ထွက်ပြီး ပြာတွေ မီးသွေးတွေနဲ့လည်း ပေပြီးနေတာကို မြင်ရတော့ "သြော်. . . မသိမလိမ္မာရှာတဲ့အကောင်မဟာ ဒီလိုအိမ်ကြီးပေါ်မှာ စည်းစိမ်ကျက်သရေကို မခံစားနိုင်ရှာဘူး။ ကတုံးရဟန်းတွေကို လုပ်ကျွေးပြုစုရမယ်လို့ အားရကျေနပ်တဲ့စိတ်ဖြင့် လုပ်ကိုင်နေပါပေရဲ့" လို့ ရယ်မောပြီး ပြတင်းပေါက်မှ ခွာသွားတယ်။

အဲဒါကို မြင်တွေ့ရတော့ သီရိမာက ဘယ်သူ့ကိုမြင်လို့ ပြုံးရယ်ပါလိမ့်လို့ ဆင်ခြင်ပြီး အဲဒီပြတင်းပေါက်က ကြည့်လိုက်တဲ့အခါ ဥတ္တရာကို မြင်ရတယ်။ အဲဒီတော့ သူက "သူဌေးသားဟာ ဒီအကောင်မနဲ့ ဆက်ဆံမှုရှိဟန်တူတယ်" လို့ တွေးထင်မိတယ်။ သူက ၁၅-ရက်လောက်နေရတာနဲ့ သူ့ကိုသူ အိမ်ပိုင်ရှင်စိတ်ပေါက်နေတယ်။ အဌားလာနေရတယ်ဆိုတာ သတိမရဘူး။ ဒါကြောင့် ဥတ္တရာအပေါ်မှာ မနာလိုစိတ်လည်း ဖြစ်တယ်။ ရန်ငြိုးလည်း ထားတယ်။ ဒါကြောင့် ဥတ္တရာကို ဆင်းရဲအောင်လုပ်ဖို့ ကြံရွယ်ပြီး

http://www.dhammadownload.com

အိမ်ပေါ်က ဆင်းလာတယ်။ မီးဖိုထဲမှာ မုန့်ကြော်နေရာက ထောပတ်ဆီပူတွေကို ယောက်ချ်ခွက်နဲ့ခပ်ယူလာပြီး ဥတ္တရာထံ ချဉ်းကပ်လာတယ်။ ဥတ္တရာက သီရိမာကို မြင်ရတော့ ဒီလို မေတ္တာပွားပါသတဲ့။ "ငါ့ သူငယ်ချင်း သီရိမာဟာ ငါ့အား ကျေးဇူးများအောင် ပြုပါပေတယ်။ စကြဝဠာတိုက်ဆိုတာက ကျဉ်းပါသေးတယ်။ သီရိမာရဲ့ကျေးဇူးတွေက ပိုပြီး ကျယ်ပြန့်ပါပေတယ်။ သူက ငါ့ခင်ပွန်းကို ကျေနပ်အောင် ပြုစုနေပေလို့ ငါ့မှာ ဒါနကုသိုလ်လည်းပြုရန်၊ တရားကိုလည်းနာရန် အခွင့်ရပါပေတယ်။ အကယ်၍ ငါက သူ့အပေါ်မှာ အမျက်ထွက်ရင် သူယူလာတဲ့ ထောပတ်ဆီပူဟာ ငါ့ကိုလောင်ပါစေ၊ ငါက အမျက်ထွက်ခြင်းမရှိရင်တော့ မပူလောင်ပါစေလင့်" လို့ မေတ္တာဖြင့် ဖြန့်ပြီး သစ္စာပြုလိုက်ပါသတဲ့။ သီရိမာက ဥတ္တရာအပေါ် လောင်းချလိုက်တဲ့ ထောပတ်ဆီပူဟာ အေးမြတဲ့ရေလို ဖြစ်သွားပါသတဲ့။

အဲဒီတော့ သီရိမာဟာ "ဒါက အေးဟန်တူတယ်" လို့ ကြံတွေးပြီး နောက်တစ်ခါ ယောက်ချ်နဲ့ခပ်ယူလာပြန်တယ်။ အဲဒီတော့ ဥတ္တရာရဲ့အခြွေအရံတွေက "သွားဟဲ့ . . မလိမ္မာတဲ့ အကောင်မ၊ နင်ဟာ ငါတို့သခင်မကို ထောပတ်ပူဖြင့် မလောင်းနဲ့" လို့ ကြိမ်းမောင်းခြိမ်းခြောက်ပြီး လက်များ ခြေများဖြင့် ပုတ်ခတ်နှိပ်စက်ကြတယ်။ အဲဒီလို ပုတ်ခတ်ပြီး မြေကြီးပေါ်မှာ လဲကျသွားစေကြတယ်။ ဥတ္တရာက အဲဒီလို မနှိပ်စက်ရန် တားမြစ်သောလည်း တားမြစ်လို့ မရဘဲ ဖြစ်သွားပါသတဲ့။ အဲဒီအခါ ဥတ္တရာက သူ့အခြွေအရံများကို

http://www.dhammadownload.com

တားမြစ်ပြီးတော့ "သီရိမာရေ၊ ဘာကြောင့် ဒီလောက် ကြီးလေးတဲ့ အမှုကို လုပ်သလဲကွယ်" စသည်ဖြင့် အဆုံးအမသြဝါဒပေးပြီးတော့ ရေနွေးဖြင့်လည်း ရေချိုးပေးစေတယ်။ အကြိမ်တစ်ရာချထားတဲ့ ဆီညက်ဖြင့်လည်း လိမ်းပေးစေတယ်။

အဲဒီတော့မှ သီရိမာက သူဟာ အပြင်က အခစားပြုစု လုပ်ကျွေးနေရတဲ့သူဖြစ်ကြောင်း အမှတ်ရပြီးတော့ ကန်တော့ တောင်းပန်တယ်။ ဥတ္တရာက ငါ့ဖခင်ဖြစ်တဲ့ မြတ်စွာဘုရားထံ တောင်းပန်ပါလို့ ညွှန်ကြားတယ်။ အတိုချုံးပြောရမှာပဲ။ ဥတ္တရာက စီစဉ်ပေးတဲ့အတိုင်း သီရိမာက ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်လှူပြီး မြတ်စွာဘုရားထံ တောင်းပန်တယ်။ အဲဒီ အခါ မြတ်စွာဘုရားက "အမျက်ထွက်သူကို အမျက်မထွက်ဘဲ သည်းခံခြင်းဖြင့် အောင်နိုင်တယ်" စသည်ဖြင့် ဂါထာတစ်ပုဒ်တရား ကို ဟောကြားတော်မူပါတယ်။ အဲဒီတရားကို ကြားနာပြီးတော့ သီရိမာဟာ အမျိုးသမီးငါးရာနှင့်တကွ သောတာပန်ဖြစ်သွားပါ သတဲ့။ ဒီဝတ္ထုထဲမှာ ပြောလိုရင်းကတော့ ထောပတ်ဆီပူဖြင့် လောင်းသော်လည်း ဥတ္တရာ ဥပါသိကာမမှာ မေတ္တာဘာဝနာ၏ အစွမ်းကြောင့် ပူလောင်ခြင်းမရှိဘဲ ချမ်းသာစွာ ရှိနေကြောင်းပါပဲ။ ဂဲ . . ဆောင်ပုဒ်ကို ထပ်ပြီးဆိုကြရဦးမယ်။

အိပ်, နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူ, နတ်၊ စောင့်လတ် နတ်များ၊ မီး, ဆိပ်, ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ (အဲဒီအကျိုးကို ပြောနေတာပဲ၊ စကားကြောက တော်တော်ရှည်

http://www.dhammadownload.com

သွားပြီ။) အဆိပ်ဘေးမသင့်တဲ့ စူဠသိဝမထေရ်အကြောင်းကတော့ ယခုလက်ရှိ အဋ္ဌကထာ၊ ဋီကာများမှာ အကျယ်ပြချက်ကို မတွေ့ရဘူး။ သံကိစ္စသာမဏေအကြောင်းကတော့ တုဝဋ္ဋကသုတ်တရားတော်စာအုပ် နှာ - ၉၁ မှာ ပြထားပြီး ရှိနေပါပြီ။ အဲဒီမှာတော့ စျာန်ဝင်စားနေတယ်လို့သာ ပါတယ်။ ဘာစျာန်ရယ်လို့ မထင်ရှားဘူး။ ဒီနေရာမှာ ဝိသုဒ္ဓိမဂ်ပြဆိုချက်အရအားဖြင့်တော့ မေတ္တာစျာန်ဝင်စားနေတယ်လို့ မှတ်ယူဖို့ပါပဲ။ အဲဒါဟာ မီး, အဆိပ်, ဓားစသော လက်နက်ဘေးဒဏ် မသင့်ပုံ ပြဆိုချက်များပါပဲ။ ကဲ . . . ဆက်ဆိုကြရမယ်။ မီး, ဆိပ်, ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ (အဲဒီအကျိုး ၂-ပါးကိုတော့ ပါဠိတော်မှာ ဒီလို ပြထားတယ်။)

(၈) တုဝဋ္ဋံ စိတ္တံ သမာဓိယတိ - စိတ်လည်းလျင်မြန်စွာ တည်ကြည်တတ်ပါတယ်တဲ့။ ချမ်းသာလိုကြတဲ့သူတွေကို ချမ်းသာပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပွားရတာဟာ အလိုက်သင့်လဲ ဖြစ်, နှလုံးသွင်းရတာလည်း လွယ်တယ်။ ဒါကြောင့် စိတ်ဟာ မကြာခင်ပဲ တည်ကြည်ငြိမ်သက်သွားတတ်ပါတယ်တဲ့။ အဲဒါကို ဆောင်ပုဒ်မှာ လျင်စွာစိတ်တည်-လို့ဆိုထားတယ်။

နောက်အကျိုးကတော့ (၉) မုခဝဏ္ဏော ဝိပ္ပသီဒတိ - မျက်နှာအဆင်းလည်း ကြည်လင်တတ်ပါတယ်တဲ့။ ဒါလည်း ခုတွင်က ပြောခဲ့တဲ့အတိုင်း အလိုက်သင့်ပွားရတာလည်း ဖြစ်တယ်။ လွယ်လည်းလွယ်တယ်။ ဒါကြောင့် မျက်နှာအဆင်း ကြည်လင်

http://www.dhammadownload.com

တာပါပဲ။ အဲဒါကို ဆောင်ပုဒ်မှာ ရွှင်ကြည်မျက်နှာ-လို့ဆိုထားတယ်။

နောက်တစ်ခုကတော့ (၁၀) အသမ္ဘူဏ္ဍော ကာလံကရောတိ - တွေ့ဝေခြင်းမရှိဘဲ သေရပါတယ်တဲ့။ အဲဒါက အရေးကြီးတယ်။ သေခါနီးမှာ အကြီးအကျယ်နာကျင်ကိုက်ခဲမှု၊ မောပန်းမှု စသည်ကြောင့် အမှတ်သတိ ကောင်းကောင်းမရဘဲလည်း သေသွားရတတ်တယ်။ သို့မဟုတ် လောဘ,ဒေါသစိတ်တွေ ဖြစ်နေလျက်လည်း သေသွားရတတ်တယ်။ မောဟဖြင့် အလွဲအမှားတွေကို ကြံစည်တွေးတောရင်းလည်း သေသွားတတ်တယ်။ အဲဒါတွေဟာ တွေ့ဝေပြီး သေတာတွေပဲ။ အဲဒီလို သေသွားရင် အပါယ်လေးပါးကျရောက်ဖို့ အလွန်နီးစပ်ပါတယ်။ ဒါပေမယ့် တချို့ကတော့ မေ့မြောနေပေမယ့်လို့ စိတ်ကတော့ ကုသိုလ်ဆိုင်ရာ အာရုံတွေ၊ သုဂတိဆိုင်ရာ နိမိတ်တွေဆီရောက်ပြီး သက်သက်သာသာ ဖြစ်နေတာလည်း ရှိတတ်ပါသေးရဲ့။ အဲဒီလိုဆိုရင်တော့ သုဂတိမှာ ဖြစ်နိုင်ပါသေးတယ်။ အဲဒါကို ဆောင်ပုဒ်မှာ သေကာ မတွေ့-လို့ဆိုထားတယ်။

နောက်ဆုံးအကျိုးကတော့ (၁၁) ဥတ္တာရိ အပ္ပဋိဝိဇ္ဈန္တော - မေတ္တာစျာန်ထက် အလွန် အရဟတ္တဖိုလ်ကို မသိရ မရောက်ရလတ်သော်၊ ပြဟ္မလောကူပဂေါ - ပြဟ္မာလောကသို့ ကပ်ရောက်ရသည်၊ ဟောတိ - ဖြစ်၏-တဲ့။ မေတ္တာစျာန်လောက်သာ ရတယ်။ အရဟတ္တဖိုလ်ထိအောင်တော့ မရောက်ရသေးဘူးဆိုရင် ပြဟ္မာ့ဘုံ၌ ဖြစ်ရပါတယ်-တဲ့။ ပုထုဇဉ်လည်း မေတ္တာစျာန်ရရင် ပြဟ္မာ့ဘုံ၌ ဖြစ်နိုင်တာပါပဲ။ သောတာပန်၊ သကဒါဂါမ်များလည်း ပြဟ္မာ့

http://www.dhammadownload.com

ဘုံမှာဖြစ် နိုင်တာပါပဲ။ အနာဂါမ်ကတော့ သုဒ္ဓါဝါသ ပြဟ္မာ့ဘုံမှာ ဖြစ်ရတတ်တယ်။ ဈာန်မရဘဲ ဥပစာသမာဓိလောက်သာ ရရင် တော့ လူလောက၊ နတ်လောက သုဂတိဘဝများမှာ ဖြစ်နိုင်ပါတယ်။ ရှေ့ပိုင်းနားက ပြောခဲ့တဲ့ ဓနဥ္စာဆိုတဲ့ ပုဏ္ဏားကတော့ သေခါနီး နာရီဝက်လောက်အတွင်း မေတ္တာစသည်ကို ပွားစေပြီး ဈာန်ကို ရတဲ့အတွက် ပြဟ္မာ့ဘုံသို့ ရောက်သွားရတယ်။ အဲဒါ အထူးသတိပြု စရာလဲ ကောင်းတယ်။ အားကျပြီး အတုလိုက်ကျင့်စရာလည်း ကောင်းတယ်။ ဒီအကျိုးကို ဆောင်ပုဒ်မှာ လားလေ ပြဟ္မာ-လို့ ဆိုပြီးတော့ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း-လို့ နိဂုံးချုပ်လိုက်ပါတယ်။ အဲဒီဆောင်ပုဒ်ကို အစမှစပြီး ဆိုကြရဦးမယ်။ ကဲ . . လိုက်ဆိုကြ။

အိပ်, နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူ, နတ်၊ စောင့်လတ်နတ်များ၊ မီး, ဆိပ်, ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာ စိတ်တည်၊ ရှင်ကြည်မျက်နှာ၊ သေကာမတွေ၊ လားလေ ပြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

ဒီကနေ့ ပြဟ္မဝိဟာရအကြောင်း ဟောပြီးတော့ ပါရမီဖြစ် ကုသိုလ်ဖြစ် မေတ္တာပွားမှုနဲ့ ၅၂၈ -သွယ်မေတ္တာပွားပုံများလည်း ဟောခဲ့ပြီ။ မေတ္တာပွားပုံ၏ အကျိုးအာနိသင်များလည်း ဟောခဲ့ပြီ။ တော်တော်စုံသွားပါပြီ။ ဒါပေမယ့် ဝိပဿနာအကြောင်းလည်း နည်းနည်းတော့ပြောရဦးမယ်။

http://www.dhammadownload.com

မေတ္တာနဲ့ဝိပဿနာ တွဲ၍ပွားပုံ

မေတ္တာဘာဝနာကိုပွားပြီး ဈာန်ရတဲ့ပုဂ္ဂိုလ်မှာ အဲဒီမေတ္တာ ဈာန်ကို အခြေခံပြုပြီး ဝိပဿနာရှုရင် အရဟတ္တဖိုလ်သို့လည်း ရောက်သွားနိုင်တယ်။ အရဟတ္တဖိုလ်မရောက်တောင် အနာဂါမိမဂ်ဖိုလ်ရောက်ပြီး အနာဂါမ်ဖြစ်သွားနိုင်တယ်။ ဘယ်လို ရှုရသလဲဆိုတော့ မေတ္တာဈာန်ကို ဝင်စားပြီးတော့ ဈာန်စိတ် ရပ်စဲသွားတဲ့အခါ အဲဒီ ဈာန်ကို ရှုရတာပါပဲ။ ဈာန်ကို ဝင်စားလိုက်၊ အဲဒီဈာန်ကို ရှုလိုက်နဲ့ သမထနဲ့ဝိပဿနာ အစုံအစုံတွဲပြီး ရှုပွားတာ ဖြစ်သောကြောင့် ယုဂနद္ဓရှုနည်းခေါ်တယ်။ ဝိပဿနာ ရှုပုံက တော့ ယခု ဒီယောဂီတွေ ရှုမှတ်တာ မျိုးပါပဲ။ ယခု ဒီက ယောဂီတွေ ဟာ မြင်ပြီးရင် မြင်တာကို ရှုမှတ်ရတယ်။ ကြားပြီးရင် ကြားတာကို ရှုမှတ်ရတယ်။ ထိသိပြီးရင် ထိသိတာကို ရှုမှတ်ရတယ်။ ကြံသိပြီးရင် ကြံသိတာကို ရှုမှတ်ရတယ်။ အဲဒီလိုပါပဲ၊ ဈာန်စိတ်ဖြစ်ပြီးရင်လည်း အဲဒီဈာန်စိတ်ကို ရှုမှတ်ရှုမှတ် သွားရတာပါပဲ။ ထူးတာကတော့ အဲဒီဈာန်ရပုဂ္ဂိုလ်က ဈာန်စိတ်ကိုရှုတယ်။ ယခုယောဂီကတော့ ဈာန်စိတ်မရှိလို့ မိမိတို့မှာ ရှိနေတဲ့ မြင်သိစိတ် စသည်ကို ရှုမှတ်ရ တယ်။ ဒါလောက်ပဲ ထူးပါတယ်။

http://www.dhammadownload.com

ယခုလည်း အဲဒီယုဂနဒ္ဓရှုပုံအရ ချမ်းသာပါစေလို့ မေတ္တာကို ပွားလိုက်၊ အဲဒီမေတ္တာစိတ်ကို ရှုလိုက်နဲ့ အစုံအစုံတွဲပြီး ရှုကြရမယ်။ အဲဒီလို ရှုရင် မည်သူတွေလို့ ရွတ်ဆိုစဉ်က ရွတ်ဆိုလိုတဲ့ စိတ်နဲ့ ရွတ်ဆိုတဲ့ ကိုယ်ရုပ်၊ အသံရုပ်တွေ ချမ်းသာပါစေလို့ ရွတ်ဆိုလိုတဲ့ နှလုံးသွင်းတဲ့စိတ်နဲ့ ရွတ်ဆိုတဲ့ ကိုယ်ရုပ်၊ အသံရုပ်တွေ ချက်ချင်းပင် ပျောက်ပျောက်သွားကြတာကိုတော့ သိနိုင်တယ်။ အဲဒီလို သိသိ သွားတာဟာ (ခယဗ္ဗေန အနိစ္စံ - ကုန်ဆုံး ကုန်ဆုံးသွားသော ကြောင့် မမြဲဘူး) လို့ ပြဆိုထားတဲ့အတိုင်း မမြဲတာကို သိသိသွားတဲ့ ဝိပဿနာဉာဏ် အစစ်တွေပါပဲ။ ကဲ .. လိုက်ပြီး ဆိုလဲဆိုကြ၊ စိတ်ဖြင့်လည်း နှလုံးသွင်းကြ ရှုကြရမယ်၊ ဘုန်းကြီးကလည်း ဖြည်းဖြည်းချင်း ဆိုသွားမယ်။

- ❖ ဤရိပ်သာအတွင်းမှ ရဟန်းရှင်လူတွေ၊ ယောဂီတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြ ပါစေ။
- ❖ ဤရိပ်သာအတွင်းမှ အားလုံးသတ္တဝါတွေ, ချမ်းသာကြ ပါစေ၊ ချမ်းသာကြပါစေ။
- ❖ ဤမြို့နယ်အတွင်းမှ ရဟန်းရှင်လူတွေ ချမ်းသာကြ ပါစေ၊ ချမ်းသာကြပါစေ။
- ❖ ဤမြို့နယ်အတွင်းမှ အားလုံးသတ္တဝါတွေ ချမ်းသာကြ ပါစေ၊ ချမ်းသာကြပါစေ။
- ❖ မြန်မာပြည်သူ ပြည်သားတွေ ချမ်းသာကြပါစေ၊ ချမ်း

http://www.dhammadownload.com

သာကြပါစေ။

❖ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ချမ်းသာကြပါစေလို့ နှလုံးသွင်းရွတ်ဆိုတိုင်း နှလုံးသွင်းတဲ့စိတ်နဲ့ ရွတ်ဆိုတဲ့စိတ်ရော, ရွတ်ဆိုတဲ့ ကိုယ်အမူအရာရုပ်နဲ့ အသံရုပ်ရော ချက်ချင်းပင် ချုပ်ပျောက်ချုပ်ပျောက်သွားတယ်။

အဲဒါကို တစ်ကြိမ် ထပ်ပြီးတော့ ရွတ်ဆိုပွားများရင်း ရှုမှတ်ကြဦးစို့။

❖ ဤရိပ်သာအတွင်း၌ ရဟန်းရှင်လူတွေ၊ ယောဂီတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

❖ ဤရိပ်သာအတွင်း၌ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

❖ ဤမြို့နယ်အတွင်း၌ ရဟန်းရှင်လူတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

❖ ဤမြို့နယ်အတွင်း၌ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

❖ မြန်မာပြည်သူ ပြည်သားတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

❖ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ဤပြဟ္မဝိဟာရတရားတော်ကို ရိုသေစွာ နာယူမှတ်သားကြ

http://www.dhammadownload.com

ရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနှင့် မေတ္တာစသော ဗြဟ္မဝိဟာရတို့ကို စွမ်းနိုင်သမျှ ပွားစေကြလျက် ထိုဘာဝနာစိတ်နှင့် ရုပ်တို့ကိုလည်း ရှုသိနိုင်ကြသည်ဖြစ်၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု

ဗြဟ္မဝိဟာရတရားတော် ပထမပိုင်းပြီး၏။

× × × × ×

http://www.dhammadownload.com

ပြဟ္မဝိဟာရ တရားတော်

ဒုတိယပိုင်း

၁၃၂၇ ခုနှစ်၊ ဝါဆိုလဆုတ် ၈ -ရက်နေ့ ဟောသည်။

တရားအနုသန္ဓေ

ဝါဆိုလပြည့်နေ့က မေတ္တာပွားပုံကို ဟောခဲ့တယ်။ ပါရမီဖြစ်ကုသိုလ်ဖြစ်ပွားပုံကို ဟောခဲ့တာကပဲ မျှားပါတယ်။ ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့ အစဉ်အားဖြင့်တော့ ချမ်းသာစွာ ထိုင်ပြီးတဲ့နောက် ဒေါသ၏ အပြစ်ဆင်ခြင်ပုံ၊ သည်းခံခြင်း၏ အကျိုးဆင်ခြင်ပုံ လောက်ပဲ ပြောပြီးသေးတယ်။ ဒီကနေ့ အဲဒီရောက်ရာအစဉ်ကစပြီး မေတ္တာပွားပုံကို ပြောရမယ်။

http://www.dhammadownload.com

ချမ်းသာစွာ နေထိုင်ပုံ

ချမ်းသာစွာထိုင်ပုံကို လပြည့်နေ့က ပြောခဲ့ပါပြီ။ ဒါပေမယ့် ဘုရားဟောတဲ့ ဒေသနာအရ ဒီကနေ့ ဖြည့်စွက်ပြီး ပြောရဦးမယ်။

မြတ်စွာဘုရားက တရားအားထုတ်ဖို့ နေရာကို ဒီလို ညွှန်ကြားတော်မူပါတယ်။ အရည်ဂတော ဝါ - တောအရပ်သို့ ကပ်ရောက်လျက်ဖြစ်စေ၊ ရုက္ခမူလဂတော ဝါ - သစ်ပင်ရင်း သစ်ပင်အောက်သို့ ကပ်ရောက်လျက်ဖြစ်စေ၊ သုညာဂါရဂတော ဝါ - အခြားလူသူကင်းဆိတ်သော ကျောင်း, အိမ်, အဆောက်အအုံသို့ ကပ်ရောက်လျက်ဖြစ်စေ၊ နိသီဒတိ - ထိုင်နေရမယ်တဲ့။ အဲဒီမှာ တောအရပ်၌ အားထုတ်ဖို့ ရှေးဦးစွာ ညွှန်ကြားတော်မူတယ်။ အဲဒီတောအရပ် မသွားနိုင်ရင်လည်း သစ်ပင်အောက်သွားပြီး အားထုတ်ဖို့ ညွှန်ကြားတော်မူတယ်။ သစ်ပင်အောက် သွားနေရန်လဲ မဖြစ်နိုင်လို့ရှိရင် အခြားလူသူမရှိတဲ့ ကျောင်းအိမ်အဆောက်အအုံမှာ အားထုတ်ဖို့ ညွှန်ကြားတော်မူပါတယ်။ အဲဒီအဆောက်အအုံကလဲ (သုညဂါ) လူသူကင်းဆိတ်တယ်ဆိုတဲ့ စကားအရ အခြားသူ လုံးဝ မရှိရင်တော့ အကောင်းဆုံးပါပဲ။ ဒါပေမယ့် အခြားသူကလဲ ဆိတ်ငြိမ်ခြင်းကို အလိုရှိပြီး တရားအားထုတ်နေသူဖြစ်ရင် အမျိုးသားအချင်းချင်း၊ အမျိုးသမီးအချင်းချင်း သဘာဝပုဂ္ဂိုလ်လည်း ဖြစ်ရင်တော့ အဲဒီလို နေရာလည်း သင့်လျော်တယ်လို့ ဆိုရမှာပဲ။ အကောင်းဆုံးကတော့ အခြားသူလုံးဝမရှိတဲ့နေရာဟာ အကောင်းဆုံးပါပဲ။

http://www.dhammadownload.com

ထိုင်ပုံကလည်း ပလ္လင်ီ အာဘုဇိတ္တာ - ထက်ဝယ်ဖွဲ့ခွေလျက် ထိုင်ရမယ်တဲ့။ အဲဒီထိုင်ပုံကိုတော့ တစ်နေ့က အပြည့်အစုံ ပြောခဲ့ပါပြီ။ ဒါပေမယ့် အဲဒီလို ထိုင်ရမှာလည်း ဥဇုံ ကာယံ ပဏိဓာယ - အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာ ထားရမယ်လို့လည်းညွှန်ကြားတော်မူပါသေးတယ်။ ခါးကုန်းပြီး လျှောရဲရဲထိုင်ရင် ဝိရိယ အားလျှော့နည်းနေတတ်တယ်။ ဒါကြောင့် ခါးမှအထက်ပိုင်းကိုယ် ကိုမတ်မတ်ထောင်ထားလျက် ထိုင်နေဖို့ပါပဲ။ အဲဒီလို ထိုင်တဲ့အခါမှာလဲ တခြားတစ်ပါးကို စိတ်မကူးဘဲ၊ မိမိရှုမည့် ကမ္မဋ္ဌာန်းအာရုံဆီသို့ စိတ်ညွှတ်စေဖို့ရာလည်း ပရိမုခံ သတိ ဥပဋ္ဌပေတွာ-ကမ္မဋ္ဌာန်းအာရုံဆီရှေးရှု သတိကို ဖြစ်စေရမယ်လို့ ညွှန်ကြားတော်မူပါတယ်။ ယခုပြောရမည့် မေတ္တာကမ္မဋ္ဌာန်းအရဆိုတော့ မေတ္တာပွားသင့်တဲ့ ပုဂ္ဂိုလ်များဆီ စိတ်ညွှတ်ရမှာပါပဲ။ ဒီနေရာမှာ မေတ္တာစပြီး မပွားသင့်တဲ့ ပုဂ္ဂိုလ်ရယ်၊ မေတ္တာ လုံးဝမပွားသင့်တဲ့ပုဂ္ဂိုလ်ရယ်၊ အဲဒီ ပုဂ္ဂိုလ်များကိုလည်း စောစောကတည်းက သိနားလည်ထားရမယ်-တဲ့။

မေတ္တာစ၍ မပွားသင့်တဲ့ ပုဂ္ဂိုလ်များ

မေတ္တာစ၍ မပွားသင့်တဲ့ပုဂ္ဂိုလ်များဆိုတာ (၁) အပ္ပိယ-မုန်းအပ်တဲ့ပုဂ္ဂိုလ် (၂) အတိပ္ပိယ - အလွန်ချစ်အပ်တဲ့ပုဂ္ဂိုလ် (၃) မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ် (၄) ရန်သူပုဂ္ဂိုလ်ဆိုတဲ့ ဒီ ၄-ဦးပါပဲ။ အဲဒီ ပုဂ္ဂိုလ်တွေကို စပြီးမေတ္တာမပွားသင့်ခြင်း၏ အကြောင်းကတော့ ကိုယ်က မုန်းတီးနေတဲ့သူကို ချစ်တဲ့သူလို့

http://www.dhammadownload.com

သဘောထားပြီး ချမ်းသာပါစေလို့ နှလုံးသွင်းဖို့ ခက်တယ်တဲ့။ ဟုတ်တယ်၊ မုန်းနေတဲ့လူကို ချမ်းသာစေလိုတဲ့စိတ်ဖြင့် နှလုံးသွင်းဖို့၊ မေတ္တာပို့ဖို့ ခက်မှာပါပဲ။ အလွန်ချစ်နေတဲ့ သားသမီးတို့လို့, ညီအစ်ကိုတို့လို့, အစ်မ ညီမတို့လို့, တပည့်ရင်းတို့လို ဒီလို လူတွေကို သာမန်အလယ်အလတ် ပုဂ္ဂိုလ်အနေမျိုးနဲ့ထားပြီး မေတ္တာပွားဖို့ လည်း ခက်ပါတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီလိုအလွန်ချစ်တဲ့ သူမှာ အနည်းငယ် ဆင်းရဲဒုက္ခဖြစ်တာကို တွေ့ရသိရရင် ငိုတော့ မလို အခြေအနေသို့ ရောက်ရပါတယ်။ ဒါကြောင့်ပါပဲတဲ့။ မိမိနှင့် ဘာမျှ ရင်းနှီးသိကျွမ်းခြင်း မရှိတဲ့ အလယ်အလတ် လူစိမ်း တစ်ယောက်ကို အလေးပြုသင့်တဲ့ ချစ်သူအရာ၌ ထားဖို့ခက်ပါ တယ်တဲ့။ ဟုတ်တယ်၊ သူစိမ်းတစ်ယောက်ကို ချမ်းသာပါစေလို့ စိတ်ပါဝင်စားပြီး မပြတ် နှလုံးသွင်းနေဖို့ဆိုတာ ခက်မှာပါပဲ။ ရန်သူကိုတော့ မေတ္တာပွားဖို့ ထားလိုက်ပါဦးတော့။ အဲဒီလို လူကို သတိရရင်ပင် သူ့အပြစ်တွေ ပေါ်လာပြီး စိတ်ဆိုးတတ်တော့တာပါပဲ။ ဒါကြောင့် မုန်းတဲ့ပုဂ္ဂိုလ် စသော ၄-ဦးတို့ကို စပြီးတော့ မေတ္တာမပွားအပ်ဘူးလို့ ဆိုပါတယ်။

မေတ္တာ လုံးလုံးမပွားသင့်တဲ့ ပုဂ္ဂိုလ်များ

မေတ္တာ လုံးဝမပွားသင့်တဲ့ ပုဂ္ဂိုလ်များ ဆိုတာကတော့ - (၁) လိင်အသွင်ချင်းမတူတဲ့သူကို သီးသန့်မေတ္တာမပွားသင့်ဘူး။ (၂) သေလေပြီးသော သူကိုလည်းမေတ္တာမပွားသင့်ဘူး-တဲ့။ ဒီနှစ်ဦး ပါပဲ။ ဘာကြောင့်လဲဆိုတော့ လိင်အသွင်မတူတဲ့သူဆိုတာ

http://www.dhammadownload.com

ယောက်ျားနဲ့မိန်းမပဲ။ ယောက်ျားက မိန်းမဖြစ်သူကို သီးသန့်မေတ္တာပွားနေရင်၊ မိန်းမက ယောက်ျားဖြစ်သူကို သီးသန့်မေတ္တာပွားနေရင် တပ်မက်တဲ့ရာဂ ဖြစ်သွားတတ်တယ်။ ရှေးက အမတ်၏သားဖြစ်သူတစ်ယောက်ဟာ "ဘယ်သူကို မေတ္တာပွားသင့်ပါသလဲ" လို့ သူကိုးကွယ်တဲ့ မထေရ်ကို မေးတယ်။ မထေရ်က ချစ်တဲ့သူမှာ မေတ္တာပွားအပ်ကြောင်း ပြောကြားတယ်။ အဲဒီအမတ်၏သားက သူ့ဇနီးကို ချစ်တဲ့အတွက် တစ်နေ့သောအခါမှာ အဂ်ါရှစ်ပါးရှိတဲ့ ဥပုသ်သီလကို ဆောက်တည်ပြီးတော့ ညဉ့်အခါမှာ တံခါးပိတ်ထားတဲ့ အခန်းထဲက အိပ်ရာပေါ်မှာထိုင်ပြီး သူ့ဇနီးကို အာရုံပြုလျက် မေတ္တာပွားနေပါသတဲ့။ အဲဒီလို မေတ္တာပွားနေရင်းထဲက တပ်မက်တဲ့ရာဂတွေ အပြင်းအထန်ဖြစ်လာတဲ့အတွက် သူ့ဇနီးထံ သွားဖို့ အားထုတ်တယ်။ ရာဂကြောင့် တံခါးကိုလည်း အမှတ်မရတာနဲ့ နံရံကိုလည်း တိုက်မိတိုးမိတယ်။ အဲဒီအခါ နံရံကို ဖောက်ခွဲထွက်လိုသောကြောင့် နံရံကို လက်မျှားခြေမျှားဖြင့် ပုတ်ခတ်ပါသတဲ့။ အဲဒါဟာ တစ်ခဏလေး ဟုတ်ပုံမရပါဘူး။ ဝိသုဒ္ဓိမဂ်မှာ (သဗ္ဗရတ္တိ) တစ်ညဉ့်ပတ်လုံး (ဘိတ္တိယုဒ္ဓမကာသိ) နံရံနှင့်စစ်ထိုး တိုက်ခိုက်နေတယ်-လို့ ပြဆိုထားပါတယ်။ အဲဒီလို မေတ္တာပွားနေရင်း ရာဂ ဖြစ်လာတာဟာ မေတ္တာယောင်ဆောင်ပြီး ရာဂဝင်လာတာ၊ ရာဂလှည့်စားတာပဲလို့ ဝိသုဒ္ဓိမဂ်ဋီကာမှာ ပြဆိုထားပါတယ်။ အဲဒီလို တပ်မက်မှုရာဂ ဖြစ်တတ်သောကြောင့် လိင်အသွင် မတူတဲ့သူကို သီးသန့်မေတ္တာ မပွားရဘူးတဲ့။ ဒါပေမယ့် ပါရမီဖြစ် ကုသိုလ်ဖြစ် လေးငါးချက်လောက် မေတ္တာပို့တာကိုတော့ တားမြစ်ဖွယ်

http://www.dhammadownload.com

မရှိပါဘူး။

သေလွန်ပြီးတဲ့သူကို မေတ္တာပွားရင်တော့ အပွနာစျာန် သမာဓိကိုလဲ မရနိုင်ဘူး။ ဥပစာရ သမာဓိကိုလဲ မရနိုင်ဘူးတဲ့။ ရှေးက ရဟန်းငယ်တစ်ပါးဟာ သူ့ဆရာကို အာရုံပြုပြီး မေတ္တာ ပွားနေတယ်။ မူလက လေ့လာနိုင်နင်းနေတဲ့ စျာန်သမာပတ်ကို မရောက်နိုင်ဘဲ ရှိနေတယ်။ အဲဒီအခါ မထေရ်တစ်ပါး၏ ညွှန်ကြား ချက်အရ စုံစမ်းကြည့်တော့ သူ့ဆရာ ပျံတော်မူသွားကြောင်း သိရ တယ်။ အဲဒီတော့ အခြားပုဂ္ဂိုလ်ကို အာရုံပြုပြီး မေတ္တာပွားတယ်။ အဲဒီလို ပွားတဲ့အခါကျတော့မှ မေတ္တာစျာန်သို့ ရောက်ပါသတဲ့။ ဒါကြောင့် သေလွန်ပြီးပုဂ္ဂိုလ်ကို မေတ္တာလုံးဝမပွားရဘူးတဲ့။

ရှေးဦးစွာ စ၍မေတ္တာပွားသင့်တဲ့ပုဂ္ဂိုလ်

ရှေးဦးစွာ မိမိကိုယ်ကို ငါသည် ချမ်းသာပါရစေ၊ ဆင်းရဲ ကင်းပါစေ-လို့လည်း မေတ္တာပွားရမယ်။ သို့မဟုတ် ငါ့မှာ ဘေးရန် ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ချမ်း သာစွာနှင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေလို့လည်း မေတ္တာပွား ရမယ်တဲ့။ ဒီလို မိမိကိုယ်ကို မေတ္တာပွားတာကတော့ ကုသိုလ်ရဖို့ လည်း မဟုတ်ပါဘူး။ သမာဓိရဖို့လည်း မဟုတ်ပါဘူး။ သူများ တွေလည်း မိမိလိုပဲ ချမ်းသာချင်ကြတယ်ဆိုတာ နှိုင်းယှဉ်ပြီး ထင်ရှားသိဖို့ ပုံစံပြအနေဖြင့် ပွားတာပါပဲ၊ ငါသည် ချမ်းသာပါစေ- ချမ်းသာပါစေလို့ အနှစ်တစ်ရာ, တစ်ထောင်နှလုံးသွင်း ပွားများ နေပေမယ်လို့ အပွနာသမာဓိတော့ မဖြစ်နိုင်ပါဘူးတဲ့။ ဒါကြောင့်

http://www.dhammadownload.com

ငါသည် ချမ်းသာရပါစေလို့ မိမိကိုယ်ကို မေတ္တာပွားနေရင် ငါဟာ ချမ်းသာချင်သလို, မဆင်းရဲချင်သလို, အသက်ရှင်နေချင်သလို, မသေချင်သလိုပင် အခြားသတ္တဝါတွေလည်း ချမ်းသာချင်ကြတယ်၊ မဆင်းရဲချင်ကြဘူး၊ အသက်ရှင်နေလိုကြတယ်။ မသေလိုကြဘူး ဆိုတာ သက်သေအဖြစ် ထင်ရှားအောင်လို့ မိမိကိုယ်ကို စပြီး မေတ္တာပွားဖို့ ညွှန်ကြားရတာပါတဲ့။ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။ ကိုယ့်ကိုယ်ဟာ အချစ်ဆုံးဖြစ်တဲ့အကြောင်း မြတ်စွာဘုရား ဟောထားတဲ့ ဂါထာကိုလည်း ဒီလိုထုတ်ပြထားပါတယ်။

သဗ္ဗာ ဒိသာ အနုပရိဂမ္မ စေတသာ၊
နေဝဇ္ဈဂါ ပိယတရမတ္တနာ ကွစိ။
ဧवं ပိယော ပုထု အတ္တာ ပရေသံ၊
တသ္မာနဟိသေ ပရမတ္တကာမော။

သဗ္ဗာဒိသာ - အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို၊ စေတသာ-စိတ်ကူးဖြင့်၊ အနုပရိဂမ္မ- လှည့်လည် လိုက်လံ၍ ရှာကြည့်လျှင်၊ အတ္တနာ ပိယတရံ-မိမိထက်သာ၍ ချစ်အပ်သောသူကို၊ ကွစိ-တစ်စုံတစ်ခုသောအရပ်၌မျှ၊ နေဝ အဇ္ဈဂါ-မရနိုင် မတွေ့နိုင်သည်သာတည်း၊ ဧवं-ဤအတူပင်၊ ပရေသံ-အခြားသူတို့သည်လည်း၊ ပုထု အတ္တာ-အသီးသီးသော ကိုယ်ကို၊ ပိယော-ချစ်အပ်ပေ၏။ ဝါ-အချစ်ဆုံးပေတည်း၊ တသ္မာ-ထိုသို့ သတ္တဝါတိုင်း မိမိကိုယ်ကို အချစ်ဆုံးဖြစ်သောကြောင့်၊ အတ္တကာမော-မိမိကိုယ်ကို ချစ်သောသူသည်၊ ဝါ-မိမိအစီးအပွားကို လိုလားသောသူသည်၊ ပရံ-သူတစ်ပါးကို၊ နဟိ

http://www.dhammadownload.com

သေ-မည်ဦးဆဲဘဲ၊ ဝါ-မနှိပ်စက်ပဲ မေတ္တာကို ပွားရာတော့သည်တဲ့။

အဲဒီလို စံပြသက်သေအဖြစ်ဖြင့် မိမိကိုယ်ကို မေတ္တာပွားပြီးတဲ့နောက် ချစ်ခင်ကြည်ညြိုလေးစားအပ်သော ဆရာသမားကို ဖြစ်စေ၊ အဘိုး, အဘ, ဦးကြီး စသည်ကို ဖြစ်စေ, အမျိုးသမီးများဆိုရင်တော့ အဘွား, အမိ, အဒေါ် စသည်ကိုဖြစ်စေ စပြီး မေတ္တာပွားရတယ်။ ပွားပုံကတော့ ဆရာတော် ချမ်းသာပါစေ- ဆင်းရဲကင်းပါစေ၊ အဘိုး, အဘ, ဦးကြီး ချမ်းသာပါစေ (အမျိုးသမီးများအတွက်) အဘွား, မိခင်, အရီး, အဒေါ် ချမ်းသာပါစေ-ဆင်းရဲကင်းပါစေ-လို့ သုံးစကွန့် လောက်မှာ တစ်ကြိမ် တစ်ကြိမ် မေတ္တာပွားနေရမယ်၊ ဆရာ မဟုတ်ရင်၊ အဘိုး, အဘွား, အမိ, အဘစသည် မဟုတ်ရင်လည်း ခင်မင်လေးစားအပ်သောသူကို မည်သူချမ်းသာပါစေ၊ ချမ်းသာပါစေလို့ သူ့အမည်ဖြင့် မေတ္တာပွားနိုင်ပါတယ်။

မေတ္တာခံပုဂ္ဂိုလ်ဆီကို စိတ်ညွှတ်ပြီး မည်သူချမ်းသာပါစေ၊ ချမ်းသာပါစေလို့ အကြိမ်ပေါင်းရာထောင်, သောင်း, သိန်း စသည်ဖြင့် မပြတ်ပွားနေရတယ်။ ဈာန်သမာဓိရအောင် ရည်ရွယ်ရင် ညဉ့်အိပ်ချိန်လောက်သာ နားပြီး နေ့ရောညဉ့်ပါ မပြတ်ပွားနေရတယ်။ အဲဒီလိုပွားနေရင် တခြားကို စိတ်ကူးတွေ ထွက်ထွက်သွားတာလည်း ရှိလိမ့်မယ်။ အဲဒီလို စိတ်ကူးတွေဟာ အများအားဖြင့် နီဝရဏခေါ်တဲ့ အကုသိုလ်တွေပဲ၊ သတိရတဲ့ အခါကစပြီး အဲဒါတွေကို ဆက်လက် နှလုံးမသွင်းဘဲ ပွားနေကျမေတ္တာကိုသာ မပြတ်ပွားနေရတယ်။ သမာဓိအားရှိလာရင် တခြားထွက်တဲ့စိတ် နည်းနည်း

http://www.dhammadownload.com

သွားလိမ့်မယ်၊ သမာဓိအားပြည့်လာရင်တော့ တခြားကို စိတ်ကူးမထွက်တော့ပဲ မေတ္တာခံပုဂ္ဂိုလ်ပေါ်မှာသာ စိတ်က တည်နေလိမ့်မယ်၊ အဲဒါဟာ နီဝရဏကင်းတဲ့ ဥပစာရသမာဓိ ဖြစ်လာတာပဲ။

ဈာန်ရပုံ

အဲဒီ ဥပစာရသမာဓိက အားကောင်းထက်သန်လာတဲ့အခါ စိတ်ဟာ အိပ်မက်အာရုံပေါ်မှာ မျောပါနေသလို မေတ္တာခံပုဂ္ဂိုလ်အပေါ် ကျရောက်သက်ဝင်ပြီး တည်နေလိမ့်မယ်။ ဒါပေမယ့် ပထမအကြိမ်မှာတော့ စိတ်တစ်ချက်လောက် တစ်ခဏမျှပါပဲ။ အဲဒီက နောက် ဆက်ပြီးပွားနေတဲ့အခါတစ်မိနစ်, နှစ်မိနစ်, သုံးလေးငါးမိနစ်, ဆယ်မိနစ်, မိနစ်သုံးဆယ်, တစ်နာရီ စသည့်ဖြင့် ကြာရှည်စွာလည်း တည်နေလိမ့်မယ်။

အဲဒီလို အခါမှာ ဘေးပတ်ဝန်းကျင်က မြင်စရာ ကြားစရာ စသည် သာမန်အာရုံများ ရှိနေသော်လည်း အဲဒီအာရုံများဆီသို့ စိတ်က မရောက်တော့ဘဲ မေတ္တာခံပုဂ္ဂိုလ် အပေါ်မှာသာ ချမ်းသာစေလိုတဲ့အနေဖြင့် တစ်ကြိုတည်းတည်ငြိမ်နေလိမ့်မယ်။ ဝမ်းမြောက် တက်ကြွတဲ့ ပီတိလည်း အထူးထင်ရှားလိမ့်မယ်။ စိတ်ချမ်းသာမှု သုခလည်း အထူးထင်ရှားလိမ့်မယ်။ မေတ္တာခံ ပုဂ္ဂိုလ်ဆီသို့ ညွှတ်တဲ့ ဝိတက်နှင့် အာရုံပြုဆင်ခြင်တဲ့ ဝိစာရလည်း ထက်သန်စွာဖြစ်လျက် ထင်ရှားလိမ့်မယ်၊ တစ်ကိုယ်လုံး ပေါ့ပြီး နေထိုင်ကောင်းတာလည်း အထူးထင်ရှားလိမ့်မယ်။ စိတ်ကလည်း

http://www.dhammadownload.com

ဘယ်ကိုမျှမသွားဘဲ တည်ငြိမ်နေတာ အထူးထင်ရှားလိမ့်မယ်။ အဲဒီ အထူးထင်ရှားတဲ့ ဝိတက် ဝိစာရ၊ ပီတိ၊သုခ ၊ စိတ်တည်ငြိမ်မှု (ဧကဂ္ဂတာ)ဆိုတာတွေဟာ ပထမဈာန်၏ အစိတ်အပိုင်းအင်္ဂါ တွေပဲ။ အဲဒီအင်္ဂါအပေါင်းကို ပထမဈာန်လို့ ခေါ်ရတာပဲ။ အဲဒီလို ဖြစ်နေရင် ပထမဈာန်ကို ရတာပါပဲ၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ "ဧဝ ရူပေ စ ပုဂ္ဂလေ ကာမံ အပ္ပနာ သမ္ဘဇ္ဇတိ"လို့ ဒီလိုပုဂ္ဂိုလ်ကို မေတ္တာပွားနေရင်း အပ္ပနာဈာန် ရနိုင်ကြောင်း ပြဆိုထားတာပါပဲ။

အဲဒီ ပထမဈာန်ဟာ အာရုံကိုကြံတဲ့ ဝိတက်, သုံးသပ်ဆင်ခြင်တဲ့ ဝိစာရဆိုတဲ့ အင်္ဂါတွေ ပါဝင်နေလို့ အားကောင်းသင့်သလောက် မကောင်းဘူး၊ ဈာန်ဝင်စားနေတုန်း ကြမ်းတမ်းသော အသံက နားမှာ ဝင်တိုက်ခိုက်ရင် ဈာန်မှထလာပြီး အဲဒီအသံဆီသို့ စိတ်ရောက်သွားနိုင်သေးတယ်၊ ဒါ့ကြောင့် အဲဒီဝိတက် ဝိစာရမပါဘဲ တည်ငြိမ်နေတဲ့ ဈာန်စိတ်ဖြစ်အောင် နှလုံးသွင်းနေကျ ပုဂ္ဂိုလ်ကို အာရုံဆီကို စိတ်မညွှတ်စေရ မကြံရဘဲ, မသုံးသပ် မဆင်ခြင်ရတော့ဘဲ ယခင်ကထက်သာလွန်တဲ့ ပီတိသုခများနှင့်တကွ စိတ်တည်ငြိမ်လျက်ဖြစ်နေလိမ့်မယ်။ အဲဒါက ဒုတိယဈာန်ပဲ၊ အဲဒီဈာန်မှာ ဝမ်းမြောက်တက်ကြွမှုက အလွန်အကဲဆုံးပဲ။ အဲဒီဈာန်မှာ ဝမ်းမြောက်တက်ကြွမှု ပီတိကို အလိုမရှိရင် ပွားနေကျ မေတ္တာခံပုဂ္ဂိုလ်ကိုပင် ဆက်လက်ပြီး မေတ္တာပွားနေရတယ်။ သမာဓိအားကောင်းလာတဲ့ အခါ ပီတိမပါဘဲ အလွန်ကောင်းတဲ့ စိတ်ချမ်းသာမှုနှင့် စိတ်တည်ငြိမ်မှုများ ထင်ရှားလျက် ဖြစ်နေလိမ့်မယ်၊ အဲဒါက တတိယဈာန်

http://www.dhammadownload.com

ပဲ၊ မေတ္တာစျာန်ထဲမှာ အမြင့်ဆုံးစျာန်ပဲ။

ယခုပြောနေတဲ့ စျာန်သုံးပါးကို ရပြီးမှဖြစ်စေ, မရသေးမီ ဖြစ်စေ အားလုံးသတ္တဝါအပေါ် ၌ အညီအမျှ မေတ္တာပွားစေချင်ရင်တော့ အလွန်ချစ်ခင်အပ်တဲ့ ပုဂ္ဂိုလ် "မည်သူချမ်းသာပါစေ" စသည်ဖြင့် မေတ္တာပွားရတယ်၊ စျာန်မရခင် ပွားတာထက် စျာန်ရပြီးမှ ပွားရင် သာပြီးကောင်းတယ်၊ သန့်ရှင်းတဲ့ မေတ္တာဖြစ်လွယ်တယ်။ ဒါကြောင့် အဲဒီအလွန်ချစ်အပ်တဲ့ ပုဂ္ဂိုလ်၌ မေတ္တာစျာန်ကို ရပြီးတဲ့အခါ မချစ်မမုန်း သာမန်အလတ်စားပုဂ္ဂိုလ်ကို မေတ္တာပွားရတယ်။ အဲဒီ အလတ်စားပုဂ္ဂိုလ်၌ မေတ္တာစျာန်ကို ရပြီးတဲ့အခါ ရန်သူရှိရင် အဲဒီရန်သူပုဂ္ဂိုလ်၌ မေတ္တာကို ဖြစ်ပွားစေရမယ်တဲ့။ အဲဒီလို မေတ္တာခံပုဂ္ဂိုလ်လည်း တစ်မျိုးပြီးတစ်မျိုး ပြောင်းရွှေ့ပြောင်းရွှေ့ပြီး မေတ္တာပွားရာမှာ ရှေ့တစ်မျိုး တစ်မျိုး၌ စိတ်ကို နူးညံ့ခံ့ကျန်းအောင် ပြုပြီးမှ နောက်တစ်မျိုးတစ်မျိုး၌ မေတ္တာကို ပွားစေရမယ်တဲ့။ အဲဒါဟာ ဝိသုဒ္ဓိမဂ်အဆိုပါပဲ။

အဲဒီမှာ စိတ်ကို နူးညံ့ခံ့ကျန်းစေပြီးမှလို့ဆိုတဲ့ စကားဖြင့် အောင်ထစ်ဆုံး ဥပမာသမာဓိလောက် ရပြီးမှလို့ သိစေလိုတာပါပဲ။ အကောင်းဆုံးကတော့ စျာန်ရပြီးမှ နောက်တစ်မျိုးသို့ရွှေ့ပြီး မေတ္တာပွားတာဟာ အကောင်းဆုံးပါပဲ။ အဲဒီ စကားရပ်တွေထဲမှာ ရန်သူ၌ မေတ္တာကို ပွားစေရမယ်ဆိုတာက ရန်သူရှိနေတဲ့ ယောဂီအတွက်သာ ရည်ရွယ်ပါတယ်၊ ဒါကြောင့် ဘုန်းကြီး၏ စကားထဲမှာ ရန်သူရှိရင်လို့ ပထမကတည်းက ဆိုတာပါပဲ။ ရန်သူမရှိတဲ့ ယောဂီမှာတော့

http://www.dhammadownload.com

အလတ်စားပုဂ္ဂိုလ်၌ မေတ္တာပွားပြီးနောက် ရန်သူ၌ မေတ္တာပွားရန် ကြောင့်ကြစိုက်ဖို့ မလိုတော့ပါဘူး။

ရန်သူရှိတဲ့ ယောဂီမှာ ရန်သူကို အာရုံပြုပြီး မေတ္တာပွား နေတဲ့အခါ ရန်သူက ပြစ်မှားဖူးခဲ့တာကို အမှတ်ရပြီး အမျက် ဒေါသဖြစ်လာတတ်တယ်။ အဲဒီလို အခါမှာ ရှေးပုဂ္ဂိုလ်တစ်ဦးဦး၌ ရခဲ့ပြီး မေတ္တာဗျာန်ကို ဝင်စားဝင်စားပြီးတော့ အဲဒီဗျာန်မှ ထထပြီး အဲဒီရန်သူ၌ မေတ္တာကို ပွားစေခြင်းဖြင့် အမျက်ဒေါသကို ငြိမ်းအေး စေရမယ်တဲ့။ အဲဒီ စကားရပ်ထဲမှာ (မေတ္တံ သမာပဇ္ဇိတွာ ဝုဋ္ဌဟိတွာ လို့) ဝိသုဒ္ဓိမဂ်၌ပင် ဆိုထားသောကြောင့် ရန်သူတစ်ပါး အခြား ပုဂ္ဂိုလ်များ၌ မေတ္တာဗျာန်ကို ရခဲ့ပြီးကြောင်း ထင်ရှားပါတယ်။ ဒါ့ကြောင့် ရှေးပုဂ္ဂိုလ်တစ်မျိုး၌ ဗျာန်ရပြီးမှ နောက်တစ်မျိုးသို့ ရွှေ့ပြီး မေတ္တာပွားတာကို အကောင်းဆုံးလို့ ပြောခဲ့ပါတယ်။

အမျက်ဒေါသပြေငြိမ်းအောင် ဆင်ခြင်ပုံများ

ရှေးပုဂ္ဂိုလ်များ၌ ရပြီးဗျာန်ကို ဝင်စား ဝင်စားပြီးလျှင် ထို ဗျာန်မှထ၍ ထ၍ ရန်သူကို မေတ္တာပွားခြင်းဖြင့် အမျက်ဒေါသကို မငြိမ်းစေနိုင်သေးလျှင် - ဥပမာ သြဝါဒစသည်တို့ကို နှလုံးသွင်း ဆင်ခြင်ပြီးလျှင် အမျက်ဒေါသကို ငြိမ်းစေရမယ်တဲ့။ ဆင်ခြင်ပုံက တော့ -

အမျက်ဒေါသထွက်နေသော အမောင်ယောဂီ၊ မြတ်စွာ ဘုရားက ဒီလို အဆုံးအမသြဝါဒ ပေးတော်မူခဲ့တယ် မဟုတ်ပါလား။ ဆုံးမတော်မူပုံကတော့ "ရဟန်းတို့၊ ခိုးသူ ဓားပြ လူဆိုးတို့က လက်,

http://www.dhammadownload.com

ခြေစသော ကိုယ်အင်္ဂါများကို နှစ်ဖက်အစွန်း၌ အရိုးတပ်ထားသော ငမန်းစွယ်လွှဖြင့် တိုက်ဖြတ်နှိပ်စက်ကြစေကာမူ ထိုနှိပ်စက်သူတို့၌ သော်လည်း အမျက်ထွက် ပြစ်မှားလျှင် ထိုရဟန်းသည် ငါဘုရား၏ အဆုံးအမကို လိုက်နာသူ မမည်ဘူး"လို့ ဒီလိုဆုံးမတော်မူခဲ့တယ် မဟုတ်ပါလား။

နောက်ပြီးတော့ ပထမစ၍ အမျက်ထွက်သူကို တုံ့ပြန်၍ အမျက်ထွက်လျှင် ထိုတုံ့ပြန်၍ အမျက်ထွက်ခြင်းသည်သာလျှင် ပထမစ၍ အမျက်ထွက်ခြင်းထက် ယုတ်မာဆိုးဝါးလှသည်၊ (ဘာ့ကြောင့်လဲဆိုတော့ ပထမ အမျက်ထွက်သူ၏ အမျက်ထွက်ခြင်းကို မကောင်းမှန်းသိပါလျက် မိမိကလည်း ထိုမကောင်းသည့်လမ်းကို လိုက်သွားခြင်းကြောင့်ဟု ဆိုလို၏)၊ အမျက်ထွက်နေသူကို အမျက်မထွက်ဘဲ သည်းခံနိုင်သော သူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်ပေသည်ဟူ၍လည်း ဆုံးမတော်မူခဲ့တယ် မဟုတ်ပါလား။

နောက်ပြီးတော့ သူတစ်ပါး အမျက်ထွက်နေသည်ကို သိရပြီးလျှင် (၀ါ-သိနေပါလျှင်) သတိရလျက် စိတ်မဆိုးဘဲ စိတ်ငြိမ်းချမ်းစွာ နေနိုင်ပါမူ ထိုသို့သောရဟန်းသည် မိမိ၏အကျိုး၊ သူတစ်ပါး၏ အကျိုး ၂-မျိုးလုံးအတွက် ကျင့်သူမည်သည်-လို့လည်း ဆုံးမတော်မူခဲ့တယ် မဟုတ်ပါလား။

နောက်ပြီးတော့ (ဒါကိုတော့ ချိုးပြောရမှာပဲ) ရန်သူက ကြိုက်နှစ်သက်တာ ၇-မျိုးရှိရာတွင် အမျက်ထွက်တဲ့သူမှာ မျက်နှာ အခြေအနေပျက်ပြီး အရုပ်ဆိုးသွားတယ်။ အဲဒါဟာ ရန်သူအကြိုက်

http://www.dhammadownload.com

တစ်ခုပါပဲ။ အမျက်ထွက်နေတဲ့သူဟာ ချမ်းသာစွာ မအိပ်ရဘူး။ အဲဒါလည်း ရန်သူ့အကြိုက်တစ်ခုပဲ။ အမျက်ထွက်နေတဲ့သူမှာ အကျိုးစီးပွား ပျက်စီးတတ်တယ်။ အဲဒါလည်း ရန်သူ့အကြိုက် တစ်ခုပဲ။ အမျက်ထွက်နေတဲ့သူမှာ စီးပွားဥစ္စာမပြည့်စုံပဲ ရှိတတ် တယ်။ အဲဒါလည်း ရန်သူ့ အကြိုက်တစ်ခုပဲ၊ အမျက်ဒေါသကြီးသူမှာ မိတ်ဆွေနည်းပါးတတ်တယ်။ အဲဒါလည်း ရန်သူ့အကြိုက်တစ်ခုပါပဲ။ အမျက်ဒေါသကြီးသူဟာ သေသွားလျှင် သုဂတိဘဝကောင်းခ်ီ မဖြစ်နိုင်ဘူး။ အဲဒါလည်း ရန်သူ့အကြိုက်တစ်ခုပဲ။ ဒီအဆုံးအမက တော့ ရန်သူ့အကြိုက် မဖြစ်ရအောင် အမျက်မထွက်ဘဲ သည်းခံရ မယ်လို့ ညွှန်ကြားတာပါပဲ။

နောက်ပြီးတော့ သူသေကောင်ဖုတ်သည့် ထင်းကုလားတုံး ပိုင်းသည် မြို့ရွာခ်ီလည်း အသုံးမကျ၊ တောအရပ်ခ်ီလည်း အသုံး မကျသလိုပင် လိုချင်မက်မောခြင်း၊ စိတ်ဆိုးပြစ်မှားခြင်းရှိနေသော ရဟန်းမှာ ကာမဂုဏ်ခံစားရခြင်းနှင့် အကျင့်ပြည့်စုံခြင်းဆိုတဲ့ အကျိုး ၂-ပါးလုံးကို မရသဖြင့် မြို့ရွာခ်ီလည်း အသုံးမကျ၊ ရဟန်း အဖြစ်ခ်ီလည်း အသုံးမကျကြောင်းကိုလည်း ဟောတော်မူခဲ့သည် မဟုတ်ပါလား။

သို့ဖြစ်သောကြောင့် သင်ယောဂီဟာ ဒီလိုအမျက်ထွက် စိတ်ဆိုးနေလျှင် ဘုရားအဆုံးအမကို မလိုက်နာသူလည်း ဖြစ်လိမ့် မည်။ ပထမစပြီး အမျက်ထွက်သူအောက် ယုတ်မာသူ ဖြစ်ပြီးလျှင် အောင်ခဲသောစစ်ပွဲကို မအောင်နိုင်သူလည်း ဖြစ်လိမ့်မည်။ ရန်သူ

http://www.dhammadownload.com

က ပြုရမည့် ရန်သူ့အကြိုက်များကို မိမိကိုယ်တိုင်ပြုရာလည်း ရောက်လိမ့်မည်။ ထင်းကုလားတုံးပိုင်းလို ဘယ်မှာမှ အသုံးမကျ သူလည်း ဖြစ်လိမ့်မည်-လို့ ဒီလို မိမိကိုယ်ကို ဆုံးမပြီး အမျက်ဒေါသကို ငြိမ်းစေရမယ်လို့ ဆိုထားပါတယ်။ အဲဒီအတိုင်း ဆင်ခြင်ပြီး ငြိမ်းစေရုံပါပဲ။

အဲဒီလို ဆင်ခြင်လို့ အမျက်ဒေါသ မငြိမ်းသေးရင် ရန်သူ၏ မကောင်းတဲ့ အမူအရာတွေကို မစဉ်းစားဘဲ ကောင်းတဲ့ကိုယ်အမူအရာကိုဖြစ်စေ၊ နှုတ်အမူအရာကိုဖြစ်စေ၊ စိတ်အမူအရာကိုဖြစ်စေ ဆင်ခြင်ပြီး အမျက်ဒေါသကို ငြိမ်းစေရမယ်တဲ့။

အဲဒီလို ဆင်ခြင်လို့မှ မငြိမ်းသေးရင် ယခုပြောပြမည့် အကြောင်းအရာများကို ဆင်ခြင်ပြီး ငြိမ်းစေရမယ်တဲ့။ ဆင်ခြင်ပုံတွေကတော့ အခြားပါဠိ အဋ္ဌကထာများမှာ မရှိပါဘူး။ ဝိသုဒ္ဓိမဂ်မှာသာ ရှိပါတယ်။ ဂါထာအရေအတွက်မှာ တစ်ဆယ်တိတိရှိပါတယ်။ မြန်မာသက်သက် အတိုချုံးပြောရမှာပဲ။

ဂါထာ ၁၀-ပုဒ်အရ ဆင်ခြင်ပုံ

(၁) ရန်သူက ဆင်းရဲအောင် ပြုလုပ်လျှင် သင်၏ကိုယ်၌သာ ပြုလုပ်နိုင်ပေမည်။ သင်၏စိတ်၌ကား မပြုနိုင်ချေ။ သို့ဖြစ်ပါလျက် သင်သည် ရန်သူ၏အရာမဟုတ်သော မိမိ၏စိတ်၌ ဆင်းရဲအောင် ဘာကြောင့် ပြုချင်ပါသနည်း။ (ရန်သူက မပြုနိုင်တဲ့

http://www.dhammadownload.com

စိတ်ဆင်းရဲကို ရန်သူအကြိုက်ဖြစ်အောင် ဘာကြောင့် ပြုပါသလဲလို့ ဆိုလိုပါတယ်။)

(၂) ကျေးဇူးများတဲ့ မိတ်ဆွေအပေါင်းကိုစွန့်၍ ရဟန်းပြုလာပါလျက် ကြီးကျယ်သော အကျိုးမဲ့ကို ပြုတတ်သည့် အမျက်ဒေါသရန်ကို ဘာကြောင့် မစွန့်နိုင်ပါသနည်း။

(၃) မိမိစောင့်ရှောက်နေတဲ့ သီလများ၏ အမြစ်အရင်းဖြစ်တဲ့ (အရှက်အကြောက် သည်းခံမှု မေတ္တာ ကရုဏာ) တို့ကို ဖြတ်တတ်သော အမျက်ဒေါသကို သင်အလိုလိုက်လျက် လက်ခံထားဘိ၏။ သင့်လို သူမိုက်သည် အဘယ်မှာရှိအုံ့နည်း။ (ကိုယ့်သီလ၏ အပြစ်များ ဖြစ်တတ်တဲ့ ဒေါသကို လက်ခံထားတဲ့ အတွက် အမိုက်ဆုံးဖြစ်နေသည်ဟု ဆိုလို၏။)

(၄) သူတစ်ပါးက ယုတ်မာတဲ့ ပြစ်မှားမှုကို ပြုသည်ဟု သင် အမျက်ထွက်နေ၏။ ယင်းသို့ အမျက်ထွက်နေသော သင်သည် အလားတူပြစ်မှားမှုကို ပြုရန် ကြံနေသည် မဟုတ်ပါလော။

(၅) သူတစ်ပါးက သင့်အား မနှစ်သက်ဖွယ်အမှုကို ပြုသည်မှာ သင့်အား ဒေါသဖြစ်စေရန် ရည်ရွယ်၍ ပြုခြင်းဖြစ်ရာပါသည်။ သို့ဖြစ်ပါမူ သင်က အမျက်ထွက်နေခြင်းဖြင့် သူတစ်ပါး၏အလိုကို ဖြည့်ပေးရာ

http://www.dhammadownload.com

မရောက်ပေးဘူးလား။

(၆) အမျက်ထွက်နေသော သင်သည် သင့်ရန်သူအား ဆင်းရဲကို ဖြစ်စေနိုင်လိမ့်မည်ဟူ၍ကား မသေချာပေ။ မိမိကိုယ်ကိုမူ ယခုပင် အမျက်ဒေါသဆင်းရဲဖြင့် နှိပ်စက်နေပြီ မဟုတ်ပါလော။

(၇) ရန်သူများသည် အမျက်ဒေါသဖြင့် မိုက်ကန်းကြသောကြောင့် အကျိုးမဲ့လမ်းကို သွားကြ ပြုလုပ်ကြသည်ဖြစ်ပါမူ၊ သင်သည်လည်း အမျက်ထွက်လျက် ထိုရန်သူတို့အား အတုလိုက်ကာ အဘယ်ကြောင့် ပြုကျင့်ပါသနည်း။

(၈) ရန်သူက ဒေါသကိုမှီ၍ သင့်အား မနှစ်သက်ဖွယ်ကို ပြုသည်ဆိုလျှင် ယင်းဒေါသကိုသာ ဖြတ်ပါ။ စိတ်ဆိုးသင့်သည့် အရာမဟုတ်တဲ့ လူပုဂ္ဂိုလ်၌ အမျက်ထွက်လျက် အဘယ်ကြောင့် ပင်ပန်းနေပါသနည်း။ (ဒေါသက ခိုင်း၍ ရန်သူက သင့်အား ပြစ်မှားရရှာသည်။ ထိုဒေါသကိုသာ ပယ်သင့်သည်။ ဒေါသ၏ အစေခံပုဂ္ဂိုလ်၌ အမျက်မထွက်သင့်ဟု ဆိုလို၏။)

(၉) ရုပ်နာမ်တရားများသည် တစ်ခဏမျှသာ တည်လျက် ပျက်သွားကြသည်။ သင့်အား ပြစ်မှားခဲ့သည်ဟု ထင်ရသော ထိုရုပ်နာမ်များသည် ထိုခဏကပင် ချုပ်ပျက်သွားကြလေပြီ။ ယခုအခါ ထိုပြစ်မှားသည့်

http://www.dhammadownload.com

ရူပ်နာမ်များ မရှိကြတော့ပြီ။ ယခုအခါ သင်သည် ရန်သူ၏သန္တာန်က အဘယ်ရူပ်နာမ်ကို အမျက်ထွက်နေပါသနည်း။ (ပြစ်မှားသော ရူပ်နာမ်များက ယခုမရှိတော့ပြီ။ ရန်သူဟု ထင်ရသော ရူပ်နာမ်အစဉ်ထဲ၌ ယခုရှိနေသော ရူပ်နာမ်အသစ်များက သင့်အား ပြစ်မှားကြသည်မဟုတ်၊ ထို့ကြောင့် အဘယ့်ရူပ်နာမ်ကို အမျက်ထွက်နေသလဲ အမျက်ထွက်စရာ ရူပ်နာမ်မရှိတော့ပြီဟု ဆိုလို၏။)

(၁၀) တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်အား ဆင်းရဲကို ပြုလျှင် ပြုသူ, အပြုခံရသူနှစ်ဦးစလုံးပင် ဆင်းရဲ ပြုခြင်း၏ အကြောင်းများဖြစ်ကြသည်။ သို့ဖြစ်၍ မိမိကိုယ်တိုင်လည်း ဆင်းရဲကို ပြုခြင်း၏အကြောင်းဖြစ်ပါလျက် ပြုသူကိုသာ အဘယ့်ကြောင့် အမျက်ထွက်နေပါသနည်းတဲ့။

ဒါဟာ ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့ ဆင်ခြင်ပုံ (၁၀) ဂါထာ၏ အကျဉ်းချုပ် မြန်မာပြန်ပါပဲ။ အဲဒီအတိုင်း ဆင်ခြင်ပြီး အမျက်ဒေါသကို ငြိမ်းစေရမယ်-တဲ့။ ဆင်ခြင်ပုံတွေကတော့ အလွန်နက်နဲပါတယ်။ ဒါပေမယ့် လေးနက်သောဆင်ခြင်ပုံများ ဖြစ်တဲ့အတွက် ဒီနေရာမှာ ထုတ်ပြလိုက်တာပါပဲ။

ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြောင်း ဆင်ခြင်၍ငြိမ်းစေပုံ

အဲဒီဂါထာ ၁၀-ပုဒ်အရ ဆင်ခြင်၍ အမျက်ဒေါသ မငြိမ်း

http://www.dhammadownload.com

သေးရင် ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြောင်း ဆင်ခြင်၍ငြိမ်းစေရမယ်တဲ့။ ဆင်ခြင်ပုံကတော့ မေတ္တာဘာဝနာကို ပွားနေသော အမောင်ယောဂီ၊ သင်က ဟိုလူကို အမျက်ထွက်ပြီး ဘာလုပ်မလို့လဲ။ အမျက်ဒေါသ အရင်းခံပြီး ပြုမိတဲ့ကံဟာ သင်၏ အကျိုးမဲ့အတွက်သာ ဖြစ်မည် မဟုတ်ပါလော။ ဟုတ်တယ်လေ၊ သင့်မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတာပဲ။ ကံ၏ အကောင်းအဆိုးအမွေကို ခံယူရမှာပဲ။ ချမ်းသာဖို့, ဆင်းရဲဖို့ရာ သင်ပြုတဲ့ကံသာလျှင် ဆွေမျိုးလည်းဖြစ်, ကိုးကွယ်ရာလည်း ဖြစ်တယ်။ သင်ပြုမိတဲ့ကံ၏ ကောင်းကျိုးဆိုးကျိုး အမွေကို သင်ခံယူရမှာပဲ။ အမျက်ဒေါသမှီပြီးဖြစ်တဲ့ သင့်အမှုကံဟာ မဂ် ဖိုလ်ရကြောင်းလည်း မဟုတ်။ နတ်ချမ်းသာ လူချမ်းသာကို ရကြောင်းလည်း မဟုတ်၊ ဝရဲဒုက္ခစသည်တို့ကို ခံစားရကြောင်းသာ ဖြစ်သည်။ သင် ဟာ ဒီအမျက်ဒေါသကံကို ပြုနေလျှင် "သူတစ်ပါးကို ပုတ်ခတ် နှိပ်စက်ရန် မီးကျီခဲ, မစင်တို့ကို ကိုင်ယူမိသောသူတို့မှာ မိမိကိုယ်ကို ရှေးဦးပူလောင်စေ, လူးလဲညစ်ပေစေသကဲ့သို့ပင်" ဖြစ်လိမ့်မည်။

ရန်သူလို့ အသိအမှတ်ပြုထားသော သူတစ်ပါးကိုလည်း ဆင်ခြင်ကြည့်ပါဦး။ အဲဒီလူဟာ သင့်အား အမျက်ထွက်ပြီး ဘာကို လုပ်နိုင်ပါ့မလဲ။ အဲဒီအမျက်ဒေါသဟာ အဲဒီလူ၏ အကျိုးမဲ့အတွက်သာ ဖြစ်မည်မဟုတ်ပါလော။ သူလည်း သူ့ကံသာ ကိုယ်ပိုင်ဥစ္စာရှိတာပဲ။ သူပြုတဲ့ကံ၏ ကောင်းကျိုးဆိုးကျိုးအမွေကို သူသာ ခံယူသွားရှာရမှာပဲ။ အဲဒီဒေါသကံဟာ သူ့မှာ မဂ်ဖိုလ်ရကြောင်းလည်း မဟုတ်ဘူး။ နတ်ချမ်းသာ, လူချမ်းသာရကြောင်းလည်း မဟုတ်ဘူး။

http://www.dhammadownload.com

ငရဲဒုက္ခ စသည် တို့ကို ခံစားရကြောင်းသာ ဖြစ်တယ်။ အဲဒီ အမျက်ဒေါသကံကို ပြုတဲ့ အဲဒီရန်သူမှာ "လေအောက်ကနေပြီး လေညာကလူကို ဖုန်မှုန့်ဖြင့် ပက်ဖြန်းလျှင် ပက်ဖြန်းသူ၏ ကိုယ်ပေါ်မှာသာ ပြန့်ကြဲကျသလို" သူပြုတဲ့ကံဟာ သူ့အပေါ်မှာသာ ပြန်ကျမှာပဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဟောတော်မူခဲ့တယ် မဟုတ်လား။

"တစ်စုံတစ်ယောက်သောလူမိုက်သည် မပြစ်မှားအပ်သော သန့်ရှင်းစင်ကြယ်သူအား ပြစ်မှားလျှင် ထိုမကောင်းမှုသည် ပြစ်မှားသော သူမိုက်ထံသို့သာ ပြန်လာ၏။ ဥပမာ -လေညာအရပ်ဆီသို့ ပစ်လွှင့်လိုက်သည့် သိမ်မွေ့သောမြူမှုန့်သည် ပစ်လွှင့်သူထံ ပြန်လာ သကဲ့သို့ပင်တည်း"-တဲ့။

ဘုရားအလောင်းအကျင့်ဂုဏ် ဆင်ခြင်၍ ငြိမ်းစေပုံ

အဲဒီလို ဆင်ခြင်၍ဒေါသမငြိမ်းသေးရင် ဗုဒ္ဓမြတ်စွာဘုရား၏ အလောင်းတော်ဘဝက အကျင့်ဂုဏ်ကို ဆင်ခြင်စေပြီး ငြိမ်းစေရမယ်-တဲ့။ ဆင်ခြင်ပုံကတော့ -

ဘုရားတပည့်ဖြစ်တဲ့ အမောင်ယောဂီ၊ သင့်ဆရာဖြစ်တော်မူတဲ့ ဗုဒ္ဓမြတ်စွာဘုရားဟာ အလောင်းတော်ဘဝတုန်းကတောင် လေးသခြေ်နှင့်ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်နေစဉ်မှာပင် အမျိုးမျိုးသောသူသတ်သမား ရန်သူတို့၌သော်လည်း ဒေါသဖြင့် စိတ်ကို မပျက်စေဘဲ သည်းခံတော်မူခဲ့ပေသည်။ သည်းခံပုံတွေကိုတော့ (သီလဝဏတ်ကို ဝိသုဒ္ဓိမဂ်၌စ၍ ပြထားသည်။

http://www.dhammadownload.com

ဒီမှာတော့) ခန္ဓိဝါဒီ ဇာတ်ကစပြီး ပြသွားမယ်။

ခန္ဓိဝါဒီရသေ့ကြီး သည်းခံပုံ

ရှေးတုန်းက ဗာရာဏသီပြည် (မြို့) မှာ ကလာဗုဆိုတဲ့ မင်းအုပ်စိုးစဉ်က ဘုရားအလောင်းတော်ဟာ ကုဋေ ၈၀-ကြွယ်ဝတဲ့ ပြာဟ္မဏမျိုးမှာဖြစ်ခဲ့တယ်။ မိဘများ ကွယ်လွန်သွားတဲ့အခါ ကျန်ရစ်တဲ့ ပစ္စည်းဥစ္စာတွေကို ကြည့်ပြီးတော့ "ငါ၏မိဘများဟာ ဒီပစ္စည်းဥစ္စာတွေကို စုဆောင်းရုံသာ စုဆောင်းထားခဲ့ကြတယ်။ ယူမသွားနိုင်ကြဘူး။ ငါကတော့ ဒါတွေကို ယူသွားမယ်" လို့ စဉ်းစားပြီး ထိုက်တန်တဲ့ ပုဂ္ဂိုလ်များအား ထိုက်တန်တဲ့ပစ္စည်းဥစ္စာတွေကို ပေးလှူတယ်။ ပေးလှူပြီးတော့ တောထွက်ရသေ့ပြုပြီး ဟိမဝန္တာတောအရပ်မှာ သီတင်းသုံးနေတယ်။ တောထဲမှာ သစ်သီးမျှကိုသာ သုံးဆောင်ရတယ်။ ဆားမရှိဘူး။ ဒါကြောင့် အာဟာရဓာတ်ပြည့်ဝစေရန်အတွက် ဆားနှင့်အချဉ်များကို သုံးဆောင်ရန် လူနေရွာများသို့ လာရောက်ခဲ့တယ်။ နောက်ဆုံးမှာ ဗာရာဏသီမြို့သို့ ရောက်လာခဲ့တယ်။ မြို့ထဲ ဆွမ်းခံကြွတဲ့အခါ စစ်ဗိုလ်ချုပ်ကြီးက ကြည်ညိုတာနဲ့ ပင့်ပြီး ဆွမ်းများကိုလည်း လှူတယ်။ လှူပြီးတော့ ဘုရင့်ဥယျာဉ်တော်ဆီမှာ သီတင်းသုံးဖို့ လျှောက်တယ်။ အဲဒီလျှောက်ချက်အရ ဘုရားအလောင်းတော် ရသေ့ကြီးဟာ ဘုရင့်ဥယျာဉ်တော်မှာ သီတင်းသုံး နေတော်မူတယ်။

အဲဒီလိုနေစဉ်အတွင်းမှာ တစ်နေ့သောအခါ ကလာဗုဘုရင်က ဥယျာဉ်တော်သို့ ပျော်ပွဲခံရန် မိဖုရားမောင်းမအခြွေအရံများ

http://www.dhammadownload.com

နှင့်တကွ ထွက်လာတယ်။ မင်္ဂလာကျောက်ဖျာပေါ်မှာ ပျော်ပွဲကျင်းပတယ်။ ဘုရင်က သူချစ်တဲ့ အမျိုးသမီးတစ်ယောက်၏ ပေါင်ပေါ်မှာ ခေါင်းအုံးပြီး လျောင်းစက်ရင်း သီဆိုကခုန်ကြတာကို ကြည့်ရှုနေတယ်။ နန်းတွင်းသူ ကခေျသည်များက တီးမှုတ်ကခုန်ပြီး ဖျော်ဖြေနေကြတယ်။ ဘုရင်က အိပ်မောကျသွားတယ်။ အဲဒီအခါ တီးမှုတ်ကခုန် ဖျော်ဖြေနေကြတဲ့ အမျိုးသမီးတွေက တို့အရှင်သခင် အိပ်ပျော်နေရင် မလိုတော့ဘူးဆိုပြီး တီးမှုတ်ကခုန်မှုကို ရပ်နားပြီး တော့ ဥယျာဉ်ထဲ လျှောက်လှည့်ကြည့်ကြတယ်။ အဲဒီလို ကြည့်ရှုလှည့်လည်နေရင်း ဘုရားအလောင်းရသေ့ကြီးကို တွေ့မြင်ကြတော့ တရားစကား ကြားနာရန် ရသေ့ကြီးထံ ဆည်းကပ်ကြတယ်။ သင့်လျော်တဲ့ တရားစကားဟောကြားဖို့လည်း တောင်းပန်ကြတယ်။ အဲဒီတော့ ရသေ့ကြီးက သင့်လျော်တဲ့တရားစကားကို ပြောဟောနေတယ်။

အဲဒီအခါ ဘုရင်၏ ခေါင်းအုံးအဖြစ်ဖြင့် ပြုစုနေတဲ့ အမျိုးသမီးက မင်းကြီးနိုးလာစေရန် လှုပ်ရှားပြုပြင်လိုက်တယ်။ မင်းကြီးက နိုးလာတဲ့အခါ သူ့အခြေအရံ မောင်းမတွေကို မမြင်တွေ့ရတာနဲ့ ဘယ်သွားကုန်ကြသလဲလို့ မေးတယ်။ ရသေ့ကြီးထံ သွားရောက်နေကြကြောင်း၊ အဲဒီအမျိုးသမီးက ပြောတယ်။ အဲဒီတော့ ဘုရင်မင်းမြတ်က မနာလိုဝန်တိုပြီး ဒေါသအကြီးအကျယ်ဖြစ်တဲ့အတွက် သန်လျက်ဓားရှည်ကိုကိုင်ယူကာ ကောက်ကျစ်တဲ့ရသေ့ကို ဆုံးမမယ်လို့ ကြုံးဝါးပြီး ရသေ့ကြီးထံ လျင်မြန်စွာသွားတယ်။

အဲဒီအခါ အလွန်ရင်းနှီးချစ်ခင်အပ်တဲ့ မောင်းမတစ်

http://www.dhammadownload.com

ယောက်က မင်းထံမှ သန်လျက်ကို ယူပြီး ဒေါသဗြိမ်းအောင် ဖျောင်းဖျပြောဆိုတယ်။ ဒါပေမယ့် ကလာဗုမင်းက အမျက်ဒေါသ ကောင်းကောင်းမပြေပါဘူး။ ဒါကြောင့် ဘာဝါဒရှိသလဲလို့ ရသေ့ကြီးကို မေးတယ်။ ရသေ့ကြီးက ခန္ဓာဝါဒရှိတယ်လို့ ဖြေတယ်။ ခန္ဓာ ဆိုတာ ဘာလဲလို့ မေးပြန်တယ်။ ဆဲဆိုကြိမ်းမောင်းတဲ့သူ၊ ပုတ်ခတ် နှိပ်စက်တဲ့သူတို့၌ အမျက်မထွက်ဘဲ နေတာကို ခန္ဓာခေါ်တယ်လို့ ဖြေတယ်။ ဒါဖြင့် သင့်မှာ ခန္ဓာ = သည်းခံခြင်းရှိပုံကို စမ်းသပ်ကြည့်ရှုမယ်ဆိုပြီးတော့ သူသတ်သမားအား ဒီလို အမိန့်ပေးတယ်။ ဒီရသေ့ပျက် ခိုးသူကို ကိုင်ဆွဲပြီး မြေပြင်မှာ လဲချ၊ ရှေ့, နောက်, နံဘေး နှစ်ဖက်ဆိုတဲ့ လေးဌာနမှ ဆူးရှိတဲ့ ကြိမ်ဖြင့် အချက်ပေါင်း နှစ်ထောင်ရိုက်ရမယ်လို့ အမိန့်ပေးတယ်။

သူသတ်သမားက မင်း၏အမိန့်အတိုင်း ခန္ဓာဝါဒီ ရှင်ရသေ့ကို ကြိမ်ဖြင့် အချက်ပေါင်း နှစ်ထောင်ရိုက်နှက်ပါသတဲ့။ ကြိမ်ဒဏ် အချက်နှစ်ထောင် ရိုက်နှက်ခံရတယ်ဆိုတော့ သေဖို့ရာရှိတော့ တာပဲ။ ဒါပေမယ့် မသေအောင် လျှော့ရိုက်လို့လား၊ ရသေ့ကြီး၏ ခန္ဓာဝုဏ်ကြောင့်လားတော့ မပြောတတ်ဘူး။ မသေသေးဘဲလည်း ရှိနေတာပဲ။ သို့ပေမယ့် အချက်ပေါင်းနှစ်ထောင် အရိုက်ခံရတဲ့ အတွက် ရသေ့ကြီးကိုယ်မှာ အပေါ်ရေ အပါးအထူတွေလည်း ပြတ်ကုန်တယ်။ အသားတွေလည်း ပြတ်ကုန်တယ်။ သွေးတွေလည်း ယိုထွက်နေပါသတဲ့။ ဘယ်လောက်နာကျင်ရှာမလဲဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။ ဒါပေမယ့် အဲဒီလို ရိုက်မိန့်ပေးတဲ့ မင်းအပေါ်မှာရော၊ ရိုက်နှက်တဲ့ သူသတ်သမားအပေါ်မှာရော၊

http://www.dhammadownload.com

ရှင်ရသေ့မှာတော့ အမျက်ထွက်ခြင်း၊ ပြစ်မှားခြင်း မရှိဘူးတဲ့။ အဲဒါဟာ ဘာမျှ အပြစ်မရှိဘဲနဲ့ နှိပ်စက်ကြတာပဲ။ စိတ်ဆိုးစရာ, ပြစ်မှားစရာတော့ အလွန် ကောင်းတာပဲ။ အဲဒါတွေကို သည်းခံနေနိုင်တာဟာ မေတ္တာပွားနေတဲ့ ယောဂီအတွက် အတုယူစရာပါပဲ။

အဲဒီလို မသေသေးဘဲ ရှိနေတဲ့အခါ မင်းက ဘာဝါဒရှိသလဲလို့ မေးပြန်တယ်။ ရှင်ရသေ့က "ခန္ဓိဝါဒရှိပါတယ်။ အသင်မင်းက ခန္ဓိကို ငါ၏အရေထဲ ရှိတယ်လို့ ထင်နေသလား။ အရေကြားထဲမှာ မရှိပါဘူး။ ခန္ဓိ သည်းခံခြင်းက ငါ၏နှလုံးထဲမှာ တည်ရှိနေပါတယ်" လို့ ပြောတယ်။ အဲဒီတော့ ကလာဗုမင်းက ရှင်ရသေ့၏ လက်နှစ်ဖက်ကိုလည်း အဖြတ်ခိုင်းတယ်။ ခြေနှစ်ချောင်းကိုလည်း အဖြတ်ခိုင်းတယ်။ နားရွက်, နှာခေါင်းတွေကိုလည်း အဖြတ်ခိုင်းတယ်။ သူသတ်သမားကလည်း ခိုင်းတဲ့အတိုင်း ပုဆိန်ဖြင့် ရက်ရက်စက်စက် ခုတ်ဖြတ်တယ်။ ဖြတ်ပြီးတိုင်း, ပြီးတိုင်း ဘာဝါဒရှိသလဲလို့ မင်းက ထပ်ကာ ထပ်ကာ မေးတယ်။ ရှင်ရသေ့က ခန္ဓိဝါဒရှိကြောင်း၊ အဲဒီ ခန္ဓိက နှလုံးထဲမှာ တည်ရှိနေကြောင်း ဖြေကြားတယ်။ နောက်ဆုံးကျတော့ မင်းက "ကောက်ကျစ်တဲ့ရသေ့ သင့်ခန္ဓိကို သင်သာ ပင့်မပြီး ထိုင်နေပေတော့" လို့ ဆိုပြီးတော့ ခန္ဓိဝါဒီ ရှင်ရသေ့၏ ရင်ဘတ်ကို ခြေဖြင့် ကျောက်ကန်ပြီး ထွက်ခွာသွားပါသတဲ့။ အဲဒီလိုသွားတဲ့အခါ ဥယျာဉ်တံခါးဝကျတော့ အဲဒီ ကလာဗုမင်းလည်း မြေမျိုသွားတယ်။ အဝီစိငရဲမီးတွေက ပူလောင်ပြီး ငရဲသို့ ဆောင်သွားတယ်လို့လည်း အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

http://www.dhammadownload.com

အဲဒီကနောက် စစ်ဗိုလ်ချုပ်ကြီးက လာရောက်ပြီးတော့ ရှင်ရသေ့အား တိုင်းပြည်ကို စိတ်မဆိုးဖို့ တောင်းပန်တယ်။ အဲဒီအခါ ရှင်ရသေ့က ဒီလိုပြန်ကြားလိုက်ပါတယ်။

ယော မေ ဟတ္ထေ စ ပါဒေစ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။

စိရံ ဇီဝတု သော ရာဇာ၊ နဟိ ကုဇ္ဈန္တိ မာဒိသာ-တဲ့။

သေနာပတိ - စစ်ဗိုလ်ချုပ်ကြီး၊ ယော - အကြင်ကလာဗုမင်းသည်။ မေ - ငါ၏၊ ဟတ္ထေ စ - လက်တို့ကိုလည်းကောင်း၊ ပါဒေစ - ခြေတို့ကိုလည်းကောင်း၊ ကဏ္ဏနာသဉ္စ - နား, နှာခေါင်းတို့ကိုလည်းကောင်း၊ ဆေဒယိ-ခုတ်ဖြတ်စေ၏၊ သော ရာဇာ-ထိုကလာဗုမင်းသည်၊ စိရံ ဇီဝတု-ရှည်စွာ အသက်ရှင်လျက်ရှိပါစေ၊ ဟိ-စိတ်မဆိုးဘဲ ဤသို့ မေတ္တာပွားနိုင်ခြင်း၏ အကြောင်းကား၊ မာဒိသာ-ငါသို့သော သူတော်ကောင်းတို့သည်၊ နကုဇ္ဈန္တိ-အမျက်ထွက်ရိုး မရှိကြပါ။ ဝါ-အမျက်ထွက်ရိုး မရှိကြသောကြောင့် ဆုမွန်ကောင်းကို တောင်းလျက် မေတ္တာကို ပွားနိုင်ကြပါသတည်း-တဲ့။

ဘုရား၏ အဆုံးအမခံယူ၍ မေတ္တာပွားနေသော အမောင်ယောဂီ၊ သင့်အား ပြစ်မှားသောရန်သူသည် ကလာဗုမင်းလောက် ဆိုးသည်မဟုတ်ပါ။ ဆရာဘုရား၏ အလောင်းတော် ခန္ဓိဝါဒီရသေ့သည် ကလာဗုမင်း၏ အလွန်ယုတ်မာဆိုးသွမ်းသော ပြစ်မှားမှုကို အမျက်မထွက်ဘဲ သည်းခံသလိုပင် သင်လည်း အမျက်မထွက်ဘဲ သည်းခံသင့်သည် မဟုတ်ပါလော။

http://www.dhammadownload.com

ဓမ္မပါလသူဌေယ်ဝတ္ထု

ရှေးတုန်းက ဗာရာဏသီပြည်မှာ မဟာပတာပဆိုတဲ့ မင်းက အုပ်စိုးနေတယ်။ အဲဒီတုန်းက ဘုရားအလောင်းတော်ဟာ အဲဒီ မင်း၏ မိဖုရားကြီးဖြစ်တဲ့ စန္ဒာဒေဝီ၏ ဝမ်းတိုက်မှာ ပဋ္ဌိသန္ဓေ တည်နေပြီး ဖွားမြင်လာတယ်။ ဓမ္မပါလလို့ အမည်ပေးထားကြ တယ်။ အဲဒီဓမ္မပါလ မင်းသားကလေး ၇-လအရွယ်ရှိတဲ့အခါ မိခင် မိဖုရားကြီးက ရေချိုးပေးပြီး တန်ဆာဆင်ယင်ပေးလျက် ယုယုယယ ကစားနေတယ်။ အဲဒီအချိန်မှာ ဘုရင်မင်းကြီးက စန္ဒာဒေဝီမိဖုရား ကြီး၏ နေရာကို သွားတယ်။ မိဖုရားကြီးက သားကလေးကို ချစ်မြတ် နိုးတဲ့စိတ်တွေ အားကြီးနေတဲ့အတွက် လင်တော်မောင် ဘုရင်ကို မြင်ပါလျက် ထပြီး အရိုအသေမပြုမိဘဲ ရှိနေပါသတဲ့။

အဲဒီတော့ မဟာပတာပမင်းက "ဒီကောင်မဟာ ယခုပင် သားကိုမှီပြီး မာန်တက်နေတယ်။ သူ့သားကလေး ကြီးလာရင် ငါ့ကို ဘာမျှ ဂရုစိုက်မှာ မဟုတ်တော့ဘူး။ ယခုပင် ဒီသားကလေးကို သတ်ပစ်မှတော်မယ်" လို့ ကြံပြီး မျက်စိမျက်နှာများ ပျက်လျက် မင်းနေရာ ရာဇပလ္လင်သို့ ပြန်သွားတယ်။ သူသတ်သမားကို ခေါ် စေပြီးတော့ မိဖုရားကြီးထံမှ ဓမ္မပါလသူဌေယ်ကို ယူလာခဲ့ရန် အမိန့် ပေးတယ်။ မိဖုရားကြီးကလည်း ဘုရင်မင်း၏အရိပ်အကဲကို မြင်ရတဲ့အတွက် သူ့အပေါ်မှာ အမျက်ထွက်သွားကြောင်း သိရ တယ်။ ဒါကြောင့် ဓမ္မပါလသားငယ်ကို ရင်ခွင်မှာပိုက်ပြီး ငိုရှာနေ တယ်။

http://www.dhammadownload.com

အဲဒီလိုဝိုနေစဉ်မှာပဲ သူသတ်သမားက မင်း၏အမိန့်အရ ဖြင့် မိဖုရားကြီး၏ရင်ခွင်မှ ဓမ္မပါလသူငယ်ကို အတင်းလုယူလာခဲ့ တယ်။ စန္ဒာဒေဝီမိဖုရားကြီးကလည်း ငိုလျက်လိုက်ပါလာတယ်၊ မင်း၏ ရှေ့ရောက်တော့ ဒီကလေးကို ပျဉ်ချပ်ခုံတစ်ခုပေါ်မှာ တင် ထားလိုက်၊ ကလေးလေး၏ လက်မျှားကို ဖြတ်လိုက်လို့ အမိန့်ပေး တယ်။ စန္ဒာဒေဝီက ကလေးမှာ အပြစ်မရှိပါဘူး၊ ကျွန်တော်မမှာ သာ အပြစ်ရှိပါတယ်၊ ကျွန်တော်မ၏လက်ကိုသာ ဖြတ်ပါလို့ တောင်းပန်တယ်။ တောင်းပန်ပေမယ့် မရပါဘူး။ မင်းက အတင်း အဖြတ်ခိုင်းတာပါပဲ။ လူသတ်သမားကလည်း မင်း၏အမိန့် အတိုင်းပင် ၇-လသား ဓမ္မပါလသူငယ်လေး၏ လက်မျှားကို ပုဆိန်ဖြင့် ရက်ရက် စက်စက် ဖြတ်ရတယ်။ ဓားထက်ထက်ဖြင့် ဝါးမျှစ်နုကလေးများကို ဖြတ်ရသလိုပင် လက်နှစ်ချောင်းလုံး ပြတ် သွားပါရောတဲ့။ ဒါပေမယ့် ဘုရားအလောင်း သူငယ်ကလေး ကတော့ စိတ်ဆိုးခြင်း, ငိုယိုခြင်း မရှိဘဲ သည်းခံနေရှာပါသတဲ့။ ဒါကြောင့် အဋ္ဌကထာမှာ ဒီလိုပြဆို ထားပါတယ်။

သော-ထိုဓမ္မပါလ သူငယ်သည်၊ ဟတ္ထေသု ဆိဒ္ဓမာနေသု-လက်တို့ကို ဖြတ်အပ်ကုန်လတ်သော်၊ ဝါ-ဖြတ်နေစဉ်၊ နေဝရောဒီ-ငိုလည်းမငိုး၊ နပရိဒေဝိ-မြည်လည်းမမြည်တမ်း၊ ခန္ဓိဋ္ဌ-သည်းခံခြင်း ကိုလည်းကောင်း၊ မေတ္တာဋ္ဌ-သူတစ်ပါးအား ချမ်းသာစေလိုခြင်းကို လည်းကောင်း၊ ပုရေစာရိကံ ကတွာ-ရှေ့သွားပြု၍၊ အဓိဝါသေသိ-သည်းခံနေလေသည်-တဲ့။

မိခင်ဖြစ်တဲ့ စန္ဒာဒေဝီမိဖုရားကြီးကတော့ လက်ပြတ်

http://www.dhammadownload.com

ကလေးများကို ကောက်ယူကာ ရင်ခွင်မှာ ပွေ့ပိုက်ပြီး ငိုကြွေးနေရှာပါသတဲ့။ အဲဒီကနောက် ခြေနှစ်ချောင်းကိုလည်း ဖခင်ဖြစ်တဲ့ မဟာပတာပမင်းက အဖြတ်ခိုင်းတယ်။ မိခင်စန္ဒာဒေဝီက တောင်းပန်တယ်။ ခြေများကို ဖြတ်ပြီးတော့ ဓမ္မပါလ သားသူငယ်၏ ခေါင်းကို ဖြတ်ခိုင်းပြန်တယ်။ မိခင်စန္ဒာဒေဝီက တောင်းပန်တယ်။ ဒါပေမယ့် မရပါဘူး။ အတင်း ဖြတ်ခိုင်းတဲ့အတွက် လူသတ်သမားက မင်း၏ အမိန့်အတိုင်း သူငယ်၏ခေါင်းကို ဖြတ်လိုက်တာပါပဲ။ ခေါင်းဖြတ်ပြီးလို့ သေပြီးတဲ့နောက်တောင် သူငယ်ကလေး၏ကိုယ်ကို အပေါ်သို့ မြှောက်လိုက်ပြီးတော့ သန်လျက်အချွန်ဖြင့် ခံလင့်ပြီး အသိမာလာခေါ်တဲ့ သန်လျက်ပန်း လုပ်စေပြန်သေးတယ်တဲ့။ ဒီလောက်ထိ အောင် မိုက်တဲ့ ရက်စက်ယုတ်မာတဲ့ ဖခင်ကတော့ ရှိတယ်လို့ တောင် ယုံကြည်စရာမကောင်းပါဘူး။ ဒါပေမယ့် ဒေါသ၏ကျွန်ဖြစ်နေကြတဲ့ ပုထုဇဉ်တွေထဲမှာ ဒီလိုလူလည်း ရှိနိုင်တာပါပဲ။ရှိနိုင်လို့ပင် ဒီဓမ္မပါလ၏ဖခင် မဟာပတာပမင်း၏ ဆိုးဝါးရက်စက်ပုံကို ပြဆိုထားတာပဲ။ အဲဒီအခါမှာ မိခင်ဖြစ်သူ စန္ဒာဒေဝီဟာလည်း ငိုနေရင်း လွမ်းနာကျပြီး သေသွားရှာပါသတဲ့။ မဟာပတာပ မင်းလည်း သူ့ ရာဇာပလ္လင်ပေါ်မှ ကျလာတယ်။ ကျရာကြမ်းပြင်မှာလည်း ပေါက် ပြီး မြေပြင်သို့ကျသွားတယ်။ မြေပေါ်ရောက်တော့ မြေမျိုပြီး အဝီစိ ငရဲ ကျရောက်သွားပါသတဲ့။

ဓမ္မပါလသူငယ်ကတော့ သေခါနီးအထိ အမျက်ထွက်ခြင်းပြစ်မှားခြင်းမရှိဘဲ၊ သည်းခံနေနိုင်လျက်ပင် သေဆုံးသွားရပါသတဲ့၊ အဲဒီဖြစ်ပုံကို ထောက်ဆကြည့်ရင် မေတ္တာဘာဝနာကို ပွားနေတဲ့

http://www.dhammadownload.com

ယောဂီဟာ ဓမ္မပါလသူငယ်လိုပင် အမျက်မထွက်ဘဲ၊ စိတ်မဆိုးဘဲ၊ မပြစ်မှားဘဲ သည်းခံနေနိုင်စရာပါပဲ။

ဆင်, မျောက်, နဂါးတို့၏ သည်းခံပုံ

ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းဟာ အဆိပ်လူးတဲ့ မြားဖြင့် ပစ်သတ်တဲ့ မုဆိုးကိုတောင်မှ အမျက်မထွက်၊ မပြစ်မှားဘဲ သည်းခံကြောင်းကို ဆင်ခြင်ရန် ဝိသုဒ္ဓိမဂ်၌ ပြထားပါတယ်။

မဟာကပိဆိုတဲ့ မျောက်ကြီးဟာ ချောက်ထဲမှ မတက်နိုင်ဘဲ ဒုက္ခရောက်နေတဲ့လူကို ကယ်တင်ခဲ့တယ်။ တစ်နေရာ၌ ခေတ္တအိပ်ပျော်နေတဲ့။ ကျေးဇူးရှင်မျောက်ကြီးကို အဲဒီလူက ကျောက်ခဲဖြင့် ထုသတ်တယ်၊ ဒါပေမယ့် မျောက်ကြီးက စိတ်မဆိုး၊မပြစ်မှားဘဲ အဲဒီလူကို ဘေးမဲ့ရာ လွှဲနယ်ပယ်သို့ရောက်အောင် ညွှန်ကြားလိုက်ပို့ကြောင်းကိုလည်း ပြထားပါတယ်။

ဘူရိဒတ်ဆိုတဲ့ နဂါးနဲ့ စမ္မေယျဆိုတဲ့ နဂါးတွေဟာ ဥပုသ်သီလ ကျင့်သုံးနေစဉ်မှာ အလမ္ဘာယ်ဆရာက ဖမ်းယူပြီး နှိပ်လည်းနှိပ်စက်တယ်။ ထိုထို မြို့ရွာတွေကို ဆောင်ယူသွားပြီးတော့ အလမ္ဘာယ်လည်း ပြတယ်။ အဲဒီနဂါးတွေဟာ အလွန်အဆိပ်ပြင်းထန်တဲ့ နဂါးတွေပဲ၊ သူတို့က စိတ်ဆိုးပြီး မျက်စိဖြင့် ကြည့်ရုံ၊ အခိုးလွှတ်ရုံဖြင့် လူတွေကိုပြာကျစေနိုင်တယ်၊ သေစေနိုင်တယ်။ ဒါပေမယ့် အဲဒီနဂါးများက အလမ္ဘာယ်ဆရာကို မပြစ်မှားဘဲ သည်းခံနေကြကြောင်းလည်း ဆင်ခြင်ဖို့ ဝိသုဒ္ဓိမဂ်မှာ ပြထားပါတယ်။

http://www.dhammadownload.com

အရှင်ပုဏ္ဏား၏နှလုံးသွင်း သည်းခံပုံ

သုနာပရန္တတိုင်းသား အရှင်ပုဏ္ဏာက မြတ်စွာဘုရားကို အကျဉ်းချုပ်အားဖြင့် တရားဟောရန် တောင်းပန်လျှောက်ထားတယ်။ ဒါကြောင့် မြတ်စွာဘုရားက အရှင်ပုဏ္ဏာအား ဒီလိုဟောကြားတော်မူပါတယ်။

ချစ်သားပုဏ္ဏာ၊ မျက်စိဖြင့် မြင်သိနိုင်တဲ့ လိုချင်နှစ်သက်ဖွယ်, မြတ်နိုးဖွယ်, ချစ်ဖွယ် အဆင်းရုပ်များရှိကြသည်။ ယင်းအဆင်းတို့သည် လိုချင်မှုနှင့်လည်းစပ်ဆိုင်ကြသည်။ တပ်မက်ဖွယ်လည်း ဖြစ်ကြသည်။ ထိုသို့သော အဆင်းရုပ်ကို နှစ်သက်လက်ခံလျှင် ချီးမွမ်းနိုင်အောင် သဘောကျလျှင် သိမ်းပိုက်ဆုပ်ကိုင်ထားလျှင် နန္ဒီခေါ် ပျော်မွေ့မှုဖြစ်သည်။ ချစ်သားပုဏ္ဏာ၊ ပျော်မွေ့မှုဖြစ်ခြင်းကြောင့် ဆင်းရဲ ဖြစ်သည်ဟု ငါဟောသည်။ (အသံ၊အနံ့၊အရသာ၊ အတွေ့သဘော အာရုံတို့၌လည်း နည်းတူပင် ဟောတော်မူသည်)။

ချစ်သားပုဏ္ဏာ၊ ဆင်းရဲချုပ်ပုံကတော့-မျက်စိဖြင့် မြင်သိနိုင်တဲ့ လိုချင်နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်တဲ့ ထိုသို့သောအဆင်းကို မနှစ်သက် လက်မခံလျှင်, ချီးမွမ်းနိုင်အောင် သဘောမကျလျှင်, သိမ်းပိုက်ဆုပ်ကိုင်မထားလျှင် နန္ဒီခေါ် ပျော်မွေ့မှုချုပ်သည် (ဖြစ်ခွင့်မရှိ-ဟုဆိုလို၏)။ချစ်သားပုဏ္ဏာ၊ ပျော်မွေ့မှုချုပ်ခြင်းကြောင့် ဒုက္ခချုပ်ခြင်းပြီးစီးသည်ဟု ငါဟောသည်၊ (အကျဉ်းချုပ်၍ ပြန်သည်။ အသံ,အနံ့စသည်တို့၌လည်း နည်းတူပင် ဟောတော်မူသည်။)

ချစ်သား ပုဏ္ဏာ၊ ငါ့ဘုရားက သင့်ကို ဤအကျဉ်းချုပ်သြဝါဒ

http://www.dhammadownload.com

ဖြင့် ဆုံးမညွှန်ကြားပြီးပြီ။ ထိုအကျင့်ချုပ် ဩဝါဒကို လက်ခံရရှိပြီး သော သင်သည် အဘယ်နယ်ပယ်အရပ်၌ နေပါမည်နည်း။ မြတ်စွာ ဘုရား၊ ဇမ္ဗူဒီပခေါ် အိန္ဒိယနိုင်ငံ၏ အနောက်ဘက်အစွန်းဖြစ်၍ သုနာပရန္တခေါ်သော နယ်ပယ်ရှိပါသည်၊ ထိုနယ်ပယ်အရပ်၌ နေ ထိုင်ပါမည်ဟု အရှင်ပုဏ္ဏက လျှောက်တယ်။

ချစ်သားပုဏ္ဏ၊ သုနာပရန္တတိုင်းသားလူတို့သည် ကြမ်းတမ်း ခက်ထန်ကြ၏။ သူတို့က သင့်ကို ဆဲဆို ကြိမ်းမောင်းကြလျှင် သင့်မှာ ဘယ်လိုမျှားဖြစ်မလဲ။ အကယ်၍ သုနာပရန္တတိုင်းသားတို့က ဆဲဆို ကြိမ်းမောင်းကြလျှင် ဘုရားတပည့်တော်က ဒီလိုနှလုံးသွင်းပါမည်။ သုနာပရန္တတိုင်းသားတွေဟာ တော်ကြပါပေတယ်။ သူတို့က ဆဲဆို ကြိမ်းမောင်းရုံမျှပဲ၊ လက်ဖြင့်တော့ မပုတ်ခတ်ကြသေးလို့ တော်ကြ ပါပေတယ်လို့ နှလုံးသွင်းပါမည် ဘုရားဟု လျှောက်တယ်။

အကယ်၍ လက်ဖြင့်ပုတ်ခတ်ကြလျှင်ရော ဘယ်လိုနှလုံး သွင်းမလဲ။ သုနာပရန္တတိုင်းသားတွေဟာ လက်ဖြင့်ပုတ်ခတ်ကြသော် လည်း ခဲဖြင့် မပေါက်ကြသေးတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမည်ဘုရား။

ခဲဖြင့်ပေါက်ကြရင်ရော ဘယ်လိုနှလုံးသွင်းမလဲ။ တုတ်ဖြင့် မရိုက်ကြသေးတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမည် ဘုရား။

တုတ်ဖြင့်ရိုက်ကြရင်ရော ဘယ်လိုနှလုံးသွင်းမလဲ၊ ဓားဖြင့် မခုတ်ကြသေးတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမည် ဘုရား။

http://www.dhammadownload.com

ဓားဖြင့် ခုတ်ကြရင်ရော ဘယ်လိုနှလုံးသွင်းမလဲ။ ဓားဖြင့် ခုတ်ကြသော်လည်း ဓားဖြင့်သေအောင် မသတ်ကြတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမည်ဘုရား။

ဓားဖြင့်သေအောင် ခုတ်ကြရင်ရော ဘယ်လိုနှလုံးသွင်းမလဲ။ မြတ်စွာဘုရား၏ တပည့်သာဝကတွေထဲက အချို့ရဟန်းတော်များဟာ ရုပ်ကိုယ်နှင့် အသက်ကို ရွံ့မုန်းစက်ဆုပ်ကြသောကြောင့် ကိုယ့်ဟာကိုယ်သတ်ပြီး သေရအောင် သေစေနိုင်သော ဓားလက်နက်ကို ရှာကြရကြောင်း ကြားသိရတယ်။ယခုငါ့မှာ မရှာရဘဲနဲ့ သေစေနိုင်တဲ့ ဓားလက်နက်ဖြင့် သတ်ခြင်းကို ရပါပေတယ်လို့ နှလုံးသွင်းပါမည် ဘုရားလို့ အရှင်ပုဏ္ဏက လျှောက်ပါတယ်။

အဲဒီ အရှင်ပုဏ္ဏဟာ သုနာပရန္တတိုင်းသို့သွားပြီး ကျင့်သုံးနေတယ်။ အဲဒီဝါတွင်းမှာပဲ ရဟန္တာဖြစ်တော်မူပါတယ်တဲ့။

ဒီသုတ်ထဲမှာ အရှင်ပုဏ္ဏာ၏ နှလုံးသွင်းပုံကို ဆင်ခြင်ပြီးတော့ ယောဂီဟာ အမျက်ဒေါသကို ပြေငြိမ်းစေနိုင်ဖွယ်ရှိပါတယ်။

ဘုရားလောင်းတို့၏ အကျင့်ဂုဏ်ကို ဆင်ခြင်၍ ဒေါသကို မငြိမ်းစေနိုင်သေးရင် မေတ္တာ၏အကျိုးအာနိသင် ၁၁-ပါးကို ဆင်ခြင်ရမယ်လို့ ဝိသုဒ္ဓိမဂ်က ပြဆိုထားပါတယ်။ အဲဒီ အကျိုး ၁၁-ပါးကိုတော့ ဒီတရားတော် ပထမပိုင်း အဆုံးနားမှာ ထုတ်ပြခဲ့ပါပြီ။ မေတ္တာပွားနေတဲ့ သင်ယောဂီဟာ ဒေါသစိတ်ကို မငြိမ်းစေနိုင်ရင် အဲဒီမေတ္တာ၏ အကျိုးအာနိသင်များကို မရဘဲ ဆုံးရှုံးရလိမ့်မယ်လို့ ဆင်ခြင်ပြီးတော့ ဒေါသစိတ်ကို ငြိမ်းစေရမယ်-တဲ့။

http://www.dhammadownload.com

ဓာတ်ခွဲဆင်ခြင်၍ ဒေါသငြိမ်းစေပုံ

အဲဒီလို ဆင်ခြင်လို့မှ ဒေါသမငြိမ်းသေးရင် ဓာတ်ခွဲဆင်ခြင်ရမယ်တဲ့။ ဓာတ်ခွဲဆင်ခြင်ပုံကတော့ မေတ္တာဘာဝနာပွားနေတဲ့ အမောင်ယောဂီ၊ သင်ဟာ ထိုသူကို အမျက်ထွက်စိတ်ဆိုးနေတာဟာ ဘာကိုစိတ်ဆိုးတာလဲ။ သူ့သန္တာန်က ဆံပင်တွေကို စိတ်ဆိုးတာလား။ ပ ။ ကျင်စွယ်ကို စိတ်ဆိုးတာလား၊ တစ်နည်းအားဖြင့် ဆံပင်စသည်တို့၌ ပထဝီဓာတ်ကို စိတ်ဆိုးတာလား။ အာပေါဓာတ်ကို၊ တေဇောဓာတ်ကို၊ ဝါယောဓာတ်ကို စိတ်ဆိုးတာလား။ တစ်နည်းအားဖြင့် ခန္ဓာငါးပါး အာယတန ၁၂-ပါး၊ ဓာတ် ၁၈ -ပါးတို့ကို စွဲမှီပြီး သင့်ရန်သူကို မည်သူဟု ခေါ်ရတယ်။ အဲဒီ စွဲမှီရာဖြစ်တဲ့ ခန္ဓာစသည်တွေထဲက ရူပ်ကို စိတ်ဆိုးတာလား။ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ စိတ်ဝိညာဏ်ကို စိတ်ဆိုးတာလား၊ သို့မဟုတ် စက္ခာယတနခေါ် မျက်စိကို စိတ်ဆိုးတာလား။ ရူပါယတနခေါ် အဆင်းကို စိတ်ဆိုးတာလား။ ပ ။ မနာယတနခေါ် စိတ်ကို စိတ်ဆိုးတာလား။ ဓမ္မာယတနခေါ် သဘောအာရုံကို စိတ်ဆိုးတာလား။ သို့မဟုတ် စက္ခုဓာတ်ခေါ် မျက်စိဓာတ်ကို စိတ်ဆိုးတာလား။ ရူပဓာတ်ခေါ် အဆင်းဓာတ်ကို၊ စက္ခုဝိညာဏဓာတ်ခေါ် မြင်သိစိတ်ကို စိတ်ဆိုးတာလား။ ပ ။ မနောဓာတ်ခေါ် ဆင်ခြင်စိတ် လက်ခံစိတ်ကို စိတ်ဆိုးတာလား။ ဓမ္မဓာတ်ခေါ် သဘောအာရုံကို၊ မနောဝိညာဏ ဓာတ်ခေါ် စိတ်ကို စိတ်ဆိုးတာလားလို့ ဓာတ်ခွဲပြီး ကြည့်ရမယ်။ အဲဒီလို ဓာတ်ခွဲကြည့်ရင်တော့

http://www.dhammadownload.com

အလွန်သိမ်မွေ့တဲ့ အပ်၏အဖျားခ်ြ မုန်ညင်းစေ့၏ တည်စရာ မရှိသကဲ့သို့လည်းကောင်း၊ ကောင်းကင်ခ်ြ ပန်းခ်ီဆေးရေး၏ တည်စရာ မရှိသကဲ့သို့လည်းကောင်း အမျက်ဒေါသ၏ တည်စရာမရှိတော့ ပါဘူး-တဲ့။

အပေးအယူဖြင့် ငြိမ်းစေပုံ

သုတနည်းလို့ ဓာတ်ခွဲကြည့်ရန် မစွမ်းနိုင်ရင် ပေးလျှဝေဖန်ခြင်းပြုရမယ်တဲ့။ မိမိ၏ပစ္စည်းကို မုန်းထားတဲ့ သူတစ်ပါးအား ပေးလျှရမယ်။ ထိုသူထံမှ ပစ္စည်းကို ခံယူရမယ်။ မုန်းထားတဲ့ သူတစ်ပါးက အာဇီဝသီလပျက်နေလျှင် မိမိပစ္စည်းကိုသာ ပေးရမယ်။ အဲဒီလို အပေးအယူလုပ်ရင် ထိုပုဂ္ဂိုလ်ခ်ြ ရန်ငြိုးဟာ ဧကန်ပင် ငြိမ်းပါတယ်တဲ့။ ရန်သူမှာလည်း အတိတ်ဘဝမှ ပါလာတဲ့ အမျက်ဒေါသတောင်မှ ငြိမ်းပါတယ်တဲ့။ ပုံစံကတော့ စိတ္တလတောင်ခ်ြ ပိဏ္ဍပါတိက မထေရ်ကို ရန်ငြိုးအားကြီးတဲ့ မထေရ်ကြီးက နေရာမှ ဖယ်ပေးရအောင် သုံးကြိမ်တိုင်တိုင် ပြုလုပ်ပါသတဲ့။ သံဃိကကျောင်းခ်ြ မထေရ်ကြီးဖြစ်သူအား ငယ်သူက နေရာဖယ်ပေးရန် တာဝန်ရှိပါတယ်။ အဲဒီတာဝန်ဝတ္တရားအရ မထေရ်ကြီးက ပိဏ္ဍပါတိကမထေရ်ကို နှောင့်ယှက်တဲ့သဘောပါပဲ။ အဲဒီရန်ငြိုးကို ပြေငြိမ်းစေရန်အတွက် ပိဏ္ဍပါတိက မထေရ်က "ဟောဒါဟာ ရှစ်ကျပ်တန်သပိတ် ပါဘုရား၊ တပည့်တော်၏ မယ်တော် ဥပါသိကာမကြီးက လှူထားတာပါ။ ဝိနည်းတရားတော်နှင့်အညီ ရထားတာပါ။ မယ်တော် ဥပါသိကာမကြီးမှာ ကောင်းမှုကုသိုလ်

http://www.dhammadownload.com

ရအောင် လက်ခံပြီး အသုံးပြုတော်မူပါဘုရား"လို့ လျှောက်ထားပြီး သပိတ်ကို လှူလိုက်ပါတယ်။ အဲဒီ သပိတ်ကို အလှူခံပြီးကတည်းက မထေရ်ကြီးမှာ ရန်ငြိုးတစ်ခါတည်း ငြိမ်းသွားပါသတဲ့။ ဒါကြောင့် -

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။

ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။-လို့ အဋ္ဌကထာ ဆရာတို့က မိန့်ဆိုထားပါတယ်တဲ့။

ဒါနံ - ပေးကမ်းလှူဒါန်းခြင်းသည်၊ အဒန္တဒမနံ - မယဉ်ကျေးသူ ရိုင်းစိုင်းသူတို့ကိုလည်း ယဉ်ကျေးစေတတ်၏၊ ဒါနံ - ပေးကမ်းလှူဒါန်းခြင်းသည်၊ သဗ္ဗတ္ထသာဓကံ - အလုံးစုံသော အကျိုးကို ပြီးစေတတ်၏။ (သီလကွန် အဋ္ဌကထာမှာတော့ အဒါနံ ဒန္တဒူသကံ - ဟုရှိ၏။ ထိုအလိုအားဖြင့် ပေးကမ်းသင့်သောသူအား မပေးကမ်းလျှင် ယဉ်ကျေးပြီး ခင်မင်ကြည်ညိုပြီးသူကို ပျက်စေတတ်၏လို့ အနက်ပြန်ရမှာပါပဲ။) ဒါနေန စ - ပေးကမ်းခြင်းဖြင့်လည်းကောင်း၊ ပိယဝါစာယ စ - ချစ်ဖွယ်ကောင်းခြင်းဖြင့်လည်းကောင်း၊ ဥန္နမန္တိ စ - ပေးကမ်းသူ ပြောဆိုသူတို့က မြင့်တက်၍လည်းသွားကုန်၏။ နမန္တိ စ - ခံယူသူ နာသူတို့က ပေးသူ ပြောဆိုသူသို့ လည်း ညွှတ်ကုန် ခင်မင်ကြည်ညိုကုန်၏-တဲ့။

သီမာသမ္ဘေဒဖြစ်ပုံ

ယခု ပြောပြခဲ့တဲ့အတိုင်း တစ်နည်းနည်းဖြင့် ရန်သူပုဂ္ဂိုလ် အပေါ်မှာ အမျက်ဒေါသ ပြေငြိမ်းသွားသောအခါ (၁) ရိုသေ

http://www.dhammadownload.com

လေးစားလျက် ချစ်အပ်သောပုဂ္ဂိုလ်၊ (၂) အလွန်ချစ်အပ်သော ပုဂ္ဂိုလ်၊ (၃) မချစ်မမုန်း အလယ်အလတ် ပုဂ္ဂိုလ်တို့၌ မေတ္တာစိတ် ဖြစ်သလိုပင် အဲဒီ ရန်သူပုဂ္ဂိုလ်၌လည်းမေတ္တာစိတ် မပြတ်ဖြစ်တော့ တာပါပဲ။ အဲဒီအခါမှာ မေတ္တာပွားနေတဲ့ ယောဂီက အဖန်ဖန် မေတ္တာကို ပွားစေလျက် မိမိကိုယ်, ချစ်အပ်သောပုဂ္ဂိုလ်, အလယ် အလတ်ပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်ဆိုတဲ့ လေးဦးသော ပုဂ္ဂိုလ်တို့၌ တူညီတဲ့ စိတ်ဖြစ်ခြင်းကို ပြီးစေလျက်၊ ၀ါ - ညီတူညီမျှ ချမ်းသာစေချင်တဲ့ စိတ်လည်း ဖြစ်စေလျက် သီမာသမ္မေဒခေါ် ပုဂ္ဂိုလ်ခွဲခြားတဲ့ နယ်ပယ် ပျက်ခြင်းကို ပြုအပ်သည်၊ ပြုရမည်-တဲ့။

ပုဂ္ဂိုလ်ခွဲခြားမှု နယ်ပယ်ပျက်ပုံကတော့ - မေတ္တာပွားနေသူ ရယ်၊ ချစ်အပ်တဲ့သူရယ်၊ အလယ်အလတ်လူရယ်၊ ရန်သူရယ် ဒီလေးယောက် တစ်နေရာ၌ အတူနေကြတယ် ဆိုပါတော့။ အဲဒီလို နေကြရာမှာ ခိုးသူလူဆိုးတွေက မေတ္တာပွားနေသူထံ လာရောက်ပြီး တော့ လည်ချောင်းသွေးဖြင့် ယဇ်နတ်ပူဇော်ရန်အတွက် တစ်ဦးကို ပေးဖို့ တောင်းခံလာတယ် ဆိုပါတော့။ အဲဒီလို တောင်းရာမှာ အဲဒီလေးဦးထဲက မည်သူကို ယူသွားကြပါလို့ ခွင့်ပြုရန် ကြံမိရင် သီမာသမ္မေဒ မဖြစ်သေးဘူး။ မိမိကိုယူသွားစေဖို့ ကြံရင်တောင် သီမာသမ္မေဒ မဖြစ်ဘူးတဲ့။ ဘာကြောင့်လဲဆိုရင် ယူသွားစေလို အပ်သောသူ၏ အကျိုးစီးပွားကို မလိုလားရာ ရောက်သောကြောင့် ပါပဲ-တဲ့။

အမှန်ကတော့ အဲဒီလေးဦးထဲက တစ်ဦးကိုမျှ လူဆိုးတို့အား

http://www.dhammadownload.com

ပေးသင့်သည်ဟု မထင်မြင်ဘဲ၊ မိမိကိုယ်တိုင်အပေါ် မှာရော၊ အခြားသုံးဦးအပေါ် မှာရော ညီတူညီမျှသာလျှင် ချမ်းသာစေလိုတဲ့ မေတ္တာစိတ်ဖြစ်နေရင် အဲဒီအခါမှာ သီမာသမ္ဘေဒ ဖြစ်ပါတယ်-တဲ့။ မိမိကိုယ်ရယ်၊ သူတစ်ပါးရယ်လို့လည်း နယ်ပယ်ကွဲပြားခြင်းမရှိဘူး။ ချစ်သူ, မုန်းသူ, အလယ်အလတ်ရယ်လို့လည်း နယ်ပယ်ကွဲပြားခြင်းမရှိဘူး။ ချမ်းသာစေလိုအပ်တဲ့ နယ်ပယ်တစ်မျိုးတည်းသာ ဖြစ်တယ်။ အဲဒါဟာ မူလက ကွဲပြားနေခဲ့တဲ့ (သီမာဆိုတဲ့) နယ်ပယ် ပျက်သွားတာပဲ။

မေတ္တာစျာန်သို့ရောက်ပုံ

ယခု ပြောခဲ့တဲ့အတိုင်း သီမာသမ္ဘေဒဖြစ်ပြီး ညီတူညီမျှ ချမ်းသာစေလိုတဲ့ မေတ္တာစိတ်ဖြစ်လျှင်ပင် မေတ္တာပွားနေတဲ့ ယောဂီဟာ နိမိတ်ကိုလည်း ရတယ်။ ဥပစာရစျာန်ကိုလည်း ရတယ်။ ဥပစာရ စျာန်သမာဓိကိုရပြီးတဲ့နောက် ထိုရပြီးအာရုံနိမိတ်ကိုပင် မှီဝဲပွားများလျက် အကြိမ်များစွာလေ့လာနေလျှင် မကြာမီပင် အပ္ပနာစျာန်သို့ ရောက်တယ်လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။ အဲဒီ အပ္ပနာစျာန်ဆိုတာ နှာ - ၂၈ မှာ ပြခဲ့တဲ့ စျာန်သုံးပါးပါပဲ။

အဲဒီ စျာန်များကို ရပြီးတဲ့အခါ ပထမပိုင်းတုန်းက ပြခဲ့တဲ့အတိုင်း ငါးရာ့နှစ်ဆယ့်ရှစ်သွယ် (၅၂၈ - သွယ်) မေတ္တာတွေကို မေတ္တာစျာန်၏အစွမ်းဖြင့် အစဉ်အတိုင်း မပြတ်မစဲ ပွားများနေနိုင်ပါတယ်။

မေတ္တာစျာန်များကို ရသည်တိုင်အောင် မေတ္တာဘာဝနာ

http://www.dhammadownload.com

ပွားစေပုံနှင့် ၅၂၈-သွယ် မေတ္တာစျာန်များ ဖြစ်နေပုံများကို ဒီကနေ့ ပြောနေလို့ ပြည့်စုံသွားပါပြီ။ ဒါကြောင့် ယခုလောလော ဆယ်မှာ ကုသိုလ်ဖြစ်, ပါရမီဖြစ် မေတ္တာကို ပွားပြီး ဒီကနေ့ တရားပွဲသိမ်းရမယ်။ ကဲ . . . လိုက်ဆိုကြရမယ်။ နှလုံးလည်း သွင်းကြရမယ်။ နောက်ပြီးတော့ ချမ်းသာကြပါစေလို့ နှလုံးသွင်းတဲ့စိတ်နဲ့ ရွတ်ဆိုတဲ့ ရှုပ်တွေ ကုန်ဆုံးသွားတဲ့ သဘောလဲ ရှုကြရမယ်။

- ❖ ဤသာသနာ့ရိပ်သာအတွင်း၌ ရဟန်းရှင်လူတွေ၊ ယောဂီတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ❖ ဤသာသနာ့ရိပ်သာအတွင်း၌ အားလုံးနတ်တွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ❖ ဤသာသနာ့ရိပ်သာအတွင်း၌ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ❖ ဤမြို့နယ်အတွင်း၌ ရဟန်းရှင်လူတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ❖ ဤမြို့နယ်အတွင်း အားလုံးနတ်တွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ❖ ဤမြို့နယ်အတွင်း အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ❖ မြန်မာပြည်သူပြည်သားတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

http://www.dhammadownload.com

- ❖ မြန်မာပြည်တွင်း၌ အားလုံးနတ်တွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ❖ မြန်မာပြည်တွင်း၌ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ❖ ရှိရှိသမျှ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ဤဗြဟ္မဝိဟာရတရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့်။ ပ ။ နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု

ဗြဟ္မဝိဟာရတရားတော် ဒုတိယပိုင်းပြီး၏။

× × × × ×

http://www.dhammadownload.com

ပြဟ္မဝိဟာရ တရားတော်

တတိယပိုင်း

၁၃၂၇ ခုနှစ်၊ ဝါဆိုလကွယ်နေ့မှစ၍ ၆ -သီတင်း ဟောသည်။

တရားအနုသန္ဓေ

ပြဟ္မဝိဟာရ တရားလေးပါးထဲက မေတ္တာကို ဟောလာတာ ၂-သီတင်းရှိသွားပြီ။ ကုသိုလ်ဖြစ်, ပါရမီဖြစ် မေတ္တာပွားပုံရော၊ စျာန်သုံးပါးရသည်အထိ ပွားပုံရော ဟောခဲ့ပြီ။ ဒီကနေ့တော့ အမျှားရွတ်ဖတ် နားလည်နေတဲ့ မေတ္တာသုတ်ကို အခြေခံပြုပြီး ဟောရမယ်။ ဒီမေတ္တာသုတ်က မြန်မာပြည်မှာ အလွန်အရေးပါတဲ့ သုတ်ပါပဲ။ ရွတ်ဖတ်ရမည့် ကိစ္စကြီးငယ် ဟူသမျှမှာ သူ့မပါရင် မပြီးဘူး။ ရှင်ပြုပွဲစသည်မှာ မဂ်လသုတ်ပါ ထည့်ရွတ်တဲ့အခါလည်း ရှိတယ်။ ဘေးရန်အန္တရာယ်ကင်းစေရန်အတွက် ရတနာသုတ်၊ ခန္ဓသုတ်၊

http://www.dhammadownload.com

မောရသုတ်၊ ဝဋ္ဋသုတ်၊ အာဠာနာဋိယသုတ်၊ ဗောဇ္ဈင်သုတ်များပါ ထည့်ရွတ်တဲ့အခါလည်း ရှိတယ်။ ဒီမေတ္တာသုတ်ကတော့ အခါခပ်သိမ်းပါတာချည်းပါပဲ။

အလျှုဒါနကိုလည်း အကျိုးကြီးစေတယ်

ဒီမေတ္တာသုတ်ကို ရွတ်ဖတ်ရင်း မေတ္တာလည်း ပွားစေပြီးတော့ လျှုဖွယ်ဝတ္ထုများကို အလျှုခံရင် အလျှုဒကာ၊ အလျှုအမတို့၏ ဒါနကုသိုလ်ကို အကျိုးကြီးစေနိုင်တယ်။ ဒါကြောင့် ရဟန်းတော်များဟာ ဒီမေတ္တာသုတ်ကို အနက်အဓိပ္ပါယ်ပါ နားလည်အောင် လေ့လာထားရန် သင့်ပါတယ်။ ပုဒ်ပါဠိလည်း မှန်မှန်ကန်ကန် ပြတ်ပြတ်သားသား ရွတ်ဖတ်နိုင်အောင် လေ့လာထားသင့်တာပဲ။ နောက်ပြီးတော့ အဲဒီမေတ္တာသုတ်ကို ရွတ်ဖတ်တဲ့အခါတိုင်း မေတ္တာကိုလည်း ပွားသင့်တာပဲ။ အဲဒီလို မေတ္တာပွားသွားရင် မိမိကိုယ်တိုင်ရော၊ အလျှု ရှင်တွေရော အကျိုးများသွားတယ်။ အဲဒီလို အကျိုးများပုံတွေကို ဒီတရားတော်ပထမပိုင်း (နှာ ၃၁-စသည်) မှာ အကျဉ်းချုပ်အား ဖြင့် ထုတ်ပြခဲ့ပါပြီ။ ယခု အဲဒီမေတ္တာသုတ်၏ အချီးဂါထာကစပြီး ဖွင့်ပြဟောကြားရမယ်။

မေတ္တာသုတ်၏ အချီးဂါထာ

(က) ယဿာနုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘီသနံ၊
ယမ္ပိစေဝါနုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝံ မတန္ဒိတော။

http://www.dhammadownload.com

(၂) သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ နပဿတိ၊
ဧဝမာဒိဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမဟေ။

(က) ဟေ - အို . . သူတော်ကောင်းတို့။ ယဿ - အကြင်မေတ္တသုတ် ပရိတ်တော်၏။ အာနုဘာဝတော - အစွမ်းရှိန်စော် အာနုဘော်ကြောင့်၊ ယက္ခာ - ရက္ခစိုးနှတ်တို့သည်၊ ဘီသနံ - ကြောက်ဖွယ်အာရုံကို၊ နေဝ ဒဿေန္တိ - မပြတော့ဘဲ, မခြောက်တော့ဘဲ ရှိကြပေကုန်၏။ စ - ထိုအပြင်လည်း၊ ယမှိ ဧဝ - အကြင်မေတ္တသုတ်ပရိတ်တော်၌ပင်လျှင်၊ ရတ္တိန္ဒိဝံ - နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ အတန္ဒိတော - ပျင်းရိခြင်းမရှိဘဲ၊ အနုယုဉ္ဇန္တော - ရွတ်ဖတ်ပွားများအားထုတ်နေသောသူသည်။

(ခ) သုခံ - ချမ်းသာစွာ၊ သုပတိ - အိပ်စက်ရ၏၊ သုတ္တော စ - အိပ်ပျော်နေစဉ်လည်း၊ ကိဉ္စိပါပံ - အိပ်မက်ဆိုးတစ်စုံတစ်ခုကိုမျှ။ နပဿတိ - မမြင်မက်ရပေ၊ ဧဝမာဒိဂုဏူပေတံ - ဤသို့စသော အကျိုးအာနိသင်ဂုဏ်အင်တို့နှင့် ပြည့်စုံပေသော၊ တံ ပရိတ္တံ - ထိုမေတ္တသုတ် ပရိတ်တော်ကို၊ မယံ - ငါတို့သည်၊ ဘဏာမ - ရွတ်ဆိုကြပါကုန်စို့။

ဒီနှစ်ဂါထာကတော့ ရှေးဆရာတော်များက စီကုံးထားခဲ့တဲ့ အချီးအမွှမ်းဂါထာများပါပဲ။ ပရိတ်ရွတ်မည့် ပုဂ္ဂိုလ်တွေ အချင်းချင်း ဒီမေတ္တသုတ်ပရိတ်တော်ကို တစ်ပြိုင်တည်း အညီအညွှတ်

http://www.dhammadownload.com

ရွတ်ဖတ်ကြဖို့ ကြေညာတဲ့စကားပါပဲ။ ဒီအခ်ီးစကားထဲမှာ ဒီသုတ်၏ ဂုဏ်ကို ခ်ီးကျူးဖော်ပြထားတာတွေလည်း ပါတယ်။ အဲဒီခ်ီးကျူးစကားထဲက ဒီမေတ္တာသုတ်ပရိတ်တော်၏ အာနုဘော်ကြောင့် ရုက္ခစိုးနတ်တွေဟာ ကြောက်ဖွယ်အာရုံကိုပြခြင်း၊ ခြောက်လှန့်ခြင်း မပြုကြတော့ဘူးဆိုတာက ဒီသုတ်၏ နိဒါန်းအကြောင်းလည်း ဖြစ်ပါတယ်။ အဲဒါက ဘယ်လိုဖြစ်ခဲ့တာလဲ ဆိုတော့ -

ရဟန်းငါးရာအား နတ်တွေက ခြောက်သည်

တစ်ခါနက မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်မှာ ရဟန်းတော်ငါးရာတို့က မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူပြီးတော့ သင့်လျော်သော တောကျောင်းနဲ့ ဆွမ်းခံရွာကို ရှာနေရင်း ဟိမဝန္တာတောစပ်၌ သန့်ရှင်းအေးမြတဲ့ ရေကန်မျှားရှိတဲ့ တောင်တစ်ခုသို့ ရောက်သွားကြတယ်။ အဲဒီအရပ်မှာ တစ်ညဉ့်နေပြီး နံနက်ကျတော့ မလှမ်းမကမ်းအရပ်၌ ရှိသောရွာသို့ ဆွမ်းခံကြွကြတယ်။ အဲဒီ ရွာက အိမ်ခြေတစ်ထောင် ရှိသတဲ့။ အဲဒီ ရွာသူရွာသားတွေက သဒ္ဓါတရားကောင်းကြတဲ့ အတွက် ရဟန်းတော်ငါးရာအား ဆွမ်းများကို ကပ်လှူပြီးတော့ အဲဒီအရပ်မှာပင် ဝါကပ်နေကြရန် တောင်းပန်လျှောက်ထားကြတယ်။ တစ်ပါးနေ ကမ္မဋ္ဌာန်းကျောင်းကလေး ငါးရာကိုလည်း ဆောက်လုပ်ပြီး လှူဒါန်းကြတယ်။ညောင်စောင်း၊အင်းပျဉ်၊သောက်ရေအိုး စသော အခြားအသုံးအဆောင်တို့ကိုလည်း လှူကြတယ်။

နောက်တစ်နေ့ကျတော့ အခြားရွာတစ်ရွာကို ဆွမ်းခံကြွ

http://www.dhammadownload.com

တော်မူကြတယ်။ အဲဒီရွာက လူတွေက နည်းတူပင် လှူဒါန်းပြုစုပြီး ဝါကပ်နေကြရန် လျှောက်ထားတောင်းပန်ကြတယ်။ ရဟန်းတော်များက အန္တရာယ်မရှိရင် ကောင်းပါတယ်လို့ လက်ခံပြီးတော့ အဲဒီတောအုပ်မှာပင် နေ့ရောညဉ့်ပါ မပြတ်အားထုတ်နေကြတယ်။ သီလနှင့်ပြည့်စုံတဲ့ ရဟန်းတော်တို့၏ တန်ခိုးအရှိန်အဝါကြောင့် အဲဒီတောအရပ်က ရုက္ခစိုးနတ်တွေဟာ သူတို့၏ ဗိမာန်ပေါ်မှာ မနေရဲကြတော့တဲ့အတွက် ဗိမာန်များမှ ဆင်းပြီးတော့ သားသမီးကလေးများကို ခေါ်ယူပြီး ဟိုဟိုဒီဒီ သွားလာနေကြရတယ်။ အရှင်မြတ်တွေဟာ ဘယ်တော့များ ထွက်ခွာသွားကြမလဲလို့ ခပ်ဝေးဝေးကပဲ မျှော်ကြည့်နေကြပါသတဲ့။

နောက်တော့ "ဒီရဟန်းတွေဟာ ဝါတွင်းသုံးလပတ်လုံး နေကြမှာပဲ။ ဒါလောက်ကြာအောင်တော့ ငါတို့ဟာ သူငယ်တွေနဲ့ အပြင်ထွက်နေရန် မတတ်နိုင်ဘူး။ ကြောက်ဖွယ်အာရုံတွေပြပြီး ခြောက်လန့်မှု တော်မယ်"လို့ အကြံပြုကြတယ်။ အဲဒီလို အကြံပြုကြပြီးတော့ အဲဒီရုက္ခစိုးနတ်တွေက ရဟန်းများ တရားအားထုတ်နေတဲ့ ညဉ့်အခါမှာ ကြောက်ဖွယ်ဘီလူးရုပ်တွေလို ဖန်ဆင်းပြီး ရဟန်းတို့၏ရှေ့မှာ ရပ်တည်နေကြတယ်။ ကြောက်ဖွယ်အသံဆိုးတွေကို လည်း ပြုကြတယ်။ အဲဒီကြောက်မက်ဖွယ် အဆင်း အသံတွေကို မြင်ရကြားရတဲ့အတွက် ရဟန်းတွေမှာ နှလုံးတုန်တယ်။ ရုပ်အဆင်းတွေလည်း ဝါဖျော့ဖျော့ဖြစ်ကုန်ကြတယ်။ စိတ်ကို တည်ငြိမ်အောင် မထိန်းနိုင်တော့ဘူးတဲ့။ အဲဒီလို ဖြစ်နေရာမှာ အနံ့ဆိုးတွေကိုလဲ

http://www.dhammadownload.com

နတ်တွေက လွှတ်သတဲ့။ အဲဒီတော့ ရဟန်းတော်တို့၏ ဦးနှောက်ကို အဲဒီအနုံ့ဆိုးက မွှေနှောက်နှိပ်စက်နေသလို ဖြစ်နေပါသတဲ့။ (တေန ဒုဂ္ဂန္ဓေန နိမ္မထိယမာနမိဝ မတ္ထလုဂ် အဟောသိ-လို့) အဋ္ဌကထာမှာ ဆိုထားပါတယ်။ အဲဒါဟာ ယခုခေတ် အနောက်တိုင်းဆရာတို့၏ အဆိုနဲ့ နီးစပ်တဲ့စကားပါပဲ။ ဒါကြောင့် ခေါင်းကိုက်တဲ့ဒုက္ခဝေဒနာတွေ အပြင်းအထန်ဖြစ်ကြပါသတဲ့။ ဒါပေမယ့် အချင်းချင်းမပြောကြဘဲ သည်းခံနေကြတယ်။

တစ်နေ့သောအခါမှာ သံယာ့မထေရ်ကြီးက မေးမြန်းတဲ့အတွက် အသီးသီး မိမိတို့တွေ့ကြုံရပုံများကို ဖွင့်ဟပြီးပြောကြတယ်၊ အဲဒီတော့ သံယာ့မထေရ်ကြီးက "ဒီလိုဆိုရင် ဒီအရပ်ဟာ တရားအားထုတ်ဖို့မသင့်ဘူး၊ မြတ်စွာဘုရားထံ လျှောက်ထားပြီးတော့ သင့်လျော်တဲ့နေရာမှာ ပစ္ဆိမဝါကပ်ကြစို့ရဲ့"လို့ မိန့်ကြားပြီး အားလုံးဘုရားထံသို့ ကြွလာကြတယ်။ အကြောင်းအရာအလုံးစုံကိုလည်း လျှောက်ထားပြီးတော့ မိမိတို့နှင့် သင့်လျော်တဲ့ဌာနကို ညွှန်ကြားတော်မူရန်လည်း တောင်းပန်လျှောက်ထားကြတယ်။

နတ်တွေ မခြောက်နိုင်အောင် မေတ္တာသုတ် ဟောတော်မူသည်

မြတ်စွာဘုရားက အဲဒီရဟန်းတို့အတွက် သင့်လျော်သော အရပ်ကို ဆင်ခြင်ကြည့်တော်မူရာ ဇမ္ဗုဒီပ်တစ်ကျွန်းလုံးမှာ သူတို့နေခဲ့တဲ့ အရပ်မှတစ်ပါး အခြားသင့်လျော်တဲ့အရပ်ကို မြင်တော်မမူဘူးတဲ့။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီတောကျောင်းအရပ်ကို

http://www.dhammadownload.com

ပဲ ပြန်သွားကြဖို့ မိန့်တော်မူပါတယ်။ နတ်တွေ ခြောက်တဲ့ဘေးမှ ကင်းချင်ရင် ဒီပရိတ်ကို သင်ယူသွားကြ။ ဒီမေတ္တာသုတ်ဟာ ဘေးကို ကာကွယ်တတ်တဲ့ ပရိတ်လည်း ဖြစ်လိမ့်မယ်၊ ကမ္မဋ္ဌာန်းလည်း ဖြစ်လိမ့်မယ်လို့ မိန့်တော်မူပြီးတော့ ဒီမေတ္တာသုတ် ပရိတ်တရားကို ဟောတော်မူတယ်တဲ့၊ နောက်ပြီးတော့ အဋ္ဌကထာမှာ ဒီလိုလည်း ပြဆိုထားပါသေးတယ်၊ ပြဆိုပုံကတော့ -

ဣမမ္ဘ သုတ္တံ-ဤမေတ္တာသုတ်ကိုလည်း၊ မာသဿ-တစ်လ၏၊ အဋ္ဌသု ဓမ္မဿဝနာဒိဝသေသု-တရားဟော, တရားနာရသည့် ရှစ်ရက်တို့၌၊ (လဆန်း လဆုတ် ငါး၊ ရှစ်၊ တစ်ဆယ့်လေး၊ တစ်ဆယ့်ငါး-ဤရှစ်ရက်ကို ဆိုလိုသည်)၊ ဂဏ္ဍီ အာကောဋ္ဌေတွာ-တုံးခေါက်၍၊ ဥဿာရေထ-ရွတ်ဖတ်ကြကုန်လော့၊ ဓမ္မ-ကထံ ကရောထ-တရားဟောကြကုန်လော့၊ သာကစ္ဆထ-ဆွေးနွေးကြကုန်လော့၊ အနုမောဒထ-ပရိတ်တရားကို ဝမ်းမြောက်, ဝမ်းသာ အနုမောဒနာ ပြုကြကုန်လော့၊ ဣဓမေဝ ကမ္မဋ္ဌာနံ-ဤ မေတ္တာကမ္မဋ္ဌာန်းကိုပင်လျှင်၊ အာသေဝထ-မှီဝဲကြလော့၊ ဘာဝေထ-ပွားစေကြလော့၊ ဗဟုလီကရောထ-အကြိမ်များစွာပြုကြလော့၊ တေပိ အမနုဿာ-ထို နတ်သားတို့သည်လည်း၊ ဝေါ-သင်တို့အား၊ တံ ဘေရဝါရမ္မဏံ-ထိုကြောက်မက်ဖွယ်အာရုံကို၊ န ဒဿေန္တိ-မပြကုန်လတ္တံ့၊ ဝါ-မပြဘဲ, မခြောက်ဘဲ ရှိကြပါလိမ့်မည်-လို့ ဒီလိုလည်းမိန့်မှာတော်မူလိုက်ပါသေးသတဲ့။

အဲဒီရဟန်းတော်တွေဟာ မြတ်စွာဘုရား၏ အမိန့်တော်ကို

http://www.dhammadownload.com

နာခံပြီးတော့ အဲဒီတောကျောင်းအရပ်သို့ ပြန်သွားကြတယ်။ အဲဒီမှာပဲ ဘုရားအမိန့်တော်အတိုင်း ကျင့်သုံးပြီး နေကြတယ်။ နတ်တွေကလည်း "ဒီအရှင်တွေဟာ မေတ္တာပွားလျက် ငါတို့၏အကျိုးစီးပွားလိုလားတော်မူကြပါပေတယ်"လို့ နှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ရဟန်းတော်များအတွက် ဝေယျာဝစ္စကိုတောင်ပြုလုပ်ပြီး အကူအညီပေးကြပါသေးသတဲ့။ အဲဒီရဟန်းတော်တွေအားလုံးဟာ မေတ္တာကို ပွားစေပြီး မေတ္တာစျာန်ကို အခြေခံပြုကာ ဝိပဿနာကို အားထုတ်ကြ၍ အဲဒီဝါတွင်းမှာပင် အရဟတ္တဖိုလ်တိုင်အောင် ရောက်ပြီး ရဟန္တာဖြစ်တော်မူကြပါသတဲ့။ ဒါကြောင့် ဒီမေတ္တသုတ် အချီးဂါထာမှာ မေတ္တသုတ်ပရိတ်တော်၏ အစွမ်းအာနုဘော်ကြောင့် ရုက္ခစိုးနတ်တွေက ကြောက်မက်ဖွယ်အာရုံကို မပြကြ, မခြောက်ကြကြောင်းကို ပြဆိုထားတာပါပဲ။

ရွတ်ရုံမျှဖြင့် မပြည့်စုံ အားထုတ်ဖို့လည်းလိုသည်

ပထမဂါထာ တတိယအပိုဒ်မှာ အနုယုဉ္ဇန္တော-အားထုတ်နေသည်ဆိုတဲ့ ပုဒ်ပါတယ်။ အဲဒီပုဒ်ဖြင့် မေတ္တသုတ် ပရိတ်ရွတ်နေရုံမျှကို ရည်ရွယ်တာတော့ ဟုတ်ပုံမရပါဘူး၊ မေတ္တာဘာဝနာပွားများ အားထုတ်နေတာကို ရည်ရွယ်ဟန်တူပါတယ်။ ဘာကြောင့်လဲဆိုရင် မေတ္တာဘာဝနာ၏ အကျိုးအာနိသင် ၁၁-ပါးကိုပြထားတဲ့ မေတ္တသုတ်မှာ မေတ္တာစေတောဝိမုတ္တိ၏ အကျိုးအာနိသင်များ ဖြစ်ကြောင်း ပြထားပါတယ်၊ ရွတ်ဖတ်နေရုံမျှကိုတော့ မေတ္တာစေတောဝိမုတ္တိလို့ မဆိုနိုင်ပါဘူး။ အပွနာစျာန်သည်သာလျှင် မေတ္တာ

http://www.dhammadownload.com

စေတောဝိမုတ္တိဖြစ်ကြောင်း အဂ္ဂိတ္ထရ အဋ္ဌကထာ (၁၊ ၃၇) ၌ ဖွင့်ပြထားပါတယ်။ ဒါကြောင့် သုခံ သုပတိ-ချမ်းသာစွာ အိပ်ရ၏-စသည်ဖြင့် ပြထားတဲ့ အကျိုးအာနိသင်များကို ရချင်ရင် ဒီမေတ္တသုတ်ကို ရွတ်ဆိုရုံမျှမဟုတ်ဘဲ မေတ္တာကို ပွားဖို့လည်း လိုပါတယ်၊ အဲဒီချမ်းသာစွာ အိပ်ရခြင်းအစရှိတဲ့ အကျိုးများကို တော့ ဒီတရားတော် (နှာ-၄၀)စသည်မှာ ပြထားပြီး ရှိနေပါပြီ။ ယခု ဘုရားဟော မေတ္တသုတ်ပါဠိကို တစ်ဂါထာ, နှစ်ဂါထာချင်း ရွတ်ဆိုပြီးတော့ အနက်, အဓိပ္ပာယ်ကို ရှင်းပြသွားရမယ်။

မေတ္တသုတ် ပရိတ်တော်

၁။ ကရဏီယ မတ္ထကုသလေန၊
ယန္တသန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇု စ သုဟုဇု စ၊
သုဝစော စ ဿ မုဒု အနတိမာနီ။

၁။ သန္တံ-ငြိမ်းအေးသော၊ ပဒံ-နိဗ္ဗာန်ကို၊ အဘိသမေစ္စ-ဆိုက်ရောက်သိမြင်၍ နေလိုလျှင်၊ အတ္ထကုသလေန- လိုလားအပ်သည့် အကျိုးစီးပွားခံ့ သိနားလည်သော သူသည်၊ ယံ-သီလ, သမာဓိ, ပညာဟူသော အကြင်အကျင့်ကို၊ ကရဏီယံ- ပြုကျင့်အပ် ပြုကျင့်သင့်၏၊ တံ-ထိုအကျင့်ကို၊ ပါဠိ၌ ယံ တံ-ဟုဆိုလိုလျက် ဆန်းဂိုဏ်းညီစေရန် ယန္တ-ဟု ဆိုထားသည်၊ ဆန်းကို မင့်ဘဲ ယံ

http://www.dhammadownload.com

တံ-ဆိုလျှင် သာ၍ပေါ်လွင်၏)၊ တံ-ထိုအကျင့်ကို၊ (ကာတုံ-ပြုကျင့်ခြင်းငှာ)၊ သက္ကော စ-စွမ်းနိုင်သည်လည်း၊ အသ-ဖြစ်ရာ၏-တဲ့။

(၁) ကျင့်ရန် စွမ်းနိုင်ရမယ်

အတိုချုပ်ဆိုလိုတာကတော့ အကျိုးစီးပွား အစစ်အမှန်၌ သိနားလည်တဲ့သူဟာ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင် ဆိုက်ရောက်ပြီး နေလိုလျှင် သီလ, သမာဓိ, ပညာဆိုတဲ့ အကျင့်ကို မုချပြုကျင့်သင့်တာပဲ။ အဲဒီအကျင့်ကို ကျင့် ဖို့စွမ်းနိုင်ရမယ်တဲ့။ ဒီစကားဖြင့် ပြလိုတာကတော့ ဆင်းရဲခပ်သိမ်း ငြိမ်းချင်ရင် မုချကျင့်သင့်တဲ့ သီလကိုလည်း ကျင့်ရန်စွမ်းနိုင်ရမယ်၊ သမာဓိ, ပညာ အကျင့်ကိုလဲ ကျင့်ရန်စွမ်းနိုင်ရမယ်၊ ကိုယ်နှင့်အသက်ကို မင့်ဘဲ ကျင့်နိုင်ရမယ်လို့ ပြလိုတာပါပဲ။

နည်းနည်းချဲ့ပြောရမယ်ဆိုရင်တော့ လောကအကျိုးစီးပွားကို နားလည်တဲ့သူဟာ အဲဒီအကျိုးစီးပွားဖြစ်ကြောင်း အလုပ်ကို လုပ်ရသလိုပါပဲ။ လယ်ယာကိုင်းကျွန်း အလုပ်ဖြစ်ဖြစ် အရောင်းအဝယ် အလုပ်ဖြစ်ဖြစ်, လခစား အလုပ်ဖြစ်ဖြစ် အကျိုးစီးပွားဖြစ်အောင် လုပ်ရသလိုပါပဲ။ လောကမှာ ရွှေ, ငွေစသည်က အကျိုးစီးပွားဖြစ်သလိုပင် သံသရာမှာတော့ သီလ, သမာဓိ, ပညာဆိုတာတွေက အကျိုးစီးပွားအစစ်တွေပဲ။ အဲဒီ သီလ စသည်နှင့် ပြည့်စုံအောင်ကျင့်ရတဲ့ အကျင့်ဟာ အကျိုးစီးပွားဖြစ်ကြောင်း လုပ်ငန်းအစစ်တွေပဲ။ အောက်ထစ်ဆုံးသီလနှင့် ပြည့်စုံနေရင် အပါယ်မကျ

http://www.dhammadownload.com

နိုင်ဘူး။ လူ့လောက, နတ်လောကမှာ ချမ်းသာစွာနေရတော့တာပဲ။ ဗျာန်သမာဓိရရင် ပြဟ္မာလောကရောက်ပြီး ချမ်းသာစွာနေရတယ်။ ကမ္ဘာနဲ့ခြိုပြီး အသက်ရှည်ရတယ်။ ဝိပဿနာပညာနဲ့ ပြည့်စုံပြီး သောတာပတ္တိမဂ်ဖိုလ် ပညာနဲ့ပြည့်စုံရင် အပါယ်လေးပါးမှ အစဉ်ထာဝရ လွတ်သွားတယ်။ သုဂတိမှာလည်းအများဆုံး ခုနှစ်ဘဝမျှ သာဖြစ်ပြီးတော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရတယ်၊ အရဟတ္တမဂ်ဖိုလ်ပညာနှင့် ပြည့်စုံရင်တော့ နောက်ထပ်ဖြစ်ရမည့် ဘဝဆင်းရဲတွေ အကုန်ငြိမ်းတော့တာပါပဲ။ ဒါကြောင့် သီလ, သမာဓိ, ပညာဟာ သံသရာနဲ့စပ်တဲ့ အကျိုးစီးပွားအစစ်တွေပါပဲ။အဲဒီသီလစသည်ဖြစ်ကြောင်း အကျင့်တွေဟာလည်း မုချပြုလုပ်သင့် ကျင့်သုံးသင့်တဲ့ လုပ်ငန်းအစစ်တွေပါပဲ။

ဒါကြောင့် သီလစသော အကျိုးစီးပွားအစစ်တွေမှာ ကျွမ်းကျင်နားလည်တဲ့သူဟာ အဲဒီ သီလစသည်ဖြစ်ကြောင်း အကျင့်တွေကို ပြုကျင့်ရမယ်၊ ပြုကျင့်ဖို့လည်း စွမ်းနိုင်ရမယ်။ "ဒီသိက္ခာပုဒ်ကိုတော့ စောင့်ရှောက်ဖို့ခက်တယ်၊ မကျင့်နိုင်ဘူး"လို့ ဒီလိုမဖြစ်စေရဘူး။ "သမာဓိ ဘာဝနာအလုပ်က ခက်တယ် ပင်ပန်းတယ်"လို့ အပြစ် တင်ပြီး မစွမ်းနိုင်ဘဲ မရှိစေရဘူး။ "ဝိပဿနာရှုရတာဟာ ပင်ပန်းတယ်၊ ဘာမျှမလုပ်ဘဲ အငြိမ်းစားနေရတာက ချမ်းသာတယ်" လို့ ဒီလို အပျင်းစိတ် အဖျင်းစိတ်များဖြင့် မစွမ်းနိုင်ဘဲ မရှိစေရဘူး။ ဒီနေရာမှာ ဘုန်းကြီးက ဆောင်ပုဒ်ပြုလုပ်ထားတယ်။ (သီလ သမာဓိ ပညာ ဆိုတဲ့ အကျိုးစီးပွားအစစ်၌ ကျွမ်းကျင်

http://www.dhammadownload.com

နားလည်ရမည်၊ နားလည်ပြီးလျှင် ထိုအကျိုးစီးပွားဖြစ်ကြောင်း အကျင့်ကို ပြုကျင့် နိုင်ရမည်-တဲ့)၊ အဲဒါကို လိုက်ဆိုကြရမယ်။

သီလ သမာဓိ ပညာဆိုတဲ့ အကျိုးစီးပွားအစစ်၌ ကျွမ်းကျင် နားလည်ရမည်၊ နားလည်ပြီးလျှင် ထိုအကျိုးစီးပွားဖြစ်ကြောင်း အကျင့်ကို ပြုကျင့်နိုင်ရမည်။

အဲဒီမှာ "အကျိုးစီးပွားအစစ်၌ ကျွမ်းကျင်ရမည်" ဆိုတာက အတ္ထ ကုသလေန-အရပါပဲ။ "ပြုကျင့်နိုင်ရမည်" ဆိုတာက ကရဏီယံ-ပြုကျင့်အပ်၏၊ သက္ကော စ-စွမ်းနိုင်သည်လည်း၊ အသ-ဖြစ်ရာ လို့ဆိုလိုတဲ့ စကားရပ်များအရပါပဲ။ ပြုကျင့်နိုင်ခြင်း၏ အကြောင်း ကတော့ သဒ္ဓါနဲ့ ဝီရိယပါပဲ၊ သီလအကျင့်ကို ကျင့်ရင် ကုသိုလ်ဖြစ်တယ်၊ အကျိုးများတယ်လို့ ယုံကြည်တဲ့သဒ္ဓါတရား ထက်ထက်သန်သန်ရှိတယ်။ သမာဓိအကျင့်ကိုကျင့်ရင် စျာန်ရပြီး ဗြဟ္မာပြည် ရောက်နိုင်တယ်၊ ဝိပဿနာအကျင့်ကို ကျင့်ရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ရောက်နိုင်တယ်လို့ ယုံကြည်ရမယ်။ အဲဒီလို ယုံကြည်ပါမှ အဲဒီအကျင့်တွေကို ကျင့်နိုင်တယ်၊ မယုံကြည်ရင်တော့ မကျင့်နိုင်ဘူး။

ဗုဒ္ဓတရားတော်ကို မယုံကြည်တဲ့သူတွေဟာ ဗုဒ္ဓတရားတော် အရ သီလ, သမာဓိ, ပညာ အကျင့်ကို မကျင့်နိုင်ကြဘူး။ ဗုဒ္ဓဘာသာဝင်ပါလို့ အမည်ခံနေတဲ့ သူတွေထဲမှာလည်း အချို့က "သီလကျင့်ဖို့ မလိုပါဘူး၊ သမာဓိ ဝိပဿနာအကျင့်တွေကိုလည်း ကျင့်ဖို့မလိုပါဘူး၊ ကျင့်ရင် ဆင်းရဲရုံပဲ"လို့ ယူဆ ဟောပြောနေကြ

http://www.dhammadownload.com

တာတွေရှိတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓတရားတော်ကို မယုံကြည်တဲ့သူတွေပဲ။ သဒ္ဓါတရားမဲ့တဲ့ သူတွေပဲ။ အဲဒီလို ပုဂ္ဂိုလ်တွေဟာ သီလ, သမာဓိ, ပညာ အကျင့်တွေကို မကျင့်နိုင်ကြဘူး။ မကျင့်နိုင်ရင် ဒီမှာ ဟောထားတဲ့ "ကရဏီယံ- မုချပြုကျင့်အပ်၏၊ သက္ကော-စွမ်းနိုင်ရမယ်"ဆိုတဲ့ ဘုရားစကားတော်နဲ့ ဆန့်ကျင်နေတဲ့ သူတွေပဲ။ အဲဒီလို လူတွေမှာ အကျိုးစီးပွားအစစ်ဖြစ်နေတဲ့ သီလရော၊ သမာဓိရော၊ ပညာရော ကင်းမဲ့နေတာပဲ။ လောကမှာ ပိုက်ဆံတစ်ပြားမျှမရှိတဲ့ လူဆင်းရဲလိုပင် သံသရာတစ်လျှောက်လုံးမှာ အပါယ်ဘေးစသည် ဖြင့် ဆင်းရဲသွားမည့်လူတွေပဲ။

နောက်ပြီးတော့ ဝိရိယအားကောင်းဖို့လည်း လိုတယ်။ဝိရိယအားနည်းနေရင် သီလပြည့်စုံအောင် စောင့်ရှောက်ရမှာလည်း ဝန်လေးတယ်၊ သီလအကျင့်ထက် သမာဓိ ပညာအကျင့်ကို ကျင့်ရမှာ သာပြီး ဝန်လေးနေတတ်တယ်။ တချို့ဆိုရင် ဘာဝနာတရားရိုးရိုးနာဖို့ရာတောင် ပျင်းနေတတ်ကြတယ်။ ဝိရိယအားကောင်းတဲ့ သူမှာတော့ ဘယ်အလုပ်မဆို ဝန်လေးတာရယ်လို့ မရှိပါဘူး။ ကိစ္စတစ်ခုခုကို မပြီးမချင်း မနစ်မဆုတ် အားထုတ်သွားတာပါပဲ။ ဒါကြောင့် "သီလ စသည်ဖြစ်ကြောင်း အကျင့်ကို ပြုကျင့်ရမယ်။ ပြုကျင့်ရန် စွမ်းနိုင် ရမယ်၊ အစွမ်းမတုံးဘဲ အစွမ်းထက်စေ ရမယ်"ဆိုရာမှာ အခြေခံဖြစ်တဲ့ သဒ္ဓါတရားနဲ့ ဝိရိယပါ ပြည့်စုံဖို့ လိုပါတယ်။ အဲဒီလို ပြည့်စုံပြီးတော့ သီလအကျင့် စသည်တွေကို မနစ်မဆုတ် အားထုတ်ကျင့်သုံး သွားကြဖို့ပါပဲ။

http://www.dhammadownload.com

(၂-၃) ဖြောင့်မတ်ရမယ်

နောက်ပြီးတော့ ဥဇု စ-ဖြောင့်မတ်သည်လည်း၊ အသ-ဖြစ်ရာ၏။ သုဟုဇု စ-အလွန်ဖြောင့်မတ်သည်လည်း၊ အသ-ဖြစ်ရာ၏တဲ့။ (ပါဠိဂါထာ၌ ဇု-ဟု ရှိသင့်ရာမှာ ဆန်းဂိုဏ်းကိုင်ခဲ့၍ ဇူ-ဟု ဆိုထားသည်၊ အနက်ပြန်ရာ၌မူ ဆန်းကို မခဲ့ဘဲ ဇု-ဟူ၍ပင် ပြန်လိုက်သည်) ရဟန်းဖြစ်ခါစ၊ တရားအားထုတ်ခါစ ယုံကြည်မှု အားကောင်းလို့ ဖြောင့်မတ်နေပေမယ့်လို့ နောက်ပိုင်းကျတော့ သဒ္ဓါ၊ ဝီရိယအားလျော့ပြီး ကျင့်ဝတ်ဆိုင်ရာမှာ ချွတ်ယွင်းသွားရင် အလွန် ဖြောင့်မတ်တဲ့ သုဟုဇု - မဖြစ်ဘူး။ တစ်သက်ပတ်လုံး အဆုံးတိုင် အောင် မချွတ်မယွင်းဘဲ ကျင့်သွားမှ သုဟုဇု ဖြစ်တယ်။ တစ်နည်း အားဖြင့် မရှိတဲ့ဂုဏ်ကို ရှိလေယောင်ဟန်ဆောင်ပြီး ပြတတ်တဲ့ ကောက်ကျစ်မှု (သာဒ္ဓေယျ) ကင်းရင် ဥဇု - ဖြောင့်မတ်သည် မည်တယ်။ မိမိအပြစ်ကို ဖုံးကွယ်ပြီး အပြစ်ကင်းယောင် ဟန်ဆောင်လှည့်စားတတ်တဲ့ မာယာကင်းရင် သုဟုဇု - အလွန်ဖြောင့် မတ်သည်မည်တယ်၊ တစ်နည်းအားဖြင့် ကိုယ်နှုတ်တို့ဖြင့် ကောက်ကျစ်မှုကင်းရင် ဥဇု-ဖြောင့်မတ်သည် မည်တယ်။ စိတ်ဖြင့်ကောက် ကျစ်မှုကင်းရင် သုဟုဇု- အလွန်ဖြောင့်မတ်သည် မည်တယ်။ နောက်ဆုံး တစ်နည်းကတော့ မရှိတဲ့ဂုဏ်ကို မပြရင် ဥဇု-ဖြောင့်မတ်သည် မည်တယ်။ မရှိတဲ့ဂုဏ်ကို ကြည်ညိုပြီးလျှောက်တဲ့ လာဘ်လာဘများကို လက်မခံရင် သုဟုဇု-အလွန် ဖြောင့်မတ်သည် မည်တယ်တဲ့။

http://www.dhammadownload.com

တရားအားထုတ်တဲ့နေရာမှာ အဲဒီဖြောင့်မတ်တဲ့ ဂုဏ်, အလွန်ဖြောင့်မတ်တဲ့ ဂုဏ်ဆိုတာတွေဟာ အလွန်အရေးကြီးပါတယ်။ မိမိမှာ မရှိသေး, မဖြစ်သေးတဲ့ တရားဂုဏ်ထူးတွေကို ဟန်ဆောင်ပြီး ပြောရင် မဖြောင့်မတ်တာဘဲ။ အဲဒီ ပုဂ္ဂိုလ်မှာ တရား တိုးတက်ဖို့ မရှိတော့ဘူး။ ဆရာကလည်း ပြုပြင်ပေးဖို့ ခက်တယ်။ တာဝန်မကျေဘဲ လိုနေတဲ့ အပြစ်ကို အမှန်အတိုင်း ဝန်မခံရင် အဲဒါလည်း သုဟုဇုဂုဏ် ပျက်နေတာပဲ။ စိတ်ထွက်; များနေရင် အထွက်များနေကြောင်း စသည်ကို ဝန်ခံပြောဆိုမှ သုဟုဇုဂုဏ်နဲ့ ပြည့်စုံတာ။ မဖြစ်သေးတာ, မသိသေးတာကိုလည်း အမှန်အတိုင်း ပြောမှ သုဟုဇုဂုဏ်နှင့် ပြည့်စုံတာ။ အဲဒီလို ဖြောင့်မတ်ပါမှ ဆရာက ပြုပြင်ပေးနိုင်တယ်၊ ပြုပြင်ပေးတဲ့အတိုင်း ရိုရိုသေသေ အားထုတ်သွားရင် မကြာခင်ပဲ သမာဓိဉာဏ်တွေလည်း တိုးတက်လာတယ်။ တရားကို ရိုရိုသေသေ အားထုတ်ရင် စောစောက ကောက်ကျစ်နေတဲ့သူတောင် ဖြောင့်မတ်လာတတ်ပါတယ်။ အထူးအားဖြင့်တော့ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ပဿဒ္ဓိနဲ့ တစ်ပါတည်း လဟုတာဆိုတဲ့ ပေါ့ပါးမှု၊ မုဒုတာဆိုတဲ့ စိတ်၏နူးညံ့မှု၊ ကမ္မညတာဆိုတဲ့ ပြုကျင့်ဖွယ်၌ ခံ့ကျန်းမှု၊ ပါဂုညတာဆိုတဲ့ လေ့လာကျေပွန်မှုဆိုတာတွေနှင့်တကွ ဥဇုကတာဆိုတဲ့ ဒီဖြောင့်မတ်မှုလဲ ထင်ရှားဖြစ်ပေါ်လာတတ်တယ်။

တစ်ခါက အမျိုးသမီးယောဂီတစ်ဦးက အဲဒီ ဉာဏ်အဆင့် ရောက်တဲ့အခါ "ရှေးက သူ့ခင်ပွန်းအပေါ် ပြစ်မှားကျူးလွန်မှုတွေ

http://www.dhammadownload.com

ရှိတဲ့အကြောင်း၊ ဒီက နောက်တော့ အဲဒီလို ကျူးလွန်မှုတွေကို မပြုမည့်အကြောင်းများကိုတောင် ကမ္မဋ္ဌာန်းဆရာထံမှာ ဝန်ခံပြောကြားပါတယ်။ ယခုမေတ္တာဘာဝနာ ပွားနေသူမှာ စိတ်ဖြောင့်မတ်ဖို့ လိုပါတယ်။ တချို့ကတော့ သူမေတ္တာပွားတာက သိပ်မများလှပါပဲနဲ့ သူ့မေတ္တာပွားနေတဲ့အကြောင်း ဂုဏ်ဖော်နေတာက များနေတယ်။ အဲဒီဟာ မဖြောင့်မတ်တဲ့ သဘောပါပဲ၊ စိပ်ပုတီးကြီးတွေနဲ့ ခမ်းခမ်းနားနားလုပ်နေတာတွေဟာလည်း စဉ်းစားစရာပါပဲ။

(၄) ဆိုဆုံးမ လွယ်ရမယ်

နောက်ပြီးတော့ သုဝစော စ-ဆိုဆုံးမ လွယ်သည်လည်း အသ-ဖြစ်ရာ၏တဲ့၊ အဆိုအဆုံးအမ ခက်တဲ့သူကို ဒုဗ္ဗစပုဂ္ဂိုလ်လို့ ခေါ်တယ်၊ အဲဒီပုဂ္ဂိုလ်ဟာ သူ့တစ်ပါးက စေတနာကောင်းနဲ့ ပြောဆိုတာကို မနာခံချင်ဘဲ ကတ်ဖွဲ့လုပ်နေတတ်တယ်။ ဘယ်သူက မြင် သလဲ, ဘယ်သူ့ထံက ကြားရသလဲ စသည်ဖြင့် လက်မခံဘဲ ဆန့်ကျင် ဘက်စကားတွေကို ပြောနေတတ်တယ်။ သူ့အပေါ်မှာ ဆရာလုပ် တယ်လို့လဲ ထင်မြင်တတ်တယ်။ ဆရာသမားများက ပြောဆိုတဲ့အခါ ဝန်ခံစကားမပြောဘဲ တိတ်တိတ်နေခြင်းဖြင့်လည်း ညှဉ်းဆဲတတ်တယ်။ ဝန်မခံပေမယ်လို့လဲ မပြုပြင်ဘဲ မတော်တာကို ပြုမြဲပြု, ပြောမြဲပြော နေတတ်တယ်။ အဲဒီလို ပုဂ္ဂိုလ်ဟာ တရားထူးရဖို့ဝေးတဲ့ ပုဂ္ဂိုလ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

ဆိုဆုံးမလွယ်တဲ့ သုဝစပုဂ္ဂိုလ်ကတော့ တစ်စုံတစ်ယောက်က သတိပေးပြောဆိုရင် "ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ကိုယ့်

http://www.dhammadownload.com

အပြစ်ဆိုတာ မြင်ခဲပါတယ်၊ နောင်လည်း ဒီလိုချွတ်ယွင်းချက်ကို တွေ့မြင်ရရင် သနားသဖြင့်ပြောပြပါ" စသည်ဖြင့် ပြောဆိုတဲ့ စကားကို ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံတယ်၊ ပြုလဲပြုပြင်တယ်။ အဲဒီပုဂ္ဂိုလ်ဟာ တရားထူးရဖို့ နီးကပ်တဲ့ပုဂ္ဂိုလ်ပဲလို့ အဌကထာမှာ ပြဆိုထားပါတယ်။ အဲဒီပြဆိုချက်အတိုင်း ယခုအခါ ဆရာ့ စကားနားထောင်တဲ့ ယောဂီတွေ လျင်မြန်စွာဉာဏ်ထူး, တရားထူး ရောက်ကြတာကို တွေ့ရပါတယ်။

အဆိုအဆုံးအမကို မနာခံချင်တဲ့သူဟာ ပြောဆိုတဲ့လူကို ပြစ်မှားနေတာနဲ့ မေတ္တာမပွားဘဲ ဒေါသတွေသာ ပွားနေတတ်တယ်။ ဒါကြောင့် မေတ္တာပွားနေတဲ့ ယောဂီမှာ ဆိုဆုံးမလွယ်သူဖြစ်ဖို့ရာ အလွန်အရေးကြီးပါတယ်။ ဒီနေရာမှာ သေသေချာချာစဉ်းစားကြည့်ရင် သူများက ပြောဆိုတယ်ဆိုတာဟာ ကိုယ့်အကျိုးပဲ၊ ဥပမာအားဖြင့် မျက်နှာမှာ အိုးမဲတွေလူးပေနေပါလျက်နဲ့ အခမ်းအနား ပွဲလမ်းသဘင် ဌာနသွားရင် မြင်ရတဲ့သူတွေက ရယ်ကြလိမ့်မယ်။ အဲဒီလို သွားခါနီးမှာ မြင်ရတဲ့သူက ပြောပြပေးလို့ ဆေးကြောသုတ်သင်ပြီးမှသွားရင်တော့ သူများရယ်ဖွယ်, ကဲ့ရဲ့ဖွယ်ကင်းသွားတယ်။ ဒါကြောင့် မိမိမျက်နှာက အပြစ်ကိုပြောတဲ့သူအပေါ်မှာ ကျေးဇူးတင်စရာပါပဲ။ အဲဒါလိုပင် မိမိမှာ ချွတ်ယွင်းနေတာကို သူတစ်ပါးက ပြောဆိုလို့ရှိရင် အဲဒီလို ပြောတဲ့သူကို ကျေးဇူးတင်စရာပဲ။ ဒါကြောင့် ဆရာကဖြစ်စေ, အတူနေပုဂ္ဂိုလ်ကဖြစ်စေ, မိဘတို့ ညီအစ်ကို မောင်နှမတို့ကဖြစ်စေ ချွတ်ယွင်းချက်ကို

http://www.dhammadownload.com

ပြောရင် အဲဒီပြောဆိုတာကို ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံပြီး ပြုပြင်သွားဖို့ လိုပါတယ်။ ၇-နှစ်အရွယ်က အရှင်ရာဟုလာဟာ နံနက်တိုင်း သဲကိုပုံပြီး အဲဒီသဲပုံထဲက သဲလုံးတွေနဲ့အမျှ အဆုံးအမ ရပါစေလို့တောင် ဆုတောင်းပါသေးသတဲ့၊ ဒါကြောင့် မေတ္တာ ဘာဝနာကိုဖြစ်စေ, အခြား ဘာဝနာကိုဖြစ်စေ အားထုတ်နေတဲ့ သူဟာ ဆိုဆုံးမလွယ်တဲ့ သုဝစ ပုဂ္ဂိုလ်ဖြစ်ဖို့ အလွန်အရေးကြီးပါ သတဲ့။

(၅) နူးညံ့ရမယ်

နောက်ပြီးတော့၊ မုဒု စ - နူးညံ့ပျော့ပျောင်းသည်လည်း၊ အသ-ဖြစ်ရာ၏တဲ့၊ ဒကာ-ဒကာမတွေ၊ကြည်ညိုအောင် သူတို့ အလိုလိုက်ပြီး ပြောဆိုတာ, ပြုလုပ်ဆောင်ရွက်တာ, ပေးကမ်းတာ, ဒီလိုနူးညံ့ပျော့ပျောင်းတာကိုတော့ ရဟန်းများမှာ မပြုကောင်းဘူး၊ ဝိနည်းနဲ့ မဆန့်ကျင်တဲ့အရာမှာတော့ နူးညံ့ပျော့ပျောင်းစွာ ဆက်ဆံ ပြောဆိုရတယ်။ သာပြီး အရေးကြီးတာကတော့ အကျင့်ပဋိပတ် အရာမှာ ပျင်းရိတောင့်တင်းမနေဘဲ ကျင့်သလောက်ချောမော ပြေ ပြစ်စွာ လိုက်လျောပြီး ပြုကျင့်သွားဖို့ရာက သာပြီးအရေးကြီးပါ တယ်။

(၆) မာန်မထောင်လွှားရ

နောက်ပြီးတော့ အနတိမာနီစ- မာန်ထောင်လွှားခြင်းမရှိ သည်လည်း၊ အသ-ဖြစ်ရာ၏-တဲ့။ အမျိုးဇာတ်အနွယ် စသည်ကို

http://www.dhammadownload.com

မှီ၍ မာန်ထောင်လွှားခြင်း, ပရိယတ်, ပဋ္ဌိပတ်, ဂိုဏ်းဂဏဂုဏ် စသည်ကို မှီ၍ မာန်ထောင်လွှားခြင်း မရှိစေရဘူး။မာန်ထောင်လွှားပြီး သူတစ်ပါးကို အထင်သေးခြင်း, မရိုမသေ မထီမဲ့မြင်ပြုခြင်း မရှိစေရဘူးတဲ့။ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူတစ်ပါးကို မရိုမသေ မထီမဲ့မြင် ပြောဆို ပြုမူနေရင် မေတ္တာအစစ်ဖြစ်ဖို့ ခက်ပါတယ်။ တချို့က ဂိုဏ်းချင်းမတူတာနဲ့ အလေးအမြတ်ပြုသင့်တဲ့ ပုဂ္ဂိုလ် ပေမယ့် မရိုမသေပြောဆို ပြုမူနေတာ ရှိတတ်တယ်။ အဲဒီပုဂ္ဂိုလ်မှာ မေတ္တာအစစ် ဖြစ်ဖို့ ခက်ပါလိမ့်မယ်။ လောကဘက်က ပြောရမယ် ဆိုရင် "ဘာမျှ မစွမ်းနိုင်ဘူး"လို့ ထင်ရတဲ့ သူထံမှာလည်း မရိုမသေ မထီမဲ့မြင် ပြုလုပ်ခြင်းကြောင့် ဘေးရန်အန္တရာယ်တွေ ရောက်လာ တတ်တယ်။သာကီဝင်မင်းမျိုးတွေ ဝိဋူဋ္ဌဘ ဘေးသင့်တာဟာ ဒီလို မာန်ထောင်ပြီး မထီမဲ့မြင် ပြုလုပ်ခြင်းကြောင့်ပါပဲ။ ဒါကြောင့် မာန် ထောင်လွှားခြင်းမရှိဘဲ သူတစ်ပါးကို မထီမဲ့မြင် မရှိဘဲ၊ နှုးညံ့ ပျော့ ပျောင်းတဲ့စိတ် ရှိစေရမယ်တဲ့။ ဒီနေရာမှာ အဋ္ဌကထာက "အရှင် သာရိပုတ္တရာဟာ ဒွန်းစဏ္ဍားလို နှိမ့်ချတဲ့စိတ် ရှိသကဲ့သို့ နှိမ့်ချတဲ့ စိတ်ဖြင့် နေရမယ်" လို့တောင် ညွှန်ပြထားပါသေးတယ်။ အဲဒီ အရှင်သာရိပုတ္တရာ၏ စိတ်ထားပုံကို တုဝဋ္ဌကသုတ်တရားတော် (နှာ-၃၈)မှာ ဒီလိုထုတ်ပြထားခဲ့ပြီ။

သူတောင်းစား သူငယ်ဖြစ်စေ, သူငယ်မ ဖြစ်စေ ခွက်လက် စွဲကာ ဟောင်းနွမ်းသောအဝတ်ကို ဝတ်လျက် ရွာနိုဂုံးသို့ ဝင်သော အခါ မိမိကိုယ်ကို နှိမ်ချထားတဲ့ စိတ်ဖြင့်ဝင်ပါတယ်။ အဲဒီသူတောင်း

http://www.dhammadownload.com

စားသူငယ်ကလေး, သူငယ်မလေးလိုပင် နှိမ်ချသောစိတ်ရှိပြီးနေ ကြောင်းကိုလည်း(အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား) လျှောက်ပါတယ်။ အထက်တန်းစား ပြာဟ္မဏမျိုးဖြစ်တဲ့ အရှင်သာရိ ပုတ္တရာ မထေရ်က (စဏ္ဍာလ) ဒွန်းစဏ္ဍား ဇာတ်နိမ့်မျိုး သူတောင်း စားမျိုးလိုပင် နှိမ်ချထားတဲ့စိတ်ရှိနေတယ်ဆိုတာ အလွန်ပင် အံ့ဩြစရာလည်း ကောင်းပါတယ်။ အဲဒါကို အတုယူပြီး မိမိစိတ်ကို နှိမ်ချပြီး နူးနူးညံ့ညံ့နေထိုင်ဖို့ရာလည်း အထူးသတိပြုသင့်ပါတယ်။

(ဤတရားစာကို မူချောစိစစ်တဲ့အခါ အကျဉ်းချုပ်မှု သိရ အောင် ထုတ်ဆောင်ပြသည်၊ မူလ ဟောစဉ်က တစ်နာရီခန့် အ ကျယ်ဟောခဲ့သည်၊ ယင်းမှအကျဉ်းကိုမူ ထို တုဝင္ဆက သုတ် တရား စာအုပ်၌ပင် ကြည့်ကြပါကုန်။)

ပထမ တစ်ဂါထာတော့ ပြီးသွားပြီ၊ ယခု ဒုတိယဂါထာကို ဟောရမယ်။

၂။ သန္တသ္သကောာ စ သုဘရော စ၊
အပ္ပကိစ္ဆော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒ္ရိယောစ နိပကောစ၊
အပ္ပဂဗ္ဘော ကုလေသ္ဝ' နနုဂိဒ္ဓေ။

(၇) ရောင့်ရဲလွယ်ရမယ်

၂။ သန္တသ္သကောစ-ရောင့်ရဲလွယ်သည်လည်း၊ အသ-ဖြစ် ရာ၏တဲ့။ ရောင့်ရဲဆိုတာ (၁) ယထာလာဘ သန္တောသ-ရသမျှနှင့်

http://www.dhammadownload.com

ရောင့်ရဲခြင်း၊ (၂) ယထာဗလသန္တောသ-စွမ်းနိုင်သမျှနှင့် ရောင်ရဲခြင်း၊ (၃) ယထာသာရုပ္ပသန္တောသ-သင့်လျော်တာနှင့် ရောင့်ရဲခြင်းလို့ ဒီလို ၃-မျိုးရှိတယ်။ အဲဒါကို ပစ္စည်းလေးပါးနှင့် ပွားလိုက်ရင် (၃×၄လီ) ၁၂-ပါးဖြစ်သွားတယ်၊ အဲဒီ ၁၂-ပါးသော ရောင့်ရဲခြင်းဖြင့် ရောင့်ရဲရမယ်တဲ့။

မူလရောင့်ရဲခြင်း၃-ပါးထဲက(၁) ယထာလာဘသန္တောသဆိုတာ ရသမျှဆွမ်း,သင်္ကန်း,ကျောင်း,ဆေးဖြင့် ကျေနပ်အားရနေခြင်းပါပဲ။ ဆွမ်းဆိုရင် ရဟန်းဖြစ်စပြီးကတည်းက မြတ်စွာဘုရားက ဩဝါဒပေးထားတယ်။ပိဏ္ဍယာ လောပ ဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော-တဲ့။ တစ်အိမ်တစ်ဇွန်း၊ တစ်ကော်၊ တစ်လုတ်တစ်ခဲ စသည်ဖြင့် ဆွမ်းခံလို့ရလာတဲ့ ဆွမ်းကို အမှီပြုပြီး ရဟန်းအဖြစ်ဆိုတဲ့ ရဟန်းအကျင့်ဟာ တည်စေတယ်။ ထိုဆွမ်းခံဆွမ်း ဆိုတဲ့ မှီရာ၌ သင်ရဟန်းသစ်ဟာ တစ်သက်ပတ်လုံး အားထုတ်ရမယ်တဲ့။ ဆိုလိုတာကတော့ မည်သူ့ကိုမျှ တာဝန်မလေးစေဘဲ ဆွမ်းခံစားရမယ်လို့ ဆိုလိုတာပါပဲ။

ဒါယကာ, ဒါယိကာမ တစ်ဦးတစ်ယောက်က နေ့စဉ်ချက်ပြုတ် ကျွေးနေရမယ်ဆိုရင် အဲဒီဒါယကာ, ဒါယိကာမမှာ အလွန်ဝန်လေးပါတယ်။ ဆွမ်းခံစားတယ်ဆိုတော့ ဘယ်သူ့ကိုမျှ ဝန်မလေးစေဘူး။ ချက်ပြီးသား အသင့်ရှိနေလို့ လှူနိုင်တဲ့သူက တစ်ဇွန်းလောက် လှူလိုက်ရင် ကိစ္စပြီးတာပဲ။ အဲဒီတစ်ဇွန်းလောက် တစ်ကြိမ်တစ်ခါ လှူရတဲ့အတွက် ဘာမျှတာဝန်လေးစရာလည်း မရှိဘူး။ အကယ်၍

http://www.dhammadownload.com

မလျှုနိုင်ရင်လဲ ကန်တော့ဆွမ်းပါ ဘုရားလို့လျှောက်လိုက်ရင်ပြီးတာပဲ။ ရဟန်းက အခြားတစ်အိမ်ကြွသွားရုံပဲ။ ဒီနည်းအရ မတတ်နိုင်တဲ့အိမ်က ကန်တော့ဆွမ်း၊ တတ်နိုင်တဲ့အိမ်များက သူတို့ တတ်နိုင်သမျှ လောင်းလှူကြတဲ့ ရသမျှဆွမ်းဖြင့် ရောင့်ရဲနေရမယ်။ အထူးလှူတဲ့ဆွမ်းပေါ်လာရင် ရဟန်းကလည်း ခုတင်ဆောင် မဟုတ်လို့ အလိုရှိရင် လက်ခံပြီး အဲဒီဆွမ်းဖြင့် ရောင့်ရဲနေဖို့ပါပဲ၊ ဆွမ်းခံဆွမ်းဖြင့် အားမရ မရောင့်ရဲဘဲ၊ ဖိတ်မာန်မထားတဲ့ ဆွေမျိုးမတော်သူထံမှ ဆွမ်းကို တောင်းခံစားရင် ဂိလာနလည်း မဟုတ်ရင် သေခိယသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်တယ်။ ဆွမ်းစရိတ်ဆိုပြီး ငွေကို အလှူခံရင်နိဿ ဂ္ဂိယပါစိတ်အာပတ်သင့်တယ်။ထောပတ် ဆွမ်းစသော အမွန်အမြတ်ဆွမ်းကို တောင်းခံရင် ပဏီတဘောဇန သိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ်သင့်တယ်။ ပင့်ပြီး ဆွမ်းကပ်နေရာ မှာတောင် ဖိတ်မန်မထားရင် ဟင်းတို့ ဆွမ်းတို့ကို မတောင်းခံ ကောင်းဘူး။ ယခုနေအခါမှာတော့ တန်ခိုးကြီးစေတီတော် (ဘုရား) အနီးမှာဖြစ်စေ၊ မော်တော် ဆိပ်စသည်မှာဖြစ်စေ ခွက်လက်စွဲပြီး ဆွမ်းစရိတ် အလှူခံနေကြတာ တွေရှိတယ်။ အဲဒါတွေဟာ ယခုပြောခဲ့တဲ့ ဝိနည်းသိက္ခာပုဒ်နှင့် မညီညွတ်တာတွေပဲ။ သဒ္ဓါ တရားကောင်းတဲ့ အချို့ဒကာမတွေ ကတော့ အဲဒီလို အလှူခံနေတဲ့ သက်နှံ့ဝတ်ပုဂ္ဂိုလ်အား ကုသိုလ်ရမယ်လို့ ယုံကြည်ပြီး ငွေကိုလှူ ကြတယ်၊ ရဟန်းဟုတ်ရင် ငွေကို ခံယူတိုင်း, ကိုင်တွယ်တိုင်း အာပတ်သင့်နေတာပဲ။ ရဟန်းဟုတ်သည် ဖြစ်စေ, မဟုတ်သည် ဖြစ်စေ သာသနာတော်အား အမျှားက အကြည်ညိုပျက်ဖွယ်တော့

http://www.dhammadownload.com

ဖြစ်နေတာပါပဲ။ ဒါကြောင့် သာသနာ ပျက် အလုပ်လို့တော့ ဆိုနိုင်ပါတယ်။

အဲဒီလို ဆွမ်းအကြောင်းပြုပြီး အာပတ်သင့်တာ, သာသနာ့ ဂုဏ်ပျက်နေတာတွေဟာ ဆွမ်းခံဆွမ်းမျှဖြင့် မရောင့်ရဲလို့ပါပဲ။ ရောင့်ရဲရင်တော့ မိမိကိုယ်တိုင်မှာလည်း အပြစ်ကင်းတယ်။ ဗုဒ္ဓ သာသနာတော်မှာလည်း အကြည်ညိုပျက်စရာမရှိဘူး။ ဒါကြောင့် မေတ္တာဘာဝနာကိုဖြစ်စေ၊ အခြား ဘာဝနာကို ဖြစ်စေပွားများနေတဲ့ ရဟန်းကောင်း, ရဟန်းမြတ်ဆိုရင် အကောင်းအဆိုးမရွေးဘဲ တရားသဖြင့် ရသမျှဆွမ်းဖြင့် ရောင့်ရဲသင့်ပါတယ်။

နောက်ပြီးတော့ သင်္ကန်းမှာလည်း ပုံ့သကူသင်္ကန်းဖြင့် မျှတနေဖို့ မြတ်စွာဘုရားက ဩဝါဒပေးထားပါတယ်။ ဒကာ-ဒကာမများက သူ့သဒ္ဓါစေတနာအလျောက် လှူရင် အဲဒီလို သင်္ကန်းကိုလည်း ခွင့်ပြုထားပါတယ်။ ဒါကြောင့် အကောင်းအဆိုး မရွေးဘဲ တရားသဖြင့် ရလာတဲ့ အဲဒီလို သင်္ကန်းတစ်မျိုးမျိုးဖြင့် ရောင့်ရဲဖို့ပါပဲ၊ အဲဒီ သင်္ကန်းကိုလည်း မအပ်စပ်တဲ့နည်းဖြင့်ရှာရင် အာပတ်အပြစ်သင့်နိုင်တာပဲ။

နောက်ပြီးတော့ ကျောင်းအိပ်ရာနေရာလည်း သစ်ပင်ရင်း, သစ်ပင်အောက်၌ နေဖို့ဩဝါဒ ပေးထားပါတယ်၊ တရားသဖြင့် ဆောက်လုပ်လှူဒါန်းထားတဲ့ အဆောက်အအုံများကိုလည်း ခွင့်ပြုထားပါတယ်။ ဒါကြောင့် အဲဒီလို အပြစ်ကင်းတဲ့ ကျောင်းအိပ်ရာ နေရာ ဖြင့် ရောင့်ရဲဖို့ပါပဲ၊ အဲဒီလို မရောင့်ရဲနိုင်တဲ့အတွက်

http://www.dhammadownload.com

ငွေအလျှုံခံပြီး ဆောက်လုပ်ရင်ဖြစ်စေ, သဒ္ဓါတရားဖြင့် လှူငွေကို မအပ်တဲ့နည်းဖြင့် အလျှုံခံပြီးတော့ဖြစ်စေ အပ်တဲ့နည်းဖြင့် လှူထားတဲ့ငွေကို ကိုယ်တိုင်ကိုင်တွယ်သိမ်းထားပြီးတော့ဖြစ်စေ အဲဒီငွေများဖြင့် ကိုယ်တိုင်ဝယ်ယူဌားရမ်းပြီး ဆောက်လုပ်ရင်ဖြစ်စေ, အဲဒီကျောင်းအပ်ရာ နေရာဟာ ကိုယ်တိုင်လည်း မနေကောင်းဘူး။ အခြား ရဟန်းတော်များလည်း မနေကောင်းဘူး။ နေရင် သုံးဆောင်ရင် သုံးဆောင်တိုင်း, သုံးဆောင်တိုင်း အာပတ်အပြစ်သင့်နေတာပါပဲ။ ဒါကြောင့် အပြစ်ကင်းတဲ့ကျောင်း တစ်မျိုးမျိုးနဲ့ ရောင့်ရဲဖို့ အရေးကြီးပါတယ်။

နောက်ပြီးတော့ ဆေးပစ္စည်းကိုတော့ ပူတိမုတ္တာ- ဆိုတဲ့ဆေးကို သုံးဆောင်ပြီး မျှတနေဖို့ မြတ်စွာဘုရားက ဩဝါဒပေးထားပါတယ်။ ပူတိမုတ္တာဆိုတာ နွားကျင်ငယ်ရေလို့ ပြန်ရိုးပြန်စဉ်ရှိပါတယ်။ ယခုခေတ်မှာလည်းထုံနာ, ကျင်နာ ရှိနေတဲ့ သူများမှာ အဲဒီနွားကျင်ငယ်ရေကို သုံးဆောင်ခြင်းဖြင့် ထုံနာ, ကျင်နာ ပျောက်ကင်းကြောင်း ကြားသိရပါတယ်။ ပုပ်ဆွေးနေလို့ စွန့်ပစ်ထားတဲ့ ဆေးအဟောင်းအမြင်းကို ပူတိမုတ္တာခေါ်တယ်လို့ ဒီလိုတစ်နည်း အဖွင့်လည်းရှိပါတယ်။ အဲဒီအဖွင့်ကိုတော့ ဘုရား၏ အလိုကျ, မကျ စဉ်းစားဖွယ်ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ယခုခေတ်မှာ စနစ်တကျ ဆေးထုတ်လုပ်တဲ့ဌာနများက သူတို့ထုတ်လုပ်တဲ့ ဆေးကို ဆေးသက်ကုန်တဲ့အခါ မသုံးဖို့ ညွှန်ကြားထားချက်များလည်း ရှိပါတယ်။ ပုပ်ဆွေးနေတဲ့ အဲဒီဆေးကို သုံးဆောင်ရင် ရောဂါမပျောက်

http://www.dhammadownload.com

ဘဲ ရောဂါဖြစ်မည်ကို စိုးရိမ်စရာပဲရှိပါတယ်။ နောက်ပြီးတော့ အဲဒီလို စွန့်ပစ်ထားတဲ့ ဆေးကို လိုက်လံရှာဖွေယူဖို့လည်း လွယ်လှမယ် မဟုတ်ပါဘူး။ ဒါကြောင့် ပူတိမုတ္တဆိုတဲ့ သဒ္ဒါအရကြံပြီး ဖွင့်ပြတဲ့ အဲဒီအနက်ကို ဘုရားရှင် အလိုတော်နှင့် ညီ, မညီ စဉ်းစားဖွယ် ရှိပါတယ်။

ဒီဆေးပစ္စည်းအရာမှာတော့ ဂိလာန ပုဂ္ဂိုလ်မှာ ဆေးကို မည်သူ့ထံမှဖြစ်စေ တောင်းယူသုံးဆောင်နိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် ငွေကို အလှူခံပြီး အဲဒီငွေဖြင့် မအပ်မရာဝယ်ယူ သုံးဆောင်ရင်တော့ နိဿဂ္ဂိယသိက္ခာပုဒ်များအရ အာပတ်သင့် နိုင်တာပဲ။ ဒါကြောင့် ဒီဆေးအရာမှာလည်း အပ်စပ်တဲ့ဆေးဖြင့် ရောင့်ရဲဖို့ လိုတာပါပဲ။ အဲဒီလို အပ်စပ်တဲ့ ရရာပစ္စည်းဖြင့် ရောင့်ရဲနေတာကို ယထာလာဘ သန္တောသခေါ်တယ်။

နောက်ပြီးတော့ မကျန်းမာလို့ဖြစ်စေ, အားနည်းလို့ဖြစ်စေ မိမိနှင့် မသင့်လျော်တဲ့ဆွမ်း, သက်နံ့, ကျောင်း, အိပ်ရာနေရာ, ဆေးပစ္စည်းများကို သူတစ်ပါးထံမှ သင့်လျော်တဲ့ပစ္စည်းများနှင့် လဲလှယ်ပြီး သုံးဆောင်ရတာကို ယထာဗလသန္တောသခေါ်တယ်။ စွမ်းနိုင်တဲ့ပစ္စည်းဖြင့် ရောင့်ရဲခြင်းလို့ ဆိုလိုတယ်။

နောက်ပြီးတော့ မိမိမှာ ရရှိထားတဲ့ ဆွမ်း, သက်နံ့ စသည်က အဖိုးတန်လွန်း, ကောင်းလွန်းနေတဲ့အတွက် မိမိနှင့်မတော်ဘူးလို့ ယူဆပြီး သူတစ်ပါးထံမှ ပစ္စည်းအညံ့နှင့်လည်းလှယ်ပြီး သုံးဆောင်တာကို ယထာသာရုပ္ပသန္တောသခေါ်တယ်။ သင့်လျော်တဲ့ ပစ္စည်းဖြင့် ရောင့်ရဲခြင်းလို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

အဲဒီ ရောင့်ရဲခြင်း ၃-ပါးအရ၊ အကျယ်အားဖြင့် ၁၂-ပါးအရ ရောင့်ရဲနေဖို့ပါပဲ၊ မရောင့်ရဲရင် ခုတွင်က ပြောခဲ့တဲ့ အရိပ်အမြွက်စကားများအရ အပြစ်ဖြစ်နေနိုင်ပါတယ်။ လူ့လောကမှာလည်း ဒီရောင့်ရဲမှုက အလွန်ပင်အရေးကြီးပါတယ်။ ရသမျှနဲ့ မရောင့်ရဲရင် ဆင်းရဲပင်ပန်းတတ်ပါတယ်။ မရနိုင်တာကို ရချင်လို့ မပြုသင့်တာကို ပြုမိရင် ရာဇဝတ်အပြစ်လည်း သင့်တတ်ပါတယ်။ မရနိုင်တာကို လိုချင်နေရင် အကြီးအကျယ် ဆင်းရဲနေရတတ်တယ်။ အိမ်သူက ချက်ကျွေးတဲ့ ထမင်းဟင်းဖြင့် မရောင့်ရဲတဲ့အိမ်ရှင်ဟာ အိမ်သူနဲ့ အဆင်မပြေဖြစ်တတ်တယ်။ အိမ်ရှင်ရှာပေးသမျှ မရောင့်ရဲတဲ့ အိမ်သူမှာလည်း အိမ်ရှင်နဲ့အဆင်မပြေဖြစ်တတ်တဲ့အပြင် သူ့အလို ပြည့်အောင် မတော်တာပြုလုပ်မိတဲ့အတွက် အိမ့်ရှင်မှာ အတိဒုက္ခ ရောက်တတ်ပါတယ်။ ယခုခေတ်မှာ ကုန်ရှေ့နဲ့ချီပြီး ပေါများကြွယ်ဝနေတဲ့ သေဒ္ဒေးကြီးတွေလဲ မရောင့်ရဲနိုင်တဲ့အတွက် ချမ်းချမ်းသာသာ မနေနိုင်ဘဲ ပင်ပန်းဆင်းရဲနေကြရတယ်။ ရသမျှနဲ့ ရောင့်ရဲနေရင်တော့ စားရုံ, ဝတ်ရုံမျှ အတော်အသင့်လောက် ပြည့်စုံနေတဲ့ လူမှာလည်း ချမ်းသာနေတာပဲ။ ဒါကြောင့် မြတ်စွာဘုရားက သန္တုဋ္ဌိ- ရောင့်ရဲခြင်းသည်၊ ပရမံ ဓနံ- အကောင်းအမြတ်ဆုံးဥစ္စာပေတည်း-လို့ ဟောတော်မူတာပါပဲ။ အဲဒါဟာ စဉ်းစားဆင်ခြင်ကြည့်ရင် အလွန်သဘာဝကျတဲ့ စကားတော်ပါပဲ။ ဒါကြောင့် ဘာဝနာအလုပ်ကို အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ အစစအရာရာမှာ ရောင့်ရဲဖို့ လိုပါတယ်။

http://www.dhammadownload.com

(၇) မွေးမြူပြုစုလွယ်ရမယ်

နောက်တစ်ပုဒ်ကတော့ သုဘရော စ-ဒကာ, ဒကာမတို့က ပြုစုမွေးမြူလွယ်သည်လည်း၊ အသ-ဖြစ်ရာ၏-တဲ့။ ဒကာ, ဒကာမတို့က သူတို့၏ အင်အားရှိသမျှဖြင့် ဆွမ်း, သင်္ကန်း စသည်တို့ကို လျှာ်ဒါန်းထောက်ပံ့ပြီး ပြုစုနေကြရာမှာ မိမိက မကြိုက်ပေမယ်လို့၊ မကောင်းလှပေမယ်လို့ မည်သည်းညူဘဲ လက်ခံသုံးဆောင်နေဖို့ပါပဲ ဘယ်လိုပစ္စည်းနဲ့ပဲဖြစ်ဖြစ် မျှတနေဖို့ပါပဲ။ အဲဒီလိုမဟုတ်ဘဲ ဒါမျိုး မကြိုက်ဘူး၊ ဘယ်လိုဟာမျိုးမှ ကြိုက်တယ်စသည်ဖြင့် ကောင်းသည်ထက် ကောင်းတာတွေကို လျှာ်ဖို့ ညွှန်ကြားနေရင် ဒကာ, ဒကာမတွေမှာ ပြုစုမွေးမြူဖို့ တာဝန်လေးမှာပါပဲ။ ဗြိတိသျှခေတ်တုန်းက မော်လမြိုင်နယ်မှာ ဘုန်းတော်ကြီးတစ်ပါးဟာ ကြက်သားဟင်းမပါရင် သူက ဆွမ်းမစားဘူးတဲ့။အဲဒီတော့ သူ့ဒကာ, ဒကာမတွေက အမြဲတမ်း ကြက်သားဟင်းပါအောင် ကြောင့်ကြစိုက်နေကြရသတဲ့။ ခရီးသွားနေစဉ် အကြောင်းမညီညွတ်လို့ ကြက်သားဟင်းမရတဲ့အခါ သူက အဲဒီနေ့မှာ ဆွမ်းမစားဘဲနေသတဲ့။ ဘာကြောင့် ဒီလိုပြုကျင့်နေသလဲဆိုတာတော့ မပြောတတ်ပါဘူး။ ဓမ္မပဒဝတ္ထုထဲက ငါးကြင်းသားဟင်းပါမှ စားလိုတဲ့ ပဏ္ဍိတသာမဏေကို အားကျပြီး အမိဌာန်ပြုထားလေသလား မပြောတတ်ပါဘူး။ အဲဒါဟာ သုဘရ-မဖြစ်ဘဲ, ဒုဗ္ဘရ-မွေးမြူပြုစုနိုင်ခဲသူ ဖြစ်နေတယ်လို့ ဆိုရမှာပေါ့။ ဒီမှာတော့ အဲဒီလိုမဟုတ်ဘဲ ဒကာ-ဒကာမတွေက လျှာ်ဒါန်းသမျှဖြင့် ရောင့်ရဲပြီး ပြုစုမွေးမြူလွယ်ဖို့ပါပဲ။

http://www.dhammadownload.com

အချို့စိတ်သဘောသေးနုပ်သော ရဟန်းဟာ ဒကာ, ဒကာမတို့က အကောင်းအမြတ်ကို လျှစေကာမူ မကျေနပ်သည့် အမူအရာကို ပြတတ်တယ်။ အလျှုရှင်များရှေ့တွင်ပင် ဘယ်လိုဟာတွေ လျှုပါလိမ့်မလဲလို့ မောင်းမပြီး အခြားသူအား စွန့်လိုက်တတ်တယ်။ အဲဒီလို ရဟန်းဟာ ဒကာ-ဒကာမတို့က အမွေးအမြှုခက်သောသူ ဖြစ်တယ်။ ကောင်းကောင်းဆိုးဆိုး ပေးလျှုသမျှနှင့် ကျေနပ်နှစ်သက်ကာ ကြည်လင်တဲ့ မျက်နှာဖြင့် လက်ခံမျှတနေတဲ့ ရဟန်းကတော့ ဒကာ-ဒကာမတို့က ပြုစုမွေးမြူလွယ်သော ပုဂ္ဂိုလ်ဖြစ်ပေတယ်။ ဒီရဟန်း ၂-မျိုးထဲက မွေးမြူရန်ခက်တဲ့ရဟန်းမှာ မေတ္တာဖြစ်ဖို့ ခက်ပါလိမ့်မယ်။ အခြားဘာဝနာများလည်းဖြစ်ဖို့လွယ်လှမယ် မဟုတ်ပါဘူး။ ဒါကြောင့် မေတ္တာစသော ဘာဝနာအစစ်ဖြစ်ရေး၌ လွယ်ကူစေရန် ပြုစုမွေးမြူရ လွယ်သူဖြစ်ဖို့ ညွှန်ကြားတော်မူတာပါပဲ။

(၉) ကိစ္စနည်းရမယ်

နောက်တစ်ပုဒ်ကတော့ အပ္ပကိစ္စော စ - ကိစ္စနည်းသည်လည်း၊ အသ - ဖြစ်ရာ၏-တဲ့။ ဘာဝနာတစ်ပါးပါးကို တကယ်ပွားများနေတဲ့သူမှာ မိမိကိုယ်နဲ့စပ်တဲ့ မလွဲမကင်းသာသော ကိစ္စမှတစ်ပါး အခြားကိစ္စ မရှိတာ အကောင်းဆုံးပါပဲ။ ဒါကြောင့် ဒီမှာ အပ္ပကိစ္စော - ကိစ္စနည်းရမယ်လို့ ညွှန်ကြားတော်မူတာပါပဲ။

http://www.dhammadownload.com

(၁၀) နေထိုင်သွားလာ ပေါ့ပါးရမယ်

နောက်တစ်ပုဒ်ကတော့ သလ္လဟုကဝုတ္တိ စ - ပေါ့ပါးသော ဖြစ်ခြင်းရှိသည်လည်း၊ အသ - ဖြစ်ရာ၏-တဲ့။ အဲဒီမှာ ပေါ့ပါး သောဖြစ်ခြင်းဆိုတာ မရှိမဖြစ်တဲ့ သက်နှံ့,သပိတ်စသော ပရိက္ခရာ ရှစ်ပါးမျှဖြင့် မျှတနေခြင်းကို ဆိုတာပါပဲ။ အသုံးအဆောင်ပစ္စည်း တွေ များနေရင် အဲဒါတွေကို စောင့်ရှောက်ရတဲ့အတွက်လည်း ဝန်လေးတယ်။ တစ်နေရာသို့ သွားတော့မယ်ဆိုရင်လည်း အဲဒါ တွေပါ ယူသွားရင် ဝန်လေးတာပဲ။ ပရိက္ခရာရှစ်ပါးဆိုတာက သက်နှံ့သုံးထည်ရယ်၊ သပိတ်ရယ်၊ ခါးပန်းကြိုးရယ်၊ အပ်ရယ်၊ သင်တုန်းရယ်၊ ရေစစ်ရယ်၊ ဒီရှစ်မျိုးပါပဲ။ ဒီပရိက္ခရာရှစ်ပါးကတော့ အမြဲနေရာမှာလည်း စောင့်ရှောက်ဖို့ တာဝန်မလေးဘူး။ ခရီးသွား ရာမှာလည်း တစ်ပါးတည်း ယူဆောင်သွားဖို့ တာဝန်မလေးဘူး။ ဒါကြောင့် အဲဒါမရှိလျှင်မဖြစ်တဲ့ ပရိက္ခရာရှစ်ပါးမျှဖြင့် မျှတနေ တာဟာ ပေါ့ပါးသော ဖြစ်ခြင်းပါပဲ။

အဲဒီ ပရိက္ခရာရှစ်ပါးထဲမှာ အပ်ဆိုတာကတော့ ယခုနေ အခါ မြန်မာပြည်က ဘုန်းကြီးတဲ့ မထေရ်များမှာ အသုံးမကျ သလောက် ဖြစ်နေတာပါပဲ။ သက်နှံ့ကို စုတ်အောင်ဝတ်ရတယ် လို့လည်း မရှိဘူး။ ကိုယ့်ဟာကိုယ်ချုပ်ပြီး ဝတ်ရတယ်လို့လည်း မရှိ ဘူး။ ဒါကြောင့် ခရီးသွားတဲ့အခါ သက်နှံ့ချုပ်စရာ အပ်ကို ယူဆောင်သွားဖို့ စိတ်ကူးတောင် ဖြစ်ကြပုံမရပါဘူး။ ဘုန်းကြီး ကိုယ်တိုင်ပင် ၁၃၂၁-ခုနှစ်တုန်းက အင်ဒိုနီးရှားသို့ သာသနာ

http://www.dhammadownload.com

ပြုသွားတဲ့အခါ အပ်နဲ့အပ်ချည် ပရိကၠရာကို ယူမသွားမိဘူး။ အဲဒီတုန်းက ပါသွားတဲ့ သင်္ကန်းတွေက အသစ်တွေပါပဲ။ ဒါပေမယ့် မူလချုပ်စဉ်က အချုပ်မကောင်းတဲ့အတွက် ချုပ်ရိုးကြောင်း တစ်ခုမှာ တစ်နေရာက ပြုတ်ထွက်သွားတာကို တွေ့ရတယ်။ အဲဒီအခါ အပ်နဲ့အပ်ချည်မပါတဲ့အတွက် ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားပြီးတော့ သီဟိုဠ်မှ ကြွလာတဲ့ အရှင်အရိယဝံသမထေရ်နှင့် တိုင်ပင်ကြည့်တယ်။ အဲဒီ မထေရ်ကြီးက သူ့မှာ အပ်နဲ့အပ်ချည် ပါလာတဲ့အကြောင်း၊ သူကိုယ်တိုင် ချုပ်ပေးမည့်အကြောင်းကို ပြောပါတယ်။ အဲဒီတော့ ဘုန်းကြီးက ချုပ်ပေးဖို့တော့ မလိုပါဘူး။ အပ်နဲ့အပ်ချည်ကိုသာ ပေးပါ။ တပည့်တော်လည်း ဒီလောက်တော့ ချုပ်ဖို့ ဝန်မလေးပါဘူးလို့ ပြောရပါတယ်။ အဲဒါကို အကြောင်းပြုပြီး တော့ ယခုခေတ်မှာလည်း ခရီးရှည်သွားတဲ့အခါ အပ်နဲ့အပ်ချည် ပရိကၠရာကိုလည်း ယူဆောင်သွားသင့်ကြောင်း အမှတ်ရမိခဲ့ပါ တယ်။ အဲဒီအပ်နဲ့အပ်ချည်ဟာလည်း ယူဆောင်သွားဖို့ ဘာမျှ ဝန်မလေးပါဘူး၊ ပေါ့ပါတယ်။

သပိတ်နှင့်ရေစစ်လည်း ပါသင့်ကြောင်း

ယခုကာလမှာ အချို့ရဟန်းတော်များကတော့ ရောက်ရာ မှာ စားစရာက အလွယ်တကူရနေတာနဲ့ သပိတ်ကိုတောင် မယူဘဲ ပေါ့ပေါ့ပါးပါး သက်သက်သာသာ သွားလေ့ရှိကြပါတယ်။ ဘုရား လက်ထက်၊ အဋ္ဌကထာဆရာများလက်ထက် ကာလဆီကတော့ ပတ္တစီဝရမာဒါယ - သပိတ်၊သင်္ကန်းကို ယူ၍လို့ဆိုထားတဲ့အတိုင်း

http://www.dhammadownload.com

သံယာအစည်းအဝေးသွားတဲ့အခါ၊ ဥပုသ်ပြုသွားတဲ့အခါမှာတောင် သပိတ်နှင့်သင်္ကန်းသုံးထည်ကို ယူသွားလေ့ရှိကြပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ကတော့ ခရီးဝေးသွားတဲ့အခါဖြစ်စေ, မြို့ထဲသီးသန့် ဆွမ်းစားသွားတဲ့အခါဖြစ်စေ သပိတ်ကိုလဲ ယူသွားဖို့ရာ ညွှန်ကြားထားပါတယ်။နောက်ပြီးတော့ အရေးကြီးတဲ့ ပရိက္ခရာတစ်ခုကတော့ ရေစစ်ပဲ။ အဲဒီရေစစ်မပါဘဲ ယူဇ နာဝက်စသည်ရှည်တဲ့ ခရီးကို သွားရင် ဒုက္ခရှင်အာပတ်သင့်တယ်။ တစ်ယူဇနာဆိုတာ ပါဠိ အဘိဓာန်ကျမ်း စသည်မှာ ပြဆိုထားချက်အရအားဖြင့် ၁၂-မိုင် ကျော်ကျော် ၁၃-မိုင်နီးပါးရှိပါတယ်။ ယူဇနာဝက်ဆိုရင် ၆-မိုင်ခွဲ လောက်ရှိတယ်၊ ယခုခေတ်မှာ ၆-မိုင်ခွဲလောက်ခရီးကို မော်တော်ယာဉ် စသည်ဖြင့် မကြာခဏသွားနေကြရတာပဲ။ ယခုခေတ် သုတေသီဆရာတို့၏ ယူဆချက်အရအားဖြင့် တစ်ယူဇနာဆိုတာ ရှစ်မိုင်လောက်ရှိတယ်။ ဒါကြောင့် ယူဇနာဝက် ဆိုတာဟာ ၄-မိုင်လောက်ရှိတယ်လို့ ယူဖို့ပါပဲ။ အဲဒီတော့ ရန်ကုန် မန္တလေးတို့လို မြို့ထဲမှာ ကိစ္စကြီးငယ်ရှိလို့သွားတဲ့အခါ ၄-မိုင်လောက်ဝေးရင် ရေစစ်ပါဖို့ လိုပါတယ်။ သီးခြား ရေစစ်မပါရင် လက်ကိုင်ပဝါကို ရေစစ်အဖြစ် နှလုံးသွင်းပြီး ယူသွားဖို့ပါပဲ။ ဒါမှမဟုတ်ရင်လည်း အကြောင်းရှိတဲ့အခါ မိမိဝတ်ထားတဲ့ သင်္ကန်းဖြင့် ရေစစ်သောက်မယ်လို့ နှလုံးသွင်းသွားဖို့ပါပဲ။

တကယ်တရားအားထုတ်မည့် ပုဂ္ဂိုလ်မှာ ယခုပြောခဲ့တဲ့ ပရိက္ခရာရှစ်ပါးဟာ ယူဆောင်သွားဖို့ ပေါ့ပါးတယ်။ ဝန်မလေး

http://www.dhammadownload.com

ပါဘူး။ ၄ိုက်မျှားဟာ ပျံသွားတဲ့အခါ သူ့အတောင်တစ်ပါတည်း ပါသွားသလို အလွယ်တကူနဲ့ ယူဆောင်သွားနိုင်ပါတယ်။ အဲဒီ ပရိကွဲရာရှစ်ပါးဆိုရင်လည်း ပြည့်စုံတော့တာပါပဲ။ ဒီနေရာမှာ ဘုန်းကြီး၏ ကိုယ်တွေ့ကို ထည့်ပြောချင်ပါတယ်။

ကိုယ်တိုင် ပေါ့ပါးခဲ့ပုံ

ဘုန်းကြီး ရှစ်ဝါရတုန်းက သင့်လျော်တဲ့ ကမ္မဋ္ဌာန်းနည်း၊ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကျောင်းကိုရှာဖို့ မော်လမြိုင်မြို့ တောင်ဝိုင်း ကလေးတိုက်ကျောင်းမှ အဖော်ရဟန်းတစ်ပါးနှင့် ထွက်လာခဲ့တယ်။ ထီး, ဖိနပ်စသည် အပိုပစ္စည်းရယ်လို့ မပါပါဘူး။ သပိတ်တစ်လုံး, သင်္ကန်းသုံးထည်, ခါးပန်းကြိုး, သင်တုန်း, ရေစစ်, အပ်ဆိုတဲ့ ပရိကွဲရာရှစ်ပါးလောက်ပါပါတယ်။ ခရီးစရိတ်လည်း မပါပါဘူး။ မော်လမြိုင်မှ ပေါင်ဆိုတဲ့ ဘူတာအထိ ကပ္ပိယက လက်မှတ် ယူပေးလိုက်တယ်။ အဲဒီအထိသာ မီးရထားဖြင့် လိုက်ပါလာပြီး တော့ အဲဒီနောက် ခရီးတွေမှာတော့ ခြေကျင်ပဲသွားရတာက များပါတယ်။ တစ်ရံတစ်ခါ ရထားလက်မှတ်လျှူသူရှိလို့ ရထားနဲ့ သွားရတာလဲ နည်းနည်းတော့ရှိပါသေးရဲ့။ ကျိုက်ထီးရိုးမှ ပြန်လာ ခဲ့ပြီး နောက်ဆုံးကျတော့ သထုံမြို့ မင်းကွန်းဇေတဝန်မှာ ဝင်ရောက်ပြီး တရားအားထုတ်ခဲ့တယ်။ အဲဒါဟာ ပရိကွဲရာရှစ်ပါး လောက်နဲ့ ပေါ့ပေါ့ပါးပါး တရားအားထုတ်ဖို့ ကိုယ်တိုင်သွားခဲ့ပုံပါပဲ။ သလ္လဟုကဝုတ္တိဆိုတဲ့ ဒီညွှန်ကြားချက်နဲ့အညီပါပဲ။

http://www.dhammadownload.com

(၁၁) ဣန္ဒြေငြိမ်သက်ရမယ်

နောက်တစ်ပုဒ်ကတော့- သန္တိန္ဒြိယော စ- ငြိမ်သက်သော ဣန္ဒြေရှိသည်လည်း၊ အသ-ဖြစ်ရာ၏-တဲ့။ ပါဠိလို ဣန္ဒြိယ-မြန်မာလို ဣန္ဒြေဆိုတာ မျက်စိ, နား, နှာ, လျှာ, ကိုယ်စိတ်ဆိုတဲ့ ဒီ ၆-ပါး ပါပဲ။ မျက်စိရှိမှ မြင်နိုင်တယ်။ မြင်တော့လည်း မျက်စိအားကောင်း သလောက်သာ မြင်အားရှိတယ်။ ဒါကြောင့် မျက်စိက မြင်ရာမှာ အစိုးရတယ်။ အဲဒီလို အစိုးရတဲ့အတွက် မျက်စိကို စက္ခုဣန္ဒြေလို့ ခေါ်တယ်။ နားစသည်ကိုလည်း ကြားရစသည်မှာ အစိုးရတယ်၊ ဒါကြောင့် နားစသည်ကိုလည်း သောတိန္ဒြေ စသည် ဖြင့်ခေါ်တယ်။ အဲဒီမျက်စိ စသော ဣန္ဒြေများကို ငြိမ်သက်စေရမယ်။ အဆင်းကောင်း၊ အသံကောင်းတွေကို မြင်ရကြားရရင် သာယာတပ်မက်တဲ့သူမှာ ဟိုကြည့်ဒီကြည့်၊ ဟိုဘက်လှည့်နားထောင် ၊ဒီဘက်လှည့်နားထောင်နဲ့ ဣန္ဒြေမရဘူး။ အနံ့ကောင်း, အရသာကောင်း, အတွေ့ကောင်းတွေ ခံစားရမှာလည်း သာယာတပ်မက်ရင် ဣန္ဒြေမရဘူး။ ပြုံးလိုက်, ရယ်လိုက်, ချီးမွမ်းလိုက် စသည်ဖြင့် လှုပ်ရှားနေတတ်တယ်။ ထို့အတူပင် မကောင်းတာကို မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ ထိရတဲ့အခါလည်း သည်းမခံနိုင်ရင် ဣန္ဒြေမရဘူး။ တွေ့ထိမှုနှင့်စပ်ပြီး နာကျင်အခံခက်တဲ့အခါ သည်းမခံနိုင်ရင် ကိုယ်တွေ,လက်ခြေတွေ လှုပ်ရှားပြီးတော့လည်း မငြိမ်သက်ဘဲ ရှိတတ်တယ်။ ပါးစပ်ကလည်း ညည်းတွားပြီး မငြိမ်သက်ဘဲ ရှိတတ်တယ်။

http://www.dhammadownload.com

ဒါကြောင့် အဲဒီအာရုံအကောင်းအဆိုးတွေနဲ့စပ်ပြီး တည်ငြိမ်နေနိုင်အောင် ထိန်းသိမ်းဖို့ လိုပါတယ်။ ဆင်ခြင်ပြီးတော့ရင်လည်း ထိန်းသိမ်းရမယ်။ ရှုမှတ်ပြီးတော့ရင်လည်း ထိန်းသိမ်းရမယ်။ ရှုမှတ်ပြီး၊ မြင်ရုံမျှ, ကြားရုံမျှ စသည်၌ တည်အောင်ထိန်းသိမ်းတာကတော့ အကောင်းဆုံးပါပဲ။ ဒါပေမယ့် မရှုမှတ်ဖူးသေးတဲ့ သူမှာတော့ အဲဒီလို ရှုမှတ်ပြီး ထိန်းသိမ်းဖို့ရာ မလွယ်ပေဘူး။ ဒါကြောင့် သာမန်အမြင်, အကြား စသည်တွေကိုတော့ ကောင်းကောင်းဆိုးဆိုး ဂရုမစိုက်ဘဲ လျစ်လျူရှုပြီး ထိန်းသိမ်းရုံပါပဲ။ နာကျင်မှုစသော လွန်ကဲတဲ့အာရုံ ဆိုရင်တော့ သင့်လျော်အောင် စွမ်းနိုင်သမျှ ဆင်ခြင်ပြီး ထိန်းသိမ်းသွားရုံပါပဲ။

(၁၂) ဆင်ခြင်ဉာဏ် ရင့်ကျက်ရမယ်

နောက်တစ်ပုဒ်ကတော့၊ နိပကော စ-ရင့်ကျက်သည်လည်း၊ အသ-ဖြစ်ရာ၏တဲ့။ ဆင်ခြင်ဉာဏ် ပညာအလိုအားဖြင့် ရင့်ကျက်ဖို့ပါပဲ။ ငယ်ရွယ်တဲ့သူများမှာ ဆင်ခြင်ဉာဏ်အားနည်းတယ်။ အရွယ်ကြီးလာလေလေ ဆင်ခြင်ဉာဏ်က အားကောင်းပြီး ရင့်ကျက်လာလေလေပဲ။ အဲဒါဟာ ရင့်ကျက်တဲ့ ဆင်ခြင်ဉာဏ် ပညာနှင့် ပြည့်စုံလာတာပါပဲ။ ဝိသုဒ္ဓိမဂ်မှာ ဒီ နိပကောဆိုတဲ့ပုဒ်ဖြင့် ပါရိဟာရိကပညာကို ပြကြောင်း ဖွင့်ပြထားပါတယ်။ ပါရိဟာရိကပညာဆိုတာ ကိစ္စကြီးငယ်ဟူသမျှကို ပြီးစီးအောင် ဆောင်ရွက်တတ်တဲ့ ဆင်ခြင်ဉာဏ်ပါပဲ။ အကျိုးရှိ မရှိ ဆင်ခြင်တတ်တဲ့ သာတ္ထကသမ္ပဇဉ်, သင့်မသင့် ဆင်ခြင်တတ်တဲ့ သပ္ပာယသမ္ပဇဉ်ဆိုတဲ့ အသိဉာဏ်တွေပါပဲ။

http://www.dhammadownload.com

ဒီ ပါရိဟာရိကပညာက လောကီ လောကုတ္တရာ နှစ်ဖြာလုံးမှာ အလွန် အသုံးကျတဲ့ ပညာပါပဲ။ အဲဒီ ဆင်ခြင်ဉာဏ်ပညာနဲ့ ပြည့်စုံရမယ်လို့ ဆိုလိုပါတယ်။ ဒီမေတ္တာသုတ်အဖွင့် အဋ္ဌကထာမှာတော့ (၁) သီလကို စောင့်ရှောက်တဲ့ပညာ၊ (၂) သက်နှံးစသည်ကို စီမံပြုလုပ်တတ်တဲ့ပညာ၊ (၃) သပ္ပာယ ၇-ပါးကို သိနားလည်တဲ့ ပညာလို့ ဒီလိုခွဲ ပြထားတယ်။ အဲဒါတွေဟာလည်း ပါရိဟာရိကလို့ ခေါ်တဲ့ ဆင်ခြင်ဉာဏ် ပညာတွေချည်းပါပဲ။ အဲဒီအထဲမှာ သက်နှံးစသည်ကို စီမံပြုလုပ်တတ်တဲ့ပညာဆိုတာကတော့ မေတ္တာဘာဝနာပွားရာမှ အရေးတကြီးလိုပုံမရပါဘူး။ ဒါပေမယ့် ကြာရှည်စွာအားထုတ်နေတဲ့အခါမှာ သက်နှံးစသည် ပြုလုပ်ရန်အတွက်လိုမှာကြောင့် ထည့်သွင်းပြထားဟန်ရှိပါတယ်။

သပ္ပါယ ၇-ပါး

သပ္ပါယ ၇-ပါးဆိုတာကတော့ (၁) သင့်လျော်တဲ့နေရာထိုင်ခင်း၊ (၂) သင့်လျော်တဲ့ဆွမ်းခံရွာ၊ (၃) သင့်လျော်တဲ့စကား၊ (၄) သင့်လျော်တဲ့ ဆရာနှင့်သီတင်းသုံးဖော်များ၊ (၅) သင့်လျော်တဲ့ အစာ၊ (၆) သင့်လျော်တဲ့ ဥတု၊ (၇) သင့်လျော်တဲ့ ဣရိယာပုတ်ဆိုတဲ့ ဒီ ၇-ပါးပါပဲ။ မိမိနှင့်သင့်လျော်တဲ့ကျောင်း စသည်ကို ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ပညာနှင့် ပြည့်စုံဖို့ပါပဲ။

သာတ္ထကသမ္ဘဇဉ်

သစ်သားကျောင်း, ဝါးကျောင်း, အုတ်တိုက်ကျောင်း စသည်

http://www.dhammadownload.com

ကို နေလို့ သင့်-မသင့်၊ ဆိတ်ငြိမ်မှု ရ-မရ စသည်ဖြင့် ဆင်ခြင်ဖို့ လိုပါတယ်။ ဆွမ်းခံရှာနှင့်စပ်ပြီး ဆင်ခြင်ဖို့ကတော့ ဆွမ်းရ-မရ, အနှောင့်အယှက်ရှိ-မရှိ, အထူးအားဖြင့် ဝိသဘာဂအာရုံကြောင့် အနှောင့်အယှက်ဖြစ်-မဖြစ်၊ ဒါမျိုးတွေ ဆင်ခြင်ဖို့ပါပဲ။ စကားက တော့ ဘယ်စကားပြောရင်, နားထောင်ရင် ကမ္မဋ္ဌာန်း၏ အန္တရာယ် ဖြစ်-မဖြစ် စသည်ကို ဆင်ခြင်ဖို့ပါပဲ။ အကြောင်းအထူးမရှိရင် တရားနှင့်မစပ်တဲ့စကားကို မပြောဘဲနေတာဟာ အကောင်းဆုံးပါ ပဲ။ ပုဂ္ဂိုလ်ကတော့ ဒီဆရာ, ဒီပုဂ္ဂိုလ်တွေနဲ့မှီခိုနေရတာ, အတူ ဆက်ဆံနေရတာ တရားဘက်က တိုးတက်မှု, ဆုတ်ယုတ်မှု ရှိ-မရှိ ဆင်ခြင်ဖို့ပါပဲ။ အစာကတော့ ဘယ်လိုအစာကို စားရတဲ့ အတွက် ကျန်းမာရေးဘက် တရားဘက်က အကျိုးရှိ-မရှိ ဆင်ခြင်ဖို့ပါ။ ဥတုကတော့ အေးတဲ့နေရာ, နွေးတဲ့နေရာနေခြင်း ကြောင့် သို့မဟုတ် လေအေးခံခြင်း, ရေချိုးခြင်းကြောင့် ကျန်းမာ ရေးနှင့် တရားဘက်မှာ ကောင်း-မကောင်း ဆင်ခြင်ဖို့ပါပဲ။ ဣရိယာပုတ်ကတော့ ထိုင်ပြီးအားထုတ်နေတာက ပိုကောင်း သလား၊ ရပ်ပြီး အားထုတ်နေတာက ပိုကောင်းသလား၊ တိုးတက် သလား စသည်ဖြင့် ဆင်ခြင်ဖို့ပါပဲ။ အဲဒါဟာ သင့်လျော်တဲ့ ကျောင်း စသည်နှင့် စပ်ပြီး အကျိုးရှိ-မရှိဆင်ခြင်ပြီး နေပတ္တခေါ်တဲ့ ရင့်ကျက်သောဆင်ခြင် ဉာဏ်ဖြစ်ပုံပါပဲ။ အဲဒါကို "ကျိုး ရှိသလား၊ မရှိလား စဉ်းစားတာက သာတ္ထက"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com

ကျိုးရှိသလား-မရှိလား စဉ်းစားတာက သာတ္ထက။

သပ္ပါယသမ္ဗဇဉ်

အကျိုးရှိပေမယ့် သင့်-မသင့်လည်း ဆင်ခြင်ဖို့လိုပါသေးတယ်။ ကျောင်းခန်းဆိုရင် ကြီးသူတို့နေရာမှာ ငယ်သူက သွားနေလို့ မတော် ဘူး၊ ငယ်သူများနေရာမှာ ကြီးသူက သွားနေလို့ မတော်ဘူး၊ စကား ဆိုရင်လဲ တရားစကားက အကျိုးရှိပေမယ့် အလုပ်ကိစ္စ များနေသူတို့အား ဟောပြောလို့ မတော်ဘူး၊ အသုဘတရားကို မင်္ဂလာအခမ်းအနားမှာ ဟောလို့ မတော်ဘူး စသည်ဖြင့် သင့်တော် -မတော် ဆင်ခြင်ရမယ်၊ အဲဒါက သပ္ပါယသမ္ဗဇဉ်ပဲ။ အဲဒါကိုလည်း "သင့်တော်ရဲ့လား၊ မတော်လားစဉ်းစားတာက သပ္ပါယ"လို့ စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သင့်တော်ရဲ့လား, မတော်လား စဉ်းစားတာက သပ္ပာယ။

(၁၃) ကြမ်းတမ်းရိုင်းပျခြင်း ကင်းရမယ်

နောက်တစ်ပုဒ်ကတော့ အပ္ပဂဇ္ဘောစ-ကြမ်းတမ်းရိုင်းပျခြင်း ကင်းသည်လည်း၊ အသ-ဖြစ်ရာ၏တဲ့။ ကြမ်းတမ်းရိုင်းပျခြင်းဆိုတာ မယဉ်ကျေးတာပါပဲ။ အဲဒါက (၁) ကိုယ်၏မယဉ်ကျေးခြင်း၊ (၂) နှုတ်၏မယဉ်ကျေးခြင်း၊ (၃) စိတ်၏မယဉ်ကျေးခြင်းလို့ သုံးမျိုးရှိ တယ်။ အဲဒီ သုံးမျိုးထဲက -

(၁) ကိုယ်၏ မယဉ်ကျေးခြင်းဆိုတာက ရှစ်ဌာနရှိတယ်။ အဲဒီ ရှစ်ဌာနထဲက ယခုနေအခါ တွေ့ကြုံတတ်တာတွေကို ပြောရ

http://www.dhammadownload.com

မယ်။ သံယာ့အလယ်မှာ ဖြစ်စေ၊ ပရိသတ်များ အလယ်မှာဖြစ်စေ၊ ဣန္ဒြေရရ ရိုရိုသေသေမထိုင်ဘဲ ဒူးထောင်ပေါင်ကားနဲ့ ထိုင်နေရင် အဲဒါဟာ ကိုယ်၏ရိုင်းပျမှု၊ မယဉ်ကျေးမှုပဲ။ ဒူးတစ်ဖက်က ဖြစ်ဖြစ်၊ ဒူးနှစ်ဖက်လုံးကိုဖြစ်ဖြစ် လက်ဖြင့်ပွေ့ပိုက်ပြီး ထိုင်နေတာကို လက်အာယောဂပတ်ဖွဲ့ထိုင်တာခေါ်တယ်။ အဝတ်နဲ့ပတ်ပြီး ထိုင်တာကိုတော့ အဝတ်အာယောဂပတ်ခေါ်တယ်။ သံယာ့အလယ်, ပရိသတ်အလယ်, ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်တို့၏ရှေ့မှာ အဲဒီလိုထိုင်နေရင် ကိုယ်၏ ရိုင်းပျမှုပဲ။ မထေရ်ကြီးများကို ထိပါးပြီး ရပ်နေရင်, ထိုင်နေရင်, ရှေ့ခ်ီရပ်နေရင်, ထိုင်နေရင်, မြင်တဲ့နေရာ မှာ ထိုင်နေရင်, ခေါင်းကိုခြုံပြီး ထိုင်နေရင်, ရပ်ပြီး စကားပြောနေ ရင်, လက်များကို ခါရမ်းပြီး စကားပြောနေရင် အဲဒါတွေဟာ ကိုယ်၏ ရိုင်းပျမှုတွေပဲ။ မထေရ်ကြီးတွေ၏ နေရာ၌ ထိုင်နေရင်, ရဟန်းငယ်တို့၏နေရာ၌ တိုးဝှေ့ထိုင်နေရင်, မထေရ်ကြီးများ ရှေ့သို့ကျော်တက်သွားရင် အဲဒါတေလည်း ကိုယ်၏ရိုင်းပျမှုတွေပဲ။ ငယ်ရွယ်သူတို့နှင့် ကိုင်တွယ်ထိပါးပြီး ကစားနေရင် ဒါလည်းကိုယ်၏ရိုင်းပျမှုပဲ။ အဲဒီလို ရိုင်းပျမှုတွေကင်းရမယ်။

ယခုနေအခါမှာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ယောင်ယောင်နဲ့ မထေရ်ကြီးအချို့က အမျိုးသမီးကလေးများခေါင်းကို လက်ဖြင့် ပွတ်သပ်ပြီးတော့တောင် သိဒ္ဓိတင်ချီးမြှောက်တာ ရှိတယ်လို့ ကြားရတယ်။ အဲဒါဟာ ဝိနည်းပညတ်တော်က လုံးဝတားမြစ်ထားတဲ့အမှုပါပဲ။ ရဟန်းများမှာ သမီးတို့ အမိတို့တောင် မထိပါးဘူးလို့ ပညတ်

http://www.dhammadownload.com

ထားတာ ရှိပါတယ်။ မိန်းမ အရုပ်တောင် သာယာတဲ့စိတ်ဖြင့် မကိုင်ရဘူးလို့ ပညတ်ချက်ရှိပါတယ်။ ဒါကြောင့် အဲဒီလို ထိပါးမှု ဟာလဲ ကိုယ်၏ရိုင်းပျမှုလို့ ဆိုရမှာပဲ။

နောက်တစ်ခုကတော့ သံယာတော်များ စားသောက်နေတဲ့ အခါ အတူစားရင်းဖြစ်ဖြစ်, အနီးအပါးမှာ တည်လျက်ဖြစ်ဖြစ် နှပ်ညစ်တာ, ခွဲသလိပ် ဟပ်တာ, ထွေးတာ-ဒီလိုဟာတွေလည်း စက်ဆုပ်ဖွယ်ဖြစ်တဲ့အတွက် ကိုယ်၏ရိုင်းပျမှု မယဉ်ကျေးမှုလို့ ဆိုသင့်တာပါပဲ။ ဒီလိုစက်ဆုတ်ဖွယ် အပြုအမူတွေလည်း ကင်းသင့် တာပါပဲ။

(၂) နှုတ်၏ မယဉ်ကျေးခြင်း ဆိုတာကတော့ လေးဌာနရှိ တယ်။ သံယာ့အလယ်မှာဖြစ်စေ, ပရိသတ်အလယ်မှာဖြစ်စေ၊ မထေရ်ကြီးရှိရာဖြစ်စေ ပြောချင် ဟောချင်ရင် မထေရ်ကြီးကို ပန်ကြားပြီး ဟောရတယ်။ အဲဒီလို မပန်ကြားဘဲ ပြောဟောရင် နှုတ်၏ရိုင်းပျမှု မယဉ်ကျေးခြင်းဘဲ။ မပန်ကြားဘဲ ပြဿနာကို ဖြေရင်လည်း နှုတ်၏ရိုင်းပျမှုပဲ။ ရပ်လျက်လက်များကို ခါရမ်းပြီး ပြောဟောနေရင်လည်း နှုတ်၏ရိုင်းပျမှုပဲ။ နောက်ပြီးတော့ မပြော သင့်တဲ့ စကားတွေကို သံယာ့အလယ် ပရိသတ်အလယ်မထေရ်ကြီး ရှေ့မှာ ပြောရင် ဒါလည်း နှုတ်၏ရိုင်းပျမှုလို့ ဆိုရမှာပါပဲ။ နောက်ပြီး တော့ အရပ်ထဲ ရွာထဲ ဒကာမများအိမ်သို့ သွားရောက်တဲ့အခါ "ဟေ့. . ဘယ်သူရေ၊ စားစာရာ ဘာရှိသလဲ။ ယာဂုရှိလား၊ ဆွမ်းရှိလား၊ မုန့်ရှိသလား၊ ကော်ဖီ, လက်ဖက်ရည်ရှိသလား၊ ငါတို့

http://www.dhammadownload.com

ဘာစားရမလဲ၊ ဘာသောက်ရမလဲ၊ ဘာကပ်လျှူမလဲ" စသည်ဖြင့် ပြောဆိုတာလဲ နှုတ်၏ရိုင်းပျမှုပဲ။ ရဟန်းများမှာ အဲဒီလို ဝိနည်းနဲ့ ဆန့်ကျင်တဲ့ အပြောမျိုးလည်း ကင်းရမှာပဲ။

(၃) စိတ်၏ မယဉ်ကျေးခြင်းဆိုတာကတော့ ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်များကို စိတ်ကူးဖြင့် မရိုသေမှုပါဘဲ။ အမျိုးဇာတ်စသည်ဖြင့် မြင့်မြတ်တဲ့လူကို မိမိနဲ့တန်းတူထားပြီး ကြံစည်တယ်။ သီလ, သမာဓိ, ပညာတို့ဖြင့် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ကို မိမိနဲ့တန်းတူထားပြီး ကြံစည်တယ်။ စာပေကျမ်းဂန် ဘာမျှမတတ်သိတဲ့သူကစာပေကျမ်းဂန်တတ် ပုဂ္ဂိုလ်များကို သူနဲ့တန်းတူထားပြီး ကြံစည်တယ်။ သူ့လောက်တောင် မသိနားမလည်တဲ့ အနေနဲ့လည်း ကြံစည်တယ်။ တရားအားမထုတ်တဲ့သူက စနစ်တကျ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်နဲ့ တန်းတူထားပြီး ကြံစည်တယ်။ အဲဒါတွေဟာ စိတ်၏ရိုင်းပျမှု၊ မယဉ်ကျေးမှုတွေဘဲ။ အဲဒီ ကိုယ်, နှုတ်, စိတ်သုံးပါလုံး ရိုင်းပျမှု၊ မယဉ်ကျေးမှုတွေ ကင်းဖို့ပါပဲ။

(၁၄) ဒကာ၊ ဒကာမတို့၌ တွယ်တာမှု ကင်းရမယ်

နောက်တစ်ပုဒ်ကတော့၊ ကုလေသု၊ အမျိုးတို့၌၊ ကုလကို အမျိုးလို့ မြန်မာပြန်လေ့ရှိတဲ့အတိုင်း အမျိုးတို့၌-လို့ အနက်ပြန်ပြရပါတယ်။ ဒါပေမယ့် ဒီ (အမျိုး)ကုလဆိုတာ ဆွေမျိုးကို ဆိုလိုတာလည်းမဟုတ်၊ လူမျိုးကို ဆိုတာလည်းမဟုတ်၊ အမှန်ဆိုလိုတာကတော့ အိမ်ထောင်စုကို ဆိုလိုတာပါပဲ။ ဒါကြောင့် ကုလေသု-

http://www.dhammadownload.com

အိမ်ထောင်စု တို့၌- လို့ အနက်ပြန်ရမလို ဖြစ်နေတယ်။ ဒါပေမယ့် ရဟန်းနဲ့ ဆက် စပ်ကြည့်တဲ့အခါကျတော့ တယ်မပေါ်လွင်ဘူး။ ဒါကြောင့် ကုလေ သု- အိမ်ထောင်စု ဒကာ၊ ဒကာမတို့၌-လို့ ပြန်တာက ပိုပြီး ပေါ်လွင်ပါတယ်။ ကုလေသု- အိမ်ထောင်စု ဒကာ၊ ဒကာမတို့၌၊ အနနုဂိဒ္ဓေါ စ- မက်မောတွယ်တာခြင်းကင်းသည်လည်း၊ အသ-ဖြစ်ရာ၏တဲ့။

ဒကာ၊ ဒကာမတွေ၌ ခင်မင်တွယ်တာမှု မရှိစေရဘူးလို့ ဆိုလိုတာပါပဲ။ ရဟန်းက ဒကာ၊ ဒကာမတွေထံ ဆွမ်းခံကြွတဲ့အခါ, အခြားပစ္စည်း အလှူခံကြွတဲ့အခါ မိမိကိုယ်ကို **ဒကွေ ကောယျ** ဆိုတဲ့ အလှူခံပုဂ္ဂိုလ်မြတ်အနေနဲ့သာ ချဉ်းကပ်ရတယ်။ ဒကာ၊ ဒကာမတွေကလည်း မိမိတို့၏ အလှူဒါနကို အကျိုးကြီးစေနိုင်တဲ့ **ဒကွေ ကောယျ** -အလှူခံမြတ်အနေနဲ့သာ အလေးအမြတ်ပြုပြီး လှူရတယ်။ ဆွေ မျိုးအနေ, ခင်မင်ရင်းနှီးတဲ့အနေဖြင့် မဆက်ဆံရဘူး။ အကယ်၍ ရဟန်းကလည်း ခင်မင်ရင်းနှီးတဲ့အနေဖြင့် ဆက်ဆံရင် ရဟန်းဘက်က ဂါဟ- ဖမ်းယူရာ ရောက်တယ်။ မိမိ၏ အတွင်းသားအနေဖြင့် သိမ်းသွင်းပြီး စွဲလမ်းတာပါပဲ။ အဲဒီလိုဆိုတော့ **သဟနန္ဒီ၊ သဟသောကီ** ဖြစ်တယ်။ သဟနန္ဒီဆိုတာ ဒကာ၊ ဒကာမတွေက ပြည့်စုံချမ်းသာနေလို့ ဝမ်းသာဝမ်းမြောက်နေရင် ရဟန်းကလည်းအတူ ရောပြီး ဝမ်းသာဝမ်းမြောက်နေတာကို ဆိုတာပါပဲ။ **သဟသောကီ** ဆိုတာက ဒကာ၊ ဒကာမတွေက ဒုက္ခတွေ့ရလို့ ဝမ်းနည်းနေရင် ရဟန်းကလည်း အတူရောပြီး

http://www.dhammadownload.com

ဝမ်းနည်းနေတာကို ဆိုတာပါပဲ။ အဲဒါဟာ ရဟန်းမြတ်တို့၏ ဆက်ဆံပုံမဟုတ်ဘူး။ ဒကာ၊ ဒကာမ တွေကတော့ သူတို့ကို အကြောင်းပြုပြီးတော့ သူတို့ဆရာရဟန်းက အတူရောပြီး ဝမ်းသာဝမ်းနည်းဖြစ်နေတယ်ဆိုရင် ပိုပြီးသဘောကျတတ်တယ်။ ဒါပေမယ့် မြတ်စွာဘုရား အလိုတော်ကတော့ အဲဒီလို မဟုတ်ဘူး။ ရဟန်းဟာ သီလ စသည်ဖြင့် ပြည့်စုံပြီး ဒကာ၊ ဒကာမ တို့အား စင်ကြယ်မြင့်မြတ်တဲ့ ကုသိုလ်ပေးရုံမျှ, တရားဓမ္မ ဟောပြောရုံမျှကိုသာ အလိုရှိတော်မူပါတယ်။

ဒါကြောင့် ဒကာ၊ ဒကာမတွေကလည်း မိမိတို့ ကိုးကွယ်နေတဲ့ ရဟန်းကို ကုသိုလ်မျိုးစေ့စိုက်ပျိုးရာ လယ်မြေသဖွယ် နှလုံးသွင်းပြီး လျှူဒါန်းဖို့ ကိုးကွယ်ဆည်းကပ်ဖို့ လိုပါတယ်။ စိုက်ပျိုးရာမှာ မြေ သြဇာကောင်းတဲ့ လယ်မြေက အရေးကြီးပါတယ်။ အဲဒါလိုပဲ၊ အလျှူခံရဟန်းမှာလဲ သီလအစရှိသော မြေသြဇာကောင်းများနှင့် ပြည့်စုံဖို့လိုပါတယ်။ ဒါကြောင့် ဒကာ၊ ဒကာမများက သီလ စသော မြေသြဇာကောင်းများနှင့် ပြည့်စုံတဲ့ရဟန်းကို ရဖို့ရာဟာ လိုရင်းပါပဲ။ မိမိတို့နှင့်စပ်ပြီး ဝမ်းသာဝမ်းနည်းနေတဲ့အတွက် မိမိတို့မှာ တစ်ထောင်တန် ရမလား၊ တစ်သောင်းတန်, တစ်သိန်းတန် ရမလား၊ ဘာမျှမရနိုင်ပါဘူး။ ကူညီစောင့်ရှောက်ရင် တစ်ရာတန်, တစ်ထောင်တန် ဒါလောက်သာ ရဖို့ရှိပါတယ်။ ဒကာ ဒကာမတို့နှင့် မရောယှက်၊ မတွယ်တာဘဲ သန့်ရှင်းစင်ကြယ်တဲ့ ဒက္ခိဏေယျ-အလျှူခံမြတ် ရဟန်းအား သီလစသောဂုဏ်ကိုသာ အာရုံပြုပြီး

http://www.dhammadownload.com

လျှုဒါန်းတဲ့ ကုသိုလ်၏အကျိုးကတော့ သိန်းသန်းကုဋေမက များစွာ ထိုက်တန်ပါတယ်။ ရာဇဂြိုဟ်မြို့မှာ ဣန္ဒကဆိုတဲ့ လူဟာ အရှင် အနုရုဒ္ဓါအား ဆွမ်းတစ်ဇွန်းမျှ လှူတဲ့ကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်မှာ တန်ခိုးကြီးတဲ့ နတ်ဖြစ်ရတယ်။ အဲဒါကို ထောက်ဆ ကြည့်ရင် သီလ စသောဂုဏ်ကို အာရုံပြုပြီး လှူတာက အလွန်မြင့် မြတ်ကြောင်း ထင်ရှားပါတယ်။ အဲဒီလို မဟုတ်ဘဲ ရဟန်းကိုရင်းနှီး တဲ့ မိတ်ဆွေအဖြစ် လောကရေးဘက်က အကူအညီပေးမည့်သူ အဖြစ်ဖြင့် မျှော်လင့်ပြီး လှူဒါန်းဆည်းကပ်ရင်တော့ ဒကာ၊ ဒကာမများဘက်ကလည်း ဂါဟာဖြစ်တယ်၊ အတွင်းသား အကျိုး ဆောင် အဖြစ်ဖြင့် ဖမ်းယူတဲ့သဘောပါပဲ။ အဲဒီလို ရဟန်းဘက် ကရော ဒကာ၊ ဒကာမများဘက်ကရော မရိုးသားတဲ့နည်းဖြင့် ဆက်ဆံရင် ဂါဟဂါဟဖြစ်တယ်လို့ အဋ္ဌကထာမှာဆိုတယ်။ ဆရာ ကလည်းဖမ်း၊ ဒကာကလည်းဖမ်း၊ နှစ်ဖက်လုံးက အပြန်အလှန် ဖမ်းခြင်းလို့ ဆိုလိုတယ်။

ရဟန်းဘက်က ဒကွိဏေယျအဖြစ်ဖြင့် ဆက်ဆံ၍ ဒကာ များဘက်က မရိုးသားလျှင် မုတ္တဂါဟ ဖြစ်တယ်တဲ့။ ရဟန်းဘက်က လွတ်ကင်းပြီး၊ ဒကာများဘက်က ဖမ်းခြင်းလို့ဆိုလိုတယ်။ ဒကာများ ဘက်က ဒကွိဏေယျအဖြစ်ဖြင့်ဆည်းကပ်ပြီး ရဟန်းဘက်က မရိုး သားရင် ဂါဟမုတ္တတဲ့၊ ရဟန်းဘက်က ဖမ်းပြီး ဒကာများဘက်က လွတ်ကင်းခြင်းလို့ ဆိုလိုတယ်။ ဒါမျိုးတွေကတော့ များပုံပေါ်ပါရဲ့၊ နှစ်ဖက်လုံးက ဒကွိဏေယျအဖြစ်ဖြင့် ရိုးသားစွာဆက်ဆံရင်တော့

http://www.dhammadownload.com

မုတ္တာမုတ္တာဖြစ်တယ်တဲ့။ နှစ်ဖက်လုံးက လွတ်ကင်းတယ်လို့ ဆိုလိုတာပါပဲ။ အဲဒီလို မုတ္တာမုတ္တာဖြစ်အောင် ဆက်ဆံဖို့ အလွန်ပင်လိုပါတယ်။ (အဲဒီ အကြောင်းအရာ မျှားနှင့်စပ်ပြီး မူလဟောစဉ်က အကျယ်ဟောခဲ့၏။ ယခုအခါတွင် တုဝဋ္ဋကသုတ် တရားစာအုပ်၌ ထိုအကြောင်းအရာ ရှိနေပြီးဖြစ်သောကြောင့် ဤစာမူချောဌ် ချုံးလိုက်၏။ အလိုရှိလျှင် တုဝဋ္ဋကသုတ်တရားတော် နှာ-၁၇၁-၌ကြည့်ပါ။) ဒုတိယဂါထာကတော့ ပြည့်စုံလုံလောက်ပါပြီ၊ ယခုတတိယ ဂါထာကို ဟောရမယ်။

၃။ နစ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု
သုခိတတ္တာ။

(၁၅) အခြေခံ နောက်ဆုံးကျင့်ဝတ်

၃။ စ-ထို့ပြင်လည်း၊ ယေန-အကြင် မကောင်းမှုကြောင့်၊ ဝိညူပရေ-ပညာရှိသူ အခြားပုဂ္ဂိုလ်တို့က၊ ဥပဝဒေယျုံ-အပြစ်ပြကာ ကဲ့ရဲ့ကုန်ရာ၏။ ခုဒ္ဒံ-သေးနုပ်ယုတ်ညံ့သော၊ တံ-ထိုသို့သော ကဲ့ရဲ့ဖွယ် မကောင်းမှုကို၊ ကိဉ္စိ- တစ်စုံတစ်ရာ အသေးအဖွဲကိုမျှ၊ နအာစရေ-မပြုကျင့်ရာတဲ့။ ဒါကတော့ မေတ္တာဘာဝနာ၏ ရှေးအဖို့ကပင် ပြည့်စုံသင့်တဲ့ အခြေခံကျင့်ဝတ် (၁၅)ပါးထဲက နောက်ဆုံးကျင့်ဝတ်ပါပဲ။ အဲဒီ ၁၅-ပါး သရုပ်ပေါ်အောင် ရေတွက်ပြပါဦးမယ်။

http://www.dhammadownload.com

(၁) သကြော-ကျင့်စွမ်းနိုင်ရမယ်၊ (၂) ဥဇု-ဖြောင့်မတ်ရမယ်၊ (၃) သုဟုဇု-အလွန်ဖြောင့်မတ်ရမယ်၊ (၄) သုဝစော-ဆိုဆုံးမလွယ်သူ ဖြစ်ရမယ်၊ (၅) မုဒု- နူးညံ့ပျော့ပျောင်းရမယ်၊ (၆) အနတိမာနီ- ကိုယ့်ကိုအထင်ကြီးပြီး သူတစ်ပါးကို မထီမဲ့မြင်မပြုရဘူး၊ (၇) သန္တုဿကော-ရောင့်ရဲလွယ်ရမယ်၊ (၈) သုဘရော-ဒကာ ဒကာမတို့က ပြုစုမွေးမြူလွယ်သူ ဖြစ်ရမယ်၊ (၉) အပ္ပကိစ္စော-ကိစ္စနည်းရမယ်၊ (၁၀) သလ္လဟုကဝုတ္တိ- အသုံးအဆောင်ပစ္စည်းမများပါဘဲ ပေါ့ပါးသော ဖြစ်ခြင်းရှိရမယ်။ (၁၁) သန္တိန္ဒြိယော-မျက်စိစသော ဣန္ဒြေငြိမ်သက်ရမယ်၊ (၁၂) နိပကော-ရင့်ကျက်သော ဆင်ခြင်ဉာဏ်ရှိရမယ်၊ (၁၃) အပ္ပဂဗ္ဘော-ကြမ်းတမ်းရိုင်းပျခြင်းကင်း၍ ယဉ်ကျေးသိမ်မွေ့ရမယ်။ (၁၄) အနနုဂိဒ္ဓေ-ဒကာ ဒကာမတို့၌ မက်မောတွယ်တာခြင်းကင်းရမယ်တဲ့၊ ဒီအထိ ကျင့်ဝတ် (၁၄)ပါးကို ပြောလိုပြီးခဲ့ပြီ၊ ယခုနောက်ဆုံး (၁၅) ကျင့်ဝတ်ကတော့ ပညာရှိများ အပြစ်တင်ဖွယ်၊ ကဲ့ရဲ့ဖွယ်ဆိုရင် အသေးအဖွဲ့မကောင်းမှုကလေး တစ်စုံတစ်ခုကိုတောင် မပြုပါနဲ့တဲ့၊ ပညာရှိသူတစ်ပါးတွေကို ဘယ်လိုအသေးအဖွဲ့ကလေးကိုမျှ မပြုရဘူး၊ မပြောရဘူး၊ စိတ်ဖြင့်လည်း မကြံရဘူး။ ဒါပေမယ့် စိတ်အကြံကိုလုံးဝ ကင်းအောင် စောင့်ရှောက်ဖို့ကတော့ မလွယ်ပေဘူး။ ါကြောင့် တတ်နိုင်သမျှ ပယ်ရုံပါပဲ။

အဲဒီရှေးအဖို့ကစ၍ ပြည့်စုံသင့်တဲ့ ကျင့်ဝတ် (၁၅)ပါးကို ပြပြီးတော့ သာမန်မေတ္တာပွားပုံကို ဒီလို စပြီးပြတော်မူပါတယ်။

http://www.dhammadownload.com

သာမန် မေတ္တာပွားပုံ

သဗ္ဗသတ္တာ-အလုံးစုံသော သတ္တဝါတို့သည်၊ သုခိနော ဝါ-ချမ်းသာကြကုန်သည်လည်းကောင်း၊ (ဂါထာပါဠိမှာ ဆန်းဂိုဏ်းကိုင်ပြီး ဝါ-ကို ဝလို့ ရဿနှင့်ဆိုထားပါတယ်။ စ-လို့ရှိရင် ပိုပြီးကောင်းမှာပါပဲ။ ဒါပေမယ့် အများစာမူအတိုင်း ဝါ-အစား ဝ-လို့ ဟောထားတယ်လို့ ယူဆရတာပါပဲ။) ခေမိနောဝါ-ဘေးရန်ကင်းကြကုန်သည် လည်းကောင်း၊ ဟောန္တု-ဖြစ်ကြပါစေ၊ သုခိတတ္တာ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည်၊ ဘဝန္တု-ဖြစ်ကြပါစေတဲ့။

အဲဒီမှာ သုခိနော-ပုဒ်ကို သဒ္ဒါအနက်အားဖြင့် ချမ်းသာရှိကြသည်- ချမ်းသာနှင့် ပြည့်စုံကြသည်လို့ ပြန်ရတယ်။ ခေမိနော-ကိုလည်း ဘေးကင်းရာ ရှိကြပါစေလို့ပြန်ရတယ်။ ဒါပေမယ့် မြန်မာဘာသာအရ ချမ်းသာကြသည်၊ ဘေးရန်ကင်းကြသည်ဆိုတာနဲ့ အနက်အတူပါပဲ။ ဒါကြောင့် အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ ဘေးရန်ကင်းကြပါစေလို့ စိတ်သက်သက်ဖြင့်ဖြစ်စေ နှုတ်ကပါရွတ်ဆိုလျက်ဖြစ်စေ မေတ္တာပွားဖို့ပါပဲ။ သုခိတတ္တာ-ဆိုတဲ့ပုဒ်ထဲမှာ သုခိတ-ဆိုတာက ဖြစ်သော ချမ်းသာရှိသည်လို့ သဒ္ဒါနက်ရတယ်၊ အတ္တာ-ဆိုတာကတော့ စိတ်လို့လည်း အနက်ရတယ်၊ ကိုယ်လို့လဲ အနက်ရတယ်။ ကိုယ်ဆိုတော့ ရုပ်ကို, နာမ်ကို (၂)ပါးလုံးကို ယူနိုင်ပါတယ်။ အဲဒီမှာ သဒ္ဒါနက်အားဖြင့်တော့ ချမ်းသာနှင့်ပြည့်စုံသော ကိုယ်စိတ်ရှိကြသည်လို့ရပါတယ်။ အဲဒါဟာ ဆိုလိုတဲ့အနက်အားဖြင့်တော့ ချမ်းသာသောကိုယ်စိတ်ရှိကြသည်, ကိုယ်စိတ်နှစ်ဖြာ

http://www.dhammadownload.com

ချမ်းသာကြသည်ဆိုတာနဲ့ အတူတူပါပဲ။ ဒါကြောင့် အဲဒီပုဒ်အရ အားဖြင့်လဲ အားလုံးသတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ-လို့ မေတ္တာပွားနိုင်ပါတယ်။ ကဲ . . အဲဒီပုဒ်များအရ နှုတ်ဖြင့် ရွတ်ဆိုပြီး မေတ္တာပွားကြရမယ်။ လိုက်ဆိုကြ။

အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ (၃-ကြိမ်)

အဲဒီလိုရွတ်ဆိုပြီး မေတ္တာပွားတဲ့အခါ ရွတ်ဆိုတိုင်း ရွတ်ဆိုတိုင်း ရွတ်ဆိုလိုတဲ့ စိတ်ဟာ အသစ်အသစ်ဖြစ်ပြီး ပျက်ပျက်သွားတယ်။ ချမ်းသာပါစေလို့ နှလုံးသွင်းတဲ့ မေတ္တာစိတ်လည်း ပျက်ပျက်သွားတာပဲ။ ရွတ်ဆိုတဲ့ ကိုယ်အမူအရာနဲ့ အသံလည်း အသစ်အသစ်ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာပဲ။ အဲဒီ ပျက်ပျက်သွားတဲ့ ရူပ်နာမ်တွေကို ရွတ်ဆိုတိုင်း, နှလုံးသွင်းတိုင်း ရှုရှုသွားကြရမယ်။ အဲဒီလို ရှုတာက ဝိပဿနာပဲ။ ခယတော ဝယတောသမ္မသိတွာ- ကုန်သွားသည်, ပျက်သွားသည်ဟု သုံးသပ်ပြီး အရဟတ္တဖိုလ်အထိ ရောက်နိုင်ကြောင်း အဋ္ဌကထာများမှာ အထင်အရှား ပြဆိုထားပါတယ်။ ဒါကြောင့် ရွတ်ဆိုပြီးတိုင်း နှလုံးသွင်းတာ ရွတ်ဆိုတာကို တစ်ပါတည်း ရှုရှုသွားကြရမယ်၊ ကဲ . . လိုက်ဆိုရင်း ရှုကြ။

အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။ ပ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ (၃-ကြိမ်)

ဒီကနောက်တော့ သတ္တဝါတွေကို ၂-ပိုင်း ၃-ပိုင်းခွဲခြားပြီး မေတ္တာပွားပုံကို ဂါထာ ၂-ပုဒ်ဖြင့် ဟောကြား ညွှန်ပြတော်မူပါတယ်။

http://www.dhammadownload.com

အဲဒီ ဂါထာ ၂-ပုဒ်ကို ယခုရွတ်ပြပြီး ဟော ကြားရမယ်။

၂-ဝိုင်း ၃-ဝိုင်းခွဲ၍ မေတ္တာပွားပုံ

၄။ ယေ ကေစိ ပါဏာဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ,နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။
၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၄။ တသာ ဝါ-ထိတ်လန့် တတ်သည့် ပုထုဇဉ် သေက္ခမူလည်း ဖြစ်ကုန်သော၊ ထာဝရာ ဝါ-ထိတ်လန့်ခြင်းမရှိဘဲ ခိုင်မြဲတည်တံ့သည့် ရဟန္တာမူလည်းဖြစ်ကုန်သော၊ ယေ ကေစိ ပါဏာဘူတာ-အမှတ်မရှိ အလုံးစုံသော အကြင် သတ္တဝါတို့သည်၊ (ပါဏာဘူတာ-ဟူသော သဒ္ဒါနောက်သို့မလိုက်ဘဲ လိုရင်းအနက်မျှသာ ပြန်သည်) အတ္ထိ- ရှိကုန်၏။ အနဝသေသာ-အကြွင်းမဲ့ အလုံးစုံကုန်သော၊ ဣမေ သတ္တာ-ဤသတ္တဝါတို့သည်၊ သုခိ တတ္တာ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်၊ ဘဝန္တု - ဖြစ်ကြပါစေကုန်သတည်း။

တသာ - ထိတ်လန့်တယ်ဆိုတာက ဒေါသဖြင့် ထိတ်လန့်တာလည်းရှိတယ်။ တဏှာဖြင့် ထိတ်လန့်တာလဲရှိတယ်။ ဒေါသဖြင့်

http://www.dhammadownload.com

ထိတ် လန့်တတ်တဲ့ သတ္တဝါတွေဆိုတာက ဒေါသမကင်းသေးတဲ့ ပုထုဇဉ် သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တွေပဲ၊ တဏှာဖြင့် ထိတ်လန့်တတ်တဲ့ သတ္တဝါတွေဆိုတာကတော့ ပုထုဇဉ်သောတာပန်, သကဒါဂါမ် များနှင့်တကွ အနာဂါမ် ပုဂ္ဂိုလ်တွေပဲ။ တဏှာဖြင့် ဘယ်လိုထိတ်လန့်သလဲဆိုတော့ မိမိလိုချင်နှစ်သက်တာကို မရမှာစိုးတဲ့ သဘောမျိုးပါပဲ။ ထိတ်လန့် တုန်လှုပ်ခြင်းမရှိဘဲ ခိုင်မြဲတည်တံ့တဲ့ ပုဂ္ဂိုလ်တွေ ဆိုတာကတော့ တဏှာကင်းကြတဲ့ ရဟန္တာအရှင်မြတ်တွေပါပဲ။ အဲဒီ တော့ တသာ-ထိတ်လန့်တတ်တဲ့ သတ္တဝါတွေဆိုတာ တဏှာမကင်းသေးတဲ့ သတ္တဝါတွေပါပဲ၊ ထာဝရာ-ထိတ်လန့်တုန်လှုပ်ခြင်းမရှိဘဲ ခိုင်မြဲတည်တံ့တဲ့ သတ္တဝါတွေဆိုတာကတော့ ရဟန္တာအရှင်မြတ်တွေပါပဲ။ ဒါကြောင့် တသာဝါ ထာဝရာ ဝါ ဆိုတဲ့ အဲဒီ ၂-ပုဒ်ဖြင့် တဏှာမကင်းတဲ့ပုဂ္ဂိုလ်, တဏှာကင်းတဲ့ ပုဂ္ဂိုလ်ဆိုတဲ့ ဒီ၂-မျိုးကို ခွဲခြားပြီး မေတ္တာပွားတာပါပဲ။ ကဲ-အဲဒီ ၂-ပုဒ်အရ ရွတ်ဆိုပြီး မေတ္တာပွားကြရမယ်။ ဝိပဿနာလဲ တစ်ပါတည်းတွဲပြီး ရှုကြရမယ်၊ လိုက်ဆိုကြ။

၂-ပိုင်းခွဲ၍ မေတ္တာပွားပုံ

တဏှာ မကင်းသေး၍ ထိတ်လန့်တတ်တဲ့ ပုထုဇဉ်သေကွ ပုဂ္ဂိုလ်တွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

တဏှာကင်း၍ မထိတ်လန့်တော့ဘဲ ခိုင်မြဲတည်တံ့တဲ့

http://www.dhammadownload.com

ရဟန္တာတွေရော အားလုံးချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ထိတ်လန့်တတ်တဲ့ သတ္တဝါတွေရော၊ မထိတ်လန့်တတ်တဲ့ ရဟန္တာအရှင်မြတ်တွေ အားလုံးချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

၃-ပိုင်းခွဲ၍ မေတ္တာပွားပုံ

ယေ ဒီဃာ ဝါ-ကိုယ်ထည်ရှည်လျားသော အကြင်သတ္တဝါတို့သည် လည်းကောင်း၊ ယေ ဝါ မဟန္တာ-ကိုယ်ထည် ကြီးမားသော အကြင်သတ္တဝါတို့သည် လည်းကောင်း၊ (ဂါထာပါဠိ၌ ဝါ-ဟု, နွှာ-ဟုဆိုသင့်ရာတွင် ဆန်းလက္ခဏာနှင့်ညီစေရန် ဝ-ဟု, နွှ-ဟုရှိနေသည်၊ အဏုက,အဒိဋ္ဌ-ဟုရှိရာ၌လည်း နည်းတူပင်) ယေ ဝါ မဇ္ဈိမာ- ကိုယ်ထည် မရှည်မတို မကြီးမငယ် အလယ်အလတ်စားရှိသော အကြင်သတ္တဝါတို့သည် လည်းကောင်း၊ ယေ ဝါ ရဿကာ - ကိုယ်ထည်ပုတိုသော အကြင်သတ္တဝါတို့သည်လည်းကောင်း၊ ယေ ဝါ အဏုကာ-ကိုယ်ထည် သေးမွှားသော အကြင်သတ္တဝါတို့သည် လည်းကောင်း၊ ယေ ဝါ ထူလာ-ကိုယ်ထည် ဝန်း ဝိုင်း ထွားကျိုင်းဝဖြိုးသော အကြင်သတ္တဝါတို့သည် လည်းကောင်း၊ အတ္ထိ-ရှိကုန်၏၊ အနဝသေသာ-ကြွင်းမဲ့ဉဿုံ အလုံးစုံကုန်သော၊ ဣမေ သတ္တာ-ဤသတ္တဝါတို့သည်၊ သုခိတတ္တာ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်၊ ဘဝန္တု-ဖြစ်ကြပါစေကုန်သတည်း။

ဒီဂါထာဝဂ်စကားရပ်ဖြင့် သတ္တဝါတွေကို ၃-ပိုင်းခွဲခြားပြီး

http://www.dhammadownload.com

မေတ္တာပွားပုံ ၃-နည်းကို ပြတော်မူပါတယ်။ ပထမနည်းဖြင့် အရှည်, အတို,အလတ် အတိုင်းအရှည်အရ ခွဲခြားပြီး ပွားပုံကိုပြတယ်။ အဲဒီ သုံးမျိုးထဲက ကိုယ်ထည်ရှည်တဲ့ သတ္တဝါတွေ ဆိုတာ မြွေ၊ နဂါး၊ ဖွတ်၊ တီကောင် အစရှိတဲ့သတ္တဝါတွေပဲ။ တိုတဲ့ သတ္တဝါတွေ ဆိုတာကတော့ ကြက်၊ ငှက်၊ ဖား အစရှိတဲ့ သတ္တဝါတွေပဲ။ အလယ် အလတ် သတ္တဝါတွေ ဆိုတာကတော့ မြင်း၊ နွား၊ ကျွဲ၊ ဝက်အစရှိတဲ့ သတ္တဝါတွေပဲ။ အဲဒါကို တိတိကျကျ အဆုံးအဖြတ်ပေးဖို့ကတော့ လွယ်ပုံမရပါဘူး။ ကဲ . . အဲဒီသုံးမျိုးအရ ခွဲခြားပြီး မေတ္တာပွားကြ ရမယ်။ လိုက်ဆိုကြ။

- **ကိုယ်ထည်ရှည်တဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာ ကြပါစေ၊ ချမ်းသာကြပါစေ။**
- **ကိုယ်ထည်တိုတဲ့ ပုတဲ့ သတ္တဝါတွေ ချမ်းသာကြပါ စေ. . ။**

  ကိုယ်ထည် မရှည်မတို အလယ်အလတ် သတ္တဝါတွေ ချမ်းသာကြပါစေ. . ။
- **ကိုယ်အထည်ဖြစ် အရှည်အတို အလတ်စား သတ္တဝါ တွေ အားလုံး ချမ်းသာကြပါစေ. . . ။**

နောက်ပြီးတော့ ဒုတိယနည်းဖြင့် အကြီး၊ အငယ်၊ အလတ် အတိုင်းအရှည်အရ ခွဲခြားပြီး ပွားပုံကိုပြတယ်။ အဲဒီ သုံးမျိုးထဲက ကိုယ်ထည်ကြီးမားတဲ့ သတ္တဝါတွေဆိုတာ ရေထဲက ငါးကြီး၊ လိပ်ကြီး စသည်တွေရယ်၊ ကုန်းပေါ်က ဆင်၊ နဂါး စသည်တွေရယ်၊ နတ်

http://www.dhammadownload.com

လောကမှ ဘီလူးကြီးတွေ, နတ်ကြီးတွေ, ပြဟ္မာကြီးတွေရယ် ဒီလို သတ္တဝါတွေပါပဲ။ အဏုက-အငယ်စား သတ္တဝါတွေဆိုတာကတော့ အသေးအမွှားပိုးကောင်ကလေးများ စသည်တွေပါပဲ။ အလတ်စား သတ္တဝါတွေဆိုတာကတော့ လူတို့ ခွေး, ဝက်, ကြက်, ငှက်စသည်တို့ကို ယူသင့်ပါတယ်။ ဒီသုံးမျိုးကိုလည်း အတိအကျဆုံးဖြတ်ဖို့ မလွယ်ပါဘူး။ ကဲ . . အဲဒီသုံးမျိုးအရ ခွဲခြားပြီး မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

- **ကိုယ်ထည်ကြီးမားတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။**
- **ကိုယ်ထည်သေးငယ်တဲ့ သတ္တဝါတွေချမ်းသာကြပါစေ။**
- **ကိုယ်ထည်ဖြစ် မကြီးမငယ် အလယ်အလတ် သတ္တဝါတွေ ချမ်းသာကြပါစေ။**
- **ကိုယ်ထည်ဖြစ် အကြီးအငယ် အလယ်အလတ် သတ္တဝါတွေ အားလုံး ချမ်းသာကြပါစေ. . . ။**

နောက်ပြီးတော့ တတိယနည်းဖြင့် ထူလ-ဝန်းဝိုင်းထွားကျိုင်း ဝဖြိုးတဲ့ သတ္တဝါရယ်၊ အသေးအမွှားသတ္တဝါ ကလေးများရယ်၊ အလတ်စား သတ္တဝါရယ်၊ ဒီသုံးမျိုးအရခွဲခြားပြီး ပွားပုံကိုပြတယ်။ အဲဒီသုံးမျိုးထဲက ဝန်းဝိုင်း ထွားကျိုင်း ဝဖြိုးတဲ့ သတ္တဝါတွေဆိုတာ ကိုယ်အထည်ဖြစ် ဝန်းဝိုင်းထွားကျိုင်း ဝဖြိုးတဲ့ ငါး,လိပ်,ယောက်သွား ခရု စသည်ပဲလို့ ဆိုပါတယ်။ အဏုက- အသေးအမွှားသတ္တဝါတွေ ဆိုတာကတော့ လူတို့၏ ပကတိမျက်စိဖြင့် မမြင်နိုင်ကောင်းတဲ့ အလွန်သေးငယ်တဲ့ ပိုးမွှားကလေးများနဲ့ သန်း စသည်တွေပဲလို့

http://www.dhammadownload.com

ဆိုပါ တယ်။ အလတ်စား သတ္တဝါတွေဆိုတာကတော့ မျက်စိနဲ့ မြင်နိုင်ကောင်းတဲ့ အလွန်လဲမထွားကျိုင်း မဝဖြိုးတဲ့ သတ္တဝါတွေကို ယူရမှာပဲ။ ဒီသုံးမျိုးကိုလဲ အတိအကျဆုံးဖြတ်ဖို့ ခက်ပါတယ်။ ဒါကြောင့် တစ်နည်းအားဖြင့် အမျိုးတူသတ္တဝါထဲက အကြီးနှင့် အလတ်၊ အဝနှင့် အလတ်တို့အောက် အငယ်အသေးအမွှား သတ္တဝါတို့ကို အဏုက-လို့ ယူအပ်ကြောင်းကိုလည်း အဋ္ဌကထာမှာ ပြဆိုထားပါတယ်။ ဝိနည်း အရအားဖြင့် လူဆိုရင် ၅-ပေခွဲ ၆-ပေကျော်ရှိပြီး အလေးချိန်ပေါင် ၁၆၀-ကျော်ရှိတဲ့ လူတွေကို အကြီးစား,အဝစားဟူ၍လည်းကောင်း၊ ၂-ပေ ၃-ပေလောက်ရှိပြီး ပေါင်ချိန်တစ်ရာ မပြည့်တဲ့လူတွေကို အပု, အငယ်စားဟူ၍ လည်းကောင်းယူပြီး ကျန်တဲ့လူတွေကို အလတ်စားဟုယူလျှင် သင့်လောက်စရာရှိပါရဲ့၊ ဒါလဲ ကိန်းသေသတ်မှတ် ဆုံးဖြတ်ဖို့ ကတော့ ခက်ပါတယ်။ ဒါကြောင့် အတိအကျ မပိုင်းခြားဘဲ အကြီးနှင့် အဝ- အငယ်, အလတ် သာမန်လောက်သာ မှတ်သားပြီး မေတ္တာပွားဖို့ရှိတာပါပဲ။ ကဲ . . . ယခုနောက်ဆုံး သုံးပိုင်းအရ မေတ္တာပွားကြရမယ်။ လိုက်ဆိုကြ။

- **ကိုယ်အထည်ဖြစ် လုံးဝိုင်းဝဖြိုးတဲ့ သတ္တဝါတွေ ချမ်းသာ ကြပါစေ. . .။**
- **ကိုယ်အထည်ဖြစ် အလွန်သေးတဲ့ သတ္တဝါတွေ ချမ်းသာ ကြပါစေ. . .။**
- **ကိုယ်အထည်ဖြစ် အလယ်အလတ်စားသတ္တဝါတွေ**

http://www.dhammadownload.com

ချမ်းသာ ကြပါစေ. . . ။

- **ဝဖြိုးသေးမွှား အလတ်စားသတ္တဝါတွေ အားလုံး ချမ်းသာကြပါစေ. . . ။**

တစ်ဖန် ၂ -ပိုင်းခွဲခြား၍ မေတ္တာပွားပုံ ၃-နည်း

၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

ယေ ဒိဋ္ဌာ ဝါ-မြင်ဖူးသော အကြင်သတ္တဝါတို့သည် လည်းကောင်း၊ ယေ ဝါ အဒိဋ္ဌာ- မမြင်ဖူးသော အကြင်သတ္တဝါတို့သည် လည်းကောင်း၊ အတ္ထိ-ရှိကုန်၏။ ယေ ဝါ-အကြင်သတ္တဝါတို့သည် လည်း၊ ဒူရေ-အဝေးဌာ၊ ဝသန္တိ-နေကြကုန်၏။ ယေဝါ-အကြင် သတ္တဝါတို့သည်လည်း၊ အဝိဒူရေ-အနီးဌာ၊ ဝသန္တိ-နေကြကုန်၏။ ယေဘူတာ ဝါ-အကြင်ဖြစ်ပြီး သတ္တဝါတို့သည်လည်းကောင်း၊ ယေ သမ္ဘဝေသီ ဝါ-အကြင် ဖြစ်ဆဲ သတ္တဝါတို့သည်လည်းကောင်း၊ အတ္ထိ-ရှိကုန်၏။ ဣမေ သဗ္ဗသတ္တာ-ဤသတ္တဝါအားလုံးတို့သည်၊ သုခိတတ္တာ-ကိုယ် စိတ်နှစ်ဖြာ ချမ်းသာကြသည်၊ ဘဝန္တု-ဖြစ်ပါ စေကုန်သတည်း-တဲ့။

ပထမတစ်စုံက မြင်ဖူးတဲ့သတ္တဝါနဲ့ မမြင်ဖူးတဲ့ သတ္တဝါတွေ ကို ခွဲခြားပြီး မေတ္တာပွားပုံပါပဲ။ အဲဒါကတော့ ရှင်းလင်းပြတ်သား ပါတယ်။ သိလွယ်ပါတယ်။ အဲဒီ ပထမတစ်စုံအရ မေတ္တာပွားကြရ

http://www.dhammadownload.com

မယ်။ လိုက်ဆိုကြ။

- **တွေ့မြင်ဖူးတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ. . . ။**
- **မတွေ့မမြင်ဖူးတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ. . . ။**
- **တွေ့မြင်ဖူးတာတွေရော မတွေ့မြင်ဖူးတာရော အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။**

ဒုတိယတစ်စုံကလည်း အနီးနေ၊အဝေးနေအားဖြင့် ခွဲခြားပြီး မေတ္တာပွားပုံကို ပြပါတယ်။ အနီးအရပ်နဲ့ အဝေးအရပ်ကိုတော့ မိမိတို့သဘောအတိုင်း ပိုင်းခြားပြီး အာရုံပြုကြဖို့ပါပဲ။ အဲဒီ ဒုတိယတစ်စုံအရ မေတ္တာပွားကြရမယ်၊ လိုက်ဆိုကြ။

- **အနီးမှာနေကြတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ. . . ။**
- **အဝေးမှာနေကြတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ. . . ။**
- **အနီးနေ အဝေးနေသတ္တဝါတွေ ချမ်းသာကြပါစေ. . . ။**

တတိယအစုံထဲက ဘူတာ-အရ ဖြစ်ပြီး သတ္တဝါတွေဆိုတာ ဖြစ်ခြင်း အားလုံးပြီးဆုံးကြတဲ့အတွက် နောက်ထပ်ဘဝအသစ်ဖြစ်ရန် မရှိတော့တဲ့ ရဟန္တာပုဂ္ဂိုလ်တွေပါပဲ။ ဖြစ်ဆဲသတ္တဝါဆိုတာကတော့ ကိလေသာ မကင်းသေးလို့ နောက်ထပ်ဘဝအသစ်ဖြစ်ရန် ရှိနေသေးတဲ့ ပုထုဇဉ်နဲ့ သေက္ခပုဂ္ဂိုလ်တွေပါပဲ။ ဃဒ္ဒါနက်အားဖြင့် ဆိုရင် သမ္ဘဝဆိုတဲ့ တစ်ဖန်ဖြစ်ရမည့်ဘဝသစ်ကို ဇသီ-ရှာနေတဲ့ သတ္တဝါတွေလို့ ဆိုလိုပါတယ်။ အဲဒီလို ဘဝသစ်ကို ရှာနေတဲ့ သတ္တဝါ

http://www.dhammadownload.com

တွေဟာ ဖြစ်ခြင်းကိစ္စ မပြီးမပြတ်သေးဘူး။ ဖြစ်နေတုန်းလို့ပဲ ဆိုလို ပါတယ်။ ဒါကြောင့် ဖြစ်ပြီးဆိုတဲ့ တွဲဖက်ပုဒ်နဲ့လည်း နီးစပ်စေရန်, နောက်တစ်နည်းဖွင့်ပြမည့်အနက်လည်း လျော်စေရန် ဖြစ်ဆဲ သတ္တဝါ တွေလို့ အနက်ပြန်ထားပါတယ်။ အဲဒီအနက်အရ မေတ္တာပွားကြ ရမယ်။ လိုက်ဆိုကြ။

- **ဖြစ်ပြီးမည်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေ ချမ်းသာကြ ပါစေ. . . ။**
- **ဖြစ်ရန်ရှိသေး၍ ဖြစ်ဆဲမည်သော ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ်တွေ ချမ်းသာကြပါစေ. . . ။**
- **ဖြစ်ပြီးဖြစ်ဆဲ အားလုံးသတ္တဝါတွေ ချမ်းသာကြ ပါစေ. . . ။**

တစ်နည်းအားဖြင့် အမိဝမ်းတွင်းမှာ ပဋိသန္ဓေတည်ဆဲ မမွေးမီအတွင်းမှာ သမ္ဘဝေသီ- ဘဝရှာနေသူ ဖြစ်နေဆဲမည်တယ်။ အမိဝမ်းတွင်းမှ မွေးဖွားပြီးတဲ့အခါ ဘူတ-ဖြစ်ပြီး မွေးပြီးမည်တယ်။ ထို့အတူ ဥထဲမှာ မပေါက်သေးမီမှာ သမ္ဘေဝေသီ-ဖြစ်ဆဲမည်တယ်။ ဥထဲမှာပေါက်ပြီးတဲ့အခါ ဘူတ-ဖြစ်ပြီး ပေါက်ပြီးမည်တယ်။ ကိုယ်အပြည့်အစုံဖြစ်တဲ့ ဥပပါတ်, သတ္တဝါတွေနဲ့ အညှိုကို စွဲမှီပြီးဖြစ်တဲ့ သံသေဒဇသတ္တဝါတွေမှာ ပဋိသန္ဓေစိတ်ဖြစ်ခိုက်၌ သမ္ဘေဝေသီ-ဖြစ်ဆဲမည်တယ်။ အဲဒီကနောက်မှာ ဘူတ-ဖြစ်ပြီးမည်တယ်၊ နောက်တစ်နည်းအားဖြင့် အဲဒီဥပပါတ်သံသေဒဇတွေမှာ ပထမ စဖြစ်တဲ့ ဣရိယာပုတ်၌ သမ္ဘေဝေသီမည်တယ်။ အဲဒီကနောက်

http://www.dhammadownload.com

ဘူတ မည်တယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ အဲဒီဖြစ်ပြီး ဖြစ်ဆဲ သတ္တဝါတွေကို အာရုံပြုပြီး မေတ္တာပွားကြရမယ် လိုက်ဆိုကြ။

- **ဘဝသစ်၌ ဖြစ်ဆဲ-ပဋိသန္ဓေနေဆဲ သတ္တဝါတွေ ချမ်းသာကြပါစေ. . . ။**
- **ဖြစ်ပြီးဖွားမြင်ပြီး သတ္တဝါတွေ ချမ်းသာကြပါစေ. . . ။**
- **ဖြစ်ဆဲရော ဖြစ်ပြီးရော အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ. . . ။**

ယခုပြောပြခဲ့တဲ့ မေတ္တာပွားပုံတွေကတော့ စီးပွားချမ်းသာနှင့် ပြည့်စုံစေရန်အတွက် တောင့်တပြီး ပွားပုံများဖြစ်တယ်။ အဲဒီလို ပွားစေပုံများကို ပြတော်မူပြီးတော့ အကျိုးမဲ့များ ဆင်းရဲဒုက္ခများ ကင်းစေရန်အတွက် တောင့်တပြီး မေတ္တာပွားစေပုံ များကိုလည်း ဒီလို ပြတော်မူခဲ့ပါတယ်။

အကျိုးမဲ့ ဆင်းရဲများ ကင်းစေရန် မေတ္တာပွားပုံများ

၆။ နပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ နကိဉ္စိ၊

ဗျာရောသနာ ပဋိဃသည၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။

ပရော-အခြားသူတစ်ယောက်က ပရံ-အခြားသူ တစ်ယောက်ကို၊ နိ နိကုဗ္ဗေထ-မလိမ်ညာ မလှည့်စားပါစေလင့်၊ ဝါ-မလှည့်စားဘဲရှိပါစေ၊ လှည့်စားခြင်း ကင်းပါစေတဲ့။ လှည့်စားတယ်ဆိုတာ စီးပွားရေးမှာ လှည့်စားတာလည်းရှိတယ်။ ဘာသာရေးမှာ

http://www.dhammadownload.com

လှည့် စားတာလည်းရှိတယ်။ စီးပွားရေးလှည့်စားတာတော့ အရောင်းအဝယ် အပေးအယူ ပြုလုပ်ရာမှာ အလေးမမှန် ချိန်ခွင် မမှန်ပြုလုပ်ပြီးတော့လည်း လှည့်စားတတ်တယ်။ ချင့်ခွက် မမှန် မကန်ပြုလုပ်ပြီးတော့လည်း လှည့်စားတတ်တယ်။ အဲဒါကိုတော့ အများက သိပြီးဖြစ်နေပါတယ်။ နောက်ပြီးတော့ ရွှေ, ငွေအတု စသည်ဖြင့်လည်း လှည့်စားတတ်တယ်။ ဒါလဲ ကြားဖူးကြမှာပါပဲ။ နောက်ပြီးတော့ လူလိမ်က လူကောင်းယောင်ဆောင်ပြီးတော့လဲ လှည့်စားတတ်တယ်။ တစ်ခါက ဒီသာသနာ့ရိပ်သာ နှစ်ပတ်လည် ပွဲလာကြတဲ့ ရှမ်းအမျိုးသမီးတစ်စုကို လူလိမ်တစ်ယောက်က လာပြီးလှည့်စားသွားတယ်လို့ ကြားရတယ်။ သူလှည့်စားပုံက ဒီလိုတဲ့ ရှမ်းမတွေထံမှ ငွေစက္ကူကိုကြည့်ပြီး ဒီငွေစက္ကူကိုလဲလှယ်ရင် မည်ရွှေ့မည်မျှ အပိုရမယ်လို့ ပြောသတဲ့။ အဲဒီတော့ အပိုရချင်တဲ့ လောဘရှိတဲ့ သူတွေက အပိုရအောင် လဲလှယ်ပေးဖို့ သူတို့ထံက ငွေစက္ကူများကို အပ်လိုက်သတဲ့။ အဲဒါတွေကို လူလိမ်က လဲပေးမယ် ဆိုပြီး ယူသွားတယ်ဆိုပဲ။ အဲဒါလည်း လှည့်စားခြင်းတစ်မျိုးပဲ။

တချို့က ရွှေကို တိုးပွားအောင် လုပ်ပေးမယ်ဆိုပြီး အယုံသွင်း တယ်။ ယုံတဲ့လူတွေက အချောင်အတိုးအပွားရချင်တာနဲ့ မိမိတို့ ရွှေများကို အဲဒီလူထံ အပ်လိုက်တယ်။ နောက်မှားမကြာမီပင် အဲဒီ လူလိမ်က တိတ်တိတ်ထွက်ပြေးသွားပါရောတဲ့။ ဒါလည်း လှည့်စားခြင်း တစ်မျိုးပဲ။ နောက်ပြီးတော့ ကြီးပွားချမ်းသာအောင်, စီးပွားတိုးတက်အောင် လုပ်ပေးတဲ့အနေဖြင့် လက်ဖွဲ့စသည်

http://www.dhammadownload.com

အဆောင်အယောင်ကို လုပ်ပေးတာတွေလည်းရှိတယ်။ အဲဒါတွေဟာလည်း ဟုတ်, မဟုတ် စဉ်းစားစရာတွေပဲ။ ဒီစီးပွားရေးဆိုင်ရာ လှည့်စားမှုတွေကတော့ အလွန်များပါတယ်။ ယခုပြောခဲ့တာတွေဟာ အရိပ်အမြွက်လောက်ပဲ ရှိပါသေးတယ်။

ဘာသာရေးဆိုင်ရာ လှည့်စားမှုတွေကလည်း များပါတယ်။ မဟုတ်မမှန်တဲ့ ဘာသာရေးအကျင့်လမ်းစဉ်ကို ဟုတ်မှန်တဲ့ အနေနဲ့ ဟောပြောနေတာတွေဟာ မိမိက တကယ်ယုံကြည်လို့ ဟောပြောနေပေမယ်လို့ လက်ခံယုံကြည်တဲ့သူတွေမှာ များစွာပင် နစ်နာစေတဲ့အတွက် လှည့်စားရာရောက်တာပါပဲ။ မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက နွားလိုကျင့်နေတဲ့ပုဏ္ဏနဲ့ ခွေးလိုကျင့်နေတဲ့ သေနိယတို့ဟာ မြတ်စွာဘုရားထံ လာရောက်ပြီးတော့ သူတို့၏ နွားအကျင့်၊ ခွေးအကျင့်များကို ဘယ်လိုအကျိုးရှိသလဲလို့ မေးလျှောက်ကြတယ်။ မြတ်စွာဘုရားက အဲဒီပြဿနာကို မမေးဖို့ ၂-ကြိမ်တိုင်တိုင် တားမြစ်တယ်။ ၃-ကြိမ်မြောက် မေးတဲ့အခါကျတော့ ဒီလိုဖြေကြားတော်မူပါတယ်။ "နွားလိုကျင့်တဲ့သူဟာ အပြည့်အစုံကျင့်ရင် သေပြီးတဲ့နောက် နွားဖြစ်ရတယ်။ ခွေးလိုကျင့်တဲ့သူလည်း အပြည့်အစုံကျင့်ရင် ခွေးဖြစ်ရတယ်။ အကျင့်မပြည့်စုံရင်တော့ ဟန်ဆောင်လိမ်လည်ရာ ရောက်တဲ့အတွက် အဲဒီ မိစ္ဆာအယူကြောင့် ငရဲနှင့်တိရစ္ဆာန်တစ်မျိုးမျိုးဖြစ်ရတယ်"လို့ ဖြေကြားတော်မူလိုက်ပါတယ်။

အဲဒီတော့ ပုဏ္ဏနဲ့သေနိယတို့က ငိုကြတယ်။ ဘာကြောင့် ငိုကြသလဲဆိုတော့ အဲဒီနွားလို၊ ခွေးလိုကျင့်ခြင်းဖြင့် ချမ်းသာတဲ့

http://www.dhammadownload.com

ဘဝလောကသို့ ရောက်နိုင်တယ်လို့ ဆရာသမားတစ်ဦး၏ ဟောကြားချက်ကို ယုံကြည်ပြီး ရှည်မြင့်စွာသော ကာလပတ်လုံး နွားအကျင့်, ခွေးအကျင့်ကို ကျင့်လာခဲ့တာဟာ အလှည့်စားခံရသလိုပင် ဖြစ်နေ၍ ငိုကြတာပါတဲ့။

နောက်တစ်ခုကတော့ **တာလပုဋ္ဌ**ဆိုတဲ့ ကချေသည်ဆရာကြီးက မြတ်စွာဘုရားကို ဒီလိုမေးလျှောက်တယ်။ လူအများကို ရှင်လန်းပျော်မွေ့စေတဲ့ ကချေသည်ဟာ **ပဟာယ**ခေါ် ရှင်ပျော်နတ်မျိုးမှာဖြစ်ရတယ်လို့ ဆရာအစဉ်အဆက်ပြောတာကို ကြားဖူးပါတယ်။ ဒီနေရာမှာ မြတ်စွာဘုရားက ဘယ်လိုဟောပါသလဲလို့ လျှောက်တယ်။ မြတ်စွာဘုရားက ၂-ကြိမ်တိုင်တိုင် ပယ်မြစ်ပြီး ၃-ကြိမ်မြောက် မေးလျှောက်တဲ့အခါကျတော့ ဒီလိုမိန့်ကြားတော်မူပါတယ်။ "မူလကပင် လောဘ, ဒေါသ, မောဟမကင်းဘဲ ရှိနေကြတဲ့လူတွေအား ကချေသည်က လောဘ ဒေါသ မောဟပွားအောင် ကပြတယ်။ ဒါကြောင့် သေသည်၏ အခြားမဲ့၌ ပဟာယခေါ်တဲ့ငရဲ၌ ဖြစ်ရတတ်တယ်။ ကပြခြင်းကြောင့် နတ်ဖြစ်ရတယ်လို့ ခိုင်မြဲစွာ ယူမှားနေရင် အဲဒီအယူမှားကြောင့် ငရဲနဲ့တိရစ္ဆာန်တစ်မျိုးမျိုး ဖြစ်ရတတ်တယ်"လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

အဲဒီတော့ တာလပုဋ္ဌဆိုတဲ့ ကချေသည်ဆရာကြီးကငိုတယ်။ ဘာကြောင့် ငိုသလဲဆိုတော့ "လူအများအား ကပြခြင်းဖြင့် ရှင်လန်းပျော်မွေ့စေတဲ့အတွက် ပဟာသနတ်မျိုးဖြစ်ရတယ်"လို့ ဆရာ့ဆရာတို့က (ဒီဃရတ္တံ)ရှည်မြင့်စွာသော ကာလပတ်လုံး (နိကတော ဝဏ္ဏ

http://www.dhammadownload.com

တော) လိမ်လည်လှည့်စားအပ်သောကြောင့်, အလှည့်စားခံရသော ကြောင့်ပါပဲတဲ့။

ဒီပြင်လည်း အလားတူအကြောင်းအရာတွေ များစွာပင်ရှိပါ သေးတယ်။ ယခုနေအခါမှာ ဗုဒ္ဓတရားတော်ကို မှားယွင်းစွာယူဆပြီး တော့ ဘုရားအလိုတော်နှင့် ပြောင်းပြန်ဆန့်ကျင်ပြီး ဟောပြောကြ တာတွေရှိတယ်။ ဘယ်လိုလဲဆိုတော့ - မြတ်စွာဘုရားက "အကု သိုလ်ဟူသမျှကို ပယ်ရမယ်။ ကုသိုလ်ဟူသမျှကို ပြုလုပ်ရမယ်။ သီလ, သမာဓိ, ပညာ အကျင့်များကို ကျင့်ရမယ်။ သမထ ဝိပဿ နာ ဘာဝနာအလုပ်ကို အားထုတ်ရမယ်။ မဂ္ဂင်ရှစ်ပါးကို ဖြစ်ပွား စေရမယ်"လို့ တိတိကျကျ ပြတ်ပြတ်သားသား ဟောထားတယ်။ အဲဒီဟောထားချက်နဲ့ ဆန့်ကျင်ပြီးတော့ ဟောပြောနေကြတာတွေ ပါပဲ။ ဟောပြောနေကြပုံကတော့- "အကုသိုလ် ကိလေသာဆိုတာ (အနိစ္စ) အမြဲမရှိ- အမြဲတမ်းမရှိတာမို့ ပယ်ဖို့မလိုတော့ဘူး။ သတ်မှု မှာ ကြဉ်ရှောင်ဖို့ထက် သတ်ဖို့ရာ အားထုတ်တာက ပိုခက်တယ်။ ကုသိုလ်ပြုရင် သီလ, သမာဓိ, ပညာအကျင့်ကို ကျင့်ရင်, ဘာဝနာ အလုပ်ကိုလုပ်ရင် (သဗ္ဗေ သခ်ါရာ ဒုက္ခာ)ဆိုတဲ့ ဒေသနာအရ ဆင်းရဲတာပဲ။ ကိုယ်ပင်ပန်းအောင်လုပ်ရာ ရောက်တယ်။ လုပ်သမျှ ဒုက္ခချည်းပဲ၊ ဘာမျှအားမထုတ်ဘဲ အငြိမ်းစားနေမှ ချမ်းသာတယ်" စသည်ဖြင့် ဟောပြောနေကြတာတွေပါပဲ။ အဲဒါတွေဟာ ဘုရား ဟော တရားနဲ့ဆန့်ကျင်ကြောင်း အလွန်ပင်ထင်ရှားနေပါတယ်။ အဲဒီ ဆန့်ကျင်ဘက်တရားကို ဘုရားအလိုတော်ကျမှတ်ပြီး ယုံကြည်

http://www.dhammadownload.com

လက်ခံတဲ့သူတွေမှာ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဟာ ဖြစ်ပွား နေမှာက သေချာပါတယ်။ နောက်ဆုံး တစ်ချိန်ကျတော့ အားကိုးစရာ ကုသိုလ်မရှိဘဲ အကုသိုလ်က အကျိုးပေးတဲ့အခါ တရားမှားဖြင့် လှည့်စားခံခဲ့ရတဲ့အတွက် ဒုက္ခရောက်ရတယ်ဆိုတာ ကိုယ်တိုင်တွေ့ ဖြစ်ပြီး စိတ်မချမ်းသာဖြစ်ဖို့ရာ အလွန်ပင် နီးစပ်ပါတယ်။

ယခုပြောပြခဲ့တဲ့အတိုင်း စီးပွားရေးဖြင့် ဖြစ်စေ, ဘာသာရေးဖြင့်ဖြစ်စေ အလှည့်စားခံရတဲ့သူမှာ အလွန်နစ်နာပါတယ်။ စီးပွားရေးထက် ဘာသာရေးဖြင့် အလှည့်စားခံရတာက ပိုပြီးနစ်နာပါတယ်။ ဒါကြောင့် စီးပွားရေးနဲ့ဖြစ်ဖြစ်, ဘာသာရေးနဲ့ဖြစ်ဖြစ် လှည့်စားခြင်း မရှိပါစေနဲ့၊ လှည့်စားခြင်း ကင်းပါစေ၊ ကင်းကြပါစေလို့ မေတ္တာပွားရန် ညွှန်ကြားတော်မူတာပါပဲ။ အဲဒီ ညွှန်ကြား အချက်အရ မေတ္တာပွားရမယ်၊ လိုက်ဆိုကြ။

- **တစ်ဦးတစ်ယောက်က အခြားသူ တစ်ဦးတစ်ယောက်ကို မလှည့်စားပါစေလင့်၊ လှည့်စားခြင်း ကင်းကြပါစေ၊ လှည့်စားခြင်း ကင်းကြပါစေ၊ လှည့်စားခြင်း ကင်းကြပါစေ။**

နောက်တစ်ပုဒ်ကတော့- ကတ္တစိ- မြို့ထဲရွာထဲ အမျှားပရိ-သတ်ထဲစသည့် တစ်စုံတစ်ခုသော အရပ်ဌမ္ဘ။ ကိ-ဘိ-တစ်စုံတစ်ယောက်သော၊ နံ-ထိုအခြားသူကို၊ နအတိမညေထ-မထီမဲ့မြင် မပြုပါစေလင့်၊ ဝါ-မထီမဲ့မြင်ပြုခြင်း ကင်းပါစေတဲ့၊ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူတစ်ပါးကို မရှိမသေ မထီမဲ့မြင်ပြုရင် ပြုသူမှာလဲ

http://www.dhammadownload.com

အကုသိုလ်ပွားတယ်။ နောက်တစ်ချိန်ကျတော့ အကျိုးမဲ့လည်း ဖြစ်တတ်တယ်။ မထီမဲ့မြင်အပြုခံရသူမှာလည်း မခံချင်စိတ်တွေဖြစ်ပြီး ဆင်းရဲရတတ်တယ်။ သာမန်လူကဖြစ်စေ, အောက်တန်းအရာရှိကဖြစ်စေ အထက်တန်းအရာရှိထံ ကိစ္စရှိလို့သွားရောက်တဲ့အခါ အချို့အရာရှိဖြစ်သူက ဂရုမစိုက်ဘဲ မထီမဲ့မြင်ပြုတတ်တယ်။ အချို့မထေရ်ကြီးကလည်း ရဟန်းငယ်များကို မထီမဲ့မြင်ပြုတတ်တယ်။ အဲဒီလို မထီမဲ့မြင်အပြုခံရတဲ့သူမှာ စိတ်မချမ်းမသာများစွာဖြစ်တတ် တယ်။ မထီမဲ့မြင်ပြုသူမှာလဲ ကိုယ်ချင်းစာတရားကင်းမဲ့သူ မေတ္တာမဲ့သူ, အဖြစ်ထင်ရှားတယ်။ ဒါကြောင့် နှစ်ဦးနှစ်ဖက်လုံး မဆင်းရဲရအောင် မထီမဲ့မြင်မပြုမိပါစေနဲ့လို့ မေတ္တာပွားရန် ညွှန်ကြားတော်မူတာပါပဲ။ တစ်ဦးနဲ့တစ်ဦး မထီမဲ့မြင်မပြုဘဲ ဖော်ဖော်ရွှေရွှေချည်း ဆက်ဆံသွားကြမယ်ဆိုလျှင် လောကကြီးတစ်ခုလုံး အင်မတန် အဆင်ပြေမှာပါပဲ။ အဲဒီ ညွှန်ကြားချက်အရ မေတ္တာပွားရအောင် လိုက်ဆိုကြ။

အခြားသူတစ်စုံတစ်ယောက်ကို မျှ မရှိမသေ မထီမဲ့မြင် မပြုမိပါစေလင့်။ မထီမဲ့မြင်ပြုခြင်းကင်းပါစေ။ မထီမဲ့မြင်ပြုခြင်း ကင်းကြပါစေ။ ဖော်ဖော်ရွှေရွှေ ဆက်ဆံနိုင်ကြပါစေ။

နောက်တစ်ပိုဒ်ကတော့ ဗျာရောသနာ-ဗျာရောသနာယ-ကိုယ်ထိလက်ရောက်နှိပ်စက်ခြင်း, ကြိမ်းမောင်းပြောဆိုနှိပ်စက်ခြင်းဖြင့်လည်းကောင်း၊ ပဋိဃသညာ-ပဋိဃသညာယ-ဒေါသစိတ်ဖြင့်လည်းကောင်း၊ အညမညသ-အချင်းချင်း၏၊ ဒုက္ခ-ဆင်းရဲကို၊ နှ

http://www.dhammadownload.com

ဣန္ဒြေယျ-အလိုမရှိပါစေလင့်၊ ဝါ-လိုလားတောင့်တခြင်း ကင်းပါစေတဲ့။

သူတစ်ပါးကို ရိုက်နှက်ပုတ်ခတ်ရင်, ဆဲဆိုကြိမ်းမောင်းရင်, သို့မဟုတ် အနှိပ်စက်ခိုင်းရင်, ဒေါသစိတ်ဖြင့် နှိပ်စက်ရန် ကြံနေရင် အဲဒီလို ပြုသူ,ပြောသူ,ကြံသူမှာ အကုသိုလ်ဖြစ်တယ်။ နောက်တစ်ချိန်မှာ အဲဒီအကုသိုလ်ကြောင့် ဆင်းရဲအမျိုးမျိုးတွေကို ခံစားရလိမ့်မယ်။ အနှိပ်စက်ခံရသူမှာတော့ လက်ငင်းပင်ဆင်းရဲရတော့တာပဲ။ ဒါကြောင့် အဲဒီလို ဆင်းရဲမျှား မဖြစ်ရအောင် ကိုယ်နှုတ်တို့ဖြင့် နှိပ်စက်ခြင်း, ဒေါသစိတ်ဖြင့် ကြံခြင်းတို့ဖြင့် သူတစ်ပါး၏ဆင်းရဲကို အလိုမရှိပါစေနဲ့လို့ မေတ္တာပွားရန် ညွှန်ကြားတော်မူပါတယ်။ အဲဒီ ညွှန်ကြားချက်အရ မေတ္တာပွားကြရအောင် လိုက်ဆိုကြရမယ်။

- **ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်းဖြင့် သူတစ်ပါး၏ ဆင်းရဲ ကိုလိုလားခြင်းကင်းပါစေ၊ နှုတ်ကပြောဆိုခြင်းဖြင့်လဲ သူတစ်ပါး၏ ဆင်းရဲကိုလိုလားခြင်းကင်းပါစေ၊ စိတ်အကြံ သက်သက်ဖြင့်လဲ သူတစ်ပါး၏ ဆင်းရဲကို လိုလားခြင်း ကင်းပါစေ၊ သူတစ်ပါးဆင်းရဲအောင် ပြုလုပ်ခြင်း, ပြောဆိုခြင်း, ကြံစည်ခြင်း, လိုလားခြင်း, ကင်းပါစေ၊ ကင်းကြပါစေ။**

အဲဒီလို မေတ္တာပွားတယ်ဆိုတာလည်း ရွတ်ဆိုရုံမျှ ခပ်ပေါ့ပေါ့ မဟုတ်ဘူး။ သူတစ်ပါးအား ချမ်းသာစေလိုတဲ့ မေတ္တာစိတ်

http://www.dhammadownload.com

တကယ့်ကို လေးလေးနက်နက်ရှိစေရမယ်ဆိုတာ ဥပမာဖြင့် ဒီလို ပြတော်မူထားပါတယ်။

မေတ္တာအစစ် ပွားပုံ ဥပမာ

၇။ မာတာ ယထာ နိယံ ပုတ္တံ၊ မာ ယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗေဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

မာတာ-မွေးသည့် မိခင်သည်၊ နိယံ ပုတ္တံ-မိမိရင်နှစ်သားရင်းဖြစ်သော၊ ဧကပုတ္တံ-တစ်ဦးတည်းသောသားကို၊ အာယုသာ-မိမိ၏ အသက်ဖြင့်သော်လည်း၊ ဝါ-မိမိအသက်ကို စွန့်၍သော်လည်း၊ အနုရက္ခေယထာ - အစဉ်မကွာ စောင့်ရှောက်ရာသကဲ့သို့၊ ဧဝမ္ပိ - ဤအတူပင်၊ သဗ္ဗေဘူတေသု-အလုံးစုံသော သတ္တဝါတို့သည်၊ အပရိမာဏံ-အတိုင်းအတာ ပမာဏမရှိသော၊ မာနသံ-ချမ်းသာစေလိုသော မေတ္တာစိတ်ကို၊ ဘာဝယေ-အကြိမ်ကြိမ် အခါခါ ပွားစေရာတော့သတည်း-တဲ့။

ဒီဂါထာမှာ ဥပမာက မိခင်နှင့်သားကို ပြထားတယ်။ သားသမီးကို ဖခင်ထက် မိခင်က ပိုပြီးချစ်ခင်တတ်, စောင့်ရှောက်တတ်တယ်။ ဒါ့ကြောင့် မိခင်ကို ဥပမာအဖြစ် ပြထားတယ်။ သားသမီးကလည်း မွေးစားသားသမီးဆိုရင် သားသမီးအရင်းလောက် ချစ်ခင်အား, စောင့်ရှောက်အား မရှိပေဘူး။ ဒါကြောင့် သားအရင်းကို ဥပမာပြထားတယ်။ သားအရင်းပင် ဖြစ်ပေမယ့် သားတွေကများနေရင် ချစ်ခင်အား စောင့်ရှောက်အားဟာ အပြည့်အဝ မရရှိနိုင်ပေဘူး။ တစ်ဦးတည်းသော သားကလေးဆိုတော့ အချစ်ဆုံးပေါ့။

http://www.dhammadownload.com

ဒါကြောင့် တစ်ဦးတည်းသောသားကို ဥပမာပြထားတယ်။ "သားကို မိခင်က ဘယ်လောက်ချစ်တယ်၊ တစ်ဦးတည်းသောသားကလေးကို ဘယ်လောက်ချစ်တယ်" ဆိုတာကတော့ သားရှိတဲ့မိခင်များက အသိဆုံးဖြစ်နေမှာပါပဲ။ ဒါကြောင့် မိခင်က တစ်ဦးတည်းသော သားကလေးအတွက် မိမိအသက်အသေခံပြီးမှ စောင့်ရှောက်ပါမှ ဘေးရန်က လွတ်မယ်ဆိုရင် မိမိအသက်ကို စွန့်ပြီးတော့တောင် စောင့်ရှောက်ပါတယ်-တဲ့။ အဲဒီလိုပဲ မေတ္တာပွားရာမှာလည်း မိမိ ကိုယ်ကို မင့်ကွက်ဘဲနဲ့ သတ္တဝါများအပေါ်မှာ ချမ်းသာစေလိုတဲ့ စိတ်ဓာတ် ထက်သန်စွာနဲ့ မေတ္တာကို ပွားစေရမယ်-တဲ့။ အင်မတန် လေးနက်တဲ့ ဥပမာပါပဲ။

ဒုတိယပိုင်းတုန်းက သီမာသမ္ဘေဒဖြစ်ပုံကို ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားတဲ့အတိုင်း ပြောခဲ့ပါတယ်။ အဲဒီမှာ ချစ်တဲ့သူရယ်၊ မချစ် မမုန်း အလယ်အလတ်လူရယ်၊ ရန်သူရယ်၊ မိမိရယ် လေးယောက် အတူနေကြရာမှာ လူဆိုး ဓားပြတွေက ယဇ်နတ်ပူဇော်ဖို့ လူတစ် ယောက်ကို တောင်းလာရင် ဘယ်သူ့ကိုမျှ မပေးရက်ဘဲ ရှိရမယ်-တဲ့။ မိမိကိုယ်ကို ပေးလိုက်ရင်တောင် သီမာသမ္ဘေဒ မဖြစ်သေးဘူး-တဲ့။ ယခု ဒီမေတ္တာသုတ်မှာတော့ သားကိုစောင့်ရှောက်တဲ့မိခင်လိုပင် အသက်ကိုတောင် စွန့်နိုင်သည်အထိ သူတစ်ပါးအား ချမ်းသာစေ လိုတဲ့စိတ်ရှိရမယ်လို့ ဆိုရာရောက်နေပါတယ်။ အဲဒီ အဋ္ဌကထာ စကားနဲ့ ပါဠိတော်ကို ဘယ်လိုနှိုးနှောယူရမလဲဆိုရင် ဒီပါဠိတော် မှာက အသက်ကို စွန့်ဖို့ ပြလိုရင်း မဟုတ်ဘူး။ အသက်ကိုစွန့်ပြီး

http://www.dhammadownload.com

သားငယ်ကို စောင့်ရှောက်တဲ့ မိခင်လိုပင် သတ္တဝါတို့အပေါ် ၌ ချမ်းသာစေလိုတဲ့ မေတ္တာစိတ် လေးလေးနက်နက်ဖြစ်ဖို့ရာလောက်သာ ပြတယ်။ အမှန်ကတော့ အဌကထာက ပြဆိုထားတဲ့အတိုင်း အခြားသတ္တဝါများအပေါ် မိမိနှင့်တန်းတူညီမျှတဲ့ မေတ္တာစိတ်ဖြစ်ဖို့ကသာ လိုရင်းဖြစ်တယ်လို့ မှတ်ယူသင့်ပါတယ်။ ဒါကြောင့် မေတ္တာပွားပုံကိုပြတဲ့ ပါဠိတော်များစွာတို့မှာ **သဗ္ဗသတ္တာ**-သတ္တဝါအားလုံးတို့အပေါ် ၌ မိမိနှင့်တူညီသည်၏အဖြစ်ဖြင့် မေတ္တာပွားရန် ညွှန်ပြထားတာပါပဲ။ မိမိကိုယ်ထက်ပိုပြီး ချစ်ရမယ်လို့တော့ ညွှန်ပြတာ မရှိပါဘူး။

နောက်ပြီးတော့ မေတ္တာဘာဝနာဆိုတာ စွမ်းနိုင်လို့ရှိရင် သတ္တဝါတစ်ဦးတစ်ယောက်ကိုမျှ ခြွင်းချန်မထားဘဲ အတိုင်းမသိ ပွားစေရတယ်။ ဒါကြောင့် အပရိမာဏံလို့လည်း ညွှန်ပြထားပါတယ်။ အဲဒီအနက်ကို ယခုရှုတ်ပြမည့် ဂါထာဖြင့် ထပ်ဆင့်ပြီး ဒီလိုညွှန်ပြတော်မူတယ်။

အတိုင်းမသိ ကျယ်ပြန့်စွာ ပွားပုံ

၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိं၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ' မသပတ္တံ။

စ-အတိုင်းမသိကျယ်ပြန့်စွာ မေတ္တာပွားပုံကို ချဲ့၍ပြရလျှင်၊ ဥဒ္ဓံ-အထက်အရပ်၌လည်းကောင်း၊ အဓော-အောက်အရပ်၌

http://www.dhammadownload.com

လည်းကောင်း၊တိရိယံ-ဖီလာပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာ၌ လည်းကောင်း၊ (ဧကံ ဒိသံ ဖရိတ္မာ ဣဒ္ဓိမဓေ တိရိယံ-ဟူသော ပါဠိတော်များ ယင်းတို့၏အဖွင့် အဋ္ဌကထာများနှင့်အညီ ပြန်အပ်သောအနက်ဖြစ်သည်။ ယင်း သုံးပုဒ်ဖြင့်အရပ်ဆယ်မျက်နှာ ကို ပြသည်။ ဤမေတ္တာသုတ်အဖွင့် အဋ္ဌကထာ၌မူ ဣဒ္ဓိ-ဖြင့် အရူပဘဝကိုလည်းကောင်း၊ အဓော-ဖြင့် ကာမဘဝကိုလည်း ကောင်း၊တိရိယံ- ဖြင့် ရူပဘဝကိုလည်းကောင်း ဖွင့်ပြထားသည်။) သတ္တလောကသို့- အလုံးစုံသော လောက၌၊ အပရိမာဏ-အတိုင်း အတာ ပမာဏမရှိ သော၊ မေတ္တံ မာနသံ-မေတ္တာစိတ်ကို၊ ဘာဝယေ-ပွားစေရာ၏။ အသမ္ဘာဓ-ကျယ်ပြန့်သော မေတ္တာစိတ်ကို၊ ဝါ-ကျယ်ပြန့်စွာ၊ အဝေ ရံ-အတွင်းရန်သူဟုခေါ်သည့် ဒေါသ စေတနာကင်းသော မေတ္တာ စိတ်ကို၊ ဝါ-အတွင်းရန် ကင်းစေလျက်၊ အသပတ္တံ-အပြင်ရန်သူလည်း ကင်းသော မေတ္တာစိတ်ကို၊ ဝါ-အပြင်ရန်သူလည်း ကင်းစေလျက်၊ ဘာဝယေ-ပွားစေရာ၏တဲ့။

ဆိုလိုတာကတော့ အတိုင်းအတာမရှိတဲ့ မေတ္တာကို ပွားစေ သည်-ဆိုတာဟာ အောက်အရပ်ရော, အထက်အရပ်ရော, ဘေး ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာရော အရပ်ဆယ်မျက်နှာတို့၌ ရှိ သမျှ သတ္တဝါအားလုံးကို ချမ်းသာစေလိုတဲ့ မေတ္တာစိတ်ကို ပွားစေ တာပါပဲလို့ ဆိုလိုပါတယ်။ အဲဒီလို ပွားစေရာမှာ အရပ်အားဖြင့် အကန့်အသတ်မရှိ၊ သတ္တဝါအားဖြင့်လည်း အကန့်အသတ်မရှိသော ကြောင့် နယ်ပယ်ကျယ်ပြန့်တယ်။ မကျဉ်းဘူး။ အဲဒီလိုနယ်ပယ်

http://www.dhammadownload.com

ကျယ်ပြန့်စွာလည်း ပွားစေရမယ်တဲ့။ နောက်ပြီးတော့ အဲဒီ သတ္တဝါ အားလုံးနှင့်စပ်ပြီး ဒေါသ စေတနာကင်းသောကြောင့် ကိုယ်တွင်း ရန်လည်း ကင်းတယ်။ မည့်သည့် သတ္တဝါကိုမျှ ရန်သူအနေဖြင့် အမှတ်မထားသောကြောင့် အပြင်ရန်လည်းကင်းတယ်။ အဲဒီလို အတွင်း,အပြင်ရန် ၂-ပါးလုံး ကင်းအောင်လည်း ပွားစေရမယ်တဲ့။ ဒီဂါထာမှာ ပြထားတဲ့ အရပ်ဆယ်မျက်နှာ၌ မေတ္တာပွားပုံကိုတော့ ပထမပိုင်းမှာ အကျယ်ဟောခဲ့ပါပြီ။ ဒါပေမယ့် ရောက်ရာဒေသနာ တော်နှင့်အညီ အရပ်ဆယ်မျက်နှာမှာ ရှိသမျှသတ္တဝါတွေကို ထပ်ပြီး မေတ္တာပွားကြဦးစို့။ လိုက်ဆိုကြရမယ်။ ရွတ်ဆိုရင်း, မေတ္တာပွားရင်း ရွတ်ဆို နှလုံးသွင်းတဲ့ ရုပ်နာမ်များကိုလည်း ရှုမှတ်သွားကြရမယ်။

(၁) အထက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြ ပါစေ၊ ချမ်းသာကြပါစေ။

(၂) အောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြ ပါစေ၊ ချမ်းသာကြပါစေ။

(၃) ပတ်ဝန်းကျင်ရှိ အရပ်ရစ်မျက်နှာက အားလုံးသတ္တဝါ တွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြ ပါစေ။

ဥဒ္ဓं ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗ္ဗာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ-ဆိုတဲ့-
မေတ္တာပို့ ဂါထာဟာ ဒီမေတ္တာသုတ်ထဲက ဥဒ္ဓं အဓော စ

http://www.dhammadownload.com

တိရိယဉ္စ-ဆိုတဲ့ စကားရပ်ကိုမှီပြီး စီကုံးထားဟန် ရှိပါတယ်။ သူ့အနက်ကတော့-

ဥဒ္ဓံ-အထက်အရပ်၌၊ ယာဝ ဘဝဂ္ဂါစ-ဘဝဂ်ဟု ခေါ်သော နေဝသညာနာသညာယတန ဘုံတိုင်အောင်လည်းကောင်း၊ အဓော-အောက်အရပ်၌၊ ယာဝ အဝီစိတော-အဝီစိငရဲဘုံတိုင်အောင်လည်းကောင်း၊ (အထက်ဘဝဂ် အောက်အဝီစိဆိုတဲ့ ဒီစကားရပ်ကတော့ မြေကြီးကို အပြားအနေဖြင့်ယူဆပြီး ဆိုထားတဲ့စကားပါပဲ။ ယခုခေတ်အများစု၏ အယူအဆအရ ကမ္ဘာမြေကြီးကို အလုံးဟူ၍ လည်းကောင်း၊ ချာချာလည်နေသည်ဟူ၍လည်းကောင်း ပြောဆိုနေကြတဲ့ အလိုအားဖြင့် မေတ္တာပွားနေဆဲအချိန်မှာ ကျရောက်တဲ့ တိုက်ဆိုင်တဲ့ အထက်အရပ်, အောက်အရပ်တို့ကို ယူရုံပါပဲ)၊ သမန္တာ စက္ကဝါဠေသု စ-ပတ်ဝန်းကျင် စကြဝဠာတို့၌ လည်းကောင်း၊ ပထဝီ စရာ-မြေ၌ ကျက်စားကုန်သော၊ (နောက် တစ်ဂါထာအရ, ဥဒကေ စရာ-ရေ၌ ကျက်စားကုန်သော၊ အခြားနောက်တစ်ဂါထာအရ အာကာသေစရာ- ကောင်းကင်၌ ကျက်စားကုန်သော၊ ယေသတ္တာ-အကြင်သတ္တဝါတို့သည်၊ သန္ဓိ-ရှိကုန်၏။ တေသတ္တာ- ထိုသတ္တဝါတို့သည်၊ အဗျာပဇ္ဇာ-နှိပ်စက်တတ်သောကြောင့်၊ ဗျာပါဒ-ဟုခေါ်သော နှလုံးမသာမှု၊ ဒေါမနဿ-ကင်းကုန်သည်လည်းကောင်း၊ ဝါ-စိတ်ဆင်းရဲ ကင်းကုန်သည်လည်းကောင်း၊ နိဝေရာ စ-ရန်ကင်းကုန်သည် လည်းကောင်း၊ နိဒ္ဒါကွာ စ-ကိုယ်ဆင်းရဲကင်းကုန်သည် လည်းကောင်း၊ အနုပ္ပဒ္ဒဝါ စ-ကပ်ရောက်၍ နှိပ်စက်တတ်သော

http://www.dhammadownload.com

(ဥပဒ္ဒဝေါ) ဘေးရန်ကင်းကုန်သည် လည်းကောင်း၊ ဟောန္တု-ဖြစ်ကြ ပါစေကုန်သတည်း-တဲ့။

အဲဒီ ပါဠိဂါထာနဲ့ အနက်ထဲမှာ ဥပဒ္ဒဝ-ဥပဒ္ဒဝေါဆိုတာ ဘယ်လို ဘေးဒုက္ခသင့်ရောက်လိမ့်မယ်လို့ စောစောက မသိရဘဲ ရုတ်တရက် ကပ်ရောက်ပြီး နှိပ်စက်တတ်တဲ့ ဘေးရန်အန္တရာယ်တွေ ပါပဲ။ ရုတ်တရက်တွေ့ရတဲ့ လူဆိုး, သူဆိုး ဘေးရန်တွေ၊ သားရဲ တိရစ္ဆာန်ဘေးရန်တွေ၊ ရောဂါဆိုး ဘေးရန်တွေ-ဒီလို ဘေးရန် အန္တရာယ်တွေပါပဲ။

မေတ္တာပွားရမည့် အနေအထိုင်နှင့် အချိန်ကာလ

ယခုပြောခဲ့တဲ့အတိုင်း အရပ်ဌာန, ပုဂ္ဂိုလ်အား အကန့် အသတ်မထားဘဲ ကျယ်ပြန့်စွာ မေတ္တာပွားပုံကို ပြပြီးတော့ အဲဒီ လို ပွားများရမည့် ဣရိယာပုတ်နဲ့ အချိန်ကာလကိုလည်း ဒီလို ပြတော်မူပါတယ်။

၉။ တိဋ္ဌं စရံ နိသိန္နော၀၊
သယာနော ယာ၀တာ' ဿ ဝိတမိဒ္ဓေါ။
ဧတं သတिं အဓိဋ္ဌေယ္ယ၊
ဗြဟ္မ မေတံ ဝိဟာရ' မိဓ မာဟု။

တိဋ္ဌं-ရပ်နေစဉ်ဖြစ်စေ၊ စရံ-သွားနေစဉ်ဖြစ်စေ၊ နိသိန္နော၀ါ -ထိုင်နေစဉ်ဖြစ်စေ၊ သယာနော၀ါ-လျောင်းနေစဉ်ဖြစ်စေ၊ ယာ၀ တာ-အကြင်မျှလောက် ကာလပတ်လုံး၊ ဝိတမိဒ္ဓေါအဿ-ငိုက်မျဉ်း ခြင်း ကင်းသည် ဖြစ်ရာ၏၊ တာ၀တာ-မငိုက်သေး, အိပ်မပျော်သေး

http://www.dhammadownload.com

သမျှ ထိုကာလပတ်လုံး၊ ဧတံ သတိ-ထိုမေတ္တာရှေ့သွား အမှတ်အသိ တရားကို၊ အဓိဋ္ဌေယျ-ဆောက်တည်သောအားဖြင့် ဖြစ်ပွားစေရာ ၏-တဲ့။

ဒီမေတ္တာကို ပွားစေရတယ်ဆိုတာ ထိုင်နေရင်းသာ မဟုတ်ဘူး။ ရပ်နေရင်းလည်း ပွားစေရမယ်။ စင်္ကြီလျှောက်နေရင်းလည်း ပွားစေရမယ်။ လဲလျောင်းပြီး အိပ်နေရင်းတောင်မှ အိပ်မပျော်သေးခင် နိုးနေသမျှကာလအတွင်းမှာဆိုရင် မပြတ်ပွားနေရမှာဘဲ။ အဲဒီလိုပွားများနေရင်း အိပ်ပျော်သွားတဲ့အချိန်ကျမှသာ မပွားများဘဲ နားရမယ်။ အိပ်ပျော်နေဆဲ အချိန်မှာတော့ မေတ္တာကိုမပွားစေနိုင်ပါဘူး။ အဲဒါဟာ ဘာဝနာအလုပ်မှ နားရတဲ့အချိန်ပါပဲ။ အိပ်ရာမှ နိုးတဲ့အချိန် သတိရတဲ့ အချိန်မှစပြီး မပြတ်ပွားများနေရ မှာပါပဲ။ ဒီလို အိပ်ပျော်နေချိန်မှတစ်ပါး အခြားအချိန်များမှာဆိုရင် ရပ်နေရင်းဖြစ်ဖြစ်, သွားနေရင်းဖြစ်ဖြစ်, ထိုင်နေရင်းဖြစ်ဖြစ်, လဲလျောင်းနေရင်းဖြစ်ဖြစ်, မေတ္တာနှင့်ယှဉ်သော အမှတ်သတိကို မပြတ်ပွားနေရတယ်။ ဈာန်ရပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုရင်လည်း မေတ္တာဈာန်နှင့် ယှဉ်သောသတိကို ပွားရမယ်။ မေတ္တာဈာန်ကို ဝင်စားနေဖို့ပါပဲ။ ဒီမေတ္တာ ဘာဝနာကို ပွားနေတာဟာ ကောင်းမြတ်သော နေခြင်းလည်း ဖြစ်ပါတယ်။

ဒါကြောင့်-

ဧတံ-ဤမေတ္တာတရား ပွားများနေခြင်းကို၊ ဣဓ-ဤသာသနာတော်၌၊ ဗြဟ္မ ဝိဟာရံ-မြတ်သော နေခြင်း ဟူ၍၊ အာဟု-

http://www.dhammadownload.com

မြတ်စွာဘုရားတို့က ဟောကြားခဲ့ကျူးတော်မူကြသည်လို့လည်း မိန့်တော်မူပါတယ်။

ဝိဟာရ ခေါ်နေခြင်း ၄-မျိုး

ပါဠိအဋ္ဌကထာများမှာ ဝိဟာရ-နေခြင်းဆိုတာကို ၄-မျိုးခွဲပြီး ပြထားပါတယ်။ (၁) ဣရိယာပထဝိဟာရ၊ (၂) ဒိဗ္ဗဝိဟာရ၊ (၃) အရိယဝိဟာရ၊ (၄) ब्रह्मဝိဟာရဆိုတဲ့ ဒီ ၄-မျိုးပါပဲ။ အဲဒီ ၄-မျိုးထဲမှာ-

(၁) ဣရိယာပထဝိဟာရဆိုတာက ရံခါသွားနေလိုက်၊ ရံခါရပ်နေလိုက်၊ ရံခါထိုင်နေလိုက်၊ ရံခါအိပ်နေလိုက်နဲ့ ဒီဣရိယာပုတ် ၄-ပါးဖြင့် သင့်လျော်သလို နေထိုင်ခြင်းပါပဲ။ ဒါကတော့ ရဟန်း, ရှင်, လူတိုင်း၊ သတ္တဝါတိုင်းနဲ့ဆိုင်ပါတယ်။ အထူးအဆန်း မဟုတ်ပါဘူး။

(၂) ဒိဗ္ဗဝိဟာရဆိုတာကတော့ ब्रह्मာဆိုတဲ့ နတ်အထူးဖြစ်စေနိုင်တဲ့ ကသိဏ်းစျာန် အစရှိတဲ့ မဟဂ္ဂုတ်စျာန်များပါပဲ။ အဲဒီစျာန်များ ဝင်စားနေခြင်းကို ဒိဗ္ဗဝိဟာရခေါ်တယ်။

(၃) အရိယဝိဟာရ ဆိုတာကတော့ အရိယဖိုလ်လေးပါးပါပဲ။ အဲဒီဖိုလ်လေးပါး ဝင်စားနေခြင်းကို အရိယဝိဟာရ-အရိယာတို့၏နေခြင်းဖြင့် နေတယ်လို့ ဆိုရတာပါပဲ။

(၄) ब्रह्मဝိဟာရ ဆိုတာကတော့ မေတ္တာစျာန်, ကရုဏာစျာန်,ဥပေက္ခာစျာန်ဆိုတဲ့ ဒီစျာန်လေးပါးပါပဲ။ အထူးသဖြင့် အပြစ်ကင်းခြင်း, မြင့်မြတ်ခြင်းကြောင့် ब्रह्मဝိဟာရ-မြတ်သောနေခြင်းလို့

http://www.dhammadownload.com

ခေါ်ဆိုရတာပါပဲ။ ဒါကြောင့် ဒီဂါထာမှာ မေတ္တာကို ပြဟ္မဝိဟာရလို့ ဟောကြောင်း ပြဆိုတော်မူတာပါပဲ။

အပ္ပမညာနှင့် ပြဟ္မစိုရ်

အဘိမ္မောဝိဘင်္ဂပါဠိ (၂၈၄) မှာတော့ ဒီပြဟ္မဝိဟာရ လေးပါးကို အပ္ပမညာလို့ ဟောထားတယ်။ သုတ်မဟာ ဝါ မဟာဂေါဝိန္ဒ သုတ်မှာတော့ ပြဟ္မစရိယလို့ ဟောထားတယ်။ မြတ်သောအကျင့်လို့ အနက်ရှိတယ်။ အဲဒီ ပြဟ္မစရိယဆိုတဲ့ ပါဠိကို စွဲမှီပြီးတော့ **ပြဟ္မစိုရ်** တရားလို့ မြန်မာလိုခေါ်ဝေါ်ပြောဆိုနေကြတယ်။

ဒီမေတ္တာကို ပွားစေတဲ့အခါ "မည်သူ ချမ်းသာပါစေ၊ သတ္တဝါတွေ ချမ်းသာကြပါစေ"စသည်ဖြင့် ပုဂ္ဂိုလ်သတ္တဝါ ပညတ်ကို အာရုံပြုပြီး ပွားစေရတယ်။ အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါဆိုတာ တကယ့်ကိုရှိနေတာပဲလို့ ထင်မှတ်စွဲလမ်းပြီး အတ္တဒိဋ္ဌိဖြစ်ဖို့ရာ နီးစပ်နေတယ်။ ဒါကြောင့် အဲဒီလို အတ္တဒိဋ္ဌိလည်း မဖြစ်ရအောင်၊ ဖြစ် ခွင့်ရှိနေတဲ့ အဲဒီအတ္တဒိဋ္ဌိကိုလည်းပယ်ပြီး အရိယမဂ်ဖိုလ်များ ကို ရောက်ရအောင် မြတ်စွာဘုရားရှင်က နိဂုံးချုပ်အနေအားဖြင့် နောက်ဆုံးဂါထာကို ဒီလို ဟောကြားတော်မူခဲ့ပါတယ်။

ဒိဋ္ဌိပယ်ရ်ှ ဂဗ္ဘသေယျကင်းအောင် ကျင့်ရန်

၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊

http://www.dhammadownload.com

န ဟိ ဇာတု ဂ္ဂသေယျ ပုနရေတိ။

ဒိဋ္ဌိဌ-ပုဂ္ဂိုလ်သတ္တဝါ အတ္တကောင် တကယ်ပင်ရှိသည်ဟု ထင် မှတ်စွဲလမ်းသော အတ္တဒိဋ္ဌိသို့လည်း၊ အနုပဂမ္မ-မကပ်ရောက် မူ၍တဲ့၊ (ပါဠိ၌ ဂ-လုံးဆင့်မှာ ဆန်းအတွက်မျှသာ) ဒီစကားဖြင့် သိစေ လိုတာကိုတော့- မည်သူ့ချမ်းသာပါစေ၊ သတ္တဝါတွေ ချမ်းသာကြပါ စေလို့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ မေတ္တာပွားနေပေမယ့် ပုဂ္ဂိုလ်သတ္တဝါ ဆိုတာ လောကဝေါဟာရမျှပဲ၊ ပုဂ္ဂိုလ်ရယ်, သတ္တဝါရယ်, အတ္တကောင်ရယ်လို့တော့ တကယ်ရှိတာ မဟုတ်ဘူး။ ခဏမစဲ မပြတ်ဖြစ်ပျက်နေတဲ့ ရူပ်နာမ်အစဉ်မျှသာ ရှိတယ်လို့ ကိုယ်ပိုင်ဉာဏ်ဖြင့်သိပြီး အတ္တဒိဋ္ဌိကို ပယ်ခွာရမယ်ဆိုတာကို သိစေလိုရင်းပါပဲ။

ဘယ်လိုလုပ်ပြီး ပယ်ရမလဲဆိုတော့ အားမထုတ်မီစောစော ကတည်းက ကြားနာမှတ်သားပြီး သုတမယဉာဏ်ဖြင့်လည်း ပယ်ရ မယ်။ မေတ္တာစျာန်ကို ရပြီးပုဂ္ဂိုလ်ဆိုရင် အဲဒီစျာန်ကို ဝင်စားပြီး တော့ စျာန်မှထတဲ့အခါ အဲဒီစျာန်ရှိပြီး အဲဒီစျာန်နှင့် တည်မှီရာရူပ် ကို မှန်စွာသိသောအားဖြင့်လည်း ပယ်ရမယ်။ စျာန်မရသေးတဲ့ ပုဂ္ဂိုလ်ဆိုရင်လည်း ချမ်းသာပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာ ပွားတိုင်း နှလုံးသွင်းတဲ့စိတ်, တည်မှီရာရူပ်, ရွတ်ဆိုတဲ့ ရူပ်များကို ရှုပြီး အမှန်အတိုင်းသိခြင်းဖြင့်လည်း ပယ်ရမယ်။ မေတ္တာစျာန်ကို အခြေခံပြုပြီး ပေါ်ရာပေါ်ရာ ရူပ်နာမ်များကို ရှုသိခြင်းဖြင့်လည်း ပယ်ရမယ်။

http://www.dhammadownload.com

အဲဒီပယ်ပုံတွေထဲမှာ သုတမယညာဏ်ဖြင့် ပယ်ပုံကိုတော့ အထူးပြောစရာမလိုပါဘူး။ ရုပ်နာမ်သဘောတရားများ အကြောင်းကို စွမ်းနိုင်သမျှကြားနာပြီး လေ့လာမှတ်သားခြင်း ဆင်ခြင်ခြင်းများဖြင့် ပယ်ရုံပါပဲ။

ဈာန်ဝင်စားပြီး အဲဒီ ဈာန်စသည်ကို ရှုသိသောအားဖြင့် ပယ်ပုံကတော့-မေတ္တာဈာန်ကို ဝင်စားပြီးတော့ အဲဒီဈာန်စိတ်ရပ်စဲသွားတဲ့အခါ အဲဒီဈာန်စိတ်ကို ရှုရတယ်။ ဈာန်မရှိတဲ့ ပုဂ္ဂိုလ်များမှာ ကြုံသိတဲ့စိတ်ကို သိပြီးတိုင်း, သိပြီးတိုင်း ရှုမှတ်ပြီး သိတာမျိုးပါပဲ။ ဈာန်ဝင်စားလိုက် အဲဒီဈာန်စိတ်ကို ရှုလိုက်နဲ့ အဖန်ဖန်အခါခါ ရှုသိနေရတယ်။ ဈာန်မရှိတဲ့ပုဂ္ဂိုလ်များမှာ ကြုံသိတဲ့စိတ်ကို သိပြီးတိုင်း, သိပြီးတိုင်း ရှုမှတ်ပြီးသိတာမျိုးပါပဲ။ ဈာန်ဝင်စားလိုက် အဲဒီ ဈာန်စိတ်ကို ရှုလိုက်နဲ့ အဖန်ဖန်အခါခါ ရှုသိနေရတယ်။ အဲဒီလို နေရင်း ချမ်းသာပါစေလို့ နှလုံးသွင်းတဲ့ စိတ်က တစ်ခြား၊ မှီရာရုပ်က တခြား၊ ရှုသိတဲ့ ဝိပဿနာစိတ်ကတခြား ကွဲပြားပြီးထင်ပေါ်လာမယ်။ အဲဒီအခါမှာ အာရုံကိုမသိတတ်တဲ့ တည်ရာ, မှီရာ ကိုယ်ရုပ်က တခြား၊ ချမ်းသာကြပါစေလို့ နှလုံးသွင်းတဲ့ဈာန်စိတ်နဲ့ ရှုသိတဲ့စိတ်က တခြား ကွဲပြားပြီး ထင်ပေါ်လာမယ်။ အဲဒီတော့ ဒီကိုယ်ထဲမှာ အာရုံကို သိတာနဲ့ မသိတာ ဒီ ၂-မျိုးသာရှိတယ်။ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်ရယ်, သတ္တဝါရယ်, အတ္တကောင်ရယ်လို့တော့ မသိရှိဘူးဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားပြီးသိမယ်။ အဲဒီလိုသိတော့ အတ္တကောင်အနေဖြင့်

http://www.dhammadownload.com

စွဲလမ်းခဲ့တဲ့ အတ္တဒိဋ္ဌိဟာ ကင်းကွာသွားတယ်။ အဲဒါဟာ မေတ္တာစျာန်တလှည့်, ဝိပဿနာ တလှည့်အားဖြင့် အားထုတ်ပြီး ဒိဋ္ဌိကို အစအဆုံး နာမရူပပရိစ္ဆေဒ ဉာဏ်ဖြင့် ပယ်ပုံပါပဲ။

အဲဒီကနောက် စျာန်ဝင်စားလိုက်, အဲဒီစျာန်ကို ရှုလိုက်နဲ့ ဆက်လက်ပြီး အားထုတ်သွားရင် အကြောင်းနှင့် အကျိုးမျှရှိတယ် ဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိပြီးတော့လည်း အဲဒီဒိဋ္ဌိကို ပယ်သွားတယ်။ အဲဒီကနောက် စျာန်နှင့်ရှုသိစိတ်ရော တည်မှီရာရူပ ခဏစဲ ဖြစ်ပျက်နေတာကိုတွေ့ရပြီးတော့ အနိစ္စဉာဏ်, ဒုက္ခဉာဏ်တို့နှင့် တကွ အနတ္တဉာဏ်ဖြင့်လည်း ပယ်သွားတယ်။ နောက်ဆုံးမှာ သောတာပတ္တိမဂ်ဉာဏ်ဖြင့် အဲဒီဒိဋ္ဌိကို အကြွင်းမဲ့ပယ်သွားတယ်။ အဲဒါဟာ စျာန်နဲ့ ဝိပဿနာ တလှည့်စီပွားစေပြီး ဒိဋ္ဌိကို ပယ်ပုံပါပဲ။

ချမ်းသာပါစေလို့ မေတ္တာပွားလိုက်၊ အဲဒီမေတ္တာစိတ်နဲ့ ရုပ်ကို ရှုသိလိုက်နဲ့ အားထုတ်ပြီး ဒိဋ္ဌိပယ်ပုံကလည်း ယခုပြောခဲ့တဲ့ပယ်ပုံနဲ့ သဘောအားဖြင့် တူပါတယ်။ စျာန်မေတ္တာနဲ့ သာမန်မေတ္တာ ဒါလောက်သာ ကွဲပြားပါတယ်။ ရှုပုံချင်းကတော့ အတူတူပါပဲ။

ကဲ . . ယခု အဲဒီနည်းအရ မေတ္တာပွားပြီး ဝိပဿနာရှုကြစို့။ လိုက်ဆိုရင်း ရှုမှတ်ကြရမယ်။

- **ဒီရိပ်သာအတွင်းဌ် ရဟန်းရှင်လူတွေ, ယောဂီတွေ အားလုံး ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာ ကြပါစေ။**
- **ဒီမြို့နယ်အတွင်းဌ် ရဟန်းရှင်လူတွေ, နတ်တွေ အား လုံး ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာ**

http://www.dhammadownload.com

ကြပါစေ။

- **မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားလုံးချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။**
- **အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။**

အတ္တဒိဋ္ဌိ ပယ်နိုင်အောင် အားထုတ်ပုံ

မေတ္တာစျာန်မှထပြီးတော့ အဲဒီစျာန်ကိုရှုပြီး ကြံသိမှု, ထိသိမှု, ကြားမှု, မြင်မှု စသော ပေါ်ရာပေါ်ရာ လိုက်ရှုခြင်းဖြင့် ဒိဋ္ဌိပယ်ပုံကတော့ ယခု ဒီက ယောဂီတွေ ရှုနေပုံနဲ့ သဘောအားဖြင့် တူပါတယ်။ စျာန်အခြေခံ ပါတာနဲ့ မပါတာ ဒါလောက်သာ ကွဲပြားပါတယ်။ ရှုပုံချင်းကတော့ အတူတူပါပဲ။

အဲဒီလို စျာန်အခြေခံပြုပြီး ပေါ်ရာ ပေါ်ရာ ရှုနေရာမှာ ကိုယ်စိတ်ပင်ပန်းလာရင်, အရှုအသိညံ့သွားရင် မေတ္တာစျာန်ကို ပြန်ပြီးဝင်စားရတယ်။ စျာန်ဝင်စားလို့ ကိုယ်စိတ်အေးချမ်းသွားတဲ့ အခါကျတော့ တစ်ဖန်ပေါ်ရာ ပေါ်ရာလိုက်ရှုပြီး ရှုမှတ်နေရတယ်။

အဲဒါလိုပဲ ဘုန်းကြီးတို့ ဒီကယောဂီတွေလည်း ဖောင်းတာ ပိန်တာကို အခြေခံအနေနဲ့ စပြီး ရှုမှတ်နေကြရတယ်။ အဲဒီလို ရှုမှတ်နေရင်း စိတ်ကူးကြံစည်မှု ဖြစ်ပေါ်လာရင် အဲဒီစိတ်အကြံကို ရှုမှတ်နေရတယ်။ ပြီးတော့ ဖောင်းတာ, ပိန်တာကိုပဲ ပြန်ပြီး ရှုမြဲ ရှုမှတ်နေရတယ်။ ကိုယ်ထဲက နာကျင်မှု, ညောင်းမှု, ပူမှုပေါ်လာရင် အဲဒီ နာကျင်မှု စသည်ကို လိုက်ပြီး ရှုမှတ်ရတယ်။ ပြီးတော့ ဖောင်း

http://www.dhammadownload.com

တာ ပိန်တာကိုပဲ ပြန်မှတ်နေရတယ်။ လက်ခြေကွေးမှု, ဆန့်မှု, လှုပ်ရှားမှုရှိရင် အဲဒီ ကွေး, ဆန့်, လှုပ်ရှားမှုကို မှတ်ရတယ်၊ ဒီပုံဒီနည်းဖြင့် ပေါ်ရာပေါ်ရာလိုက်ပြီး ရှုမှတ်နေရင်း မှတ်သိရတဲ့ ရုပ်နဲ့ မှတ်သိရတဲ့နာမ်ကိုလည်း ခွဲခြားသိတယ်။ အကြောင်းနဲ့ အကျိုးကိုလဲ ပိုင်းခြားသိတယ်။ အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တသဘောများ ကိုလည်း ရှုမှတ်နေရင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိသိသွားတယ်။ အဲဒီလို သိသိပြီး ဘဂ်ဉာဏ်သန်သန်ဖြစ်တဲ့အခါ တစ်ကိုယ်လုံး၌ အတွေ့ အထိမှစပြီး ပေါ်လာသမျှတွေကို သူ့ဖြစ်စဉ်အတိုင်း ဖြန့်ပြီးရှုမှတ်ရတယ်။ အဲဒီလို ရှုမှတ်နေလို့ ကိုယ်စိတ်ပင်ပန်းလာရင်, အရှုအသိ ကျဲသွားရင် မူလက ရှုမှတ်နေကျဖြစ်တဲ့ ဖောင်းမှု, ပိန်မှုကို ပြန်ပြီး ရှုမှတ်နေရတယ်။ ကိုယ်စိတ်အေးချမ်းလာတဲ့ အခါကျတော့ တစ်ကိုယ်လုံးမှ ပေါ်ရာပေါ်ရာတွေကို လိုက်ပြီး ရှုမှတ်ရတယ်။

ဒီပုံဒီနည်းဖြင့် ရှုမှတ်လို့ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျှတာဉာဏ်, ပဋိသခါဉာဏ်များဖြစ်ပြီတဲ့ နောက်သခါရုပေက္ခာဉာဏ် ရောက်သွားတယ်။ အဲဒီ သခါရုပေက္ခာဉာဏ် ရောက်တော့ အထူးကြောင့်ကြမပြုရတော့ဘဲ သိစရာအာရုံ ကလည်း သူ့အလိုလို ထင်ပေါ်ထင်ပေါ်နေတယ်။ ရှုသိတဲ့ဝိပဿနာ ကလည်း သူ့အလိုလိုပင် သိလျက် သိလျက် ဖြစ်ဖြစ်နေတယ်။ တစ်ကိုယ်လုံးက အာရုံများစွာသို့ ဖြန့်မှတ်လို့ မရတော့ဘဲ ရှုသိ နေကျ အာရုံနည်းနည်းကိုသာ သူ့အလိုလိုသိနေတယ်။ အလွန် လည်းသိမ်မွေ့နူးညံ့ပါတယ်။ အသိလည်း အလွန်ရှင်းပါတယ်။ ကိုယ်ကြီးပျောက်နေပြီးတော့ ဖောင်းတက်တဲ့သဘော၊ ပိန်ကျတဲ့

http://www.dhammadownload.com

သဘော၊ တောင့်လျက်ထိုင်တဲ့သဘော၊ ဒီသုံးခုလောက်သာ အလှည့်ကျ မပြတ်ရှုနေရတဲ့အခါလဲရှိတယ်။ အဲဒီလိုသိနေရာမှာ ထိုင်တာက မပေါ်တော့တဲ့အတွက် ဖောင်းတာနဲ့ ပိန်တာ ဒီ ၂-ခုထဲကို သိသိနေရတဲ့ အခါလည်းရှိတယ်။ ဖောင်းတာ ပိန်တာလည်း မပေါ်တော့တဲ့အတွက် ကြည်လင်တဲ့ အသိစိတ်ကိုသာ သိတယ် သိတယ်လို့ ရှုမှတ်နေရတဲ့အခါလည်း ရှိတယ်။ အဲဒီလို သိသိ နေရင်းထဲက အထူးသွက်လက်လျင်မြန်တဲ့ အသိတွေ ဖြစ်လာပြီး တော့ သိစရာအာရုံရော၊ ရှုသိတဲ့စိတ်ရော ရုတ်တရက်ချုပ်ငြိမ်းသွား တာကို တွေ့သိရတယ်။ အဲဒီလို ရုပ်နာမ်တွေ အားလုံးချုပ်ငြိမ်းသွား တာကို မြင်တာက မဂ်ဉာဏ်ပဲ။

အဲဒီမဂ်ဉာဏ်မဖြစ်မီ ရှေးအဖို့က ရှုမှတ်နေရင်း ရုပ်နာမ် မျှသာရှိတယ်လို့ သိသိလာတဲ့ ဝိပဿနာဉာဏ်ဖြင့် အာရမ္မဏာ-နုသယခေါ်တဲ့ အတ္တဒိဋ္ဌိကို ပယ်လာခဲ့တယ်။ ရုပ်နာမ်သခ်ါအားလုံး ချုပ်ငြိမ်းတဲ့သဘောကို သိမြင်တဲ့ အရိယာမဂ်ကတော့ သန္တာနာ နုသယခေါ်တဲ့ အဲဒီ အတ္တဒိဋ္ဌိကို အကြွင်းမဲ့ပယ်သွားတယ်။ အဲဒီ အခါမှစပြီး ပုဂ္ဂိုလ်သတ္တဝါ, အတ္တကောင်, အသက်ကောင်အနေဖြင့် ထင်မှတ်စွဲလမ်းမှု လုံးဝကင်းသွားတော့တာပဲ။ အဲဒါဟာ "ဒိဋ္ဌိဗ-ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင် တကယ်ပင်ရှိသည်ဟု ထင်မှတ်စွဲလမ်း သော အတ္တဒိဋ္ဌိသို့လည်း၊ အနုပဂမ္မ-မကပ်ရောက်မူ၍"လို့ ညွှန်ကြား တော်မူတဲ့ ဘုရားစကားတော်နှင့်အညီ သတ္တဝါပညတ်ကို အာရုံပြု ၍ မေတ္တာပွားနေသော်လည်း အတ္တကောင်အနေဖြင့် မစွဲလမ်းဘဲ အတ္တ ဒိဋ္ဌိကို ပယ်နိုင်အောင် အားထုတ်ပုံ အကျဉ်းချုပ်ပါပဲ။

http://www.dhammadownload.com

အဲဒီလို ရှုမှတ်အားထုတ်ခြင်းဖြင့် အတ္တဒိဋ္ဌိကို ပယ်လိုက်ရင် မှားယွင်းသော အယူအစွဲ မိစ္ဆာဒိဋ္ဌိဟူသမျှ အကုန်လုံး ကင်းသွားတော့တာပါပဲ။ အဲဒီလို ဒိဋ္ဌိကို ပယ်ပြီးတော့၊ သီလဝါ-သီလနှင့် ပြည့်စုံရမယ်တဲ့။ ဘာဝနာ၏ အခြေခံဖြစ်တဲ့ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလဆိုတဲ့ လူတို့၏သီလကတော့ ဆောက်တည်ပြီး ရိုရိုသေသေ စောင့်ရှောက်နေရင် ပြည့်စုံစင်ကြယ်နေတာပါပဲ။ ရဟန်းတို့၏ ပါတိမောက် သီလကလည်း ရိုရိုသေသေစောင့် ရှောက်နေရင် ပြည့်စုံစင်ကြယ်နေတာပါပဲ။ အဲဒီ လူ့သီလ, ရဟန်းသီလ ဆိုတာကတော့ တရားအားမထုတ်မီကတည်းက ပြည့်စုံစေရပါတယ်။ ဒီမေတ္တာသုတ်မှာ ကရဏီယမတ္ထကုသလေန- အစရှိတဲ့ ဒေသနာ စကားရပ်ဖြင့်ပင် အဲဒီသီလပြည့်စုံစေရန် ညွှန်ကြားခဲ့ပြီး ဖြစ်နေပါ တယ်။

ဒီနေရာမှာတော့ အရိယမဂ်သီလနှင့် ပယ်တဲ့ အရိယမဂ်ထဲမှာ ပါဝင်နေတဲ့အတွက် " အတ္တဒိဋ္ဌိသို့ မကပ်ရောက်မူ၍- အတ္တဒိဋ္ဌိကို ပယ်၍ "ဆိုလိုတဲ့ စကားထဲမှာ ပါဝင်ပြီးဖြစ်နေပါတယ်။ဒါပေမယ့် အဲဒီအရိယမဂ်သီလနှင့်လည်း ပြည့်စုံပါတယ် ဆိုတာကို ပေါ်လွင်ထင်ရှားစေလိုသောကြောင့် သီလဝါ-သီလနှင့် ပြည့်စုံသည်ဖြစ်၍-လို့ ထပ်မံပြီး ဖော်ပြတာပါပဲ၊ နောက်ပြီးတော့- ဒဿနေန-သခ်ါရ ဆင်းရဲချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သော သောတာပတ္တိမဂ်ဉာဏ် အမြင်နှင့်လည်း၊ သမ္မန္ဓော-ပြည့်စုံသည်ဖြစ်၍၊ ဒါကလည်း ဒိဋ္ဌိသို့ မကပ်ရောက်ဘူး။ ဒိဋ္ဌိကို ပယ်တယ်။ အရိယ

http://www.dhammadownload.com

သီလ နှင့် ပြည့်စုံတယ်ဆိုတဲ့ စကားများနဲ့ အရတူပါပဲ။ ပေါ်လွင်စေ ရန် ထပ်မံပြီးပြဆို ပြန်တာပါပဲ။

ဂဇ္ဇသေယျ ကင်းအောင် ကျင့်ပုံ

နောက်ပြီးတော့၊ ကာမေသု-လိုချင်စရာအာရုံ ကာမဂုဏ်တို့ ၌၊ ဂေဓ-တပ်မက်တွယ်တာသော ကာမတဏှာကို၊ ဝိနယ-အနာဂါမိ မဂ်ဉာဏ်ဖြင့် ပယ်ပြီး၍၊ ဝါ-ပယ်ပြီးလတ်သော်၊ သော-ထိုသို့သော ပုဂ္ဂိုလ်သည်၊ သောတာပန် ပုဂ္ဂိုလ်ဖြစ်ပြီးနောက် ဆက်လက်ပြီး ရှုသွားရင် သကဒါဂါမိမဂ်ဖြင့် ကာမတဏှာကို အကြွင်းမဲ့ပယ်တယ်။ အဲဒီလို အနာဂါမိမဂ်ဖြင့် ကာမတဏှာကို အကြွင်းမဲ့ပယ်ပြီးဖြစ်ရင် အနာဂါမိမဂ်ဖိုလ်သို့ ရောက်ပြီး သကဒါဂါမ်ဖြစ်တယ်။ အဲဒီနောက် ဆက်ပြီးရှုသွားရင် အနာဂါမိမဂ်ဖိုလ်ကိုလည်းရောက်ပြီး အနာဂါမ် ပုဂ္ဂိုလ် ဖြစ်သွားတော့တာပါပဲ။ အဲဒီလို ကာမတဏှာကို အကြွင်းမဲ့ ပယ်ပြီးတော့ အနာဂါမ်ဖြစ်နေတဲ့ အဲဒီပုဂ္ဂိုလ်ဟာ လူ့လောကမှ စုတေတဲ့အခါ သုဒ္ဓါဝါသဆိုတဲ့ ပြဟ္မာ့လောကမှာ ဖြစ်ရတယ်။

သုဒ္ဓါဝါသ ငါးဘုံထဲက အောက်ဆုံးဖြစ်တဲ့ အဝိဟာဘုံမှာ ဖြစ်ရတယ်။ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလည်း ရှိတယ်။ အဲဒီဘုံမှာ ရဟန္တာမဖြစ်သေးရင် အဲဒီဘုံက အသက်တမ်း ကမ္ဘာပေါင်း တစ်ထောင်ပြည့်တဲ့အခါ စုတေပြီး အတပ္ပါဆိုတဲ့ဘုံမှာ ဖြစ်ရတယ်။ အဲဒီမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလည်းရှိတယ်။ အဲဒီမှာ ရဟန္တာ မဖြစ်သေးရင် ကမ္ဘာပေါင်း နှစ်ထောင်ရှိတဲ့အခါ

http://www.dhammadownload.com

စုတေပြီး သုဒ္ဓသာဘုံမှာ ဖြစ်ရတယ်။ အဲဒီမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလည်းရှိတယ်။ အဲဒီမှာ ရဟန္တာ မဖြစ်သေးရင် ကမ္ဘာပေါင်းလေးထောင်ရှိတဲ့အခါ စုတေပြီး သုဒ္ဓသီဘုံမှာ ဖြစ်နေရတယ်။ အဲဒီမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလည်းရှိတယ်။ ရဟန္တာ မဖြစ်သေးရင်တော့ ကမ္ဘာပေါင်းရှစ်ထောင်ရှိတဲ့အခါ စုတေပြီး အကနိဋ္ဌ ဆိုတဲ့ အထက်ဆုံး သုဒ္ဓါဝါသဘုံမှာ ဖြစ်ရတယ်။ အဲဒီဘုံမှာ အသက်တမ်းက ကမ္ဘာပေါင်းတစ်သောင်းခြောက်ထောင်ရှိတယ်။ အဲဒီကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင် အတွင်းမှာ ဧကန်ပင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံသွားရတော့တာပဲ။ ပရိနိဗ္ဗာန်ဆိုတာ ရဟန္တာမှာ လက်ရှိဘဝက နောက်ဆုံးရုပ်နာမ်ဆိုတဲ့ စုတိခန္ဓာ ချုပ်သွားတဲ့နောက် ဘဝသစ်ရုပ်နာမ်ခန္ဓာဖြစ်မလာတော့ဘဲ ပြတ်စဲ ချုပ်ငြိမ်းသွားတာကို ဆိုတာပါပဲ။ အဲဒီလိုချုပ်ငြိမ်းသွားတာဟာ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားတာပဲ။ မအိုရတော့ဘူး။ မနာရတော့ဘူး။ မသေရတော့ဘူး။ ရုပ်ကို မြိုပြီးတော့ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေ မဖြစ်ရတော့ဘူး။ နာမ်ကို မြိုပြီးတော့လည်း ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေ မဖြစ်ရတော့ဘူး။ အမြဲတမ်း ငြိမ်းအေးသွားတော့တာပဲ။

အဲဒီလို သုဒ္ဓါဝါသဘုံမျှားသို့ ရောက်ပြီး ပရိနိဗ္ဗာန်စံဖို့ပဲ ရှိတော့တယ်။ လူ့လောကသို့ ပြန်လာဖွယ်, အမိဝမ်းဌ ဖြစ်ဖွယ်မရှိတော့ဘူးဆိုတာလည်း ဒီလိုပြဆိုထားပါတယ်။ သော-ထိုမေတ္တာ ဈာန်ရ ပုဂ္ဂိုလ်သည်၊ ဒိဋ္ဌိဓ္ဓ-အတ္တဒိဋ္ဌိကိုလည်း၊ အနုပဂ္ဂမ္ဘ-မကပ်

http://www.dhammadownload.com

ရောက်မူ၍၊ ၀ါ-ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် အတ္တဒိဋ္ဌိကို ပယ်ပြီး၍၊ သီလ၀ါ-အရိယမဂ် သီလနှင့်ပြည့်စုံသည့်အပြင်၊ ဒဿနေန သမ္ပန္နော-သောတာပတ္တိ မဂ်ဉာဏ်အမြင်နှင့်လည်း ပြည့်စုံသည် ဖြစ်၍၊ ကာမေသု-ကာမဂုဏ်အာရုံတို့၌၊ ဂေဓ-တပ်မက်သော ကာမ တဏှာကို၊ ဝိနယ-အနာဂါမိမဂ်ဉာဏ်ဖြင့် ပယ်ရှားမ-ပယ်ရှားပြီးဖြစ်သောကြောင့်၊ ဂဗ္ဘသေယျ-အမိ၀မ်း၌ ကိန်းအောင်း ရသည့် ဘ၀သစ်ဖြစ်ခြင်းသို့၊ ပုန-တစ်ဖန်၊ နဟိ ဇာတု ဧတိ-ဧကန်ပင် မရောက်ရတော့သည်သာတည်း၊ ၀ါ-အမိ၀မ်း၌ တစ်ဖန် မဖြစ်ရတော့ဘဲ ပရိနိဗ္ဗာန်၀င်စံရတော့သည်သာတည်း-တဲ့။

ယခုပြဆိုခဲ့တဲ့ အနက်အဓိပ္ပာယ်အရအားဖြင့် မေတ္တာဘာ၀နာကို ပွားစေရင် စျာန်ရတယ်၊ အဲဒီ စျာန်ကို အခြေခံပြုပြီး ဝိပဿနာရှုရင် အနာဂါမ်အထိဖြစ်ပြီး အမိ၀မ်းတွင်းဖြစ်ရတဲ့ ဘ၀မျိုး မရှိတော့ဘူး။ သုဒ္ဓါ၀ါသ ပြဟ္မာဘုံများမှာ ဖြစ်ပြီးတော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံရတယ်။ ဒါလောက်ပဲ ထင်ရှားပါတယ်။ ဒါပေမယ့် မြတ်စွာဘုရား၏ အလိုတော်ကတော့ ယခုပစ္စုပ္ပန်ဘ၀မှာပဲ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ပရိနိဗ္ဗာန်၀င်စံရတာကို လိုလားတော်မူပါတယ်။ ဒါကြောင့် အမိ၀မ်းတွင်း၌ ကိန်းရတဲ့ ပဋိသန္ဓေကို အရင်းခံပြုပြီး ဘ၀သစ် ပဋိသန္ဓေအားလုံးကို ပယ်တယ်လို့ ဒီလိုလည်း ယူဆကြပါတယ်။ အဲဒီလို ယူဆတာဟာ ဘုရားအလိုတော်နှင့် ကိုက်ညီတဲ့အတွက် သင့်လျော်တယ်လို့ ဆိုရမှာပါပဲ။ ဒါပေမယ့်

http://www.dhammadownload.com

အဲဒီ အနက်ရအောင် အနက်ပြန်ဖို့ကတော့ မလွယ်လှပေဘူး။ ကာမေသု -ဆိုတဲ့ပုဒ်အရ ကာမဂုဏ်ကိုသာ မယူဘဲ၊ လိုချင်ဖွယ်ဖြစ်တဲ့ ရူပဘဝ, အရူပဘဝတွေကိုပါ ယူပြီးပြန်ရင်တော့ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အဲဒီနောက်ဆုံး ၂-ပုဒ်ကို ဒီလိုအနက်ပြန်ရပေလိမ့်မယ်။

ကာမေသု-လိုချင်ဖွယ် အာရုံဟူသမျှတို့၌၊ ဂေဓ-တပ်မက်တွယ်တာသော တဏှာကို၊ ဝိနယ-အရိယမဂ်လေးပါးဖြင့် ပယ်ရှားပြီး၍၊ ဝါ-ပယ်ရှားပြီးဖြစ်သောကြောင့်၊ ဣဿသေယျ-အမိဝမ်းတွင်း၌ ကိန်းရသည့် ပဋိသန္ဓေစသော ဘဝသစ်ဖြစ်ခြင်းသို့၊ ပန-တစ်ဖန်၊ နဟိ ဇာတု ဧတိ-ဧကန်ပင် မရောက်ရတော့သည်သာတည်း။ ဝါ တစ်ဖန် ဘဝသစ်မဖြစ်ရတော့ဘဲ လက်ရှိဘဝ၌ပင် ပရိနိဗ္ဗာန်ဝင်စံရတော့သည်သာတည်းတဲ့။

ဒီအနက်ဟာ ပြန်ရိုးပြန်စဉ် သဒ္ဒါနက် မဟုတ်ပေမယ့် ဘုရားအလိုတော်နှင့်လည်း ကိုက်ညီတယ်။ ဒီမေတ္တာသုတ်ပရိတ်တော်ကို နာယူပြီး အားထုတ်ကြတဲ့ ရဟန်းငါးရာတို့ဟာ အဲဒီဝါတွင်းမှာပဲ ရဟန္တာ ဖြစ်ကြတယ်ဆိုတာနဲ့လဲ ညီညွတ်တယ်။ နောက်ပြီးတော့ မေတ္တာစျာန်ကို အခြေပြုပြီး ဝိပဿနာရှုရင် အရဟတ္တမဂ်ဖိုလ်အထိ ရောက်နိုင်တယ်ဆိုတဲ့ ဒေသနာတော်မျှားနဲ့လည်း ကိုက်ညီတယ်။ ဖြစ်ရိုး ဖြစ်စဉ် သဘာဝနဲ့လည်း ညီညွတ်တယ်။ ဒါကြောင့် မေတ္တာစျာန်ကို အခြေခံပြုပြီးတော့ ဝိပဿနာရှုခြင်းဖြင့် ရဟန္တာအထိဖြစ်ပြီး ဘဝသစ် မဖြစ်ရတော့ဘူးဆိုတဲ့ ဒီအနက်ဟာ အလွန်ပင်

http://www.dhammadownload.com

သင့်လျော်ပါတယ်။

မေတ္တာသုတ် မူတည်ပြီးတော့ မေတ္တာဗြဟ္မဝိဟာရတရားကို ဟောလာတာ ပြည့်စုံလောက်ပါပြီ၊ ဒါကြောင့် ဒီကနေ့ တရားသိမ်းကြဦးစို့။

ဒီမေတ္တာဘာဝနာတရားကို ရှိသေစွာနာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာပရိသတ်ပေါင်း သူတော်ကောင်းတို့သည် မေတ္တာဘာဝနာကိုလည်း စွမ်းနိုင်သမျှ ပွားများအားထုတ်ကြသည့်အပြင် ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်မှု ဝိပဿနာတရားကိုလည်း တိုးတက်ပွားများအား ထုတ်နိုင်ကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု. . . သာဓု. . . သာဓု

ဗြဟ္မဝိဟာရတရားတော် တတိယပိုင်းပြီး၏။

× × × × ×

http://www.dhammadownload.com

ပြဟ္မဝိဟာရ တရားတော်

စတုဏ္ဍပိုင်း

၁၃၂၇ ခုနှစ်၊ တော်သလင်းလပြည့်နှင့်
လဆုတ် ၈-ရက် ဟောသည်

တရားအနုသန္ဓေ

ပြဟ္မဝိဟာရတရား လေးပါးထဲက မေတ္တာအကြောင်း ဟော လာခဲ့တာ ရှစ်သီကင်းရှိသွားပြီ။ ပြည့်စုံသလောက်လည်း ရှိသွားပါ ပြီ။ ဒါပေမယ့် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောထားတဲ့ မေတ္တာ ပွားပုံနဲ့ ဝိပဿနာရှုပုံရယ်, မေတ္တာအကျိုးအာနိသင်ဆိုင်ရာ အချို့, ဝတ္ထုကြောင်းကလေးများရယ်၊ အဲဒါတွေကို ဖြည့်စွက်ပြီး ဟောချင်ပါသေးတယ်။ ဒါကြောင့် ယခုဘုရားဟော ပါဠိကို ရှေးဦးစွာ အဂုံတွ ရနိကာယ်, စတုက္ကနိပါတ်, ဒုတိယမေတ္တာသုတ် (၄၄၅)မှ ထုတ် ဆောင်ပြမယ်။

http://www.dhammadownload.com

ဒုတိယမေတ္တာသုတ်

ဣမ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော မေတ္တာသဟဂတေန စေ တသာ ဧကံ ဒိသံ ဖရိတ္တာ ဝိဟာရတိ၊ တထာ ဒုတိယံ၊ တထာ တတိယံ၊ တထာ စတုတ္ထံ၊ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တ-တာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတ္တာ ဝိဟာရတိ၊ သော ယာဒေဝ တတ္ထ ဟောတိ ရူပဂတံ ဝေဒနာ-ဂတံ သညာဂတံ သခါရဂတံ ဝိညာဏဂတံ၊ တေ ဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာ-ဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနု-ပဿတိ၊ သောကာယသ္သ ဘေဒါ-ပရံ မရဏာ သုဒ္ဓါဝါသာနံ ဒေဝါနံ သဟဗျတံ ဥပ္ပဇ္ဇတိ၊ အယံ ဘိက္ခဝေ ဥပပတ္တိ အသာဓာရ-ဏာ ပုထုဇ္ဇနေဟိ။

(တစ်ဆက်တည်းဟောထားသည့် ပါဠိဖြစ်ကြောင်း ထင်ရှားစေရန် အပြည့်အစုံဖော်ပြလိုက်သည်။ ဟောစဉ်မှာမူ တစ်ပိုင်းချင်းဖြတ်၍ ဟောရသည်။)

ဘိက္ခဝေ-ရဟန်းတို့၊ ဣမ-ဤသာသနာတော်၌၊ ဧကစ္စော ပုဂ္ဂလော-အချို့ပုဂ္ဂိုလ်သည်၊ မေတ္တာသဟဂတေန-ချမ်းသာစေလိုသည့် မေတ္တာဓာတ်နှင့်တကွဖြစ်သော၊ စေတသာ-စိတ်ဖြင့်၊ ဧကံ ဒိသံ-တစ်ခုသော အရပ်မျက်နှာကို၊ ဝါ-အရပ်မျက်နှာတစ်ခု၌ရှိသော သတ္တဝါအပေါင်းကို၊ ဖရိတ္တာ-ချမ်းသာကြပါစေဟု နှလုံးသွင်းသောအားဖြင့်ဖြန့်၍၊ ဝိဟာရတိ-နေ၏တဲ့။

http://www.dhammadownload.com

အဲဒီပါဠိနှင့်အလားတူ ပါဠိအနက်အဓိပ္ပာယ်များကို ပထမ ပိုင်း (နှာ ၂၁-စသည်နှင့် ၃၆-စသည်)မှာ ပြခဲ့ပါပြီ။ အဲဒီမှာပြခဲ့ တဲ့ ပါဠိက အရှင်သာရိပုတ္တရာမထေရ် ဟောတာ။ ယခုဒီမှာ ထုတ်ပြ တဲ့ ပါဠိကတော့ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတာ။ ဒါလောက်သာ ထူးပါတယ်။ နောက်ပြီးတော့ အရှင်သာရိပုတ္တရာ ဟောတဲ့ ပါဠိမှာ ဝိပဿနာရှုပုံ မပါဘူး။ ဒီမှာတော့ ဝိပဿနာရှု ပုံလည်း တစ်ဆက်တည်းပါရှိတယ်။ ဒါလောက်ပဲ အပိုပါပါတယ်။ အဲဒီမှာ ဧကံ ဒိသံ-တစ်ခုသော အရပ်ဆိုတာ အရှေ့အနောက် တောင် မြောက်ဆိုတဲ့ ဒီလေးခုထဲက တစ်ခုခုကို ယူနိုင်ပါတယ်။ ဒါပေမယ့် မေတ္တာပို့ရိုး အစဉ်အားဖြင့် အရှေ့အရပ်ကိုယူဖို့ပါပဲ။ ယခု အဲဒီ အရှေ့အရပ်မျက်နှာက သတ္တဝါတွေကို မေတ္တာပွားကြ ရမယ်။ လိုက်ဆိုကြ။

အရှေ့အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

တထာ ဒုတိယံ-ဒုတိယ အရပ်မျက်နှာကို ထို့အတူဖြန့်လျက် နေ၏။ တထာ တတိယံ-တတိယ အရပ်မျက်နှာကို ထို့အတူ ဖြန့် လျက်နေ၏။ တထာ စတုတ္ထံ-စတုတ္ထအရပ်မျက်နှာကို ထို့အတူဖြန့် လျက်နေ၏။ အဲဒါဟာ အနောက်အရပ်, မြောက်အရပ်, တောင် အရပ်များကို အလားတူပင် မေတ္တာစိတ်ဖြင့် ဖြန့်နေပုံကို ပြတာ ပါပဲ။ အဲဒီ (၃)ပုဒ်အရ မေတ္တာပွားကြရမယ်။ လိုက်ဆိုကြ။

- **အနောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာ ကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။**

http://www.dhammadownload.com

- **မြောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။**
- **တောင်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။**

ဣတိ-ဤနည်းဖြင့်၊ ဥဒ္ဓံ-အထက်အရပ်၌ သတ္တဝါအပေါင်းကို၊ အဓော-အောက်အရပ်၌ သတ္တဝါအပေါင်းကို၊ တိရိယံ-ဖီလာဖြစ်သော ကျန်သေးသည့် ထောင့်အရပ်လေးခု၌ သတ္တဝါအပေါင်းကို၊ သဗ္ဗမိ-အရပ်အလုံးစုံ၌၊ သဗ္ဗတ္တတာယ-သတ္တဝါဟူသမျှကို မိမိကိုယ်နှင့်အတူထားလျက်၊ ဝါ-စိတ်အားလုံးဖြင့်၊ သဗ္ဗာဝန္တံ လောကံ-သတ္တဝါအာလုံးရှိသော လောကကို၊ မေတ္တာသဟဂတေန စေတသာ-ချမ်းသာစေလိုသောစိတ်ဖြင့်၊ ဝိပုလေန-ကျယ်ပြန့်သောစိတ်ဖြင့်၊ မဟဂ္ဂတေန-မဟဂ္ဂုတ်ခေါ် စျာန်စိတ်ဖြင့်၊ အပ္ပမာဏေန-အတိုင်းအရှည် ကင်းသောစိတ်ဖြင့်၊ အဝေရေန-ရန်ကင်းသောစိတ်ဖြင့်၊ အဗ္ယာပဇ္ဈေန-နှလုံးမသာမှုကင်းသောစိတ်ဖြင့်၊ ဖရိတ္မာ ဝိဟရတိ- ဖြန့်လျက်နေ၏။

ဒီစကားရပ်ဖြင့် အထက်အရပ်, အောက်အရပ်, အထောင့်အရပ်များကို မေတ္တာဖြန့်ဖို့ ပြတာပါပဲ။ အရပ်အစဉ်ကတော့ ဒေသနာအစဉ်မျှပါပဲ။ ဒါကြောင့် ထောင့်အရပ်, အောက်အရပ်, အထက်အရပ်ဆိုတဲ့ ပဋ္ဌိသမ္ဘိဒါမဂ် အစဉ်အားဖြင့်ပင် မေတ္တာပွားကြရမယ်။ လိုက်ဆိုကြ။

- **အရှေ့တောင်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။**

http://www.dhammadownload.com

- **အနောက်မြောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။**
- **အရှေ့မြောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။**
- **အနောက်တောင်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။**
- **အောက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။**
- **အထက်အရပ်က အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။**

ပါဠိတော်မှာ မဟဂ္ဂတေန-မဟဂ္ဂုတ်ခေါ်တဲ့ ဈာန်စိတ်ဖြင့် ဖြန့်ရမယ်လို့ ဆိုတဲ့အတိုင်း အရပ်ဆယ်မျက်နှာဖြန့်ပြီး မေတ္တာပွားတာဟာ ဈာန်ရပြီးမှ ပွားဖို့ပါပဲ။ ဒါပေမယ့် ဈာန်မရဘဲ ပွားရင်လည်း အပြစ်တော့မရှိပါဘူး။ အကျိုးရှိတန်သလောက်တော့ ရှိတာပါပဲ။ ဘယ်လိုအကျိုးတွေကို ရနိုင်သလဲဆိုတော့- ကာမာဝစရမေတ္တာ ကုသိုလ်ကိုလည်းရတယ်။ အဲဒီ မေတ္တာကုသိုလ်ကြောင့် ချမ်းသာစွာ အိပ်ရခြင်း၊ နိုးရခြင်း၊ အိပ်မက်ဆိုးကို မမြင်မက်ခြင်း၊ နတ်, လူတို့က ချစ်ခင်ကြည်ညိုခြင်း၊ အရပ်ဆယ်မျက်နှာနှင့်စပ်ပြီး ဘေးအန္တရာယ် ကင်းခြင်းစသော အကျိုးတွေကို ရနိုင်ပါတယ်။ နောက်ပြီးတော့ မြတ်သောအလျှုံခံပုဂ္ဂိုလ်ဖြစ်ပြီး ကောင်းမှုရှင်အား အကျိုးကြီးတဲ့ ဒါန ကုသိုလ်ကိုလည်း ဖြစ်ပွားစေနိုင်တယ်။ ပစ္စည်း

http://www.dhammadownload.com

လေးပါးသုံးဆောင်ရာ၌ ဣဏာပရိဘောဂမှ ကင်းလွတ်တယ်။ အဲဒီ ပွားနေတဲ့ မေတ္တာစိတ် ဖြင့် သေသွားရင် အပါယ်လေးပါးမှလွတ်ပြီး သုဂတိ၌ ဖြစ်နိုင်တယ်။ဒီလိုအကျိုးတွေကို ရနိုင်ပါတယ်။ ဒါကြောင့် မေတ္တာတရားကို ဟောနေစဉ်, နာနေကြစဉ်မှာ အဲဒီလို အကျိုးများ ကို ရစေနိုင်တဲ့မေတ္တာပွားနည်းကို နားလည်အောင်, မေတ္တာ ကုသိုလ်လည်း ပွားရအောင် ဘုန်းကြီးတို့က မေတ္တာပွားပုံများကို ထပ်ကာထပ်ကာညွှန်ပြပေးနေတာပါပဲ။

မေတ္တာပွားခြင်း၏ အကျိုးအာနိသင်တွေကို "အိပ်, နိုးချမ်း သာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူ, နတ်၊ စောင့်လတ်နတ်များ၊ မီး-ဆိပ်-ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည် မျက်နှာ၊ သေခါမတွေ၊ လားလေပြတ္တာ၊ ဆယ့်တစ်ဖြာ သည်၊ မေတ္တာပွားမှုအကျိုး တည်း။

အဲဒီအကျိုး ၁၁-ပါးထဲက (၁)ချမ်းသာစွာ အိပ်ရတယ်၊ (၂) ချမ်းသာစွာနိုးရတယ်၊ (၃) အိပ်မက်ဆိုးကို မမြင်မမက်ရဘူး၊ အိပ်မက်ကောင်းကိုသာ မြင်မက်ရတယ်ဆိုတဲ့ အဲဒီအကျိုးသုံးပါး ကတော့ ထင်ရှားနေပါပြီ၊ ထပ်ပြောစရာလဲ မရှိပါဘူး။ (၄) လူများ

♦ **အိပ်, နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူ, နတ်၊ စောင့်လတ်နတ်များ၊ မီး-ဆိပ်-ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည် မျက်နှာ၊ သေခါမတွေ၊ လားလေပြတ္တာ၊ ဆယ့်တစ်ဖြာ သည်၊ မေတ္တာပွားမှုအကျိုး တည်း။**

http://www.dhammadownload.com

က ချစ်ခင်ကြည်ညိုတယ်ဆိုတာနဲ့စပ်ပြီး **ရောဇ**ဆိုတဲ့ မလ္လမင်းသား အကြောင်းကိုတော့ ဝိနည်းမဟာဝါ ပါဠိ ၃၄၅-မှ ထုတ်ပြချင်သေးတယ်။

ရောဇမလ္လဝတ္ထု

တစ်ချိန်က - မြတ်စွာဘုရားဟာ **အာပဏ**ဆိုတဲ့ အရပ်မှ ကုသိနာရုံသို့ နောက်ပါသံဃာ တစ်ထောင့်နှစ်ရာ့ငါးဆယ်နှင့်တကွ ကြွချီတော်မူတယ်။ အဲဒီအခါ ကုသိနာရုံက မလ္လာမင်းတို့က ဘုရားကြွလာမည့်အကြောင်းကို ကြားရတဲ့အတွက် ဘုရားကြွလာတဲ့အခါ မကြိုတဲ့လူအား ဒဏ်ငွေငါးရာ ထမ်းဆောင်ရမယ်" လို့ စည်းကမ်းကို သတ်မှတ်ထားကြတယ်။ ကုသိနာရုံသို့ မြတ်စွာဘုရားရောက်တဲ့အခါ ကြိုတဲ့သူတွေထဲမှာ ရောဇဆိုတဲ့ လူလည်းပါတယ်။ သူက အရှင် အာနန္ဒာ၏ သူငယ်ချင်းမိတ်ဆွေဖြစ်တယ်။ ဒါကြောင့် အရှင် အာနန္ဒာက သူ့ကိုတွေ့တဲ့အခါ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုတာ ကောင်းမြတ်တဲ့အကြောင်း ဝမ်းမြောက်ဝမ်းသာနဲ့ နှုတ်ဆက်စကားပြောကြားတယ်။ အဲဒီတော့ ရောဇမင်းသားက "ယခုလို ကြိုဆိုတာက ဘုရား,တရား,သံဃာမှာ မျှားစွာမြတ်နိုးလို့ ပြုတာ မဟုတ်ပါဘူး။ မကြိုဘဲနေရင် ဒဏ်ငွေငါးရာ ပေးဆောင်ရမှာ ကြောက်လို့ ကြိုဆိုရတာပါ"လို့ ပြန်လည်ပြောကြားသတဲ့။

အဲဒီတော့ အရှင်အာနန္ဒာမှာ "ရောဇဟာ ဘာ့ကြောင့် ဒီလို စကားပြောဆိုပါလိမ့်မလဲ"လို့ဆင်ခြင်ပြီး နှလုံးမသာဖြစ်ရပါသတဲ့။ "ရောဇဟာ တော်တော်ရိုင်းစိုင်းတဲ့လူပဲ၊ ဘုရား, တရား, သံဃာကို

http://www.dhammadownload.com

ကြည်ညိုရမှန်းတောင် မသိဘူး။ ဒီအတိုင်းသာဆိုရင် သူ့မှာရသင့်တဲ့ အကျိုးစီးပွားတွေမှ ဆုံးရှုံးသွားရှာတော့မှာပဲ"လို့ ဆင်ခြင်ပြီး အဲဒီ အကြောင်းကို မြတ်စွာဘုရားအား လျှောက်တယ်။ အဲဒီ ရောဇဟာ သာသနာတော်ကို ကြည်ညိုရင် အကျိုးများမည့်အကြောင်း လျှောက်တယ်။

အဲဒီအခါ မြတ်စွာဘုရားက ရောဇတစ်ဦးတည်းကို စူးစိုက်ပြီး မေတ္တာဘာဝနာကို ပွားစေတယ်။ မြတ်စွာဘုရားဟာ အားလုံးသော သတ္တဝါတွေကို ညီတူညီမျှပွားနေကျပါပဲ။ ဒါပေမယ့် အဲဒီ အခါမှာတော့ "ဒီရောဇဟာ ငါဘုရားကို တွေ့နေရတဲ့အခါမှာ တောင် ဘုရား, တရား,သံဃာကို ကြည်ညိုရမှန်းမသိလို့ရှိရင် သူ့မှာ ဖြစ်သင့်တဲ့ ကုသိုလ်တရားတွေ ဖြစ်ခွင့်မရှိဘဲ ဆုံးရှုံးသွားရှာတော့မှာ ဘဲ"စသည်ဖြင့် ဆင်ခြင်တော်မူပြီးတော့ မြတ်စွာဘုရားက သူ့တစ်ဦး တည်းကိုသာ စူးစိုက်ပြီး မေတ္တာပွားတော်မူပါတယ်။ အဲဒါဟာ ဘာနဲ့ တူသလဲဆိုရင် ယခုကာလမှာ အင်မတန်အားကြီးတဲ့ ဆလိုက်မီးတွေ ဆိုတာရှိတယ်။ အဲဒါတွေဟာ အကျယ်ဖြန့်ပြီး ထိုးထားရင်တော့ အလင်းရောင်လည်းသင့်တော်ရုံပဲ။ အပူခတ်လည်း သိပ်မထင်ရှား ဘူး။ နေရာကျဉ်းကျဉ်းကလေးစုပြီး ထိုးထားရင်တော့ အလင်း ရောင်လည်း အင်မတန်အားကောင်းတယ်။ နေ့ခင်းလိုလိုပင် လင်း နေတတ်တယ်၊ အပူရှိန်လည်း ပြင်းထန်တယ်။ အဲဒါလိုပဲ မြတ်စွာ ဘုရားက အားလုံး သတ္တဝါတွေအပေါ်မှာ ပွားနေကျမေတ္တာကို ရောဇတစ်ဦးတည်း အပေါ်မှာသာ စူးစိုက်ပြီးပွားလိုက်တော့ အလွန်အားကောင်းတာပေါ့။

http://www.dhammadownload.com

အဲဒီမေတ္တာဓာတ်ကြောင့် ရောဇမှာ မြတ်စွာဘုရားအပေါ် အလွန်ကြည်ညိုတဲ့စိတ်တွေ ဖြစ်ပွားလာတယ်။ ကြည်ညိုစိတ်အားကြီးပုံကတော့ မွေးခါစနွားငယ်ကလေးဟာ မိခင်နွားမကြီးကို ချစ်ခင်သလို မခွဲမခွာနိုင်သလိုပါပဲတဲ့။ ဒါကြောင့် ရောဇဟာ ပရိဝုဏ်ခေါ်တဲ့ ကျောင်းဝင်းငယ်တစ်ခုမှ ကျောင်းဝင်းငယ်တစ်ခုသို့ အလျင်အမြန်သွားပြီး မြတ်စွာဘုရားကို ရှာတယ်။ ရဟန်းတော်များက ညွှန်ကြားတော်မူလိုက်တဲ့အတိုင်း နောက်ဆုံးကျတော့ ဘုရားသီတင်းသုံးရာ ဂန္ဓကုဋိတိုက်ရောက်ပြီးတော့ မြတ်စွာဘုရားကို အလွန်ရိုသေစွာရှိခိုးပြီး ထိုင်နေသတဲ့။ အဲဒီအခါ ဒါနကထာ, သီလကထာစသည်ဖြင့် သူနဲ့သင့်လျော်တဲ့တရားကို ဟောကြားတော်မူတယ်။ အဲဒီတရားကိုနာပြီးတော့ သောတာပန်ဖြစ်သွားတယ်။ အဲဒီအခါကျတော့ "သံဃာတော်အရှင်မြတ်တွေဟာ သူလျှူတဲ့ပစ္စည်းလေး ကိုသာ ခံယူတော်မူကြပါစေ၊ အခြားသူတို့ လျှူတဲ့ပစ္စည်းကို မခံယူကြပါစေနဲ့"လို့ တောင် လျှောက်ပါသေးသတဲ့။ အဲဒါဟာ မေတ္တာဓာတ်ဖြင့်ဆွဲဆောင်ပြီး အကျိုးများစေတာပါပဲ။

အဲဒီလို မေတ္တာဓာတ်ဖြင့် အခြားသူတို့၏ စိတ်အနေအထားပြုပြင်ပေးနိုင်ပုံကို ထောက်ဆပြီးတော့ "ယခုအနေအခါမှာလည်း မေတ္တာဓာတ်ဖြင့် စူးစူးစိုက်စိုက် နှလုံးသွင်းပေးရင် မေတ္တာခံပုဂ္ဂိုလ်များက ချစ်ခင်ကြည်ညိုတတ်တယ်"ဆိုတာ သိမှတ်ရပါတယ်။ လူသာမဟုတ်ဘူး၊ တိရစ္ဆာန်များလည်း ချစ်ခင်တတ်ကြပါတယ်။ တော် တော်ဆီက ဘိုးဘွားရိပ်သာမှာ ထုတ်ဝေတဲ့စာစောင်ထဲမှာ ထူးခြား တဲ့အကြောင်းအရာတစ်ခုကို တွေ့ရတယ်။

http://www.dhammadownload.com

ဦးဘထူး၏ မေတ္တာ

ဦးဘထူးဆိုတဲ့ လူတစ်ယောက်ဟာ တိရစ္ဆာန်တွေကို အလွန်သနားတတ်ပါသတဲ့။ အထူးအားဖြင့် ခွေးတွေကို အလွန်သနားတတ်တယ်တဲ့။ ဒါကြောင့် သူက အရှင်မရှိတဲ့ ခွေးတွေကိုသနားပြီး အထူး ကျွေးမွေး စောင့်ရှောက်လေ့ရှိတယ်။ ကျိုက္ကစ်စေတီဝင်းထဲက ခွေးတွေကို သူသတ်မှတ်ထားတဲ့ရက်တိုင်း ကောင်းမွန်စွာ ချက်ပြုတ်ပြီး သွားရောက်ကျွေးသတဲ့။ ဟိုကခွေးတွေကလည်း သူလာတဲ့အခါ လာရောက်ပြီး ကြိုဆိုကြသတဲ့။ ဒါကတော့ သိပ်မထူးလှပါဘူး။

တစ်ချိန်ကတော့ အဲဒီဦးဘထူးဟာ သူ့အဖော်များနဲ့အတူ ကျိုက်ထိုတောင်စွန်းဆိုတဲ့ဌာနက ကေလာသ, မြသပိတ်ဆိုတဲ့ စေတီတော်များကို ဖူးမြော်ဖို့သွားတယ်။ ဘုန်းကြီးကိုယ်တိုင်လည်း အဲဒီ ကေလာသနဲ့ မြသပိတ်ဆိုတဲ့ အရပ်တွေကို ရောက်ဖူးပါတယ်။ သုံးညလောက်လည်း အိပ်နေခဲ့ဖူးပါတယ်။ အဲဒီတောင်ခြေက ရွာများသို့လည်း ဆွမ်းခံသွားဖူးပါတယ်။ အဲဒီ တောင်ခြေကရွာမှာ ခွေးတွေက ကိုက်တတ်တယ်။ တယ်ဆိုးတယ်တဲ့။ သူတစိမ်းဆိုရင် ဝိုင်းပြီး ကိုက်တတ်ပါသတဲ့။ တောင်ပေါ် စေတီတော်ရှိရာသွားရင် အဲဒီရွာထဲက ဖြတ်သွားရတယ်။ ဒါကြောင့် ဦးဘထူးက ခေါင်းဆောင်ပြီး အဲဒီခွေးဆိုးတွေရှိတဲ့ ရွာထဲက ဖြတ်သွားတဲ့အခါ ခွေးဆိုးတွေက အတင်းပြေးလာကြသတဲ့။ အဲဒီတော့ ဦးဘထူးကို ခွေးဆိုးတွေက ကိုက်တော့မှာပဲလို့ ဘေးကလူတွေက စိုးရိမ်ကြတယ်။ ဒါပေမယ့် ခွေးတွေက အဲဒီဦးဘထူးကို မိမိတို့၏ အရှင်သခင်လိုပင်

http://www.dhammadownload.com

ပတတ်ရပ်ပြီး နှုတ်ဆက်ကြသတဲ့။ အဲဒါဟာ ခွေးမျှားအပေါ် မေတ္တာကရုဏာပွားနေတဲ့အတွက်ကြောင့်လို့ ယူရမှာပဲ။

(၅) နတ်များက ချစ်ခင်ကြတယ်၊ (၆) နတ်များက စောင့်ရှောက်ကြတယ် ဆိုတာတွေကိုလည်း ပြောခဲ့ပါပြီ၊ (၇) မီးမလောင်ဘူး၊ အဆိပ်မသင့်ဘူး၊ ဓားစသောလက်နက် မထိခိုက်ဘူးဆိုတဲ့ အကျိုးထဲက မီးမလောင်ပုံကတော့ ထောပတ်ဆီပူ မလောင်ပုံဖြင့် ပြောခဲ့ပါပြီ။ အဆိပ်မသင့်ပုံကတော့ စူဠသိဝမထေရ်ဝတ္ထုက အကျယ်ပြဆိုထားချက်မရှိလို့ အကျဉ်းလောက်ပဲ ပြောခဲ့ရပါတယ်။ ဓားစသောလက်နက် မထိခိုက်နိုင်ပုံကိုလည်း သံကိစ္စသာမဏေ အကြောင်း ညွှန်ပြပြီးတော့ အဋ္ဌကထာက ပြထားတဲ့ နွားမဝတ္ထုလောက်ပဲ ပြောခဲ့ရသေးတယ်။ အခြား အဋ္ဌကထာများမှာ ပြထားတဲ့ သာမာဝတီဝတ္ထု စသည်ကို ဒီနေရာမှာ ထုတ်ဆောင်ပြချင်ပါသေးတယ်။

မြားမမှန်တဲ့ သာမာဝတီဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်ကာလက ကောသမ္ဗီပြည် (မြို့)မှာ ဥတေနဆိုတဲ့ ဘုရင်က အုပ်စိုးလျက်ရှိတယ်။ အဲဒီဥတေန ဘုရင်မှာ မိဖုရားကြီးသုံးယောက်ရှိတယ်။ တစ်ယောက်က **ဝါသုလ ဒတ္တာ**တဲ့။ အဲဒါက ဥဇ္ဇေနီပြည်က စဏ္ဍာပဇ္ဇောတမင်းရဲ့ သမီးတော်ပဲ။ တခြားတစ်ယောက်က **သာမာဝတီ**တဲ့၊ သူက ဘဒ္ဒဝတီမြို့က သဒ္ဒဝတီသူဌေးရဲ့ သမီးအရင်းပဲ။ သူ့မိဘများ ကွယ်လွန်သွားတဲ့ နောက်ကာလမှာ ယောသကသူဌေးကြီးက မွေးစားထားလို့ ယောသက

http://www.dhammadownload.com

သူ့ဌေးကြီးရဲ့သမီးလို့ မှတ်ထားရတယ်။ နောက်တခြားတစ်ယောက်ကတော့ **မာဂဏ္ဍီ**တဲ့။ သူကတော့ ကုရုတိုင်းပြည်က မာဂဏ္ဍီဆိုတဲ့ ပုဏ္ဏားကြီးရဲ့သမီးပါပဲ။

အဲဒီမာဂဏ္ဍီဆိုတဲ့ ပုဏ္ဏားသမီးကတော့ ရုပ်အဆင်း အလွန်လှပသတဲ့။ ဒါကြောင့် ပစ္စည်းဥစ္စာကြွယ်ဝတဲ့ လူတွေက သူတို့၏သားနဲ့ လက်ထပ်ဖို့ ဟိုမှ, ဒီမှ တောင်းခံလာကြသတဲ့။ အဲဒီလို တောင်းခံလာကြတဲ့အခါ ဖခင်ပုဏ္ဏားကြီးက သူ့သမီးနဲ့ မတန်ဘူးဆိုပြီး ပယ်လိုက်တာချည်းပဲတဲ့။ တစ်နေ့သောအခါမှာတော့ အဲဒီမာဂဏ္ဍီပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဖူးတွေ့ရတယ်။ အဲဒီအခါ မြတ်စွာဘုရား၏ ရုပ်လက္ခဏာတွေကို ကြည့်ရှုပြီးတော့ သူ့သမီးနဲ့ ထိုက်တန်တဲ့ ပုဂ္ဂိုလ်ပဲလို့ယူဆပြီး၊ သူက မြတ်စွာဘုရားအား ဒီလိုလျှောက်တယ်။ "အရှင်ရဟန်း၊ အကျွန်ုပ်မှာ သမီးအချောအလှကလေးရှိတယ်။ အဲဒီသမီးနဲ့ သင့်တော်တဲ့သူကိုရှာနေတာ အရင်က မတွေ့ခဲ့ရဘူး။ အရှင်ရဟန်းကတော့ ကျွန်ုပ်သမီးနဲ့ သင့်တော်ပါတယ်။ အဲဒီသမီးကို အရှင်ဘုရားအား ပေးအပ်ချင်ပါတယ်။ ကျွန်ုပ်ပြန်လာသည့်တိုင်အောင် ဒီနေရာမှာပင်စောင့်ပြီး တည်နေရစ်ပါဦး"လို့ ပြောပြီးတော့ ပုဏ္ဏားကြီးက သူ့မယားနဲ့သမီးကို ခေါ်လာခဲ့တယ်။

မြတ်စွာဘုရားက အဲဒီနေရာမှာ ခြေတော်ရာ ချထားခဲ့ပြီးတော့ အဲဒီနေရာနဲ့ မဝေးလှတဲ့ အခြားတစ်နေရာမှာ ကြွရောက်ပြီး နေတော်မူတယ်။ မူလက တွေ့ခဲ့တဲ့နေရာရောက်တော့ မြတ်စွာ

http://www.dhammadownload.com

ဘုရားချထားခဲ့တဲ့ ခြေတော်ရာကိုသာ တွေ့ရတယ်။ ဒီတော့ ဟောဒီခြေရာရှင်ပဲလို့ ပုဏ္ဏားကြီးက ပြောတယ်။ သူ့ဇနီး ပုဏ္ဏားမကြီးက အဲဒီခြေတော်ရာကို ကြည့်ပြီးတော့ ဒီခြေရာရှင်ဆိုရင် ကာမဂုဏ်အာရုံကို ခံစားတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူးလို့ သူလေ့လာထားတဲ့ ဗေဒင်ကျမ်းအရပြောတယ်။ ပုဏ္ဏားကြီးက သူ့ဇနီးကို တိတ်တိတ်နေ ပါကွယ်လို့ပြောပြီးတော့ ခြေတော်ရာ အစဉ်အတိုင်း လိုက်သွားတဲ့ အခါ မြတ်စွာဘုရားကို တွေ့မြင်ရတယ်။ အဲဒီလိုတွေ့ရတော့ "အရှင်ရဟန်း၊ ကျွန်ုပ်၏သမီးကို မွေးမြူရန်အတွက် အရှင့်အား ပေးအပ်ပါတယ်"လို့ လျှောက်တယ်။

အဲဒီတော့ မြတ်စွာဘုရားက သူ့သမီးမာဂဏ္ဍီကို အလိုရှိမရှိ မပြောသေးဘဲ တောထွက်တော်မူခဲ့သည်မှ အစပြုပြီး ဘုရားဖြစ်တော်မူပြီးတဲ့နောက် အဇပါလ ညောင်ပင်အောက်မှာ သီတင်းသုံးထိုင်နေတော်မူသည်အထိ မာရ်နတ်က မျက်ခြည်မပြတ်လိုက်ပြီး စုံစမ်းနေခဲ့ကြောင်း၊ အဲဒီလိုစုံစမ်းလို့ သူ၏ကာမနယ်ပယ်မှ လွန်မြောက်သွားကြောင်း သိရတဲ့အခါ မာရ်နတ်မှာ စိုးရိမ်ပူဆွေးနေခဲ့ကြောင်း၊ အဲဒီအခါ မာရ်နတ်၏ သမီးသုံးယောက်က သူတို့၏ ဖခင်ကို ကူညီရန်ရည်ရွယ်ပြီးတော့ နတ်သမီးများ၏လှပသော အသွင်အပြင် အမျိုးမျိုးကို ဖန်ဆင်းပြီး မြတ်စွာဘုရားကို ဖြားယောင်းသွေးဆောင်လာကြကြောင်းများကို ဖော်ပြတော်မူတယ်။ အဲဒီလိုဖော်ပြပြီးတော့ အဲဒီအလွန်သန့်ရှင်းလှပတဲ့ မာရ်နတ်သမီးတွေကိုတောင်လိုလား နှစ်သက်ခြင်းဆိုတဲ့ ရာဂမဖြစ်ခဲ့,

http://www.dhammadownload.com

မရှိခဲ့ကြောင်း စသည်ကို ဒီလိုဟောကြားတော်မူပါတယ်။

ဒိသွာန တဏှံ အရတိ ရဂ္ဂ၊
နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။
ကိမေဝိဒံ မုတ္တ ကရီသပုဏ္ဏံ၊
ပါဒါပိ နံ သမ္မုသိတုံ နေ ဣစ္ဆေ။

ပြာဟ္မဏ-မာဂဏ္ဍိပုဏ္ဏား၊ တဏှာ အရတိ ရဂ္ဂ-တဏှာ, အာရတီ, ရာဂါဟူသော မာရ်နတ်၏ နတ်သမီးတော်သုံးယောက်ကို၊ ဒိသွာန အပိ-မြင်ရ၍သော်လည်း၊ မေထုနသ္မိံ-မေထုန်အမှု၌၊ ဆန္ဒော-လိုလား နှစ်သက်ခြင်းသည်၊ မေ-ငါဘုရားအား၊ နအဟောသိ-မဖြစ်ခဲ့, မရှိခဲ့ပေ၊ မုတ္တကရီသ ပုဏ္ဏံ-ကျင်ငယ်ကျင်ကြီးတို့ဖြင့် ပြည့်နေသော၊ ဣဒံ ဣမံ-ဤ မာဂဏ္ဍီကို၊ ဒိသွာ-မြင်၍၊ ဆန္ဒော နဟောတိ- လိုလားနှစ်သက်ခြင်း မဖြစ်သည် မရှိသည်မှာ၊ ကိမေဝ-အဘယ်မှာ ဆိုဖွယ်ရှိတော့အံ့နည်း၊ နံ-ထို မာဂဏ္ဍီငယ်မကို၊ ပါဒါပိ-ခြေဖြင့်သော်လည်း၊ သမ္မုသိတုံ-တို့ထိခြင်းငှာ၊ နေ ဣစ္ဆေ-အလိုမရှိပေ-တဲ့။

အတိုချုပ်ဆိုလိုတာကတော့ - တဏှာရယ်, အာရတီရယ်, ရာဂါရယ် အဲဒီမာရ်နတ်၏ သမီးမျှားဖြစ်ကြတဲ့ နတ်သမီးသုံးယောက်ကိုတောင်မှ လိုချင်နှစ်သက်မှု မဖြစ်ခဲ့ဘူး။ လူသားဖြစ်၍ ကိုယ်ထဲမှာ ကျင်ကြီးကျင်ငယ်တွေပြည့်နေတဲ့ သင့်သမီးမာဂဏ္ဍီကို အလိုမရှိတာကတော့ ပြောစရာတောင်မရှိပါဘူး။ ခြေနဲ့တောင် မထိချင်ပါဘူးတဲ့။ အဲဒီတရားစကားကို ကြားနာရပြီးတော့ မာဂဏ္ဍီ၏ မိခင်နှင့်ဖခင်တို့ဟာ အနာဂါမိမဂ်ဖိုလ်ရောက်ပြီး အနာဂါမ်

http://www.dhammadownload.com

ဖြစ်သွားကြပါသတဲ့။

သမီးဖြစ်တဲ့ မာဂဏ္ဍီကတော့ သူ့ကို ကျင်ကြီး, ကျင်ငယ်တွေနဲ့ ပြည့်နေတယ်လို့ မြတ်စွာဘုရားက မိန့်တော်မူတဲ့အတွက် မခံချင်တဲ့စိတ်ဖြစ်ပြီး မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့သွားတယ်။ သင့်တော်တဲ့ ခင်ပွန်းတစ်ယောက်ကို ရတဲ့အခါ လက်စားချေမယ်လို့ စိတ်ကူးကြံစည်သွားပါသတဲ့။

ဒီနေရာမှာ "မြတ်စွာဘုရားက ဒီလိုရန်ငြိုးဖွဲ့လိမ့်မယ်ဆိုတာကို မသိဘူးလား"လို့ မေးစရာရှိပါတယ်။ သိတော်မူပါတယ်။ သို့ပေမယ့် ဒီစကားလုံးများဖြင့် မိန့်ဆိုဟောကြားပါမှ သူ့မိဘ ၂-ဦးတို့မှာ အနာဂါမိမဂ်ဖိုလ်ကို ရနိုင်မှာဖြစ်တဲ့အတွက် အဲဒီရန်ငြိုးဖွဲ့မှာကို မင့်ဘဲ မဂ်ဖိုလ်ရမှာကိုသာ ငဲ့ပြီး အဲဒီစကားလုံးများဖြင့် ဟောတော်မူတာဖြစ်ကြောင်းကို ဓမ္မပဒအဋ္ဌကထာမှာ ပြဆိုထားပါတယ်။

မာဂဏ္ဍီကို သူ့မိဘတို့က သူ့ဦးလေးထံ အပ်နှံပြီးတော့ ဗုဒ္ဓသာသနာတော်မှာ ဝင်ရောက်ပြီး ရဟန်းပြုသွားကြတယ်။ တရားကို ဆက်လက်ပြီး အားထုတ်ကြသဖြင့် ရဟန္တာလည်းဖြစ်သွားကြတယ်။ အဲဒီအခါ ဦးလေးဖြစ်သူ မာဂဏ္ဍိပုဏ္ဏားက တူမမာဂဏ္ဍီကို ဥတေနမင်းထံ ဆက်သတယ်။ ဥတေနမင်းက မာဂဏ္ဍီကို မိဖုရားအဖြစ်ဖြင့် တင်မြှောက်ထားတယ်။

အဲဒီ အခါတုန်းက ကောသမ္ဗီပြည်မှာ ယောသကသူဌေးကြီးလည်း ယောသိတာရုံကျောင်းကို ဆောက်လုပ်ပြီး ဘုရားအမျှုးရှိသော သံဃာတော်အား လှူထားတယ်။ ကုက္ကုဋ္ဌသူဌေးကြီးက ကုက္ကု

http://www.dhammadownload.com

ရှာရုံကျောင်းကို ဆောက်လုပ်ပြီး လျှုထားတယ်။ ပါဝါရိက သူဌေး ကြီးက ပါဝါရိကာရုံကျောင်းကို ဆောက်လုပ်ပြီး လျှုထားတယ်။ မြတ်စွာဘုရားက အဲဒီသူဌေးကြီးတို့၏ ပင့်လျှောက်ချက်အရ ကောသမ္ဗီပြည်သို့ ကြွလာတော်မူပြီး အဲဒီကျောင်းတိုက်သုံးခုမှာ တစ်လှည့်စီ သီတင်းသုံးတော်မူတယ်။ သီတင်းသုံးတဲ့ ကျောင်းရှင် သူဌေးကြီးတို့ အိမ်သို့လည်း အလှည့်ကျဆွမ်းဘုဉ်းပေးကြွရောက်ပြီး ချီးမြှောက်တော်မူတယ်။

တစ်နေ့သောအခါမှာ သုမနဆိုတဲ့ ပန်းသည်က အဲဒီသူဌေး ကြီးများထံမှ အခွင့်တောင်းပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းကပ်လျှုတယ်။ သာမာဝတီမိဖုရား၏ အစေခံဖြစ်တဲ့ ခုဇ္ဇုတ္တရာက အဲဒီနေရာမှာ သာမာဝတီအတွက် ပန်းဝယ်ရန် သွားနေကျ အတိုင်း သွားရောက်တယ်။ သုမနပန်းသည်က "ဒီကနေ့ မြတ်စွာ ဘုရားကို ဆွမ်းကပ်ရန်ပင့်ထားတယ်။ ဆွမ်းကပ်ပြီးတော့ တရားကို လဲ အတူနာပါ။ ပြီးတော့မှ ပန်းများကို ဝယ်ယူသွားပါ"လို့ ပြောတဲ့ အတွက် ဆွမ်းဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားက အနုမောဒနာ တရားကို ဟောတော်မူတဲ့အခါ ခုဇ္ဇုတ္တရာကလည်း သုမနပန်းသည် နှင့်တကွ အတူတရားနာနေတယ်။ အဲဒီလို တရားနာနေရင်း နှလုံး သွင်း ရှုမှတ်သဖြင့် ခုဇ္ဇုတ္တရာဟာ သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန်ဖြစ်သွားတယ်။

ခုဇ္ဇုတ္တရာဟာ သာမာဝတီအတွက် မင်းကပေးတဲ့ ပန်းဖိုးငွေ ရှစ်ကျပ်ထဲမှ အခါတိုင်းဆိုရင် ၄-ကျပ်ဖိုးသာ ဝယ်ယူခဲ့ပြီး ကျန်

http://www.dhammadownload.com

၄-ကျပ်ကိုတော့ သူ့အတွက်ယူထားသတဲ့။ အဲဒီနေ့မှာတော့ သောတာပန်ဖြစ်နေတဲ့အတွက် သူတစ်ပါးဥစ္စာကို ခိုးလိုတဲ့စိတ်မရှိတော့ဘူး။ ဒါကြောင့် ရှစ်ကျပ်လုံးဖြင့်ပင် ပန်းများကိုအပြည့်ဝယ်ယူလာခဲ့ပါသတဲ့။ အဲဒီတော့ အခါတိုင်းထက် ပန်းတွေက တစ်ဆသာပြီးများနေတဲ့အတွက် သာမာဝတီက ဒီလိုမေးတယ် "အစ်မကြီးရေ၊ ဒီကနေ့ မင်းမြတ်က ပန်းဖိုးငွေ နှစ်ဆတိုးပေးလိုက်ပါသလား" တဲ့။ တိုးမပေးပါဘူး သခင်မလို့ ခုဈေးတွေ့ရာကဖြေတယ်။ ဒါဖြင့် ပန်းတွေက ဘာကြောင့်အခါတိုင်းထက် တစ်ဆသာပြီးများနေရသလဲ။ အခါတိုင်း ကျွန်မက ကိုယ့်အတွက် ၄-ကျပ်ယူပြီး ၄-ကျပ်ဖိုးကိုသာဝယ်ခဲ့ပါတယ်။ ဒီနေ့ကတော့ ရှစ်ကျပ်ဖိုးအပြည့် ဝယ်လာခဲ့ပါတယ်လို့ မကွယ်ဝှက်ဘဲ မလိမ်ဘဲ အမှန်အတိုင်းပြောပါသတဲ့။ အဲဒီလို ပြောပုံကို အထူးသတိပြုရမယ်။ အဲဒီခေတ်တုန်းက မိဖုရားဆိုတာ မလိုတဲ့သူကို သတ်ပစ်နိုင်သည်အထိ အာဏာအခွင့်ရှိတယ်။ အဲဒီတော့ သူ့ပန်းဖိုးငွေတွေကို ခိုးယူခဲ့တဲ့အတွက် သတ်မယ်ဆိုသတ်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီအသတ်ခံရမည့်ဘေးကိုတောင် မကြောက်ဘဲ မကွယ်မဝှက် အမှန်အတိုင်းဖြေဝံ့တာဟာ သောတာပတ္တိမဂ်တရားထူးကြောင့် ရဲရင့်တဲ့ဂုဏ်ထူးပါပဲ။ အဲဒီတော့ သာမာဝတီက ဒီကနေ့တော့ ဘာ့ကြောင့် ကိုယ့်အတွက် မယူပါသလဲလို့ မေးပြန်တယ်။ မြတ်စွာဘုရား၏တရားကို ကြားနာပြီးတော့ တရားထူးကို သိမြင်ပြီး ရလာသောကြောင့်ပါပဲလို့ ဖြေတယ်။

အဲဒီတော့ သာမာဝတီက ယောနိသော မနသိကာရဖြင့်

http://www.dhammadownload.com

စဉ်းစားဆင်ခြင်မိတယ်။ တရားနာပြီး တရားထူးကို ရလာတဲ့ အတွက် ခိုးချင်စိတ်မရှိတော့ဘဲ စင်ကြယ်လာတာဟာ အံ့စရာပဲ။ အဲဒီရလာတဲ့ တရားထူးဟာ အလွန်မွန်မြတ်တဲ့ တရားပဲလို့ ဆင်ခြင်မိတယ်။ အဲဒါဟာ သူတော်ကောင်းစိတ်ရှိလို့ ကောင်းတဲ့ဘက်က ဆင်ခြင်မိတာပဲ။ သူတော်မဟုတ် သူယုတ်မာဆိုရင်တော့ ငါ့အတွက် ပန်းဖိုးတွေ ခိုးရမလားလို့ စိတ်ဆိုးပြီး နှိပ်စက်ဖို့ရှိတာပဲ။ ဒါပေမယ့် သာမာဝတီကတော့ ပါရမီရှင်သူတော်ကောင်းဖြစ်တဲ့အတွက် တရားနာပြီး တရားထူးရလာလို့ ခိုးလိုတဲ့စိတ်ကင်းပြီး စင်ကြယ်လာတယ်ဆိုတာကို သိပ်သဘောကျသွားတယ်။ အဲဒီတရားကို ကြားနာလိုတဲ့စိတ်တွေ ထက်သန်စွာဖြစ်လာတယ်။ ဒါကြောင့် "အစ်မကြီးရေ၊ အစ်မကြီး နာကြားရတဲ့တရားကို ကျွန်မတို့လည်း နာချင်ပါတယ်။ ဟောပြောပါ"လို့ တောင်းပန်တယ်။ ဒါဖြင့် ကျွန်မကို ရေချိုးပေးပါ၊ ဒီလို မစင်ကြယ်တဲ့ ကိုယ်နဲ့တော့ တရားကို ဟောဖို့ မသင့်ဘူးလို့ ခုဇ္ဇတ္တရာကပြောတယ်။ အဲဒီတော့ သာမာဝတီက ခုဇ္ဇတ္တရာအား နံ့သာရေတို့ဖြင့် ရေချိုးစေပြီးတော့ ချောညက်တဲ့ အဝတ်တစ်စုံကိုလည်း ပေးတယ်။ ခုဇ္ဇတ္တရာက တစ်ထည်ကို ခါးမှာ ဝတ်ပြီးတော့ တစ်ထည်ကို (ဧကံသံ ပါရုပိတ္တာ) လက်ဝဲပခုံး တစ်ဖက် စံပယ်တင်ရုံပြီး ခင်းပေးတဲ့နေရာမှာ ထိုင်လျက်စိတြဗီဇနီ ခေါ် ဆန်းကြယ်သော ယပ်ကိုလည်းကိုင်ပြီး မောင်းမင်းရာတို့ကို ခေါ်ကာ, မြတ်စွာဘုရား ဟောတော်မူတဲ့နည်းဖြင့်ပင် တရားကို ဟောပါသတဲ့ အဲဒီတရားကို နာကြားရင်း နှလုံးသွင်း ရှုမှတ်ကြသဖြင့် အဲဒီသာမာဝတီ အမှူးရှိသော မောင်းမ ငါးရာဟာ

http://www.dhammadownload.com

သောတာ ပတ္တိဖိုလ်သို့ရောက်ပြီး သောတာပန်ဖြစ်သွားကြပါသတဲ့။

အဲဒီမောင်းမ ငါးရာဟာ ခုဇ္ဈတ္တရာကို ရှိခိုးပြီး "အစ်မကြီးရေ၊ ဒီကနေ့ကစပြီး ယုတ်ညံ့ညစ်နွမ်းတဲ့ အစေခံအလုပ်ကို မလုပ်ပါနဲ့တော့။ ကျန်မတို့၏ အမိအရာ ဆရာအရာမှာ တည်နေပါ။ မြတ်စွာဘုရားထံ သွားရောက်ပြီးတော့ တရားကို နာယူပါ။ နာယူခဲ့ပြီးတော့ ကျွန်မတို့အား တစ်ဆင့်ဟောပေးပါ"လို့ တောင်းပန်ပြောဆိုကြတယ်။ တောင်းပန်ကြတဲ့အတိုင်းပင် ခုဇ္ဈတ္တရာက နေ့စဉ်နေ့တိုင်း ဘုရားထံသွားပြီး တရားနာတယ်။ ပြန်လာတဲ့အခါ မြတ်စွာဘုရားဟောတော်မူတဲ့ အတိုင်းပင် အချိုးတကျဟောပြတယ်။ သုတပါရမီထူးရှိတဲ့သူမို့ ဘုရားဟောသမျှကို အကုန်လုံးမှတ်လည်း မှတ်မိတယ်။ အသံအနေအထားနှင့်တကွ ပုံတူဖြစ်အောင်လည်း ဟောနိုင်တယ်။ ယခုနေအခါမှာတောင် တချို့လူဟာ ပြောဟောတဲ့ ပုဂ္ဂိုလ်ရဲ့ ဟောပြောပုံ အချိုးအစားအတိုင်း အသံအနိမ့်အမြင့် အဆွဲအငင်များနှင့်တကွ ပုံတူဟောနိုင်တတ်တယ်။ ဒါလည်း ပါရမီထူးရှိလို့ နေမှာပါပဲ။ ခုဇ္ဈတ္တရာကတော့ ကမ္ဘာတစ်သိန်းထက်က ဆုတောင်းရှိခဲ့တယ်။ ဒါကြောင့် သူဟာ နောက်အခါမှာ ပိဋ္ဌကသုံးပုံဆောင်ဖြစ်သွားတယ်။ မြတ်စွာဘုရားက သူ့ကိုအကြားအမြင်များတဲ့ တရားဟော ပုဂ္ဂိုလ်အမျိုးသမီးတွေထဲမှာ အထူးအမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပါတယ်။

သာမာဝတီ အမျှားရှိတဲ့ မောင်မ ငါးရာက ဘုရားနှင့်သံဃာကို ဖူးမြင်လိုကြတဲ့အတွက် ဖူးမြော်ရအောင် ဆောင်ရွက်ပေးပါလို့

http://www.dhammadownload.com

ခုဇ္ဈတ္တရာကို တောင်းပန်ကြတယ်။ နန်းတွင်းသူတွေဆိုတော့ အပြင်လူများနှင့် တွေ့ရဖို့ခဲယဉ်းပါတယ်။ ဒါကြောင့် မြတ်စွာဘုရားနှင့် သံဃာတော်များ မြို့တွင်း သူဌေးကြီးများအိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလာတဲ့အခါ အိမ်တော်ပေါ်ကပင် ဖူးမြင်နိုင်အောင် အိမ်နံရံမှာ အပေါက်ကလေးများဖောက်ထားဖို့ အဲဒီအပေါက်မှ ဖူးမြော်ကြဖို့ အကြံပေးတယ်။ အဲဒီ အကြံပေးချက်အတိုင်း အိမ်နံရံမှာ အပေါက်ကလေးများ ဖောက်ထားကြတယ်။ မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွလာတဲ့အခါ အဲဒီအပေါက်ကလေးမှ ကြည့်ရှုဖူးမြော်နေကြပါသတဲ့။

တစ်နေ့သောအခါ မာဂဏ္ဍီက လမ်းလျှောက်လာရင်း အဲဒီအိမ်တော်တက်လာတော့ အပေါက်ကလေးများကို တွေ့ရလို့ ဒီအပေါက်တွေက ဘာအတွက်လည်းလို့မေးတယ်။ သာမာဝတီတို့က ဘုရားအပေါ်မှာ မာဂဏ္ဍီ ရန်ငြိုးရှိနေတာကို မသိကြတဲ့အတွက် "ဗုဒ္ဓမြတ်စွာဘုရားဟာ ဒီမြို့သို့ ကြွရောက်နေတယ်။ ငါတို့ဟာ ဒီအပေါက်များမှ မျှော်ကြည့်ပြီး ရှိခိုးကြတယ်။ ပူဇော်ကြတယ်"လို့ ပြောကြတယ်။ အဲဒီတော့ မာဂဏ္ဍီရဲ့ စိတ်ထဲမှာ "ရဟန်းဂေါတမ ဒီမြို့ကို ရောက်နေပြီကိုး၊ ယခု သူ့အားပြုသင့်တာ ပြုရတော့မှာပဲ။ ဒီကောင်မတွေလည်း သူ့ကို ဆည်းကပ်သူတွေပဲ။ သူတို့ကိုလည်း ပြုသင့်သလို ပြုရမှာပဲ"လို့ အကြံအစည်ဖြစ်တယ်။ အဲဒီလိုဖြစ်ပြီးတော့ **ဥတေနဘုရင်**ထံ ကုန်းတိုက်စကားပြောတယ်။ "အရှင်မင်းကြီး သာမာဝတီနှင့် အပေါင်းပါမိန်းမတွေ အပြင်ပ၌ တောင့်တ

http://www.dhammadownload.com

ခြင်း ရှိနေပါတယ်။ မကြာမီပင် အရှင်၏အသက်ကို လုပ်ကြံသတ်ဖြတ်ကြပါလိမ့်မယ်"လို့ ပြောဆိုတယ်။ မင်းက သူ့စကားကို မယုံပါဘူး။ ၃-ကြိမ်အထိ အထပ်ထပ်ပြောလည်း မယုံဘူးတဲ့။

ဒီတော့ "ကျွန်မစကားကို မယုံရင် သူတို့အိမ်တော်ကို သွားပြီး ကြည့်ရှုစုံစမ်းပါ"လို့ မာဂဏ္ဍီက ဆိုတယ်။ မင်းက သွားကြည့်တဲ့အခါ အပေါက်ကလေးများကို တွေ့ရတော့ ဘာလုပ်ဖို့လဲလို့မေးတယ်။ ဘုရားဖူးရန်ဖြစ်ကြောင်း ကြားသိရပေမယ့် မင်းက သာမာဝတီတို့အပေါ် ဘာမျှစိတ်မခုပါဘူး။ အပေါက်ကလေးတွေ ပိတ်စေပြီးတော့ အထက်လေသာ ပြတင်းပေါက်ကလေးများ ပြုလုပ်ပေးစေတယ်။ ဒီတော့ သာမာဝတီတို့မှာ သာပြီးနေရာကျသွားတာပေါ့။ အဲဒီနည်းဖြင့် ကုန်းတိုက်လို့ မအောင်တာနဲ့ မာဂဏ္ဍီက သာမာဝတီတို့အိမ်တော်သို့ သွားရောက်မည့်အလှည့်မှာ အစွယ်ချိုးထားတဲ့ မြွေဟောက်ကို ဥတေနဘုရင်၏စောင်းထဲမှာ ထည့်ထားပြီး ထည့်သွင်းတဲ့အပေါက်ကလေးကို ပန်းကုံးနှင့်ပိတ်ထားတယ်။

အဲဒီလို မြွေထည့်ထားပြီးတော့ မာဂဏ္ဍီက ဘုရင်မင်းမြတ်အား သာမာဝတီတို့အဆောင် မသွားသင့်ကြောင်း၊ အိပ်မက်ဆိုးမြင်မက်ထားကြောင်းပြောတယ်။ ဒါပေမယ့် ဥတေနဘုရင်က သူ့အလှည့်ကျ အစီအစဉ်အတိုင်း သာမာဝတီတို့ အဆောင်သို့ သွားတာပါပဲ။ အဲဒီအခါ မာဂဏ္ဍီက စိတ်မချတဲ့အနေနဲ့ အတူလိုက်ပါသွားတယ်။ ဟိုရောက်တော့ ဥတေနဘုရင်က သာမာဝတီတို့ ချက်ပြုတ်ကျွေးမွေးတဲ့ စားသောက်ဖွယ်ရာများကို စားသုံးပြီးတော့ သူ

http://www.dhammadownload.com

စောင်းကို ခေါင်းရင်းမှာထားပြီး အိပ်ရာပေါ်မှာ လျောင်းစက်နေတယ်၊ အဲဒီအခါမှာ မာဂဏ္ဍီက ဟိုးနားဒီနားသွားရင်းနဲ့ စောင်းပေါက်မှာ ပိတ်ထားတဲ့ပန်းကုံးကို နုတ်ပစ်လိုက်တယ်၊ အဲဒီတော့ မြွေက စောင်းထဲမှထွက်လာပြီးတော့ ပါးပျဉ်းထောင်ပြီး အိပ်ရာပေါ်မှာ တည်နေတယ်၊ မြွေကိုမြင်ရတော့ မာဂဏ္ဍီက "ထွီ ထွီ အရှင်မင်းကြီး မြွေ မြွေ" လို့ ကျယ်လောင်တဲ့အသံနဲ့ မင်းကိုရောသာမာဝတီကိုရော ဆဲဆိုတယ်၊ "ဒီဥဏ္ဏထုံထိုင်းတဲ့မင်းဟာ ကျက်သရေမရှိဘူး၊ ငါ့စကားကို နားမထောင်ဘူး၊ ဒီကောင်မတွေ ကလည်း ကျက်သရေ မရှိကြဘူး၊ မလိမ္မာကြဘူး၊ မင်းထံမှ သင်တို့ဟာ ဘာမှမရကြဘဲ ရှိကြသလဲ၊ ဒီကနေ့ ကျွန်မအိပ်မက်ဆိုးကို မြင်မက်ထားပါတယ်၊ သာမာဝတီတို့၏ ပြာသာဒ်ကို သွားရန်မသင့်ပါဘူးလို့ တားမြစ်ပါလျက် ကျွန်မစကားကို မင်းကြီးက နားမထောင်ဘူး" စသည်ဖြင့် ဆဲဆိုတယ်။

အဲဒီတော့ မြွေကိုမြင်ပြီး သေဘေးကိုကြောက်တာနဲ့ မင်းကြီးက သာမာဝတီအပေါ် မာဂဏ္ဍီအပြစ်ပြုတဲ့ စကားတွေကို ယုံကြည်သွားတယ်၊ အမျက်ဒေါသလဲ အကြီးအကျယ်ဖြစ်တယ်၊ ဒါကြောင့် သာမာဝတီနှင့် အပေါင်းပါ မောင်းမငါးရာတို့ကို အဆိပ်လူးသောမြားဖြင့် ပစ်သတ်ရန်စီစဉ်တယ်။ သာမာဝတီနှင့် အပေါင်းပါတွေကို ဖြောင့်ဖြောင့် စီတန်းပြီး ထိုင်နေစေတယ်။ အဲဒီအခါ သာမာဝတီက သူ့အဖော်တွေကို အခြားကိုးကွယ်ရာ

http://www.dhammadownload.com

မရှိတော့ဘူး။ မင်းမြတ်နှင့် မာဂဏ္ဍီ မိဖုရားအပေါ်မှာရော မိမိကိုယ်အပေါ်မှာရော မေတ္တာစိတ်ကို ညီတူညီမျှဖြစ်စေကြပါ။ ဘယ်သူ့ကိုမျှ အမျက်မထွက်ကြပါနဲ့လို့ သြဝါဒပေးပြီး ဥတေနမင်းဆီ မျက်နှာမူလျက် ရှေ့ဆုံးကထိုင်ပြီး မေတ္တာဘာဝနာကို အစွမ်းကုန်ပွားနေတယ်။ ဥတေနမင်းက ဗိုလ်တစ်ထောင်အားရှိတဲ့ လေးမှာ အဆိပ်လူးမြားကို ထည့်ပြီးတော့ သာမာဝတီမိဖုရား၏ ရင်ဝတည့်တည့်ချိန်ပြီး တစ်အားကုန်ဆွဲပစ်လိုက်တယ်။

ပစ်လိုက်တဲ့မြားဟာ သာမာဝတီ၏ မေတ္တာစွမ်းကြောင့် ရှေ့ကို မသွားဘဲ နောက်ကို လှည့်ပြန်လာတယ်။ ဥတေနမင်းရင်ကို စူးဝင်တော့မည်အနေဖြင့် ဖြစ်ပြီး အောက်သို့ကျသွားသတဲ့။ အဲဒီတော့မှ ဥတေနမင်းက သတိသံဝေဂရလာတယ်။ အင်း. . ငါပစ်လိုက်တဲ့မြားဟာ ကျောက်ပြားတောင် ဖောက်သွားနိုင်တာပဲ။ သို့ပေမယ့် ဒီမြားဟာ ငါ့ဆီပြန်လာတယ်။ ငါ့ရင်ထဲ စူးဝင်တော့မလို ရှိနေတယ်။ အသက်ရှိသတ္တဝါမဟုတ်တဲ့ ဒီမြားကတောင်မှ ဒီသာမာဝတီ ဂုဏ်ကျေးဇူးကို သိသေးတယ်။ ငါဟာ လူစင်စစ်ဖြစ်ပါလျက် သူ့ဂုဏ်ကျေးဇူးကို မသိဘဲရှိနေပါပေရဲ့လို့ သတိတရားရလာပြီးတော့ လေးကိုပစ်ချလိုက်တယ်။ ပစ်ချလိုက်ပြီးတော့ သာမာဝတီ၏ခြေရင်းမှာ လက်အုပ်ချီလျက် ဆောင့်ကြောင့်ထိုင်ပြီး ဒီလိုကန်တော့တောင်းပန်သတဲ့။

သမ္မုယ္ဟာမိ ပမုယ္ဟာမိ၊ သဗ္ဗာ မုယ္ဟန္တိ မေ ဒိသာ။
သာမာဝတီ မံ တာယသု၊ တ္ဝဉ္စ မေ သရဏံ ဘဝ။

http://www.dhammadownload.com

သာမာဝတီ-မောင့်အချစ်တော် သာမာဝတီရေ၊ အဟံ-ငါသည်၊ သမ္မုယှာမိ-အလွန်တွေဝေနေပါသည်၊ ပမုယှာမိ-အပြင်းအထန် တွေဝေနေပါသည်၊ မေ-ငါ့အား၊ သဗ္ဗာဒိသာ-အရပ်မျက်နှာအားလုံးတို့သည်၊ မုယှန္တိ-မျက်စိလည်သလိုပင် တွေဝေလျက် ရှိကြပါသည်၊ တွံ-သင်သည်၊ မံ-ငါ့ကို၊ တာယသု-ကယ်မ စောင့်ရှောက်ပါ။ တွံ-သင်သည်၊ မေ-ငါ၏၊ သရဏဉ္စ-ကိုးကွယ်အားထားရာသည်လည်း၊ ဘဝ-ဖြစ်ပါလော့-လို့ ကန်တော့တောင်းပန်ပါတယ်။

အဲဒီတော့ သာမာဝတီက ဒီလိုပြန်ကြားပါတယ်။

မာ မံ တွံ သရဏံ ဂစ္ဆ၊ ယမဟံ သရဏံ ဂတာ။
ဧသ ဗုဒ္ဓေါ မဟာရာဇ၊ ဧသ ဗုဒ္ဓေါ အနုတ္တရော။
သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွဉ္စ မေ သရဏံ ဘဝ။

မဟာရာဇ-မောင်တော်သခင် အရှင်မင်းမြတ်၊ တွံ-သင်သည်၊ မံ-အကျွန်ုပ်ကို၊ မာ သရဏံ ဂစ္ဆ-ကိုးကွယ်ရာဟု မဆည်းကပ်ပါလင့်၊ အဟံ-အကျွန်ုပ်သည်၊ ယံ-အကြင်ဘုရားကို၊ သရဏံ ဂတာ-ကိုးကွယ်ရာဟု ဆည်းကပ်နေပါသည်၊ ဧသ-ဤဘုရားသည်၊ အနုတ္တရော-အမြတ်ဆုံးပါပေတည်း၊ တံ ဗုဒ္ဓံ-ထိုဘုရားကို၊ သရဏံ ဂစ္ဆ-ကိုးကွယ်ရာဟု ဆည်းကပ်ပါ။ တွဉ္စ-အရှင်မင်းမြတ်သည်လည်း၊ မေ-ကျွန်တော်မ၏၊ သရဏံ ဘဝ-ကိုးကွယ်ရာဖြစ်တော်မူပါလို့ ပြန်ကြားလိုက်ပါတယ်။

အဲဒီတော့ ဥတေနဘုရင်မင်းမြတ်က "ကောင်းပါပြီ၊ သင့်ကို

http://www.dhammadownload.com

လည်း ကိုးကွယ်ပါတယ်။ ဘုရားကိုလည်း ကိုးကွယ်ပါတယ်။ သင်အလိုရှိရာ ဆုကိုလည်းပေးပါတယ်"လို့ ဝန်ခံပြောကြားပါတယ်။ အဲဒီလို ပြောကြား ပြီးတော့ မြတ်စွာဘုရားထံ သွားရောက်ပြီး သရဏာဂုံလည်း ဆောက်တည်တယ်။ ဘုရားအမှူးရှိသော သံဃာတော်ကို ပင့်လျှောက်ပြီး ၇-ရက်ပတ်လုံး အလှူကြီးကိုလည်း ပေးလှူတယ်။ သာမာဝတီကိုလည်း ဆုအယူခိုင်းတယ်။ သာမာဝတီကလည်း မြတ်စွာဘုရားနှင့်တကွ ရဟန်းငါရာတို့ နေ့စဉ်ဆွမ်းဘုဉ်းပေး ကြွရန် ပင့်ပေးဖို့ဆိုတဲ့ ဆုကို တောင်းပါတယ်။ ဥတေနမင်းက မြတ်စွာဘုရားထံ သွားရောက်ပြီး ပင့်လျှောက်တယ်။ မြတ်စွာဘုရားက အရှင်အာနန္ဒာနှင့်တကွ ရဟန်းငါရာကို စေလွှတ်ပေးတယ်။ အဲဒီအခါကစပြီး သာမာဝတီ အမှူးရှိတဲ့ မောင်းမ ငါးရာတို့ နေ့စဉ် သံဃာတော်များကို ဖူးမြင်ပြီး ဆွမ်းလည်း ကပ်လှူကြရတယ်။ တရားလည်း နာကြရတယ်။

ယခုပြောပြခဲ့တဲ့ သာမာဝတီဝတ္ထုထဲမှာ ဥတေနဘုရင်က အထင်မှား အမျက်ထွက်ပြီးတော့ လေးမြားဖြင့် ပစ်တဲ့အခါ မြားက သာမာဝတီထံသို့ မသွားဘဲ နောက်ပြန်လာတာဟာ မေတ္တာဘာဝနာကြောင့်ပါပဲ။ မေတ္တာ၏ အာနိသင် ၁၁-ပါးထဲက မီး-ဆိပ်- ဓားတို့ ရှောင်ရှားကိုယ်မှာဆိုတဲ့ အကျိုးအာနိသင်အရ မြားလက်နက်မထိမှန်တဲ့ အကျိုးပါပဲ။ တကယ်အရေးနှင့် တွေ့ကြုံရရင် ဟောဒီမေတ္တာကိုသာ စူးစူးစိုက်စိုက်ပွားနေရမယ်။ အဲဒီလို ပွားနေရင် ဘေးရန်အန္တရာယ်မှ ကင်းလွတ်နိုင်ပါတယ်။ အကယ်၍

http://www.dhammadownload.com

အန္တရာယ်မှ မကင်းလွတ်တောင် ကုသိုလ်အထူးကတော့ ဖြစ်ပွားသွားတာပါပဲ။ အရှုံးမရှိပါဘူး။ အမြတ်ရဖို့ သေချာပါတယ်။

သီဟဗာဟု ဝတ္ထု

သီဟိုဠ်ရာဇဝင်ထဲမှာ ခြသေ့နဲ့ဖက်စပ်ပြီး မင်းသမီးမှမွေးဖွားလာတဲ့ သီဟဗာဟုဆိုတဲ့လူဟာ ၁၆-နှစ်အရွယ်ရောက်တဲ့အခါ သူ့အမေကို မေးကြည့်တယ်၊ "အမေနဲ့ ကျွန်ုပ်တို့၏အဘဟာ ဘာကြောင့် အမျိုးမတူဘဲ ကွဲပြားနေသလဲ"တဲ့။ အဲဒီတော့ မိခင်က သူဟာ ဝင်္ဂီတိုင်းမှ ဘုရင့်သမီးတော်ဖြစ်ကြောင်း၊ ခရီးသည်လူတစ်စုနှင့် မဂဓတိုင်းသို့ ထွက်ခွာလာရာ ဒီခြသေ့ကြီးနဲ့တွေ့ရလို့ အခြားသူတွေက ထွက်ပြေးကြောင်း၊ သူကတော့ ခြသေ့နဲ့သင့်မြတ်လိမ့်မယ်လို့ ဗေဒင်ဟောချက်အရ မပြေးနိုင်တာနဲ့ ရပ်တည်နေရာ ဒီခြသေ့ကြီးက ကျောပေါ်တင်ပြီး သူ့ဂူထဲဆောင်သွားခဲ့ကြောင်း စသည်ကို ပြောပြတယ်။ ဒါ့ဖြင့် ဘာကြောင့် လူ့လောကကို မသွားဘဲ နေသလဲလို့ဆိုတော့ သင့်အဖေ ခြသေ့ကြီးက ဂူဝမှာ ကျောက်တုံးကြီးဖြင့် ပိတ်ထားလို့ မသွားနိုင်ကြောင်း ပြောပြတယ်။ အဲဒီအခါ သီဟဗာဟုက ကျောက်တုံးကြီးကို ဖယ်ရှားပြီးတော့ သူ့မိခင်နှင့် သူ့နှမကို ထမ်းဆောင်ပြီး နယ်စပ်ရွာသို့ ထွက်ပြေးလာခဲ့တယ်။

အဲဒီအခါ ခြသေ့ကြီးက သူ့မယားနှင့် သားသမီးများကို မတွေ့ရတဲ့အတွက် လွမ်းဆွတ်ပြီး လိုက်လံရှာဖွေတယ်။ ရောက်ရာရာ တောစပ်ရွာများက လူတွေကိုလည်း နှိပ်စက်တယ်။ ဆိုင်ရာမှတိုင်ကြားချက်အရ ဝင်္ဂီတိုင်းဘုရင်က ခြသေ့ရန်ကုန်မှ်နှင်းပေးနိုင်

http://www.dhammadownload.com

သူ့အား ငွေသုံးထောင်ဆုပေးမယ်လို့ ကြေညာတယ်။ သီဟဗာဟုက ခြသေ့ကို နှိမ်နှင်းသတ်ဖြတ်ရန် အကြံပြုတယ်။ သူ့မိခင်က နှစ်ကြိမ်တိုင်တိုင် တားမြစ်တယ်။ သုံးကြိမ်မြောက်ကျတော့ မိခင်ကို အသိမပေးတော့ဘဲ ဆုငွေကို လက်ခံလိုက်တယ်။ ဘုရင့်ထံရောက်တဲ့အခါ ဘုရင်မင်းမြတ်က ခြသေ့ကို နှိမ်နှင်းဖယ်ရှားပေးနိုင်ရင် နိုင်ငံကိုပေးအပ်မယ်လို့ ဆိုတယ်။ သီဟဗာဟုက ခြသေ့ရှိရာအရပ်ကို သွားတယ်။ အဝေးမှ ခြသေ့ကြီးကလည်း သားကိုမြင်ရသဖြင့် အချစ်မေတ္တာစိတ်တွေ ဖြစ်ပွားနေတယ်။ ဒီအခါ သီဟဗာဟုက လေးမြားဖြင့် ပစ်လိုက်ပေမယ့် မေတ္တာ၏အစွမ်းကြောင့် မြားက ခြသေ့ကြီးကိုယ်ကို မစူးဝင်ဘဲ ပြန်လာပြီး သီဟဗာဟု၏ခြေရင်းမှာ ကျပါသတဲ့။ ဒုတိယအကြိမ်, တတိယအကြိမ်များမှာလည်း နည်းတူပင် သီဟဗာဟု၏ ခြေရင်းမှာ ပြန်ကျပါသတဲ့။ အဲဒီအခါ ခြသေ့ကြီးမှာ အချစ်မေတ္တာ စိတ်ပျက်ပြယ်ပြီး ဒေါသဖြစ်လာတယ်။ ဒါကြောင့် စတုတ္ထအကြိမ် ပစ်လိုက်တဲ့မြားကတော့ ခြသေ့ကြီး၏ကိုယ်ကို ထိမှန်ပြီး စူးဝင်သွားပါသတဲ့။ ဒီသီဟဗာဟုဝတ္ထုဖြင့်လည်း မေတ္တာသက်သက်မဟုတ်ပဲ သားဟူသော အချစ်မေတ္တာကြောင့်လည်း မြားလက်နက် မထိမှန်ဘဲ မစူးဝင်ဘဲ ရှိသေးကြောင်း မှတ်ယူရပါတယ်။

သုဝဏ္ဏသာမဝတ္ထု

ယခုပြောပြခဲ့တဲ့ မေတ္တာ၏ အကျိုးအာနိသင်များနဲ့ စပ်ပြီးတော့ မိလိန္ဒပဉ္ဍာကျမ်းမှာ ဒီလိုမေးမြန်း ဖြေရှင်းချက် ရှိနေပါတယ်။ မေးပုံကတော့ မေတ္တာ၏အကျိုး ၁၁-ပါး ပြရာမှာ (မေတ္တာပွားနေ

http://www.dhammadownload.com

သူ၏ ကိုယ်၌ မီး, အဆိပ်, ဓားစသော လက်နက်မကျရောက်ဘူးလို့) ပြထားပါတယ်။ သုဝဏ္ဏသာမ ဇာတ်ဝတ္ထုမှာတော့ သုဝဏ္ဏသာမ ဟာ မေတ္တာကို အမြဲပွားနေတယ်လို့ ဆိုထားပြီးတော့ ပိဋ္ဌိယက္ခဆို တဲ့မင်းက တောလိုက်ရင်း သုဝဏ္ဏသာမကို တွေ့ရတော့ အထူး အဆန်းကို သိလိုတဲ့အတွက် မြားဖြင့်ပစ်လိုက်ရာ အဆိပ်လူးမြား ထိမှန်ပြီး အဆိပ်တက်နေကြောင်းမျှား ပါရှိတယ်။ အဲဒီတော့ မေတ္တာပွားနေသူမှာ လက်နက်မထိမှန်နိုင်ဘူးဆိုတဲ့ စကားက မှန်ရင်၊ သုဝဏ္ဏသာမကို မြားမှန်တယ်ဆိုတာ မှားရမယ်။ သုဝဏ္ဏ သာမကို မြားလက်နက်ထိမှန်တယ်ဆိုတဲ့စကားက မှန်ရင်လည်း မေတ္တာပွားနေသူမှာ လက်နက်မထိမှန်နိုင်ဘူး ဆိုတဲ့စကားက မှားရမယ်။ ဒီအချက် နှစ်ခု ဖြောင့်ဖြောင့်ဆန့်ကျင်နေတာကို ဖြေရှင်းပေးတော်မူပါလို့ မိလိန္ဒမင်းကြီးက မေးလျှောက်တယ်။

အဲဒီပြဿနာကို အရှင်နာဂသိန် မထေရ်မြတ်က ဒီလိုဖြေ ရှင်းတော်မူပါတယ်။ ဖြေရှင်းပုံကတော့- မိလိန္ဒမင်းမြတ်၊ မေတ္တာ ပွားနေသူမှာ လက်နက်မထိမှန်နိုင်ဘူးဆိုတာလည်း အမှန်ပဲ။ သုဝဏ္ဏသာမမှာ မြားမှန်တယ်ဆိုတာလည်း အမှန်ပဲ။ ဒီလို အမှန် ချည်းဖြစ်ပေမယ့် အချင်းချင်းမဆန့်ကျင်ခြင်း၏ အကြောင်းကတော့ လက်နက် မထိမှန်နိုင်ဘူးဆိုတဲ့အကျိုးဟာ ပုဂ္ဂိုလ်၏အစွမ်းကြောင့် မဟုတ်ဘူး။ မေတ္တာ၏အစွမ်းကြောင့်သာ ဖြစ်ပါတယ်။ သုဝဏ္ဏ သာမဟာ မေတ္တာကို ပွားနေတယ်ဆိုပေမယ့် အဲဒီမြားမှန်တဲ့ အခိုက်မှာ ရေအိုးကို ပင့်မ,နေဆဲဖြစ်၍ မေတ္တာပွားမှုလစ်လပ်နေတဲ့ အချိန်လဲဖြစ်တယ်။ ဒါကြောင့် မြားမှန်သွားတာပဲ။

http://www.dhammadownload.com

ဥပမာအားဖြင့် (ရှေးခေတ်က) စစ်သားများမှာ သံစသည်ဖြင့် ပြုလုပ်ထားတဲ့ ချပ်ဝတ်တန်ဆာဆိုတာရှိတယ်။ အဲဒီချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားတဲ့အခါမှာ မြားလည်း မစူးနိုင်ဘူး။ လှံလည်း မစူးနိုင်ဘူး။ ဓားဖြင့်ခုတ်ရင်လည်း မထိမရှနိုင်ဘူး။ အဲဒါဟာ ချပ်ဝတ်တန်ဆာ၏ အစွမ်းသာဖြစ်တယ်။ လူ၏အစွမ်းမဟုတ်ဘူး။ ဒါကြောင့် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားတဲ့အခါမှာ မြားလည်း မစူးနိုင်ဘူး။ လှံလဲ မစူးနိုင်ဘူး။ ဓားဖြင့်ခုတ်ရင်လဲ မထိမရှနိုင်ဘူး။ အဲဒါဟာ ချပ်ဝတ်တန်ဆာမဝတ်ဘဲ နေတဲ့အခါမှာ အဲဒီလူကို မြားလဲထိမှန် စူးဝင်နိုင်တယ်။ လှံလဲ စူးဝင်နိုင်တယ်။ ဓားဖြင့်လဲ ထိနိုင်တယ်။ အဲဒါလိုပဲ၊ လက်နက်မထိနိုင်ဘူးဆိုတာက မေတ္တာပွားတဲ့လူ၏ အစွမ်းမဟုတ်ဘူး မေတ္တာ၏အစွမ်းသာဖြစ်တယ်။ ဒါကြောင့် မေတ္တာပွားမှု လစ်ဟင်းနေတဲ့အခိုက်မှာ သုဝဏ္ဏသာမကို မြားထိမှန်သွားတာပါပဲတဲ့။

ဒုတိယ ဥပမာတစ်ခုကတော့ မိုးလုံတဲ့ တိုက်အိမ်ထဲမှာ ဝင်နေတဲ့သူကို မိုးရေမစွတ်နိုင်ဘူး။ အဲဒါလည်း လူ၏အစွမ်းမဟုတ်ဘူး။ တိုက်အိမ်၏ အစွမ်းသာဖြစ်တယ်။ ဒါကြောင့် အိမ်ထဲက အပြင်ထွက်နေခိုက်မှာတော့ မိုးစိုနိုင်သလိုပင် မေတ္တာပွားမှု လစ်လပ်ခိုက်မှာတော့ လက်နက်လည်း ထိမှန်နိုင်ပါတယ်တဲ့။

နောက်ဥပမာတစ်ခုကတော့ နတ်ဆေးပင်တဲ့။ အဲဒီနတ်ဆေးကိုင်းသစ်သားကို ကိုင်ထားရင် အဲဒီလူကို တခြားလူတွေက မမြင်နိုင်ဘူးတဲ့။ ကိုယ်ရောင်ပျောက်နေပါသတဲ့။ ဒါကိုတော့ ယခုခေတ်လူများက ယုံချင်မှယုံမယ်။ ဒါပေမယ့် မိလိန္ဒပဉ္ဉာမှာ ရှိတဲ့

http://www.dhammadownload.com

အတိုင်း ဒီမှာ ပြောရတာပါပဲ။ အဲဒီလို ကိုယ်ရောင်ပျောက်နေတာ ဟာ လူ၏အစွမ်းမဟုတ်ဘူး။ နတ်ဆေးပင်၏ အစွမ်းသာဖြစ်တယ်။ ဒါကြောင့် နတ်ဆေးပင်ကို ကိုင်မထားတဲ့အခါ အဲဒီလူကို လူတိုင်းက မြင်နိုင်ကြသလို လက်နက်မထိနိုင်တာဟာ လူ၏အစွမ်းမဟုတ်။ မေတ္တာ၏အစွမ်းသာ ဖြစ်သောကြောင့် မေတ္တာပွားမူလစ်လပ်နေ ခိုက်မှာ လက်နက်လည်းထိမှန်နိုင်တာပါပဲတဲ့။ အဲဒီတော့ ဘေးရန် အန္တရာယ်ရှိတဲ့အခါမှာ ဘေးရန်လုံခြုံစေလိုလျှင် မေတ္တာကိုအမြဲ မပြတ်ပွားနေဖို့ လိုပါတယ်။

(၇)မီး-ဆိပ်-ဓားတို့ ရှောင်ရှားကိုယ်မှာဆိုတဲ့ အကျိုးအာနိ သင် အကြောင်းကတော့ ပြောစရာ ကုန်သွားပါပြီ။ (၈) လျင်စွာ စိတ်တည်၊ (၉) ရွှင်ကြည်မျက်နှာ၊ (၁၀) သေခါမတွေ့ဆိုတဲ့ အကျိုး အာနိသင်များ အကြောင်းကို ထပ်ပြောဖို့ မလိုပါဘူး။ ယခု ပြော ဖို့လိုနေသေးတာကတော့ (၁၁) လားလေပြဟ္မာဆိုတဲ့ ဒီနောက်ဆုံး အကျိုးပါပဲ။ အဲဒီအကျိုးကိုတော့ ပါဠိတော်များမှာပင် တိုက်ရိုက် ဟောပြထားပြီး ရှိနေပါတယ်။ ဒီစတုတ္ထပိုင်းတရား၏ အစပိုင်းမှာ ထုတ်ပြခဲ့တဲ့ ဒုတိယမေတ္တာသုတ်မှာတော့ ဝိပဿနာရှုပုံနှင့်တကွ ပြထားတယ်။ အဲဒါကို ယခု အနက်ပြန်ပြီး ရှင်းပြရမယ်။

ဒုတိယမေတ္တာသုတ် ဝိပဿနာရှုပုံ စသည်

သော-ထိုမေတ္တာစျာန်ရပြီး ပုဂ္ဂိုလ်သည်၊ တတ္ထ-ထိုမေတ္တာ စျာန်ဖြစ်ခိုက်၌၊ ယဒေဝ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သခါရ ဂတံ ဝိညာဏဂတံ အကြင်ရူပ်ဝေဒနာ သညာသင်္ခါရဝိညာဏ်မျှသာ

http://www.dhammadownload.com

လျှင် ရှိ၏။ (ထိုခဏ၌ အတ္တကားမရှိဟု ဆိုလို၏)၊ တေ ဓမ္မေ-ထို ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော တရားတို့ကို၊ အနိစ္စ တော-မမြဲ ဟူ၍လည်းကောင်း၊ ဒုက္ခတော-ဆင်းရဲဟူ၍လည်း ကောင်း၊ ရောဂတော-စွဲကပ်နေသော ရောဂါနှင့်တူသည်ဟူ၍ လည်းကောင်း၊ ဂဏ္ဍတော-ပေါက်ကွဲနေသော အိုင်းအမာကြီးနှင့် တူသည်ဟူ၍လည်းကောင်း၊ သလ္လတော-စူးဝင်နေသော ငြောင့်နှင့် တူသည်ဟူ၍လည်းကောင်း၊ အဃတော-ဆင်းရဲနှင့်မကင်းဟူ၍ လည်းကောင်း၊ ဝါ-မကောင်းမှုနှင့် တူသည်ဟူ၍လည်းကောင်း၊ အာဗာဓတော-အဖျားအနာနှင့် တူသည်ဟူ၍လည်းကောင်း၊ ပရတော-ပြင်ပသူစိမ်းနှင့်တူသည် ဟူ၍လည်းကောင်း၊ ပလောကတော-ပျက်လွယ်သည် ဟူ၍လည်းကောင်း၊ သုညတော-အတ္တ ကောင် အနှစ်အသားမှ ကင်းဆိပ်သည် ဟူ၍လည်းကောင်း၊ အနတ္တ တော-အတ္တကောင်မဟုတ် သဘောတရားမျှ ဟူ၍လည်းကောင်း၊ သမနုပဿတိ-ရှုမြင်၏။

အဲဒါဟာ မေတ္တာစျာန်ဝင်ပြီး အဲဒီစျာန်မှ ထတဲ့အခါ ဝိပဿနာရှုပုံကို ပြတာပါပဲ။ ဘာကို ရှုသလဲဆိုတော့ အဲဒီစျာန် ဖြစ်ခိုက်က ရှိခဲ့တဲ့ ရုပ်,ဝေဒနာ စသည်ကို ရှုတာပါပဲ။ ယခု ယောဂီ တွေမှာ မြင်တဲ့စိတ်, ကြားတဲ့စိတ်, ကြံတဲ့စိတ် ဖြစ်ပြီးတဲ့အခါ မြင်တယ်, ကြားတယ်, ကြံတယ်လို့ ရှုသိတာမျိုးပါပဲ။ စျာန်စိတ်ဖြစ် ခိုက်မှာ အဲဒီစျာန်၏ တည်မှီရာရုပ်လည်းရှိတယ်။ အဲဒီ စျာန်စိတ် ကြောင့်ဖြစ်တဲ့ ရုပ်တွေလည်းရှိတယ်။ အဲဒီရုပ်တွေက အင်မတန် သန့်ပြန့်ကောင်းမွန်တယ်။ အဲဒီရုပ်ကောင်တွေ ကိုယ်ထဲမှာ ပျံ့နှံ့

http://www.dhammadownload.com

နေတဲ့အတွက် အလွန်ပင်နေကောင်းနေတတ်တယ်။ ဥဒယဗ္ဗယ ဉာဏ်အခိုက်မှာ ဖြစ်နေတဲ့ ရူပ်မျိုးတွေပါပဲ။ အဲဒီတည်မီရာ ရူပ်နဲ့စျာန်ကြောင့်ဖြစ်တဲ့ ရူပ်တွေကို ဒီပါဠိမှာ ယဒဝေရူပဂတံလို့ ပြဆိုထားတယ်။ စျာန်စိတ်နဲ့ တပေါင်းတည်းယှဉ်တွဲပြီးဖြစ်တဲ့ ဝေဒနာစသည်ကို ဝေဒနာဂတံ-သညာဂတံ-သခါရဂတံ-လို့ ပြဆိုထားတယ်။ စျာန်စိတ်ကိုတော့ ဝိညာဏဂတံ-လို့ ပြဆိုထားတယ်။ အဲဒါဟာ စျာန်ရတဲ့ ပုဂ္ဂိုလ် စျာန်စိတ်စသည်ကို ဝိပဿနာရှုပုံပါပဲ။ ယခု ဒီကယောဂီတွေ ကြံ့သိစိတ်ဖြစ်ရင် ကြံတယ်လို့ ရှုမှတ်တာနဲ့ အတူတူပါပဲ။

အဲဒီလို ရှုပြီး ဉာဏ်ဖြင့် သိမြင်ပုံကိုတော့ အနိစ္စတော စသည်ဖြင့် ၁၁-ပါးပြထားတယ်။ ဉာဏ်ထူးတဲ့ပုဂ္ဂိုလ်မှာ အဲဒီ ၁၁-ပါးသော အခြင်းအရာတွေကို အကုန်လုံးသိနိုင်တယ်။ ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ်မှာ တော့ အကုန်လုံးမသိပေဘူး။ တချို့သာ သိပေလိမ့်မယ်။ အရေး ကြီးတာကတော့ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ ဒီအခြင်းအရာ သုံးပါး ဖြင့်သိဖို့ပါပဲ။ ဒါကြောင့် သုတ်ပေါင်းများစွာတို့မှာ မြတ်စွာ ဘုရားက အနိစ္စ,ဒုက္ခ,အနတ္တ ဒီသုံးမျိုးကိုသာ ဟောတော်မူပါတယ်။ ဒီသုံးပါးသိရင် ကျန်တဲ့ ၈-ပါးလည်း သိနိုင်တာပါပဲ။ သိနိုင်ပုံကတော့ ပလောက-ပျက်လွယ်တယ်ဆိုတာ အနိစ္စ-မမြဲဘူးဆိုတာနဲ့ သဘော အားဖြင့် အတူတူပါပဲ။ (၁) ရောဂါဆိုးနဲ့တူတယ်၊ (၂) အိုင်းအမာ-အနာအိုကြီးနဲ့တူတယ်၊ (၃) စူးနေတဲ့ ငြောင့်နဲ့တူတယ်၊ (၄) အယ-ဆင်းရဲ မကင်းဘူး၊ ၀ါ-မကောင်းမှုလိုပင် မကောင်းကျိုးပေးတတ်

http://www.dhammadownload.com

တယ်၊ (၅) အဖျားအနာနဲ့တူတယ်ဆိုတဲ့ အခြင်းအရာငါးပါးဟာ လည်း ဒုက္ခ-ဆင်းရဲဆိုတာနဲ့ အတူတူပါပဲ။ (၁) ပရ-သူတစိမ်းနဲ့ တူတယ်။ (၂) သုည-အတ္တကောင်မှ ကင်းဆိတ်နေတယ်ဆိုတဲ့ ဒီ၂-ပါးဟာလည်း အနတ္တ မဟုတ်, အစိုးမရဘူးဆိုတာနဲ့ အတူတူပါပဲ။ ဒါကြောင့် အနိစ္စ,ဒုက္ခ,အနတ္တအားဖြင့် ရှုမြင်ပုံကို ဒီနေရာမှာ ရှင်း ပြောရမယ်။

အနိစ္စ, အနိစ္စလက္ခဏာ, အနိစ္စာနုဿနာ

အနိစ္စံ ဝေဒိတဗ္ဗံ-အနိစ္စကို သိရမယ်။ အနိစ္စတော ဝေဒိတ ဗ္ဗာ-မမြဲဟု မှတ်သိရကြောင်း အနိစ္စလက္ခဏာကို သိရမည်။ အနိစ္စာ နုပဿနာ ဝေဒိတဗ္ဗာ-မမြဲဟု ရှုသိသော ဝိပဿနာဉာဏ်ကို သိရ မည်-လို့ အဋ္ဌကထာမှာ မိန့်ဆိုထားတယ်။ အဲဒါကို လိုက်ဆိုကြ ရမယ်။

အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာ နုပဿနာကို သိရမည်။

အနိစ္စဆိုတာ ဘာလဲဆိုတော့ အနိစ္စန္တိ ခန္ဓပဉ္စကံ-မမြဲတဲ့ အနိစ္စဟူသည်မှာ ခန္ဓာငါးပါး အပေါင်းပဲ-လို့ ဖွင့်ပြထားပါတယ်။ အဲဒါကိုလည်း ဆိုကြရမယ်။

ခန္ဓာငါး၀၊ အနိစ္စ၊ မှတ်ကြ မမြဲပေ။

အဲဒီ မမြဲတဲ့ ခန္ဓာငါးပါးဆိုတာ စျာန်စိတ်ဖြစ်ခိုက်က ရှိခဲ့တဲ့ ရုပ်နာမ်တွေပါပဲ။ အဲဒါတွေကို ပါဠိ၌ ရူပဂတံ ဝေဒနာဂတံစသည် ဖြင့် ပြဆိုထားတာပါပဲ။ အဲဒါဟာ စျာန်မှထပြီး ရှုတဲ့အခါအနိစ္စ-

http://www.dhammadownload.com

မမြဲဘူးလို့ တိုက်ရိုက်သိရမယ့် တရားပဲ။ မြင်တယ်, ကြားတယ်, ကြံ့သိတယ်လို့ ရှုမှတ်နေကြတဲ့ ယောဂီတွေမှာ မြင်ခိုက်ကြားခိုက် ကြံ့သိခိုက်က ရုပ်နာမ်တွေကို မမြဲဘူးလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် တိုက်ရိုက်သိရတာမျိုးပါပဲ။ အနိစ္စ-မမြဲဘူးလို့ မှတ်သိရကြောင်း လက္ခဏာက ဘာလဲဆိုတော့-

ဟုတ္တာ-မူလက မရှိသေးဘဲ ရှိလာ ဖြစ်ပေါ်လာပြီးနောက်၊ အဘာဝါကာရော-မရှိတော့ဘဲ ချုပ်ပျက်သွားသော အခြင်းအရာသည်။ အနိစ္စလက္ခဏံ-အနိစ္စဟု မှတ်သိရကြောင်း လက္ခဏာမည်ပါတယ်တဲ့၊ အဲဒီအဆိုကို "ဖြစ်ပေါ်ပြီးနောက်ကွယ်ပျောက်သွားတာက **အနိစ္စလက္ခဏာ**"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ။

ဘယ်ဟာမဆို ဖြစ်ပေါ်ပြီး ပျောက်သွားရင် မမြဲတာချည်းပဲ၊ ဥပမာအားဖြင့် ကွင်းပြင်ထဲမှာ အိမ်တစ်လုံးဆောက်လိုက်တယ်။ အဲဒီအိမ်ဟာ အစက မရှိသေးဘဲ အသစ်ဖြစ်ပေါ်လာတာ မဟုတ်လား။ အဲဒီအိမ်က တစ်နေ့ကျတော့ ပျက်သွားမယ် မဟုတ်လား။ အဲဒီ ပျက်သွားတဲ့အိမ်ကို မြဲတယ်လို့ ဆိုရမလား။ မမြဲဘူးလို့ ဆိုရမလား။ (မမြဲဘူးလို့ ဆိုရပါမယ်ဘုရား)။ အဲဒါလိုပဲ၊ ဖြစ်ပေါ်လာပြီး ပျောက်သွားတဲ့ တရားတွေဟာ မမြဲတာတွေချည်းပဲ။ တစ်နည်း-ဥပမာအားဖြင့် လူတစ်ယောက် မွေးလာတယ်။ အဲဒါဟာ အစက

http://www.dhammadownload.com

မရှိသေးဘဲ အသစ်ဖြစ်ပေါ်လာတာပဲ။ အဲဒီလူဟာ တစ်နေ့ကျတော့ သေသွားတယ်။ အဲဒီလူကို မြတယ်လို့ ဆိုရမလား။ မမြဘူးလို့ ဆိုရမလား။ (မမြဘူးလို့ ဆိုရပါမယ်ဘုရား)။ အဲဒီလို ဖြစ်ပေါ်ပြီး ပျောက်ကွယ်ပျက်စီးသွားတဲ့ တရားတွေဟာ မမြဲတာချည်းပဲ။ နောက်ဥပမာတစ်ခုကတော့ မိုးရွာတဲ့အခါ လျှပ်ရောင်ကလေး ပေါ်လာတယ်။ အဲဒါဟာ အစက မရှိသေးဘဲ အသစ်ဖြစ်ပေါ်လာတာပဲ။ ပေါ်လာပြီးတော့ အဲဒီလျှပ်ရောင်ကလေးဟာ တည်နေသလား။ ပျောက်ကွယ်သွားသလား။ (ပျောက်ကွယ်သွားပါတယ်ဘုရား)။အဲဒီလျှပ်ရောင်ကို မြဲတယ်လို့ ဆိုရမလား။ မမြဲဘူးလို့ဆိုရမလား၊ (မမြဲဘူးလို့ ဆိုရပါမယ်)။ အဲဒီလျှပ်ရောင်ကို မမြဲဘူးလို့ ဆိုရတာဟာ အသစ်ပေါ်လာပြီး ပျောက်သွားလို့ မဟုတ်လား။ (မှန်ပါတယ်ဘုရား။ ဒါကြောင့် ဖြစ်ပေါ်ပြီး ပျောက်သွားတဲ့ အခြင်းအရာကို အနိစ္စလက္ခဏာလို့ ဆိုရမယ်။

ထိသိမှု, ကြံသိမှု, ကြားသိမှု, မြင်မှု စသည်တွေကို မပြတ်ရှုမှတ်နေတဲ့ယောဂီဟာ သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ မှတ်တိုင်းမှတ်တိုင်း အသစ်သစ်ဖြစ်ပေါ်လာတာကိုလည်း တွေ့ရတယ်။ အဲဒါဟာ ဥဒယဆိုတဲ့အဖြစ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်တာပဲ။ ဖြစ်ပြီး ချက်ချင်းပင် ပျောက်ပျောက်သွားတာကိုလည်း တွေ့ရတယ်။ အဲဒါဟာ ဝယဆိုတဲ့ အပျက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်တာပဲ။ အဲဒီလို တွေ့မြင်ရတဲ့အတွက် ထိသိတာလည်း မမြဲဘူး၊ ကြံသိတာလည်း မမြဲဘူး၊ ကြားသိတာလည်း မမြဲဘူး၊

http://www.dhammadownload.com

ရှုသိတာလည်း မမြဘူး စသည်ဖြင့် သဘောကျကျသွားတယ်။ အဲဒါဟာ ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားတယ်ဆိုတဲ့ အနိစ္စလက္ခဏာကို တကယ်တွေ့မြင်ပြီး မမြဘူးလို့ သိမြင်တဲ့ အနိစ္စာနုပဿနာပဲ။ ဒါကြောင့် "ရှုမှတ်ဆဲမှာ (ဖြစ်ပေါ်ပြီးနောက်) ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြလို့ သိတာက အနိစ္စာနုပဿနာဉာဏ်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဟု သိတာက အနိစ္စာနုပဿနာဉာဏ်။

အဲဒီလိုသိတာကလည်း ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်နေရင်း သိတာကိုသာ ဆိုလိုတယ်။ ရှုမှတ်ခြင်းမရှိဘဲ သုတမယအားဖြင့် ဆင်ခြင်ပြီး သိတာကိုတော့ မဆိုလိုပါဘူး။ ဒါကြောင့် **ရှုမှတ်ဆဲမှာ**လို့ အာဓာ ရဝိသေသနပုဒ်ပါ ဆောင်ပုဒ်ထဲမှာ ထည့်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှုမှတ်ခြင်းမရှိဘဲ ဆင်ခြင်ပြီး သိတယ်ဆိုတာက တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်အစစ်၏ အဖြစ်အပျက်အစစ်ကို မသိသောကြောင့်ပါပဲ။

မေတ္တာစျာန်ရ ပုဂ္ဂိုလ်က မေတ္တာစျာန်ကို ဝင်စားတယ်။ ဝင်စားဆိုတာ ချမ်းသာပါစေ၊ ချမ်းသာကြပါစေလို့ နှလုံးသွင်းရင်း ချမ်းသာစေလိုတဲ့ မေတ္တာစျာန်စိတ် ဖြစ်သွားတာပါပဲ။ အဲဒီစျာန်စိတ်က တစ်စက္ကန့်မျှ မကြာခင် ရပ်သွားတာလည်း ရှိတယ်။ ၁-စက္ကန့်, ၂-စက္ကန့်, ၃-စက္ကန့် စသည် ၁-မိနစ်, ၂-မိနစ်, ၃-မိနစ်စသည်ဖြင့် ကြာမှ ရပ်စဲသွားတာလည်းရှိတယ်။ အဲဒီစျာန်စိတ် ရပ်စဲသွားတဲ့

http://www.dhammadownload.com

အခါ ဖြစ်နေကျ ရိုးရိုးကာမစိတ်များ ဖြစ်လာတယ်။ အဲဒါကို စျာန်မှ ထတယ်လို့ ဆိုရတာပဲ။ ဘဝင်ကျပြီး အိပ်ပျော်နေရာမှ နိုးလာတဲ့ သဘောမျိုးပါပဲ။ စျာန်မှ ထတဲ့အခါ ဝိပဿနာရှုမယ်လို့ နှလုံးသွင်းပြီး စျာန်ဝင်စားတဲ့ ယောဂီမှာတော့ စျာန်စိတ်ရပ်စဲသွားသည်နှင့် တစ်ပြိုင်နက် ရှုသိတဲ့ဝိပဿနာစိတ် ဖြစ်လာတယ်။ အဲဒီစိတ်က ဖြစ်ပြီး ချုပ်သွားတဲ့စျာန်စိတ်ကို အဖြစ်အပျက် ၂-ရပ်ဖြင့် ပိုင်းခြားပြီး သိတယ်။ စျာန်စိတ်ဆိုပေမယ့် သူ့တစ်ပါးတည်းကိုသာ သိတာ မဟုတ်ပါဘူး။ သူနဲ့တစ်ပြိုင်နက် ဖြစ်ပျက်သွားတဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရတွေကိုရော သိသွားတာပါပဲ။ ဘယ်လို သိသွားသလဲ ဆိုတော့ ဖြစ်ပြီးပျက်သွားလို့ မမြဲဘူး စသည်ဖြင့် သိသွားတယ်။

အဲဒီနည်းဖြင့် ဝိပဿနာဉာဏ်ဖြစ်ပွားရအောင် ယခုလိုက် ဆိုပြီး မေတ္တာကိုလည်း ပွားစေကြရမယ်။ အဲဒီနှလုံးသွင်းရွတ်ဆိုတဲ့ မေတ္တာစိတ် စသည်နဲ့ ရွတ်ဆိုရုပ်,အသံရုပ်တွေ ဖြစ်ပျက်သွားလို့ မမြဲ တာကိုလည်း ရှုကြရမယ်။ ကဲ. . . လိုက်ဆိုကြ။

♦ **အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ. . . ၊ ချမ်းသာကြပါစေ. . . ၊ ချမ်းသာကြပါစေ. . . ။**

ဒုက္ခ, ဒုက္ခလက္ခဏာ, ဒုက္ခာနုပဿနာ

ဒုက္ခဆိုတာ ဘာလဲဆိုတော့ 'ယဒနိစ္စံ တံ ဒုက္ခံ' မမြဲတဲ့ တရားဟာ ဆင်းရဲပဲလို့ ဟောတော်မူသောကြောင့် မမြဲတဲ့ ခန္ဓာငါးပါးဟာ ဒုက္ခ-ဆင်းရဲပါပဲ။ အဲဒီ ဒုက္ခမည်တဲ့ ခန္ဓာတွေထဲမှာ

http://www.dhammadownload.com

ဝေဒနာ-ကွန္ဓာ၏ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ဒုက္ခဝေဒနာတစ်ပါးသာ အခံရခက်တဲ့ ဆင်းရဲမည်ပါတယ်။ ကျန်တဲ့ခန္ဓာလေးပါးနဲ့ သုခ, ဥပေက္ခာတို့ကတော့ အခံရခက်တဲ့ သဘောမျှား မဟုတ်ကြပါဘူး။ ဒါပေမယ့် မမြဲတဲ့အတွက် နှစ်သက်သာယာဖွယ်မရှိလို့လည်း ဒုက္ခလို့ လည်း ဆိုရတယ်။ အခံရခက်တဲ့ ဒုက္ခဝေဒနာကို ဖြစ်ပေါ်စေပြီး နှိပ်စက်တတ်လို့လည်း ဒုက္ခလို့ ဆိုရပါတယ်။ အဲဒါကို " ခန္ဓာ ငါးဝ၊ မမြဲကြ၊ ဒုက္ခ ဆင်းရဲပေ" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

♦ **ခန္ဓာငါးဝ၊ မမြဲကြ၊ ဒုက္ခ ဆင်းရဲပေ။**

အဲဒီခန္ဓာငါးပါးဟာ ခဏမစဲဖြစ်ပျက်နေတဲ့အတွက် ဖြစ်ပျက်မှုက အဲဒီတရားတွေကို မပြတ်နှိပ်စက်နေသည် မည်တယ်။ နောက်ပြီးတော့ ညောင်းလိုက်, ပူလိုက် စသည်ဖြင့် အဲဒီခန္ဓာတွေ က မကြာခဏ နှိပ်စက်နေတယ်။ အဲဒီလို မပြတ်နှိပ်စက်အပ်, နှိပ်စက်တတ်သောကြောင့် အဲဒီ-ကြောက်ဖွယ်ဆင်းရဲမည်တယ်။ ဒါကြောင့် မပြတ်နှိပ်စက်တဲ့ အခြားအရာဟာ ဒုက္ခ-ဆင်းရဲလို့ မှတ် သိရကြောင်း လက္ခဏာပဲ။ အဲဒါကို "ဖြစ်ပျက် နှစ်ရပ်က မပြတ် နှိပ်စက်နေတာက ဒုက္ခလက္ခဏာ"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါ ကို ဆိုကြရမယ်။

♦ **ဖြစ်ပျက်နှစ်ရပ်က မပြတ်နှိပ်စက်နေတာက ဒုက္ခ လက္ခဏာ။**

ဖြစ်ဆဲရုပ်နာမ်တွေကို မပြတ်ရှုနေတဲ့ ယောဂီကတော့ ခဏ မစဲ ဖြစ်ပျက်နေတာကိုလည်း တွေ့နေရတယ်။ ညောင်းလိုက်,

http://www.dhammadownload.com

ပူလိုက် စသည်ဖြင့် မခံသာအောင် နှိပ်စက်နေတာကိုလည်း တွေ့ရတယ်။ ဒါကြောင့် နှစ်သက်ဖွယ်မရှိတဲ့ ဆင်းရဲတွေပဲ။ ကြောက်ဖွယ် ဆင်းရဲတွေပဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင် သဘောကျကျသွားတယ်။ အဲဒါက ဒုက္ခာနုပဿနာဉာဏ် အစစ်ပဲ။ အဲဒါကို "ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကိုတွေ့ရ၍ ဆင်းရဲဟုသိတာ က ဒုက္ခာနုပဿနာဉာဏ်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

♦ **ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟုသိတာ က ဒုက္ခာနုပဿနာဉာဏ်။**

ယခု "ချမ်းသာကြပါစေ- ချမ်းသာကြပါစေ"လို့ နှလုံးသွင်းရွတ်ဆိုပြီး မေတ္တာပွားနေရင်း ဖြစ်ပျက်နှစ်ရပ်က နှိပ်စက်နေပုံကို ရှုပြီး ဒုက္ခာနုပဿနာလည်း ပွားကြဦးစို့။ လိုက်ဆိုကြ။

♦ **အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ... ချမ်းသာကြပါစေ... ချမ်းသာကြပါစေ...။**

အနတ္တ, အနတ္တလက္ခဏာ, အနတ္တာနုပဿနာ

အနတ္တဆိုတာ ဘာလဲဆိုတော့ ယံ ဒုက္ခံ တဒနတ္တာ-ဒုက္ခတရားဟာ အနတ္တပဲလို့ ဟောတော်မူသောကြောင့် ဒုက္ခမည်တဲ့ ခန္ဓာငါးပါးဟာ အတ္တကောင်မဟုတ်တဲ့ အနတ္တတရားပါပဲ။ မမြဲတဲ့ တရားကို အမြဲတည်နေပါစေလို့ စီမံခန့်ခွဲလို့ မရဘူး။ ဆင်းရဲတရားကို ချမ်းသာကြပါစေလို့ စီမံခန့်ခွဲလို့ မရဘူး။ အဲဒီလို စီမံခန့်ခွဲလို့ မရတဲ့အပြင် မိမိ၏အတွင်းသား ကိုယ်ကောင်လို့ မဆိုနိုင်ဘူး။ ဒါကြောင့် အနတ္တ-အစိုးမရတဲ့ တရားပဲ။ အဲဒါကို "ခန္ဓာငါး၀၊ စိုး

http://www.dhammadownload.com

မရ၊ အတ္တမဟုတ်ပေ"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

♦ **ခန္ဓာငါးဝ၊ စိုးမရ၊ အတ္တမဟုတ်ပေ။**

ကိုယ့်ကိုယ်ဆိုရင် ကိုယ်အလိုရှိတဲ့အတိုင်း ဖြစ်ရမှာပဲ။ ခန္ဓာငါးပါးက ကိုယ့်အလိုအတိုင်း မဖြစ်ဘူး။ သူ့ဆိုင်ရာအကြောင်းရှိမှ ဖြစ်တယ်။ သူ့ဆိုင်ရာအကြောင်းရှိရင်တော့ မဖြစ်စေချင်ပေမယ့်လို့ မရဘူး၊ ဖြစ်ပေါ်လာတာပဲ။ ဖြစ်ပေါ်လာပြီး အကောင်းတွေကိုလည်း မပျက်ဘဲတည်နေစေချင်ပေမယ့်လို့ တည်မနေဘူး။ ပျက်ပျက်သွားတာပဲ။ အဲဒီလို အလိုအတိုင်းမဖြစ်ဘဲ အစိုးမရတဲ့အတွက် မိမိ၏ အတွင်းသား အတ္တမဟုတ်ဘူးလို့ မှတ်သိရတယ်။ ဒါကြောင့် "အဝ သဝတ္တနာကာရော အနတ္တလက္ခဏံ" အလိုအတိုင်း မဖြစ်သော အခြင်းအရာဟာ အတ္တမဟုတ်, အနတ္တလို့ မှတ်သိရကြောင်း အနတ္တလက္ခဏာပဲ ပြဆိုထားပါတယ်။ အဲဒါကို "အလိုအတိုင်း မဖြစ်တာက အနတ္တလက္ခဏာ"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

♦ **အလိုအတိုင်း မဖြစ်တာက အနတ္တလက္ခဏာ။**

ဖြစ်ဆဲ ရုပ်နာမ်တွေကို မပြတ်ရှုနေတဲ့ ယောဂီတွေကတော့ ကိုယ့်အလိုအတိုင်းမဖြစ်ဘဲ ဆိုင်ရာအကြောင်းအားလျော်စွာ သူ့သဘောအတိုင်း ဖြစ်ပျက်နေတာကို မပြတ်တွေ့နေရတယ်။ ဒါကြောင့် အစိုးမရတဲ့ အနတ္တသဘောတရားပဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားပြီးသိသိသွားတယ်။ အဲဒါဟာ အနတ္တာနုပဿနာဉာဏ်

http://www.dhammadownload.com

အစစ်ပဲ။ အဲဒါကို "ရှုမှတ်ဆဲမှာ အလိုအတိုင်းမဖြစ်တာကို တွေ့ရ၍ အစိုးမရ, ငါကောင်မဟုတ်ဟု သိတာက အနတ္တာနုပဿနာဉာဏ်" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

- **ရှုမှတ်ဆဲမှာ အလိုအတိုင်း မဖြစ်တာကို တွေ့ရ၍ အစိုးမရ, ငါကောင်မဟုတ်ဟုသိတာက အနတ္တာနုပဿနာဉာဏ်။**

ချမ်းသာကြပါစေ-ချမ်းသာကြပါစေလို့ မေတ္တာပွားရာမှာလည်း မိမိက တစ်နေ့လုံး, တစ်ညလုံး မေတ္တာဘာဝနာချည်းဖြစ်ပွားနေစေချင်ပေမယ်လို့ အဲဒီလို လှုံ့ဆော်ပေးတဲ့ လုံ့လဝီရိယက မရှိရင် မဖြစ်ဘူး။ ဆန္ဒ, ဝီရိယ, စေတနာ အပြည့်အစုံရှိမှ ဖြစ်တယ်။ ဒါကြောင့် မိမိ၏ အလိုမျှဖြင့် မဖြစ်တဲ့အနတ္တတရားပဲ။ အဲဒီ အနတ္တသဘောကိုလည်း နောက်ကလိုက်ပြီးရှုရအောင် မေတ္တာကို ပွားကြဦးစို့။ လိုက်ဆိုကြ၊ ဖြည်းဖြည်းချင်းဆိုပေးမယ်။

- **အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ. . . ၊ ချမ်းသာကြပါစေ. . . ၊ ချမ်းသာကြပါစေ. . . ။**

ယခုပြောခဲ့တဲ့အတိုင်း "ချမ်းသာကြပါစေ"လို့ နှလုံးသွင်းရွတ်ဆိုပြီး အနိစ္စ စသည်ဖြင့် ထင်မြင်အောင် ရှုတာက ကာမာဝစရ ကုသိုလ် မေတ္တာစိတ် စသည်ကို ရှုတာပဲ။ ဈာန်ရပုဂ္ဂိုလ်မှာ မေတ္တာ ဈာန်စိတ် စသည်ကို ရှုတာကတော့ မဟဂ္ဂုတ်ဈာန် ကုသိုလ်စိတ် စသည်ကို ရှုတာပဲ။ ကာမာဝစရနဲ့ မဟဂ္ဂုတ်အဖြစ်မျှသာ ကွဲပြားပါတယ်။ မေတ္တာကို ရှုပုံချင်းကတော့ ထပ်တူပါပဲ။ ဒါကြောင့် အဲဒီ

http://www.dhammadownload.com

မေတ္တာကုသိုလ်စိတ် စသည်ကို ရှုနေရင် ဝိပဿနာဉာဏ်ရင့်သန်တဲ့ အခါ အရိယမဂ်ဉာဏ်ဖြင့် ရုပ်နာမ်ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။ အဲဒီ မဂ်ဉာဏ်၏အခြားမဲ့မှာ ဖိုလ်ဉာဏ်ဖြင့်လည်း မျက်မှောက်ပြုသွားတယ်။ အဲဒီလို မျက်မှောက်ပြုရင် အောက်ထစ်ဆုံး သောတာပန် ဖြစ်သွားတော့တာပဲ။ မေတ္တာစျာန်ရတဲ့ပုဂ္ဂိုလ်ကတော့ သောတာပန်ဖြစ်ရုံမျှတွင် မရပ်သေးဘဲ ဆက်ပြီးရှုမှတ်သွားသဖြင့် သကဒါဂါမိ မဂ်ဖိုလ်အနာဂါမိမဂ်ဖိုလ်, တို့ဖြင့်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အနာဂါမ်ပုဂ္ဂိုလ် အဖြစ်အထိ အများအားဖြင့် ရောက်သွားတတ်တယ်။ အနာဂါမ် ဖြစ်သွားရင် ကာမရာဂ လုံးဝကင်းသွားတဲ့အတွက် ကာမဘုံမှာ ဖြစ်ခွင့်မရှိတော့ဘူး။ ရူပါဝစရဘုံ အရူပါဝစရဘုံများမှာသာ ဖြစ်ဖို့ရှိတော့တယ်။ အဲဒီဘုံတွေထဲမှာလဲ အများအားဖြင့် သုဒ္ဓါဝါသဆိုတဲ့ ရူပါဝစရဘုံများ၌ ဖြစ်တတ်တယ်။ ဒါကြောင့် -

ဒုတိယ မေတ္တာသုတ်အဆက်

သော-ထိုမေတ္တာစျာန်ကို အနိစ္စ စသည်ဖြင့် ရှုသောပုဂ္ဂိုလ်သည်၊ ဝါ-မေတ္တာစျာန်စသည်ကို အနိစ္စ စသည်ဖြင့် ရှု၍ အနာဂါမ်ဖြစ်သွားသော ထိုပုဂ္ဂိုလ်သည်၊ ကာယသ ဘေဒါ ရုပ်ကိုယ်ပျက်စီးသည်မှ၊ မရဏာ-သေသည်မှ၊ ပရံ-နောက်၌၊ သုဒ္ဓါဝါသာနံ ဒေဝါနံ-သုဒ္ဓါဝါသဘုံသား နတ်ပြဟ္မာတို့၏၊ သဟဗျတံ-အတူနေ အတန်းတူ ပြဟ္မာအဖြစ်သို့၊ ဥပဇ္ဇတိ-ကပ်ရောက်၍ဖြစ်၏၊ ဘိက္ခဝေ-ရဟန်း

http://www.dhammadownload.com

တို့၊ အယံ-ဥပပတ္တိ-ဤသုဒ္ဓါဝါသသို့ ကပ်ရောက်၍ ဖြစ်ခြင်းသည်၊ ပုထုဇနေဟိ-ပုထုဇဉ်ခေါ် အများစု သတ္တဝါတို့နှင့်၊ အသာဓာရဏာ-မသက်ဆိုင်သော အဖြစ်ထူးပေတည်း-လို့ မြတ်စွာဘုရားက ဆက်လက်ပြီး ဟောကြားတော်မူပါတယ်။

အဲဒီမှာ သုဒ္ဓါဝါသဘုံသို့ ရောက်တယ်ဆိုတော့ စတုတ္ထစျာန်ကိုလည်း ရထားဖို့ လိုပါတယ်။ မေတ္တာဘာဝနာဖြင့် တတိယစျာန်အထိသာရနိုင်တယ်။ ဒီတော့ သုဒ္ဓါဝါသ၌ ဖြစ်တာဟာ ဘယ်လိုဖြစ်တာပါလဲလို့ မေးစရာရှိပါတယ်။ အဖြေကတော့ မေတ္တာစျာန်ကိုရှုပြီး အနာဂါမ်ဖြစ်သွားတဲ့နောက်မှာ ဥပေက္ခာဘာဝနာဖြင့် စတုတ္ထစျာန်ကိုလည်း ရသွားတယ်။ အဲဒီလိုရဖို့ဆိုတာကလည်း အနာဂါမ်မှာ မခက်ပါ ဘူး။ အလွယ်ကလေးပါပဲ။ မူလက ဘာစျာန်ကိုမျှမရဘဲ ဝိပဿနာရှုပြီး အနာဂါမ်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်မှာလည်း စတုတ္ထစျာန်အထိ အလွယ်တကူဖြင့်ပင် ရပြီးတော့ အဲဒီသုဒ္ဓါဝါသဘုံကို ရောက်သွားနိုင်ပါတယ်။ ဒါကြောင့် ဥပေက္ခာဘာဝနာဖြင့် စတုတ္ထစျာန်ကို ရှုပြီး သုဒ္ဓါဝါသဘုံသို့ ရောက်သွားတယ်လို့ မှတ်ယူဖို့ပါပဲ။

ပုထုဇဉ်ပုဂ္ဂိုလ်မှာတော့ မေတ္တာစျာန်နှင့် ဥပေက္ခာစျာန်ကို ရပေမယ့် အဲဒီသုဒ္ဓါဝါသဘုံများသို့ မရောက်နိုင်ဘူး။ ဒါကြောင့် သုဒ္ဓါဝါသဘုံ၌ ဖြစ်ခြင်းကို ပုထုဇဉ်တွေနဲ့ မဆိုင်ကြောင်းလည်း ဖော်ပြသွားပါတယ်။ သောတာပန်, သကဒါဂါမ်များလည်း အဲဒီသုဒ္ဓါဝါသဘုံ၌ မဖြစ်နိုင်ဘူး မဟုတ်ပါလား။ အဲဒီ သောတာပန်, သကဒါဂါမ်တို့နှင့် မဆိုင်ကြောင်းကိုတော့ ဘာကြောင့် မဟောပါ

http://www.dhammadownload.com

သလဲလို့ ဒီလိုလဲမေး စရာရှိပါတယ်။ သောတာပန်, သကဒါဂါမ်တွေ ကလဲ အဲဒီသုဒ္ဓါဝါသဋ္ဌ မဖြစ်နိုင်တာမှန်ပါတယ်။ ဒါပေမယ့် သောတာပန်သကဒါဂါမ်တွေကတော့ အနာဂါမ်အဖြစ်သို့ အလွယ်တကူနဲ့ရောက်ပြီး အဲဒီ သုဒ္ဓါဝါသမှာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဖြစ်ခွင့်မရှိတဲ့ ပုထုဇဉ်တွေနဲ့သာ မဆိုင်ကြောင်း ဖော်ပြတော်မူတယ်လို့ မှတ်ယူသင့်ပါတယ်။

ယခုဟောခဲ့တာက အဂ္ဂိုတ္တရနိကာယ်၊ စတုက္ကနိပါတ်မှ ဒုတိယမေတ္တာသုတ်ပဲ။ ပထမမေတ္တာသုတ်မှာတော့ မေတ္တာဈာန်ရပြီး ပုထုဇဉ်အဖြစ်နဲ့ပဲ သေဆုံးသွားရင် ရ,ထားတဲ့ဈာန်အားလျော်စွာ ပထမဈာန်ဘုံ, ဒုတိယဈာန်ဘုံ, တတိယဈာန်ဘုံ,ဝေဟပ္ဖလ်ဘုံတို့မှာ ဖြစ်ပြီး အဲဒီဘုံများက အသက်တမ်းကုန်လို့ စုတေတဲ့အခါ ကာမသုဂတိသို့ ပြန်ရောက်ပြီးတော့ အပါယ်လေးပါးသို့လည်း ရောက်နိုင်ကြောင်းနှင့် မြတ်စွာဘုရားတပည့် အရိယာဖြစ်ပြီး၊ ပုဂ္ဂိုလ်ကတော့ အဲဒီပြဟ္မလောကမှာပဲ ရဟန္တာဖြစ်ပြီး၊ အဲဒီမှာပဲ ပရိနိဗ္ဗာန်စံတဲ့ အကြောင်းများကို ဟောထားပါတယ်။ အဲဒါကိုလည်း ကြည်ညြိုရအောင် နိဿယနည်းဖြင့် ပါဠိအနက်ကို ရွတ်ဆိုပြီး ဟောပြပါဦးမယ်။

ပထမ မေတ္တသုတ် (အံ-ပ၊ ၄၄၃)

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤလောကဌ၊ ဧကစ္စောပုဂ္ဂလော-အချို့ပုဂ္ဂိုလ်သည်၊ မေတ္တာသဟဂတေန စေတသာ-မေတ္တာ

http://www.dhammadownload.com

နှင့်တကွ ဖြစ်သောစိတ်ဖြင့်၊ ဧကံ ဒိသံ-အရပ်မျက်နှာတစ်ခုကို၊ ဖရိတ္တွာ ဝိဟရတိ-ဖြန့်၍နေ၏။ တထာ ဒုတိယံ-ထို့အတူ ဒုတိယ အရပ်မျက်နှာကို ဖြန့်၍နေ၏။ တထာ တတိယံ-ထို့အတူ တတိယ အရပ်မျက်နှာကို ဖြန့်၍နေ၏။ တထာ စတုတ္ထံ-ထို့အတူ စတုတ္ထ အရပ်မျက်နှာကို ဖြန့်၍နေ၏။ ဣတိ-ဤနည်းဖြင့်၊ ဥဒ္ဓံ-အထက် အရပ်ကိုလည်းကောင်း၊ အဓော-အောက်အရပ်ကို လည်းကောင်း၊ တိရိယံ-ဖီလာ ထောင့်အရပ်ကိုလည်းကောင်း၊ သဗ္ဗဓိ-အရပ် အားလုံး၌၊ သဗ္ဗတ္တတာယ-သတ္တဝါဟူသမျှကို မိမိကိုယ်နှင့်အတူထား လျက်၊ ဝါ-စိတ်အားလုံးဖြင့်၊ သဗ္ဗဝန္တံ လောကံ-သတ္တဝါအားလုံးရှိ သော လောကကို၊ မေတ္တာသဟဂတေန စေတသာ-ချမ်းသာစေလို သောစိတ်ဖြင့်၊ ဝိပုလေန-ကျယ်ပြန့်သောစိတ်ဖြင့်၊ မဟဂ္ဂတေန-မဟဂ္ဂုတ်ခေါ် စျာန်စိတ်ဖြင့်၊ အဝေရေန-ရန်ကင်းသောစိတ်ဖြင့်၊ အဗျာပဇ္ဇေန-နှလုံးမသာမှုကင်းသောစိတ်ဖြင့်၊ ဖရိတ္တွာဝိဟရတိ-ဖြန့်၍နေ၏။

ဒီထိအောင် ဒေသနာကတော့ ဒုတိယမေတ္တာသုတ်နှင့် အတူ တူပါပဲ။ စျာန်ရပြီး စျာန်ဖြင့် ဖြန့်နေပုံ, စျာန်ဝင်စားနေပုံကို ပြ တာပါပဲ။ ဒီကနောက်တော့ ဝိပဿနာမရှုဘဲ သာယာသိမ်းပိုက် သောအားဖြင့် ထူခြားပုံကို ပြတော်မူပါတယ်။

သော-ထိုပုဂ္ဂိုလ်သည်၊ တံ-ထိုမေတ္တာစျာန်ကို၊ အဿာဒေတိ -သာယာ၏၊ တံ-ထိုစျာန်ကို၊ နိကာမေတိ-ကြိုက်နှစ်သက်၏၊ တေန-ထိုစျာန်ဖြင့်၊ ဝိတ္တိ စ အာပဇ္ဇတိ-အားရဝမ်းမြောက်ခြင်းသို့လည်း

http://www.dhammadownload.com

ရောက်၏။ တတ္ထ ဌိတော-ထိုစျာန်၌ တည်လျက်၊ တဒဓိမုတ္တော ထိုစျာန်ကို နှလုံးသွင်းစွဲလမ်းလျက်၊ တဗ္ဗဟုလဝိဟာရီ-ထိုစျာန်ဖြင့် အကြိမ်များစွာဝင်စားနေလျက်၊ အပရိဟိနော-ထိုစျာန်မှ မလျော့ဘဲ၊ ကာလံကုရုမာနော-သေဆုံးလတ်သော်၊ ပြဟ္မကာယိကာနံ ဒေဝါနံ-ပထမစျာန် ပြဟ္မာတို့၏၊ သဟဗျတံ-အတူနေတန်းတူပြဟ္မာ အဖြစ်သို့၊ ဥပ္ပဇ္ဇတိ-ကပ်ရောက်၍ဖြစ်၏။ (ဒါက မေတ္တာ ပထမ စျာန်ကိုသာ ရတဲ့သူ၏ ဖြစ်ပုံကိုပြောတဲ့စကားပဲ)၊ သော-မေတ္တာ ဒုတိယ စျာန်ကိုရသော ထိုပုဂ္ဂိုလ်သည်၊ တံ-ထိုစျာန်ကို၊ အဿာ ဒေတိ-သာယာ၏။ ပ။ တဗ္ဗဟုလဝိဟာရီ-ထိုစျာန်မှ မလျော့ဘဲ၊ ကာလံကုရုမာနော-သေဆုံးလတ်သော်၊ အာဘဿရာနံ ဒေဝါနံ-အာဘဿရာပြဟ္မာတို့၏၊ သဟဗျတံ-အတူနေတန်းတူ ပြဟ္မာ အဖြစ်သို့၊ ဥပ္ပဇ္ဇတိ-ကပ်ရောက်၍ ဖြစ်၏။

ဒါက မေတ္တာဒုတိယစျာန်ကို ရတဲ့သူ၏ ဖြစ်ပုံကို ပြောတဲ့ စကားပါပဲ။ ပရိတ္တာဘာ အပ္ပမာဏာဘာ အာဘဿရာ-လို့ ဒုတိယ စျာန် ၃-ဘုံရှိရာမှာ အမြင့်ဆုံးအာဘဿရာဘုံဖြင့် ပဓာနပြုပြီး ပြတာပါပဲ။ အဲဒီကနောက် မေတ္တာတတိယစျာန်ရပြီး သေတဲ့အခါ ပရိတ္တသုဘာ, အပ္ပမာဏာသုဘာ, သုဘကိဏ္ဏာဆိုတဲ့ တတိယစျာန် ၃-ဘုံရှိရာမှာ အမြင့်ဆုံး သုဘကိဏ္ဏာဘုံရောက်ပုံကိုလည်း ပဓာန ပြုပြီး ပြတော်မူပါတယ်။ အဲဒီကနောက် ဥပေက္ခာဘာဝနာ စသည် ဖြင့် ရကောင်းတဲ့ စတုတ္ထစျာန်ကို ရပြီး အဲဒီစျာန်ကို သာယာ လျက်သေတဲ့ အခါ ဝေဟပ္ဖလ်ဘုံသို့ ရောက်ပုံကိုလည်း ပြတော်မူပါ

http://www.dhammadownload.com

တယ်။ အဲဒါက ပုထုဇဉ်တို့ရောက်တဲ့ ရူပါဝစရဘုံထဲမှာ အမြင့်ဆုံး ဘုံဖြစ်တယ်။ အသက်တမ်းကလည်း ကမ္ဘာပေါင်း ၅၀၀-ရှိတယ်။ အဲဒီဘုံတွေ ရောက်ပြီးတော့ အသက်တမ်းကုန်တဲ့အခါ လူ့ဘုံ, ကာမာ ဝစာရနတ်ဘုံများသို့ ပြန်လာပြီတော့ အပါယ်လေးပါးလည်း ရောက်နိုင်ပုံကို ဒီလို ဆက်လက်ပြတော်မူပါတယ်။

တတ္ထ-ထိုပြဟ္မလောကၽ၊ ပုထုဇ္ဇနော-ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ ယာဝတာယုကံ-အသက်တမ်းရှိသမျှ ကာလပတ်လုံး၊ ဌတ္မာ-တည် နေပြီး၍၊ ယာဝတကံ တေသံ ဒေဝါနံ အာယုပ္ပမာဏံ တံသဗ္ဗံ- ထို ပြဟ္မာတို့၏ ရှိသမျှအသက်တမ်းအားလုံးကို၊ ခေပေတ္မာ-ကုန်စေ၏။ (အသက်တမ်းရှိသမျှနေပြီးလျှင်-လို့ ဆိုလိုတာပါပဲ)၊ နိရယမ္ဘိ ဂစ္ဆတိ-ငရဲသို့လည်း ရောက်တတ်၏၊ ပေတိ ဝိသယမ္ဘိ ဂစ္ဆတိ-ပြိတ္တာဘုံသို့ လည်း ရောက်တတ်၏။

ဒီစကားရပ်သုံးခုကတော့ ငရဲ,တိရစ္ဆာန်,ပြိတ္တာဖြစ်ကြောင်း ကံကိလေသာ မကင်းသေးသောကြောင့် အဲဒီဘုံများ ရောက်နိုင်တာ ကို ပြတာပါပဲ။ ပြဟ္မာဘဝမှ သေပြီး ချက်ချင်းတော့ အပါယ်ဘုံများ မရောက်နိုင်ပါဘူး။ဘာကြောင့်လဲဆိုတော့၊ ပြဟ္မလောကသို့ ရောက် ကြောင်းစျာန်ကို ဖြစ်ပွားနေစေစဉ် ဘဝတုန်းက ဥပစာရသမာဓိ ကုသိုလ်ကံကြောင့် လူ့လောက, နတ်လောကၽသာ ဖြစ်ရိုးရှိပါတယ်။ ဒါကြောင့်ပါပဲ၊ မေတ္တာစျာန်ရပြီး အရိယာမဂ်ဖိုလ်တရားထူးကိုရတဲ့ ဘုရားတပည့်အစစ်ဖြစ်သူကတော့ ကိလေသာ မကင်းသေးရင် သေ သည်၏ အခြားမဲ့မှာ ပြဟ္မလောကသို့ ရောက်တယ်။ အဲဒီပြဟ္မ

http://www.dhammadownload.com

လောကမှာပဲ အရဟတ္တမဂ်ဖိုလ်သို့ရောက်ပြီး ပရိနိဗ္ဗာန်စံရတယ်။ အဲဒီလို ထူးခြားပုံကိုလည်း ဒီလိုဆက်ပြီး ဟောတော်မူပါတယ်။

ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကော ပန-အရိယာ သာဝက တပည့်သည်ကား၊ (ဒီစကားဖြင့် မေတ္တာစျာန်အခြေခံပြီး ဝိပဿနာ ရှုလို့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, အရိယာ သာဝကဖြစ်ကြောင်းကို ပြပါတယ်)၊ တတ္ထ-ထိုဗြဟ္မလောကဌ၊ ယာဝ တာယုကံ-အသက်တမ်းရှိသမျှ ကာလပတ်လုံး၊ ဌတ္မာ-တည်နေပြီး ၍၊ ယာဝတကံ တေသံ ဒေဝါနံ အာယုပ္ပမာဏံ၊ တံ သဗ္ဗံ ခေပေတ္မာ-ထိုဗြဟ္မာတို့၏ ရှိသမျှအသက်တမ်းအားလုံးကို ကုန်စေ၍၊ တသ္မိံ ယေဝဘဝေ-ထိုဗြဟ္မာဘဝ၌ပင်လျှင်၊ ပရိနိဗ္ဗာယတိ-ပရိနိဗ္ဗာန်စံရ လေတော့၏၊ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-"စျာန်ရ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဗြဟ္မာဖြစ်ပြီးလျှင် အသက်တမ်းကုန်သောအခါ ကာမသုဂတိသို့ ပြန်ရောက်ပြီးနောက် ဝရဲ,တိရစ္ဆာန်,ပြိတ္တာဘဝများ၌လည်း ဖြစ်နိုင်ခြင်းနှင့် မေတ္တာစျာန်ရ အရိယာသာဝကသည်ကား ဗြဟ္မာ ဖြစ်ပြီးလျှင် ထိုဗြဟ္မာလောကဌသာလျှင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံ ရခြင်း"ဟူသော ဤနှစ်ထွေသည်၊ ဝိသေသော-ကွဲပြားထူးခြားခြင်း ပေတည်း။

ယခုပြောခဲ့တဲ့ ပထမမေတ္တာသုတ် အရအားဖြင့် သိစေလိုတာ ကတော့ မေတ္တာစျာန်ကို ရ၍ ထိုစျာန်မျှနဲ့ အားရကျေနပ်နေလျှင် သေသည်၏အခြားမဲ့မှာ ဗြဟ္မာပြည်သို့ ရောက်နိုင်တယ်။ သို့သော် ဝိပဿနာ မရှုတဲ့အတွက် အရိယမဂ်ဖိုလ်တရားထူးကို မရသေး

http://www.dhammadownload.com

လျှင် ပြဟ္မာလောကမှ အသက်တမ်းကုန်လို့ စုတေတဲ့အခါ လူ့ဘဝ, ကာ မာဝစရနတ်ဘဝ ပြန်ရောက်လာရမယ်။ အဲဒီအခါ အပါယ်လားကြောင်း မကောင်းမှုပြုမိလျှင် အပါယ်လေးပါးသို့လည်း ကျရောက်ရဦးမယ်။ အဲဒီတော့ ဈာန်ရပြီး ပြဟ္မာလောက ရောက်ရပေမယ့် အပါယ်လေးပါးမှ မလွတ်သေးတဲ့ အခြားပုဂ္ဂိုလ်တွေနဲ့ ဘာမျှမထူးဘဲ အတူတူဖြစ်နေတယ်။ မေတ္တာဈာန်ရပြီး ဝိပဿနာရှုလို့ အောက်ထစ်ဆုံး သောတာပန်ဖြစ်သွားရင်ကို သေသည်၏အခြားမဲ့၌ ပြဟ္မာပြည်ကိုလည်း ရောက်သွားမယ်။ အဲဒီ ပြဟ္မာပြည်မှ ကာမဘုံသို့ ပြန်မလာတော့ဘူး။ အဲဒီ ပြဟ္မာပြည်မှာပင် ရဟန္တာဖြစ်ပြီး ဆင်းရဲ ခပ်သိမ်း ငြိမ်းသွားရမယ်။ အဲဒီပုဂ္ဂိုလ်ကို အနာဂါမ် မဟုတ်ပေမယ့် ဈာန်ဖြင့် ကာမရာဂကို ပယ်ထားပြီး ဖြစ်သောကြောင့် ကာမဘုံသို့ ပြန်မလာတဲ့ ဈာနအနာဂါမ် ခေါ်တယ်။ ဈာန်ရပြီး သကဒါဂါမ်ဖြစ်ရင်လည်း ထို့အတူပဲ။ ကာမဘုံ ပြန်မလာတော့ဘူး။ ဈာနအနာဂါမ် မည်တာပဲ။

ဈာန်ရပြီး အနာဂါမ်ဖြစ်သွားရင်တော့ ဒုတိယမေတ္တသုတ်မှာ ဟောပြထားတဲ့အတိုင်း သုဒ္ဓါဝါသ ငါးဘုံထဲက အောက်ဆုံး အဝိဟာဘုံမှာ ဖြစ်ပြီးတော့ အဲဒီဘုံမှာပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလည်းရှိတယ်။ ရဟန္တာ မဖြစ်သေးရင်တော့ ကမ္ဘာပေါင်းတစ်ထောင် အသက်တမ်းကုန်တဲ့အခါ အဲဒီဘုံမှ စုတေပြီး ဒုတိယ အဆင့် အတပ္ပာဘုံမှာ ဖြစ်ရတယ်။ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလည်းရှိတယ်။ ရဟန္တာ မဖြစ်သေးရင်တော့

http://www.dhammadownload.com

ကမ္ဘာပေါင်းနှစ်ထောင် အသက်တမ်းကုန်တဲ့အခါ တတိယအဆင့် သုဒ္ဓသာဘုံမှာဖြစ်ရတယ်။ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလည်းရှိတယ်။ ရဟန္တာ မဖြစ်သေးရင်တော့ ကမ္ဘာပေါင်းလေးထောင် အသက်တမ်းကုန်တဲ့အခါ စတုတ္ထအဆင့် သုဒ္ဓသီဘုံမှာ ဖြစ်ရတယ်။ အဲဒီဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတာလည်းရှိတယ်။ ရဟန္တာ မဖြစ်သေးရင်တော့ ကမ္ဘာပေါင်းရှစ်ထောင် အသက်တမ်းကုန်တဲ့ အခါ အထက်ဆုံးအကနိဋ္ဌာဘုံမှာ ဖြစ်ရတယ်။ အဲဒီဘုံမှာတော့ ဧကန်ပင် ရဟန္တာဖြစ်ပြီးတော့ ကမ္ဘာပေါင်းတစ်သောင်းခြောက်ထောင် အသက်တမ်းကုန်တဲ့အခါ ဧကန်ပင် ပရိနိဗ္ဗာန်စံရတော့တာပဲ။

မေတ္တာ၏ အကျိုးအာနိသင် ၁၁-ပါးထဲက (၁၁) လားလေ ပြဟ္မာဆိုတဲ့ အကျိုးနဲ့စပ်ပြီး အဂုံတ္တရပါဠိတော်များနှင့်တကွ ရှင်းလင်းပြလာတာ တော်တော်ပြည့်စုံသွားပါပြီ။ အဲဒီစကား၏ မှီရာ အဂုံတ္တရာပါဠိ (တ၊ ၅၄၂)မှာ "ဥတ္တရိ အပ္ပဋိ ဝိဇ္ဈန္တော ပြဟ္မ လောကူပဂေါ ဟောတိ"လို့ ဖော်ပြထားပါတယ်။ အဲဒါကို အဋ္ဌကထာက မေတ္တာသမာပတ္တိတော-မေတ္တာစျာန် သမာပတ်ထက်၊ ဥတ္တရိ-အလွန်၊ အရဟတ္တံ အဓိဂန္တ္မ-အရဟတ္တဖိုလ်ကိုရရန်၊ အသ ကြောန္တော-မစွမ်းနိုင်သော ပုဂ္ဂိုလ်သည်၊ ဣတောစဝိတ္တာ-ဤလူ့ဘဝမှ စုတေ၍၊ သုတ္တပ္ပဗုဒ္ဓေါဝိယ-အိပ်ပျော်နေရာမှာ နိုးလာသူကဲ့သို့၊ ပြဟ္မလောကံ ဥပ္ပဇ္ဇတိ-ပြဟ္မလောကသို့ ကပ်ရောက်၍ဖြစ်သည်-လို့ ဖွင့်ပြထားပါတယ်။

http://www.dhammadownload.com

အဲဒီမှာ "မေတ္တာသမာပတ်ထက်အလွန် အရဟတ္တဖိုလ် မရောက်နိုင်သေးရင်"ဆိုတဲ့ စကားအရ "မေတ္တာစျာန် သက်သက်မျှ ရရင်လည်း ပြဟ္မာလောကသို့ ကပ်ရောက်ဖြစ်နိုင်တယ်" ဆိုတာရော၊ "မေတ္တာသမာပတ် အခြေခံပြီး၊ အောက်ဖိုလ် သုံးပါးထဲက တစ်ပါး ဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးလုံးဖြစ်စေရရင်လည်း ပြဟ္မာလောကသို့ ကပ်ရောက်ဖြစ်နိုင်တယ်"ဆိုတာတွေရော အကုန်ပါဝင်သွားပါတယ်။ ဒါကြောင့် မေတ္တာအကျိုးအာနိသင်ပြ ဆောင်ပုဒ်မှာ "အိပ်နိုးချမ်းသာ။ ပ။ သေခါမတွေ၊ လားလေပြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း"လို့ ဆိုထားတာပါပဲ။

အဲဒီ မေတ္တာအကျိုးပြ ဆောင်ပုဒ်ကိုလည်း ထပ်ပြီးဆိုကြရမယ်။

အိပ်, နိုး ချမ်းသာ၊ ကောင်းစွာ အိပ်မက်၊ ချစ်လျှက်လူ, နတ်၊ စောင့်လတ်နတ်များ၊ မီး-ဆိပ်-ခေါ်တို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေပြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

မေတ္တာပွားရင်း ဝိပဿနာရှုရန်

ကဲ-အဲဒီအကျိုးတွေ ရသင့်သမျှရအောင် အခြေခံအနေဖြင့် မေတ္တာလည်း ပွားကြရမယ်။ အဲဒီ နှလုံးသွင်း ရွတ်ဆိုပွားများတဲ့ နာမ် ရုပ်တွေကိုလည်း နောက်ကလိုက်ပြီး ဝိပဿနာရှုကြရမယ်။ ဘုန်းကြီးက ဖြည်းဖြည်းချင်းဆိုပေးမယ်။ ရွတ်ဆိုပွားနေရင်း

http://www.dhammadownload.com

ရှုလည်းရှုမှတ်ကြရမယ်။

- **ဒီရိပ်သာအတွင်းက ရဟန်းရှင်လူတွေ, ယောဂီတွေ အားလုံး ချမ်းသာကြပါစေ. . . ချမ်းသာကြပါစေ. . . ချမ်းသာကြပါစေ. . . ။**
- **ဒီရိပ်သာအတွင်းက နတ်တွေအားလုံး ချမ်းသာကြပါစေ. . ချမ်းသာကြပါစေ. . . ။**
- **ဒီမြို့နယ်အတွင်းက လူတွေ, နတ်တွေ, သတ္တဝါတွေ အားလုံး ချမ်းသာကြပါစေ. . . ။**
- **ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းက လူတွေ,နတ်တွေ, သတ္တဝါတွေအားလုံး ချမ်းသာကြပါစေ . . . ချမ်းသာကြပါစေ . . . ချမ်းသာကြပါစေ. . . ။**
- **အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ . . . ချမ်းသာကြပါစေ . . . ချမ်းသာကြပါစေ. . . ။**

ဒီမေတ္တာပြဟ္မဝိဟာရ ဘာဝနာတရားကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာ, မေတ္တာနှင့် ဝိပဿနာကို နှလုံးသွင်းရွတ်ဆိုရှုပွားကြရသော သမထဝိပဿနာကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာယူပွားများကြသော ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မေတ္တာဘာဝနာကိုလည်း စွမ်းနိုင်သမျှ ပွားများအားထုတ်ကြသည့်ပြင် ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်မှု ဝိပဿနာကိုလည်း တိုးတက်ပွားများအား ထုတ်နိုင်ကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ်,

http://www.dhammadownload.com

ဖိုလ်ဉာဏ် ဖြင့် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု ။

ဗြဟ္မဝိဟာရတရားတော် စတုတ္ထပိုင်းပြီး၏ ။

× × × × ×

http://www.dhammadownload.com

ဗြဟ္မဝိဟာရ တရားတော်

ပဌမပိုင်း

၁၃၂၇ ခုနှစ်၊ တော်သလင်းလကွယ်နေ့ ဟောသည်။

တရားအနုသန္ဓေ

ဗြဟ္မဝိဟာရခေါ် ဗြဟ္မစိုရ်တရားတော်ကို ဝါဆိုလပြည့်နေ့က စပြီးဟောလာတာ ၁၀-သီတင်းရှိပြီး။ မေတ္တာဘာဝနာပွားပုံ အကြောင်းကိုတော့ တော်သလင်းလဆုတ် ၈-၇က်နေ့က အပြီးသတ် ခဲ့ပါပြီ။ ဒီကနေ့ ကရုဏာပွားပုံကို ဟောရမယ်။

ကရုဏာဆိုတာ ဘာလဲ

ကရုဏာဆိုတာ မြန်မာလို သနားခြင်းပါပဲ။ ဒီသနားခြင်းဆိုတဲ့ မြန်မာဝေါဟာရကတော့ အခြားအရာတွေနဲ့ ရောယှက်ခြင်းမရှိ

http://www.dhammadownload.com

ပါဘူး။ သန့်ရှင်းပြတ်သားပါတယ်။ မေတ္တာဆိုတာကို မြန်မာလို ချစ်ခြင်းလို့ဆိုရတယ်။ အဲဒီချစ်ခြင်းဆိုတာကတော့ ရာဂဖြင့် တပ်မက်ပြီးချစ်တာနဲ့ ရောယှက်နေတယ်။ အမှန်ကတော့ မေတ္တာဆိုတဲ့ ချစ်ခြင်းဆိုတာက ချမ်းသာစေလိုခြင်းပါပဲ။ ဒီကရုဏာဆိုတဲ့ သနားခြင်းဆိုတာကတော့ အခြားတစ်ပါးနဲ့ ရောယှက်ခြင်းမရှိပါဘူး။ ရှင်းလင်းပြတ်သားနေပါတယ်။ ဆင်းရဲဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်ကို အဲဒီဆင်းရဲမှု ကင်းလွတ်စေချင်တဲ့ သဘောတစ်မျိုးတည်းပါပဲ။ ဒါကြောင့် ဒီကရုဏာ၏ တရားကိုယ်သဘောလက္ခဏာကို "ဒုက္ခာ ပနယနာကာရပ္ပဝတ္တိ လက္ခဏာ ဆင်းရဲကို ပယ်လိုသောအခြင်းအရာဖြင့် ဖြစ်ခြင်းသဘောဖြစ်တဲ့ သဘောလက္ခဏာရှိတယ်"လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားတာပါပဲ။

တစ်စုံတစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ ဆင်းရဲဒုက္ခ ရောက်နေတာကို မြင်တွေ့ရရင်, ကြားသိရရင် သူတော်ကောင်းဖြစ်တဲ့ ပုဂ္ဂိုလ်မှာ အဲဒီလိုဖြစ်ပေါ်နေတဲ့ ဆင်းရဲဒုက္ခကို ပယ်ဖျောက်ပေးလိုတဲ့ စိတ်ဖြစ်တယ်။ အဲဒါဟာ သနားတဲ့စိတ်ပဲ။ ဒါကြောင့် ပရဒုက္ခေ သတိ-သူတစ်ပါးမှာ ဆင်းရဲရှိလတ်သော်၊ ဝါ-သူတစ်ပါး ဆင်းရဲနေတာကို မြင်ရ, ကြားရလတ်သော်၊ သာဓူနံ-သူတော်ကောင်းတို့၏၊ ဟဒယကမ္ပနံ-နှလုံးတုန်ခြင်းကို၊ ကရော တီတိ-ပြုတတ်သောကြောင့်၊ ကရုဏာ-ကရုဏာမည်တယ်လို့ ဝစနတ္ထပြုပြီးတော့ ပြထားပါတယ်။

တစ်နည်းအားဖြင့် ပရဒုက္ခ-သူတစ်ပါး၏ဆင်းရဲကို၊ ကိုဏာ

http://www.dhammadownload.com

တိ ဟိ'သတိ ဝိနာသေတီတိ-ပယ်ဖျောက်တတ်, ပယ်ဖျောက်လိုတတ်သောကြောင့်၊ ကရုဏာ-ကရုဏာမည်ပါတယ်တဲ့၊ ကရုဏာက သူတစ်ပါးဆင်းရဲကို ပယ်တတ်တယ်ဆိုတော့ တကယ်ပယ်တတ်ပါသလားလို့ မေးစရာရှိတယ်။ သနားတဲ့ သူက ဒုက္ခရောက်နေတဲ့ သူကို ကရုဏာ၏အစွမ်းဖြင့် ကယ်တင်ပေးလို့ ဆင်းရဲတကယ် ပျောက်သွားတာလည်း ရှိတယ်။ သနားသော်လည်း မကယ်နိုင်လို့ မပျောက်တာလည်းရှိတယ်။ အဲဒီလို တစ်ကယ်မပျောက်စေနိုင်ပေမယ့် သနားတဲ့သူမှာ ဆင်းရဲကို ပယ်လိုတဲ့စိတ်တော့ ရှိနေတာပဲ။ ကိုယ်နဲ့စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ ဆင်းရဲဒုက္ခရောက်နေတဲ့သူကိုတွေ့ရရင် သနားတဲ့သဘောက အဲဒီဆင်းရဲကို ပျောက်စေချင်တာပဲ။ မကျန်းမမာ ရောဂါအနှိပ်စက်ခံနေရတဲ့သူကို တွေ့ရရင် အဲဒီရောဂါဝေဒနာကို ပျောက်စေချင်တာပဲ။ "ပျောက်စေ"လို့ အမိန့်ပေးလိုက်ရုံနဲ့ ပျောက်သွားမယ်ဆိုရင် အဲဒီလိုတောင် အမိန့်ပေးချင်နေတာပဲ။ ဒါပေမယ့် ဆေးကုသတဲ့ နည်းကို နားမလည်ရင်တော့ ဘာမျှမတတ်နိုင်ဘူးပေါ့။ မတတ်နိုင်ဘူးပေါ့။ မတတ်နိုင်ပေမယ့် အဲဒီရောဂါပျောက်စေချင်တာ ဆင်းရဲကို ပယ်ဖျောက်တဲ့သဘော, ပယ်ဖျောက်လိုတဲ့ သဘောကို သနားခြင်း ကရုဏာလို့ဆိုရတယ်။

တစ်နည်းအားဖြင့် ကံ သုခံ-မိမိ၏ ချမ်းသာကို၊ ရှုန္ဓတီတိ တားမြစ်တတ်သောကြောင့်၊ ကရုဏ-ကရုဏာမည်ပါတယ်တဲ့။ ကရုဏာဆိုတာ ကိုယ့်ချမ်းသာကို ဖြစ်ခွင့်မပေးဘဲ တားမြစ်တတ်

http://www.dhammadownload.com

တယ်တဲ့။ သနားတတ်တဲ့ ပုဂ္ဂိုလ်မှာ သူတစ်ပါးအား ဆင်းရဲမှုလွတ်မြောက်ရအောင် ကူညီဆောင်ရွက်ပေးနေရတာနဲ့ ချမ်းသာဖြစ်ဖို့ အချိန်တွေ လျော့သွားတယ်။ ကိုယ့်အနီးမှာ ဒုက္ခရောက်နေတဲ့သူကို တွေ့ရရင် သနားတဲ့သူက တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပြီး စောင့်ရှောက်နေရတယ်။ အဲဒီအချိန်အတွင်း ချမ်းသာစွာ နေထိုင်ဖို့ အခွင့်မရဘဲဖြစ်သွားတယ်။ ညဉ့်အိပ်ချိန်မှာ မအိပ်ဘဲနဲ့ ကူညီစောင့်ရှောက်ရတာလည်းရှိတယ်။ အဲဒီလိုဆိုတော့ အိပ်ရေးပျက်ပြီး ချမ်းသာခွင့် ပျက်သွားတာပဲ။ နေမကောင်းထိုင်မသာ မကျန်းမာတဲ့သူကို တွေ့ရရင် သနားတဲ့သူက ကူညီစောင့်ရှောက်ရတယ်။ အဲဒီလို ကူညီစောင့်ရှောက်ရတဲ့အတွက် ညောင်းညာပင်ပန်းခြင်းလည်း ဖြစ်ရတတ်တယ်။ အကြောင်းမညီညွတ်ရင် မိမိပါတောင် နေမကောင်းဖြစ်တတ်သေးတယ်။ တစ်ခါက ဆရာဝန်တစ်ဦးဟာ လာတဲ့လူမမာတွေကို အချိန်မရွေး ဧည့်ခံပြောဆို ပြုစုနေတဲ့အတွက် အစာစားချိန်လွန်သွားလို့ အစာအိမ်ရောဂါဖြစ်ရတယ်လို့ဆိုတယ်။ အဲဒီရောဂါနဲ့ပဲ ငယ်ရွယ်တုန်းမှာပင် ဆုံးသွားရှာတယ်။ ဒါကြောင့် သနားခြင်းကရုဏာက မိမိ၏ချမ်းသာကို တားမြစ်တတ်တယ်ဆိုတာ တကယ်ဟုတ်တာပဲ။

ဘုရားအလောင်းတော်၏ ကရုဏာ

ဘုန်းကြီးတို့၏ ဂေါတမဘုရား အလောင်းအလျှာဖြစ်တဲ့ သုမေဓာဆိုတဲ့ ရှင်ရသေ့ဟာ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းထက်က ဒီပင်္ကရာမြတ်စွာဘုရားကြွလာမည့် လမ်းကို ပြုပြင်နေရင်း အချိန်မီ

http://www.dhammadownload.com

မပြီးတာနဲ့ ဘုရားကြွလာတဲ့အခါ သူ့ကိုယ်ကို တံတားသဖွယ် ဝမ်းလျားမှောက်ခင်းပြီး လှူတယ်။ အဲဒီတုန်းက ဒီပင်္ဂရာမြတ်စွာ ဘုရား သာသနာမှာဝင်၍ ရဟန်းပြုပြီး တရားကျင့်လိုက်မယ်ဆိုရင် အဲဒီဘဝမှာပင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကိုဝင်စံနိုင်တယ်။ အဲဒီလို သူ့စိတ်ထဲမှာ ယုံကြည်သိမြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ဈာန်အဘိညာဉ်တွေကို ရနေတဲ့ပုဂ္ဂိုလ်ထူး ဖြစ်သောကြောင့်ပါပဲ။ အဲဒီလို ဈာန်ရ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရား၏တရားကို နာရရင် အဲဒီတရားနာနေရင်းပင် ရဟန္တာအထိဖြစ်နိုင်တဲ့ အခြေအနေရှိနေပါတယ်။

ဒါပေမယ့် သုမေဓာရှင်ရသေ့က ဒီလိုဆင်ခြင်မိတယ်။ ငါလို သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ ပညာဆိုတဲ့ ခွန်အားဗလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်က ရှားတယ်။ မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကသာ များတယ်။ အဲဒီလို ပုဂ္ဂိုလ်သတ္တဝါတွေမှာ သူတို့အလိုလိုဆိုရင် အိုခြင်း, နာခြင်း, သေခြင်းကင်းတဲ့တရားကို မသိမမြင်နိုင်ဘူး။ မကျင့်ကြံနိုင်ဘူး။ ငါဟာ အင်အားပြည့်စုံနေသူ ဖြစ်ပါလျက် ငါ့တစ်ကိုယ်တည်း လွတ်မြောက်ရုံမျှဖြင့် အကျိုးမများဘူး။ ငါဟာ ဘုရားဖြစ်ကြောင်း ပါရမီတွေကို ဖြည့်ကျင့်ပြီးတော့ ဒီပင်္ဂရာဘုရားလိုပင် ဘုရားဖြစ်ပြီး အင်အားနည်းတဲ့ သတ္တဝါတွေကို ကယ်တင်ရရင် ကောင်းမှာပဲလို့ ဆင်ခြင်မိ ကြံမိပါသတဲ့။ အဲဒါကို ဗုဒ္ဓဝင်ပါဠိမှာ ဒီလိုပြထားပါတယ်။

ဣစ္ဆမာနော အဟံ အဇ္ဇ၊ ကိလေသေ ယာတယာမဟံ။
ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။

http://www.dhammadownload.com

သဗ္ဗညုတံ ပါပုဏိတ္တာ၊ သန္ဓာရေသံ သဒေဝကံ တဲ့။

အဟံ-ငါသည်၊ ဣစ္ဆာမာနော-အလိုရှိပါမူ၊ အဇ-ယနေ့ပင်၊ ကိလေသေ-ကိလေသာတို့ကို၊ ဃာတယာမိ-ပယ်သတ်နိုင်ပါ၏။ ပန-သို့သော်လည်း၊ ထာမဒဿိနာ-ဘုရားဖြစ်နိုင်သည့် ခွန်အားကို မြင်သော၊ ပုရိသေန ဟောန္တေန-ယောက်ျားဖြစ်ပါလျက်၊ ဧကေန တိဏ္ဏေန-တစ်ယောက်တည်း နိဗ္ဗာန်သို့ကူးသွားခြင်းဖြင့်၊ မေ-ငါ့အား၊ ကိံ-အဘယ်အကျိုးရှိအံ့နည်း၊ အဟံ-ငါသည်၊ သဗ္ဗညုတံ-ဘုရားအဖြစ်သို့၊ ပါပုဏိတ္တာ-ရောက်ပြီးလျှင်၊ သဒေဝကံ-နတ်လူ အပေါင်းကို၊ သန္ဓာရေသံ-နိဗ္ဗာန်ရွှေနန်း ဟိုဘက်ကမ်းသို့ ကူးသန်း ရောက်စေ ကယ်တင်ပေးအံ့-လို့ ဆင်ခြင်မိပါတယ်။

အဲဒီလိုဆင်ခြင်ပြီးတော့ ဘုရားဆုကို ပန်ယူခဲ့တယ်။ အဲဒီလို ဘုရားဆုပန်ပြီး ဘုရားဖြစ်ကြောင်း ပါရမီတွေကို လေးသခြေ့နှင့် ကမ္ဘာတစ်သိန်းပတ်လုံး ဖြည့်ကျင့်တော်မူခဲ့ရတယ်။ အဲဒီလို လေး သခြေ့နှင့် ကမ္ဘာတစ်သိန်းအတွင်းမှာ ဖြစ်ခဲ့ရတဲ့ဘဝတွေ အိုခဲ့ရ နာခဲ့ရ၊ သေခဲ့ရတာတွေ, ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ, ခံစားခဲ့ရတာ တွေ မရေမတွက်နိုင်အောင် အလွန် အလွန်ပင် များခဲ့ရပါတယ်။ ပါရမီတွေ ဖြည့်ကျင့်ရာမှာလည်း အများကြီးဆင်းရဲခဲ့ရပါတယ်။ ဝေဿန္တရာ မင်းဘဝတုန်းက ဆင်ဖြူတော်လှူတာနဲ့ တိုင်းပြည်က မကျေနပ်လို့ တောထဲမှာထွက်ပြီး နေခဲ့ရတယ်။ အဲဒီတောထဲမှာ **ဇူဇကာ**ဆိုတဲ့ ပုဏ္ဏားက အစေခံအဖြစ် အသုံးချရန်အတွက် သားတော်သမီးတော် ကလေးများကို လာရောက် လှူခံတယ်။ **ဇာလီ**သားတော်ကလေးနဲ့ **ကဏှာဇိန်**သမီးတော်ကလေးဆိုတဲ့

http://www.dhammadownload.com

လူမမယ်သူငယ်ကလေးများကို မျက်ရည်စက်လက်နဲ့ ပေးလျှူခဲ့ရတယ်။ ဘယ်လောက်ဆင်းရဲရှာမလဲဆိုတာသာ ကြည့်ကြပေတော့။ အဲဒီလို ခဲခဲယဉ်းယဉ်း ပါရမီဖြည့်ခဲ့ရတဲ့အတွက်လည်း မျှားစွာဆင်းရဲခဲ့ရတယ်။

နောက်ပြီးတော့ ဘုရားအလောင်းတော်ဆိုပေမယ့် အပါယ်လားကြောင်း ကိလေသာတွေကလည်း ရှိနေသေးတဲ့အတွက် လောဘ, ဒေါသ, မောဟအလျှောက်ပြုမိတဲ့ ဒုစရိုက်အကုသိုလ်ကံကလည်း ရှိသေးတာပဲ။ အဲဒီဒုစရိုက်ကံကြောင့် တိရစ္ဆာန်ဖြစ်ပြီးဆင်းရဲခဲ့ရတဲ့ ဘဝတွေလည်းများစွာရှိခဲ့တာပဲ။ တစ်ခုသော ဘဝတုန်းက မင်းဖြစ်ပြီးတော့ မတရားစီရင်ချက်ချပြီး နှိပ်စက်ခဲ့ဖူးတဲ့အတွက် ငရဲကျခဲ့ရတဲ့ ဘဝရှိကြောင်းလည်း **တေမိယဇာတ်**မှာ ပြဆိုထားချက်ရှိတယ်။

ယခုပြောခဲ့တဲ့အတိုင်း ဘုရားလောင်းတော်မှာ လေးသခြေ့နှင့် ကမ္ဘာတစ်သိန်းအတွင်း တွေ့ကြုံခံစားခဲ့ရတဲ့အတိုင်း မသိမျှားစွာသော ဆင်းရဲတွေဟာ ဘာကြောင့်လဲဆိုရင် အမျှားသတ္တဝါတွေကို သနားတဲ့ကရုဏာအစွမ်းဖြင့် ဘုရားဆုပန်ခဲ့လို့ပါပဲ။ ဒါကြောင့် ကရုဏာက မိမိ၏ချမ်းသာကို တားမြစ်တတ်တယ်ဆိုတာ အလွန်ထင်ရှားပါတယ်။

မြတ်စွာဘုရား၏ မဟာကရုဏာတော်

ဘုရားဖြစ်တော်မူပြီးသည့်နောက်လည်း သတ္တဝါတွေအားတရားမဟောဘဲ နေမယ်ဆိုရင် ဆင်းရဲမရှိဘဲ ချမ်းသာနေမှာပဲ။

http://www.dhammadownload.com

ဒါပေမယ့် သက်တော် ၈၀-နှစ်, ဝါတော် ၄၅-နှစ်၊ ၄၅-ဝါပတ်လုံး နေ့ရော ညဉ့်ပါ တရားဟောကြားတော်မူရတဲ့အတွက် ကိုယ်၏ ဆင်းရဲပင်ပန်းမှုတွေ များစွာရှိခဲ့ပါတယ်။ အဲဒါဟာ ဘာကြောင့်လဲ ဆိုရင် သံသရာဝဋ်ဆင်းရဲထဲမှာ နစ်မွန်းမျောပါနေကြတဲ့ သတ္တဝါတွေကို သနားတော်မူသော မဟာကရုဏာတော်ကြောင့်ပါပဲ။

သတ္တဝါတွေက မအိုချင်ကြဘူး၊ မနာချင်ကြဘူး၊ မသေချင်ကြဘူး။ ဒါပေမယ့် အိုလိုက်, နာလိုက်, သေလိုက်နဲ့ အမြဲမပြတ်ဆင်းရဲနေကြရတယ်။ အဲဒီဆင်းရဲမှုလွတ်မြောက်အောင် ငါဘုရားမှ တစ်ပါး ကယ်မ,နိုင်သူ မရှိဘူးလို့ မြင်တော်မူပြီး သနားတော်မူတဲ့ မဟာကရုဏာတော်ဖြင့် ကိုယ်ဆင်းရဲပင်ပန်းတာကို မငဲ့ဘဲ၊ အကြောင်းအားလျော်စွာ တရားတော်တွေကို ဟောကြားတော်မူခဲ့တာပါပဲ။ အဲဒါလည်း ကရုဏာက တားမြစ်လို့ ချမ်းသာတွေဖြစ်ခွင့်မရဘဲ ဆင်းရဲတွေကို ခံစားသွားတော်မူရတာပါပဲ။

ဒါပေမယ့် ဒီကရုဏာက အင်မတန်မြင့်မြတ်သိမ့်မွေ့ပါတယ်။ သူတော်ကောင်းမှန်ရင် ဆင်းရဲဒုက္ခရောက်နေတဲ့သူကို သနားခြင်း ကရုဏာဖြစ်မြဲပါပဲ။ သနားသင့်ပါလျက် မသနားရင် အဲဒီလူဟာ သူတော်မဟုတ် သူယုတ်မာပဲ။ ဒါကြောင့် ဒီကရုဏာတရားဟာ သူတော်ကောင်းတိုင်း မှီဝဲပွားများသင့်တဲ့ သေဝိတဗ္ဗဘာဝိတဗ္ဗတရားပါပဲ။ ဘာဝနာအနေဖြင့် မဟုတ်တောင် သနားစရာပုဂ္ဂိုလ်ကိုတွေ့ရရင် သနားစိတ်ဖြစ်ရတယ်။ အဲဒီလို သနားတိုင်း, သနားတိုင်း ကုသိုလ်တရားဖြစ်ပွားတာပါပဲ။

http://www.dhammadownload.com

ဘာဝနာအနေဖြင့်ပွားချင်ရင် ဘယ်လိုပွားရမလဲဆိုတော့ မေတ္တာဘာဝနာတုန်းကလိုပဲ ရင်းနှီးခင်မင်ခြင်းဖြင့် ချစ်တဲ့ပုဂ္ဂိုလ်မှာလည်း စပြီးမပွားရဘူး။ အလွန်ချစ်တဲ့ ပုဂ္ဂိုလ်မှာလည်း စပြီးမပွားရဘူး။ မချစ်မမုန်း အလယ်လတ်ပုဂ္ဂိုလ်မှာလည်း စပြီးမပွားရဘူး။ မုန်းတဲ့ ပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်မှာလည်း စပြီးမပွားရဘူး။ ဘာကြောင့်လဲဆိုတော့ ချစ်တဲ့သူက ချစ်သူအရာ၌သာ တည်နေတယ်။ သနားဖွယ်မဖြစ်ဘူး။ ဒါကြောင့်ပါပဲ။ အဖို, အမ အသွင်ကွဲသူမှာလဲ ရာဂဖြစ်တတ်သောကြောင့် စပြီးမပွားရဘူး။ သေလေသူမှာတော့ ကရုဏာပွား စရာခေတ်မဟုတ်လို့ လုံးဝမပွားရဘူး။ ဒါဖြင့် ဘယ်လိုပုဂ္ဂိုလ်မှာ စပြီးပွားရမလဲဆိုတော့ -

ကရုဏာစပြီး ပွားသင့်တဲ့ပုဂ္ဂိုလ်

ဘိက္ခု-ရဟန်းသည်၊ ကရုဏာသဟဂတေန စေတသာ-သနားခြင်းနှင့်တကွ ဖြစ်သောစိတ်ဖြင့်၊ ဧကံ ဒိသံ-တစ်ခုသော အရပ်မျက်နှာကို၊ ဝါ-အရပ်မျက်နှာတစ်ခု၌ရှိသော သတ္တဝါအပေါင်းကို၊ ဖရိတ္မာ-ဖြန့်၍၊ ကထ္ဓ ဝိဟရတိ-အဘယ်သို့ နေပါသနည်းဟု မူကား၊ သေယျထာပိ နာမ-ဥပမာဖြင့် ပြရလျှင်၊ ဒုဂ္ဂတံ-ဆင်းရဲဒုက္ခရောက်နေသော၊ ဒုရုပေတံ-မကောင်းဆိုးဝါးသည့် အခြေအနေရှိနေသော၊ ဧကံပုဂ္ဂလံ-ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို၊ ဒိသ္မာ-မြင်လျှင်၊ ကရုဏာ သေယျထာ-သနားစရာကဲ့သို့၊ ဧဝမေဝ-ဤအတူပင်လျှင်၊ သဗ္ဗသတ္တေ-အားလုံးသောသတ္တဝါတို့ကို၊ ကရုဏာယ-

http://www.dhammadownload.com

သနားခြင်းဖြင့်၊ ဖရတီ-ဖြန့်၏လို့ အဘိဓမ္မာဝိဘင်းပါဠိမှာ ဟော ထားတာရှိပါတယ်။ အဲဒီပါဠိအရ အလွန်ဆင်းရဲ ဒုက္ခရောက်နေလို့ သနားစရာကောင်းတဲ့သူကို စပြီးကရုဏာပွားရမယ်လို့ အဋ္ဌကထာ မှာ ပြဆိုထားပါတယ်။

အတိဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်, ဆွေမျိုး, မိတ်ဆွေ အားကိုး ရာမဲ့ဖြစ်ပြီး စားရမဲ့, သောက်ရမဲ့ဖြစ်နေတဲ့ ပုဂ္ဂိုလ်၊ ဆေးဝါးမရှိ, ဆရာမရှိ ရောဂါဆိုးအနှိပ်စက်ခံနေရလို့ ညည်းတွားနေရတဲ့ပုဂ္ဂိုလ်၊ နူနာစသည် စွဲကပ်နေလို့ သူ့အနား မကပ်ချင်လောက်အောင် စက် ဆုပ်ရွံရှာဖွယ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်၊ အဲဒီလို အလွန်ဆင်းရဲနေတဲ့သူကို စပြီးကရုဏာပွားဖို့ပါပဲ။ အဲဒီလို သနားစရာကောင်းတဲ့သူကို မြင်ရ တော့ သနားခြင်းကရုဏာဖြစ်ပွားလွယ်တယ်။ ဒါကြောင့် အဲဒီလို သနားစရာကောင်းတဲ့သူက စပြီးကရုဏာပွားဖို့ ညွှန်ကြားတာပါပဲ။

အဲဒီလို အတိဒုက္ခရောက်ပြီး သနားစရာကောင်းတဲ့သူကို မတွေ့ရရင် မကောင်းမှုအကုသိုလ်ပြုနေတဲ့ ချမ်းသာနေသူကိုလည်း သေဒဏ်အမိန့်ကျပြီး အသတ်ခံရမည့်သူနှင့် နှိုင်းယှဉ်ပြီး ကရုဏာ ကို ပွားစေရမယ်တဲ့။ နှိုင်းယှဉ်ပုံကတော့ ရှေးခတ်တုန်းက သေဒဏ် အမိန့်ကျတဲ့သူကို သူသတ်သမားတွေက ကြိုးမျှားနဲ့ချည်နှောင်ပြီး တော့ မြို့ထဲမှသုသာန်ကုန်းသို့ ဆောင်သွားရင်း လမ်းတစ်လျှောက် မှာ လှည့်ပြတယ်။ လမ်းဆုံတိုင်းမှာရပ်တန့်ပြီး အချက်တစ်ရာမက ရိုက်နှက်နှိပ်စက်ကြတယ်။ အဲဒီအသတ်ခံရမည့်သူကို သနားတဲ့ သူများက စားသောက်ဖွယ်အကောင်းအမွန်တွေကို ပေးကမ်းကြ

http://www.dhammadownload.com

တယ်။ အသတ်ခံရမည့်သူက အခွင့်သာတဲ့အချိန်ပိုင်းမှာ အဲဒီ စားကောင်းသောက်ဖွယ်တွေကို စားသောက်သုံးဆောင် ခံစားနေ တယ်။ အဲဒီလို အမွန်အမြတ်တွေကို သုံးဆောင်နေရလို့ ချမ်းသာနေ သော်လည်း အဲဒီလူကိုချမ်းသာနေတယ်လို့ အများက မယူမှတ်ကြ ဘူး။ ဒီကောင်ဟာ မကြာမီပင် သေရှာရတော့မှာပဲ။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သေဖို့ရာ နီးကပ်နေတာပါပဲလို့ လူအများက သနား ကြတယ်။ အဲဒါကိုပင် ကရုဏာဘာဝနာပွားသူကလည်း မျက်မြင် အနေဖြင့် ချမ်းသာနေပေမယ့် အကုသိုလ်ဒုစရိုက်များတဲ့သူကို ဒီလို ကရုဏာပွားနိုင်ပါတယ်။ ဒီကောင်ဟာ ယခုချမ်းသာနေပေမယ်လို့ မကြာမီပင် သူ့အကုသိုလ်ကံများကြောင့် အပါယ်လေးပါး ကျ ရောက်ပြီး များစွာသော ဆင်းရဲဒုက္ခတွေကို ခံစားသွားရရှာတော့ မှာပဲလို့ ဆင်ခြင်ပြီး ကရုဏာကို ဖြစ်ပွားရမယ်တဲ့။

ယခုနေအခါမှာတော့ သူတစ်ပါးက နှိပ်စက်လို့ အတိဒုက္ခ ရောက်နေတဲ့သူ၊ ရောဂါအကြီးအကျယ် နှိပ်စက်လို့ အတိဒုက္ခရောက် နေတဲ့သူ၊ စားဝတ်နေရေး အကျပ်အတည်းကြောင့် အတိဒုက္ခ ရောက်နေတဲ့သူ၊ ဒီလို သနားစရာကောင်းတဲ့ သူတွေက မရှားပါဘူး။ တွေ့ရလွယ်ပါတယ်။ အဲဒီတော့ အဲဒီလို သနားစရာကောင်းတဲ့သူကို အာရုံပြုပြီး ကရုဏာပွားရုံပါပဲ။

ပွားပုံကတော့ မေတ္တာတုန်းကလို မများပါဘူး။ တစ်မျိုးတည်း ရှိပါတယ်။ ဘယ်လိုလဲဆိုတော့ "ဒုက္ခာ မုစ္စန္တု-ဆင်းရဲမှလွတ်ကြပါ စေ"တဲ့၊ အဲဒါက သဗ္ဗေ သတ္တာ-အားလုံးသတ္တဝါတွေဆိုတာနဲ့ ဆက်

http://www.dhammadownload.com

စပ်ပြီးပွားပုံပါပဲ။ တစ်ဦးတစ်ယောက်ကိုရည်ပြီး ကရုဏာပွားရင်တော့ မည်သူမည်ဝါ ဆင်းရဲမှုလွတ်ပါစေ၊ ဆင်းရဲမှု လွတ်ပါစေလို့ ပွားရုံပါပဲ။

အဲဒီမှာ ကင်းလွတ်ရမည့် ဆင်းရဲကတော့ အဲဒီပုဂ္ဂိုလ်မှာ တွေ့ကြုံခံစားနေရဆဲ ဆင်းရဲပါပဲ။ အဲဒီ ဆင်းရဲမှုလွတ်ပါစေလို့ ဆိုလိုတာပါပဲ။ အဲဒီ တွေ့ကြုံခံစားနေရတဲ့ ဆင်းရဲမှုလွတ်ပါစေ၊ အဲဒီဆင်းရဲမှု လွတ်ပါစေ၊ ဆင်းရဲမှု လွတ်ပါစေလို့ မပြတ်နှလုံးသွင်းပွားမျှားနေရုံပါပဲ။

ရောဂါကြောင့်ဖြစ်တဲ့ ဆင်းရဲဖြစ်ဖြစ်၊ ရာသီဥတုဒဏ်ကြောင့်ဖြစ်တဲ့ ဆင်းရဲဖြစ်ဖြစ်၊ သူတစ်ပါးက နှိပ်စက်လို့ဖြစ်တဲ့ ဆင်းရဲဖြစ်ဖြစ်၊ နှလုံးမသာပူပန်တဲ့ ဆင်းရဲဖြစ်ဖြစ်၊ အလိုမပြည့်လို့ဖြစ်တဲ့ ဆင်းရဲဖြစ်ဖြစ်၊ အဲဒီလို ဆင်းရဲတွေနဲ့ တွေ့ကြုံခံစားနေရတဲ့သူကို အဲဒီဆင်းရဲမှု လွတ်ပါစေလို့ နှလုံးသွင်းပြီး ကရုဏာကို ပွားနိုင်ပါတယ်။ အဲဒီဆင်းရဲတွေ ရှိဆဲမဟုတ်တောင်မှ ဝဋ်ဆင်းရဲကတော့ ရှိနေမှာပဲ။ အဲဒီဝဋ်ဆင်းရဲမှ လွတ်ဖို့ရာလည်း အာရုံပြုပြီး ဆင်းရဲမှု လွတ်ပါစေလို့ ကရုဏာကို ပွားနိုင်ပါတယ်။

ဆင်းရဲဒုက္ခရောက်နေတဲ့သူကို တွေ့မြင်ရပြီး သနားခြင်း ကရုဏာဖြစ်ရာမှ အနီးကပ်ရန်သူနှင့် အဝေးရန်သူ၊ ဒီနှစ်မျိုးထဲက တစ်မျိုးမျိုး ဝင်လာတတ်တယ်။ ဘယ်လိုလဲဆိုတော့ ဒုက္ခရောက်နေတဲ့သူမှာ ခံစားနေရတဲ့ဆင်းရဲအကြောင်းပြုပြီး မခံချင်တဲ့စိတ်, နှလုံးမသာတဲ့စိတ်လည်း ဖြစ်တတ်တယ်။ အဲဒါက အနီးကပ်ရန်သူပဲ။

http://www.dhammadownload.com

နှိပ် စက်ညှဉ်းဆဲတဲ့ သူကို မိမိက နှိပ်စက်ချင်တဲ့စိတ်လည်း ဖြစ်ပေါ်လာတတ်တယ်။ ဥပမာ-ခွေးတစ်ကောင်က အခြားခွေးကို အနိုင်ကျင့်ပြီး ကိုက်နေတာကို မြင်ရရင် ခံရတဲ့ခွေးကိုသနားပြီး ကိုက်တဲ့ခွေးကို ရိုက်နှက်ချင်တဲ့စိတ် ဖြစ်လာတတ်တာမျိုးပါပဲ။

နောက်တစ်နည်း ဥပမာကတော့- မြွေက ဖားကို စားမယ်လို့ ဖမ်းတယ်။ ဖားက အော်တယ်။ သနားစဖွယ် အသံပြုတယ်။ ကြားရ, မြင်ရတဲ့လူက ဖားကို မြွေ၏ခံတွင်းမှ လွတ်စေချင်တယ်။ သနား တယ်။ ဒါကတော့ ကရုဏာပါပဲ။ အဲဒီကနောက် ဖားကို သနားပြီး မြွေကို ရိုက်ချင်တဲ့စိတ် ဖြစ်တတ်တယ်။ အဲဒါက ကရုဏာမှ ဆက်ပြီး ဖြစ်လာတဲ့ ဝိဟိံသာခေါ် ညှဉ်းဆဲချင်တဲ့ ဒေါသပဲ။ အဲဒါက အဝေး ရန်သူပဲ။ အဲဒီ အနီးအဝေး ရန်သူနှစ်မျိုးလုံး မဝင်ရောက်စေဘဲ သနားခြင်း ကရုဏာသက်သက်သာ ဖြစ်ပွားစေဖို့ လိုပါတယ်။

နောက်ပြီးတော့ အဲဒီ သနားခြင်းကရုဏာကို ပွားနေတဲ့သူ ဟာ ဒုက္ခရောက်နေတဲ့သူကို စိတ်သက်သက်ဖြင့်သာ မဟုတ်ဘဲ ကိုယ်ဖြင့်ရော, နှုတ်ဖြင့်ရော တတ်နိုင်သမျှကူညီစောင့်ရှောက်ဖို့ လိုပါတယ်။ ဆင်းရဲခံစားနေရတဲ့သူကို အဲဒီဆင်းရဲမှ လွတ်မြောက် အောင်, သက်သာခွင့်ရအောင် တတ်နိုင်သမျှ ကူညီစောင့်ရှောက်ဖို့ ပါပဲ။ ကိုယ်ဖြင့် ကူညီစောင့်ရှောက်ရင် ကရုဏာကာယကံဖြစ်တယ်။ နှုတ်ဖြင့် ကူညီစောင့်ရှောက်ရင် ကရုဏာဝစီကံဖြစ်တယ်။ အဲဒီလို ကိုယ်နှုတ်ဖြင့် မကူညီ မစောင့်ရှောက်နိုင်ရာမှာတော့ မနောကံ သက်သက်ဖြင့်သာ သနားခြင်းကရုဏာကို ဖြစ်ပွားစေရတော့

http://www.dhammadownload.com

တာပဲ။ ဥပမာ သားသတ်ရုံဌာနမှာ နွားတို့၊ ဆိတ်တို့၊ဝက်တို့၊ ကြက်တို့ ဘဲတို့ ဒီလိုသတ္တဝါတွေကို သတ်ဖို့ပြုလုပ်နေရာမှာ, သတ်နေရာမှာ သနားတတ်တဲ့လူက သနားပေမယ့် ဘယ်လိုမျှမကူညီ မစောင့်ရှောက်နိုင်ဘူး။ စိတ်ထဲက သနားရုံမျှ သနားတော့တာပါပဲ။ အဲဒါကတော့ ကရုဏာမနောကံသက်သက်ပါပဲ။ ဒီပြင်လည်း စိတ်သက်သက်ဖြင့် ဆင်းရဲမှုလွတ်ပါစေ, လွတ်ကြပါစေလို့ နှလုံးသွင်းပွားများတာလည်း ကရုဏာမနောကံသက်သက်ပါပဲ။ ဒါကလည်း ကုသိုလ်ကံဖြစ်ပြီး အကျိုးတော့မျှားပါတယ်။ ပါရမီထူးရှိတဲ့သူဆိုရင် အဲဒီလိုပွားနေရင်း ကရုဏာစျာန်ကိုလည်း ရနိုင်ပါတယ်။

ဒီကရုဏာကို ပွားမျှားဖို့ကတော့ မေတ္တာလောက် မလွယ်ဘူး။ ဘာကြောင့်လဲဆိုတော့ မေတ္တာက မည်သူကိုမဆို ချမ်းသာပါစေလို့ နှလုံးသွင်းဖို့, မေတ္တာပွားဖို့ လွယ်ကူပါတယ်။ ကရုဏာကတော့ သနားစရာပုဂ္ဂိုလ်ကိုမှ ဆင်းရဲလွတ်ပါစေလို့ နှလုံးသွင်းဖို့ အဆင်ပြေတယ်။ မျက်မြင်အားဖြင့် ချမ်းသာနေတဲ့သူတွေကို ဆင်းရဲမှုလွတ်ကြပါစေလို့ နှလုံးသွင်းရန်, သနားကရုဏာသက်ရန် မလွယ်ကူဘူး။ ဝဋ်ဆင်းရဲတွေ, အကုသိုလ်ကံတွေကို အာရုံပြုပြီး သနားရမယ်, ကရုဏာပွားရမယ်လို့ ဆိုထားပေမယ့် တကယ်ကျတော့ သနားတဲ့စိတ်က မလွယ်လှပါဘူး။ ဒါပေမယ့် ကရုဏာကို ပွားဖို့ အစဉ်ကျနေတဲ့အတွက် သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု-ဆိုတဲ့ ပါဠိအရ သတ္တဝါအားလုံးကို အာရုံပြုပြီး ကရုဏာပွားကြဦးမှာပဲ။ အဲဒီ သတ္တဝါအားလုံးထဲမှာ အတိဒုက္ခ ရောက်ပြီး သနားစရာ

http://www.dhammadownload.com

ကောင်းတဲ့ သတ္တဝါတွေလည်း ပါရှိပါတယ်။ ကဲ. . . လိုက်ဆိုပြီး နှလုံးသွင်းပွားများကြရမယ်။

သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု အရ ကရုဏာပွားပုံ

အားလုံးသတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။ ဆင်းရဲမှလွတ်မြောက်ကြပါစေ။

ငရဲသတ္တဝါတွေမှာ ငရဲဆင်းရဲတွေ ခံစားနေကြရတယ်။ ပြိတ္တာတွေကလည်း ပြိတ္တာဆင်းရဲတွေ ခံစားနေကြတယ်။ ကျွဲ,နွား, ဆိတ်,ဝက်,ကြက်,ဌက်အစရှိသော တိရစ္ဆာန်တွေကလည်း တိရစ္ဆာန် ဆင်းရဲတွေ ခံစားနေရတယ်။ လူတွေမှာလည်း တချို့က နိုင်သူတွေ နှိပ်စက် ညှဉ်းပန်းခြင်းကို ခံစားနေရတယ်။ တချို့က ရောဂါဆိုး နှိပ်စက်ခြင်းကို ခံစားနေရတယ်။ တချို့က စားဝတ်နေရေး အဆင် မပြေလို့ ကိုယ်စိတ်ဆင်းရဲနေကြရတယ်။ တချို့က အချင်းချင်း မညီညွတ်လို့ ဆင်းရဲနေကြရတယ်။ တစ်ချို့က အိုခြင်း,နာခြင်း, သေခြင်း အကြောင်းပြုပြီး ဆင်းရဲနေကြရတယ်။ တချို့က ချစ်ခင် သူတွေ သေကြေပျက်စီးသွားလို့ စိုးရိမ်ပူးဆွေးနေကြရတယ်။ တချို့က စီးပွားဥစ္စာတွေ ပျက်စီးဆုံးရှုံးသွားလို့ ဆင်းရဲနေကြရတယ်။ တချို့က ချစ်သူနဲ့ကွဲလို့ ဆင်းရဲနေကြရတယ်။ နတ်တွေမှာလည်း တချို့က မိမိ အလိုရှိတိုင်း မပြည့်စုံလို့ ဆင်းရဲနေကြရတာ ရှိတာ ပါပဲ။ သေခါနီး ပုဗ္ဗနိမိတ်တွေကို မြင်ရတဲ့အခါကျတော့ အကြီး အကျယ် ဆင်းရဲကြရတယ်။ အဲဒီလို အမျိုးမျိုးသော ဆင်းရဲတွေကို

http://www.dhammadownload.com

တွေ့ကြုံ ခံစားနေရတဲ့ သတ္တဝါတွေကို အဲဒီဆင်းရဲတွင်းမှ လွတ်မြောက်ကြပါစေလို့ အာရုံပြုပြီး ကရုဏာကို ပွားကြရုံပါပဲ။ ကဲ. . . လိုက်ဆိုရင်း ပွားကြရမယ်။

ကရုဏာ ၁၃၂-ပါး ပွားပုံ

အားလုံးသတ္တဝါတွေ ဆင်းရဲမှလွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

ဒါက သဗ္ဗေ သတ္တာဆိုတဲ့ ပါဠိအရပဲ။ သဗ္ဗေ ပါဏာ အစရှိတဲ့ ၄-ပုဒ်အရလည်း ပွားကြရအုံးမယ် လိုက်ဆိုကြ။

- **အားလုံးအသက်ရှိသူတွေ ဆင်းရဲမှလွတ်မြောက်ကြပါစေ။**
- **အားလုံးထင်ရှားဖြစ်သူတွေ ဆင်းရဲမှလွတ်မြောက်ကြပါစေ။**
- **အားလုံးပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။**
- **အားလုံး ခန္ဓာကိုယ်အတ္တဘောရှိသူတွေ ဆင်းရဲမှလွတ်မြောက်ကြပါစေ။**

အဲဒါတွေက အပိုင်းအခြား အကန့်အသတ်မရှိဘဲ သတ္တဝါအားလုံးအပေါ်မှာ ပွားများတဲ့ အနောဓိသ ကရုဏာ ၅-ပါးပဲ။ ယခု သြဓိသ ကရုဏာ (၇) ပါးကိုလည်း ပွားများကြရဦးမယ်။

- **အားလုံးအမျိုးသမီးတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။**

http://www.dhammadownload.com

- **အားလုံးအမျိုးသားတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အားလုံးအရိယာတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အားလုံးပုထုဇဉ်တွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အားလုံးနတ်တွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အားလုံးလူတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အားလုံးအပါယ်သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**

ဒါက သြဓိသ ကရုဏာ (၇) ပါးပွားပုံပဲ၊ အဲဒီ သြဓိသ ၇-ပါးနှင့် ရှေ့နားက အနောဓိသ ၅-ပါးကို ပေါင်းလိုက်ရင် ၁၂-ပါးရတယ်။ အဲဒါဟာ အရပ်မျက်နှာဖြင့် ပိုင်းခြားကန့်သတ်ခြင်း မရှိတဲ့ ဒိသာအနောဓိသ ကရုဏာ ၁၂-ပါးပါပဲ။ အရပ်မျက်နှာဖြင့် ပိုင်းခြားပြီး ပွားတဲ့အခါလည်း အရပ်မျက်နှာ တစ်ခုခုမှာ ၁၂-ပါးစီ ရတယ်။ အရပ်မျက်နှာ ဆယ်ခုဆိုတော့ ၁၂၀-ရတယ်။ အဲဒါက ဒိသာသြဓိသ ကရုဏာ ၁၂၀-တဲ့။ အဲဒီ ၁၂၀-ကိုလည်း အကျဉ်းချုပ် ရွတ်ဆိုပွားများကြရမယ်။ လိုက်ဆိုကြ။

- **အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့အရပ်က အားလုံးအသက်ရှူသူတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့ရပ်က အားလုံးထင်ရှားဖြစ်သူတွေ ဆင်းရဲမှု**

http://www.dhammadownload.com

လွတ်မြောက်ကြပါစေ။

- **အရှေ့အရပ်က အားလုံးပုဂ္ဂိုလ်တွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့အရပ်က အားလုံးခန္ဓာကိုယ် အတွင်ဘောရှိသူတွေ ဆင်းရဲမှုလွတ်မြောက်ကြပါစေ။**
- **အရှေ့အရပ်က အားလုံးအမျိုးသမီးတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့အရပ်က အားလုံးအမျိုးသားတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့အရပ်က အားလုံးအရိယာတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့အရပ်က အားလုံးပုထုဇဉ်တွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့အရပ်က အားလုံးနတ်တွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့အရပ်က အားလုံးလူတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့အရပ်က အားလုံးအပါယ်သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**

ဒါက အရှေ့အရပ်၌ ပွားပုံ ၁၂-ပါးပဲ။ အနောက်အရပ် စသည်မှာလည်း နည်းတူပင် ၁၂-ပါးစီပါပဲ။ အဲဒါတွေကိုတော့

http://www.dhammadownload.com

အကျဉ်းချုပ်ပဲ ရှုတ်ဆိုကြရမယ်။

- **အနောက်အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အနောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **မြောက်အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **တောင်အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့တောင်အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အရှေ့တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အနောက်မြောက်အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အနောက်မြောက်အရပ်က အားလုံးအပါယ် သတ္တဝါတွေ ဆင်းရဲမှုလွတ်မြောက်ကြပါစေ။**

http://www.dhammadownload.com

- **အရှေ့မြောက်အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှုလွတ်မြောက်ကြပါစေ။**
- **အရှေ့မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အနောက်တောင်အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အနောက်တောင်အရပ်က အားလုံးအပါယ် သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အောက်အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အထက်အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**
- **အထက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**

ယခုဆိုခဲ့ကြတာဟာ ဒီသာသြဒီသ ကရုဏာ ၁၂၀-ပါပဲ။ အဲဒါကို ဒီသာအနောဒီသ ၁၂-ပါးနှင့် ပေါင်းလိုက်ရင် ကရုဏာ ၁၃၂-ပါးဖြစ်တယ်။ ကရုဏာပွားပုံကတော့ စုံသွားပါပြီ။ ဒါပေမယ့် အဲဒီ ကရုဏာကို ဖြစ်ပွားစေတဲ့အခါ တကယ်သနားတဲ့စိတ်ဖြစ်ဖို့က အရေးကြီးပါတယ်။ ဆင်းရဲမှု လွတ်မြောက်ကြပါစေလို့ ရွတ်ဆို

http://www.dhammadownload.com

နှလုံးသွင်းနေပေမယ်လို့ သတ္တဝါတွေဟာ ဆင်းရဲနေကြတယ်ဆိုတာ တကယ်ထင်မြင်ပြီး တကယ်သနားပါမှ ကရုဏာအစစ်က ဖြစ်နိုင်တယ်။ ဒီနေရာမှာ မြတ်စွာဘုရား၏ မဟာကရုဏာဉာဏ်တော်ဖြင့် သနားတော်မူပုံကို ဆင်ခြင်ကြည့်ရင် သတ္တဝါတွေ သနားစရာကောင်းကြောင်း အတော်အတန်တော့ ထင်ရှားပေါ်လာဖွယ်ရှိပါတယ်။ ဒါကြောင့် အဲဒီမဟာကရုဏာဉာဏ်တော် ဖြစ်ပုံကို ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိမှ ထုတ်ဆောင်ပြီး ပြပါဦးမယ်။ အဲဒါတွေက ကြည်ညြိုစရာလည်းကောင်းတယ်။ သတ္တဝါတွေဟာ သနားစရာပဲလို့လည်း ထင်မြင်စေနိုင်ပါတယ်။ ဒါပေမယ့် တချို့လောက်ထုတ်ဟောရမှာပဲ။

မဟာကရုဏာသမာပတ္တိဉာဏ်တော် ဖြစ်ပုံ

ကတမံ တထာဂတသ မဟာကရုဏာသမာပတ္တိယာ ဉာဏံ။

တထာဂတသ-မြတ်စွာဘုရား၏၊ မဟာကရုဏာသမာ-ပတ္တိယာ ဉာဏ်-မဟာကရုဏာ သမာပတ်၌ ပါဝင်သောဉာဏ်တော်သည်၊ ကတမံ-အဘယ်နည်း။

တပည့်သာဝကတွေမှာ မရနိုင်ကောင်းတဲ့ ဘုရားဉာဏ်တော်ဆိုတာ ၆-ပါး ရှိပါတယ်။ အဲဒါတွေဟာ ဘာတွေလဲဆိုရင် (၁) သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိသော ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ (၂) သတ္တဝါတို့၏ စိတ်ဓာတ်ကိန်းရာ အာသယနှင့် ဖြစ်ခွင့်ရှိတဲ့ ကိလေသာအနုသယတို့ကို သိသော အာသယာနုသယဉာဏ်၊ (၃) အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ဖန်ဆင်းနိုင်သော

http://www.dhammadownload.com

ယမကပါဠိဟာရိကဉာဏ်၊ (၄) မဟာကရုဏာသမာပတ္တိဉာဏ်၊ (၅) အလုံးစုံကို သိနိုင်သော သဗ္ဗညုတဉာဏ်၊ (၆) ထိုသို့သိရာ၌ အပိတ်အပင်ကင်းသော အနာဝရဏဉာဏ်ဆိုတဲ့ ဒီဉာဏ်တော် ၆-ပါးပါပဲ။ အဲဒါတွေဟာ သာဝကတွေနှင့် မသက်ဆိုင်လို့ အသာဓာရဏဉာဏ်လို့လည်းခေါ်တယ်။ အဲဒီ ၆-ပါးထဲက မဟာကရုဏာသမာပတ္တိဉာဏ်ဆိုတာ ဘယ်ဟာပါလဲလို့ မေးတယ်။ အဖြေကိုလည်း ဒီလိုဆက်ပြီး ပြတော်မူပါတယ်။

ဗဟုကေဟိ အာကာရေဟိ ပဿန္တာနံ ဗုဒ္ဓါနံ
ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ သြက္ကမတိ။

ဗဟုကေဟိ အာကာရေဟိ-များစွာသော အခြင်းအရာတို့ဖြင့်၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ သြက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏။

သတ္တဝါတွေမှာ ဆင်းရဲဒုက္ခရောက်နေပုံတွေဟာ အလွန်များတယ်။ အဲဒီ အလွန်များတဲ့ ဆင်းရဲနေကြပုံတွေကို မြင်တော်မူပြီး မြတ်စွာဘုရားရှင်တို့မှာ သနားခြင်းကြီးစွာ မဟာကရုဏာ ဖြစ်တော်မူပါတယ်တဲ့။ အများသတ္တဝါတွေကတော့ အခြားသတ္တဝါတွေ၏ ဆင်းရဲကို မမြင်ရဘူး။ အတိဒုက္ခရောက်နေကြတဲ့ သတ္တဝါတွေလောက်သာ မြင်ကြတယ်။ အတော်အတန် ချမ်းသာနေတဲ့သူ

http://www.dhammadownload.com

တွေက တန်းတူလူတွေကို ကြည့်လိုက်ရင် သူတို့လည်း ငါလိုပင် ချမ်းသာနေကြတယ်လို့ ထင်ကြတယ်။ ကိုယ့်ထက်ချမ်းသာတဲ့ လူတွေကိုတော့ "သူတို့က ငါတို့ထက်သာပြီး ချမ်းသာနေကြတာပဲ။ ဆင်းရဲမရှိဘူး။ သနားစရာမရှိဘူး"လို့ ပဲ ထင်နေကြတယ်။ အဲဒါဟာ ဆင်းရဲတွေကို မမြင်ကြလို့ သနားကရုဏာမဖြစ်ဘဲ ရှိနေတာပါပဲ။ မြတ်စွာ ဘုရားရှင်တို့မှာတော့ သတ္တဝါတွေ ဆင်းရဲနေပုံဟု အမျိုးမျိုးသော အခြင်းအရာတို့ဖြင့် မြင်တော်မူကြတယ်။ အဲဒီလို မြင်တော်မူကြပြီးတော့ သတ္တဝါတွေအပေါ်မှာ အကြီးအကျယ် သနားခြင်း ကရုဏာသက်တော်မူကြသတဲ့။ လက္ခဏာသက်ပုံ အကျယ်ကတော့ -

မပြတ်ကြောင့်ကြစိုက်နေကြရတာလည်း သနားစရာပဲ

ဥယျုတ္တော လောကသန္ဓိဝါသောတိ ပဿန္တာနံ
ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ သြက္ကမတိ။
(အာဒိတ္တော-ပုဒ် ချန်ထားခဲ့သည်၊ နောက်၌လည်း နည်းတူပင်)။

လောကသန္ဓိဝါသော-သတ္တဝါအပေါင်းသည်၊ ဥယျုတ္တော-အမြဲမပြတ် ကြောင့်ကြစိုက်ထုတ် ပြုလုပ်နေရပါတကား၊ ဣတိ-ဤသို့ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ သြက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏-တဲ့။

http://www.dhammadownload.com

သတ္တဝါတွေဟာ စားဝတ်နေရေး စသည်အတွက် အမြဲမပြတ် ကြောင့်ကြစိုက်ထုတ် ပြုလုပ်နေကြရတယ်တဲ့။ အဲဒါဟာ သာမန်လူတွေ အမြင်နဲ့တော့ သနားစရာလို့ ထင်ချင်မှ ထင်ကြရမယ်။ စားဝတ်နေရေး စသည်အတွက် ကြောင့်ကြစိုက်ထုတ် ပြုလုပ်နေရတယ်ဆိုတာလမ်းမှန်ပဲ။ ကိုယ်ရေးကိုယ်တာအတွက် ပြုလုပ်ရမှာပေါ့။ ကိုယ့်တာဝန် ကိုယ်ဆောင်နေတာဟာ ဘာမျှအပြစ်မရှိပါဘူး။ ညည်းညူစရာလည်း မရှိပါဘူး-စသည်ဖြင့် ဆင်ခြေပေးကြပေလိမ့်မယ်။ ဒါပေမယ့် မြတ်စွာဘုရား၏ အမြင်နဲ့ကြည့်လိုက်တော့ မိမိ ခန္ဓာဝန်အတွက် မနားရဘဲ အမြဲမပြတ်ကြောင့်ကြစိုက်ထုတ် ပြုလုပ်နေရတာဟာ အမြဲတမ်းဆင်းရဲပင်ပန်းနေတာပဲ။ ဒုက္ခရောက်နေတာပဲတဲ့။ ဖြစ်ရာဖြစ်ရာဘဝမှာ မိမိတို့ ခန္ဓာဝန်အတွက် အမြဲမပြတ်ကြောင့်ကြစိုက်နေကြရတယ်။ လူ့ဘဝမှာဆိုရင် ငယ်ရွယ်စဉ်မှာ ကိုယ့်ဟာကိုယ် ဘာမျှမပြုပြင်နိုင်ဘူး။ မိဘ စသော သူတစ်ပါးကိုသာ အားကိုးနေရတယ်။ လေး ငါး ခြောက်နှစ်အရွယ်လောက် ကစပြီး ပညာသင်ကြားရတယ်။ ၁၈-နှစ်, အနှစ် ၂၀-စသည်ရှိတဲ့ အခါ စားဝတ်နေရေး စသည်အတွက် အခြေအနေအားလျော်စွာ အလုပ်အမျိုးမျိုးကို လုပ်ကိုင်ရတယ်။ ကံမကောင်း အကြောင်းမညီညွတ်ရင် စားဝတ်နေရေးတွေက မပြေလည်တဲ့အတွက် ဆင်းရဲဒုက္ခရောက်ရတယ်။ ကျန်းမာရေးပျက်တဲ့အခါ အကြီးအကျယ် ဒုက္ခရောက်ရတယ်။ တစ်ရံတစ်ခါမှာ ဘေးရန်အမျိုးမျိုးကြောင့်လည်း ဒုက္ခရောက်ရတယ်။ ကျမ်းမာရေးပျက်တဲ့အခါ အကြီးအကျယ် ဒုက္ခ

http://www.dhammadownload.com

ရောက်ရတယ်။ တစ်ဘဝလုံး မပြတ်ကြောင့်ကြစိုက်ပြီး ပြုလုပ်နေ ရတာပဲ။ အဲဒီလို လုပ်ကိုင်နေရင်းထဲက အိုချိန်တန်တော့ အိုလာ တယ်။ နာချိန်တန်တော့ နာလာတယ်။ သေချိန်တန်တော့ သေရ တယ်။ တချို့မှာ အကြီးအကျယ်လုပ်ကိုင်နေရင်း သေသွားကြရ တယ်။ ဒါက လူ့လောကအတွက် ကြောင့်ကြစိုက်လုပ်ကိုင်နေရလို့ ဆင်းရဲပုံပဲ။

တိရစ္ဆာန်ဘဝမှာတော့ အမျိုးအားဖြင့် မွေးပြီးကတည်းက ကိုယ့်ဟာကိုယ်ရှာကြံပြီး စားရတော့တာပဲ။ အစာရေစာရှားတဲ့ အရပ် မှာဆိုရင် တိရစ္ဆာန်တွေမှာ စားသောက်ရေးအတွက် အင်မတန် ပင်ပန်းရှာကြပါတယ်။ တောထဲက တိရစ္ဆာန်တွေဆိုရင် စောင့်ရှောက်မည့်သူ မရှိဘူး။ အမြဲတမ်း တထိတ်ထိတ်တလန့်လန့်နဲ့ ကိုယ့်ခန္ဓာဝန်ကို ပြုစုနေကြရတယ်။ တချို့က နေ့မထွက်ဝံ့လို့ ညဉ့်ကျမှထွက် ပြီး ရှာကြံစားသောက်ကြရတယ်။ ငရဲဘုံ, ပြိတ္တာဘုံ ဆိုတာတွေကတော့ သက်သက်ဆင်းရဲခံနေကြရတဲ့ ဘုံတွေပဲ။ အဲဒါ တွေကိုတော့ လူတွေ မမြင်ရတဲ့ဟာတွေမို့ ဒီနေရာမှာ ခွဲမပြော တော့ပါဘူး။ နတ်တွေထဲမှာလည်း ပြိတ္တာလောက်နီးပါး ဆင်းရဲတဲ့ ယက္ခခေါ်တဲ့ ပိသာစ-မြေဘုတ် တစ္ဆေမျိုးတွေ၊ ဝိနိပါတ-ခေါ်တဲ့ အညံ့စားတွေဆိုတာဟာလည်း စားရမဲ့ သောက်ရမဲ့ အလွန်ဆင်း ရဲရှာကြပါတယ်။ ဒါပေမယ့် အသက်တမ်းကုန်တဲ့ အခါကျတော့ ကုသိုလ်ကံအားနည်းတဲ့ နတ်တွေမှာလည်း ဆင်းရဲကြရတာပါပဲ။

အဲဒီတော့ သတ္တဝါတွေမှာ မိမိတို့ ရဆဲခန္ဓာကိုယ်ကို ချမ်း

http://www.dhammadownload.com

သာရအောင်, နောင်ဘဝခန္ဓာကိုယ်ကို ချမ်းသာရအောင် မပြတ်ကြောင့်ကြစိုက်ထုတ် ပြုလုပ်နေကြရတာဟာ ဘဝတိုင်း ဘဝတိုင်း ဆင်းရဲနေကြရတာပါပဲ။ ဟုတ်တယ်။ ယခုအကြောင်း ညီညွတ်အဆင်ပြေပြီး ချမ်းသာနေတယ်လို့ဆိုရတဲ့ လူတွေလည်း ယခုလောလောဆယ်မှာ ချမ်းသာမြဲချမ်းသာရအောင်၊ နောင်ဘဝတွေမှာလည်း ချမ်းသာ သွားရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မပြတ်ကြောင့်ကြစိုက်နေရတာပါပဲ။ နောက်ဘဝတွေမှာ ချမ်းသာသွားရအောင် ကြောင့်ကြစိုက်ထုတ်ပြုလုပ်နေရတယ်ဆိုတာကတော့ သူ့ယုံကြည်ချက်နဲ့ သူ့ဘာသာ ရေးအရပေါ့။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ယုံကြည်တဲ့ ဘာသာရေးအရ နောက်ဘဝ နောင်ကာလအတွက် ပြုလုပ်နေကြရတာပဲ။ နောင်ဘဝကို မယုံကြည်တဲ့ သူတွေကတော့ ယခုလက်ရှိဘဝအတွက် အင်တိုက်အားတိုက် ကြိုးစားနေကြရတာပဲ။ အဲဒီလို ဘဝတိုင်း ဘဝတိုင်း အားထုတ်ပြုလုပ်နေကြရတာတွေဟာ ဆင်းရဲပင်ပန်းနေတာတွေချည်းပဲ။

ခန္ဓာဝန်ရှိနေသမျှ ကာလပတ်လုံး ဘဝတိုင်း ဘဝတိုင်း ချမ်းသာရေးကို ရည်မျှော်ပြီး မပြတ်ကြောင့်ကြစိုက် ပြုလုပ်နေကြရတာကို မြင်တော်မူပြီး သတ္တဝါတွေကို သနားတော်မူတယ်။ ခန္ဓာဝန်ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုရောက်အောင် ငါဘုရားမှတစ်ပါး ပို့ဆောင်ကယ်တင်နိုင်မည့်သူမရှိဘူးလို့ သိမြင်တော်မူပြီး သတ္တဝါတွေကို သနားတော်မူပါတယ်။ သနားတော်မူတဲ့အတွက် ထိုထိုအရပ်များသို့ ကြွရောက်ပြီးတော့လည်း တရားဟောတော်မူတယ်။ လာရောက်ပြီး

http://www.dhammadownload.com

မေးတဲ့လူတွေ, နတ်တွေကိုလည်း ဖြေရှင်းဟောကြားတော်မူတယ်။ နေ့ရော ညဉ့်ပါ အနားယူရတဲ့အချိန်ဟာ သုံးလေးနာရီလောက်သာ ရှိတယ်။ နာရီ ၂၀-လောက် နေ့စဉ်ပင် နတ်, လူ, ဗြဟ္မာ, သတ္တဝါတို့အား ဟောကြားတော်မူခဲ့ပါတယ်။ အဲဒါဟာ ကရုဏာက မိမိချမ်းသာကို တားမြစ်တတ်တယ်လို့ ပြခဲ့တဲ့ ဝစနတ္ထအရ မြတ်စွာဘုရားမှာ မဟာကရုဏာတော်က မိမိ၏ချမ်းသာကို တားမြစ်နေပုံပါပဲ။ ဘယ်လောက်အထိ သနားတော်မူသလဲဆိုတော့ ပရိနိဗ္ဗာန်စံခါနီး လျှောင်းစက်နေစဉ်အခါ ပရိနိဗ္ဗာန်စံဖို့ နာရီပိုင်းလောက်အတွင်းမှာတောင် သုဘဒ္ဒပရိဗိုဇ်အား တရားဟောတော်မူခဲ့သေးတယ်။ ဒီအထိ သတ္တဝါတို့၏ ဆင်းရဲကိုမြင်ပြီး သနားတော်မူခဲ့ပါတယ်။

ယခု ပြောခဲ့တဲ့စကားထဲမှာ သတ္တဝါတွေ ဘဝတိုင်း ဘဝတိုင်းမပြတ်ကြောင့်ကြ စိုက်ထုတ်နေပုံကို မြင်တော်မူ၍ သနားတော်မူတယ်ဆိုတာဟာ လိုရင်းပါပဲ။ အဲဒီစကားအရအားဖြင့် "သတ္တဝါ တွေမှာ အမြဲမပြတ်လုပ်ကိုင်ပြီး ဆင်းရဲနေကြရတယ်။ သနားစရာ ကောင်းတယ်"ဆိုတာကို သဘောပေါက်ပြီး သနားခြင်း ကရုဏာကို ပွားများနိုင်ဖို့ပါပဲ။ နောက်ပြီးတော့ မြတ်စွာဘုရားမှာ မဟာ ကရုဏာတော်ဖြင့် သတ္တဝါတွေကို သနားတော်မူသဖြင့် ဆင်းရဲခံပြီး တရားဟောတော်မူပုံကိုလည်း အာရုံပြုပြီး ကြည်ညိုကြ ဖို့ပါပဲ။

သတ္တဝါတွေ ဘဝတိုင်း ဘဝတိုင်း ချမ်းသာရရေးအတွက်

http://www.dhammadownload.com

မပြတ်ကြောင့်ကြစိုက်ပြီး ဆင်းရဲနေကြပုံကို အာရုံပြုပြီး သနားခြင်း ကရုဏာကို ပွားစေရအောင် လိုက်ဆိုကြမယ်။

♦ **အားလုံးသတ္တဝါတွေ ချမ်းသာရရေးအတွက် မပြတ်ကြောင့် ကြပြုနေရတဲ့ဆင်းရဲမှု လွတ်မြောက်ကြပါစေ။ ဆင်းရဲမှုမှ လွတ်မြောက်ကြပါစေ။**

အဲဒီဆင်းရဲမှု ဘယ်အခါ လွတ်မြောက်ကြမလဲဆိုရင်၊ ရုပ်နာမ်ခန္ဓာဝန်ခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ရောက်တဲ့အခါမှ လွတ်မြောက်ကြမယ်။ အဲဒီနိဗ္ဗာန်ရောက်ပြီး လွတ်မြောက်ကြပါစေလို့ ဆိုလိုတာပါပဲ။ ကဲ. . . တစ်ခါထပ်ပြီး ပွားလိုက်ကြပါဦး။

♦ **အားလုံးသတ္တဝါတွေ မပြတ်ကြောင့်ကြပြုနေရတဲ့ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။**

အိုနာသေသို့ ဆောင်ပို့ခံနေရတာလည်း သနားစရာပဲ

ဥပနီယတိ လောကော အဒ္ဓုဝေါတိ ပသဿန္တာနံ
ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩကွတ္တမတိ။

လောကော-သတ္တဝါအပေါင်းကို၊ ဥပနီယတိ-အိုခြင်း, နာခြင်း, သေခြင်းသို့ ပို့ဆောင်နေပါတကား၊ အဒ္ဓုဝေါ-မမြဲပါတကား၊ ဣတိ-ဤသို့၊ ပသဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါ

http://www.dhammadownload.com

တို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ သြဂ္ဂမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏-တဲ့။

သတ္တဝါတွေဟာ ဘဝတိုင်း ဘဝတိုင်း အသစ်ဖြစ်ရာမှ အိုခြင်းသို့ရောက်အောင်၊ အိုရာမှ နာခြင်းသို့ရောက်အောင်၊ နာရာမှ သေခြင်းသို့ရောက်အောင် အပို့အဆောင်ခံနေရတယ်။ မမြဲကြပါ တကားလို့ မြင်တော်မူပြီး မြတ်စွာဘုရားက သနားတော်မူပါတယ်တဲ့။ သတ္တဝါတွေဟာ ဆင်ခြင်ကြည့်ရင် မိမိကိုယ်ကို မမြဘူးလို့ သိတန်သလောက်တော့ သိကြပါတယ်။ ဒါပေမယ့် နုနုပျိုပျိုနဲ့ အကြာကြီးနေရဦးမှာလိုလို, အမြဲတမ်းကျန်းမာနေမှာလိုလို, တော်တော်နဲ့ မသေနိုင်သေးဘူးလိုလို ထင်နေကြတယ်။ အဲဒီလို ထင်နေစဉ်မှာပင် အကြောင်းမညီညွတ်ရင် ရုတ်တရက် မကျန်းမမာ ဖျားနာတာလည်း ရှိနေတာပဲ။ ငယ်ငယ်နဲ့သေသွားတာလဲ ရှိတာပဲ။ မသေသေးရင်လည်း တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ တစ်နှစ်ထက် တစ်နှစ် အိုအိုလာတာပဲ။ ရုတ်တရက်တော့ မိမိကိုယ်ကို အိုတယ်လို့မထင်ကြသေးဘူး။ ဆံပင်ဖြူလာတာ သွားကျိုးတာ စသည်ကို တွေ့ရမှ အိုလာမှန်းသိကြတယ်။ အဲဒီလို အိုအောင် နာအောင် သေအောင် ဘယ်သူက ဆောင်ပို့နေသလဲဆိုတော့ မိမိတို့ကိုယ်ထဲမှ ရုပ်ခန္ဓာတွေက ဆောင်ပို့နေတာပါပဲ။ ပဋိသန္ဓေတည်နေသည်မှစပြီး ရုပ်နာမ်တွေဟာ အသစ်အဟောင်းပြောင်းလဲပြီး တဖြည်းဖြည်းချင်း ရင့်ရင့်လာတယ်။ စက္ခုန့်တိုင်း,မိနစ်တိုင်း,နာရီတိုင်း, ရက်တိုင်း,လတိုင်း,နှစ်တိုင်း,ရင့်ရင့်လာတယ်။ အနှစ်လေးဆယ်

http://www.dhammadownload.com

လောက်ကျတော့ ဆံပင်ဖြူခြင်းစသည်ဖြင့် အိုမင်းရုပ်တွေ ထင်ရှားလာတယ်။ အဲဒီ အိုရာက အနာရောဂါအမျိုးမျိုး စွဲကပ်လာတယ်။ နာရာက သေသွားရတယ်။ အချိန်နာရီတိုင်း အဲဒီအိုခြင်း, နာခြင်း,သေခြင်းဆီသို့ နီးကပ်သွားတယ်။

ရှင်သာမဏေဘဝက ဖြစ်ခဲ့တဲ့ ကရုဏာ

ဥပမာအားဖြင့် သတ်မည့်နွားကို နွားသတ်သမားတွေက ဆွဲဆောင်သွားကြတယ်။ အဲဒီလို ဆွဲဆောင်သွားရာမှ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း အသတ်ခံရဖို့ နီးကပ်နီးကပ်သွားတယ်။ အဲဒီမှာ အသတ်ခံရမည့်နွားက သူ့ကိုသတ်ဖို့ ဆွဲဆောင်နေကြတယ်ဆိုတာ သိပုံရပါတယ်။ သူတတ်နိုင်သမျှ ရုန်းကန်နေတာကိုလည်း တွေ့ရတယ်။ ဒါပေမယ့် နွားသတ်သမားတွေက အတင်းရိုက်နှက်ပြီး ဆွဲဆောင်ကြတဲ့အတွက် မလိုက်ချင်ဘဲနဲ့ လိုက်ပါသွားရရှာတယ်။ အဲဒီလို နွားကို မြင်ရတဲ့အခါ အင်မတန်သနားစရာကောင်းတာပဲ။ ဘုန်းကြီးဟာ အဲဒီလိုဆွဲဆောင်နေတာကို မြင်လို့ သနားတာနဲ့ အဲဒီအခါကစပြီး အမဲသားမစားတော့ဘဲ ကြည်ရှောင်လာခဲ့ပါတယ်။ အဲဒါဟာ ရဟန်းမဖြစ်ခင် ရှင်သာမဏေဘဝကပါပဲ။ ယခု လူတွေကိုလဲ သားသတ်ရုံသို့ ဆွဲဆောင်ခံရတဲ့ နွားလိုပင် မိမိတို့ ရုပ်နာမ်တွေက အိုဖို့,နာဖို့,သေဖို့အချိန်နာရီတိုင်း ပို့ဆောင်နေကြတယ်။ တကယ်သိမယ်ဆိုရင် အင်မတန်ကြောက်စရာကောင်းတာပဲ။ လူမှုတစ်ပါး အခြားသတ္တဝါတွေလည်း အတူတူပါပဲ။ သူတို့ရဲ့

http://www.dhammadownload.com

ရုပ်နာမ်တွေက အချိန်နာရီတိုင်း အိုဖို့, နာဖို့, သေဖို့ ဆောင်ပို့နေ ကြတာပါပဲ။ ဘဝတိုင်း ဘဝတိုင်း တစ်မိနစ်မှ ရပ်နားခြင်းမရှိဘဲ အိုနာသေဖို့ အမြဲမပြတ် ဆောင်ပို့ခံနေကြရတယ်။ အဲဒီအကြောင်း ကို မြင်တော်မူလို့ မြတ်စွာဘုရားက သနားတော်မူပါတယ်-တဲ့။

မြတ်စွာဘုရား မြင်တော်မူတာကတော့ စက္ကန့်ပိုင်းထက် မြန် တဲ့စိတ် တစ်ခုတစ်ခု၏ ခဏတိုင်းခဏတိုင်း အိုခြင်း, နာခြင်း သေခြင်းဆီ နီးကပ်နီးကပ်နေပုံကို မြင်ပြီးတော့လည်း သနားတော်မူ ပါတယ်။ ယခု ဝိပဿနာရှုနေကြတဲ့ ယောဂီတွေတောင် စိတ်တွေ ပြောင်းလဲနေတာတွေ့ရရင် ခဏတိုင်းခဏတိုင်း အိုဖို့,နာဖို့,သေဖို့ နီးကပ်နေတယ်ဆိုတာ သဘောပေါက်နိုင်ပါတယ်။ ဘုန်းကြီးတို့ ညွှန်ပြတဲ့အတိုင်း ရှုမှတ်နေကြတဲ့ ယောဂီတွေမှာ ဘဝ်ဉာဏ်လောက် ရောက်တဲ့အခါကျတော့ မှတ်ရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော တစ်စိတ်ချင်း တစ်စိတ်ချင်း ကုန်ကုန်ပျက်ပျက်သွားတာဟာ အင်မတန်ထင်ရှားပါတယ်။ စိတ်ကလေးတွေဟာ စိပ်ပုတီးက ပုတီး စေ့ကလေးတွေ တစ်ရွှေ့ပြီးတစ်ရွှေ့ စီနေသလိုပဲ တစ်ပိုင်းစီ တစ်ပိုင်းစီပြတ်ပြတ်ပြီး ကုန်ကုန်သွားတာကို ထင်ရှားတွေ့ရတယ်။ အဲဒီလို ကုန်ကုန်သွားတိုင်း၊ ပျောက်ပျောက်သွားတိုင်း၊ ပျက်ပျက် သွားတိုင်း အိုဖို့,နာဖို့,သေဖို့ ဆောင်ပို့နေသည်မည်တာပဲ။ အဲဒါက ဘဝ်ဉာဏ်ရောက်နေတဲ့ ယောဂီတွေက မိမိတို့ဉာဏ်ဖြင့် မှန်းဆ ကြည့်ဖို့ပါပဲ။

သာမန်ပုဂ္ဂိုလ်တွေ ဆင်ခြင်ဖို့ကတော့ စက္ကန့်ပိုင်း, မိနစ်ပိုင်း,

http://www.dhammadownload.com

နာရီပိုင်း, ရက်ပိုင်း, လပိုင်း, နှစ်ပိုင်းဖြင့် ဆင်ခြင်ကြည့်နိုင်ပါတယ်။ အကြမ်းဆုံး နှစ်ပိုင်းဖြင့် ဆင်ခြင်ကြည့်ရင် နှစ်တိုင်းနှစ်တိုင်း အိုဖို့, နာဖို့ နီးကပ်နီးကပ်နေတာပဲ။ ယခုလူတွေမှာ အသက်လေးဆယ် ကျော် ငါးဆယ်လောက်ဆိုရင် အိုရုပ်တွေ ထင်ရှားလာပြီ။ ငါးဆယ် ကျော် ခြောက်ဆယ်ဆိုတော့ သာပြီးထင်ရှားလာတာပဲ။ အဲဒီလို အိုရာက နာဖို့ရာ နီးကပ်နီးကပ်လာတယ်။ နာနေတဲ့သူမှာတော့ နှစ်တိုင်း, လတိုင်း, ရက်တိုင်း, နာရီတိုင်း, မိနစ်တိုင်း, စက္ကန့်တိုင်း, သေဖို့ရာ နီးကပ်နီးကပ်လာတာပဲ။ အသက် ၇၀-ကျော်, ၈၀-ကျော် အတွင်းသေကြရတာပဲ။ ဘုန်းတန်ခိုးအာဏာရှိတဲ့လူတွေလည်း ဒီလမ်းစဉ်အတိုင်း သွားပြီး သေကြရတာပဲ။ ဘယ်လို အစွမ်းကောင်း တဲ့လူ, ဘယ်လိုထူးခြားတဲ့လူပဲဖြစ်ဖြစ် အိုနာသေဆိုတဲ့ ဒီလမ်းစဉ် အတိုင်း အသက် ၇၀-ကျော်၊ ၈၀-ကျော်အတွင်း အဆုံးသတ်သွား ကြရတာပဲ။ လူမှတစ်ပါး အခြားသတ္တဝါတွေလည်း နည်းတူပါပဲ။ အဲဒါဟာ မိမိကိုယ်တွင်း ရုပ်နာမ်တွေက အိုနာသေသို့ ဆောင်ပို့နေ တာပဲ။ အဲဒါကို "အိုနာသေသို့၊ မောင်းနှင်ပို့၊ လူတို့ မမြဲပါတကား"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

အို-နာ-သေသို့၊ မောင်းနှင်ပို့၊ လူတို့မမြဲပါတကား။

ဒီဆောင်ပုဒ်အရ ဆင်ခြင်ကြည့်ရင် အနိစ္စသဘောလည်း ထင် ရှားတယ်။ မရဏာနုဿတိလည်း ဖြစ်ပွားတယ်။ သတ္တဝါတွေ ဟာ ဘဝတိုင်း ဘဝတိုင်း အိုရာမှ နာရတယ်။ နာရာမှ သေရတယ်။ ဒီလမ်း စဉ်အတိုင်း သွားနေရတာပဲလို့ ဆင်ခြင်ကြည့်လိုက်တော့

http://www.dhammadownload.com

သနား စရာပဲ။ ဆင်းရဲဒုက္ခရောက်ကြရတာပဲလို့ ထင်ရှားတယ်။ ဒါကြောင့် မြတ်စွာဘုရားက သတ္တဝါတွေအပေါ်မှာ "အိုခြင်း, နာခြင်း, သေခြင်းသို့ အမြဲမပြတ်ဆောင်ပို့ခံနေကြရပါတကား။ မမြဲကြပါတကား"လို့ မြင်တော်မူပြီး သနားကရုဏာသက်တော်မူတာပဲ။ မြတ်စွာဘုရား ကရုဏာသက်တော်မူသလိုပင် တရားနာပရိသတ်များကလည်း ကရုဏာပွားကြရမယ်။ လိုက်ဆိုကြ။

- **အားလုံးသတ္တဝါတွေ အို-နာ-သေသို့ ဆောင်ပို့ခံနေကြရပါတကား။ မမြဲကြပါတကား။**
- **အဲဒီဆင်းရဲမှု လွတ်မြောက်ကြပါစေ၊ လွတ်မြောက်ကြပါစေ၊ လွတ်မြောက်ကြပါစေ။**

ဒီကရုဏာပွားပုံကတော့ အင်မတန် အဆင့်အတန်းမြင့်ပါတယ်။ မြတ်စွာဘုရားရှင်၏ မဟာကရုဏာသက်ပုံပါပဲ။ အများပုဂ္ဂိုလ်တို့အနေဖြင့် ဆင်ခြင်ကြည့်ရင် လူတွေဟာ ဆွေမျိုးတွေ သေဆုံးလို့ ဆင်းရဲနေကြတာလည်းရှိတယ်။ စီးပွားဥစ္စာတွေ ပျက်စီးဆုံးရှုံးလို့ ဆင်းရဲနေကြတာလည်းရှိတယ်။ ရောဂါစွဲကပ်နှိပ်စက်လို့ ဆင်း ရဲနေကြတာလည်းရှိတယ်။ ချစ်သူနဲ့ကွဲကွာလို့ ဆင်းရဲနေကြတာတွေ လည်းရှိတယ်။ အဲဒီလို ဆင်းရဲနေကြတဲ့သူတွေကို အာရုံပြုပြီးတော့လဲ ကရုဏာပွားနိုင်ပါတယ်။ လိုက်ဆိုကြရမယ်။

ဆင်းရဲအမျိုးမျိုးဖြင့် ဆင်းရဲနေကြတဲ့ သတ္တဝါတွေ အားလုံး ဆင်းရဲမှု လွတ်မြောက်ကြပါစေ။ ဆင်းရဲမှု လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။

http://www.dhammadownload.com

တကယ်အားကိုးစရာ မရှိကြတာလည်း သနားစရာပဲ

အတာဏော လောကော အနဘိဿရောတိပဿန္ဓာ
ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ သြက္ကမတိ။

လောကော-သတ္တဝါအပေါင်းသည်၊ အတာဏော-စောင့်ရှောက်သူ မရှိပါတကား။ အနဘိဿရော-အားကိုးရာ မရှိပါတကား၊ ဣတိ-ဤသို့၊ ပဿန္ဓာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားကြီးစွာ မဟာကရုဏာတော်သည်၊ သြက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏-တဲ့။

သတ္တဝါတွေမှာ စောင့်ရှောက်သူ မရှိဘူး။ အားကိုးစရာ မရှိဘူးတဲ့။ အဲဒီအဆိုကို ကောရဗျမင်းက နားမလည်လို့ အရှင်ရဋ္ဌပါလကို မေးဖူးပါတယ်။ "အရှင်ရဋ္ဌပါလ၊ ကျွန်ုပ်တို့မှာ စောင့်ရှောက် တဲ့စစ်တပ်တွေ ရှိနေပါတယ်။ အဲဒါတွေဟာ အားကိုးစရာလည်းဖြစ်ပါတယ်။ စောင့်ရှောက်သူ မရှိဘူး။ ကိုးကွယ်ရာ မရှိဘူးဆိုတာ ဘာကိုရည်ရွယ်ပြီးဆိုပါသလဲ"တဲ့၊ အဲဒီတော့ အရှင်ရဋ္ဌပါလက မေးတယ်။ "ကောရဗျမင်း၊ သင့်မှာစွဲကပ်နေတဲ့ ရောဂါ မရှိဘူးလား။ အဲဒီရောဂါက အပြင်းအထန်နှိပ်စက်တဲ့အခါ ဘယ်လိုနေပါသလဲ" တဲ့။"ကျွန်ုပ်မှာ စွဲကပ်နေတဲ့ ရောဂါရှိပါတယ်။ အဲဒီရောဂါက အပြင်းအထန်နှိပ်စက်တဲ့အခါ သေလုနီးပါး ခံစားရပါတယ်။ ဆွေမျိုးတွေက သေတော့မှာပဲလို့ထင်ပြီး အနီးအပါးမှာ မျက်ရည်စက်လက်နဲ့ ငိုနေတဲ့အခါလည်း ရှိပါတယ်"လို့

http://www.dhammadownload.com

ကောရဗျမင်းက ဖြေကြားတယ်။

အဲဒီတော့ "ကောရဗျမင်း၊ သင့်မှာ အဲဒီလို ရောဂါအပြင်း အထန်နှိပ်စက်တဲ့အခါ သင့်ဆွေမျိုးမိတ်ဆွေတွေအား အဲဒီရောဂါ ခွဲဝေပေးလို့ ရပါရဲ့လား။ ငါ့မှာ ဝေဒနာခံစားရမှု သက်သာရအောင် နည်းနည်းစီခွဲယူကြပါလို့ပြောရင် ခွဲပေးပြီး ယူနိုင်ကြပါ့မလား"လို့ ထပ်ပြီးစိစစ်မေးမြန်းတယ်။ "ခွဲဝေပေးလို့ မဖြစ်ပါဘူး။ ခွဲဝေပြီး လည်း မယူနိုင်ကြပါဘူး။ ကျွန်ုပ်တစ်ယောက်တည်း ကြိတ်မှိတ်ခံစား နေရတာပဲ"လို့ ကောရဗျမင်းက ဖြေကြားတယ်။ အဲဒီတော့ အရှင်ရဋ္ဌပါလက "အဲ. . ဟုတ်ပြီ အရှင်မင်းကြီး၊ အဲဒီလို အခါမျိုး မှာ စောင့်ရှောက်သူမရှိတာ, အားကိုးစရာမရှိတာကို ရည်ရွယ်ပြီး တော့ မြတ်စွာဘုရားက သတ္တဝါတွေမှာ စောင့်ရှောက်သူမရှိဘူး။ ကိုးကွယ်ရာမရှိဘူးလို့ ဟောတော်မူတာပါ"လို့ ဖြေရှင်းပြတော်မူ လိုက်ပါတယ်။

ဘယ်လိုပင် မိဘဆွေမျိုးအစောင့်အရှောက်တွေ ရှိနေပေ မယ့်လို့ မအိုရအောင်, မနာရအောင်, မသေရအောင်တော့ မစောင့် ရှောက်နိုင်ဘူး၊ ပျိုပျိုနုနုနဲ့ အမြဲတမ်းနေရအောင် ဘယ်သူကမှ မစောင့်ရှောက်နိုင်ဘူး။ အိုချိန်တန်ရင် အိုရတာပဲ။ အိုတဲ့အခါလည်း အဲဒီအိုခြင်းသဘောကို ခွဲဝေပေးလို့မရဘူး။ အကယ်၍သာ ခွဲဝေ ပေးလို့, ယူလို့ရမယ်ဆိုရင် အိုတဲ့အစိတ်အပိုင်းကလေးတွေကို နည်း နည်းစီ ခွဲဝေပေးလိုက်ရင် အိုမင်းမှုမထင်ရှားပဲ ပျိုပျိုနုနုလို ပြန် ဖြစ်သွားတယ်။ အဲဒီလိုဖြစ်နိုင်ရင် သိပ်နေရာကျမှာပေါ့။

http://www.dhammadownload.com

ကျန်းမာရေးအတွက် သင့်လျော်တဲ့ဆေးဖြင့် ကာကွယ်နိုင်တယ်ဆိုပေမယ့်လို့ ရောဂါလုံးဝ မဖြစ်အောင်တော့ မတတ်နိုင်ဘူး။ ရောဂါအပြင်းအထန်ဖြစ်လာတဲ့ အခါကျတော့လည်း ပျောက်ကင်းအောင် မကုသနိုင်တော့ဘူး။ အဲဒီရောဂါခံစားရမှု သက်သာအောင် နည်းနည်းစီခွဲဝေပေးလို့လည်း မဖြစ်ဘူး။ ခွဲဝေပေးလို့ခွဲဝေယူလို့ဖြစ်ရင် သိပ်နေရာကျမှာပေါ့။

မသေအောင်လည်း ဘယ်သူကမျှ မတတ်နိုင်ဘူး။ အဲဒီအိုခြင်း, နာခြင်း, သေခြင်းတွေကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ သူမရှိဘူး။ သေပြီးတော့ အပါယ်လေးပါးမကျရအောင် စောင့်ရှောက်နိုင်တဲ့ သူမရှိဘူး။ အဲဒီလို စောင့်ရှောက်သူ, ကိုးကွယ်ရာ မရှိတာကိုမြင်ပြီးတော်မူတော့ မြတ်စွာဘုရားက သတ္တဝါတွေကို သနားတော်မူတာပါပဲ။ အဲဒီအပိုဒ်အရ "စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနွဲ့လှချေပါတကား"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနွဲ့လှချေပါတကား။

လောကကြီးတစ်ခုလုံးကို ကြည့်လိုက်ရင် မအိုရအောင်, မနာရအောင်, မသေရအောင် အပါယ်ဆင်းရဲမှု လွတ်မြောက်ရအောင်, သံသရာဆင်းရဲမှု လွတ်မြောက်ရအောင် ဘယ်သူမျှမကယ်တင်, မစောင့်ရှောက်နိုင်ဘူး။ ဖန်ဆင်းဝါဒအရ ဘုရားသခင်ကကယ်တင်နိုင်တယ်လို့ ဆိုပေမယ့် အဲဒီဝါဒ ယုံကြည်ကိုးကွယ်နေတဲ့ သူတွေလည်း သူများလိုပင် အိုချိန်တန်ရင် အိုကြရတာပဲ။

http://www.dhammadownload.com

နာချိန်တန်ရင် နာကြရတာပဲ။ သေချိန်တန်ရင် သေကြရတာပဲ။ အဲဒါတွေက မကယ်တင်နိုင်ကြောင်း အထင်အရှား သက်သေခံ နေပါတယ်။ သေပြီးတဲ့ နောက်ကာလကျမှ ကယ်တင်တယ်ဆို တာကလဲ ယုံကြည်ဖွယ်မရှိပါဘူး။ တကယ်ဟုတ်ရင် မသေခင်ကယ် တင်ပါမှပေါ့။ ဗုဒ္ဓ မြတ်စွာဘုရားတို့က ကယ်တင်တယ်ဆိုတာကလဲ ဆင်းရဲမှုလွတ်မြောက်ကြောင်း အကျင့်နည်းလမ်းကို ဟောပြပေး ခြင်းမျှဖြင့် ကယ်တင်တာပါပဲ။ မိမိ၏ တန်ခိုးဖြင့် အမိန့်ဖြင့် ဆင်းရဲမှုလွတ်စေလို့ အမိန့်ပေးပြီး ကယ်နိုင်တာမဟုတ်ပါဘူး။ ဥပမာအားဖြင့် လူမမာကို ဆေးဆရာများက ဆေးပေးခြင်း, ဆေးနည်း, သုံးဆောင်နေထိုင်နည်းများကို ညွှန်ကြားတဲ့အတိုင်း လိုက်နာတဲ့သူမှာ ကျန်းမာသွား သလိုပင် ဗုဒ္ဓမြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း လိုက်နာပြီး ကျင့်တဲ့သူဟာ အပါယ်ဆင်းရဲ, သံသရာဆင်းရဲမှ လွတ်မြောက်တာပဲ။ အဲဒီအနက်အဓိပ္ပာယ်ကို မြတ်စွာဘုရားက ဒီလိုဟောတော်မူပါတယ်။

ဗုဒ္ဓဘုရားရှင်ကလည်း ဟောရုံသာ စွမ်းနိုင်တယ်

တုမ္ဟေဟိ ကိစ္စ မာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

တုမ္ဟေဟိ-ငါဘုရား၏ တပည့်ဖြစ်သော သင်တို့သည်၊ အာ တပ္ပံ-သမ္မပ္ပဓာန် လုံ့လဖြင့် ပြုသင့်သော သီလ, သမာဓိ, ပညာ အကျင့်ကို၊ ကိစ္စံ-ပြုလုပ်အပ်၏၊ ပြုလုပ်ရမည်၊ တထာဂတာ- ငါဘုရားတို့သည်။ အက္ခာတာရော-အကျင့်မှန် နည်းမှန်ကို ဟောရုံ

http://www.dhammadownload.com

သာ ဟောနိုင်ကြပေသည်၊ စျာယိနော-သမထနှင့် ဝိပဿနာ နှစ်ဖြာသောရှုခြင်းဖြင့် ရှုကုန်လျက်၊ ပဋ္ဌိပန္နာ-ငါဟောသည့်အတိုင်း ကျင့်သောပုဂ္ဂိုလ်တို့သည်၊ မာရဗန္ဓနာ-ကိလေသမာရ်၏ အနှောင် အဖွဲ့မှ၊ မောက္ခန္တိ-လွတ်မြောက်ကြပေကုန်လတ္တံ-တဲ့။

ဘုရားဟောတဲ့ အကျင့်နည်းမှန်ကို ကြားနာပြီး ကျင့်သူတွေ ဟာ ကိလေသမာရ်၏ အချုပ်အနှောင်လို့ဆိုရတဲ့ သံသရာဝဋ္ဋ ဆင်းရဲမှ လွတ်မြောက်ကြမယ်တဲ့။ အဲဒီ ဒေသနာအရ မကျင့်ရင် တော့ မလွယ်ဘူး။ ကျင့်နည်းမှန်ကို မကြားရရင်လည်း ဘုရားရှင် မျှား ပွင့်ထွန်းတဲ့အခါမှ ကြားရတယ်။ ဘုရားမပွင့်တဲ့ သာသနာမှာ ဆိုရင် ကျင့်နည်းမရှိတာနဲ့ မကျင့်နိုင်လို့ ဆင်းရဲမှမလွတ်နိုင်ကြဘူး။ အဲဒီတော့ ကျင့်နည်းမှန်ကို မကြားရလို့ မကျင့်နိုင်တဲ့ သတ္တဝါတွေ မှာ ဘယ်သူ့ကိုမျှ အားမကိုးရဘူး။ သံသရာ ဝဋ္ဋဆင်းရဲမှ လွတ် မြောက်အောင် စောင့်ရှောက်သူ မရှိဘူး။ အဲဒီလို စောင့်ရှောက်သူ မရှိတဲ့အတွက် သံသရာထဲမှာ တဝဲလည်လည်နဲ့ ဒုက္ခရောက်နေ ကြတယ် ဆိုတာကို မြင်တော်မူပြီးတော့ မြတ်စွာဘုရားရှင်က သတ္တဝါတွေကို သနားတော်မူပါတယ်တဲ့။ အဲဒီမြတ်စွာဘုရားက သနားတော်မူသလိုပင် အို, နာ, သေခြင်း စသည် ကင်းအောင် စောင့်ရှောက်သူမရှိတဲ့ သတ္တဝါတွေကို အာရုံပြုပြီး ကရုဏာ ပွားကြရမယ်။ လိုက်ဆိုကြ။

မအို,မနာ,မသေရအောင် စောင့်ရှောက်သူ မရှိ၍ ကိုးကွယ်ရာမဲ့ ဖြစ်နေသောကြောင့် သံသရာထဲ၌ ဆင်းရဲနေကြ

http://www.dhammadownload.com

သော သတ္တဝါတွေအားလုံး ဆင်းရဲမှ လွတ်မြောက်ကြပါစေ။ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံးကို စွန့်သွားကြရတာလည်း သနားစရာပဲ

အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယန္တိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ သြက္ကမတိ။

လောကော-သတ္တဝါအပေါင်းသည်၊ အဿကော-ကိုယ်ပိုင်ဥစ္စာမရှိပါတကား၊ သဗ္ဗံ-အလုံးစုံကို၊ ပဟာယ-စွန့်လွှတ်၍၊ ဂမနီယံ-သွားရမ္မာချည်းပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ သြက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏။

သတ္တဝါတွေမှာ ကိုယ်ပိုင်ဥစ္စာရယ်လို့ မရှိဘူးတဲ့။ လောကအလိုအားဖြင့်တော့ ကိုယ်ပိုင်ပစ္စည်းဆိုတာ အနည်းနှင့်အများသာ ကွာခြားတယ်။ ရှိတန်သလောက်တော့ ရှိနေကြတာပါပဲ။ ဘေးရန်အန္တရာယ်မရှိလို့ မပျက်စီး,မဆုံးရှုံးသေးရင်တော့ ရှိနေကြပါတယ်။ ဒါပေမယ့် (သမ္ဘတ္တိ ဝိပတ္တိပရိယောသာန)သမ္ဘတ္တိ-ပြည့်စုံခြင်းဟူသမျှသည်၊ ဝိပတ္တိပရိယောသာနာ-ပျက်စီးခြင်းလျှင် အဆုံးရှိပါတယ်တဲ့။ လောကမှာ ပြည့်စုံနေတာ ကြီးပွားချမ်းသာနေတာတွေ

http://www.dhammadownload.com

ဟူသမျှကား နောက်ဆုံးတစ်ချိန်ကျတော့ ပျက်စီးသွားတာချည်းပဲ။ ပျက်စီးခြင်းမှာ အဆုံးသတ်သွားတာချည်းပဲတဲ့။ ပျက်စီးခြင်းလျှင် အဆုံးရှိတယ်ဆိုတာ တကယ်ဟုတ်တာပဲ။ အနာဂင်းရှင်း ကျန်းမာခြင်းဟာ နာခြင်းမှာ အဆုံးသတ်သွားတာပဲ။ ပျိုမျစ်နုနယ် အရွယ်ကောင်းခြင်းဟာလည်း အိုမင်းခြင်းမှာ အဆုံးသတ်သွားတာပဲ။ စောစောက ဘယ်လိုပင်ပြည့်စုံနေပေမယ့်လို့ နောက်ဆုံးသေတဲ့အခါမှာ ဘာမျှမယူသွားနိုင်ဘူး။ အခြွေအရံများခြင်းဟာလည်း အခြွေအရံမဲ့ခြင်းမှာ အဆုံးသတ်သွားတာပဲ။ အသက်ရှင်နေခြင်းဟာလဲ သေခြင်းမှာ အဆုံးသတ်သွားတာပဲ။ လောကဘက်ကကောင်းတာဟူသမျှဟာ နောက်ဆုံးကျတော့ အကုန်လုံးကင်းမဲ့သွားတော့တာပဲ။ အဲဒါကို သိရိဝမ္ဘာသောကမင်းကြီး၏ အတ္ထုပ္ပတ္တိဖြင့် ထင်ရှားသိနိုင်ပါတယ်။

သိရိဝမ္ဘာသောကမင်းကြီး ဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၁၈-နှစ်လောက်မှာ အိန္ဒိယနိုင်ငံ၌ အသောကမင်းကြီးဆိုတာ ပေါ်ထွန်းခဲ့ပါတယ်။ ဇမ္ဗုဒီပါ တစ်ကျွန်းလုံးကို အစိုးရတယ်လို့ဆိုပါတယ်။ ဟိုတုန်းက ဇမ္ဗုဒီပါကျွန်းဆိုတာ အဲဒီအသောကမင်းကြီး ရေးထားခဲ့တဲ့ ကျောက်စာများအရအားဖြင့် ယခု အိန္ဒိယလို့ခေါ်နေတဲ့ နယ်ပယ်တစ်ဝိုက်ပါပဲ။ ဘာကြောင့် ဒီလို သိရသလဲဆိုတော့ သူ့ကျောက်စာထဲမှာ ယခုအိန္ဒိယနယ်ပယ်၏ အစွန်ဖြစ်တဲ့ အရပ်များကို သူ့ပိုင်

http://www.dhammadownload.com

နက်၏ နယ်စပ်နိုင်ငံများအဖြစ်ဖြင့် ပြဆိုထားသောကြောင့်ပါပဲ။ ယခုခေတ်အမြင်နဲ့ဆိုရင်တော့ သိပ်မကျယ်သလို ဖြစ်နေပါတယ်။ ဒါပေမယ့် ဟိုရှေးခေတ်တုန်းကတော့ အလွန်ကျယ်တဲ့ နိုင်ငံအဖြစ်ဖြင့် ထင်ရှားခဲ့ပါတယ်။ အလွန်လည်း ဘုန်းတန်ခိုးကြီးပါတယ်။ အဋ္ဌ ကထာများ အဆိုအရအားဖြင့် အထက်ကောင်းကင်မှာတောင်တစ် ယူဇနာအထိ အစိုးရတယ်လို့ ဆိုပါတယ်။ အဲဒီလို အလွန်ဘုန်းတန်ခိုးကြီးတဲ့ မင်းဖြစ်သောကြောင့် ပစ္စည်းဥစ္စာတွေကလည်း အလွန်ပင်ပေါများပြည့်စုံခဲ့ပါတယ်။ ဒါပေမယ့် နောက်ဆုံးနတ်ရွာစံခါနီး အချိန်ကျတော့ ဆီးဖြူသီးတစ်ခြမ်းမျှကိုသာ ပိုင်ဆိုင်အစိုးရတော့ တယ်လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။ပြဆိုပုံကတော့-

သကလံ မေဒိနိံ ဘုတ္တာ၊ ဒတ္တာ ကောဋ္ဌိသတံ သုခီ။

အမ္ဗာမလကမတ္တသ၊ အန္တေ ဂ္ဂသရတံ ဂတော-တဲ့။

သုခီ-လွန်ကဲသော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော၊ အသောကော- အသောကမည်သောမင်းသည်၊ သကလံမေဒိနိံ-ဇမ္ဗူဒီပ်ကျွန်းတွင် မြေတပြင်လုံးကို၊ ဘုတ္တာ-စိုးအုပ်သုံးဆောင်ပြီး၍၊ ကောဋ္ဌိသတံ ဒတ္တာ-ကုဋေတစ်ရာ မျှားစွာသောဥစ္စာကိုလည်း လှူပြီး၍၊ အန္တေ-အဆုံးစွန်ကျ နောက်ကာလ၌၊ အမ္ဗာမလက မတ္တသ-ဆီးဖြူသီး တစ်ခြမ်းမျှကို၊ ဂ္ဂသရတံ-အစိုးရသောပိုင်ရှင်အဖြစ်သို့၊ ဂတော-ရောက်သွားရရှာလေတော့သည်တဲ့။

အသောကမင်းကြီးဟာ စောစောပိုင်းကတော့ အလွန်တန်ခိုးကြီးတဲ့ မင်းဖြစ်တယ်။ ဇမ္ဗူဒီပ်တစ်ကျွန်းလုံးကို အစိုးရတယ်

http://www.dhammadownload.com

လို့လည်း ခိုးကျူးရတယ်။ ပစ္စည်း ဥစ္စာတွေလည်းအလွန်ပင်ပေါများ ပြည့်စုံခဲ့တယ်။ တစ်နေ့တည်းဖြင့် ၉၆-ကုဋေတောင် လျှုခဲ့တယ်။ အားလုံးတော့ ကုဋေတစ်ရာတောင် လျှုခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် နောက်ဆုံးနတ်ရွာစံခါနီးကျတော့ ကျန်းမာရေးကလည်းချို့နေတယ်။ မျှားကြီး အမတ်ကြီးတွေကလည်း ရိုသေမှုပေါ့သွားဟန်တူပါတယ်။ ဒီဗျာဝဒါနကျမ်းမှာ အဲဒီအကြောင်းအရာများကို ပြထားတာရှိပါတယ်။ ဝိသုဒ္ဓိမဂ်မြန်မာပြန်မှာ တော်တော်ပြည့်စုံစုံ ပြထားပြီးရှိပါတယ်။ ဒီမှာတော့ အကျဉ်းလောက်ပြောပြရမှာပဲ။

အသောကမင်းကြီး မကျန်းမမာဖြစ်နေတဲ့အချိန်မှာ စားသုံးဖွယ်များကို မူလဆက်သနေကျအတိုင်း ရွှေခွက်ဖြင့်ဆက်သကြတယ်။ စားသုံးပြီးတဲ့အခါ မင်းကြီးက အဲဒီရွှေခွက်များကို ကုက္ကုဋ္ဌာရာမကျောင်းသို့ ပို့လျှစေတယ်။ အဲဒီကနောက် ငွေခွက်ဖြင့်ဆက်သကြတယ်။ အဲဒီငွေခွက်များကိုလည်း ကုက္ကုဋ္ဌာရာမကျောင်းသို့ ပို့လျှုစေတယ်။ အဲဒီလိုလျှုတာကလည်း သူ့ရည်ရွယ်ချက်အတိုင်း ကုဋေတစ်ရာ ပြည့်ရန် ၄-ကုဋေလိုနေတဲ့အတွက် ပြည့်အောင်လျှုတယ်လို့လည်း ဆိုပါတယ်။ အဲဒီက နောက်တော့ မျှားမတ်များက စားသုံးဖွယ်များကို မြေခွက်ဖြင့်သာ ဆက်သကြစေတယ်လို့ ဆိုပါတယ်။ အဲဒီအခါ အသောကမင်းကြီး၏ လက်ထဲသို့ ဆီးဖျှသီးတခြမ်းမျှသာ ရောက်လာတဲ့အတွက် မင်းကြီးမှာထိတ်လန့်တုန်လှုပ်ပြီးတော့ မျှားမတ်တွေ နန်းတွင်းသားတွေကို စည်းဝေးစေတယ်။ စည်းဝေးမိတဲ့အခါမှာ အသောကကြီးက "ဒီနိုင်ငံမြေကို ဘယ်သူ အစိုးသလဲ"လို့

http://www.dhammadownload.com

မေးတယ်။ "အရှင်မင်းကြီး အစိုးရပါတယ်"လို့ အမတ်ကြီးက လျှောက်တယ်။

အဲဒီတော့ အသောကမင်းကြီးက "သင်အမတ်ကြီးပြောတဲ့ အတိုင်း မဟုတ်တော့ဘူး။ ယခုအခါမှာတော့ ငါ့မှာ ဒီဆီးဖြူသီး တစ်ခြမ်းမျှသာ စိုးပိုင်တော့တယ်"လို့ ပြောပြီးတော့ "ပြည့်စုံခြင်း ဟူသမျှဟာ ပျက်စီးခြင်းအဆုံးရှိတယ်"လို့ ဟောတော်မူတဲ့ မြတ်စွာ ဘုရားစကားတော် မှန်ကန်ကြောင်းလည်း မြွက်ဆိုသွားပါသတဲ့။ အကျယ်သိချင်ရင်တော့ ဝိသုဒ္ဓိမဂ်မြန်မာပြန် ဒုတိယတွဲ (၂၁၇-စသည်)မှာ ကြည့်ရှုနိုင်ပါတယ်။

ဒါကြောင့် "သတ္တဝါတွေမှာ ကိုယ်ပိုင်ဥစ္စာမရှိဘူး။ သေတဲ့ အခါ အားလုံးကို စွန့်လွှတ်သွားကြရမယ်"ဆိုတာဟာ သိပ်မှန်တာပဲ။ ငါ ငါ့ဟာနဲ့ အစွဲလမ်းကြီးနေကြပေမယ့် သေတဲ့အခါကျတော့ အကုန်လုံးကို စွန့်လွှတ်သွားကြရတာချည်းပဲ။ ကိုယ်မှာ ဝတ်ဆင် ထားတဲ့ အဝတ်စသော ပစ္စည်းတွေလည်း စွန့်လွှတ်သွားကြရတာပဲ။ မိမိတို့၏ ရုပ်ကိုယ်ကြီးကိုလည်း စွန့်လွှတ်သွားကြရတာပဲ။ အဲဒီလို ဘဝ တိုင်း စွန့်လွှတ်သွားကြရတာတွေကို မြင်တော်မူလို့ မြတ်စွာဘုရား ရှင်က သတ္တဝါတွေကို သနားတော်မူပါတယ်တဲ့။ မြတ်စွာဘုရား သနားတော်မူသလို ကိုယ်ပိုင်ဥစ္စာမရှိတဲ့ သတ္တဝါ တွေကို အာရုံပြုပြီး ကရုဏာပွားကြရမယ် လိုက်ဆိုကြ။

ကိုယ်ပိုင်ဥစ္စာ မဟုတ်တာတွေကို ကိုယ်ပိုင်ဥစ္စာအနေ ဖြင့် ရှားမှီးသိမ်းပိုက်ပြီး ကိုယ်ရောစိတ်ပါ ဆင်းရဲနေရှာကြတဲ့ သတ္တဝါတွေ သနားစရာကောင်းတယ်။ ဒါကြောင့် သတ္တဝါတွေ

http://www.dhammadownload.com

တာပဲ။ ဘာမျှမရှိသေးတဲ့သူက နည်းနည်းလောက် စားနိုင်သုံးနိုင်ရုံ လောက်ရရင်တော်ပါပြီလို့ ကြံစည်ထားပေမယ့် ရည်မှန်းတဲ့အတိုင်း ရလာတဲ့အခါကျတော့ အဲဒါလောက်နဲ့ အားမရ၊ မရောင့်ရဲနိုင် ရှိနေတတ်တယ်။ တစ်ကျပ်လောက်ရတဲ့သူက နှစ်ကျပ်, သုံးကျပ်လို ချင်တယ်။ သုံးလေးကျပ်ရတဲ့သူက ငါးကျပ်, တစ်ဆယ် ရလိုချင် တယ်။ တစ်ဆယ်လောက်ရတဲ့သူက တစ်ရာ, တစ်ထောင်စသည် ရချင်တယ်။ တစ်ရာ, တစ်ထောင်စသည် ရပြန်ရင်လည်း တစ် သောင်း, တစ်သိန်း စသည် ရချင်ပြန်တာပဲ။ ဘယ်လောက်ရလို့မှ အလို မပြည့်ဘူး အားမရ မရောင့်ရဲဘူး။ ဒါကြောင့် ယခုကာလမှာ သိန်းသန်းကုဋေနဲ့ချီပြီး ကြွယ်ဝနေကြတဲ့ သူဌေးကြီးတွေကလည်း များသည်ထက်များအောင် ကြောင့်ကြစိုက်ထုတ်ပြုလုပ်နေကြရ တာပဲ။ အဲဒီလို အလိုမပြည့်ဝအားမရနိုင်လို့ ရှာကြံနေကြရင်း သေကုန်ကြရတာပဲ။ သေသည်အထိလည်း အလိုမပြည့်ဝ အား မရနိုင်ကြဘူး။

ဥပမာအားဖြင့် ပင်လယ်ထဲမှာ မိုးရေတွေ မြစ်ရေတွေ ဘယ်လောက်ပဲ ကျဝင်လာစေကာမူ ပင်လယ်ကတော့ ပြည့်လျှံသွား တယ်လို့ မရှိဘူး။ တစ်နည်းဥပမာအားဖြင့် မီးပုံထဲမှာ ဘာလောင် စာတွေ ဘယ်လောက်ထည့်ထည့် ပြည့်ဝတယ်လို့ မရှိဘူး။ လောင်စာ ထည့်တိုင်း ထည့်တိုင်း တိုးတိုးပြီး လောင်နေတာပဲ။ အဲဒီ ဥပမာ များလိုပင် သတ္တဝါတွေမှာ ဘယ်တော့မှ အလိုပြည့်ဝအားရတယ်လို့ မရှိဘူး။ အဲဒီလို အားမရ၊ မရောင့်ရဲတာလည်း တဏှာ၏ အစွမ်း

http://www.dhammadownload.com

အားလုံး အဲဒီလို ဆင်းရဲမှုလွတ်မြောက်ကြပါစေ။ အဲဒီလို ဆင်းရဲမှုလွတ်မြောက်ကြပါစေ။ အဲဒီလို ဆင်းရဲမှု လွတ်မြောက်ကြပါစေ။

အဲဒီ ကိုယ်ပိုင်ဥစ္စာ မရှိပုံနဲ့စပ်ပြီး ဆောင်ပုဒ်ကိုတော့ "ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ကာသွားရမည်တကား"လို့ စီထားတယ်။ အဲဒါ ကိုလဲ ဆိုကြရမယ်။

ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ကာသွားရမည်တကား။

တဏှာ၏ကျွန် ခံနေကြရတာလဲ သနားစရာပဲ

ဥိနော လောကော အတိတ္တော တဏှာဒါသောတိ
ပယဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာ
ကရုဏာ သြက္ကမတိ။

လောကော-သတ္တဝါအပေါင်းသည်၊ ဥိနော-မပြည့်မဝ အစစအရာ လိုလျက်သာရှိနေပါတကား၊ အတိတ္တော-ရောင့်ရဲ ကင်းပ အားမရနိုင်ဘဲသာ ရှိနေပါတကား၊ တဏှာ ဒါသော-တဏှာ၏ကျွန် ဖြစ်နေပါတကား၊ ဣတိ-ဤသို့၊ ပယဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့ အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ သြက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏။

သတ္တဝါတွေမှာ အစစအရာရာ ပြည့်ဝတယ်လို့မရှိဘူး။ တော်ပြီလို့ အားရရောင့်ရဲခြင်းလည်း မရှိဘူးတဲ့။ ဒါလည်း သိပ်မှန်

http://www.dhammadownload.com

ကြောင့်ပါပဲ။ တဏှာက စေခိုင်းတဲ့အတိုင်း ရှာကြံလုပ်ကိုင်နေ ကြရတယ်။ အဲဒီတော့ တဏှာ၏ ကျွန်ဖြစ်နေတာပေါ့။ အဲဒီလို တဏှာ၏ကျွန် ဖြစ်ပြီး အလိုမပြည့်ဝ အားမရနိုင်ဘဲ ရှာကြံနေကြတဲ့ သတ္တဝါတွေကို မြင်တော်မူလို့ မြတ်စွာဘုရားက သနားတော်မူပါ တယ်။ ဥပမာအားဖြင့် သနားညှာတာခြင်းမရှိဘဲ ရက်ရက်စက်စက် စေခိုင်းတတ်တဲ့ လူဆိုးကြီး ခိုင်းသမျှကို ကြောက်တာနဲ့ ပင်ပန်း ဆင်းရဲစွာ လုပ်ကိုင် နေကြရတဲ့ လူကလေးတွေကို မြင်ရင် သနား တတ်တဲ့သူမှာ သနားသလိုပါပဲ။ အဲဒါကို "လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ကျွန်ချည်းပါ၊ တကား"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ကျွန်ချည်းပါတကား။

တဏှာမကင်းသေးတဲ့ သတ္တဝါတွေဟာ တဏှာက စေခိုင်း ညွှန်ကြားသမျှကို လုပ်နေကြရတယ်။ ပုထုဇဉ်တွေဆိုရင် တဏှာက အသတ်ခိုင်းရင် သတ်ရတယ်။ သတ်ပြီး လုပ်ကိုင်မှ စီးပွားဖြစ်မယ်။ ကြီးပွားချမ်းသာမယ်လို့ထင်ပြီး သတ်တာတွေဟာ တဏှာကခိုင်းလို့ သတ်တာတွေပဲ။ အဇာတသတ်မင်းက ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကို သတ်တာဟာ မင်းစည်းစိမ်ကိုရလိုတဲ့ တဏှာစေခိုင်း ချက်အရ သတ်တာပဲ။ အဲဒီလို တဏှာမကင်းသေးတဲ့ ပုထုဇဉ်တွေ ဟာ ပဠာနန္တရိယကံကြီးတွေအထိ ပြုလုပ်ပြီး အပါယ်ဆင်းရဲစသည် တွေနဲ့ အတိဒုက္ခရောက်နေကြရတယ်။ သောတာပန်မှာတော့ အပါယ်ကျရောက်စေနိုင်တဲ့တဏှာ ကင်းသွားပြီ။ ဒါကြောင့် အပါယ်

http://www.dhammadownload.com

ကျစေနိုင်တဲ့ သတ်ခြင်း၊ ခိုးခြင်း စသော အကုသိုလ်ဒုစရိုက်တွေကို တော့ မပြုဘူး။ ဒါပေမယ့် ကာမတဏှာက မကင်းသေးတဲ့အတွက် ကာမဂုဏ်အာရုံတွေ ခံစားရန်အတွက် တဏှာခိုင်းသမျှ ရှာကြံအားထုတ်ပြီး ဆင်းရဲဒုက္ခရောက်နေရသေးတာပါပဲ။ သကဒါဂါမ်မှာလည်း ကာမတဏှာ အနုစားတွေခိုင်းသမျှ လုပ်နေရသေးတာပါပဲ။ "အနာဂါမ်မှာ ကာမတဏှာကင်းပေမယ့် ရူပတဏှာစေခိုင်းတာကို လုပ်နေရသေးတာပါပဲ။ ဒါပေမယ့် အဲဒီတဏှာကြောင့် ကိုယ်ဆင်းရဲစိတ်ဆင်းရဲတော့ မရှိပါဘူး။ သခ်ါရ ဆင်းရဲလောက်သာရှိပါတော့တယ်။ ရဟန္တာမှာတော့ တဏှာဟူသမျှ အကုန်ကင်းသွားပြီဖြစ်တဲ့အတွက် တဏှာ၏ ကျွန်အနေဖြင့် ခံစားရတဲ့ဆင်းရဲတွေကို မြင်တော်မူပြီး သနားတော်မူတာဟာ တဏှာမကင်းသေးတဲ့ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီး သနားတော်မူတာပါပဲ။ အဲဒီအထဲမှာလဲ ပုထုဇဉ်ကတော့ သနားစရာအကောင်းဆုံးပါပဲ။ ယခုမြတ်စွာဘုရား သနားတော်မူပုံကို နည်းမှီပြီး ကရုဏာပွားကြရမယ်။ လိုက်ဆိုကြ။

တဏှာ၏ကျေးကျွန်ဖြစ်လျက် အလိုမပြည့်ဝ အားမရနိုင်သဖြင့် ဆင်းရဲနေကြသော သတ္တဝါတွေအားလုံး တဏှာ၏ကျွန်အဖြစ်မှ လွတ်ကြ၍၊ ဆင်းရဲမှုလွတ်မြောက်ကြပါစေ၊ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။

မြန်မာပြည်တွင်းက သတ္တဝါတွေရော၊ တစ်ကမ္ဘာလုံးက သတ္တဝါတွေရော၊ ဒီစကြဝဠာအတွင်းက သတ္တဝါတွေရော၊ အနန္တ

http://www.dhammadownload.com

စကြာဝဠာတွေက သတ္တဝါတွေရော ယခုပြောခဲ့တဲ့ ဆင်းရဲအမျိုးမျိုး နဲ့ တွေ့ကြုံခံစားနေကြရတယ်။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကို ခံစားနေကြရတာလည်းရှိတယ်။ ရှာကြံအားထုတ်ရလို့ ပင်ပန်းဆင်းရဲနေကြရတာလည်းရှိတယ်။ အကုသိုလ်ကံကြောင့် အပါယ်ကျရောက်ပြီး ခံစားရမည့် ဆင်းရဲလည်းရှိတယ်။ အိုခြင်း, နာခြင်း, သေခြင်း စသော သံသရာဝဋ်ဆင်းရဲလဲရှိတယ်။ အဲဒီအမျိုးမျိုးသော ဆင်းရဲတွေမှ လွတ်မြောက်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ကရုဏာပွားကြရမယ်။ နှလုံးသွင်းတိုင်း ရွတ်ဆိုတိုင်းလည်း နောက်ကလိုက်ပြီး ရှုမှတ်ကြရမယ်။ လိုက်ဆိုကြ။

- **မြန်မာပြည်သူပြည်သားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။**
- **တစ်ကမ္ဘာလုံးက သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။**
- **ဤစကြဝဠာတို့မှ သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။**
- **အနန္တစကြဝဠာအတွင်းက သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။**

ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပတ္တာ စ နိဗ္ဘယာ။
သောကပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

http://www.dhammadownload.com

ဒါက ပရိတ်ကြီးထဲက ကရုဏာပွားပုံ အာသီသဂါထာပဲ။ နှုတ်တက်ရနေကြတာပဲ မျှားပါလိမ့်မယ်။ အနက်ကတော့ -

ဒုက္ခပ္ပတ္တာ-ဆင်းရဲရောက်နေကုန်သော၊ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ပါဏိနောစ-သတ္တဝါတို့သည်လည်း၊ နိဒ္ဒုက္ခာ-ဆင်းရဲကင်းကြသည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။ ဘယပ္ပတ္တာ-ဘေးသင့်နေကုန်သော၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော စ-သတ္တဝါတို့သည်လည်း၊ နိဗ္ဘယာ-ဘေးကင်းကြသည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း၊ သောကပတ္တာ-စိုးရိမ်ပူပန်နေကြကုန်သော၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော စ-သတ္တဝါတို့သည်လည်း၊ နိသောကာ-စိုးရိမ်ကင်းပ အေးချမ်းကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်းတဲ့။

ဒီဂါထာပါဠိအနက်အရအားဖြင့် ကရုဏာပွားပုံပေါ်လွင်နေပါတယ်။ ဆင်းရဲဒုက္ခရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။ ဘေးသင့်နေကြတဲ့ ပုဂ္ဂိုလ်တွေ, ဘေးဘယမှ လွတ်မြောက်ကြပါစေ။ စိုးရိမ်ပူပန်နေကြတဲ့ ပုဂ္ဂိုလ်တွေ စိုးရိမ်ပူပန်ခြင်းမှ လွတ်မြောက်ကြပါစေလို့ နှလုံးသွင်းပြီး ကရုဏာပွားနိုင်ပါတယ်။ အဲဒီအဆိုဖြင့် ကရုဏာပွားကြရမယ်။

- **ဆင်းရဲဒုက္ခရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။**
- **ဘေးသင့်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဘေးဘယမှ လွတ်မြောက်ကြပါစေ။**
- **စိုးရိမ်ပူပန်နေကြတဲ့ ပုဂ္ဂိုလ်တွေ စိုးရိမ်ပူပန်ခြင်းမှ**

http://www.dhammadownload.com

လွတ်မြောက်ကြပါစေ။

မဟာကရုဏာသမာပတ္တိဉာဏ်ဖြစ်ပုံနှင့် စပ်ပြီးတော့ သိမြင်သဘောကျပြီး ကရုဏာပွားပုံ တချို့တော့ ပြောချင်ပါသေးတယ်။ အဲဒါနောက်ရက်ကျမှ ဆက်ပြောရမှာပါပဲ။ ဒီကနေ့တော့ ဒီတွင်ပဲ ရပ်ပြီး တရားသိမ်းတော့မယ်။

ဤကရုဏာ ဘာဝနာတရားတော်ကို ရိုသေစွာနာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာ ပရိသတ်ပေါင်း သူတော်ကောင်းတို့သည် ကရုဏာဘာဝနာကိုလည်း စွမ်းနိုင်သမျှ ပွားများအားထုတ်ကြသည့်အပြင် ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်မှုဝိပဿနာ တရားကိုလည်း တိုးတက်ပွားများ အားထုတ်နိုင်ကြ၍ မိမိတို့အလိုရှိ အပ်သောမဂ်ဉာဏ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု

ဗြဟ္မဝိဟာရ တရားတော် ပဌမပိုင်းပြီး၏။

× × × × ×

http://www.dhammadownload.com

ဗြဟ္မဝိဟာရ တရားတော်

ဆဋ္ဌမပိုင်း

၁၃၂၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈-ရက်နေ့
ဟောသည်။

တရားအနုသန္ဓေ

တော်သလင်းလကွယ်နေ့က ကရုဏာပွားပုံကို ဟောခဲ့တယ်။ တော်တော်စုံသွားပါပြီ။ ဒါပေမယ့် မဟာကရုဏာဖြစ်ပုံတချို့ကို ဟောချင်သေးတယ်။ ဗဟုသုတလည်း ပွားရအောင်, ကြည်ညိုသဒ္ဓါလည်း ပွားရအောင်, ကြည်ညိုသဒ္ဓါလည်း ပွားရအောင်, ကရုဏာပွားရန်လည်း ပေါ်လွင်အောင်, ဝိပဿနာရှုပုံလည်း သရုပ်ဖော်ပြရအောင် ဒီရည် ရှယ်ချက် ၄-ချက်အရ ဟောချင်တာပါပဲ။ အဲဒီမဟာကရုဏာဖြစ်ပုံများကို ဟောပြီးတော့မှ မုဒိတာ ဗြဟ္မဝိဟာရ ဖြစ်ပွားပုံကိုလည်း ဟောရမယ်။

http://www.dhammadownload.com

တစ်နေ့က ဓမ္မဒွေသ ၄-ပါးဆိုင်ရာ မဟာကရုဏာဖြစ်ပုံကို တော့ ဟောပြီးပြီ။ သတ္တဝါတွေမှာ မြားစူးနေပုံ၊ ပိုက်ထဲမိနေပုံ၊ ရေယဉ်ကြောမျောနေပုံ၊ မီးလောင်ခံနေရပုံများနဲ့စပ်ပြီး ကရုဏာ ဖြစ်ကြောင်း ဟောဖို့ပါပဲ။ ရှေးဦးစွာ မြားစူးနေပုံကို ဟောရမယ်။

သတ္တဝါတွေ မြားစူးနေတယ်

သသလ္လော လောကသန္ဓိဝါသော ဝိဒ္ဓေါ ပုထုသလ္လဟိ၊ နတ္ထ-ညော ကောစိ သလ္လနံ ဥဒ္ဓတာ အညတြမယာတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ သြက္ကမတိ။

လောကသန္ဓိဝါသော-သတ္တဝါအပေါင်းသည်၊ သသလ္လော စူးဝင်နေသော မြားတွေရှိနေပါတကား၊ ပုထုသလ္လေဟိ-များစွာသော မြားတို့ဖြင့်၊ ဝိဒ္ဓေါ-စူးဝင်နေပါတကား၊ အညတြမယာ-ငါဘုရားမှ တစ်ပါး၊ သလ္လာနံ ဥဒ္ဓတာ-စူးဝင်နေသောမြားတို့ကို နုတ်ပေးနိုင်သော၊ အညောကောစိ-အခြားသူ တစ်စုံတစ်ယောက်မျှ၊ နတ္ထိတိ-မရှိပါတကားဟူ၍၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော။ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာ တော်သည်၊ သြက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏-တဲ့။

သလ္လဆိုတာ ငြောင့်နဲ့မြားကိုဆိုတယ်။ ဒီနေရာမှာ ငြောင့်ဆိုရင်လည်း သင့်ပါတယ်။ ဒါပေမယ့် အဋ္ဌကထာမှာ မြားအနေဖြင့် ပြဆိုထားပါတယ်။ ဒါကြောင့် မြားစူးနေတဲ့ သတ္တဝါတွေကို သနားပုံမျိုးအနေဖြင့် ဆင်ခြင်ကြည့်ဖို့ပါပဲ။ ယခုခေတ်မှာ စစ်တိုက်ကြရာ

http://www.dhammadownload.com

သေနတ်တွေနဲ့ပစ်ကြတော့ သေနတ်ကျည်ဆံ အထိအမှန်ခံရတဲ့ သူတွေမှာ ဆင်းရဲကြသလိုပင် ရှေးခေတ်တုန်းကလည်း လေးမြားနဲ့ ပစ်ကြလို့ မြားမှန်ခံရတဲ့သူတွေမှာ ဆင်းရဲကြရပါတယ်။ အဲဒီမြားမှန် ခံလို့ မြားစူးခံရတဲ့သူလိုပင် သတ္တဝါတွေမှာ မြားတွေ စူးဝင်နေကြပါ တယ်တဲ့။ ဘယ်လိုမြားတွေ စူးဝင်နေတာလဲဆိုတော့ ရာဂ, ဒေါသ မောဟ, မာန, ဒိဋ္ဌိကိလေသာ ဒုစရိုက်ဆိုတဲ့ ဒီအကုသိုလ်မြားတွေ စူးဝင်နေတာပါပဲ။ ရင်ဘတ်က ကျောအထိပေါက်အောင် မြားခုနစ် ချောင်း စူးဝင်နေတယ်ဆိုရင် အင်မတန်အခံရခက်မှာပေါ့။ အဲဒါလို ပဲ သတ္တဝါတွေမှာ ရာဂ, ဒေါသ စသော မြားခုနစ်ချောင်း စူးဝင်နေ လို့ သနားစရာကောင်းပါတယ်တဲ့။

ဒါပေမယ့် ပုထုဇဉ်တွေအနေနဲ့ဆိုတော့ အဲဒီမြားတွေ စူးဝင် နေတာကို ကြိုက်နေကြတယ်။ ကာမဘုံက သတ္တဝါတွေဟာ ကာမဂုဏ်အာရုံတွေကို ခံစားပြီး ကာမရာဂဖြစ်နေတာကို ကြိုက် နေကြတယ်။ ဒါကြောင့် ကာမဂုဏ်အာရုံတွေကို ရနိုင်သမျှ ရှာကြံ ပြီး ကာမရာဂကို ပြုစုအားပေးနေကြတာပဲ။ ဘုရားရဟန္တာတို့ အမြင်အားဖြင့်ဆိုရင်တော့ ကာမရာဂဖြစ်နေတာဟာ မြားစူးနေ တာလို, ငြောင့်စူးနေတာလို မခံသာတဲ့အနေအားဖြင့် မြင်တော်မူ ကြပါတယ်။ ရူပဘဝ အရူပဘဝကို တပ်မက်သာယာတဲ့ ရာဂလည်း ထို့အတူပင် မခံသာတဲ့သဘောပါပဲ။ ဒေါသမြားငြောင့်စူးပုံက ပိုပြီး ထင်ရှားတယ်။ ရွှင်ရွှင်ပျပျ ကြည်ကြည်လင်လင်ရှိနေရာထဲက ဒေါသဖြစ်လာရင် မျက်နှာရုပ်အဆင်းတွေဟာ တစ်ခါတည်း

http://www.dhammadownload.com

ညှိုမည်း ညှိုးနွမ်းသွားတော့တာပဲ။ စိတ်ထဲမှာလည်း မနေသာမထိုင်သာ ဖြစ်သွားတော့တာပဲ။ ဒါပေမယ့် စိတ်ဆိုးနေတဲ့သူကတော့ အဲဒီလို ဒေါသဖြစ်နေတာကိုပဲ အရသာရှိသလို ထင်နေတယ်။ ဒါကြောင့် ဒေါသ မပွားဖို့၊ ရန်ငြိုး မထားဖို့၊ သူတစ်ပါးက ငြိမ်းချမ်းရေးစကားကို ပြောလာရင် အဲဒီဒေါသဖြစ်နေသူက တယ်မကြိုက်တတ်ဘူး။ ဟိုတခြားဘက်က လိုက်ပြောတယ်လို့လည်း ထင်တတ်တယ်။

မောဟဆိုတာကတော့ အမှန်မသိတဲ့ အမှားသိတဲ့သဘောပါပဲ။ မမြဲတာတွေကို မြဲတယ်လို့ထင်တယ်။ ခဏမစဲဖြစ်ပျက်နေတဲ့ ဆင်းရဲတရားတွေကို ချမ်းသာလို့ထင်တယ်။ အတ္တကောင်မဟုတ်တဲ့ ရူပ်နာမ်သဘောတရားတွေကို အတ္တကောင်, ငါကောင်, သတ္တဝါကောင်လို့ ထင်တယ်။ ရာဂ, ဒေါသဖြစ်ရင် ဒီအမှားသိ မောဟလည်း ပါတော့တာပဲ။ အဲဒီ မောဟမြားကြောင့် စူးနေတဲ့အတွက်လည်း သတ္တဝါတွေဟာ ဒုက္ခရောက်နေကြရတယ်။ မောဟက အမှားတွေ အမှန်ထင်တဲ့အတွက် မတော်တာတွေကိုပြုတယ်, ပြောတယ်,ကြံတယ်။ အဲဒီပြုမှု, ပြောမှု, ကြံမှုတွေကြောင့် မကောင်းကျိုးတွေ့ရပြီး ဆင်းရဲနေကြရတယ်။

မာနဆိုတဲ့ မြားကြောင့်ကြောင့်လည်း အထင်မကြီးသင့်တာတွေကို အထင်ကြီးပြီး ဒုက္ခရောက်ကြရတယ်။ ဒိဋ္ဌိမြားကြောင့် စူးဝင်နေတဲ့အတွက် အယူမှားတွေကို စွဲလမ်းနေတယ်။ မစွန့်လွှတ်နိုင်ဘူး။ ကောင်းကျိုးရလိမ့်မယ်ထင်မှတ်ပြီး မပြုသင့်တာတွေကို

http://www.dhammadownload.com

ပြုနေတယ်။ မပြောသင့်တာတွေကို ပြောနေတယ်။ မကြံသင့်တာ တွေကို ကြံနေတယ်။ အဲဒီလိုပြုမှု စသည်ကြောင့် ဒုက္ခရောက်နေ ကြရတယ်။ ဘုရားလက်ထက်တော်ကာလတုန်းက ပုရာဏ ကဿပအစရှိတဲ့ ဂိုဏ်းဆရာကြီး ၆-ဦးနဲ့ သူတို့တပည့်တွေဟာ မတော်တာတွေပြုကြ ပြောကြတဲ့အတွက်လည်း အကုသိုလ်တွေ ပွားသွားကြတယ်။ ဘုရားကို ပြစ်မှားတဲ့အတွက်လည်း ကြီးလေးတဲ့ အကုသိုလ်ကံတွေ ဖြစ်ပွားသွားကြတယ်။ အဲဒီအကုသိုလ်ကံတွေ ကြောင့် ငရဲစသည်ကို ကျရောက်ပြီးတော့ အကြီးအကျယ်ဆင်းရဲကြ ရတယ်။ ယခုနေခါလည်း အဲဒီလိုဒိဋ္ဌ မြားငြောင့်စူးနေလို့ ဒုက္ခ ရောက်နေကြတဲ့သူတွေ များစွာရှိနေတာပဲ။

ဝိစိကိစ္ဆာ အစရှိသော ကျန်တဲ့ကိလေသာမြားငြောင့်တွေ စူးနေလို့ ဒုက္ခရောက်နေကြရတာတွေလည်း ရှိတာပဲ။ ဝိစိကိစ္ဆာ ဆိုတာ ဘုရား၊ တရား၊ သံဃာ အစစ်အမှန်တွေ ဟုတ်မှ ဟုတ်ပါ့ မလား စသည်ဖြင့် ယုံမှားတာပါပဲ။ သီလအကျင့်, သမာဓိအကျင့်, ဝိပဿနာ ပညာအကျင့်ကို ကျင့်တဲ့အတွက် ကောင်းကျိုးရတယ်, စျာန်ရတယ်, ဝိပဿနာဉာဏ်ဖြစ်တယ်, မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှား တာလည်း ဝိစိကိစ္ဆာပဲ။ ကုသိုလ်ကံကြောင့် ကောင်းတဲ့ဘဝမှာ ဖြစ်ရတယ်, အကုသိုလ်ကံကြောင့် အပါယ်လေးပါးမှာ ဖြစ်ရတယ်ဆို တာ ဟုတ်မှဟုတ်ပါ့ မလားလို့ ယုံမှားတာလည်း ဝိစိကိစ္ဆာပဲ။ အဲဒီ ဝိစိကိစ္ဆာမြားငြောင့် စူးဝင်နေကြတဲ့အတွက်လည်း လမ်းမှန်အကျင့်

http://www.dhammadownload.com

မှန်ကို မလိုက်နိုင်ဘဲရှိနေကြတယ်။ ဒါကြောင့် သံသရာဝဋ်ဆင်းရဲတွေနဲ့ အမြဲတွေ့ကြုံပြီး ခံစားနေကြရတယ်။

နောက်ပြီးတော့ ဒုစရိုက်ဆိုတဲ့ မြားငြောင့်ကတော့ ရာဂ, ဒေါသ စသော ကိလေသာမြားငြောင့်တွေနဲ့ တစ်ဆက်တည်းပါပဲ။ ရာဂစသည် အားကောင်းတဲ့အခါ သတ်ခြင်း, ခိုးခြင်း, လိမ်ခြင်း စသော ဒုစရိုက်အကုသိုလ်ကံတွေ ဖြစ်ပွားတော့တာပဲ။ အဲဒီဒုစရိုက်အကုသိုလ်ကံတွေကြောင့် အပါယ်လေးပါးကျရောက်ပြီး ဆင်းရဲနေကြရတယ်။ မကြာမီမှာ အပါယ်လေးပါးကျရောက်ပြီး ဆင်းရဲကြရမည့် ပုဂ္ဂိုလ်တွေလည်း များစွာရှိနေတယ်။

ဒါကြောင့် ရာဂအစရှိသော အဲဒီမြားငြောင့် စူးနေကြတဲ့ သတ္တဝါတွေကို မြင်တော်မူပြီး မြတ်စွာဘုရားက သနားတော်မူတယ်။ သနားတော်မူတဲ့အတွက် ၄၅-နှစ် ကာလပတ်လုံး အငြိမ်းစားနေတော်မမူဘဲနဲ့ တရားဒေသနာများကို နေ့ရောညဥ့်ပါ အကြောင်းအားလျော်စွာ ဟောတော်မူခဲ့ပါတယ်။ အဲဒီဟောတော်မူတဲ့ တရားတော်နှင့်အညီ ကျင့်သုံးအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေမှာ ရာဂအစရှိသော မြားငြောင့်တွေ ကျွတ်လွတ်ကင်းကွာသွားကြတယ်။ မြားစူးနေတဲ့သူမှာ တစ်ချောင်းနုတ်ပြီးရင် တစ်ချောင်းအတွက် သက်သာသလိုပင် တရားကျင့်တဲ့သူမှာ ကိလေသာမြားငြောင့်တွေ ကင်းကင်းသွားသလောက် ချမ်းသာခွင့် ရရသွားကြပါတယ်။ အဲဒါကို တရားအားထုတ်ပုံနဲ့ စပ်ပြီးပြောဦးမယ်။

http://www.dhammadownload.com

တရားရှုမှတ်၍ မြားငြောင့်ကင်းပုံ

ယခု သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ ဒွါရ ၆-ပါးမှဖြစ်တဲ့ ရူပ်နာမ်တွေကို မပြတ်ရှုမှတ်နေကြတဲ့ ယောဂီတွေမှာ စိတ်ပျံ့လွင့်ခြင်းမရှိဘဲ တည်ငြိမ်နေတဲ့အခါ နီဝရဏငါးပါးမှ ကင်းလွတ်စင်ကြယ်နေတယ်။ အဲဒါဟာ စိတ္တဝိသုဒ္ဓိပဲ။ အဲဒီလို နီဝရဏကင်းပြီး စိတ်စင်ကြယ် တည်ငြိမ်နေတဲ့အခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုသိရတာကတခြား၊ ရှုသိတာကတခြား ကွဲပြားပြီးထင်တယ်။ ဖောင်းတယ်လို့ ရှုသိတဲ့အခါ ဖောင်းရုပ်ကတခြား၊ ရှုသိတဲ့စိတ်နာမ်ကတခြား ကွဲပြားပြီးထင်တယ်။ ပိန်တယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကွေးတယ်စသည် ဖြင့် ရှုသိရမှာပဲ နည်းတူပင်ကွဲပြားပြီးထင်တယ်။ အဲဒီလိုရှုမှတ်တိုင်း ရှုမှတ်တိုင်း သိစရာနဲ့သိတာ ဒီနှစ်ပါးသာ ကွဲပြားပြီး ထင်နေတော့ ဒီကိုယ်ထဲမှာ ရူပ်နဲ့နာမ် ဒီ၂-ပါးမျှသာ ရှိတယ်ဆိုတာကို ကောင်းကောင်းသဘောကျ သိမြင်သွားတယ်။ အဲဒါဟာ ဒိဋ္ဌိမြားငြောင့် ကင်းတန်သလောက် ကင်းသွားတဲ့ ဒိဋ္ဌိဝိသုဒ္ဓိပဲ။

အဲဒီကနောက် ဆက်ပြီးရှုမှတ်နေရင် ကွေးချင်တဲ့စိတ်ကြောင့် ကွေးရုပ်ဖြစ်တယ်။ သွားချင်တဲ့စိတ်ကြောင့် သွားရုပ်ဖြစ်တယ်။ သိစရာအာရုံရှိလို့ အသိစိတ်ဖြစ်တယ် စသည်ဖြင့် အကြောင်းနဲ့လည်း အကျိုးကိုလည်း ပိုင်းခြားသိရတယ်။ အဲဒီအခါ ကခီဆိုတဲ့ ယုံမှားမှု မြားငြောင့် ကင်းတန်သလောက် ကင်းသွားတယ်။ အဲဒီကနောက် ရှုမှတ်တိုင်း ရှုမှတ်တိုင်း အစပေါ်လာတဲ့

http://www.dhammadownload.com

အဖြစ်နဲ့ အဆုံးပျောက်ကွယ်သွားတဲ့ အပျက်ကိုလည်း တွေ့ရသိရတယ်။ ဖောင်းတယ်လို့ ရှုမှတ်ရင် တောင့်တင်းလှုပ်ရှားမှု, ဖောင်းမှုကလေးများကို အစနဲ့အဆုံး အဖြစ်နဲ့အပျက်ဖြင့် ပိုင်းခြားပြီး သိရတယ်။ ပိန်တယ်, ကွေးတယ်, ဆန့်တယ်, ကြွတယ်, လှမ်းတယ်, ချတယ်စသည်ဖြင့် ရှုမှတ်ရမှာလည်း နည်းတူပင်။ အစနဲ့အဆုံး၊ အဖြစ်နဲ့အပျက်ဖြင့် ပိုင်းခြားပြီး သိရတယ်။ အဲဒီလိုသိရတော့ မမြဲဘူး၊ ဆင်းရဲပဲ၊ အတ္တမဟုတ်တဲ့ အနတ္တ သဘောတရားမျှပဲလို့ သဘောကျသိမြင်သွားတယ်။

အဲဒီလိုသိမြင်တော့ ရုပ်နာမ်နှစ်ပါးမျှသာ ရှိတယ်။ မမြဲတာချည်းပဲ၊ ဆင်းရဲချည်းပဲ၊ အနတ္တချည်းပဲလို့ မြတ်စွာဘုရားဟောတာ မှန်ပါပေသည်။ မြတ်စွာဘုရားဟာ အလုံးစုံကို သိတော်မူတာမှန်ပါပေသည် စသည်ဖြင့် မြတ်စွာဘုရားအပေါ်မှာ ယုံကြည်မှု သद္ဓါတရား ခိုင်မြဲလာတယ်။ ဘုရားဟောထားတဲ့ တရားတော်လည်း တကယ်မှန်တာလို့ တရားတော်အပေါ်မှာလည်း ယုံကြည်မှု ခိုင်မြဲလာတယ်။ မြတ်စွာဘုရား အဆုံးအမတော်အတိုင်း ကျင့်နေတဲ့ သံဃာတော် အပေါ်မှာလည်း ယုံကြည်မှု ခိုင်မြဲလာတယ်။ ယုံကြည်မှု သद္ဓါခိုင်မြဲသလောက် ယုံမှားမှု ဝိစိကိစ္ဆာကလည်း ကင်းကင်းသွားတယ်။

အဲဒီကနောက် ဆက်ပြီးရှုမှတ်လို့ ဝိပဿနာဉာဏ်စဉ် ၁၀-ပါး အစဉ်အတိုင်း တက်ပြီးတော့ အရိယမဂ်ဉာဏ်ဖြင့် ရုပ်နာမ်ဆင်းရဲ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့ပြီး သိရတယ်။ အဲဒီအခါမှာ ရုပ်နာမ် ၂-ပါးမျှသာ ရှိတယ်။ အတ္တကောင်, ငါကောင်မရှိဘူး

http://www.dhammadownload.com

ဆိုတာ ခိုင်ခိုင်မြဲမြဲသိသွားတယ်။ ဒါကြောင့် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ မှစ၍ မိစ္ဆာဒိဋ္ဌိအယူမှားဟူသမျှ အကုန်ကင်းငြိမ်းသွားတယ်။ အဲဒါဟာ ဒိဋ္ဌိမြားငြောင့် ကျွတ်လွတ်ကင်းကွာသွားပုံပါပဲ။ အဲဒီလို ဒိဋ္ဌိကင်းပုံကို "ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ရုပ်နာမ်အစု၊ ငါကောင်ဟု ထင်မှုမရှိပါ။

အဲဒါဟာ သောတာပန်မှာ သက္ကာယဒိဋ္ဌိ ကင်းပုံပါပဲ။ ရှုမှတ်နေတဲ့အခါဖြစ်စေ၊ စဉ်းစားဆင်ခြင်ကြည့်တဲ့အခါဖြစ်စေ၊ "ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်အစုမျှသာရှိတယ်။ အတ္တကောင် ငါကောင်ရယ်လို့ မရှိဘူး"ဆိုတာ အသိဉာဏ်ရှင်းနေပါတယ်။ နောက်ပြီးတော့ ဘုရား၊ တရား၊ သံဃာနဲ့စပ်ပြီးတော့လည်း ယုံမှားမရှိတော့ဘူး။ သီလ, သမာဓိ, ပညာဆိုတဲ့ အကျင့်သိက္ခာနဲ့ စပ်ပြီးတော့လည်း ယုံမှားမရှိတော့ဘူး။ "သီလ၊ သမာဓိ၊ ပညာဖြစ် အောင်ကျင့်မှ နိဗ္ဗာန်ကို ရောက်နိုင်တယ်"ဆိုတာ ယုံမှားမရှိ သဒ္ဓါ ခိုင်မြဲသွားတယ်။ အဲဒါကိုလည်း "ရတနာသုံးပါး၊ အကျင့်အား၊ ယုံမှားမရှိပါ"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကိုလည်းဆိုကြရမယ်။

ရတနာသုံးပါးအကျင့်အား ယုံမှားမရှိပါ။

အဲဒါဟာ ဘုရား၊ တရား၊ သံဃာအကျင့်နဲ့စပ်ပြီး ယုံမှားမှု ဝိစိကိစ္ဆာကင်းပုံပါပဲ။ အဲဒါဟာ သောတာပန်မှာ ယုံမှားမှုကင်းပုံပါပဲ။ ဒီမဟာကရုဏာသမာပတ္တိ ဒေသနာတော်အရအားဖြင့် ဝိစိကိစ္ဆာမြားငြောင့် ကျွတ်လွတ်ကင်းကွာသွားပုံပါပဲ။

http://www.dhammadownload.com

ယခုပြောခဲ့တဲ့ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကင်းရင် အပါယ်လေးပါး,ကျစေတတ်တဲ့ ရာဂ, ဒေါသ, မောဟ, မာနစသော အခြားကိလေသာတွေလည်း ကင်းသွားတော့တာပါပဲ။ ဒါကြောင့် ဝိပဿနာ ပညာအကျင့်ကို ကျင့်လို့ သောတာပန်ဖြစ်ရင် အပါယ်လေးပါးကျရောက်ပြီး ဆင်းရဲစေတတ်တဲ့ မြားငြောင့်တွေ ကင်းသွားတယ်။ အဲဒီလိုမြားငြောင့် အဆိုးဆုံးတွေ ကင်းငြိမ်းသွားရအောင်လို့ မြတ်စွာဘုရားက သနားခြင်းကြီးစွာ မဟာကရုဏာဖြင့် တရားဒေသနာတော်မျှားကို ဟောကြားတော်မူခဲ့တာပါပဲ။ ဘုန်းကြီးတို့ကလည်း အဲဒီလိုမြားငြောင့်တွေ ကင်းငြိမ်းရေးအတွက် မြတ်စွာဘုရား၏ တရားတွေကို တစ်ဆင့်ကမ်းလှမ်းပြီး ဟောကြားနေတာပါပဲ။

အတိုချုံးပြောကြစို့၊ သောတာပန်ဖြစ်ပြီးနောက် ဆက်လက်ပြီးရှုမှတ်သွားရင် သကဒါဂါမ်, အနာဂါမ်ဖြစ်သွားတယ်။ အဲဒီလို အနာဂါမ်ဖြစ်တဲ့အခါ ကာမရာဂနဲ့ ဗျာပါဒဆိုတဲ့ မြားငြောင့်တွေ ထပ်ပြီး ကင်းသွားပြန်တယ်။ အဲဒီကနောက် ဆက်ပြီးရှုမှတ်နေရင် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားတယ်။ အဲဒီလို ရဟန္တာဖြစ်သွားတဲ့အခါ အနာဂါမ်၏ သန္တာန်မှာ မကင်းခဲ့သေးတဲ့ ရူပရာဂ မာန အဝိဇ္ဇာဆိုတဲ့ မြားငြောင့်တွေလည်း အကုန်ကင်းငြိမ်းသွားတယ်။ ကိလေသာအကုသိုလ် မြားငြောင့်တွေ အကုန်လုံးကင်းငြိမ်း ကျွတ်လွတ်သွားတာပါပဲ။ ဒါကြောင့် ရဟန္တာအရှင်မြတ်တွေဟာ မြားငြောင့်အားလုံး ကင်းရှင်းနေတဲ့အတွက် ပရိနိဗ္ဗာန်စုတိမှ

http://www.dhammadownload.com

နောင် ကာလ၌ ဘယ်လိုရုပ်နာမ်သခါရဆင်းရဲမျှ မဖြစ်လာတော့ဘဲ အစဉ် ထာဝရ အမြဲတမ်းချမ်းသာသွားတယ်။

အဲဒီ ရဟန္တာအဖြစ်သို့ မရောက်သေးမီမှာတော့ အနာဂါမ်မှာလည်း ရူပရာဂ, အရူပရာဂ စသော မြားငြောင့်တွေ စူးဝင်နေတဲ့အတွက် ရူပဘဝ, အရူပဘဝရောက်ပြီး သခါရဆင်းရဲတွေနဲ့ တွေ့ကြုံခံစားနေကြရသေးတာပဲ။ သောတာပန်, သကဒါဂါမ်တွေမှာလည်း ကာမရာဂအစရှိတဲ့ မြားငြောင့်တွေစူးဝင်နေတဲ့အတွက် လူ့ဘဝ နတ်ဘဝမှာဖြစ်ပြီး အိုခြင်း သေခြင်းစသော ဆင်းရဲတွေနဲ့ တွေ့ကြုံခံစားနေကြရသေးတာပဲ။ အဲဒီမြားငြောင့်တွေနဲ့ ဆင်းရဲဒုက္ခ ရောက်နေကြရတာတွေကို မြင်တော်မူလို့လဲ သနားတော်မူပြီး မြတ်စွာဘုရားက တရားတော်တွေကို အဆင်းရဲခံပြီး ဟောတော်မူခဲ့ပါတယ်။

အထူးအားဖြင့်တော့ ပုထုဇဉ်တွေမှာ အဲဒီမြားငြောင့်တွေကြောင့် ဆင်းရဲဒုက္ခရောက်နေကြရတာ မြင်တော်မူလို့ ငါမှတစ်ပါး မြားငြောင့်တွေကို နုတ်ပေးနိုင်သူ မရှိဘူးလို့ ဆင်ခြင်တော်မူကာ သနားတော်မူပြီး ဟောကြားတော်မူတာပါပဲ။ ဒါကြောင့် -

အညတြမယာ-ငါဘုရားမှတစ်ပါး၊ သလ္လာနံ ဥဒ္ဓတာ-မြားငြောင့်တို့ကို နုတ်ပေးနိုင်သော၊ အညောကောစိ-အခြားသူတစ်စုံတစ်ယောက်မျှ၊ နတ္ထိတိ-မရှိပါတကားဟူ၍၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်း

http://www.dhammadownload.com

ကြီးစွာ မဟာကရုဏာတော်သည်၊ သြဇာ့ကမတိ-သက်ရောက်ဖြစ်ပွား တော်မူပေ၏လို့ ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိမှာ ပြဆိုထားတာပါပဲ။

မြတ်စွာဘုရားရှင်က သတ္တဝါတွေကို အဲဒီလိုသနားတော်မူ ရာမှာ ရင်းနှီးသူ, စိမ်းကားသူရယ်လို့ ခွဲခွာခြင်းမရှိဘဲ၊ ညီတူညီမျှပင် သနားတော်မူပါတယ်။ လူ့ဘဝတုန်းက ရခဲ့တဲ့ သားတော်ရာဟုလာ ကို သနားသလိုပင် အကျိုးမဲ့ကို ကြံစည်လုပ်ကိုင်နေတဲ့ အရှင် ဒေဝဒတ်ကိုလည်း ညီတူညီမျှပင် သနားတော်မူတယ်။ တစ်ခါက အရှင်ဒေဝဒတ်ဟာ အဇာတသတ်မင်းနဲ့ ပူးပေါင်းပြီး မြတ်စွာဘုရား အား သေရာသေကြောင်းကြံစည်တယ်။ နာဠာဂီရိဆိုတဲ့ မင်းစီးဆင် တော်ကြီးကို ဘုရားဆွမ်းခံကြွလာတဲ့လမ်းမှာ လွှတ်စေခဲ့တယ်။ အဲဒီ ဆင်ကြီးဟာ အလွန်ကြမ်းတယ်။ တွေ့ရာလူတွေကို ထိုးကြိတ်နင်းပြီး သတ်တတ်တယ်။ အရှင်ဒေဝဒတ်၏ ညွှန်ကြားချက်အရ ဆင်ထိန်း တွေက နာဠာဂီရိဆင်ကြီးကို အရက်တွေ အလွန်အကျွံတိုက်ပြီး မြတ်စွာဘုရား ဆွမ်းခံကြွလာတဲ့လမ်းမှာ လွှတ်လိုက်တယ်။

အဲဒီအခါ မြတ်စွာဘုရား၏နောက်တော်မှ သံဃာတွေလည်း များစွာပါလာပါတယ်။ ဆင်ကြီးက အရက်မူးပြီး ထိုးမယ်လို့ မြတ်စွာ ဘုရားဆီသို့ အတင်းပြေးလာတယ်။ အရက်မူးနေရင် လူတောင်မှ မပြောသင့်တာတွေပြော၊ မပြုသင့်တာတွေ ပြုသေးတာပဲ။ တိရစ္ဆာန် ဖြစ်တဲ့ဆင်ဆိုတော့ ဘယ်မှာပြောစရာရှိတော့မလဲ။ ထိုးမယ်လို့ အတင်းပြေးလာတာပေါ့။ အဲဒီအခါ ရဟန်းတော်များက စိုးရိမ်ကြ တဲ့အတွက် နောက်သို့ဆုတ်ခွာတိမ်းရှောင်ရန် မြတ်စွာဘုရားအား

http://www.dhammadownload.com

လျှောက်ကြပါတယ်။ မြတ်စွာဘုရားက ဒီလို မိန့်ကြားတော်မူပါတယ်။

(အာဂစ္ဆထ ဘိက္ခဝေ)- လာသာလာကြပါ ရဟန်းတို့၊ (မာ ဘာယိတ္ထ)-မကြောက်ကြပါလင့်၊ (အဋ္ဌာနမေတံ ဘိက္ခ ဝေအနဝ ကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ)၊ မြတ်စွာဘုရားကို အခြားပုဂ္ဂိုလ်က လုပ်ကြံအားထုတ်ခြင်းဖြင့် အသက်မှချခြင်း-သေစေနိုင်ခြင်း၏ အကြောင်းအခွင့်အရေးဆိုတာ မရှိပါဘူး ရဟန်းတို့၊ (အနု ပက္ကမေနဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာ ယန္တိ)- မည်သို့မျှလုပ်ကြံအားထုတ်မှုမရှိဘဲ မြတ်စွာဘုရားတို့ဟာ ပရိနိဗ္ဗာန်စံကြမြဲဖြစ်ပါတယ် ရဟန်းတို့-လို့ မိန့်ကြားတော်မူပါတယ်။ ရဟန်းတော်များကလည်း သုံးကြိမ်တိုင်တိုင်လျှောက်ကြပါတယ်။ မြတ်စွာဘုရားကလည်း သုံးကြိမ်လုံးလုံး အထက်ပါအတိုင်းပင် မိန့်ကြားတော်မူပါတယ်။

အဲဒီအခါ အရှင်အာနန္ဒာက စိုးရိမ်အားကြီးလွန်းသော ကြောင့် မြတ်စွာဘုရား၏ ကိုယ်စား ငါက အရင်အသေခံမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရား၏ ရှေ့တော်၌ ရပ်တည်နေပါ သတဲ့။ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် အဖယ်ခိုင်းပေမယ့် အရှင်အာနန္ဒာက မဖယ်ဘဲရှိနေတဲ့အတွက် တန်ခိုးတော်ဖြင့် ဖယ်ရှားတော်မူရပါသတဲ့။

အရှင်အာနန္ဒာကို ဖယ်ရှားပြီးတော့ မြတ်စွာဘုရားက နာဋ္ဌာဂိရိဆင်ကို (မေတ္တာယ ဖရိ)-မေတ္တာဖြင့် ဖြန့်တော်မူပါတယ်။ ဒါက မေတ္တာကို ပဓာနပြုပြီး ပြတော်မူတာပါပဲ။ စောစောပိုင်းက

http://www.dhammadownload.com

မဟာကရုဏာ သမာပတ်ဖြင့် ဖြန့်တော်မူခဲ့သလိုပင် သနားတော်မူတာလည်း အပွဓာနအားဖြင့် ဖြစ်ပွားတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီအခါ မြတ်စွာဘုရား၏ မေတ္တာကရုဏာတော်ဖြင့် သွန်းဖြန်းခံရတဲ့ နာဠာဂီရိဆင်ကြီးမှာ မူးယစ်ခြင်းလည်း တစ်ခါတည်းပြေငြိမ်းသွားတယ်။ စိတ်လည်းနူးညံ့သွားတယ်။ ဘုရားကိုလည်း ကြည်ညိုလာတယ်။ ဒါကြောင့် ထောင်ထားတဲ့ နှာမောင်းကြီးကို အောက်ချပြီး မြတ်စွာဘုရားထံ ရိုသေစွာချဉ်းကပ်လာပြီး ခြေတော်ရင်းမှာ ဝပ်နေ ပါသတဲ့။ အဲဒီအခါ မြတ်စွာဘုရားက နာဠာဂီရိဆင်ကြီး၏ ဦးကင်းကို လက်ယာလက်တော်ဖြင့် သုံးသပ်လျက် ဒီလိုဆုံးမတော်မူပါတယ်။

"နာဠာဂီရိ၊ သင်ဟာ ငါကဲ့သို့သော ဘုရား (နာဂဆင်)ကို မပြစ်မှားနဲ့၊ ပြစ်မှားရင် ဒုက္ခရောက်သွားမယ်။ မမူးယစ်နဲ့၊ မမေ့နဲ့၊ မေ့နေရင် ဘဝကောင်းကို မရောက်နိုင်ဘူး။ ဘဝကောင်း ရောက်ရအောင် သင်ကိုယ်တိုင်ပင် ပြုရမယ်"စသည်ဖြင့် ဆုံးမတော်မူပါတယ်။ အဲဒီအခါက စပြီး နာဠာဂီရိဆင်ကြီးဟာ ငါးပါးသီလလုံခြုံပြီး သူတော်ကောင်းဖြစ်သွားပါသတဲ့။ ရှေးတုန်းက လူတွေကို နင်းသတ်လေ့ရှိပေမယ့် အဲဒီအခါက စပြီး သတ်ခြင်းလည်း မရှိတော့ဘူး။ အရက်လည်း မသောက်တော့ဘူး။ အဲဒါဟာ မြတ်စွာဘုရားရှင်က မိမိကို ထိုးသတ်ဖို့လာတဲ့ ဆင်ကြီးကို ရာဟုလာသားတော်ကဲ့သို့ပင် ချမ်းသာစေလိုတဲ့ မေတ္တာ, သနားတဲ့ကရုဏာ ညီမျှစွာဖြင့် မိန့်ကြားဆုံးမတော်မူတာပါပဲ။

http://www.dhammadownload.com

တဏှာပိုက်ထဲမိနေတယ်၊ တဏှာရေကြောမျောနေတယ်

တဏှာဇာလေန သြတ္ထရော လောကသန္ဓိဝါသောတိ။ ပ။ တဏှာ သောတန ဝုယှတိ လောကသန္ဓိဝါသောတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ သြက္ကမတိ။

လောကသန္ဓိဝါသော-သတ္တဝါအပေါင်းကို၊ တဏှာဇာလေန သြတ္ထရော-တဏှာတည်းဟူသော ပိုက်ကွန်ဖြင့် ဖုံးအုပ်လျက် မိလျက်ရှိနေပါတကား၊ တဏှာ သောတေန ဝုယှတိ-တဏှာတည်းဟူသော ရေယဉ်ကြောဖြင့် မျောပါနေပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ- မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ- မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ သြက္ကမတိ-သက် ရောက်ဖြစ်ပွားတော်မူပေ၏။

တဏှာဆိုတာ ဆာလောင်တယ်လို့ အနက်ရှိတယ်။ အဆင်းကောင်းတွေကို ကြည့်မြင်ခံစားချင်တာ, ကြည့်မြင်ခံစားပြီး အားမရနိုင်ဘဲ သာယာနှစ်သက်နေတာဟာ အဆင်းကိုဆာတဲ့တဏှာပဲ။ အဆင်းကောင်းတွေကို ဘယ်လောက်ပဲကြည့်ရပေမယ့် အဆာပြေတယ်, အားရတယ်လို့ မရှိဘူး။ ထို့အတူ အသံကောင်းတွေကို ကြားချင်တာ, ကြားရလို့ အားမရနိုင်တာလည်း ဆာတဲ့တဏှာပဲ။ အနံ့ကောင်းတွေကို နမ်းရှူလို့ အားမရနိုင်တာလည်း ဆာတဲ့တဏှာပဲ။

http://www.dhammadownload.com

အရသာကောင်းစားရလို့ အားမရနိုင်တာလည်း ဆာတဲ့တဏှာပဲ။ အတွေ့ကောင်းတွေနဲ့ တွေ့ထိရလို့ အားမရနိုင်တာလည်း ဆာတဲ့တဏှာပဲ။ စိတ်ကူးကြံစည်လို့ အားမရနိုင်တာလည်း ဆာတဲ့တဏှာပဲ။ အဲဒီတဏှာဟာ မြင်ရာ, ကြားရာစသည်မှာ မပြတ်ဖြစ်နေတယ်။ နေရာတကာက ဖြစ်နေတယ်။ အိပ်ရာမှ နိုးလာတယ်ဆိုရင် လိုချင်တာကို ကြံမိတော့တာပဲ။ ကိုယ့်ကိုယ်ကိုလည်း သာယာနှစ်သက်နေတယ်။ သူတစ်ပါးကိုလည်း သာယာနှစ်သက်နေတယ်။ အသုံးအဆောင်ပစ္စည်းတွေကိုလည်း သာယာနှစ်သက်နေတယ်။ အဲဒီသာယာနှစ်သက် ဆာလောင်နေတဲ့ တဏှာကြောင့် တစ်ဘဝပြီး တစ်ဘဝ မပြတ်ဖြစ်နေကြတယ်။ ဖြစ်ရာ ဘဝတိုင်းမှာ အိုကြရ, နာကြရ, သေကြရတယ်။ အလိုရှိတာတွေ ရအောင် ရှာကြံတဲ့ အတွက်လည်း ဆင်းရဲရတယ်။ ရပြီးတာတွေကို စောင့်ရှောက်နေရတဲ့အတွက်လည်း ဆင်းရဲရတယ်။

အဲဒီလို ဆင်းရဲတာတွေဟာ ဘာကြောင့်လဲဆိုရင် သာယာနှစ်သက်ဆာလောင်တဲ့ တဏှာကြောင့်ပဲ။ အဲဒီတဏှာမှ လွတ်မြောက်အောင်လည်း မထွက်မခွာနိုင်ဘူး။ ဒါကြောင့် တဏှာဟာ သတ္တဝါတွေကို ဖုံးအုပ်ထားတဲ့ ပိုက်ကွန်ကြီးနဲ့ တူနေတယ်။ ပိုက်ထဲမိနေတဲ့ အကောင်တွေဟာ ဘယ်မှထွက်ခွာမသွားနိုင်ဘူး။ သေဖို့ရာပဲရှိတယ်။ အဲဒါကိုလည်း သတ္တဝါတွေလည်း တဏှာပိုက်ထဲမှာ မိနေတဲ့အတွက် ဘယ်ကိုမှထွက်မပြေးနိုင်ဘူး။ ဘဝတိုင်း ဘဝတိုင်း အိုရ, နာရ စသည်ဖြင့် ဆင်းရဲဒုက္ခရောက်နေကြရတယ်။

http://www.dhammadownload.com

အဲဒါကို မြင်တော်မူလို့ မြတ်စွာဘုရားက သတ္တဝါတွေအပေါ် မှာ သနားခြင်းကြီးစွာ မဟာကရုဏာသက်တော်မူပါတယ်တဲ့။

နောက်ပြီးတော့ ရေယဉ်ကြောမှာ မျောနေရတဲ့သူဟာ ရေယဉ်ဆွဲဆောင်ရာ လိုက်ပါနေရတယ်။ မကြာခင် နစ်မြုပ်ပြီး သေဖို့ရာသာ ရှိတယ်။ အဲဒါလိုပဲ သတ္တဝါတွေဟာလည်း တဏှာဆွဲ ဆောင်ရာ လိုက်ပါနေကြရတယ်။ မကောင်းမှု အကုသိုလ်ကံတွေကို ပြုပြီး အပါယ်လေးပါးလဲ ရောက်ကြရတယ်။ တစ်ရံတစ်ခါ ကုသိုလ် ကံတွေကို ပြုမိ၍ လူဘဝ, နတ်ဘဝ ရောက်ရတယ်။ အဲဒီလို လူဘဝ, နတ်ဘဝရောက်ရတဲ့အခါလည်း အိုရ, နာရ, သေရအစရှိ တဲ့ ဆင်းရဲတွေနဲ့ တွေ့နေရတာပဲ။ အဲဒီလို တဏှာရေယဉ်ကြော မျောပြီး ဒုက္ခရောက်နေကြရတာကို မြင်တော်မူလို့လည်း မြတ်စွာ ဘုရားက သနားတော်မူပါတယ်တဲ့။

ဒိဋ္ဌိပိုက်ထဲ မိနေတယ်၊ ဒိဋ္ဌိရေကြော မျောနေတယ်

ဒိဋ္ဌိဇালে ဩဃတ္ထရော။ ပ။ ဒိဋ္ဌိသောတေန ဝုယ္ဟတိ လောက သန္ဓိဝါသောတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။

လောကသန္ဓိဝါသော-သတ္တဝါအပေါင်းကို၊ ဒိဋ္ဌိဇালেန ဩဃတ္ထရော-အမြင်မှား အယူမှားဟူသော ဒိဋ္ဌိပိုက်ဖြင့် အုပ်မိလျက် ရှိနေတကား၊ ဒိဋ္ဌိသောတေန ဝုယ္ဟတိ-ဒိဋ္ဌိရေယဉ်ကြောဖြင့် မျောနေပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊

http://www.dhammadownload.com

ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံမြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ သြက္ကမတိ-သက်ရောက်ဖြစ်ပွားတော်မူပေ၏။

ဒိဋ္ဌဆိုတာ မိစ္ဆာအယူ, အယူမှား, အမြင်မှားပဲ။ မိမိတို့သန္တာန်မှာ ရူပ်နာမ်အစဉ်မျှသာရှိနေပါလျက် အသက်ရှိနေတဲ့ အသက်ကောင် အတ္တကောင် ငါကောင်ရှိနေတယ်လို့ ထင်မြင်စွဲလန်းနေတာဟာ အတ္တဒိဋ္ဌိပဲ၊ သက္ကာယဒိဋ္ဌိလို့လည်း ခေါ်တယ်။ သက္ကာယဆိုတာ ထင်ရှားရှိနေတဲ့ ရူပ်နာမ်အပေါင်းပဲ။ အဲဒီ ရူပ်နာမ်အပေါင်းကိုပင် အသက်ကောင်, အတ္တကောင်, ငါကောင်လို့ ထင်နေတာ ဒိဋ္ဌိပဲ။ အဲဒါဟာ ထင်ရှားရှိနေတဲ့ ရူပ်နာမ်အပေါင်းမှာ အမြင်မှား,အယူမှား ဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိမည်တယ်။ ပုံစံတစ်ခုထုတ်ပြရရင် ဖြစ်ဆဲမှာ ကြည်လင်တဲ့မျက်စိရူပ်လည်း ထင်ရှားရှိတယ်။ မြင်ရတဲ့ အဆင်းလည်း ထင်ရှားရှိတယ်။ မြင်သိတာလည်း ထင်ရှားရှိတယ်။ မျက်စိနဲ့ အဆင်းက ရူပ်ပဲ။ မြင်သိတာက နာမ်ပဲ။ အဲဒီ ရူပ်နာမ် ၂-ပါး မျှသာ ထင်ရှားရှိတယ်၊ ဒါပေမယ့် သာမာန်ပုဂ္ဂိုလ်တွေက မြင်သိ တာကိုလည်း ငါလို့ထင်နေကြတယ်။ မျက်စိနဲ့ မြင်နေရတဲ့ ကိုယ့်ကိုယ်ထဲက အဆင်းရူပ်ကိုလည်း ငါလို့ပဲ ထင်နေကြတယ်။ အဲဒါ တကယ် အဟုတ်အမှန်အနေဖြင့်ထင်ရင် သက္ကာယဒိဋ္ဌိပဲ၊ ကြားဆဲစသည်မှာ ထင်ရှားတဲ့ ကြားသိမှု စသည်ကို ငါလို့ထင်တာလည်း သက္ကာယဒိဋ္ဌိပဲ။

အဲဒီသက္ကာယဒိဋ္ဌိ အရင်းခံပြီးတော့ အတ္တကောင် ငါကောင်

http://www.dhammadownload.com

ဟာ အမြဲတည်ရှိနေတယ်။ သေပြီးတော့လည်း အခြားဘဝ, အခြား ကိုယ်မှာ တည်ရှိနေတာပဲလို့ထင်ရင် သဿတဒိဋ္ဌိပဲ။ သေပြီးတဲ့အခါ ဘာမျှမရှိတော့ဘူးလို့ ထင်ရင်လည်း ဥစ္ဆေဒဒိဋ္ဌိပဲ။ ကုသိုလ်က, အကုသိုလ်က် မရှိဘူး။ အဲဒီက်၏ ကောင်းကျိုးဆိုးကျိုးလည်း မရှိဘူးလို့ထင်ရင် ဒုစရိုက်မိစ္ဆာဒိဋ္ဌိပဲ။ ဥစ္ဆေဒဒိဋ္ဌိရှိသူမှာ ဒီဒုစရိုက် မိစ္ဆာဒိဋ္ဌိလည်း ဖြစ်နိုင်တာပဲ။ ဒီဒုစရိုက် မိစ္ဆာဒိဋ္ဌိက အင်မတန် အပြစ်ကြီးပါတယ်။ အဲဒီ မိစ္ဆာဒိဋ္ဌိအယူရှိရင် အကုသိုလ်လည်း မရှောင်ဘူး။ ကုသိုလ်ကိုလည်း မပြုဘူး။ ဒါကြောင့် အဲဒီအယူရှိတဲ့ သူဟာ သေသည်၏ အခြားမဲ့၌ အပါယ်ငရဲကျရောက်ဖို့ပဲ ရှိပါ တယ်။ နောက်ပြီးတော့ ဘုရားတု ဘုရားယောင်တွေကို ယုံကြည် ကိုးကွယ်တာလည်း မိစ္ဆာဒိဋ္ဌိတစ်မျိုးပဲ။ အကျင့်လမ်းမှားတွေကို အကျင့်လမ်းမှန်အဖြစ်နဲ့ ယုံကြည်တာလည်း မိစ္ဆာဒိဋ္ဌိ တစ်မျိုးပဲ၊ ပုံစံထုတ်ပြရရင် သတ္တဝါတွေကိုသတ်ပြီး ယဇ်ပူဇော်ခြင်းဖြင့် အကုသိုလ်တွေ ပပျောက်သွားတယ်။ ကောင်းမှုဖြစ်တယ်လို့ ယုံကြည်စွဲလန်းတာဟာ အကျင့်မှားကို အကျင့်မှန် အနေနဲ့ ယုံကြည် ယူစွဲတဲ့ မိစ္ဆာဒိဋ္ဌိတစ်မျိုးပဲ။

ဗုဒ္ဓဘုရားရှင်မျှား မပွင့်တဲ့အခါ၊ ပွင့်နေသော်လည်း ဗုဒ္ဓ ဘုရား၏ တရားမှန်ကို မကြားရတဲ့လူတွေမှာ၊ ကြားရသော်လည်း တရားမှန်ကို နားမလည်တဲ့သူတွေမှာ ယခုပြောခဲ့တဲ့ မိစ္ဆာအယူ တစ်မျိုးမျိုးကို ယုံကြည်စွဲလန်းလျက်ရှိနေတာပါပဲ။ ကမ္ဘာလောက ကြီးကို ဖြန့်ကြည့်လိုက်ရင် မိစ္ဆာအယူရှိနေတဲ့ သူတွေက

http://www.dhammadownload.com

များးတာပါပဲ။ ဗုဒ္ဓတရားတော်ကို ကောင်းကောင်းနားမလည်တဲ့ သူတွေဆိုရင် ရူပ်နာမ်တွေကို အတ္တကောင် ငါကောင်အနေဖြင့် ထင်မြင်စွဲလမ်းတဲ့ အတ္တဒိဋ္ဌိကတော့ ရှိနေတာချည်းပဲ။ ဒါကြောင့် "သတ္တဝါအပေါင်းဟာ ဒိဋ္ဌိ ပိုက်ကွန်ထဲ မိနေတယ်။ ဒိဋ္ဌိ ရေယဉ်ကြော မျောနေတယ်"ဆိုတာ တကယ်ဟုတ်တာပဲ။ အဲဒီ မိစ္ဆာအယူတွေထဲမှာ ဥစ္ဆေဒအယူနဲ့ ဒုစ ရိုက်မိစ္ဆာအယူရှိနေကြတဲ့ သတ္တဝါတွေကတော့ အပါယ်လေးပါးပဲ ကျရောက်နေဖို့ များပါတယ်။

သဿတအယူရှိသူမှာတော့ နောင်ဘဝ နောင်ကာလ၌ ကောင်းကျိုးချမ်းသာရဖို့အတွက် ပြုသင့်တာ, မပြုသင့်တာရယ်လို့ ရှိသေးတဲ့အတွက် တချို့အကုသိုလ်မှ ကင်းတန်သလောက်ကင်းပြီးတော့ အချင်းချင်းကူညီစောင့်ရှောက်မှု, ပေးကမ်းမှု စသော ကုသိုလ်ကံများ ဖြစ်နိုင်ပါသေးတယ်။ အဲဒီဖြစ်ပွားတဲ့ ကုသိုလ်ကံကြောင့် ဘဝကောင်း ဘဝမြတ်ရောက်ဖို့လည်း ရှိပါသေးတယ်။ ဒါပေမယ့် သူတို့ အယူအရ ပြုသင့်တယ်ဆိုတာထဲမှာ အကုသိုလ် အလုပ်တွေလည်း ပါဝင်နေတတ်တယ်။ ပါဠိ အဋ္ဌကထာတွေမှာ အဲဒီလိုကံမှားတွေကို ထုတ်ပြထားတာရှိတယ်။ သတ္တဝါကိုသတ်ပြီး ယဇ်ပူဇော်တာတို့၊ ခရု၊ ယောက်သွားစသည်တို့ကို ရေပူဖြင့် ပြုတ်သတ်ပြီး ဝန်ချွတ်တာတို့၊ ဒီလိုအမှုမျိုးတွေပါပဲ။ အဲဒါတွေဟာ သူတို့အယူအရအားဖြင့် ကောင်းမှုထင်ပေမယ့်လို့ သတ္တဝါတွေကို သတ်တာကတော့ ဘယ်နည်းနှင့်မျှ ကောင်းမှုမဖြစ်နိုင်ပါဘူး။

http://www.dhammadownload.com

ဘာကြောင့်လဲဆိုတော့ သေရတဲ့သတ္တဝါဘက်ကနေကြည့်ရင် သဘောတူဖွယ်, ကျေနပ်ဖွယ် လုံးဝ မရှိသောကြောင့်ပါပဲ။

အဲဒီလို ကောင်းမှုထင်ပြီး ပြုတဲ့ မကောင်းမှုကံကြောင့် အပါယ်လေးပါးကျရောက်ပြီး ဆင်းရဲဒုက္ခတွေကို မျှားစွာခံစားသွားရဖွယ် ရှိပါတယ်။ နောက်ပြီးတော့ အဲဒီသဿတအစွဲ အတ္တအယူအစွဲ ခိုင်မြဲနေတဲ့သူဟာ "အတ္တမရှိဘူး၊ ရူပ်နာမ်အစဉ်မျှသာရှိတယ်။ အကြောင်းကြောင့်ဖြစ်နေတဲ့ ရူပ်နာမ်အကျိုးမျှသာရှိတယ်။ အကြောင်းကိလေသာ ငြိမ်းအောင်ကျင့်လို သမုဒယတဏှာ ချုပ်ငြိမ်းသွားရင် အကျိုး ဒုက္ခရူပ်နာမ်အယဉ် ပြတ်စဲချုပ်ငြိမ်းသွားတယ်"ဆိုတဲ့ ဗုဒ္ဓတရားမှန်ကို လက်မခံနိုင်ဘူး။ ဒါကြောင့် ဘဝသံသရာမှာ မပြတ်ဖြစ်ပြီး အိုရ, နာရ, သေရစသည်ဖြင့် သံသရာဝဋ်ဆင်းရဲတွေကို မပြတ်ခံစားသွားရမယ်။ အဲဒါဟာ ဒိဋ္ဌပိုက်ထဲမိနေလို့ ဆင်းရဲငြိမ်းရာဌာနကို မသွားနိုင်တာပဲ။ ဒိဋ္ဌရေစီးကြောင်းထဲ လိုက်ပါနေရလို့ သံသရာဆင်းရဲတွေကို မပြတ်ခံစားနေရတာပဲ။ ယခုပြောခဲ့တဲ့ တဏှာရေစီးကြောင်းဆိုတာတွေက အများအားဖြင့် အပါယ်လေးပါးဆီ စီးဆင်းနေတာကပဲ များတယ်။ ဒါကြောင့် တဏှာနဲ့ဒိဋ္ဌ မကင်းသေးတဲ့ သတ္တဝါတွေဟာ အပါယ်လေးပါးကျရောက်ပြီး အကြီးအကျယ်ဆင်းရဲနေကြရတယ်။ အဲဒါတွေကို မြင်တော်မူလို့ မြတ်စွာဘုရားရှင်က သတ္တဝါတွေကို သနားတော်မူတာပါပဲ။ အဲဒီမြတ်စွာဘုရား သနားတော်မူပုံကို နည်းမျိုးပြီး ဘုန်းကြီးတို့ရော၊ ဒကာ-ဒကာမတို့ရော အလိုရှိသူတွေလည်း သနားခြင်း

http://www.dhammadownload.com

ကရုဏာကို ပွားစေနိုင်ပါတယ်။

မီးလောင်ခံနေကြရသည်

အာဒိတ္တော လောကသန္ဓိဝါသော ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ တဿ နတ္ထည္ပေ ကောစိ နိဗ္ဗာပေတာ အညတြ မယာတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ သြက္ကမတိ။

လောကသန္ဓိဝါသော-သတ္တဝါအပေါင်းကို၊ ရာဂဂ္ဂိနာ-ရာဂမီးက၊ အာဒိတ္တော-ရဲရဲပြောင်ပြောင် စွဲလောင်နေပါတကား၊ ဒေါသဂ္ဂိနာ-ဒေါသမီးက၊ မောဟဂ္ဂိနာ-မောဟမီးက၊ ဇာတိယာ-ဘဝအသစ်ဖြစ်မှု ဇာတိမီးက၊ ဇရာယ-အိုမင်းမှု ဇရာမီးက၊ မရဏေန-သေရမှု မရဏမီးက၊ သောကေဟိ-စိုးရိမ်ပူပန်မှု သောကမီးတို့က၊ ပရိဒေဝေဟိ-ငိုကြွေးမြည်တမ်းရမှု ပရိဒေဝမီးတို့က၊ ဒုက္ခေဟိ-ကိုယ်ဆင်းရဲမီးတို့က၊ ဥပါယာသေဟိ-ပြင်းစွာစိတ်ပူပန်မှု ဥပါယာသ မီးတို့က၊ အာဒိတ္တော-ရဲရဲပြောင်ပြောင်စွဲလောင်နေပါတကားလို့ မြင်တော်မူပြီးတော့လည်း မြတ်စွာဘုရားက သတ္တဝါတွေကို သနားတော်မူပါတယ်တဲ့။

သတ္တဝါတွေဟာ တစ်ဆယ်တစ်မီး သော မီးတွေ အလောင်ခံနေရတယ်။ အဲဒီမှာ ရာဂမီးဆိုတာ နှစ်သက်တပ်စွဲတတ်တဲ့ ရာဂပါပဲ။ တဏှာတို့ လောဘတို့ ဆိုတာလည်း ဒီရာဂတွေပါပဲ။

http://www.dhammadownload.com

ဘယ်လိုလောင်နေ သလဲဆိုတော့ မျက်စိရယ်၊ မြင်ရတဲ့အဆင်းရယ်၊ မြင်သိမှုရယ် ဒီလို ဟာတွေကို နှစ်သက်တပ်စွဲနေတာဟာ ရာဂမီးလောင်နေတာပါပဲ။ မြင်ရာကနေပြီး ကိုယ့်မျက်စိကလေးလည်း နှစ်သက်သာယာတယ်။ မြင်ရတဲ့ အဆင်းကောင်းကလေးလည်း နှစ်သက်သာယာတယ်။ အမြင်ကောင်းကလေးတွေကိုလည်း နှစ်သက်သာယာတယ်။ အထူးထင်ရှားတာကတော့ မြင်ရတဲ့အဆင်းကို နှစ်သက်သာယာတာပါပဲ။ အဆင်းဆိုပေမယ့် အဆင်းရုပ်ကလေးတစ်ခုတည်း မဟုတ်ပါဘူး။ ချစ်စရာကောင်းတဲ့ မိန်းမ ယောက်ျားတစ်ကိုယ်လုံးပါပဲ။ အဲဒီလို မြင်ရာက ရတဲ့အာရုံကို နှစ်သက်သာယာတပ်စွဲနေတာဟာ ရာဂမီးလောင်နေတာပါပဲ။ ဒီနှစ်သက်တဲ့ အရာဝတ္ထုကို မရသေးခင်လည်း ရချင်တယ်။ ရဖို့ကြံစည်နေတယ်။ မအိပ်နိုင်၊ မစားနိုင်အထိတောင် ပူလောင်နေတတ်သေးတယ်။ ရပြီးသားကိုလည်း အစဉ်ထာဝရ တည်မြဲနေဖို့ ကြံစည်နေတယ်။ အဲဒီ သူ နှစ်သက်သာယာတဲ့ ရာဂဖြစ်နေတာဟာ ရာဂမီးလောင်တာပါပဲ။

ဒါပေမယ့် သာမန်လူတွေ အနေနဲ့ကတော့ အဲဒီရာဂမီးလောင်နေတာက ကောင်းသလိုလိုထင်နေကြတယ်။ ဒါကြောင့် နှစ်သက်တပ်မက်ပြီး ခံစားနေရအောင် အမြဲတမ်းကြောင့်ကြ စိုက်နေကြတာပဲ။ အိမ်ထောင်ရေးနဲ့ဖြစ်စေ၊ စီးပွားရေးနဲ့ဖြစ်စေ၊ ဆက်ဆံရေးနဲ့ဖြစ်စေ အမြဲကြောင့်ကြစိုက်နေကြတယ်။ အဲဒီလို ကြောင့်ကြစိုက်နေရတာကို ချမ်းသာသလိုလို, ကောင်းသလိုလိုထင်နေကြ

http://www.dhammadownload.com

တယ်။ ဒါပေမယ့် အဲဒီလို ကောင်းတယ်ထင်နေတာဟာ ရာဂမီး လောင်နေတာပါပဲ။ အဲဒီနှစ်သက်တပ်မက်တဲ့ ရာဂကို နုတ်ပယ်ပစ် လိုက်ရင်တော့ အဲဒီလိုကြောင့်ကြစိုက်နေရတာတွေ, ခံစားနေရတာ တွေဟာ မီးလောင်ခံနေရသလိုပင် အလွန်ပင်ပန်းဆင်းရဲနေတာပဲ လို့ ထင်ရှားပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ရာဂဂွိနာ-ရာဂမီးက ရဲရဲပြောင်ပြောင် စွဲလောင်နေတယ်လို့ မြတ်စွာဘုရားက မြင်တော် မူတာပါပဲ။

ထို့အတူပင် ကြားရာမှာလည်း နား-အသံကြားသိမှုတွေကို နှစ် သက်တပ်မက်ပြီး ရာဂမီးလောင်နေတယ်။ နံ့ရာမှာလည်း နှာခေါင်း အနံ့နံ့သိမှုတွေကိုလောင်နေတယ်။ စားရာမှာလည်း လျှာအရသာ စားသိမှုတွေကို လောင်နေတယ်။ တွေ့ထိရာမှာလည်း ကိုယ်အကြည်ရုပ် ထိသိရတဲ့ အတွေ့ရုပ် ထိသိမှုတွေကို လောင်နေ တယ်။ ကြံသိရာမှာလည်း နှလုံးကြံသိရတဲ့ ကြံသိမှုတွေကို လောင်နေ တယ်။ အတိုချုပ်ပြောရရင်တော့ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း, ထင်ရှားပေါ်လာသမျှတွေကို နှစ်သက်တပ်မက်နေတာ ဟာ ရာဂမီးလောင်တာပါပဲ။ ထင်းတို့ ရေနံတို့ဆိုတဲ့ လောင်စာ တွေကို မီးလောင်နေသလိုပင် ဒွါရ ၆-ပါးက ပေါ်လာသမျှတွေ ကိုစွဲမှီပြီး နှစ်သက်တပ်မက်မှု ရာဂမီးတွေဖြစ်ပေါ်နေတာပါပဲ။ လောင်စာကောင်းရင် မီးအားကောင်းသလိုပင် နှစ်သက်ဖွယ် ကောင်းလေလေ ရာဂမီးအား ကောင်းလေလေ ဖြစ်နေတာပါပဲ။

ထို့အတူပင် ဒေါသမီးကလည်း လောင်နေတယ်။ အဲဒါ

http://www.dhammadownload.com

ကတော့ စိတ်ဆိုးတဲ့အခါ စိတ်ပူလောင်ကြောင်း, ဆင်းရဲပင်ပန်း ကြောင်း, ထင်ရှားပါတယ်။ ဒါပေမယ့် ဒေါသဖြစ်နေတဲ့လူကတော့ ဒေါသဖြစ် နေရတာကို ကောင်းသလိုလိုလည်း ထင်နေတတ်တယ်။ မောဟဆိုတာ ကတော့ အသိခက်တယ်။ မြင်ရာ, ကြားရာစသည်မှာ ထင်ရှားပေါ်လာတဲ့ အရာဟူသမျှကို မြဲတဲ့အနေ, ချမ်းသာတဲ့အနေ, ကောင်းတဲ့အနေ, အတ္တကောင်အနေဖြင့် မိရိုးဖလာအတိုင်း သိနေတာ, ထင်နေတာဟာ မောဟပါပဲ။ အတိုချုပ်ဆိုရင်တော့ အလွဲအမှားသိနေတာဟာ မောဟပါပဲ။ ဒွါရ ၆-ပါးက ထင်ပေါ်သမျှ ကို အနိစ္စ, ဒုက္ခ, အနတ္တအနေဖြင့် အမှန်အတိုင်း မသိရအောင် အလွဲအမှားသိနေ တာဟာ မောဟမီးလောင်နေတာပါပဲ။ အဲဒီ မောဟမီးလောင်ပုံကိုတော့ သာမန်ပုဂ္ဂိုလ်တွေမှာ သိနားလည်ဖို့ ခက်ပါတယ်။ အနိစ္စ, ဒုက္ခ, အနတ္တ အမှန်ကို သိတဲ့အခါကျမှ အဲဒီအမှားသိ မောဟမီး တောက်လောင်နေတာကို သိနိုင်ပါတယ်။ သူက အလွဲအမှားတွေ သိနေတဲ့အတွက် မကြံ့သင့်တာတွေ ကြံ့တယ်။ မပြောသင့်တာတွေ ပြောတယ်။ မပြုသင့်တာတွေ ပြု တယ်။ အဲဒီလို မသင့်လျော်တာ တွေကို ကြံ့မှု,ပြောမှု, ပြုမှုကြောင့် မျက်မှောက်မှာလည်း အကျိုးမဲ့တွေ ဖြစ်တယ်။ သံသရာတစ် လျှောက်မှာလည်း အပါယ်ဆင်းရဲ စသည်ကို တွေ့ကြုံခံစားနေရ တယ်။ အဲဒါတွေဟာ မောဟမီးကြောင့် ပူလောင်ခံရပုံတွေပါပဲ။

ယခုပြောခဲ့တဲ့ ရာဂ, ဒေါသ, မောဟဆိုတဲ့ မီးသုံးမျိုးကတော့ အကုသိုလ် ကိလေသာမီးတွေပဲ။ အဲဒီကနောက် ဇာတိမီးစသည်တို့

http://www.dhammadownload.com

ကတော့ သံသရာဝဋ်ဆင်းရဲ မီးတွေပဲ။ အဲဒါတွေက ၈-ပါးရှိတယ်။ အဲဒီ ၈-ပါးထဲမှာ ဇာတိ, ဇရာ, မရဏဆိုတဲ့ မီးသုံးပါးကတော့ ထင်ရှားပါတယ်။ ဒါပေမယ့် ဘဝအသစ်ဖြစ်တာက ဘယ်လိုပူ လောင်သလဲလို့ ဇာတိမီးနဲ့စပ်ပြီး စဉ်းစားစရာရှိပါတယ်။ အတိုချုပ် ပြောရမယ်ဆိုရင် ဘဝတိုင်း ဘဝတိုင်းမှာ တစ်ဘဝလုံး တစ်ဘဝလုံး အတွင်း တွေ့ကြုံခံစားရတဲ့ ဆင်းရဲတွေဟာ အဲဒီဇာတိမီးကြောင့် ပူလောင်ရတာတွေပဲ။ ငရဲဆင်းရဲတွေဟာ ငရဲမှာဖြစ်မိလို့ခံစားရ တာပဲ၊ ပြိတ္တာဆင်းရဲတွေ၊ ခွေး, ဝက်, ကြက်, ငှက် စသော တိရစ္ဆာန် ဆင်းရဲတွေ၊ ဒါတွေလည်း အဲဒီပြိတ္တာဘဝ,တိရစ္ဆာန်ဘဝမှာ ဖြစ်မိလို့ ခံစားရတာပဲ။ ဆင်းရဲတဲ့ မိဘများမှာ မွေးဖွားလာတဲ့ သူငယ် ကလေးကို ကြည့်လိုက်ရင် သူ့မိဘများလိုပင် တစ်သက်လုံးဆင်းရဲ သွားရတော့မှာပဲလို့ ခန့်မှန်းပြီး သိနိုင်ပါတယ်။ နတ်ဘဝ, ပြဟ္မာဘဝ ဖြစ်ရတဲ့ ပုဂ္ဂိုလ်တွေလည်း သူတို့ဘဝနဲ့ဆိုင်တဲ့ ဆင်းရဲတွေကို ခံစား ရတာဟာ အဲဒီဘဝမှာ ဖြစ်မိလို့ပဲ။ အဲဒီ ပူလောင်မှု ဆင်းရဲတွေက ဘယ်ကလာသလဲဆိုရင် -

အဲဒီဘဝကို ဖြစ်စေတတ်တဲ့ ကိလေသာနဲ့ကံမှ လာခဲ့တယ်။ အဲဒီကိလေသာနဲ့ ကံတွေဟာ ဘယ်မှလာခဲ့သလဲဆိုရင်၊ မြင်ရာ, ကြားရာ စသည်မှာ ထင်ရှားပေါ်ခဲ့တဲ့ မျက်စိ, အဆင်း, မြင်သိမှု စသည်ကို စွဲမိပြီး ဖြစ်ပေါ်ခဲ့တာပဲ။ ဒါကြောင့် မြင်တိုင်း, ကြားတိုင်း စသည်မှာ ထင်ရှားပေါ်လာတဲ့ မျက်စိ,အဆင်း,မြင်သိမှု စသည်ကို အသစ်ဖြစ်မည့် ဇာတိမီးက လောင်နေတယ်လို့ ဆိုရတယ်။အဖြောင့်

http://www.dhammadownload.com

ပြောရရင်တော့ အဲဒီမြင်မှု စသည်ကို အကြောင်းပြုပြီးတော့ ကိလေသာနဲ့ ကံ ဖြစ်လာခဲ့ရာမှ ဘဝအသစ်ဇာတိမီး ဖြစ်ပေါ်လာတာပဲ။ အဲဒီ ဇာတိမီးဟာ မြင်တိုင်း, ကြားတိုင်း စသည်မှာ အဲဒီ ဇာတိမီးက လောင်နေတယ်လို့ ဆိုရတယ်။ ဇရာမရဏမီးတွေ ဖြစ်ပေါ်လောင် ပုံလဲနည်းတူပါပဲ။ ထူးတာကတော့ အိုခြင်း သေခြင်း ဆိုတာတွေက ဆိုးဝါးကြောင်း သူ့အလိုလိုပင် ထင်ရှားနေပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ဇာတိမီး စသည် လောင်ပုံကတော့ (စက္ခု အာဒိတ္တံ ရူပါ အာဒိတ္တာ စက္ခုဝိညာဏ် အာဒိတ္တံ စသည်ဖြင့်) အာဒိတ္တသုတ်မှာ ဟောထားတဲ့အတိုင်း ပြဆိုချက်ပါပဲ။ ဒီမဟာ ကရုဏာသမာပတ် အဖွင့်မှာတော့ လောကသန္ဓိဝါသဆိုတဲ့ သတ္တဝါကို လောင်တယ်လို့ သာမညပြဆိုထားတဲ့အတွက် ဖြစ်ရာဖြစ်ရာဘဝမှာပဲ ဇာတိမီး စသည်က လောင်တယ်လို့လည်း ဆိုနိုင်ပါတယ်။ ဒါကြောင့် ဘဝတိုင်း ဘဝတိုင်းမှာ စပြီးဖြစ်မိတဲ့အတွက် အဲဒီ တစ်ဘဝလုံး တစ်ဘဝလုံး တွေ့ကြုံခံစားရတဲ့ ဆင်းရဲဟူသမျှတွေဟာ အဲဒီစပြီးဖြစ်မိတဲ့ ဇာတိမီး၏ ပူလောင်ခြင်းပါပဲ။ အဲဒီဖြစ်ရာဘဝမှာ ဆံဖြူခြင်း, မျက်စိမှုန်ခြင်း, နားထိုင်းခြင်းစသော အိုမင်းရတာဟာ လည်း ဇရာမီး၏ ပူလောင်ခြင်းပါပဲ။ နောက်ဆုံးသေရတာလည်း မရဏမီး၏ ပူလောင်ခြင်းပါပဲ။ ဘဝတိုင်း ဘဝတိုင်း ဒီဇရာမီး, မရဏမီးလောင် ပုံကတော့ အလွန်ပင်ထင်ရှားပါတယ်။

နောက်ပြီးတော့ ဆွေမျိုးတို့၏ ပျက်စီးခြင်း, စီးပွားဥစ္စာပျက်စီးခြင်း စသည်ကြောင့် စိုးရိမ်ပူဆွေးရတယ်၊ ငိုကြွေးရတယ်ဆိုတာ

http://www.dhammadownload.com

တွေလည်း သောကမီး ပရိဒေဝမီးလောင်တာပဲ။ နောက်ပြီးတော့ ဘဝတိုင်း ဘဝတိုင်း အမျှားအားဖြင့် ကိုယ်ဆင်းရဲ အမျိုးမျိုးတွေကို ခံစားကြရတယ်။ စိတ်နှလုံး မသာခြင်းစသော စိတ်ဆင်းရဲအမျိုးမျိုးကို ခံစားကြရတယ်။ စိတ်နှလုံးပြင်းစွာ ပူပန်ခြင်းတွေကိုလဲ ခံစားကြရတယ်။ အဲဒါတွေဟာ ဒုက္ခ, ဒေါမနဿ, ဥပါယာသဆိုတဲ့မီးတွေ အလောင်ခံနေကြရတာပဲ။ အဲဒီ ၁၁-ပါးသောမီးတွေ အလောင်ခံနေကြရလို့ အတိဒုက္ခရောက်နေကြရပုံတွေကို မြင်တော်မူတဲ့အတွက် မြတ်စွာဘုရားက သနားတော်မူပုံကို ဒီလိုဆက်ပြီး ပြဆိုထားပါတယ်။

အညတြ မယာ-ငါဘုရားမှတစ်ပါး၊ တဿ နိဗ္ဗာပေတာ-ထိုလောင်သော မီးအပေါင်းကို ငြိမ်းစေနိုင်သော၊ အညောကောစိ-အခြားသူတစ်စုံ တစ်ယောက်မျှ၊ နတ္ထိ-မရှိပါတကား၊ ဣတိ-ဤသို့၊ ပဿန္တာနံ-မြင်တော်မူကုန်လျက်၊ ဝါ-မြင်တော်မူကုန်သော၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ-မြတ်စွာဘုရားတို့အား၊ သတ္တေသု-သတ္တဝါတို့၌၊ မဟာကရုဏာ-သနားခြင်းကြီးစွာ မဟာကရုဏာတော်သည်၊ သြက္ကမတိ-သက်ရောက် ဖြစ်ပွားတော်မူပေ၏။

သတ္တဝါတွေကို ရာဂစသော တစ်ဆယ့်တစ်သီးသော မီးတွေ လောင်နေတယ်။ အဲဒီမီးကို ငါဘုရားမှတစ်ပါး ငြိမ်းစေနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိဘူးလို့ မြင်တော်မူပြီးတော့ မြတ်စွာဘုရားရှင်မှာ သနားခြင်းကြီးစွာ မဟာကရုဏာ ဖြစ်တော်မူပါတယ်တဲ့။ ဟုတ်တယ်၊ တကယ်ကို သနားစရာပါပဲ။ မီးတစ်မျိုးတည်း လောင်

http://www.dhammadownload.com

နေတောင် အခံရခက်လှပါပြီ။ မီး ၁၁-မျိုး လောင်နေတယ်ဆိုတော့ အင်မတန်အခံရခက်တာ၊ ဆင်းရဲတာပေါ့။ အဲဒီမီးတွေကို ငြိမ်းအောင် ညွှန်ကြားပြသပေးနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာလည်း သမ္မာသမ္ဗုद्ध မြတ်စွာဘုရားမှတစ်ပါး တစ်ဦးတစ်ယောက်မျှ မရှိပါဘူး။ အဲဒီလို မြင်တော်မူတဲ့အတွက် မြတ်စွာဘုရားက သတ္တဝါတွေကို သနားတော်မူပြီးတော့ မဂ္ဂင်ရှစ်ပါး, သီလ, သမာဓိ, ပညာအကျင့်ဆိုတဲ့ မီးငြိမ်းရေး တရားတော်ကို ၄၅-ဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့ပါတယ်။ အဲဒါကို ဘုန်းကြီးတို့ကလည်း တစ်ဆင့်ကမ်းလှမ်းတဲ့ အနေနဲ့ ဟောပြောညွှန်ပြနေရတာပဲ။

မြတ်စွာဘုရား၏ မဟာကရုဏာတော်ဖြစ်ပုံကို ဗဟုသုတ အဖြစ် မှတ်သားပြီးတော့ အဲဒီသနားတော်မူပုံမှ နည်းယူပြီး ကရုဏာပွားကြရန် ဟောပြလာတာ တော်တော်များသွားပါပြီ။ ဒါကြောင့် သတ္တဝါတွေကို ရာဂ,ဒေါသ စသော မြားတွေစူးနေပုံ ဒိဋ္ဌိ, တဏှာဆိုတဲ့ ပိုက်တွေထဲမှာ မိနေပုံ၊ ဒိဋ္ဌိ, တဏှာဆိုတဲ့ ရေယဉ်ကြောမှာ မျောနေကြရပုံ၊ ရာဂစသော မီး ၁၁-ပါးဖြင့် အလောင်ခံနေကြပုံများကို ဆင်ခြင်ပြီးတော့ ကရုဏာတရား ပွားကြရမယ်။ အဲဒီလို နှလုံးသွင်းရွတ်ဆိုတာကိုလည်း နောက်ကလိုက်ပြီး ရှုမှတ်ကြရမယ်။ လိုက်ဆိုကြ။

သတ္တဝါတွေမှာ ရာဂ စသော မြားတွေလည်း စူးနေတယ်။ ဒိဋ္ဌိ, တဏှာ ပိုက်တွေထဲမှာလည်း မိနေတယ်။ ဒိဋ္ဌိ, တဏှာ ရေယဉ်ကြောဌ်လည်း မျောနေတယ်။ ရာဂ စသော

http://www.dhammadownload.com

မီးတွေကလည်း လောင်နေတယ်။ ဒါကြောင့် သနားစရာ ကောင်းတဲ့ သတ္တဝါတွေအားလုံး ဆင်းရဲမှု လွတ်မြောက်ကြ ပါစေ၊ ဆင်းရဲမှု လွတ်မြောက်ကြပါစေ။ ဆင်းရဲမှု လွတ်မြောက် ကြပါစေ။

ယခုပြောခဲ့တဲ့ ကရုဏာပွားပုံကတော့ ပါရမီဖြစ် ကုသိုလ် ဖြစ်ပွားပုံတွေပဲတဲ့။ ဒါပေမယ့် ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ အဲဒီလိုပွားနေရင် အပွနာစျာန်များကိုလည်း ရသွားနိုင်ပါတယ်။ ကရုဏာစျာန်ရအောင် တမင်ပွားချင်ရင်တော့ မေတ္တာပွားတုန်း ကလိုလည်း ချစ်အပ်တဲ့သူ စသည်က အစပြုပြီး မပွားရဘူး။ အဖို အမ လင်ကွဲသူကိုလည်း စပြီးမပွားရဘူး။ သေသူမှာ မပွားရဘူး။ အတိဒုက္ခရောက်နေတဲ့ သနားဖွယ်ပုဂ္ဂိုလ်ကို စပြီးတော့ ဤသူဟာ ဆင်းရဲမှု လွတ်ပါစေ၊ ဆင်းရဲမှု လွတ်ပါစေလို့ ပွားစေရတယ်။ အဲဒီလိုပွားလို့ စျာန်ရပြီးတဲ့အခါ ချစ်အပ်တဲ့ပုဂ္ဂိုလ်မှာပွားစေရတယ်။ အဲဒီက နောက် အလယ်အလတ်ပုဂ္ဂိုလ်မှာ ပွားစေရတယ်။ အဲဒီက နောက် ရန်သူမှာ ပွားစေရတယ်။ ရန်သူကို ကရုဏာပွား နေရင်း ဒေါသဖြစ်လာရင် မေတ္တာအရာမှာ ပြခဲ့တဲ့နည်းလမ်းဖြင့် အဲဒီဒေါသကို ပြေငြိမ်းစေပြီးတော့ ချစ်အပ်သော ပုဂ္ဂိုလ်, အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူ, မိမိဆိုတဲ့ ဒီလေးဦးအပေါ်မှာ အညီအမျှသနားသောအား ဖြင့် သီမာသမ္ဘေဒကို ပြည့်စုံစေရတယ်။ အဲဒီကနောက် စတုတ္ထနည်းအရ ကရုဏာစျာန်သုံးပါးလုံး ပြည့်စုံအောင် အားထုတ်သွားရတယ်။ ဒါလောက်ဆိုရင် ကရုဏာ

http://www.dhammadownload.com

ပွားစေပုံ ပြည့်စုံပါပြီ။ ယခု မုဒိတာပွားစေပုံကို ပြောရမယ်။

မုဒိတာ ပွားစေပုံ

မုဒိတာဆိုတာ ဝမ်းမြောက်ကြည်ဖြူတဲ့သဘောပါပဲ။ သူတစ်ပါး ကြီးပွားချမ်းသာတာကို ကြည်ဖြူနှစ်ခြိုက်ပြီး ဝမ်းမြောက်တဲ့သဘောပါပဲ။ တချို့က သူတစ်ပါးကြီးပွားချမ်းသာတာ, တိုးတက်အောင်မြင်တာကို မလိုလားကြဘူး။ အဲဒါက မနာလိုတဲ့သဘောပါပဲ။ ပါဠိမှာ ဣဿာလို့ခေါ်တယ်။ မုဒိတာက အဲဒီမနာလိုတဲ့ ဣဿာနဲ့ ပြောင်းပြန်ဆန့်ကျင်ဘက်ပဲ။ ဣဿာအားကြီးတဲ့သူ သူတစ်ပါး,ကြီးပွားချမ်းသာတာကို အလိုမရှိဘူး။ အခြွေအရံများတာ ရုပ်ရေအဆင်းလှပတာ, ပညာတတ်တာ, ဒီလိုဟာတွေလည်း အလိုမရှိဘူး။ သူတစ်ပါး ရာထူးဌာနန္တရတိုးတက်တာလည်း အလိုမရှိဘူး။ မုဒိ တာအားရှိတဲ့ သူကတော့ အဲဒီလို သူတစ်ပါးကြီးပွားကောင်းစားတာတွေကို မြင်ရ, ကြားရရင် ဝမ်းမြောက်ကြည်ဖြူ သဘောတူတယ်။ ကြီးပွားစေ, ချမ်းသာမြဲ ချမ်းသာနိုင်ပါစေလို့ နှလုံးသွင်းနိုင်တယ်။ အဲဒီလို နှလုံးသွင်းတာဟာ မုဒိတာပါပဲ။ အင်မတန် သန့်ရှင်းမွန်မြတ်တဲ့ သဘောတရားပါပဲ။

အဲဒီ မုဒိတာပွားစေပုံကို ဝိသုဒ္ဓိမဂ်မှာ ဒီလိုပြထားပါတယ်။

ပြုံးရယ်ပြီး စကားပြောတတ်တဲ့၊ အလွန်ချစ်အပ်တဲ့ သူငယ်ချင်းမိတ်ဆွေကို ရှေးဦးစွာကြည်ဖြူဝမ်းမြောက်ခြင်း မုဒိတာဖြင့် ဖြန့်ရမည်။ သို့မဟုတ် ချစ်အပ်တဲ့သူဟာ ချမ်းသာပြည့်စုံပြီး ကောင်းကောင်းဝတ်စားဆင်ယင်လျက် ဝမ်းပန်းတသာဖြစ်နေတာကို မြင်ရ,

http://www.dhammadownload.com

ကြားရတဲ့အခါ "မောဒတိ ဝတာယံသတ္တော၊ အဟော သာဓု အဟော သုဋ္ဌု" ဒီလူဟာ ဝမ်းမြောက်ပေစ၊ သြော်. . . ကောင်းပါ လေစ, ကောင်းပါပေစ"လို့ မုဒိတာ (ကြည်ဖြူဝမ်းမြောက်ခြင်း) ဖြစ်စေရမယ်တဲ့။

အဲဒါဟာ ဝိသုဒ္ဓိမဂ်အဆို ဘာသာပြန်ပါပဲ။ အဘိဓမ္မာ ဝိဘင်းပါဠိတော်မှာလည်း ဒီလိုဟောထားပါတယ်။

ဘိက္ခု-ရဟန်းသည်၊ မုဒိတာသဟဂတေနစေတသာ-မုဒိတာ နှင့်တကွ ဖြစ်သောစိတ်ဖြင့်၊ ကထဉ္စ-အဘယ်သို့လျှင်၊ ဧကံ ဒိသံ ဖရိတ္ဝာ-တစ်ခုသောအရပ် မျက်နှာကို ဖြန့်၍၊ ဝိဟရတိ-နေပါ သနည်း၊ သေယျထာပိနာမ-ဥပမာအားဖြင့်ပြရလျှင်၊ ဝိယံ မနာပံ-ချစ်အပ် မြတ်နိုးအပ်သော၊ ဧကံပုဂ္ဂလံ-လူတစ်ယောက်ကို၊ ဒိသ္ဝာ-မြင်၍၊ မုဒိတော-ကြည်ဖြူဝမ်းမြောက်သည်၊ အသ-ဖြစ်ရာ၏၊ ဧဝ မေဝ-ဤအတူပင်လျှင်၊ သတ္တသတ္တေ-အားလုံးသော သတ္တဝါတို့ကို၊ မုဒိတာယ ဖရတိ-မုဒိတာဖြင့် ဖြန့်၏-တဲ့။

ရှေ့နားက ဝိသုဒ္ဓိမဂ် အဆိုထဲမှာ မုဒိတာပွားပုံကို "(အဟော သာဓု အဟော သုဋ္ဌု) သြော်. . . ကောင်းပါပေစ ကောင်းပါပေ စ"လို့ ဝမ်းမြောက်ပုံကိုသာ ပြထားတယ်။ ယခုနေအခါ ရဟန်းရှင် လူအများမှာ "(ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု)ရထားပြီး စည်းစိမ်ဟူသမျှမှ မကင်းကွာ,မဆုတ်ယုတ် ကြပါစေလင့်"လို့ နှုတ် တက်တဲ့အတိုင်းတော့ ပြဆိုထားတာ မရှိဘူး။ ဒါပေမယ့် ပြိုးပြွမ်း အဆုံးအဖြတ်ကို ပြရာကျတော့ (ကမ္မသကာ သတ္တာ၊ တေ ကဿ

http://www.dhammadownload.com

ရှစိယာ။ပ။ ပတ္တသမ္ပတ္တိတော ဝါ နပရိဟာယိသန္တိတိ ဧဝံ ပဝတ္တ ကမ္မဿကတာဒန္တသ နပဒဋ္ဌာနာ)လို့ ပြဆိုထားတယ်။ အဲဒီမှာ "သတ္တဝါတွေမှာ သူကံနဲ့သူ အကျိုးပေးနေတဲ့အတွက် သူတို့ဟာ ရထားတဲ့စည်းစိမ်မှ ဘယ်လူအလိုဖြင့်မှ မဆုတ်ယုတ်ကုန်လတ္တံ့နည်း, မဆုတ်ယုတ် မဆုံးရှုံးဘဲ ရှိကြလိမ့်မည်နည်း"လို့ ဆိုထားတာနဲ့တော့ "မာဝိဂစ္ဆန္တု-မကင်းကွာ မဆုတ်ယုတ်ကြပါစေလင့်"လို့ ဆိုတာဟာ ညီညွတ်နေပါတယ်။ ဒါကြောင့် မုဒိတာကို ပွားစေရာမှ အဲဒီအများ နှုတ်တတ်နေတဲ့အတိုင်းပဲ ပြဆိုသွားရမယ်။

စီးပွားချမ်းသာ စသည် ပြည့်စုံပြီး ချမ်းသာနေတဲ့သူကို မြင်ရ, ကြားရရင် "အဲဒီလူဟာ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်, မဆုံးရှုံးကြပါစေနဲ့, ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ"လို့ နှလုံးသွင်းပြီး ပွားများရုံပါပဲ။ အဲဒီမှာ ပြည့်စုံတယ်ဆိုတာက အများကြီးပြည့်စုံမှ မဟုတ်ပါဘူး။ နေသာထိုင်သာ အသင့်အတင့် ပြည့်စုံတဲ့သူကိုလည်း အာရုံပြုပြီး မုဒိတာကို ပွားနိုင်ပါတယ်။ အလွန်ပြည့်စုံချမ်းသာတဲ့သူဆိုရင်တော့ အထူးပြောစရာမလိုပါဘူး။ ကြည်ဖြူဝမ်းမြောက်မှု မုဒိတာကိုပွားစေရန် ပိုပြီးကောင်းတာပေါ့။ အဲဒီ အများကြီး ပြည့်စုံတဲ့သူတွေ, အတော်အသင့်ပြည့်စုံတဲ့သူတွေကို အာရုံပြုပြီး မုဒိတာပွားရအောင် လိုက်ဆိုကြရမယ်။

- **ပြည့်စုံချမ်းသာတဲ့ လူတွေရပြီးချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ**

http://www.dhammadownload.com

ချမ်းသာ ကြပါစေ၊ ကြီးပွားမြဲ ကြီးပွားကြပါစေ။

- **ချမ်းသာနေကြတဲ့ သတ္တဝါတွေအားလုံး ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

ဆင်းရဲဒုက္ခရောက်နေကြပါတယ်ဆိုတဲ့ သတ္တဝါတွေမှလည်း အထိုက်အလျောက်ချမ်းသာမှုတော့ ရှိတတ်ကြပါတယ်။ အမြဲမပြတ် ငရဲမီးလောင်ခံနေရတဲ့ သတ္တဝါတွေတောင် တန်ခိုးရှင်ဖြစ်တော်မူ ကြတဲ့ ဘုရား,ရဟန္တာအရှင်မြတ်များက ငရဲပြည်သို့ ကြွရောက်ပြီး တရားဟောတဲ့အခါများမှ ငရဲမီးလောင်ခြင်းမှ သက်သာခွင့်ရကြ တယ်လို့ ဆိုပါတယ်။ ဒါကြောင့် အားလုံးသတ္တဝါတွေကိုလည်း အာရုံ ပြုပြီးတော့ မုဒိတာကို ပွားစေနိုင်ပါတယ်။ အဲဒီ ပွားစေပုံကတော့ ကရုဏာပွားစေပုံတုန်းကလိုပါပဲ။ ကဲ. . . လိုက်ဆိုပြီး ပွားကြရမယ်။

- **အားလုံးသတ္တဝါတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ။ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

အဲဒါက သဗ္ဗေသတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု ဆိုတဲ့ ပါဠိအရ မုဒိတာပွားပုံပါပဲ။ နောက်ပြီးတော့ သဗ္ဗေပါဏာ စသည်အရလည်း ရွတ်ဆိုပြီး ပွားကြဦးမယ်။ လိုက်ဆိုကြ။

- **အားလုံးအသက်ရှူသူတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ။ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

http://www.dhammadownload.com

- **အားလုံးထင်ရှားဖြစ်သူတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ် ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အားလုံးပုဂ္ဂိုလ်တွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ် ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အားလုံးခန္ဓာကိုယ်အတွင်းဘောရှိသူတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

ယခုရွတ်ဆိုခဲ့သော အပိုဒ်(၅)ခုက အပိုင်းအခြား အကန့်အသတ်မရှိဘဲ သတ္တဝါအားလုံးအပေါ်မှာ ကြည်ဖြူဝမ်းမြောက်မှု မုဒိတာကိုပွားပုံ အနောမိသမုဒိတာ (၅)ပါးပဲ။ ယခု ဩဒိသမုဒိတာ (၇)ပါးလည်း ရွတ်ဆိုပွားများကြရဦးမယ်။

- **အားလုံးအမျိုးသမီးတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အားလုံးအမျိုးသားတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ် ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အားလုံးအရိယာတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ် ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

http://www.dhammadownload.com

- **အားလုံးပုထုဇဉ်တွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အားလုံးနတ်တွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အားလုံးလူတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အားလုံးအပါယ်သတ္တဝါတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

ဒါက သြဒိသမုဒိတာ(၇)ပါး ပွားပုံပဲ။ အဲဒီ သြဒိသ(၇)ပါးနှင့် ရှေ့နားက အနောဓိသ(၅)ပါးကို ပေါင်းလိုက်ရင် ၁၂-ပါးရတယ်။ အဲဒါဟာ အရပ်မျက်နှာနဲ့ ပိုင်းခြားကန့်သတ်ခြင်းမရှိတဲ့ ဒီသာအနောဓိသ မုဒိတာ ၁၂-ပါးပါပဲ။ အရပ်မျက်နှာဖြင့် ပိုင်းခြားပြီး ပွားတဲ့အခါမှာလည်း အရပ်မျက်နှာတစ်ခုတစ်ခုမှာ နည်းတူပင် ၁၂-ပါးစီရတယ်။ အဲဒါက ဒီသာသြဒိသမုဒိတာ ၁၂၀-တဲ့၊ အဲဒီ ၁၂၀-ကိုလည်း အကျဉ်းချုပ်ရွတ်ဆိုပွားများကြရမယ်။ လိုက်ဆိုကြ။

- **အရှေ့အရပ်က အားလုံးသတ္တဝါတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

http://www.dhammadownload.com

- အရှေ့အရပ်က အားလုံးအသက်ရှည်သူတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အရှေ့အရပ်က အားလုံးထင်ရှားဖြစ်သူတွေ ရပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အရှေ့အရပ်က အားလုံးပုဂ္ဂိုလ်တွေ ရပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အရှေ့အရပ်က အားလုံးခန္ဓာကိုယ် အတ္တဘောရှိသူတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အရှေ့အရပ်က အားလုံးအမျိုးသမီးတွေ ရပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အရှေ့အရပ်က အားလုံးအမျိုးသမီးတွေ ရပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အရှေ့အရပ်က အားလုံးအရိယာတွေ ရပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

http://www.dhammadownload.com

- **အရှေ့အရပ်က အားလုံးပုထုဇဉ်တွေ ရုပ်ပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အရှေ့အရပ်က အားလုံးနတ်တွေ ရုပ်ပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အရှေ့အရပ်က အားလုံးလူတွေ ရုပ်ပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အရှေ့အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရုပ်ပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

ဒါက အရှေ့အရပ်၌ပွားပုံ ၁၂-ပါးပါပဲ၊ အနောက်အရပ်စသည်မှာလည်း နည်းတူပါပဲ။ အကျဉ်းချုပ်ရွတ်ဆိုပွားများ ကြရမယ်။

- **အနောက်အရပ်က အားလုံးသတ္တဝါတွေ ရုပ်ပြီးစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**
- **အနောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရုပ်ပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံ ကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

http://www.dhammadownload.com

- မြောက်အရပ်က အားလုံးသတ္တဝါတွေ ရပြီးစည်းစိမ် ချမ်းသာမှု မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရပြီးစည်းစိမ် ချမ်းသာမှု မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- တောင်အရပ်က အားလုံးသတ္တဝါတွေ ရပြီးစည်းစိမ် ချမ်းသာမှု မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရပြီးစည်းစိမ် ချမ်းသာမှု မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အရှေ့တောင်အရပ်က အားလုံးသတ္တဝါတွေ ရပြီးစည်းစိမ် ချမ်းသာမှု မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အရှေ့တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှု မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံ ကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အနောက်မြောက်အရပ်က အားလုံးသတ္တဝါတွေ ရပြီးစည်းစိမ်ချမ်းသာမှု မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံ ကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

http://www.dhammadownload.com

- အနောက်မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲချမ်းသာကြပါစေ။
- အရှေ့မြောက်အရပ်က အားလုံးသတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အရှေ့မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အနောက်တောင်အရပ်က အားလုံးသတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အနောက်တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲချမ်းသာကြပါစေ။
- အောက်အရပ်က အားလုံးသတ္တဝါတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံ ကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။
- အထက်အရပ်က အားလုံးသတ္တဝါတွေ ရပြီးစည်းစိမ်

http://www.dhammadownload.com

ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

- **အထက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

ယခုဆိုခဲ့ကြတာတွေဟာ ဒိသာသြဒိသမုဒိတာ ၁၂၀-အကျဉ်းချုပ်ပါပဲ။ အဲဒါကို ရှေ့နားက ဒိသာအနောဓိသ ၁၂-ပါးနှင့်ပေါင်းလိုက်ရင် မုဒိတာ ၁၃၂-ပါးဖြစ်တယ်။ မုဒိတာပွားပုံကတော့ စုံသွားပါပြီ။ စွမ်းနိုင်ရင် အချိန်အခွင့်လည်း ရရင်လည်း အဲဒီမုဒိတာ ၁၃၂-ပါးကို ပွားများကြရုံပါပဲ။

အဲဒီလို တမင်မပွားနိုင်တောင်မှ ပြည့်စုံချမ်းသာနေတဲ့ သူများကို တွေ့မြင် ကြားသိရတိုင်း "ပြည့်စုံမြဲ ပြည့်စုံကြပါစေ။ ချမ်းသာမြဲ ချမ်းသာကြပါစေ"လို့ ကြည်ဖြူဝမ်းမြောက်မှု မုဒိတာကို ဖြစ်ပွားစေနိုင်ရင် မျက်မှောက်ဘဝမှာလည်း အကျိုးများတယ်။ နောင် သံသရာဘဝမှာလည်း အကျိုးများသွားမယ်။

လူတွေဟာ အများအားဖြင့် "ကိုယ့်ထက်သာ မနာလို"ဆိုတဲ့ အတိုင်း ကိုယ့်ထက်သာတဲ့သူကို မနာလိုဖြစ်တတ်ကြတယ်။ ယခုနေအခါဆိုရင် မနာလိုဖြစ်ရုံတွင် မဟုတ်ဘဲ ပြည့်စုံချမ်းသာတဲ့သူတွေကို ပျက်စီးဆုံးရှုံးကုန်အောင်, ဆင်းရဲဒုက္ခရောက်ကုန်အောင် ကြံစည်,ပြောဆို ပြုလုပ်နေကြတာတွေတောင် ရှိနေတယ်။ အဲဒါဟာ မနာလိုမှု-ဣဿာ အကုသိုလ်တရား ပွားနေတာပဲ။ အဲဒီ မနာလိုမှု-ဣဿာမျိုးတဲ့ သူဟာ မျက်မှောက်မှာလည်း ကူညီသူမရှိဘဲ။

http://www.dhammadownload.com

အကျိုးမဲ့ဖြစ်တတ်တယ်။ နောင်သံသရာ ဘဝတွေမှာလည်း အကူ အညီ အခြွေအရံမရှိဘဲ ဆင်းရဲသွားဖို့ ရှိတာပါပဲ။ အဲဒီအကြောင်း အရာများကို ဥပရိပဏ္ဏာသ၊ စူဠကမ္မ ဝိဘင်သုတ် (၂၄၆)မှာ ဒီလိုပြဆို ထားပါတယ်။

ဣဓ မာဏာဝ ဧကစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ ဣဿာမနကော ဟောတိ-စသည်ဖြင့် ဟောထားပါတယ်။

မာဏာဝ-သုဘလုလင်၊ (သုဘလုလင်အကြောင်းကိုတော့ နောက်သီတင်းမှ ပြောရမယ်)၊ ဣဓ-ဤလောကဌ၊ ဧကစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ-မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သောသူ သည်၊ ဣဿာမနကော-မနာလိုစိတ်များသည်၊ ဟောတိ-ဖြစ်၏၊ ပရလာဘသက္ကာရမာန နဝန္ဒနပူဇာသု-အခြားသူတို့မှာ စီးပွားဥစ္စာရခြင်း၊ အရိုအသေပေးကမ်းခြင်း၊ အလေးပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း၊ ပူဇော်ခြင်းတို့၌၊ ဣဿတီ-မနာလိုစိတ်ဖြစ်၏၊ ဥပဒုဿတိ-မလို လားသဖြင့် ပြစ်မှား၏၊ ဣဿဿဒန္ဓတိ-မနာလိုမှုကို ဖွဲ့ချည်ထားသကဲ့သို့ စွဲလမ်းလျက်ရှိ၏၊ သော-ထိုဝန်တိုသူသည်၊ တေန ကမ္မေန ဧဝံ သမတ္တေန သမာဒိန္နေန-ယခုပြောခဲ့တဲ့အတိုင်း ဆောက်တည်ပြီးမြောက်စေခဲ့သော ထိုမနာလိုမှုကံကြောင့်၊ ကာယဿ ဘေဒါ ပရံမရဏာ-လက်ရှိကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌၊ အပါယံ ဒုဂ္ဂတိ-အပါယ် ဒုဂ္ဂတိ ဘုံသို့၊ ဝိနိပါတံ နိရယံ-လူ့ချမ်းသာ မှပျက်စီး၍ ကျရောက်ရာ ငရဲဘုံသို့၊ ဥပပဇ္ဇတိ-ကပ်ရောက်၍ဖြစ်၏၊ သစေ မနုဿတ္တं အာဂစ္ဆတိ-အခြားကုသိုလ်ကံကြောင့် လူအဖြစ်သို့ အကယ်၍ ရောက်လာပြားအံ့၊

http://www.dhammadownload.com

ယတ္ထ ယတ္ထ ပစ္စာဇာယတိ-ထိုထိုဖြစ်ရာဘဝ၌ (မြန်မာစကား ချောစေရန် ဆိုလိုသောအနက်ပြန်သည်)၊ အပ္ပေသက္ခော ဟောတိ-အခြွေအရံမဲ့သူ ဖြစ်တတ်၏။ မာဏဝ-သုဘလု လင်၊ ဧသော ပဋ္ဌိပဒါ-ဤမနာလိုသော အကျင့်သည်၊ အပ္ပေသက္ခ- သံဝတ္တနိကာ-အခြွေအရံမဲ့ခြင်းကို ဖြစ်စေတတ်သည်-တဲ့။

အတိုချုပ်ပြောရရင် သူတစ်ပါးကြီးပွားချမ်းသာတာ၊ ဂုဏ်တက်တာကို မနာလိုတဲ့သူဟာ အဲဒီမနာလိုမှု အကုသိုလ်ကံကြောင့် အပါယ်လေးပါးကျရောက်တတ်တယ်။ ငရဲကျရောက်တတ်တယ်။ အပါယ်ငရဲမှလွတ်ပြီး အခြားကုသိုလ်ကံကြောင့် လူဖြစ်လာရင်လည်း အခြွေအရံနည်းပါးတတ်တယ်။ "လက်ပြတ်နေသူမှာ ရေသောက်ချင်ရင်တောင် ရေတိုက်ပေးမည့်သူမရှိအောင် အကူအညီအခြွေအရံ မဲ့တတ်တယ်"လို့ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

သူတစ်ပါးကြီးပွားချမ်းသာတာကို မုဒိတာဖြင့် ကြည်ဖြူဝမ်းမြောက်တဲ့သူကတော့ အဲဒီကြည်ဖြူဝမ်းမြောက်တဲ့ မုဒိတာကုသိုလ်ကံကြောင့် နတ်ပြည်သုဂတိသို့ ရောက်ရတယ်။ လူ့ဘဝမှာဖြစ်ရင်လည်း ဖြစ်ရာဖြစ်ရာဘဝမှာ အခြွေအရံများပြီး ဘုန်းတန်ခိုးကြီးတယ်တဲ့။ ဒါကြောင့် -

မာဏဝ-သုဘလုလင်၊ ဧသော ပဋ္ဌိပဒါ-မနာလိုခြင်းမရှိဘဲ၊ ကြည်ဖြူဝမ်းမြောက်သော ဤအကျင့်သည်၊ မဟေသက္ခသံဝတ္တနိကာ-ဘုန်းတန်ခိုးကြီးခြင်းဟု ဆိုအပ်သော အခြွေအရံများခြင်းကို ဖြစ်စေတတ်သည်-လို့ အတိုချုပ်လည်းဟောတော်မူပါတယ်၊ အဲဒီ

http://www.dhammadownload.com

အဆိုး၊အကောင်းအကျင့် ၂-ရပ် အကျိုးပေးပုံကို "မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်"လို့ ဆောင်ပုဒ်ရေးစီထားတယ်။ အဲဒါကို ဆို ကြရမယ်။

မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။

အဲဒီတော့ ဖြစ်ရာဘဝတိုင်းမှာ အခြွေအရံတွေများစွာနဲ့ ဘုန်းတန်ခိုးကြီးတဲ့သူ ဖြစ်ချင်ရင် သူတစ်ပါး ကြီးပွားချမ်းသာတာကို မနာလိုခြင်းမရှိဘဲ ကြီးပွားမြဲ ကြီးပွားပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေ၊ ရာထူးဌာနန္တရတည်မြဲပါစေ စသည်ဖြင့် ကြည်ဖြူဝမ်းမြောက်တဲ့ မုဒိတာကို ပွားကြရုံပါပဲ။ ဒါက ပိုက်ဆံတစ်ပြားတစ်ကျပ်မျှ မကုန်ဘဲနဲ့ ကုသိုလ်ဖြစ်ပွားတာ၊ သိပ်နေရာကျတာပဲ။

ဒါကြောင့် တွေ့မြင်ရ၊ကြားသိရတဲ့ ပုဂ္ဂိုလ်တိုင်းကို ချမ်းသာပါစေလို့ မေတ္တာပွားသလိုပင် ရပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ကြီးပွားမြဲ ကြီးပွားပါစေလို့ မုဒိတာကိုလည်း ပွားကြရမယ်။ ဒီမုဒိတာအရာမှာလည်း သီမာသမ္ဘေဒ ပြီးစီးအောင်ပွားပုံကို မေတ္တာကရုဏာပွားပုံများကလိုပင် ဝိသုဒ္ဓိမဂ်၌ ပြထားပါတယ်။ စတုတ္ထနည်းအားဖြင့် တတိယစျာန်ရအောင်ပွားပုံကိုလည်း နည်းတူပင်ပြထားပါတယ်။ ဒါကြောင့် ဒီမုဒိတာ ဘာဝနာဖြင့်လည်း တတိယစျာန်ရအောင် ပွားများအားထုတ်နိုင်ပါတယ်။ မုဒိတာပွားပုံနှင့်စပ်ပြီး ပြောစရာကတော့ ပြည့်စုံသွားပါပြီ။ ဒါကြောင့် ကရုဏာ,မုဒိတာပွားပုံများကို ရွတ်ဆိုပြီး ဒီကနေ့တရားပွဲကို သိမ်းရမယ်။ အဲဒီလို ရွတ်ဆိုပွားများနေစဉ်မှာပဲ နှလုံးသွင်း ရွတ်ဆိုတာကို ရှုမှတ်ပြီး ဝိပဿနာကိုလည်း

http://www.dhammadownload.com

ပွားစေကြရမယ်။ ကဲ. . . လိုက်ဆိုကြ။

- **အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။**
- **အားလုံးသတ္တဝါတွေ တွေ့ကြုံနေဆဲ ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်ကြပါစေ။**
- **အားလုံးသတ္တဝါတွေ ရရှိပြီး စီးပွားချမ်းသာမှ မဆုတ်ယုတ် မပျက်စီးပါလင့်၊ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။**

ဤမေတ္တာ,ကရုဏာ,မုဒိတာ,ဗြဟ္မစိုရ်တရားတော်ကို ရှိသေလေးစားစွာ နာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့သည် မေတ္တာ ကရုဏာ,မုဒိတာတရားတို့ကို ထိုက်သည့်အားလျော်စွာ ပွားများနိုင်ကြသဖြင့် ရသင့်ရထိုက်သည့် ၁၁-ပါးသော အကျိုးတို့ကို ရကြပြီးလျှင် မှတ်သိမှုဝိပဿနာကိုလဲ တိုးတက်ပွားများ အားထုတ်နိုင်သည်ဖြစ်၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု. . . သာဓု. . . သာဓု

ဗြဟ္မဝိဟာရတရားတော် ဆဋ္ဌမပိုင်းပြီး၏။

× × × × ×

http://www.dhammadownload.com

ဗြဟ္မဝိဟာရ တရားတော်

သင်္ဘာမပိုင်း

၁၃၂၇ ခုနှစ်၊ သီတင်းကျွတ်-တန်ဆောင်မုန်းလပြည့် လကွယ်နေ့မျှားဌ ၄-ကြိမ်ဟောသည်။

တရားအနုသန္ဓေ

ဒီနှစ်ဝါတွင်း ဗြဟ္မဝိဟာရခေါ် ဗြဟ္မစိုရ်တရားကို ဟောလာခဲ့တာ ၁၂-သီတင်းရှိခဲ့ပြီ။ မေတ္တာ, ကရုဏာ, မုဒိတာ ရှေ့သုံးပါးတော့ ပြီးခဲ့ပါပြီ။ သီတင်းကျွတ်လပြည့်နေ့ ဒီကနေ့ကစပြီး ဥပေက္ခာ ဟောရမယ်။

ဥပေက္ခာဆိုတာ ဘာလဲ

ဥပေက္ခာဆိုတာ သဒ္ဒါနည်းအရအားဖြင့် ဥပပတ္တိတော

http://www.dhammadownload.com

ယုတ္တိတော-အသင့်အလျော်အားဖြင့်၊ ဣက္ခတီတိ-ရှုတတ်သော ကြောင့်၊ ဥပေက္ခာ-ဥပေက္ခာမည်၏-လို့ ဆိုတဲ့အတိုင်း ဟိုဘက် ဒီဘက်သို့ မလိုက်ဘဲ အလယ်အလတ်အညီအမျှ အသင့်အလျော် အားဖြင့် ရှုတာ၊ နှလုံးသွင်းတာကို ဥပေက္ခာလို့ခေါ်တယ်။ ဒီဗြဟ္မဝိဟာရ အရာမှာတော့ ချမ်းသာပါစေလို့ မေတ္တာဖြင့်ကြောင့် ကြိုးစိုက်မှု၊ ဆင်းရဲမှ လွတ်ပါစေလို့ ကရုဏာဖြင့်ကြောင့်ကြိုးစိုက်မှု၊ မဆုတ်ယုတ်ဘဲ ချမ်းသာမြဲ ချမ်းသာကြပါစေလို့ မုဒိတာဖြင့် ကြောင့်ကြိုးစိုက်မှုများကို ပယ်သောအားဖြင့် ကြောင့်ကြမပြု လျစ်လျူရှုတဲ့သဘောကို ဥပေက္ခာလို့ ဆိုပါတယ်။

မေတ္တာဘာဝနာကို ပွားစေတဲ့အခါမှာ သဗ္ဗေသတ္တာ အဝေရာဟောန္တု-အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ-စသည်ဖြင့် သတ္တဝါတွေချမ်းသာကြစေရန် နှလုံးသွင်းရတယ်။ ကရုဏာ ဘာဝနာကို ပွားစေတဲ့အခါမှာလည်း သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု-အားလုံးသတ္တဝါတွေ ဆင်းရဲမှလွတ်မြောက်ကြပါစေလို့ သတ္တဝါတွေ ဆင်းရဲမှ လွတ်စေရန် နှလုံးသွင်းရတယ်။ မုဒိတာဘာဝနာကို ပွားစေတဲ့ အခါမှာလည်း သဗ္ဗေသတ္တာ ယထာလဒ္ဓ သမ္ပတ္တိတော မာ ဝိဂစ္ဆန္တု-အားလုံးသတ္တဝါတွေ ရရှိပြီး စည်းစိမ်မှမကင်းမကွာ မဆုတ်ယုတ်ကြပါစေလင့်လို့ သတ္တဝါတွေရပြီး စည်းစိမ်မှ မဆုတ် ယုတ်ရန်လည်း နှလုံးသွင်းရတယ်။ ဒီဥပေက္ခာကတော့ အဲဒီလို နှလုံးသွင်းမှု၊ သူတစ်ပါးအတွက် ကြောင့်ကြိုးစိုက်မှုကို ပယ်ပြီးတော့ သဗ္ဗေသတ္တာ ကမ္မသကာ-အားလုံးသတ္တဝါတွေ ကိုယ်တိုင်ပြုလုပ်

http://www.dhammadownload.com

ထားတဲ့ ကိုယ့်အမှု ကိုယ့်ကံသာလျှင် ချမ်းသာရန်, ဆင်းရဲရန် ကိုယ်ပိုင်ဥစ္စာရှိနေကြတာပဲ။ သူ့ကံနဲ့သူပဲလို့ ဒီလိုလျစ်လျူရှုရတယ်။

သူများအကျိုးလျစ်လျူရှုတာ မကောင်းတဲ့သဘော မဟုတ်လား

ဒါကြောင့် ဥပေက္ခာဘာဝနာကို ပွားစေတဲ့သူဟာ သူတစ်ပါး ချမ်းသာတာ, ဆင်းရဲတာကို ဂရုမစိုက်ဘဲ သူ့ကံနဲ့သူပဲလို့ လျစ်လျူရှုနေရုံပါပဲ။ ဒီလိုဆိုတော့ ဒီဥပေက္ခာက သူတစ်ပါးအကျိုးကို မဆောင်ရွက်တဲ့အတွက် မကောင်းတဲ့တရားပဲလို့ ထင်ဖွယ်ရှိပါတယ်။ ဒါပေမယ့် အဲဒီလို မကောင်းတဲ့တရားတော့လည်း မဟုတ်ပါဘူး။ သူတစ်ပါးအတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်သမျှတော့ မေတ္တာ ကရုဏာဖြင့် ဆောင်ရွက်ရပါတယ်။ သူတစ်ပါးအကျိုးဖြစ်အောင် ဘယ်နည်းနဲ့မျှ မဆောင်ရွက်နိုင်တဲ့ အခါကျတော့ ဒီဥပေက္ခာဖြင့် လျစ်လျူရှုရန်သာ သင့်ပါတယ်။ လျစ်လျူရှုတာဟာ အကောင်းဆုံးပါပဲ။ ဥပမာဖြင့်ပြရလျှင် လူတစ်ယောက်ဟာ ရာဇဝတ်ပြစ်မှုဖြင့် အစွဲခံနေရတယ်ဆိုပါတော့။ အဲဒီအစွဲခံနေရတဲ့သူ၏ လွတ်မြောက်ရေးအတွက် မေတ္တာကရုဏာဖြင့် အစွမ်းရှိသလောက် ရွက်ဆောင်သင့်ပါတယ်။ ဒါပေမယ့် သူ့အမှုအပြစ်က ထင်ရှားနေတဲ့အတွက် ရုံးတော်မှ နောက်ဆုံးအနေဖြင့် ထောင်ဒဏ်, သေဒဏ် အမိန့်ချလိုက်တဲ့အခါမှာ အဲဒီလူ၏ အပြစ်ဒဏ်မှ လွတ်ရေးအတွက် ကြောင့်ကြစိုက်စရာ မရှိတော့ဘူး။ ကြောင့်ကြစိုက်နေရင် ကိုယ်စိတ် ပင်ပန်းရုံမျှပဲရှိမှာပဲ။ ကြောင့်ကြ

http://www.dhammadownload.com

မစိုက်ဘဲ လျစ်လျူပြုထားလိုက်မှ မိမိအတွက် သက်သာမယ်။ အဲဒါလိုပါပဲ၊ သူ့ကံနဲ့သူ ကောင်းကျိုး, မကောင်းကျိုးကို တွေ့ကြုံခံစားနေကြရတာပဲလို့ နှလုံးသွင်းတာလည်း သဘာဝကျပါတယ်။

နောက်ပြီးတော့ စတုတ္ထနည်းအရ ရူပါဝစရစတုတ္ထစျာန်ကို မေတ္တာ, ကရုဏာ, မုဒိတာ, ဘာဝနာတို့ဖြင့် မရနိုင်ဘူး။ ဥပေက္ခာဘာဝနာဖြင့်သာ ရနိုင်ပါတယ်။ ဒါကြောင့် မေတ္တာ, ကရုဏာ, မုဒိတာတို့ဖြင့် တတိယစျာန်ကိုရပြီး ဖြစ်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ စတုတ္ထစျာန်ကိုရချင်ရင် ဒီဥပေက္ခာကိုပဲ ဖြစ်ပွားစေရပါတယ်။ အခြားနည်းလမ်းမရှိဘူး။

အပြစ်နှင့်အကျိုး ဆင်ခြင်ပုံ

ဒါကြောင့် မေတ္တာ, ကရုဏာ, မုဒိတာတို့ဖြင့် တတိယစျာန်ရပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒီရပြီးစျာန်ကို ကျေပွန်အောင်လေ့လာရတယ်။ အဲဒီကျေပွန်နေတဲ့ တတိယစျာန်မှ ထပြီးတဲ့အခါ မေတ္တာစျာန်စသည်တို့၏ အပြစ်ကို ဆင်ခြင်ရမယ်။ ဘယ်လိုလဲဆိုတော့ အဲဒီစျာန်များဟာ ချမ်းသာကြပါစေ စသည်ဖြင့် သတ္တဝါတို့၌ ခင်မင်ယုယမြတ်နိုးတဲ့ နှလုံးသွင်းမှုနဲ့ ယှဉ်တွဲနေတယ်။ ချစ်ခြင်း၊ မုန်းခြင်းနဲ့ နီးစပ်တယ်။ ရွှင်လန်းခြင်း သောမနဿနှင့် ပူးတွဲသောကြောင့် ရုန့်ရင်းတယ်လို့ ဆင်ခြင်ပြီး အပြစ်ကို မြင်ရမယ်။ လျစ်လျူရှုတဲ့ ဥပေက္ခာစျာန်က သိမ်မွေ့တယ်လို့ ဥပေက္ခာ၏ အာနိသင်ဂုဏ်ကို ဆင်ခြင်ပြီး မြင်ရမယ်တဲ့။

http://www.dhammadownload.com

အဲဒီလို ဆင်ခြင်ပြီးတော့ ပကတိအားဖြင့် မချစ်မမုန်း အလယ်အလတ်ဖြစ်တဲ့သူကို လျစ်လျူရှုသောအားဖြင့် ဥပေက္ခာကို ဖြစ်ပွားစေရမည်တဲ့။ လျစ်လျူရှုပွားပုံကတော့ သဗ္ဗေသတ္တာ ကမ္မသကာလို့ အများမှာ နှုတ်တက်ရနေကြတဲ့အတိုင်း ဒီလူမှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်၊ သူ့ကံနဲ့သူပဲလို့ ဒီလိုလျစ်လျူ ရှုရမယ်။ အဲဒီလိုရှုလို့ စတုတ္ထစျာန်ကို ရပြီးတဲ့အခါ ချစ်တဲ့ပုဂ္ဂိုလ်, အလွန်ချစ်တဲ့ သူငယ်ချင်းပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်တို့၌လည်း ဥပေက္ခာ ကို ပွားစေရမယ်။ ရန်သူကို အာရုံပြုပွားစေတဲ့အခါ အမျက်ဒေါသ စိတ် ဖြစ်ပေါ်လာရင် မေတ္တာပွားပုံကို ပြရာမှာ ပြခဲ့တဲ့နည်းဖြင့် ပြေငြိမ်းစေရမယ်။ အဲဒီလို ပြေငြိမ်းစေပြီးတော့ မိမိနှင့်တကွ လေးဦးသော ပုဂ္ဂိုလ်တို့၌ ညီတူညီမျှလျစ်လျူရှုနိုင်သောအားဖြင့် သီမာသမ္ဘေဒကို ပြီးစေရမယ်။ အဲဒီလို ပြီးစေပြီးတော့ စတုတ္ထစျာန် ဖြစ်ပေါ်ပါတယ်- တဲ့။ အဲဒါ ဝိသုဒ္ဓိမဂ်က ပြဆိုထားတာပါပဲ။

ဥပေက္ခာ၏ နီးသောအကြောင်း

ဒီဥပေက္ခာ၏ နီးသောအကြောင်းကို ပြရာမှာ သတ္တာ-သတ္တဝါတို့သည်၊ ကမ္မသကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။ တေ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ထိုသတ္တဝါတို့သည်၊ ကဿ-အဘယ်သူ၏။ ရုစိယာ-အလိုအားဖြင့်၊ သုခိတာ ဝါ-ချမ်းသာကြ သည်မူလည်း၊ ဘဝိဿန္တိ-ဖြစ်ကုန်အံ့နည်း၊ (ချမ်းသာကြပါစေလို့ မေတ္တာပို့ပေမယ့်၊ အဲဒီမေတ္တာပို့သူ၏ အလိုအားဖြင့် ချမ်းသာကြတာ လည်း ဖြစ်နိုင်ဖွယ်မရှိဘူး၊ သူ့ကံအလျောက်သာလျှင် ဖြစ်ဖွယ်ရှိ

http://www.dhammadownload.com

တယ်လို့ ဆိုလိုပါတယ်) ဒုက္ခတော ဝါ-ဆင်းရဲမှုမှလည်း၊ မုစ္စိသန္တိ-လွတ်ကုန်အံ့နည်း၊ (ကရုဏာပွားသူ၏ အလိုအားဖြင့် ဆင်းရဲမှုလွတ်ကြတာလည်း ဖြစ်နိုင်ဖွယ်မရှိဘူး။ သူ့ကံအလျောက်သာလျှင် ဖြစ်ဖွယ်ရှိ တယ်လို့ ဆိုလိုပါတယ်)၊ ပတ္တသမ္ပတ္တိတော ဝါ-ရောက်ပြီး၊ ရပြီးသော စည်းစိမ်မှလည်း၊ န ပရိဟာယိသန္တိ-မဆုတ်ယုတ်ဘဲ ရှိပါကုန်အံ့နည်း၊ (မုဒိတာပွားသူ၏ အလိုအားဖြင့်ရပြီးမှ မဆုတ်ယုတ်ဘဲ နေဖွယ်လဲမရှိဘူး၊ သူ့ကံ အလျောက်သာလျှင် ဖြစ်နိုင်ဖွယ်ရှိတယ်လို့ ဆိုလို့ပါတယ်။) ဣတိ-ဤသို့သော အခြင်းအရာအားဖြင့်၊ ပဝတ္တ ကမ္မဿကတာဒဿနာ-ဖြစ်သော (မြင်ခြင်းနှင့်စပ်ပါ) ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏ အဖြစ်ကို မြင်ခြင်းလျှင် နီးသောကြောင့် ရှိ၏ လို့ (ဝိသုဒ္ဓိ ၁၊ ၃၁၁-၂)၌ ဖွင့်ပြထားတဲ့ စကားရှိပါတယ်။

အဲဒီစကားဖြင့် အတိုချုပ်ဆိုလိုတာကတော့၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်လို့ သဘောကျသိမြင်တဲ့ ဉာဏ်ဟာ ဥပေက္ခာ ဘာဝနာဖြစ်ပွားခြင်း၏ အနီးဆုံးအကြောင်းဖြစ်တယ်လို့ ဆိုလိုတာပါပဲ။ အဲဒီမှာ စဉ်းစားရာတစ်ခုရှိတယ်။ ဘယ်လိုလဲဆိုတော့၊ မေတ္တာ, ကရုဏာ, မုဒိတာတို့ကို ပွားစေရာမှာတော့ ချမ်းသာစေလိုတဲ့ မေတ္တာ စိတ်ဆင်းရဲမှု လွတ်စေချင်တဲ့ ကရုဏာစိတ် ရပြီးမှ မဆုတ်ယုတ်စေလိုတဲ့ မုဒိတာစိတ်ဖြင့် စိတ်ပါလက်ပါပွားစေရသည် မဟုတ်ပါလား။ ယခု ကမ္မဿကတာဖြင့် သိမြင်ပုံကို ပြရာကျတော့ မေတ္တာ စသည်ကို ပွားစေတဲ့သူ၏ အလိုအတိုင်း မဖြစ်ဘူး။ သူ့ကံအတိုင်း

http://www.dhammadownload.com

သာ ဖြစ်တယ်လို့ဆိုတယ်။ ဒီလိုဆိုတော့ မေတ္တာ စသည်ကို ပွားစေရ တာဟာ ဘာမျှအကျိုးမရှိဘူးလို့ ဆိုလိုရာမရောက်ပေဘူးလားလို့ စဉ်း စားစရာ, မေးမြန်းစရာရှိပါတယ်။

အဖြေကတော့ ကြီးလေးတဲ့ အကုသိုလ်ကံ မရှိရင် မေတ္တာ စသည် အားရှိသလောက် အကျိုးကို ဖြစ်စေနိုင်ပါတယ်။ ဒါပေမယ့် အကုန်လုံးကိုတော့ အလိုအတိုင်း မဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုရင် မိဘတွေက သားသမီးတွေကို ချမ်းသာစေလိုတဲ့အတွက် အဘက် ဘက်မှ စောင့်ရှောက်ထောက်ပံ့သော်လည်း မတော်မသင့်တာတွေ ပြုလုပ်တတ်တဲ့ သားသမီးတွေမှာ မိဘများက အလိုရှိတဲ့အတိုင်း မဖြစ်ဘူး။ သူ့ အမှုကံအားလျော်စွာသာ ဖြစ်သလိုပါပဲ။ အဲဒီမှာ သူ့အမှုအားလျော်စွာဖြစ်တဲ့အတွက် မိဘတွေက သားသမီးတွေ အတွက် မစောင့်ရှောက်, မထောက်ပံ့သင့်ဘူးလို့တော့မဆိုရဘူး။ စောင့်ရှောက်ထောက်ပံ့သင့်တာပါပဲ။ အများအားဖြင့် အကျိုးလည်း ရှိတာပါပဲ။

မေတ္တာစသည်ကြောင့် အကျိုးဖြစ်ထွန်းရာမှာ မိဘများက စောင့်ရှောက်သလို အဲဒါလောက် အကျိုးမဖြစ်ထွန်းနိုင်ပေမယ့် မေတ္တာစသည်ကို ဘာဝနာအနေဖြင့် ပွားသင့်တာပါပဲ။ မေတ္တာ ခံယူသူ စသည်မှာ ဘာဝနာရှင်၏ အလိုအတိုင်း မဖြစ်ငြားသော် လည်း မေတ္တာစသော ဘာဝနာကုသိုလ်ကတော့ အောင်မြင်စွာ ဖြစ်ပါတယ်။ ဒါပေမယ့် ဥပေက္ခာကို ပွားစေရာမှာတော့ "ကံသာ လျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်။ သူ့တို့ကံနဲ့ သူတို့ပဲ"လို့ ဒီလိုလျစ်လျူ

http://www.dhammadownload.com

ရှုနိုင်မှ ဥပေက္ခာက ဖြစ်တယ်။ ဒါကြောင့် ဥပေက္ခာ၏ အနီးကပ် အကြောင်းဖြစ်တဲ့ ကမ္မဿကတာဉာဏ်ကို အခြေခံအဖြစ်ဖြင့် ဖြစ်စေဖို့အရေးကြီးပါတယ်။ အဲဒီလို အရေးကြီးတဲ့အတွက် "မည်သည့် ဘာဝနာရှင်၏ အလိုအတိုင်းမျှမဖြစ်ဘူး။ သူတို့ကံ အတိုင်းသာဖြစ်တယ်"ဆိုတာ နှလုံးသွင်းဖို့ ဖော်ပြတာပါပဲ။ အဲဒီပြဆိုချက်အရ ကမ္မဿကတာဉာဏ် ဖြစ်ပွားစေရန် ဥပရိပဏ္ဏာသ ပါဠိတော်မှ စူဠကမ္မဝိဘင်္ဂသုတ်ကို အကျဉ်းချုပ်ထုတ်ပြီး ဟောပြရဦးမယ်။

စူဠကမ္မဝိဘင်္ဂသုတ်

မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက သာဝတ္ထိပြည် (မြို့)မှာ သုဘဆိုတဲ့ လုလင်ရှိတယ်။ သုဘဆိုတဲ့ ပါဠိက တင့်တယ်တယ်သည်လို့ အနက်ရှိတယ်။ ဒါကြောင့် မြန်မာလိုဆိုရင်တော့ မောင်တင့်တယ်လို့ ခေါ်ရမှာပဲ။ သူ့ဖခင်ကတော့ တောဒေယျဆိုတဲ့ ပုဏ္ဏားကြီးဖြစ်တယ်။ ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ်ဆရာကြီးလည်းဖြစ်တယ်။ ပစ္စည်းဥစ္စာတွေကလည်း ၈၇-ကုဋေ ပေါများကြွယ်ဝသတဲ့။ သူက အလွန်ပင်နှမြောတတ်တယ်။ ပေးကမ်းရင် စီးပွားဥစ္စာ မကုန်တယ်လို့မရှိဘူး၊ ကုန်တာချည်းပဲလို့ ကြံတွေးပြီး တော့ ဘယ်သူ့ကိုမျှ ဘာကိုမျှ မပေးမလှူဘူးတဲ့။ သူက သူမျှားအား ဒီလိုပဲ ညွှန်ကြားသင်ပြပါသတဲ့။

အဠနာနံ ခယံ ဒိတ္ဝာ၊ ဝမ္မိကာနဠ္ဆ သဠ္ဆယံ။

http://www.dhammadownload.com

မဓူနဓ္ဓ သမာဟာရ်၊ ပဏ္ဍိတော ဃရမာဝသေ-တဲ့။

အဠနာနံ-မျက်စဉ်းကျောက်တို့၏၊ ခယံ-သွေးဖန်များတော့ ကုန်သွားခြင်းကို၊ ဒိသွာ စ-ကြည့်ရှုဆင်ခြင်၍ လည်းကောင်း၊ ဝမ္မိကာနံ-တောင်ပို့တို့၏၊ သဠယံ-ခြကောင်ကလေးတို့က နည်းနည်းချင်း သယ်ဆောင်လာခြင်းဖြင့် များစွာစုမိခြင်းကို၊ ဒိသွာ စ-ကြည့်ရှုဆင်ခြင်၍ လည်းကောင်း၊ မဓူနံ-ပျားရည်တို့၏၊ သမာဟာရံ-ပျားကောင်တို့က နည်းနည်းချင်း သယ်ဆောင်လာသဖြင့် စုမိခြင်းကို၊ ဒိသွာ စ-ကြည့်ရှုဆင်ခြင်၍ လည်းကောင်း၊ ပဏ္ဍိတော-စီးပွားရေး မြင်သိ ပညာရှိသည်၊ ဃရံ-အိမ်ကို၊ အာဝသေ-စောင့်ရှောက်ထိန်းချုပ် စိုးအုပ်နေထိုင်ရာ၏-တဲ့။

အဲဒါ တောဒေယျပုဏ္ဏားကြီးက သူ့သား စသည်ကို ညွှန်ကြားပြသတဲ့ ဩဝါဒစကားပဲ။ မျက်စဉ်းကျောက်ဆိုတာ မြန်မာပြည်မှာတော့ အသုံးမရှိပါဘူး။ အိန္ဒိယမှာ သုံးတဲ့ပစ္စည်းပါပဲ။ အဲဒီမှာ မျက်စဉ်းဆိုတာက မျက်စိကျိန်းလို့ နာလို့ခပ်တဲ့ ဆေးမျက်စဉ်း မဟုတ်ပါဘူး။ မျက်စိကို အလှကွင်းတဲ့ဟာပါပဲ။ ရဟန်းများမှာ အဲဒီလိုမျက်စဉ်းဖြင့် မျက်စိမကွင်းရဘူးလို့ ပညတ်ထားတဲ့ သိက္ခာပုဒ်လည်းရှိပါတယ်။ အဲဒီမျက်စဉ်းကျောက်ကို သွေးပြီး မျက်စိကို လိမ်း သုတ်တယ်။ ကုလားတွေ မျက်စိမှာ လိမ်းသုတ်ထားတဲ့ မည်းမည်းအကွက်ကို မြင်ဖူးကြမှာပေါ့။ အဲဒါဟာ တစ်ခါနှစ်ခါ လောက် သွေးရုံနဲ့တော့ မထင်ရှားပါဘူး။ ဒါပေမယ့် အကြိမ်ပေါင်းရာထောင် စသည် ရှိတဲ့အခါကျတော့ သေးငယ် သေးငယ်ပြီး

http://www.dhammadownload.com

ကုန်သွားတာ ထင်ရှားနိုင်ပါတယ်။ အဲဒါလိုပဲ ပေးကမ်းလျှောဒါန်းရင်း နည်းနည်းချင်းပေမယ့် ကြာတော့ကုန်သွားနိုင်တယ်။ ပေးတိုင်း ပေးတိုင်းလည်း နည်းနည်းတော့ ကုန်သွားတာပါပဲ။ အဲဒါကို ဆင်ခြင်ပြီးရင် နည်းနည်းပေမယ့် မပေးကမ်းရဘူးလို့ ဆိုလိုတာ ပါပဲ။

နောက်ပြီးတော့ တောင်ပို့ဆိုတာ ခြကောင်ကလေးများက သဲမှုန်ကလေးများကို သယ်ဆောင်လာပြီး စုပုံထားရာက ကြီးမားတဲ့ တောင်ပို့ကြီး ဖြစ်လာတယ်။ အဲဒါကို ကြည့်ရှုဆင်ခြင်ပြီး ပစ္စည်းကို စုရမယ်။ နည်းနည်းကလေး မပြော လောက်ဘူးလို့ အထင်သေးပြီး မစုဘဲ မနေနဲ့၊ တစ်ပြားတစ်ချပ်ပေမယ့် စုရမယ်။ စုဖန်များတော့ စီးပွားဥစ္စာဖြစ်လာနိုင်တယ်။ ဒါကြောင့် ရသမျှကို မပျောက်စေဘဲ စုရမယ်လို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ ပျားရည်ကို ပျားကောင်ကလေးများက သယ်ဆောင်လာပြီး စုပုံထားရာက ကြီးမားတဲ့တောင်ပို့ကြီး ဖြစ်လာ တယ်။ အဲဒါကို ကြည့်ရှုဆင်ခြင်ပြီး ပစ္စည်းကို စုရမယ်။ နည်းနည်း ကလေး မပြောပလောက်ဘူးလို့ အထင်သေးပြီးမစုဘဲမနေနဲ့၊ တစ်ပြားတစ်ကျပ်ပေမယ့် စုရမယ်။ စုဖန်များတော့ စီးပွားဥစ္စာများ စွာ ဖြစ်လာနိုင်တယ်။ ဒါကြောင့် ရသမျှကို မပျက်စေဘဲ စုရမယ်လို့ ဆိုလိုပါတယ်။

အတိုချုပ်ဆိုလိုတာကတော့ အိမ်ရှင်ဖြစ်သူဟာ ပေးကမ်း ခြင်း၊ ဖြုန်းတီးခြင်းမရှိဘဲ ရသမျှသိမ်းဆည်းစုဆောင်းထားရမယ်လို့

http://www.dhammadownload.com

ဆိုလိုတာပါပဲ။ အဲဒီ အခါတုန်းက မြတ်စွာဘုရားက သက်တော်ထင်ရှားရှိပြီး၊ အဲဒီသာဝတ္ထိမြို့မှာပဲ တရားဓမ္မ ဟောပြတော်မူလျက်ရှိတော်မူတယ်။ မြတ်စွာဘုရားတပည့် သံဃာတော်များကလည်း ထင်ရှားရှိနေတယ်။ သဒ္ဓါတရားနဲ့ ပြည့်စုံကြတဲ့သူတွေက သရဏဂုံ ဆောက်တည်ပြီး ဗုဒ္ဓသာသနာဝင် ဖြစ်ကြတယ်။ ငါးပါးသီလ, ရှစ်ပါးသီလတို့ကို ဆောက်တည်ပြီး ကျင့်သုံးနေကြတယ်။ ဘုရားအမှူးရှိသော သံဃာတော်အား စွမ်းနိုင်သမျှလှူဒါန်းကြတယ်။ မြတ်စွာဘုရား၏တရားကို နေ့စဉ်နာကြပြီးတော့ တရားကိုလည်း ကျင့်သုံးအားထုတ်ကြတယ်။ တချို့က သောတာပန်သကဒါဂါမ် အနာဂါမ် ဖြစ်ကြတယ်။ တချို့က ရဟန်းပြုပြီး တရားအားထုတ်ကြသဖြင့် အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်ကြတယ်။ အင်မတန်ရခဲတဲ့ ဒုလ္လဘခေတ်ကောင်း, ကာလကောင်းကြီးပဲ။

အဲဒီလို ခေတ်ကာလကောင်းကြီးနဲ့ ကြုံနေပေမယ်လို့ တောဒေယျပုဏ္ဏားကြီးကတော့ မြတ်စွာဘုရားကို မကြည်ညိုမယုံကြည်ဘူး။ သူက ဗြာဟ္မဏဝါဒကို ယုံကြည်ကိုးကွယ်ထားပြီး ဖြစ်နေတယ်။ ဒါကြောင့် နောက်မှပွင့်တော်မူလာတဲ့ ဗုဒ္ဓမြတ်စွာဘုရားကို သူက အထင်မကြီးဘူး၊ သာမန်ရသေ့တစ်ပါးလောက်ပဲ သူက ထင်မြင်တယ်။ အထင်သေးတဲ့ သဘောပါပဲ။ ဒါကြောင့် သူက ဘုရား၏တရားကို နာရမှန်းတောင် မသိပါဘူး။ ယာဂုတစ်ယောက် ချိုမျှ ဇွန်းတစ်ဇွန်းမျှတောင် မလျှုဖူးဘူး။ မလျှုဖူးရုံတွင် မဟုတ်သေးဘူး။ သူက မြတ်စွာဘုရားကို ဘော-ဘောလို့ မရိုမသေ

http://www.dhammadownload.com

ခေါ်ဝေါ်ပြောဆိုတယ်။ ဘော-ကို အို-လို့ မြန်မာပြန်လေ့ရှိတယ်။ ဒါပေမယ့် ယခုနေအခါမှာ လူတစ်ယောက်ကို အို-လို့ ခေါ်ဝေါ်ပြောဆိုတာမရှိဘူး။ မောင်စိန်၊ မောင်မြ စသည့်ဖြင့် မောင်လို့သာ ပြောလေ့ရှိကြတယ်။ ဒါကြောင့် မောင်ဂေါတမလို့ ဒီလိုပြောတာ ဖြစ်ပါလိမ့်မယ်။ အဲဒီလို မရှိမသေပြောတာက တစ်ကြောင်း၊ သူ့ပစ္စည်းဥစ္စာတွေ တပ်မက်စွဲလမ်းနေတာက တစ်ကြောင်း၊ ဒီအကြောင်းများကြောင့် သေသွားတဲ့အခါ သူ့အိမ်မှာပဲ ခွေးမကြီးဝမ်းထဲမှာ ပဋိသန္ဓေနေရရှာသတဲ့။

ခွေးဆိုတော့ တစ်လခွဲ နှစ်လလောက်ကြာတဲ့အခါ မွေးလာတာပေါ့။ အဲဒီတောဒေယျမှ ဖြစ်လာတဲ့ခွေးကလေးကို သုဘလုလင်က အင်မတန်ချစ်တယ်။ သူစားတဲ့ထမင်း ဟင်းကောင်းများကို ကျွေးတယ်။ အိပ်ရာကောင်းပေါ်မှာ အိပ်စေတယ်တဲ့။ အဲဒါဟာ ရှေးဘဝက သူ့ဖခင်ဖြစ်မှန်းသိလိုတော့ မဟုတ်ဘူး။ ဒါပေမယ့် ရှေးဘဝက အတူနေခဲ့ဖူးရင် ဒီလိုချစ်ခင်တတ်ကြောင်း ဟောထားတဲ့တရားဂါထာက ဒီလိုရှိပါတယ်။

ပုဗ္ဗေ ဝ သန္ထဝါသေန၊
ပစ္ဆိပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊
ဥပ္ပလံဝ ယထောဒကေ။

ပုဗ္ဗေ-ရှေးဘဝ၌၊ သန္ထဝါသေန ဝါ-အတူနေခဲ့ဖူးခြင်းကြောင့်လည်းကောင်း၊ ပစ္ဆိပ္ပန္နဟိတေန ဝါ-ဖြစ်ဆဲ ပစ္ဆိပ္ပန်ဘဝ၌ အကျိုး

http://www.dhammadownload.com

စီးပွားပြုပေးခြင်းကြောင့် လည်းကောင်း၊ ဧဝံ-ဤသို့သော၊ တံ ပေမံ-ထို ထူးထူးခြားခြား ချစ်ခြင်းသည်၊ ဇာယတေ-ဖြစ်တတ်၏၊ ကိမိဝ-အဘယ်လိုပါနည်းဟူမူ၊ ယထောဒကေ-အကြင်မျှလောက်သာ ရေ၌၊ ဝါ-ရေရှိသလောက်၊ ဥပ္ပလံ-ကြာသည်၊ ဇာယတေကွဝ-သန်စွမ်းကြာရှည်ဖြစ်တည်သကဲ့သို့ပင်တည်း။

ကြာများဟာ ရေရှိသလောက် သန်သန်စွမ်းစွမ်း ကြာရှည်စွာ ဖြစ်နေသလိုပင်၊ ရှေးဘဝက အတူနေခဲ့ဖူးခြင်းကြောင့်လည်း ချစ်ခင်တတ်ကြတယ်။ ကြာရှည်စွာ အတူနေခဲ့ဖူးရင် ပိုပြီးချစ်တတ်တယ်။ ကုသိုလ်အတူပြုဖူးရင်တော့ အထူးပြောစရာမလိုပါဘူး။ ယခုဘဝတွင်လည်း အကျိုးဆောင်ရွက်ပေးဖူးသောကြောင့် ချစ်ခင်တတ်တယ်။ ဒါကတော့ မျက်မြင်ကိုယ်တွေ့ ဖြစ်နေကြတာပဲ။ များများအကျိုးဆောင်ဖူးရင် ပိုပြီးချစ်ခင်တတ်ကြတာပဲ။ ယခုတောဒေယျပုဏ္ဏားကြီးမှ ဖြစ်လာတဲ့ခွေးကိုတော့ သားအဖအဖြစ်နဲ့ အရင်ဘဝက နေလာခဲ့တဲ့အတွက် သားဖြစ်သူ သုဘသူဌေးသားက အလွန်ခင်မင်နေတာပါပဲ။

တစ်နေ့သောအခါ မဟာကရုဏာသမာပတ် ရှေ့သွားရှိတဲ့ ဗုဒ္ဓဉာဏ်တော်ဖြင့် လောကကို ဖြန့်ပြီးကြည့်တော်မူတယ်။ မည်သူဟာ တရားရနိုင်မလဲ။ မည်သူက တရားထူးရမလဲ။ မည်သူဟာ သရဏဂုံတည်မလဲ စသည်ဖြင့် ကြည့်ရှု ဆင်ခြင်တော်မူတဲ့အခါ သုဘလုလင်ကို မြင်တော်မူတယ်။ ဒါကြောင့် အဲဒီနေ့နံနက်မှာ တစ်ပါးတည်း ဆွမ်းခံကြွတော်မူရင်း တောဒေယျပုဏ္ဏားကြီး အိမ်

http://www.dhammadownload.com

ဝင်းထဲဝင်တော်မူတယ်။ အဲဒီအခါမှာ တောဒေယျမှ ဖြစ်လာတဲ့ ခွေးက အတင်းဟောင်ပြီး ဘုရားဆီပြေးလာတယ်။ ဒီတော့ မြတ်စွာဘုရားက "ဟဲ့- တောဒေယျ၊ နင်ဟာလေ ရှေးလူဘဝတုန်းက ငါ့ကို ဘော- ဘော (မောင်ဂေါတမ မောင်ဂေါတမ)လို့ မရှိမသေပြောဆိုခဲ့တဲ့အတွက် နင် ယခု ခွေးဖြစ်နေပြီ။ ခွေးဖြစ်ရာကနေပြီး ငါ့ကိုပြစ်မှားတဲ့စိတ်ဖြင့် ဟောင်ပြန်လို့ရှိရင် နင်ဟာ အဝီစိငရဲကျလိမ့်မယ်"လို့ မိန့်တော်မူတယ်။ အဲဒီစကားကို ကြားရတဲ့အခါ "ငါ့အကြောင်းကို ရဟန်းဂေါတမက သိနေတယ်"လို့ ဆင်ခြင်ပြီး နှလုံးမသာဖြစ်တာနဲ့ အဲဒီခွေးဟာ ဖိုခနောက်ကြားပြာထဲမှာ သွားပြီးအိပ်နေပါသတဲ့၊ လူတွေက သူ့ကို ပွေ့မ,ပြီး အိပ်နေကျ အိပ်ရာကောင်းပေါ် တင်ပို့လို့လည်း မရဘူးတဲ့။

သုဘလုလင်က အပြင်မှပြန်လာတဲ့အခါ "ခွေးကို သူ့အိပ်ရာမှ ဘယ်သူချလိုက်သလဲ"လို့ မေးတယ်။ ဘယ်သူကမျှ မချပါဘူးလို့ပြောပြီး အကြောင်းအရာ အလုံးစုံကို ပြန်ပြောကြတယ်။ အဲဒီတော့ သုဘလုလင်က စဉ်းစားတယ်။ "တောဒေယျဆိုတာ ငါ့အဖေပဲ။ ရဟန်းဂေါတမက ခွေးကို တောဒေယျလို့ ခေါ်တာဟာ ငါ့အဖေကို ဒီခွေးဖြစ်နေတယ်လို့ ဆိုတာပဲ။ အမှန်ကတော့ ငါ့အဖေဟာ မြဟ္မာပြည်ရောက်နေတာပဲ။ အရှင်ဂေါတမ နှုတ်တက်ရာ ပြောသွားတာပဲ"စသည်ဖြင့် ဆင်ခြင်စဉ်းစားပြီး သုဘလုလင်က စိတ်ဆိုးတယ်။ မြတ်စွာဘုရားကို မုသာဝါဒဖြင့် စွပ်စွဲရန် ကြံစည်ပြီး သူက မြတ်စွာဘုရားထံ လာတယ်။

http://www.dhammadownload.com

အဲဒီမှာ သုဘလုလင်က သူ့အဖေကို ဗြဟ္မာပြည်ရောက်နေတယ်လို့ ထင်မြင်ယူဆတာဟာ သူတို့၏ ရိုးရာဗြာဟ္မဏဘာသာဝါဒအရပါပဲ။ သူတို့ ဘာသာတရားအတိုင်း ကျင့်ရင် သေတဲ့အခါ ဗြဟ္မာပြည်ရောက်တယ်လို့ ဆိုထားတဲ့အတိုင်း ယုံကြည်ကြတယ်။ တစ်ခါက **မဟာဒတ္တ**ဆိုတဲ့ သေနာပတိစစ်ဗိုလ်ချုပ်ကြီးဟာ ဗြာဟ္မဏဘတ်ဆိုတဲ့ ယဇ်ပူဇော်ခြင်းကို ငွေအမြောက်အမြား အကုန်အကျခံပြီး ပြုခဲ့တယ်။ အဲဒီ မဟာဒတ္တမှာ သေခါနီးကျတော့ ငရဲဂတိနိမိတ် ထင်နေပါသတဲ့။ ဗြာဟ္မဏဆရာတွေက ဘာကိုမြင်သလဲလို့မေးတော့ သူက (လောဟိတယရ)နီနီရဲရဲ မီးအိမ်ကို မြင်နေတယ်လို့ ပြောပါတယ်။ အဲဒါဟာ ဗြဟ္မလောကပဲလို့ ဗြာဟ္မဏဆရာတွေက ဆိုကြတယ်။ ဗြဟ္မလောကဆိုတာ ဘယ်အရပ်မှာလဲ။ အထက်မှာလား အောက်မှာလားလို့ သူက မေးပါတယ်။ အထက်အရပ်မှာလို့ ဆရာများက ဖြေတယ်။ ကျွန်ုပ်မှာ ယခုထင်နေတာကတော့ အောက်မှာပဲလို့ သူက ပြောတယ်။ အောက်မှာထင်ပေမယ့်လို့ အထက်မှာပါလို့ ဗြာဟ္မဏဆရာများက ပြောကြတယ်။ မဟာဒတ္တဟာ အဲဒီနိမိတ်ကို အာရုံပြုနေရင်း သေပြီးတော့ ငရဲမှာဖြစ်သွားပါသတဲ့။ (မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ နှာ-၃၀၃)ဘာသာရေးဟာ မူမမှန်ပြီဆိုရင် ကြောက်စရာပဲ။ ယခုခေတ်မှာလည်း တိရစ္ဆာန်သတ္တဝါတွေကိုသတ်ပြီး ပူဇော်ခြင်း, ပေးကမ်းခြင်းဖြင့် ကောင်းမြတ်ရာ ရောက်တယ်လို့ ယုံကြည်တဲ့သူတွေကို အာရုံပြုဖို့ သတိဖော်ပေးကြတယ်ဆိုတာ ကြားဖူးတယ်။ ဒါလည်း ကြောက်စရာပဲ။

http://www.dhammadownload.com

သုဘလုလင်က မြတ်စွာဘုရားထံ ရောက်လာတဲ့အခါ မြတ်စွာဘုရားက သူ့အိမ်သို့ ကြွရောက်ပြီးတော့ မိန့်ကြားတော်မူခဲ့ပုံများကို မေးလျှောက်တယ်။ မြတ်စွာဘုရားက သူကြားခဲ့ရတဲ့အတိုင်း ဟုတ်မှန်ကြောင်းကို မိန့်တော်မူပြီးတော့ ဧကန်ယုံကြည်ဆုံးဖြတ်နိုင်ရန်အတွက် "သုဘလုလင်၊ သင့်အဖေက မပြောကြားခဲ့တဲ့ ပစ္စည်းတွေရှိတယ်မဟုတ်လား"လို့ မေးတော်မူတယ်။ "ရှိပါတယ်၊ တစ်သိန်းစီ ထိုက်တန်တဲ့ ရွှေပန်းကုံးရယ်, ရွှေဖိနပ်ရယ်, ရွှေခွက်ရယ်၊ ဒီပစ္စည်းသုံးမျိုးနဲ့ ငွေကတစ်သိန်း၊ ပေါင်းလေးသိန်းတန်ပစ္စည်းတွေကို ဘယ်မှာထားခဲ့မှန်းမသိပါ။ အဲဒါတွေဟာ စာရင်းထဲမှာသာ ရှိပြီး ရှာလို့မတွေ့ပါဘူး"လို့ လျှောက်တယ်။ ကဲ. . . ဒါဖြင့် အိမ်ပြန်သွားပေတော့ အိမ်ရောက်တဲ့အခါ အဲဒီခွေးကို နို့ထမင်းကောင်း၊ အစာကောင်းတွေကျွေးပြီး အိပ်ရာမှာ သိပ်ထား၊ အိမ်ပျော်လုနီးနီး ခပ်မှေးမှေးဖြစ်တဲ့အခါ မေးကြည့်ပါ။ အဲဒီခွေးက အားလုံးကို ပြောပြပါလိမ့်မယ်လို့ မိန့်တော်မူလိုက်ပါတယ်။

အဲဒီတော့ သုဘလုလင်က စဉ်းစားတယ်။ အရှင်ဂေါတမ ပြောတဲ့အတိုင်း မှန်ရင်လည်း ပစ္စည်းဥစ္စာတွေကို ရမှာပဲ။ မမှန်ရင်လဲ မုသာဝါဒဖြင့် ဖိနှိပ်စွပ်စွဲရမှာပဲလို့ စဉ်းစားပြီး၊ ၂-မျိုးလုံးဖြင့်ပင် သဘောကျတဲ့အတွက် ဘုရားမိန့်ကြားလိုက်တဲ့အတိုင်း ပြုလုပ်တယ်။ ခွေးကို နို့ထမင်းအစာကောင်းတွေ ကျွေးပြီးတော့ အိပ်ရာမှာ အိပ်စေတယ်။ အိပ်ပျော်ခါနီး ခပ်မှေးမှေးဖြစ်တဲ့အခါမှာ "ဖေဖေ၊

http://www.dhammadownload.com

ဒီပစ္စည်း, ဒီပစ္စည်းတွေဟာ စာရင်းထဲမှာသာ ရှိပါတယ်။ ဘယ်မှာ ထားခဲ့တုံး၊ အရှင်ဂေါတမက ဖေဖေသိတယ်လို့ ပြောပါတယ်။ အဲဒီ ပစ္စည်းတွေကို ပြပါဦး"လို့ သုဘလုလင်က မေးတယ်။ အဲဒီတော့ ခွေးက "ငါ့အကြောင်းတွေ အကုန်သိကုန်ပြီ၊ ဖုံးကွယ်ထားလို့ မဖြစ် တော့ဘူးလို့" ကြံတွေးမိပြီးတော့ ဟုံဟုံ-လို့ ငိုယိုမည်တမ်းပြီး ပစ္စည်း မြှုပ်နှံထားရာတွေကို လက်ဖြင့်ယက်လျက် ပြပါသတဲ့။ အဲဒီပြတဲ့ နေရာမှာ တူးဖော်ကြည့်တော့ ပျောက်နေတဲ့ သိန်းလေးရပ်ပစ္စည်း တွေ အကုန်ရပါသတဲ့။

အဲဒီတော့မှ သုဘလုလင်က မြတ်စွာဘုရားကို ယုံကြည်လာ တယ်။ ငါ့အဖေက သေပြီးခွေးဖြစ်တယ်ဆိုတာလဲ ဟုတ်တာပဲ။ ဘာကြောင့်လဲဆိုရင် အဖေက မြှုပ်နှံထားတဲ့ ပစ္စည်းတွေကို ဒီခွေး က ပြပေးလိမ့်မယ်ဆိုတဲ့အတိုင်း ပြပေးတယ်။ ပြပေးတဲ့အတိုင်း ပစ္စည်း တွေကိုရတယ်။ ဒါကြောင့် အရှင်ဂေါတမဟာ ဘဝ အကြောင်းတွေကို သိတယ်ဆိုတာလည်း ဟုတ်မှာပဲ။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အလုံးစုံကို သိတယ်ဆိုတာလည်း ဟုတ်မှာပဲလို့ ယုံကြည်လာတယ်။ ပြောပြချက်ကို ကိုယ်တိုင်တွေ့တော့ ယုံရတာပါ။

ဘာသာအယူအမျိုးမျိုး အသီးသီးရှိကြတဲ့သူတွေဟာ အခြား ဘာသာက ပြဆိုချက်တွေကို ကိုယ့်အယူနဲ့မတူရင် မယုံကြဘူး။ ဒါကတော့ ဓမ္မတာပါပဲ။ တချို့ဘာသာမှာ လူ့ဘဝကသေရင် ဘာမျှ မဖြစ်တော့ဘူး။ ယခု တစ်ဘဝတည်းရှိတယ်လို့ ဆိုတယ်။ အဲဒါဟာ ကိုယ်ပိုင်ဉာဏ်ဖြင့်သိတာတော့ မဟုတ်ပါဘူး။ တွေးဆပြီး မိမိတို့ ယုံကြည်ချက်အတိုင်း ယူဆထားတာပါပဲ။ အချို့ဘာသာမှာတော့

http://www.dhammadownload.com

လူ့ဘဝမှ သေရင် ထာဝရရဲကျုတာနဲ့ သို့မဟုတ် ကောင်းကင်ဘုံ ရောက်တာ ဒီ ၂-မျိုးထဲက တစ်မျိုးမျိုးသာ ရှိတယ်လို့ ဆိုတယ်။ အဲဒါကိုလည်း ကိုယ်တိုင်တွေ့သိပါတယ်လို့ ဝန်ခံနိုင်တဲ့သူရယ်လို့ မရှိပါဘူး။ မိရိုးဖလာအစဉ်အဆက် ယုံကြည်ချက်မျှပါပဲ။ တချို့ ဘာသာမှာတော့ သေပြီးနောက် ကံအားလျော်စွာ လူရင်လည်း ပြန်ဖြစ်တယ်။ နတ်ရင်လည်း ဖြစ်တယ်။ တိရစ္ဆာန် စသည့် တစ်မျိုး မျိုးရင်လည်း ဖြစ်တယ်လို့ဆိုတယ်။ အဲဒါကတော့ အကြားအမြင် စသည်ရတဲ့ ပုဂ္ဂိုလ်ထူးတွေက သူတို့ကိုယ်တိုင် တွေ့ရ, သိရတယ်လို့ ဝန်ခံပြောဆိုသူတွေ ရှိပါတယ်။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်အရအားဖြင့် နှစ်သက် သာယာတဲ့ တဏှာမကင်းသေးရင် ကံအားလျော်စွာ တစ်ဘဝပြီး တစ်ဘဝ ရုပ်နာမ်အစဉ်ဟာ အဆက်မပြတ်ဖြစ်နေတယ်။ အဲဒါကို လောကဝေါဟာရအားဖြင့် လူက နတ်ဖြစ်တယ်။ နတ်က လူဖြစ်လာ တယ်။ လူက တိရစ္ဆာန် စသည်ဖြစ်တယ် တိရစ္ဆာန် စသည်က လူဖြစ်လာတယ် စသည်ဖြင့် ပြောဆိုကြရတယ်။ အမှန်ကတော့ ရုပ်နာမ် အစဉ်အဆက်ဆက် ဖြစ်သွားတဲ့ သဘောတရားမျှပါပဲ။ ဝိပဿနာ ရှုလို့ အရဟတ္တဖိုလ်ရောက်ပြီး နှစ်သက်သာယာမှု တဏှာလုံးဝကင်း သွားရင်တော့ ပရိနိဗ္ဗာန်လို့ခေါ်တဲ့ စုတိစိတ်မှ နောက်၌ရုပ်နာမ် အစဉ် မဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားတယ်။ အဲဒါကို ပရိနိဗ္ဗာန်လို့ ခေါ်ရတယ်။ ဒါက ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်အရပဲ။ ဒီ အဆိုကိုတော့ ဗုဒ္ဓမြတ်စွာဘုရားကလည်း

http://www.dhammadownload.com

ကိုယ်တိုင်ဉာဏ်ဖြင့် တွေ့သိတယ်လို့ ဝန်ခံတော်မူပါတယ်။ ရဟန်းတော် အရှင်မြတ်တွေကလဲ ကိုယ်တိုင်ဉာဏ်ဖြင့် တွေ့သိတယ်လို့ပဲ ဝန်ခံတော်မူကြပါတယ်။ ယခု ရှုမှတ်အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကလည်း သိသင့်သမျှသိတယ်လို့ ဝန်ခံနိုင်ကြပါတယ်။

အဲဒီဘဝဖြစ်ပုံကို ယခုပြောခဲ့တဲ့ တောဒေယျခွေးဝတ္ထုစသည်တို့ဖြင့်လည်း ထောက်ခံလျက်ရှိနေပါတယ်။ ဗုဒ္ဓတရားတော်မှာ ဒီလိုသက်သေခံဝတ္ထုတွေ ရာပေါင်းများစွာရှိနေပါတယ်။ ယခုခေတ် ပစ္စုပ္ပန်ဝတ္ထုတွေလည်း ရှိနေတာပါပဲ။ ယခု ပြောခဲ့တဲ့ တောဒေယျ ဝတ္ထုမျိုးကို သုဘလုလင်ကိုယ်တိုင်လည်း တွေ့ရမယ်။ အယူလည်း မသီးဘူးဆိုရင်တော့ ကိုယ်တွေ့အမှန်ကို ယုံကြည်ပေမယ့် သူ့အယူအစွဲကို ခိုင်မြဲစေချင်တာနဲ့ မျက်မြင်မဟုတ်တဲ့ ကြံဆချက်ဖြင့် ဆင်ခြေကန်ပြီး မယုံကြည်တာလည်း ရှိတတ်သေးတယ်။ ဘယ်လိုလဲဆိုတော့ ဒါဟာ မာရ်နတ်က လှည့်စားတာပဲ စသည်ဖြင့် အမှန်ကို ချေဖျက်ပစ်တတ်တယ်။ အဲဒီလို ဆင်ခြေကန်ချက်ကို စဉ်းစားစရာကတော့ မာရ်နတ်ဆိုတာ အပြောမျှပဲ၊ ဘယ်သူမျှတွေ့ဖူးတာ မဟုတ်ဘူး။ မာရ်နတ်ကပြုလုပ်တာကို တကယ်သိမြင်သူရှိဖို့ကတော့ သာပြီးဝေးတာပဲ။ ဒါကြောင့် ကိုယ်တွေ့မျက်မြင်အမှန်ကို မယုံကြည်နိုင်တာဟာ အယူသီးလို့ပဲ ဆိုတာ ထင်ရှားပါတယ်။

ယခုပြောနေတဲ့ သုဘလုလင်ကတော့ အဲဒီလိုအယူမသီးပါဘူး။ ယုံကြည်သင့်တဲ့ အကြောင်းအရာကို မျက်မြင်ကိုယ်တွေ့

http://www.dhammadownload.com

ဖြစ်တော့ တစ်ခါတည်းယုံကြည်ဆုံးဖြတ်နိုင်ပါတယ်။ ဒါကြောင့် သူ သိ ချင် တဲ့ အချက် များကို မေးမြန်းလျှောက်ထားရန် မြတ်စွာဘုရားထံ ဒုတိယအကြိမ် တစ်ဖန်ရောက်လာပြန်ပါတယ်။ လာရောက်ပြီးတော့ ဒီလိုမေးလျှောက်တယ်။

သုဘလုလင်၏ မေးလျှောက်ချက်များ

အရှင်ဂေါတမ၊ လူတွေမှာ လူဖြစ်ချင်းတူနေကြပါလျက် အယုတ်အမြတ်ကွဲပြားနေတာဟာ ဘာကြောင့်ပါလဲ။

(၁) တချို့က အသက်တိုတယ်။ တချို့က အသက်ရှည်တယ်။ ဘာကြောင့်ပါလဲ။

(၂) တချို့က အနာများတယ်။ တချို့က ကျန်းမာတယ်။ ဘာကြောင့်ပါလဲ။

(၃) တချို့က အရုပ်ဆိုးတယ်။ တချို့က အဆင်းလှတယ်။ ဘာကြောင့်ပါလဲ။

(၄) တချို့က အခြွေအရံနည်းတယ်။ တချို့က အခြွေအရံများတယ်။ ဘာကြောင့်ပါလဲ။

(၅) တချို့က ဆင်းရဲနွမ်းပါးတယ်။ တချို့က ပစ္စည်းပေါတယ်။ ဘာကြောင့်ပါလဲ။

(၆) တချို့က အမျိုးညံ့တယ်။ တချို့က အမျိုးမြတ်တယ်။ ဘာကြောင့်ပါလဲ။

(၇) တချို့က ပညာနည်းတယ်။ တချို့က ပညာကြီးတယ်။

http://www.dhammadownload.com

ဘာကြောင့်ပါလဲ-လို့ မေးလျှောက်ပါတယ်။

အင်း. . . စဉ်းစားစရာ အချက်တွေပဲ။ တချို့များ အမိအဖ တူ ညီအစ်ကိုအရင်းပဲ။ တချို့ကတော့ အမြွှာမွေးတောင် ဖြစ်နေကြတယ်။ ဗေဒင်ကိန်းခန်းအရ နာရီ, မိနစ်, စက္ကန့် အချိန်တူလည်း ရှိတယ်။ ဒါပေမယ့် အကျိုးပေးချင်းကတော့ မတူကြဘူး။ ကျန်းမာရေးတို့၊ အသက်အတိုအရှည်တို့၊ အခြွေအရံတို့၊ စီးပွားရေးတို့၊ အသိအလိမ္မာ ပညာရေးတို့၊ ဒီလိုဟာတွေက တစ်ဦးနဲ့တစ်ဦးမတူဘဲ ကွဲပြားခြား နားကြတယ်။ တန်ခိုးရှင်က ဖန်ဆင်းတယ်ဆိုရင် ဒီလိုမကွဲပြားသင့်ဘူး။ ကွဲပြားအောင် ဖန်ဆင်းရင်လဲ ဘာကြောင့် ဒီလိုကွဲပြားအောင် ဖန်ဆင်းရသလဲစသည်ဖြင့် စဉ်းစားစရာတွေပဲ။ ဒါကြောင့် ဒီသုဘလုလင်၏ မေးခွန်းဟာ မေးသင့်မေးထိုက်တဲ့ မေးခွန်းပါပဲ။ အဲဒါကို မြတ်စွာဘုရားက ဒီလိုအကျဉ်းချုပ် ဖြေကြားတော်မူပါတယ်။

မြတ်စွာဘုရားရှင်၏ အဖြေတော်

ကမ္မသကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတယာယ။

မာဏဝ-သုဘလုလင်၊ သတ္တာ-သတ္တဝါတို့သည်၊ သုဘလုလင်က လူတွေရဲ့အကြောင်းကိုသာမေးတယ်။ ဒါပေမယ့် မြတ်စွာဘုရားက သိသင့်သိထိုက်တဲ့ သတ္တဝါတွေအားလုံးအကြောင်းကို ဖြေကြားတော်မူပါတယ်။ ကမ္မသကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ

http://www.dhammadownload.com

ရှိကုန်၏။

သတ္တဝါတွေမှာ ကိုယ်တိုင်ပြုထားတဲ့အမှု-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတယ်တဲ့။ ရွှေငွေစသော အပြင်ပစ္စည်းတွေကတော့ ကိုယ့်လက်ထဲရှိတဲ့အခါ ကိုယ်ဥစ္စာလို့ ဆိုရပေမယ့် အကြောင်းအားလျော်စွာ သူတစ်ပါးလက်ထဲရောက်သွားရင် ကိုယ်ဥစ္စာမဟုတ်ဘူး။ တစ်သက်ပတ်လုံး မပျက်စီးဘဲ ကိုယ့်ကိုယ်ပိုင်ဖြစ်နေပေမယ့်လို့ သေသွားတဲ့အခါကျတော့ အဲဒီဥစ္စာတွေကို ကိုယ်တိုင်စွန့်သွားရတော့တာပါပဲ။ ကိုယ့်ဥစ္စာ မဟုတ်တော့ဘူး။ ကိုယ်ပြုထားတဲ့အမှုကတော့ လောကဘက်က စီးပွားရေးအမှုဖြစ်ဖြစ်၊ သံသရာဘက်က ဒါန, သီလ စသော ကုသိုလ်ရေး၊ ပါဏာတိပါတာ စသော အကုသိုလ် ရေးအမှုဖြစ်ဖြစ် သူတစ်ပါးနဲ့ မဆိုင်ဘူး။ ကိုယ်နဲ့သာ ဆိုင်တယ်။ စီးပွားရေးအမှုကလည်း ကြိုးစားအားထုတ်ရင် အားထုတ်သလောက် အကျိုးဖြစ်ထွန်းစေနိုင်တယ်။ ကုသိုလ်ရေး အမှုကလည်း သံသရာတစ်လျှောက်လုံး အစွမ်းရှိသလောက် ကောင်းကျိုးပေးသွားတတ်တယ်။ အကုသိုလ်ရေး အမှုကလည်း နည်းတူပင်မကောင်းကျိုးကို ပေးသွားတတ်တယ်။ ယခု လူတွေချမ်းသာနေကြတာ, ဆင်းရဲနေကြတာဟာ အဲဒီလောကရေး အလုပ်အကိုင်အမှုကံ, သံသရာရေးကုသိုလ်, အကုသိုလ်ကံကြောင့်ပါပဲ။ ကိုယ်တိုင်ပြုလုပ်ထားတဲ့ အမှုကံအားလျော်စွာ ချမ်းသာကြရ, ဆင်းရဲကြရတာပဲ။ ဒါကြောင့် ဒီကမ္မသကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်ဆိုတဲ့ပုဒ်ဟာ ဒီဥပေက္ခာဘာဝနာနဲ့ အသက်ဆိုင်ဆုံးပါပဲ။

http://www.dhammadownload.com

နောက်ပြီးတော့ သတ္တာ-သတ္တဝါတို့သည်၊ ကမ္မဒါယာဒါ-ကိုယ်တိုင်ပြုထားသည့် ကိုယ့်အမှုကံ၏အမွေကို ခံယူရကုန်၏တဲ့။ မိဘများ၏အမွေကို သားသမီးများက ခံယူကြရသလိုပင် ကိုယ်တိုင်ပြုလုပ်ထားတဲ့ အမှုကံ၏,ကောင်းမွေ, ဆိုးမွေကို ခံယူကြရတယ်တဲ့။ လောကဘက်က စီးပွားဖြစ်စေနိုင်တဲ့ အလုပ်ကောင်းကို လုပ်ထားတဲ့သူဟာ စီးပွားဥစ္စာကောင်းကျိုးကို ရတယ်။ မလုပ်သင့်တဲ့ ရာဇဝတ်မှု စသည်ကိုပြုလုပ်ရင် ရာဇဝတ်ပြစ်ဒဏ် စသော မကောင်းကျိုးကိုရတယ်။ မူးယစ်သောက်စား၊ လောင်ကစား အမျိုးမျိုးကို ပြုလုပ်ရင် စီးပွားပျက်ခြင်းစသော မကောင်းကျိုးကိုရတယ်။ အယုတ်ဆုံးအားဖြင့် အတူနေအချင်းချင်း မညီညွတ်ဘဲ ဆင်းရဲခြင်းစသော မကောင်းကျိုးအမွေတွေကို ရတယ်။ ထို့အတူပင် သံသရာဘက်က ဒါန, သီလ စသော ကုသိုလ်အမှုကို ပြုလုပ်ရင် မျက်မှောက်ဘဝမှာ အပြစ်ကင်းစင်ခြင်း, ဘေးရန်အန္တရာယ်ကင်းခြင်း, ကျန်းမာခြင်း, အသက်ရှည်ခြင်းစသော အကျိုးအမွေကောင်းတွေကို ခံယူရတယ်။ သံသရာဘဝတစ်လျှောက်မှာလည်း လူ့ချမ်းသာ၊ နတ်ချမ်းသာကိုရသွားတယ်။ နောက်ဆုံး၌ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကိုလည်း ရသွားနိုင်တယ်။ သတ်ခြင်း, ခိုးယူခြင်းစသော အကုသိုလ်အမှုကို ပြုလုပ်ထားရင်တော့ မျက်မှောက်ဘဝမှာလည်း မကောင်းကျိုးတွေကို ရတတ်သည့်အပြင် သံသရာဘဝတစ်လျှောက်လုံးမှာလည်း အပါယ်ဆင်းရဲစသည်ကို ရသွားမယ်။ အဲဒီလို ကောင်းမွေဆိုးမွေတွေကို ခံယူပါတယ်တဲ့။ ဒီအနက်ကို

http://www.dhammadownload.com

အင်္ဂုတ္တရ၊ ပဏ္ဍိတနိပါတ်၊ အဘိဏှပစ္စဝေက္ခိတဗဒ္ဓဒါန သုတ် အကျယ်ပြဆိုရာ (၆၆)မှာ ဒီလိုလည်းဖွင့်ပြထားပါတယ်။

ကလျာဏ ဝါ-ကောင်းသည့်မှုလည်းဖြစ်သော၊ ပါပက ဝါ-မကောင်းသည့်မှုလည်းဖြစ်သော၊ ယံ ကမ္မံ-အကြင်အမှုကို၊ ကရိ ဿန္တိ-ပြုကုန်လတ္တံ့၊ တဿ-ထိုကောင်းမှု, မကောင်းမှု၏။ ဒါယာဒါ-ကောင်းမွေ, ဆိုးမွေကို ခံယူရကုန်သည်၊ ဘဝိဿန္တိ-ဖြစ်ကုန်လတ္တံ့-တဲ့။

ဒီ ကမ္မဒါယာဒါ ဆိုတဲ့ပုဒ်လည်း ကမ္မသကပုဒ်နဲ့ အရတူပါပဲ။ ကမ္မဿကာပုဒ်၏ အဖွင့်သဘောရှိတာပါပဲ။ နောက်ပြီးတော့ သတ္တာ-သတ္တဝါတို့သည်၊ ကမ္မယောနိ-ကံသာလျှင် အကြောင်းရှိကုန်၏-တဲ့၊ သတ္တဝါတွေ ချမ်းသာဖို့, ဆင်းရဲဖို့ရာအတွက် မိမိတို့ကိုယ်တိုင်ပြုထားတဲ့ ကံသာလျှင် အကြောင်းရှိတယ်။ ကောင်းတဲ့ အမှုကံရှိရင် ကောင်းကျိုးချမ်းသာ ရမယ်။ မကောင်းတဲ့ အမှုကံရှိရင် မကောင်းဆိုးဝါးတဲ့ အကျိုးကို ရတယ်လို့ ဆိုလိုပါတယ်။ ဒါလည်း ကမ္မသကာပုဒ်၏ အဖွင့်ပါပဲ။

ကမ္မဗန္ဓု- ကံသာလျှင် ဆွေမျိုး မိတ်ဆွေ ရှိကုန်၏တဲ့။ ဆွေမျိုးမိတ်ဆွေကောင်းရှိရင် အဲဒီဆွေကောင်း, မိတ်ကောင်းကိုမှီပြီး ကောင်းကျိုးချမ်းသာကို ရနိုင်တယ်။ ဆွေကောင်း, မိတ်ကောင်း မရှိရင်တော့ အားကိုးစရာမရှိဘူး။ အဲဒါကိုပဲ ကောင်းမှုကံကိုမှီပြီး ကောင်းကျိုးကို ရတယ်။ ကောင်းမှုကံ မရှိရင် အားကိုးစရာမရှိဘူး။ မကောင်းမှုကံ ရှိနေရင်တော့ ဆွေတုမိတ်တု ရန်သူလိုပင် သူက မကောင်းကျိုးတွေ ပေးလိမ့်မယ်လို့ ဆိုလိုပါတယ်။ ဒါလည်း

http://www.dhammadownload.com

ကမ္မသကာ ပုဒ်၏ အဖွင့်ပါပဲ။

ကမ္မပွဋ္ဌိသရဏာ-ကံသာလျှင် အားကိုးရာ ရှိကုန်၏တဲ့။ လောကဘက်ကနေကြည့်ရင် စီးပွားရေးအလုပ်အကိုင်အမှုတွေဟာ အားကိုးစရာတွေပဲ။ အဲဒါလိုပင် ကောင်းမှုကုသိုလ်ကံကို အားကိုးကြတယ်။ မကောင်းမှုကတော့ မရှိတဲ့ အနေကင်းတဲ့အနေဖြင့်သာ အားကိုးကြရတယ်။ မကောင်းမှုကံ ကင်းလေလေ ဆင်းရဲဒုက္ခကင်းလေလေပဲ။ ဒါကြောင့် မကောင်းမှုကံကင်းအောင် ပြုကျင့်တဲ့ ကောင်းမှုကံဟာ အားကိုးစရာအစစ်ပဲ။ ဒီပုဒ်လည်း ကမ္မသကာ-ပုဒ်အဖွင့်ပါပဲ။

ကမ္မံ-ကောင်းမှု မကောင်းမှုကံက၊ သတ္တော-သတ္တဝါတို့ကို၊ ယဒိဒံ ဟီနပဏီတတာယ-အယုတ်အမြတ်၏ အဖြစ်ဖြင့်၊ (မြန်မာစကားချောစေရန် ယဒိဒံ-၏ အနက်ကိုချန်ထားသည်) ဝိဘဇ္ဇတိ-ခွဲခြားသည်တဲ့။ မကောင်းကံက အယုတ်အညံ့စားဖြစ်စေတယ်။ ကောင်းမှုကံက အမြင့်အမြတ်စားဖြစ်စေတယ်။ အယုတ်အညံ့စားဖြစ်ခြင်း၊ အကောင်းအမြတ်စားဖြစ်ခြင်းဆိုတဲ့ ဒီ ၂-မျိုးဖြင့် သတ္တဝါတွေကို မိမိတို့ ပြုထားတဲ့ကံက ခွဲခြားတယ်လို့ ဆိုပါတယ်။ အဲဒါကို မြန်မာလို အတိုချုပ်ပြန်ရင် "သတ္တဝါတွေဟာ ကံသာ ကိုယ်ပိုင်ဥစ္စာ ရှိကြသည်၊ ကံ၏အမွေကို ခံယူကြရသည်၊ ကံသာ အကြောင်းရှိကြသည်။ ကံသာ ဆွေမျိုးမိတ်ဆွေရှိကြသည်။ ကံသာ အာကိုးရာရှိကြသည်။ သတ္တဝါတွေကို အယုတ်အမြတ်ဖြစ်အောင် ကံက စီမံခွဲခြားသည်"လို့ ဖြစ်တယ်။ အဲဒါကို ဆိုကြရမယ်။

သတ္တဝါတွေဟာ ကံသာကိုယ်ပိုင်ဥစ္စာရှိကြသည်။

http://www.dhammadownload.com

ကံ၏ အမွေကို ခံယူကြရသည်။ ကံသာ အကြောင်းရှိကြသည်။ ကံသာ ဆွေမျိုးရှိကြသည်။ ကံသာ အားကိုးရာရှိကြသည်။ သတ္တဝါတွေကို အယုတ်အမြတ်ဖြစ်အောင် ကံကစီမံခွဲခြားသည်။

ဒါဟာ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ပဲ။ သတ္တဝါတွေ အယုတ်အညံ့ဖြစ်နေကြတာ။ ဆင်းရဲဒုက္ခရောက်နေကြရတာလည်း မိမိတို့ကိုယ်တိုင်ပြုထားတဲ့ ကံကစီမံဖန်တီးပေးတာပဲ။ အမြင့်အမြတ်ဖြစ်နေကြရတာ ချမ်းသာကြရတာလည်း ကံကစီမံဖန်တီးပေးတာပဲတဲ့။ ဖန်ဆင်းဝါဒအရဆိုရင်တော့ ချမ်းသာအောင်လည်း ဘုရားသခင်က ဖန်ဆင်းတယ်။ ဆင်းရဲအောင်လည်း ဘုရားသခင်က ဖန်ဆင်းတယ်လို့ ဆိုရလိမ့်မယ်။ ဒီလိုဆိုတော့ ဆင်းရဲနေကြတဲ့သူတွေက ငါတို့ကို ဆင်းရဲအောင် ဘာကြောင့်ဖန်ဆင်းပါလိမ့်မလဲလို့ စဉ်းစားပြီး မကျေနပ်စရာရှိပါတယ်။ ကမ္ဘာပေါ်မှာ ဆင်းရဲတဲ့သူတွေက များနေတော့ မကျေနပ်တဲ့လူတွေက များနေဖွယ်ရှိပါတယ်။ ဗုဒ္ဓတရားတော်အရကတော့ ချမ်းသာတာလည်း ကိုယ့်အမှု ကံကြောင့်ပဲ။ ဆင်းရဲတာကလည်း ကိုယ်အမှုကံကြောင့်ပဲလို့ဆိုတော့ ဘယ်သူ့ကိုမှ မကျေနပ်စရာမရှိဘူး။ နောင်ရေးအတွက် ကိုယ်အမှုကံကိုသာ ကောင်းအောင်ဂရုစိုက်သွားဖို့လိုတယ်။ အဲဒီဒေသနာတော်အရ "ဆိုးတာပြုက ဆိုးတာရ၊ ကောင်းမှ်ကောင်းစားသည်၊ ဆိုးကောင်းနှစ်တန် ကံစီမံ၊ ခံစံကြရသည်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com

ဆိုးတာပြုက ဆိုးတာရ၊ ကောင်းမှုကောင်းစားသည်။

ဆိုးတဲ့ မကောင်းမှုကိုပြုရင် ဆိုးဝါးတဲ့ မကောင်းကျိုးကို ရမယ်။ ကောင်းတဲ့ကုသိုလ်အမှုကိုပြုမှ ကောင်းကျိုးချမ်းသာကို ရမယ်လို့ ဆိုလိုပါတယ်။ ဥပမာအားဖြင့် သရက်, ပိန္နဲစတဲ့ အချိုမျိုးစေ့ကို စိုက်ရင် အချိုသီးသီးတယ်။ အချိုသီးကို စားရတယ်။ ရှောက်, သံပုရာ အစရှိတဲ့ အချဉ်မျိုးစေ့ကို စိုက်ရင် အချဉ်သီးကို စားရတယ်။ အဲဒါလိုပဲ ဒုတိယဆောင်ပုဒ်ကို ဆိုကြရမယ်။

ဆိုး-ကောင်းနှစ်တန် ကံစီမံ၊ ခံစံကြရသည်။

အဆိုး, အယုတ်, အညံ့ဖြစ်အောင်၊ အကောင်းအမြတ်ဖြစ်အောင် ဒီနှစ်မျိုးကိုမိမိကိုယ်တိုင်ပြုထားတဲ့ကံက စီမံဖန်တီးတယ်။ အဲဒီကံက ဖန်တီးပေးတဲ့ ဆိုးကျိုးကောင်းကျိုး, ဆင်းရဲနဲ့ချမ်းသာကို ခံစား စံစားနေကြရတယ်လို့ ဆိုလိုပါတယ်။

အဲဒီအကျဉ်းချုပ်ဖြေကြားချက်ကို သုဘလုလင်က အသေးစိတ်အကျယ်အားဖြင့် နားမလည်သေးသောကြောင့် အကျယ်ဝေဖန်ပြီး ဟောကြားဖို့ လျှောက်ထားတယ်။ အဲဒီတော့ မြတ်စွာဘုရားက ဒီလိုအကျယ်ဝေဖန်ပြီး ဟောကြားတော်မူပါတယ်။

အသက်တိုခြင်း အသက်ရှည်ခြင်း၏အကြောင်းကံ

(၁-က) မာဏဝ-သုဘလုလင်၊ ဣဓ-ဤလောကဌ်၊ ဣတ္ထီ ဝါ-မိန်းမဖြစ်စေ၊ ပုရိသော ဝါ-ယောကျ်ားဖြစ်စေ၊ ဧကစ္စော-အချို့သောသူသည်၊ ပါဏာတိပါတီ-သတ္တဝါကို သတ်လေ့ရှိသည်၊

http://www.dhammadownload.com

ဟောတိ-ဖြစ်၏၊ (သတ်တယ်ဆိုတာ မသနားတတ်လို့ ရက်စက်ကြမ်းကြုတ်လို့ပဲ။ အဲဒီဂုဏ်ပုဒ်တွေလည်း ပါဠိမှာ ဟောထားပါသေးတယ်။ ဒါပေမယ့် မကျယ်စေလို့တဲ့အတွက် ဒီမှာချန်ထားပါတယ်) သော-ထိုသတ်သောသူသည်၊ တေနကမ္မေန-ထိုသတ်မှုကံကြောင့်၊ ပရံ မရဏာ-သေသည်မှနောက်၌၊ (ဒီမှာလည်း တချို့ပုဒ်တွေကိုချန်ထားပါတယ်)၊ အပါယံ-အပယ်ဘုံသို့၊ ဒုဂ္ဂတိ-မကောင်းမှုရှိသူတို့၏လားရောက်ရာဘုံသို့၊ ဝိနိပါတံ နိရယံ-ချမ်းသာမှ ပျက်စီး၍ လျောကျရာ ငရဲဘုံသို့၊ ဥပ္ပဇ္ဇတိ-ကပ်ရောက်၍ဖြစ်ရ၏၊ မနုဿတ္တံ-လူဘဝသို့၊ သစေ အာဂစ္ဆတိ-အကယ်၍ပြန်လာငြားအုံ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ-ဖြစ်ရာ ဖြစ်ရာဘဝ၌၊ (မြန်မာစကားချောစေရန် ဆိုလိုသော အနက်ပြန်သည်)၊ အပ္ပါယုကော-အသက်တိုသည်၊ ဟောတိ-ဖြစ်၏တဲ့။

အတိုချုပ်ဆိုလိုတာကတော့ သတ်ရင် သေပြီးတဲ့အခါ အဲဒီအကုသိုလ်ကံကြောင့် အပါယ်လေးပါး၌ ငရဲ၌ဖြစ်ရတတ်တယ်။ လူဖြစ်ပြန်ရင် အသက်တိုတတ်တယ်လို့ ဆိုလိုပါတယ်။ အဲဒီအတိုချုပ်ကိုလည်း ဒီလိုဟောတော်မူပါသေးတယ်။

အပ္ပါယုကသံဝတ္တနိကာ ဧသော မာဏဝ ပဋိပဒါ၊ ယဒိဒံ ပါဏာတိပါတီ ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ ယော အယं-အကြင်သူသည်၊ ပါဏာတိပါတီ ဟောတိ-သတ္တဝါကို သတ်လေ့ရှိ၏။ တဿ-ထိုသူ၏၊ ဧသော ပဋိပဒါ-သတ်သော ဤအကျင့် အပြုအမှုသည်၊ အပ္ပါယုက

http://www.dhammadownload.com

သံဝတ္ထနိကော-အသက်တိုခြင်းကို ဖြစ်စေတတ်သည်တဲ့။ အဲဒါကို "သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်"လို့ ဆောင်ပုဒ်စီထားတယ်။ နောက်ပြီးတော့ အသက်ရှည်ခြင်း၏ အကြောင်းကိုလည်း ဒီလိုဟောထားပါတယ်။ အတိုချုပ်ပြရမှာပဲ။

(၁-ခ) ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ-မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သောသူသည်၊ ပါဏာတိပါတာ ပဋ္ဌိဝိရတော ဟောတိ-သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်၏။ သော-ထိုသူသည်၊ တေန ကမ္မေန-သတ္တဝါကို သတ်ခြင်းမှ ရှောင်ကြဉ်သော ထိုကုသိုလ်ကံကြောင့်၊ ပရံ မရဏာ-သေသည်မှနောက်၌၊ သုဂတိ-ကောင်းမှုရှိသူတို့၏ လားရောက်ရာဖြစ်သော၊ သဂ္ဂ လောကံ-နတ်ပြည်လောကသို့၊ ဥပ္ပဇ္ဇတိ-ကပ်ရောက်၍ဖြစ်ရ၏။ သစေ မနုဿတ္တံ အာဂစ္ဆတိ-အကယ်၍ လူဘဝသို့ရောက်လာငြားအံ့၊ ဒီဃာယုကော ဟောတိ-ဖြစ်ရာဖြစ်ရာဘဝများ၌ အသက်ရှည်ရ၏။ မဏ္ဍဝ-သုဘလုလင်၊ ယဒိဒံ ပါဏာတိပါတာ ပဋ္ဌိဝိရတောဟောတိ- သတ္တဝါကို သတ်ခြင်းမှကြဉ်ရှောင်သောထိုသူ၏၊ (သဒ္ဒါနောက်မလိုက်ဘဲ မြန်မာစကားချောစေရန် ဆိုလိုရင်းအနက်ပြန်သည်) ဧသော ပဋ္ဌိပဒါ-သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်သော ဤအကျင့်သည်၊ ဒီဃာယုက သံဝတ္ထနိကာ-အသက်ရှည်ခြင်းကို ဖြစ်စေတတ်သည်တဲ့။

အတိုချုပ်ဆိုလိုတာကတော့ သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်သူဟာ သေပြီးတဲ့အခါ အဲဒီကုသိုလ်ကံကြောင့် နတ်ပြည်ရောက်တတ်တယ်။ လူဖြစ်ရင်လည်း အသက်ရှည်တယ်။ သတ္တဝါ

http://www.dhammadownload.com

မသတ်တဲ့ အကျင့်ဟာ အသက်ရှည်စေတတ်တယ်-လို့ဆိုလိုတာ ပါပဲ။ အဲဒါကို ဆောင်ပုဒ်မှာ "မသတ် အသက်ရှည်"လို့ နောက်ပိုင်း အဖြစ် စီထားတယ်။ အဲဒါကို ရှေ့ပိုင်းပါဆက်စပ်ပြီး ဆိုကြရမယ်။

၁။ သူ့ကိုသတ်ဖြတ်, သက်တိုတတ်, မသတ် အသက်ရှည်။

အဲဒါဟာ "တချို့က အသက်တိုတယ်။ တချို့က အသက်ရှည်တယ်။ ဘာကြောင့်ပါလဲ"ဆိုတဲ့ ပထမမေးခွန်းရဲ့ အဖြေပါပဲ။ ဒီဆောင်ပုဒ်လောက်ရွတ်ဆိုပြီး ဟောရင်လည်း သိနားလည်နိုင်ပါတယ်။ ဒါပေမယ့် ဆောင်ပုဒ်၏မှီရာ ဘုရားဟော စကားရပ်တချို့ကိုလည်း ကြည်ညိုကြရအောင် ရွတ်ပြီးဟောရတယ်။ အဲဒီလိုပါဝိုဋ္ဌရွတ်ဆိုပြတာဟာ ဘုရားဟောပါဋိနဲ့အညီ ဟောကြောင်း သိနားလည်ပြီး ခိုင်ခိုင်မြဲမြဲမှတ်ထားဖို့၊ အဲဒီအတိုင်းလိုက်နာပြီး ကျင့်သုံးသွားကြဖို့ပါပဲ။

အဲဒီမှာ "သူ့ကိုသတ်ဖြတ်"ဆိုတဲ့ စကားဖြင့် "သူတစ်ပါးကိုသတ်ရင်"လို့ ဆိုလိုပါတယ်။ သူတစ်ပါးဆိုတာ လူဖြစ်ဖြစ်, သန်း, ကြမ်းပိုးမှစ၍ မိမိမှတစ်ပါး အခြားသူလို့ ဆိုရတဲ့ သတ္တဝါကိုသတ်ရင် နောင်ဘဝများမှ အသက်တိုတတ်တယ်လို့ ဆိုလိုပါတယ်။ တချို့မှာ အမိဝမ်းထဲမှ မမွေးသေးခင် သေရတယ်။ တချို့က မွေးပြီး ခါစသေရတယ်။ တချို့က တစ်လ, နှစ်လစသည် လပိုင်းအတွင်း သေရတယ်။ တချို့က ဆယ်နှစ်အတွင်း၊ အနှစ်နှစ်ဆယ်, သုံးဆယ် အတွင်း စသည်မှာ သေရတယ်။ အသက်တမ်းမပြည့်ခင် ခပ်စောစောပိုင်းက ပစ္စုပ္ပန်အကြောင်းထူးမရှိဘဲ သေရတာတွေဟာ အများအားဖြင့် သူတစ်ပါးသတ်ခဲ့တဲ့ ဒီအကုသိုလ်ကံကြောင့်ပဲလို့

http://www.dhammadownload.com

ဆိုနိုင်ပါတယ်။

ဒါကြောင့် "မွေးပြီးခါစ ကလေးသူငယ်များသေတာ ဘာကြောင့်လဲ"ဆိုတဲ့ အမေးပြဿနာကို ဗုဒ္ဓတရားတော်အရသာပြေလည်အောင် ဖြေရှင်းနိုင်တဲ့အကြောင်း၊ ဖန်ဆင်းဝါဒအရအားဖြင့် မပြေလည်နိုင်တဲ့အကြောင်း သီရိလင်္ကာ (သီဟိုဠ်) ဆရာတော် အရှင်နာရဒကတရားဟောရာမှာ ထည့်သွင်းဟောကြားပါတယ်။ ဟောပုံကတော့ မွေးပြီးခါစကလေးသေတာဟာ လူမျိုးတိုင်း, ဘာသာဝင်တိုင်းမှာရှိတယ်။ မိဘ, ဘိုးဘွားအဆက်ဆက်က ဖန်ဆင်းရှင် တန်ခိုးရှင်ကို ကိုးကွယ်လာခဲ့တဲ့အိမ်ထောင်စုမှာလည်း ရှိတတ်တာပဲ။ အဲဒီကလေးကို ဘာကြောင့်ဒါလောက် အသက်တိုအောင် ဖန်ဆင်းရသလဲဆိုတာ ဖြေရှင်းဖို့မလွယ်ဘူး။ ဒါကြောင့် ထာဝရငရဲချဖို့ရာ အကြောင်းလည်းရှိမှာမဟုတ်ဘူး။ ဖန်ဆင်းသူ၏ အလိုအကြိုက်ကို ပြုတာလည်းရှိမှာ မဟုတ်သောကြောင့် ကောင်းကင်ဘုံကယ်တင်ဖို့ရာ အကြောင်းလည်းရှိမှာမဟုတ်ဘူး။ ဒါကြောင့် မွေးပြီးခါစကလေး သေတာနဲ့စပ်ပြီး ဖန်ဆင်းဝါဒအရ မပြေလည်ကြောင်း၊ သတ်မှတ်ကြောင့် အသက်တိုရတယ်ဆိုတဲ့၊ ဒီဗုဒ္ဓတရားတော်အရသာလျှင် ပြေလည်ကြောင်း အရှင်နာရဒမထေရ်က ဟောကြားပါတယ်။ နောက်ပြီးတော့ အသက်တိုတဲ့ အဲဒီကလေးရဲ့ မိဘများဟာလည်း သူတစ်ပါးက သတ်ဖြတ်ရာမှာ ဝမ်းမြောက်သဘောတူခဲ့တဲ့အတွက် စိတ်ဆင်းရဲဒုက္ခကို ခံစားရကြောင်းကို ဟောထားတဲ့တရားတော် ရှိပါတယ်။

http://www.dhammadownload.com

သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်ရာမှာ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယामိ-သတ္တဝါကို သတ်ခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏လို့ ဆောက်တည်ဆဲမှာ သီလကုသိုလ်စေတနာ ဖြစ်တယ်။ သတ်စရာ အကြောင်းရှိတဲ့အခါ မသတ်ဘဲ ကြဉ်ရှောင်တာက ဝိရတီကုသိုလ် ဖြစ်တယ်။ အဲဒီဝိရတီဟာ မူလက မဆောက်တည်ဘဲ ကြဉ်ရှောင်တာဖြစ်ရင် သမ္မတ္တဝိရတီခေါ်တယ်။ ဆောက်တည်ထားတဲ့အတိုင်း ကြဉ်ရှောင်ရင် သမာဒါနဝိရတီခေါ်တယ်။ သောတာပတ္တိမဂ်ခဏမှာပါဝင်တဲ့ ဝိရတီကတော့ သမုစ္ဆေဒဝိရတီခေါ်တယ်။ အဲဒီသုံးပါးထဲမှာ သမုစ္ဆေဒဝိရတီက ကာယက်, ဝစီက် ဒုစရိုက်ဟူသမျှကို အမြစ် ပြတ်ကင်းငြိမ်းစေတယ်။ အပါယ်လေးပါးမှာလည်း အစဉ်ထာဝရကင်းလွတ်စေတယ်။ သမ္မတ္တဝိရတီ, သမာဒါနဝိရတီနဲ့ သမာဒါနကုသိုလ်စေတနာများကတော့ သုဂတိသို့ ရောက်စေတယ်။ အသက်ရှည်စေတတ်တယ်။ "မသတ် အသက်ရှည်" လို့ ဒီဆောင်ပုဒ်အရဆိုတာဟာ အဲဒီသမ္မတ္တသမာဒါနဝိရတီနဲ့ သမာဒါနကုသိုလ်တို့၏ အစွမ်းသတ္တိအကျိုးကို ပြောတာပဲ။ ပထမမေးခွန်း အဖြေကတော့ နားလည်လောက်ပါပြီ။ ဒုတိယ မေးခွန်း၏အဖြေကို ဟောရမယ်။

အနာများခြင်း, ကျန်းမာခြင်း၏ အကြောင်းက်

(၂-က)မာဏဝ-သုဘလုလင်၊ ကွမ-ဤလောကၦ၊ ဧကစ္စော ကွတ္ထိ ဝါ ပုရိသော ဝါ-မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ၊ အချို့သော

http://www.dhammadownload.com

အဲဒီ ပူတိဂတ္တတိဿထေရ်ဟာ ကဿပဘုရားလက်ထက်တော်တုန်းက ဌက်မုဆိုးဖြစ်ခဲ့တယ်။ ဌက်တွေကို ခြေတို့, အတောင်တို့ကို ချိုးပြီးစုထားတယ်။ နောက်တစ်နေ့ကျတော့မှ အဲဒီဌက်တွေကို ရောင်းစားတယ်။ မိမိအတွက်လည်း ချက်စားတယ်။ အဲဒီလို ညှဉ်းဆဲခဲ့တဲ့အကုသိုလ်ကံကြောင့် အဖုအလုံးအနာရောဂါ အကြီးအကျယ်ဖြစ်ပြီး တစ်ကိုယ်လုံးပုပ်ရပါသတဲ့။ အဲဒီဘဝတုန်းကပင် ရဟန္တာ မထေရ်တစ်ပါး ဆွမ်းခံကြွလာရာမှာ ဌက်သားဟင်းနှင့် ဆွမ်းကို ကပ်လှူပြီး မဂ်ဖိုလ်ကိုရရန် ဆုမွန်ကောင်းတောင်းခဲ့တဲ့အတွက် ရဟန္တာလဲဖြစ်ရပါသတဲ့။

ဒီပူတိဂတ္တတိဿမထေရ်ဝတ္ထုဖြင့် သူတစ်ပါးကို ညှဉ်းဆဲရင် အနာရောဂါများတတ်ကြောင်း သိရတယ်။ အဲဒီအနက်ကို "ညှဉ်းဆဲသူကား အနာများ"လို့ ဆောင်ပုဒ်တစ်ပိုင်း စီထားတယ်။ ညှဉ်းဆဲခြင်းမှ ကြဉ်ရှောင်ရင် ကျန်းမာတယ်။ အဲဒီအနက်ကို ဒီလို အတိုချုပ်ဟောထားတယ်။

(၂-ခ) အပ္ပါဗာဓသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ သတ္တာနံ အဝိဟေဌကဇာတိကော ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊ သတ္တာနံ-သတ္တဝါတို့ကို၊ အဝိဟေဌကဇာတိကော-မညှဉ်းဆဲတတ်သော သဘောရှိသည်၊ ဟောတိ-ဖြစ်၏။ တဿ-ထိုသူ၏။ ဧသာ ပဋိပဒါ-သတ္တဝါတို့ကို မညှဉ်းဆဲသော ဤအကျင့်သည်၊ အပ္ပာဗာဓသံဝတ္တနိကာ-အနာနည်းခြင်း, ကျန်းမာခြင်းကို ဖြစ်စေတတ်

http://www.dhammadownload.com

သည်တဲ့။

အဲဒီအနက်ကို ဆောင်ပုဒ်မှာ "သနားကျန်းမာသည်"လို့ နောက်ပိုင်းအဖြစ် စီထားတယ်။ အဲဒီမှာ သနားရင် ကျန်းမာတာတော်တယ်လို့ ဆိုခြင်းဖြင့် မည့်ဉီးဆဲရင် ကျန်းမာတတ်တယ်ဆိုတဲ့ အနက်ကို သိစေပါတယ်။ သနားတယ်ဆိုရင် မည့်ဉီးဆဲတတ်ဘူးဆိုတာ ထင်ရှားပါတယ်။ အဲဒီဆောင်ပုဒ်နောက်ပိုင်းကို ရှေ့ပိုင်းနဲ့ဆက်စပ်ပြီး ဆိုကြရမယ်။

(၂) ညှဉ်းဆဲသူကား၊ အနာများ၊ သနားကျန်းမာသည်။

မသနားမညှာတာဘဲ သူတစ်ပါးကို ညှဉ်းဆဲတဲ့သူမှာ အနာရောဂါများတတ်တယ်။ ယခုအနာရောဂါများပြီး မကျန်းမာတဲ့သူတွေဟာ ညှဉ်းဆဲဖူးခဲ့လို့ပဲလို့ မှတ်ယူရမယ်။ သူတစ်ပါးကို သနားညှာတာသောအားဖြင့် မည့်ဉီးဆဲတဲ့သူဟာ အနာရောဂါ နည်းပါးပြီး ကျန်းမာတတ်တယ်။ ယခု အနာရောဂါ နည်းပါးပြီး ကျန်းမာမှုများနေတဲ့သူတွေဟာ ညှဉ်းဆဲမှုကင်းခဲ့လို့ပဲလို့ မှတ်ယူရမယ်။ ယခုတတိယမေးခွန်း၏ အဖြေကို ဟောရမယ်။ ပါဠိတော့ အတိုချုပ်ပဲ ပြရမယ်။

အရုပ်ဆိုးခြင်း, အဆင်းလှခြင်း၏ အကြောင်းကံ

(၃-က) ဒေါသကြီး၍ အမျက်ထွက်ပြီး ဒေါသအလျောက် ပြုမူလျှင် အပါယ်ဂရဲသို့ ကျရောက်တတ်သည်။ လူ့ဘဝရောက်လာလျှင်လည်း အဆင်းမလှ အရုပ်ဆိုးတတ်သည်။ အဲဒီအနက်ကို ဒီလို

http://www.dhammadownload.com

အကျဉ်းချုပ်ဟောထားပါတယ်။

ဒုဗ္ဗဏ္ဏသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ကောဓနော ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ ယော အယံ-အကြင်သူသည်၊ ကောဓနော-အမျက်ဒေါသကြီးသည်၊ ဟောတိ-ဖြစ်၏၊ တဿ-ထိုသူ၏။ ဧသာ ပဋိပဒါ-အမျက်ဒေါသကြီးသော ဤအကျင့်သည်၊ ဒုဗ္ဗဏ္ဏသံဝတ္တနိကာ-အဆင်းမလှခြင်း, အရုပ်ဆိုးခြင်းကို ဖြစ်စေတတ်သည်-တဲ့။

အမျက်ထွက် စိတ်ဆိုးရင် ချက်ချင်းပင် မျက်နှာအနေအထားတွေပျက်ပြီး အရုပ်ဆိုးသွားတော့တာပဲ။ နောင်ဘဝသံသရာ၌ လူဘဝပြန်ဖြစ်ရင် အရုပ်ဆိုးတတ်တယ်တဲ့။ အဲဒါကို "ဒေါသမီးလျှံ အကျည်းတန်"လို့ ဆောင်ပုဒ်ရှေ့ပိုင်းအဖြစ် စီထားတယ်။ သူတစ်ပါးက မခံသာအောင်ပြောပေမယ့် စိတ်မဆိုးဘဲ သည်းခံနေရင်တော့ နောင်ဘဝမှာ နတ်ရွာသုဂတိလည်းရောက်တတ်တယ်။ လူဘဝရောက်လာပြန်ရင်လည်း ရုပ်အဆင်း လှပတင့်တယ်တတ်တယ်တဲ့။ အဲဒါကိုလည်း ဒီလိုအကျဉ်းချုပ်ဟောထားပါတယ်။

(၃-ခ) ပါသာဒိက သံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ အက္ကောဓနော ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊ အက္ကောဓနော-အမျက်မထွက်ဘဲ သည်းခံတတ်သည်၊ ဟောတိ-ဖြစ်၏၊ တဿ-ထိုသူ၏၊ ဧသာ ပဋိပဒါ-အမျက်မထွက်ဘဲ သည်း

http://www.dhammadownload.com

ခံတတ်သော ဤအကျင့်သည်၊ ပါသာဒိက သံဝတ္ထနိကာ-ကြည်ညိုဖွယ်လှပခြင်းကို ဖြစ်စေတတ်သည်တဲ့။ အဲဒါကို "သည်းခံ လှပသည်" ဟု ဆောင်ပုဒ်စီထားသည်။ အဲဒါကို ရှေ့ပိုင်းနဲ့ဆက်စပ်ပြီး ဆိုကြရမယ်။

ဒေါသမီးလျှံ၊ အကျဉ်းတန်၊ သည်းခံလှပသည်။

အဲဒီတော့ ရုပ်ရေအဆင်းလှပချင်ရင် စိတ်မဆိုးဘဲ သည်းခံနေနိုင်အောင် ကြိုးစားလေ့ကျင့်ဖို့ရှိတာပဲ။ ယခု စတုတ္ထမေးခွန်း၏ အဖြေကို ဟောဖို့ အလှည့်ရောက်လာပြီ၊ အဲဒီအဖြေပါဠိအနက်ကိုတော့ ဆဋ္ဌမပိုင်း (နှာ-၃၃၅)မှာ ပြခဲ့ပါပြီ။ ဒါကြောင့် ဒီနေရာမှာ အစီအစဉ်ပြည့်ရုံမျှအတွက် ဆောင်ပုဒ်လောက်ဆိုရင် တော်လောက်ပါပြီဆိုကြရမယ်။

အခြွေအရံ နည်းခြင်း, များခြင်း၏ အကြောင်းကံ

(၄) မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။

သူတစ်ပါး ကောင်းစားချမ်းသာတာ, ကြီးပွားတာကို မနာလိုရင် အပါယ်ငရဲလည်း ကျရောက်တတ်တယ်။ လူ့ဘဝရောက်လာရင်လဲ အခြွေအရံနည်းပါးတတ်ပါတယ်။ မနာလိုခြင်းမရှိဘဲ ကြည်သာဝမ်းမြောက်မှု-မုဒိတာကိုဖြစ်စေတဲ့သူကတော့ နတ်ရွာသုဂတိလည်း ရောက်တတ်တယ်။ လူ့ဘဝရောက်လာပြန်ရင်လည်း အခြွေအရံများတတ်တယ်တဲ့။ ယခု ပဉ္စမမေးခွန်း၏ အဖြေကို ဟောရမယ်။

http://www.dhammadownload.com

ဆင်းရဲနွမ်းပါးခြင်း, ပေါ်များကြွယ်ဝခြင်း၏ အကြောင်းကံ

(၅-က) ထမင်း,နို့,အဖျော်, အဝတ်, ယာဉ်, ပန်းနံ့သာ, နံ့သာ ပျောင်း, အိပ်ရာ, အဆောက်အအုံ, ဆီမီးဆိုတဲ့ ဒါနဝတ္ထု ၁၀-ပါး ကို ရဟန်းသူမြတ်တို့အား ပေးလှူခြင်း မရှိရင်၊ သူများပေးလှူ သည်ကို နှောင့်ယှက်တားမြစ်ရင် အပါယ်ဝရဲလဲကျရောက်တတ် တယ်။ လူ့ဘဝရောက်ပြန်ရင်လည်း ဥစ္စာမရှိဘဲ ဆင်းရဲနွမ်းပါး တတ်တယ်။ အဲဒီအနက်ကို ဒီလိုအကျဉ်းချုပ်ဟောထားပါတယ်။

အပ္ပဘောဂသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ
န ဒါတာ ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊ န ဒါတာ-မပေးမလှူတတ်သည်၊ ဟောတိ-ဖြစ်၏၊ တဿ-ထိုသူ၏၊ ဧသာ ပဋိပဒါ-မပေးမလှူတတ်သော ဤအကျင့်သည်၊ အပ္ပဘောဂ သံဝတ္တနိကာ-ပစ္စည်းဥစ္စာနည်းပါးခြင်း, ဆင်းရဲနွမ်းပါးခြင်းကို ဖြစ် စေတတ်သည်တဲ့၊ အဲဒါကို "မပေးလှူက မွဲပြာကျ"လို့ ဆောင်ပုဒ် တစ်ပိုင်းစီထားတယ်။ ပေးလှူရင် နတ်ရွာသုဂတိ ရောက်တတ် တယ်။ လူ့ဘဝရောက်လာပြန်ရင်လည်း ပေါ်များကြွယ်ဝတတ် တယ်။ အဲဒါကိုလည်း ဒီလို အကျဉ်းချုပ်ဟောထားပါတယ်။

(၅-ခ) မဟာဘောဂသံဝတ္တနိကာ ဧသာ မာဏဝ
ပဋိပဒါ ယဒိဒံ ဒါတာ ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊

http://www.dhammadownload.com

ဒါတာ-ပေးလှူတတ်သည်၊ ဟောတိ-ဖြစ်၏။ တဿ-ထိုသူ၏။ ဧသော ပဋ္ဌိပဒါ-ပေးလှူတတ်သော ဤအကျင့်သည်၊ မဟာဘောဂသံဝတ္တနိကာ-ပစ္စည်းဥစ္စာပေါများ ကြွယ်ဝခြင်းကို ဖြစ်စေတတ်သည်တဲ့။ အဲဒါကို "လှူမှု ပေါကြွယ်သည်"လို့ ဆောင်ပုဒ်နောက်ပိုင်းအဖြစ် စီထားတယ်။ အဲဒါကို ရှေ့ပိုင်းနဲ့ဆက်စပ်ပြီး ဆိုကြရမယ်။

(၅) မပေးလှူက မွဲပြာကျ၊ လှူမှု ပေါကြွယ်သည်။

ဒါကတော့ ဒါနကထာ အနုမောဒနာတရားတွေကို မကြာခဏ ကြားနေကြရလို့ ထင်ရှားနေပါပြီ။ ဒါပေမယ့် မပေး မလှူရင် မွဲပြာကျတတ်တယ်ဆိုတဲ့ စကားအရ အာနန္ဒသူဌေးကြီးဝတ္ထုကို ထုတ်ပြရဦးမယ်။

အာနန္ဒသူဌေးကြီး ဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်တုန်းက သာဝတ္ထိမြို့မှာ အာနန္ဒဆိုတဲ့ သူဌေးကြီး ရှိခဲ့တယ်။ ကုဋေ ၄၀-ပေါများကြွယ်ဝတယ်။ အလွန်ဝန်တို နှမြောတတ်တယ်။ သူက ၁၅-ရက်တစ်ကြိမ် ဆွေမျိုးတွေကို စည်းဝေးစေပြီး သူ့သားဖြစ်သူ မူလသိရီကို ဒီလို ဩဝါဒပေးခဲ့ပါသတဲ့။ ငါတို့မှာ ရှိနေတဲ့ ကုဋေလေးဆယ်ကို များလှပြီလို့ မထင်မှတ်နဲ့။ ရှိဆဲဥစ္စာကို မပေးကမ်းရဘူး။ ဥစ္စာအသစ်ကို သာ ဖြစ်စေရမယ်။ တစ်ကျပ်တစ်ကျပ်ကိုတောင် ပေးကမ်းရင် ကုန်သွားတာပဲ။ ဒါကြောင့် -

အဠနာနံ ခယံ ဒိသ္မာ၊ ဥပစိကာနံ သဠယံ။
မဠုနဠ သမာဟာရံ၊ ပဏ္ဍိတော ယရမာဝသေ။

http://www.dhammadownload.com

ဒီဂါထာကတော့- (၃၄၆)မှာ ပြခဲ့တဲ့ တောဒေယျ၏ သြဝါဒ ဂါထာနဲ့ အတူတူပါပဲ။ ဝမ္မိကာနံ-တောင်ပို့တို့၏-လို့ ရှိခဲ့ရာမှာ ဥပစိကာနံ-ခြကောင်တို့၏-လို့ ရှိတာပဲ ကွဲပါတယ်။ အဲဒီမှာ ဥပစိကာနံ-ခြကောင်တို့၏။ သဠယံ-ဆောင်ယူလာသည့် မြေမှုန့်အစုကို-လို့ အနက်ပြန်ရုံပါပဲ။ အဲဒီလို သြဝါဒပေးပြီးနောက် အခါတစ်ပါးကျတော့ သေဆုံးသွားတယ်။ ရွှေငွေအိုး ငါးလုံးမြှုပ်နှံထားခဲ့တာကို သူ့သားအား မပြောကြားခဲ့ဘူး။ အဲဒီလို သေသွားပြီးတဲ့ အခါ မြို့၏တံခါးတစ်ခုအနီးက ဒွန်းစက္ကားမတစ်ဦး၏ဝမ်းမှာ ပဋိသန္ဓေနေရပါသတဲ့။ အဲဒီရွာက အိမ်ခြေတစ်ထောင်ရှိတယ်။ အာနန္ဒ သူဌေး ပဋိသန္ဓေနေတဲ့အခါမှစပြီး အဲဒီရွာကလူတွေမှာ စားဝတ်နေရေးအတွက် အလုပ်အကိုင် အဆင်မပြေဘဲ ရှိနေပါသတဲ့။ နေ၀ သတိ လဘတိ-လုပ်ခကိုလည်း အခါတိုင်းလိုမရဘူးတဲ့။ နယာပနာမတ္တ တော ပရံ ဘတ္တပိဏ္ဍမ္မိ-မျှတနိုင်ရုံထက် အပိုအလွန်ထမင်းကို မရဘူးတဲ့။ ဒါကြောင့် အဲဒီရွာသားတွေက စဉ်းစားကြတယ်။ ငါတို့ရွာမှာ ကာလကဏ္ဏီခေါ် သူယုတ်မာရှိနေဟန်တူတယ်။ နှစ်ပိုင်းခွဲကြစို့ဆိုပြီး ရွာကိုခွဲလိုက်ကြတယ်။ အာနန္ဒသူဌေး၏မိခင်ပါတဲ့ဘက်မှာ လူတွေက ဆင်းရဲမြဲ ဆင်းရဲနေကြသတဲ့။ ဒါကြောင့် အဲဒီအပိုင်းကလည်း ထပ်ပြီးခွဲပြန်တယ်။ ဒီပုံ ဒီနည်းဖြင့် ထပ်ထပ်ပြီးခွဲလိုက်ကြတာ နောက်ဆုံးကျတော့ အာနန္ဒ သူဌေးမိခင်တစ်ဦးတည်း ဆင်းရဲဒုက္ခရောက်တဲ့အပိုင်း ဖြစ်သွားသတဲ့။ ဒါပေမယ့် မိခင်ဖြစ်သူမှာတော့ ဆင်းဆင်းရဲရဲနဲ့ ကြိတ်မှိတ်

http://www.dhammadownload.com

ပြီး သည်းခံနေရတယ်။ သူ့ကိုမွေးပြီးတဲ့နောက်လည်း ဆင်းဆင်းရဲရဲနဲ့ ကလေးကို မွေးမြူရပါသတဲ့။

နောက်ဆုံးခွက်လက်စွဲပြီး တောင်းစားနိုင်လောက်တဲ့ အရွယ်ရောက်တော့ မိခင်ကလည်း သည်းမခံနိုင်တော့ဘူး။ အဲဒီသားငယ်အား တောင်းစားဖို့ ခွက်တစ်ခုပေးပြီး စွန့်လွှတ်လိုက်ပါသတဲ့။ အဲဒီအခါ အာနန္ဒသူဌေးက ဖြစ်လာတဲ့ သူငယ်ကလေးဟာ အိမ်စဉ်လှည့်ပြီး တောင်းရမ်းနေရင်း ရှေးဘဝက သူနေခဲ့တဲ့အိမ်ကို ရောက်သွားတယ်။ ရှေးဘဝကအကြောင်းအရာတွေကို မှတ်မိတဲ့ ဇာတိသရဉာဏ်ရတာနဲ့ ငါ့အိမ်ပဲ ဆိုတဲ့အနေနဲ့ အဲဒီသူငယ်ကလေးက တံခါးပေါက်က ဝင်သွားတယ်။ မူလသိရီနဲ့ သားတွေက သူ့ကိုမြင်တော့ ကြောက်လန့်ပြီး ငိုကြသတဲ့။ ကြောက်လန့်ခြင်း၏, အကြောင်းကတော့ အဲဒီသူငယ်ကလေးရဲ့ လက်တို့, ခြေတို့, နား,နှာခေါင်းတို့, ပါးစပ်,မျက်နှာတို့ တည်နေပုံက အချိုးမကျဘူး။ တစ္ဆေရုပ်ပုံမျိုးဖြစ်နေပါသတဲ့။

အဲဒီ ငိုကြတဲ့ကလေးတွေဆိုတာလည်း တခြားသူတွေ မဟုတ်ပါဘူး။ မူလသိရီ၏ သားတွေဆိုတော့ အာနန္ဒသူငယ်၏ မြေးတွေပေါ့။ အဲဒီလို ကလေးတွေငိုတဲ့အခါ ကလေးထိန်းက ကြည့်လိုက်တော့ အဲဒီ အလွန်အရုပ်ဆိုးတဲ့ အာနန္ဒသူငယ်ကို တွေ့ကြတယ်။ အဲဒီတော့ "ဟဲ့-သူယုတ်မာ ထွက်သွားဟဲ့" ဆိုပြီးတော့ ရိုက်နှက်ပြီး အမှိုက်ပုံမှာ တင်ထားကြသတဲ့။ အမှိုက်လိုသဘောထားကြတာပေါ့။ အဲဒီအခါ မြတ်စွာဘုရားက နောက်ပါ

http://www.dhammadownload.com

အရှင်အာနန္ဒာနှင့်တကွ ဆွမ်းခံကြွတော်မူရင်း အဲဒီနေရာ ရောက်သွားတော်မူတယ်။ အရှင်အာနန္ဒာက မေးလျှောက်လို့ မြတ်စွာဘုရားက အကြောင်းအရာအလုံးစုံကို မိန့်ကြားတော်မူတယ်။

အဲဒီတော့ အရှင်အာနန္ဒာက မူလသိရိကို ခေါ်စေတယ်။ လူအများကလည်း အဲဒီနေရာမှာ လာရောက်စုဝေးနေကြတယ်။ မြတ်စွာဘုရားက မူလသိရိကို "ဒီကလေး သိရဲ့လား"လို့ မေးတော်မူတယ်။ 'မသိပါ'လို့ လျှောက်တယ်။ သင့်ဖခင် အာနန္ဒသူဌေးပဲလို့ မိန့်ကြားတော်မူတယ်။ မူလသိရိက မယုံဘူးလို့ဆိုတယ်။ ဒီတော့ မြတ်စွာဘုရားက "ဟဲ့-အာနန္ဒသူဌေး၊ သင့်မြေပ်နှံသိမ်းဆည်းထားတဲ့ ရွှေအိုးကြီးငါးလုံးကို ပြောလိုက်"လို့ မိန့်တော်မူတယ်။ အဲဒီသူငယ်က ရွှေငွေအိုးတွေမြေပ်ထားတဲ့နေရာ ပြပေးလို့ အဲဒီရတနာအိုးတွေ တူးဖော်ရရှိတဲ့အခါ မူလသိရိဟာ မြတ်စွာဘုရားကိုကြည်ညိုသဒ္ဓါဖြစ်ပြီးတော့ သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်လာပါသတဲ့။ အဲဒီအခါ မြတ်စွာဘုရားက ဂါထာတစ်ပုဒ်တရားကို ခုလိုဟောကြားတော်မူပါတယ်။

ပုတ္တာ မတ္ထိ ဓနမ္မတ္ထိ၊
ဣတိ ဗာလော ဝိဟညတိ။
အတ္တာ ဟိ အတ္တနော နတ္ထိ။
ကုတော ပုတ္တာ ကုတော ဓနံ။

မေ-ငါ့မှာ၊ ပုတ္တာ အတ္ထိ-သားသမီးတွေရှိကြသည်။ မေ-ငါမှာ၊ ဓနံ အတ္ထိ-ရွှေငွေစသော ဥစ္စာရှိသည်။ ဣတိ-ဤသို့ ထင်မှတ်

http://www.dhammadownload.com

လျက်၊ ဗာလော-သံသရာအရေးကို မျှော်တွေးမြင်သိတဲ့ ပညာမရှိသော လူမိုက်သည်၊ ဝိဟညတိ-သားသမီးဥစ္စာတို့နှင့်စပ်၍ ပင်ပန်းလျက်ရှိချေသည်။

သားသမီးတွေ ဥစ္စာတွေဟာ မိမိကိုယ်ပိုင် တကယ်အားကိုးရာတွေပဲလို့ထင်ပြီး အဲဒါတွေနဲ့စပ်ပြီး ပူပန်ကြောင့်ကြနေကြတယ်။ ပျက်စီးခဲ့ဖူးတာရှိရင်လည်း စိုးရိမ်ပူဆွေးနေတယ်။ ပျက်စီးမည့် အရေးကိုတွေးပြီးတော့ ပူပန်ကြောင့်ကြနေတယ်။ ပျက်စီးနေဆဲ အတွက် ကိုယ်စိတ်ဆင်းရဲတာကိုတော့ အထူးပြောစရာ မလိုပါဘူး။ မရသေးတဲ့စီးပွားဥစ္စာတွေကို ရအောင် အားထုတ်လုပ်ကိုင်ပြီးတော့ ပင်ပန်းနေရတယ်။ သားသမီးတွေ ကျွေးမွေးပြုစုရတဲ့ အတွက်လဲ ပင်ပန်းဆင်းရဲနေရတယ်လို့လဲ ဆိုလိုပါတယ်။ ဒါပေမယ့် -

အတ္တာ ဟိ-မိမိကိုယ်သည်ပင်၊ အတ္တနာ-မိမိမှာ၊ နတ္ထိ-တကယ်အားကိုးရာ အဖြစ်ဖြင့် မရှိချေ။ သေရတော့မယ်ဆိုတဲ့ အခါမျိုးကျတော့ မိမိကိုယ်တောင်မှ အားမကိုးရဘူးလို့ဆိုလိုပါတယ်။ သေပြီးတဲ့အခါလည်း အပါယ်မကျရအောင်၊ မဆင်းရဲ၊မနွမ်းပါးရအောင်၊ မိမိကိုယ်တောင်မှ အားမကိုးရဘူးလို့ ဆိုပါတယ်။ ပုတ္တာ-သားသမီးတို့သည်၊ ကုတော-တကယ်အားကိုးရာအနေဖြင့် ရှိသည်ဟု အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း၊ ကုတော ဓနံ-တကယ်အားကိုးရာ ဥစ္စာရှိသည်ဟု အဘယ်မှာဆိုဖွယ်ရာ ရှိအံ့နည်း။

ယခုပြောခဲ့တဲ့ အာနန္ဒသူဌေးကြီးဟာ သေသည်နဲ့တစ်ပြိုင်နက် ဆင်းရဲဒုက္ခရောက်သွားရရှာတယ်။ ပေးလှူမှု ဒါနကုသိုလ်ကို

http://www.dhammadownload.com

အားမကိုးဘဲ သားနှင့်ပစ္စည်းကိုသာ အားကိုးမိတဲ့အတွက် အတိဒုက္ခ ရောက်သွားရရှာတာပဲ။ ပေးလျှုလို့ ချမ်းသာကြွယ်ဝတဲ့အကြောင်း တွေကတော့ များစွာရှိပါတယ်။ ရာဇဂြိုဟ်မြို့က ဂ္ဂန္ဓကဆိုတဲ့လူဟာ အရှင်အနုရုဒ္ဓါမထေရ်အား ဆွမ်းတစ်ဇွန်းပေးလျှုတာနဲ့ နတ်ပြည် ရောက်ပြီး ဘုန်းတန်ခိုးကြီးတဲ့နတ် ဖြစ်ရတယ်။ အဲဒါကို ခဏခဏ ပြောနေကြပါပဲ။ ဒါကြောင့် "မပေးလျှုက၊ မွဲပြာကျ၊ လျှုမှ ပေါ်ကြွယ်သည်"ဆိုတဲ့ ဒီတရားဟာ သိလည်းသိထားဖို့၊ သိပြီးတော့ ကျင့်လည်းကျင့်ဖို့ အလွန်ပင်အရေးကြီးပါတယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူပြည်သားတွေကတော့ ပေးလျှုတဲ့ကိစ္စမှာ လိုတာမရှိပါဘူး။ အများအားဖြင့် ပြည့်စုံနေကြတာချည်းပါပဲ။

အမျိုးယုတ်, အမျိုးမြတ်ဖြစ်ခြင်းတို့၏ အကြောင်းက်

(၆-က) ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ရှိခိုးထိုက်သူကို ရှိမခိုးရင် ရှိသေထိုက်သူကို မရှိသေရင် အပါယ်ငရဲကျရောက်တတ်တယ်။ လူ့ဘဝရောက်လာလျှင်လည်း ယုတ်ညံ့တဲ့အမျိုးမှာ ဖြစ်တတ်တယ်။ အဲဒီအနက်ကို ဒီလိုအကျဉ်းချုပ်ဟောထားပါတယ်။

နိစကုလီနသံဝတ္တနိကာ ဧသော မာဏဝ ပဋ္ဌိပဒါ
ယဒိဒံ ထဒ္ဓေါ ဟောတိ အတိမာနီ အဘိဝါဒေတဗ္ဗံ နမ
အဘိဝါဒေတိ-စသည်။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊ ထဒ္ဓေါ-မရှိသေ, မကိုင်းညွှတ်နိုင်လောက်အောင်လည်း မာနဖြင့်

http://www.dhammadownload.com

တောင့် မာလျက်ရှိသည်။ အတိမာနီ-မိမိကိုယ်ကို အထင်ကြီးလျက် သူတစ်ပါးကို အထင်သေးသည်၊ ဟောတိ-ဖြစ်၏။ အဘိဝါဒေတဗ္ဗ-ရှိခိုးထိုက်သောသူကို၊ နဲ အဘိဝါဒေတိ-ရှိမခိုးချေ။ (နေရာမှထ၍ အရိုအသေပြုသင့်သည်ကို အရိုအသေမပြု၊ နေရာဖယ်ပေးသင့်သူကို နေရာဖယ်မပေး၊ ရိုသေထိုက်သူကို မရိုသေ၊ အလေးပြုသင့်သူကို အလေးမပြု၊ မြတ်နိုးသင့်သူကို မမြတ်နိုး၊ ပူဇော်သင့်သူကို မပူဇော်)၊ တဿ-ထိုသူ၏၊ ဧသာ ပဋိပဒါ-မရိုသေ,မကိုင်းညွှတ်နိုင်အောင် မာန်ထောင်တောင့်တင်းသော ဤအကျင့်သည်၊ နီစကုလီနသံဝတ္တနိကာ-အမျိုးယုတ်, အမျိုးညံ့၌ ဖြစ်ခြင်းကို ဖြစ်စေတတ်သည်တဲ့။ ရှိခိုးထိုက်, ရိုသေထိုက်သူဆိုတာ မိဘ စသည့်အသက်ကြီးသောသူ, သီလ စသည်နှင့် ပြည့်စုံသော ရှင်ရဟန်း စသောသူတို့ပင် ဖြစ်တယ်။ အသက်ကြီးတဲ့ မိဘဘိုးဘွား စသည်ကို ရှိခိုးသင့် ရှိခိုးထိုက်တယ်။ ရှိမခိုးတောင် အရိုအသေတော့ ပြုထိုက်တာပဲ။ မိမိထက် သီလ စသည် ပြည့်စုံတဲ့ ရှင်ရဟန်း စသည်ကို ရှိခိုးထိုက်တယ်။ ဘုရား စစ် ဘုရားမှန်, သံဃာအစစ်အမှန်တို့ကို ရှိခိုးထိုက်တယ်။ ရိုသေ ထိုက်တယ်။ အဲဒီရှိခိုးထိုက်, ရိုသေထိုက်သူတွေကို မာနဖြင့် မရိုမသေပြုလျှင် ငရဲလည်းကျတတ်တယ်။ လူဖြစ်လာရင်လည်း အမျိုးယုတ်, အမျိုးညံ့ထဲမှာ ဖြစ်ရတတ်တယ်တဲ့။ အဲဒါကို "မရိုမသေ မျိုးယုတ်ချေ"လို့ ဆောင်ပုဒ်တစ်စိတ် စီထားတယ်။

(၆-ခ) မာန်မာနမထားဘဲ ရှိခိုးထိုက်သူကို ရှိခိုးရင်, ရိုသေထိုက်သူကို ရိုသေရင် နတ်ရွာသုဂတိရောက်တယ်။ လူဖြစ်လာရင်

http://www.dhammadownload.com

လည်း အမျိုးမြတ်ထဲ၌ ဖြစ်ရတယ်။ အဲဒါကိုလည်း ဒီလိုအကျဉ်းချုပ် ဟောထားပါတယ်။

ဥစ္စာကုလီနသံဝတ္တနိကာ ဃော မာဏဝ ပဋ္ဌိပဒါ
ယဒိဒံ အတ္ထဒ္ဓေါ ဟောတိ အနတိမာနီ အဘိဝါဒေတဗ္ဗံ န
အဘိဝါဒေဟိ-စသည်။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊ အတ္ထဒ္ဓေါ-မာနဖြင့် မတောင့်တင်းဘဲ နူးညံ့ပျော့ပျောင်းသည်၊ အနတိမာနီ-မိမိကိုယ်ကို အလွန်အထင်မကြီးသည်၊ ဟောတိ-ဖြစ်၏၊ အဘိဝါဒေတဗ္ဗံ အဘိဝါဒေတိ-ရှိခိုးထိုက်သူကို ရှိခိုး၏၊ (နေရာမှထပေးခြင်း, ရိုသေခြင်းစသည်ကို ပြု၏)၊ တဿ-ထိုသူ၏၊ ဃော ပဋ္ဌိပဒါ-မာန်မာန မကြီးဘဲ ရှိခိုးခြင်း စသည်ကို ပြုသော ဤ အကျင့်သည်၊ ဥစ္စာကုလီနသံဝတ္တနိကာ-အမျိုးမြတ်ထဲ၌ ဖြစ်ခြင်းကို ဖြစ်စေတတ်သည်တဲ့။ အဲဒါကိုလည်း "ရိုသေ မျိုးမြတ်သည်"လို့ နောက် ပိုင်းဆောင်ပုဒ်အဖြစ် စီထားတယ်။ အဲဒါကို ရှေ့ပိုင်းနဲ့ဆက်စပ်ပြီး ဆိုကြရမယ်။

(၆) မရိုမသေ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်။

ဒီထိအောင် အကျိုးပေးကွဲပြားပုံ ခြောက်မျိုးဟာ ဆင်းရဲချမ်းသာအနေဖြင့် အထူးထင်ရှားတယ်။ အသက်တိုရင်, အနာများရင်, အရုပ်ဆိုးရင်, အခြွေအရံ နည်းရင်, ပစ္စည်းမရှိရင်, အမျိုးယုတ်ညံ့ရင် ဆင်းရဲတာပဲ။ အသက်ရှည်ရင်, အနာကင်းရင်, အဆင်းလှရင်, အခြွေအရံ များရင်, ပေါများကြွယ်ဝရင်, အမျိုးမြတ်ရင် ချမ်း

http://www.dhammadownload.com

သာတယ်လို့ ဆိုရတာပဲ။ ဒါကြောင့် ချမ်းသာကြပါစေ။ ဆင်းရဲမှုလွတ်မြောက်ကြပါစေ။ မဆုတ်ယုတ်ဘဲ ချမ်းသာမြဲ ချမ်းသာကြပါစေလို့ မေတ္တာ, ကရုဏာ, မုဒိတာကို ပွားစေတာဟာ ဒီ ၆-မျိုးနဲ့ပိုပြီးဆိုင်တာပါပဲ။ ထို့အတူပင် ကမ္မသကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်လို့ ဥပေက္ခာကို ပွားစေတာလည်း ဒီ၆-မျိုးနဲ့ ပိုပြီးဆိုင်တာပါပဲ။ ဆိုင်ပုံကတော့ ချမ်းသာကြပါစေ. . . စသည်ဖြင့် မေတ္တာ, ကရုဏာ, မုဒိတာကို ပွားစေခြင်းကြောင့် သတ္တဝါတွေမှာ အသက်ရှည်ခြင်း, အနာကင်းခြင်းစသော အကျိုးကို လိုသလောက် မပြီးစေနိုင်ဘူး။ အသက်ရှည်စေတတ်သောကံ, ကျန်းမာစေတတ် သောကံ စသည် ရှိမှသာလျှင် လိုသလောက် ပြည့်စုံနိုင်တယ်။ ဒါကြောင့် ကမ္မသကာ -ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်လို့ နှလုံးသွင်းရတဲ့ ဥပေက္ခာနှင့် ဒီ ၆-မျိုး ပိုပြီးဆိုင်တယ်။ ပိုပြီးဆိုင်တဲ့အတွက် ဒီနေရာမှာ မေတ္တာစသည်ကို ရွတ်ဆိုပွားများပြီတော့ ဥပေက္ခာကိုလဲ ရွတ်ဆို ပွားများကြရမယ်။

အားလုံးသတ္တဝါတွေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

အားလုံးသတ္တဝါတွေ ဆင်းရဲမှုလွတ်မြောက်ကြပါစေ၊ လွတ်မြောက်ကြပါစေ။

အားလုံးသတ္တဝါတွေ ရရှိပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ဘဲ ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

http://www.dhammadownload.com

ဥပေက္ခာ ၁၃၂-ပါး ပွားပုံ

အားလုံးသတ္တဝါတွေ ကမ္မသကာ-ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိကြသည်။ ကံအားလျော်စွာ ဖြစ်နေကြရသည်။

ဆိုးတာပြုက, ဆိုးတာရ, ကောင်းမှု ကောင်းစားသည်။

ဆိုးကောင်းနှစ်တန်, ကံစီမံ, ခံစံကြရသည်။

အားလုံးအသက်ရှည်သူတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်။

အားလုံးထင်ရှားဖြစ်သူတွေ ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိကြသည်။

အားလုံးပုဂ္ဂိုလ်တွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြ သည်။

အားလုံးခန္ဓာကိုယ်အတွင်းဘောရှိသူတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

ယခု ရွတ်ဆိုပွားများခဲ့တဲ့ငါးပုဒ်က အပိုင်းအခြား အကန့် အသတ်မရှိတဲ့ သတ္တဝါတွေကိုဈေးလျှစ်လျူရှုတဲ့ အနောဓိသ ဥပေက္ခာ (၅)ပါးပဲ။ ယခု သြဓိသဥပေက္ခာ (၇)ပါးကိုလည်း ရွတ်ဆိုပွားများ ကြရဦးမယ်။

အားလုံးအမျိုးသမီးတွေ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကြ သည်။

အားလုံးအမျိုးသားတွေ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကြ သည်။

http://www.dhammadownload.com

အားလုံးအရိယာတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အားလုံးပုထုဇဉ်တွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အားလုံးနတ်တွေ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အားလုံးလူတွေ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အာလုံးအပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

ဒါက ဩဝါဒသုတ္တပေကျွာ (၇)ပါး ပွားပုံပဲ။ အဲဒီ ဩဝါဒ (၇)ပါးနှင့် ရှေ့နားက အနောဝါဒ (၅)ပါးကို ပေါင်းလိုက်ရင် (၁၂)ပါးရတယ်။ အဲဒါဟာ အရပ်မျက်နှာဖြင့် ပိုင်းခြားကန့်သတ်ခြင်းမရှိတဲ့ ဒီသာအနောဝါဒသုတ္တပေကျွာ ၁၂-ပါးပဲ။ အရပ်မျက်နှာဖြင့် ပိုင်းခြားကန့်သတ်ပြီး ပွားတဲ့အခါလည်း အရပ်မျက်နှာတစ်ခုတစ်ခုမှာ နည်းတူပင် ၁၂-ပါးစီရတယ်။ အရပ်မျက်နှာဆယ်ခုဆိုတော့ ၁၂၀-ရတယ်။ အဲဒါက ဒီသာဩဝါဒ ၁၂၀-တဲ့။ အဲဒီ ၁၂၀-ကိုလည်း အကျဉ်းချုပ်ရွတ်ဆိုပွားများကြရမယ်။ လိုက်ဆိုကြ။

အရှေ့အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိကြသည်။

အရှေ့အရပ်က အားလုံးအပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

အနောက်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင်

http://www.dhammadownload.com

ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အနောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
မြောက်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင်
ကိုယ်ပိုင်ဥစ္စာရှိကြသည်။
မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ကံသာ
လျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
တောင်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင်
ကိုယ်ပိုင်ဥစ္စာရှိကြသည်။
တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ကံသာ
လျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အရှေ့တောင်အရပ်က အားလုံးသတ္တဝါတွေ
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အရှေ့တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အနောက်မြောက်အရပ်က အားလုံးသတ္တဝါတွေ
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အနောက်မြောက်အရပ်က အားလုံးအပါယ်သတ္တဝါ
တွေ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အရှေ့မြောက်အရပ်က အားလုံးသတ္တဝါတွေ ကံသာ
လျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

http://www.dhammadownload.com

အရှေ့မြောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အနောက်တောင်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အနောက်တောင်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အောက်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အောက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အထက်အရပ်က အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။
အထက်အရပ်က အားလုံးအပါယ်သတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။

ယခု ရွတ်ဆိုခဲ့ကြတာတွေဟာ ဒီသာသြဒီသဥပေက္ခာ ၁၂၀-အကျဉ်းချုပ်ပါပဲ။ အဲဒါတွေကို ရှေ့နားကဆိုခဲ့တဲ့ ဒီသာအနောဒီသ ၁၂-ပါးနှင့် ပေါင်းလိုက်ရင် ဥပေက္ခာ ၁၃၂-ပါးဖြစ်တယ်။ ဥပေက္ခာ ပွားပုံကတော့ စုံသွားပြီ။ ဒါပေမယ့် သုဘလုလင်၏ အမေးကိုဖြေကြားတဲ့ အဖြေ ၇-ပါးထဲက နောက်ဆုံးအဖြေကို ပြောဖို့ ကျန်နေသေးတယ်။ အဲဒါကို အခုဆက်ဟောမယ်။

http://www.dhammadownload.com

အသိဉာဏ်နည်းခြင်းနှင့် ကြီးခြင်း၏ အကြောင်းကဲ့

(၇-က) ဣဒေ မာဏဝ ဧကစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတ္တာ နဝ ပရိပုစ္ဆိတာ ဟောတိ "ကိံ ဘန္တေ ကုသလံ၊ ကိံ အကုသလံ၊ ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ၊ ကိံ သေဝိတဗ္ဗံ၊ ကိံ နသေဝိတဗ္ဗံ၊ ကိံ မေ ကရီယမာနံ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ၊ ကိံ ဝါ ပန မေ ကရီယမာနံ ဒီဃရတ္တံ ဟိတာ ယ သုခါယ ဟောတီ"တိ။

မာဏဝ-သုဘလုလင်၊ ဣဒေ-ဤလောကဌ်၊ ဧကစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ-မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ အချို့သော သူသည်၊ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတ္တာ-ရဟန်းကိုဖြစ်စေ သူမြတ်ကိုဖြစ်စေ ချဉ်းကပ်၍၊ နဝ ပရိပုစ္ဆိတာ ဟောတိ-မမေးတတ်ချေ၊ (ဘယ်လိုမေးသင့်သလဲဆိုတော့) ဘန္တေ-အရှင်ဘုရား၊ ကိံ ကုသလံ ကိံ အကုသလံ-ကုသိုလ်က ဘယ်ဟာပါလဲ, အကုသိုလ်က ဘယ်ဟာပါလဲ၊ ကိံ သာဝဇ္ဇံ ကိံ အနဝဇ္ဇံ-ဘယ်ဟာက အပြစ်ရှိပါသလဲ, ဘယ်ဟာက အပြစ်မရှိပါသလဲ၊ ကိံ သေဝိတဗ္ဗံ ကိံ နသေဝိတဗ္ဗံ-ဘယ်ဟာကို မှီဝဲသင့်ပါသလဲ, ဘယ်ဟာကို မမှီဝဲသင့်ပါသလဲ၊ ကိံ မေ ကရီယမာနံ-ဘယ်ဟာကို ပြုလုပ်လျှင်၊ မေ- အကျွန်ုပ်မှာ၊ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ-ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွားမဲ့ အလို့ငှာ, ဆင်းရဲအလို့ငှာ ဖြစ်ပါသလဲ၊ ဝါ ပန-ထိုမှတစ်ပါး၊ ကိံ ကရီယမာနံ-ဘယ်ဟာကို ပြုလျှင်၊ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ-ရှည်မြင့်စွာသော ကာပတ်လုံး

http://www.dhammadownload.com

အကျိုးစီးပွားအလို့ငှာ, ချမ်းသာရန်အလို့ငှာ ဖြစ်ပါသလဲ၊ ဣတိ-ဤသို့ မမေးတတ်ချေ, မမေးဘဲ နေချေသည်။

တချို့လူက တတ်သိနားလည်တဲ့သူထံ ချဉ်းကပ်ပြီး မမေးတတ်ဘူး။ မသိနားမလည်တာကို မေးသင့်တာပဲ၊ "မသိမေး, မစင်ဆေး"ဆိုတဲ့ မြန်မာစကားပုံအရ မသိရင် မေးသင့်တာပဲ။ ဒါပေမယ့် တချို့လူက မေးမြန်းခြင်းမရှိဘဲ ပုံတော်သလို နေနေတယ်။ အဲဒါဟာ ပြုသင့်တဲ့ကျင့်ဝတ် ချွတ်ယွင်းနေတာပဲ။ လောကမှာ စီးပွားရေးရာနှင့်စပ်ပြီး မသိနားမလည်တာကို သိနားလည်အောင် မေးရတယ်။ သင်ကြားသင့်တာဆိုရင်လည်း သင်ကြားလေ့လာရတယ်။ အဲဒီလို မေးသင့်တာမေးပြီတော့၊ သင်ကြားလေ့လာသင့်တာကို လေ့လာပါမှ တတ်သိနားလည်ပြီး စီးပွားဖြစ်အောင် လုပ်ကိုင်နိုင်တယ်။ အဲဒါလိုပဲ သံသရာရေးနှင့် စပ်ပြီတော့လည်း မသိနားမလည်တာကို မေးသင့်တာပဲ။ ကုသိုလ်ဆိုတာ ဘယ်လိုဟာလဲ။ ဘယ်လိုဟာကို ကုသိုလ်ခေါ်ပါသလဲ။ အကုသိုလ်ဆိုတာ ဘယ်လိုဟာလဲ။ ဘယ်လိုဟာကို အကုသိုလ်လို့ခေါ်ပါသလဲ။ ဘယ်လိုအမှုက အပြစ်ရှိပါသလဲ။ ဘယ်လိုအမှုက အပြစ်ကင်းပါသလဲ။ ဘယ်လိုဟာကို မှီဝဲသင့်, ပြုလုပ်သင့်ပါသလဲ။ ဘယ်လိုဟာကို မမှီဝဲသင့်,ရှောင်သင့်ပါသလဲ။ ဘယ်လိုအမှုကိုပြုရင် ရှည်စွာသောကာလပတ်လုံး အကျိုးမဲ့ဆင်းရဲကို ဖြစ်ပါသလဲ၊ ဘယ်လိုအမှုပြုရင်တော့ အကျိုးများဖို့, ချမ်းသာဖို့ ဖြစ်ပါသလဲ-လို့ မေးသင့်တယ်။ ဒါပေမယ့် အသိအလိမ္မာ ပညာဘက်မှာ စိတ်မဝင်စားတဲ့သူက အဲဒီလိုစုံစမ်းမေးမြန်းခြင်း

http://www.dhammadownload.com

မပြုဘဲ မိမွေးတိုင်း, ဘမွေးတိုင်း ပုံတော်သလိုနေနေတယ်တဲ့။

အဲဒီလို မမေးတော့ မသိရဘူး။ မသိတော့ မတော်မသင့်တာ တွေလည်း ပြုမိတာပေါ့။ ဒါကြောင့် အဲဒီလိုကုသိုလ်ရေးနဲ့စပ်ပြီး မမေး မြန်းမလေ့လာတဲ့သူဟာ မတော်တာကို ပြုမိတဲ့အတွက် သေပြီးတဲ့အခါ အပါယ်ငရဲကျရောက်တတ်တယ်။ လူ့ဘဝ ရောက်လာလည်း ကုသိုလ်ပညာရေးဘက်မှာ မမေးမြန်း မလေ့လာခဲ့သောကြောင့် အသိဉာဏ်ကင်းမဲ့တဲ့ လူဗာလ လူမိုက်ဖြစ်တတ်ပါတယ်တဲ့။ အဲဒီ အကြောင်းကို ဒီလိုအကျဉ်းချုပ်လည်း ဟောထားပါသေးတယ်။

ဒုပ္ပညသံဝတ္တနိကာ ဧသာ မာဏဝ ပဋ္ဌိပဒါ ယဒိဒံ
သမဏ ဝါ ဗြာဟ္မဏ ဝါ ဥပသင်္ကမိတ္တာ နု ပရိပုစ္ဆိတာ
ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊ သမဏ ဝါ ဗြာဟ္မဏ ဝါ ဥပသင်္ကမိတ္တာ-ရဟန်းကိုဖြစ်စေ၊ သူမြတ်ကိုဖြစ်စေ ချဉ်းကပ်၍၊ နု ပရိပုစ္ဆိတာ ဟောတိ-မမေးမြန်းဘဲ ရှိ၏၊ တဿ-ထိုသူ၏၊ ဧသာ ပဋ္ဌိပဒါ-မမေးမြန်းဘဲနေသော ဤအကျင့်သည်၊ ဒုပ္ပညသံဝတ္တနိကာ-အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့ခြင်းကို ဖြစ်စေတတ်သည်တဲ့၊ အဲဒီအနက်ကို "မမေးမမြန်း၊ ဉာဏ်မြင်ကန်း"လို့ ဆောင်ပုဒ်စီထားတယ်။

(၇-ခ) မသိ နားမလည်တာကို မေးမြန်းစုံစမ်းရင်, သင်ကြားလေ့လာရင်တော့ တတ်သိနားလည်တယ်။ တတ်သိနားလည်တဲ့

http://www.dhammadownload.com

အလျောက် မတော်မသင့်တာကို မပြုဘူး။ သင့်တော်တဲ့အမှုကိုသာ ပြုတယ်။ ဒါကြောင့် သေပြီးတဲ့အခါ နတ်ရွာသုဂတိကို ရောက်ရတယ်။ လူဖြစ်လာရင်လည်း ရှေးကအသိလိမ္မာပညာဘက်မှာ မေးမြန်း သင်ကြားလေ့လာခဲ့သောကြောင့် ဉာဏ်ပညာကြီးသူ ဉာဏ်ပညာ ထက်သူဖြစ်ပါတယ်တဲ့။ အဲဒီအနက်လည်း ဒီလိုအကျဉ်း ချုပ်ဟောထားပါတယ်။

မဟာပညသံဝတ္ထနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ သမဏ ဝါ ဗြာဟ္မဏ ဝါ ဥပသင်္ကမိတ္မာ ပရိပုစ္ဆိတာ ဟောတိ။

မာဏဝ-သုဘလုလင်၊ ယဒိဒံ-ယော အယံ-အကြင်သူသည်၊ သမဏ ဝါ ဗြာဟ္မဏ ဝါ ဥပသင်္ကမိတ္မာ-ရဟန်းကိုဖြစ်စေ, သူမြတ်ကိုဖြစ်စေ ချဉ်းကပ်၍၊ ပရိပုစ္ဆိတာ ဟောတိ-မေးမြန်းစုံစမ်းတတ်၏၊ တဿ-ထိုသူ၏၊ ဧသာ ပဋိပဒါ-မေးမြန်းစုံစမ်းသော ဤအကျင့်သည်၊ မဟာပညသံဝတ္ထနိကာ-အသိအလိမ္မာ ဉာဏ်ပညာကြီးခြင်းကိုဖြစ်စေသည်တဲ့၊ အဲဒါကို "စုံစမ်း ဉာဏ်ကြီးသည်"လို့ ဆောင်ပုဒ်နောက်ပိုင်းအဖြစ် စီထားတယ်။ အဲဒါကို ရှေ့ပိုင်းနဲ့ဆက်စပ်ပြီး ဆိုရမယ်။

(၇)မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။

မေးမြန်းရင် ဉာဏ်ကြီးတယ်တဲ့၊ ဘယ်လိုမေးရမှာလဲဆိုတော့ ကုသိုလ်ဟာ ဘယ်ဟာလဲ, ဘယ်ဟာကကုသိုလ်လဲ စသည်ဖြင့် မေးဖို့ပါပဲ။ ကုသိုလ်ဆိုတာ ကောင်းတဲ့တရားပဲ။ အနဝဇ္ဇလို့ ဆိုရတဲ့

http://www.dhammadownload.com

အပြစ်ကင်းတဲ့တရားပဲ။ သေဝိတဗ္ဗလို့ ဆိုရတဲ့ မှီဝဲသင့်တဲ့တရားပဲ။ မှီဝဲသင့်ရင် ပြုလုပ်သင့်တာပဲ။ အဲဒီကုသိုလ်တရားကိုပြုလုပ်ရင် ယခု မျက်မှောက်မှာရော နောင်သံသရာတစ်လျှောက်လုံးမှာရော အကျိုးများဖို့ ချမ်းသာသွားဖို့ဖြစ်တယ်။ အကုသိုလ်ဆိုတာတော့ မကောင်းတဲ့တရား။ မကောင်းကျိုးပေးတတ်လို့ အပြစ်ရှိတဲ့တရား။ မမှီဝဲသင့် မပြုသင့်တဲ့တရားဘဲ။ပြုလို့ရှိရင် ယခုမျက်မှောက်မှာရော, နောင်သံသရာတစ်လျှောက်လုံးမှာရော အပါယ်ငရဲ စသည်ကို ကျရောက်ပြီး အကျိုးမဲ့ဖြစ်စေတဲ့ တရားဆိုး, ဆင်းရဲဒုက္ခရောက်စေ တတ်တဲ့ တရားဆိုးပဲ။ အဲဒီကုသိုလ်နဲ့ အကုသိုလ်ကို ခွဲခြားပြီး သိနားလည်ထားဖို့ လိုပါတယ်။ ယခု ဒီမှာတရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေကတော့ သိနားလည်ပြီးတွေပဲ မျှားပါလိမ့်မယ်။ ဒါပေမယ့် အဲဒီ အကုသိုလ်နဲ့ ကုသိုလ်ကို ဟောဖို့ အခန်းကို ရောက်နေတော့ အဲဒါကို အကျဉ်းချုပ်လောက်တော့ ခွဲခြားပြီး ဟောရဦးမှာပဲ။

မမှီဝဲသင့်-မပြုသင့်တဲ့ အကုသိုလ်

အကုသိုလ်ဆိုတာ အကျဉ်းချုပ်အားဖြင့် ဒုစရိုက် ၁၀-ပါးပါပဲ။ ဘာတွေလဲဆိုရင် ၁-ပါဏာတိပါတ-သူတစ်ပါးကိုသတ်ခြင်း၊ ၂-အဒိန္နာဒါန-ပိုင်ရှင်က မပေးတဲ့ သူတစ်ပါးဥစ္စာကို လုယက်ခိုးယူခြင်း၊ ၃-ကာမေသုမိစ္ဆာစာရ-မပိုင်ဆိုင်သော ကာမဂုဏ်တို့၌ ကျူးလွန်မှားယွင်းခြင်းဆိုတဲ့ ဒီကာယကံက ၃-ပါး။ ၁-မုသာဝါဒ မဟုတ်မမှန်တာကို အဟုတ်အမှန်အနေဖြင့် လိမ်ပြောခြင်း၊ ၂-ပိသုဏာဝါ

http://www.dhammadownload.com

စာ-ကုန်းတိုက်ပြောဆိုခြင်း၊ ၃-ဖရုသဝါစာ-ဆဲရေးခြင်း၊ ၄-သပ္ပ ပ္ပလာပ-ဒဏ္ဍာရီပုံပြင် စသော အနှစ်မဲ့စကားကိုပြောဆိုခြင်းဆိုတဲ့ ဒီဝစီကံက ၄-ပါး။ ၁-အဘိဇ္ဈာ-သူတစ်ပါးစည်းစိမ်ကို မိမိပိုင်ဖြစ် အောင် မတရားကြံခြင်း၊ ၂-ဗျာပါဒ-သူတစ်ပါးကို သေပျက်စေရန် ကြံခြင်း၊ ၃-မိစ္ဆာဒိဋ္ဌိ-ကံနှင့်ကံ၏အကျိုး မရှိဟုယူဆသော မိစ္ဆာဒိဋ္ဌိ ဆိုတဲ့ မနောကံက ၃-ပါး။ ဒီဒုစရိုက် ၁၀-ပါးဟာ မမှီဝဲသင့်, မပြုသင့်တဲ့ အကုသိုလ်ပါပဲ။ ဒီဒုစရိုက် ၁၀-ပါးအကြောင်းအရာကို သိချင်ရင်တော့ သလ္လေခသုတ်တရားတော် စသည်မှာ ကြည့်ရှုနိုင်ပါတယ်။ အကျဉ်းချုပ်ပြောရရင်တော့ သူတစ်ပါးအား အကျိုးမဲ့ဖြစ် အောင်, ဆင်းရဲဒုက္ခရောက်အောင် ကြံမှု, ပြောမှုဟူသမျှဟာ မမှီဝဲသင့်, မပြုသင့်တဲ့ အကုသိုလ်ချည်းပါပဲ။

မှီဝဲသင့်-ပြုသင့်တဲ့ကုသိုလ်

ကုသိုလ်ဆိုတာ အကျဉ်းချုပ်အားဖြင့် သုစရိုက် ၁၀-ပါးပါပဲ။ ကာယကံဒုစရိုက် ၃-ပါးမှ ကြဉ်ရှောင်ရင် ကာယသုစရိုက် ၃-ပါးဖြစ်တယ်။ ဝစီကံဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ရင် ဝစီသုစရိုက် ၄-ပါးဖြစ်တယ်။ မနောကံဒုစရိုက် ၃-ပါးကို စွန့်ရင် မနောသုစရိုက် ၃-ပါးဖြစ်တယ်။ အဲဒါတွေလည်း သလ္လေခသုတ်တရားတော်မှာ ကြည့်ရှုနိုင်ပါတယ်။

တစ်နည်းအားဖြင့် ကုသိုလ်ဆိုတာ ဒါန, သီလ, ဘာဝနာ ဒီသုံး ပါးပါပဲ။ ဒါနဆိုတာ အမျှားက သိနာလည်ပြီးဖြစ်နေလို့ ပြောစရာမလိုပါဘူး။ သီလဆိုတာ မတော်မသင့်ပြုတဲ့ ပြောတဲ့

http://www.dhammadownload.com

ကိုယ်အမှု, နှုတ်အမှုမှ ကြဉ်ရှောင်ခြင်းပါပဲ။ သရုပ်အားဖြင့် ဖော်ပြရလျှင် ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ကြဉ်ရှောင်ဖို့ပါပဲ။ ဘာဝနာဆိုတာကတော့ စိတ်တည်ငြိမ်အောင်အားထုတ်ရတဲ့ သမထဘာဝနာနဲ့ သစ္စာလေးပါးကို အမှန်အတိုင်းသိအောင် အားထုတ်ရတဲ့ ဝိပဿနာဘာဝနာလို့ ၂-မျိုးရှိတယ်။

သမထဘာဝနာဆိုတာကို ဝိသုဒ္ဓိမဂ်စသည်မှာ အမျိုးပေါင်း ၄၀-ခွဲခြားပြီး ပြထားတယ်။ အဲဒီ ၄၀-ထဲမှာ ယခုဟောနေတဲ့ ဗြဟ္မဝိဟာရ ၄-ပါးလည်းပါဝင်တယ်။ ဒီပြင် ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ အရူပကမ္မဋ္ဌာန်းက ၄-ပါး၊ အာဟာရေ ပဋိကူလသညာက ၁-ပါး၊ စတုဓာတုဝဝတ္ထာန် က-၁-ပါး၊ အဲဒီ ၃၆-ပါးကိုလည်း သမထကမ္မဋ္ဌာန်းအဖြစ်ဖြင့် ပြထားပါတယ်။ အဲဒီ ၄၀-ထဲက စတုဓာတုဝဝတ္ထာန်ဆိုတာကတော့ ဝိပဿနာနဲ့လည်းဆိုင်ပါတယ်။ အဲဒီ သမထကမ္မဋ္ဌာန်း ၄၀-ထဲမှ မိမိနှင့်သင့်လျော်တဲ့ ကမ္မဋ္ဌာန်း ၁-ပါးဖြစ်စေ၊ နှစ်ပါး, သုံးပါး, လေးပါးဖြစ်စေ၊ တတ်သိနားလည်အောင် မေးမြန်းထားသင့်ပါတယ်။ ဒါပေမယ့် ယခုလို တရားနာနေရင် သို့မဟုတ် သက်ဆိုင်ရာစာအုပ်များကို ကြည့်ရှုလေ့လာနေရင်လည်း မေးခြင်းကိစ္စပြီးပါတယ်။ ဉာဏ်ပညာကြီးခြင်း၏ အကြောင်းဖြစ်တယ်။

သာပြီတော့ သိနားလည်ဖို့ အရေးကြီးတာကတော့ ဝိပဿနာကုသိုလ်ပါပဲ။ ဝိပဿနာကုသိုလ်ဖြစ်အောင် ဘယ်လိုရှုရမ်းအားထုတ်ရပါသလဲဆိုတာ တကယ်တတ်သိနားလည်တဲ့ ပုဂ္ဂိုလ်ထံမှာ

http://www.dhammadownload.com

မေးသင့်ပါတယ်။ ဒါပေမယ့် ယခုလို ဝိပဿနာတရားကို ရိုရိုသေသေ လိုလိုချင်ချင်နာယူနေရင်လည်း မေးခြင်းကိစ္စပြီးပါတယ်။ ဉာဏ်ပညာကြီးခြင်း၏ အကြောင်းဖြစ်ပါတယ်။ နောက်ပြီးတော့ ဝိပဿနာရှုပုံရှုနည်းကို တိကျမှန်ကန်စွာ ဖော်ပြထားတဲ့ ကျမ်းစာအုပ်ကို ကြည့်ရှုလေ့လာရင်းလည်း မေးခြင်းကိစ္စပြီးပါတယ်။ ဉာဏ်ပညာကြီးခြင်း၏ အကြောင်းဖြစ်ပါတယ်။

အကောင်းဆုံးကတော့ ကိုယ်တိုင်ဝိပဿနာအလုပ်ကို ကျကျနနအားထုတ်ပြီးတော့ ညွှန်ကြားသင်ပြနေတဲ့ ဆရာထံမှာ နည်းခံပြီးတော့ အစစ်အဆေးအမေးလည်းခံပြီး ကျကျနနအားထုတ်တာကတော့ အကောင်းဆုံးပါပဲ။ ဒီဝိပဿနာ ရှုပုံရှုနည်း အကြောင်းကလည်း ဘုန်းကြီးက မကြာမကြာဟောနေတာမို့ ရိုးနေပါပြီ။ အလွန်လည်းထင်ရှားနေပါပြီ။ ဒါပေမယ့် ဟောဖို့အစဉ်ကျနေတဲ့အတွက် အကျဉ်းချုပ်လောက်တော့ ဟောပြရဦးမှာပဲ။

ဝိပဿနာကုသိုလ်ဖြစ်အောင် အားထုတ်ပုံ

ယခု လူတွေမှာ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း, ဒွါရ ၆-ပါးက ထင်ရှားပေါ်လာတာတွေကို မှီပြီး လောဘ, ဒေါသ စသော အကုသိုလ်တွေ ဖြစ်နေကြတယ်။ အဲဒါဟာ မြင်ဆဲ စသည်မှာ ထင်ရှားပေါ်လာတဲ့ သဘောတရားတွေကို အနိစ္စ စသည်ဖြင့် အမှန်အတိုင်း မသိလိုပါပဲ။ ဒါကြောင့် ဝိပဿနာရှုရတယ်ဆိုတာ အဲဒီလို ဖြစ်တတ်တဲ့ လောဘ စသည်ကို ဖြစ်ခွင့်မရအောင် ရှုရတာပဲ။ အနိစ္စ, ဒုက္ခ, အနတ္တအနေဖြင့် အမှန်အတိုင်းသိရင်

http://www.dhammadownload.com

အဲဒီသိရတဲ့ တရားတွေ နဲ့စပ်ပြီး လောဘ, ဒေါသ စသည် ဖြစ်ခွင့်မရှိတော့ဘူး။ အဲဒီလိုဖြစ်ခွင့်မရှိတာ, မဖြစ်နိုင်တာဟာ ဝိပဿနာကုသိုလ်၏ အစွမ်းကြောင့်ပဲ။ ရုပ်နာမ် ပရမတ္ထတရားတွေဆိုတာ ဖြစ်ဆဲ ပစ္စုပ္ပန်ခဏမှာသာ ထင်ရှားရှိတယ်။ ဒါကြောင့် သူတို့ဖြစ်နေဆဲ, ရှိနေဆဲမှာရှုရတယ်။ အဲဒီလို ဖြစ်ဆဲ, ဖြစ်ခိုက်ရှုမှ သဘောသဘာဝအမှန်ကို သိနိုင်တယ်။ အဲဒါကို ဘုန်းကြီးက . တိုတို နဲ့ မှတ်ထားရအောင် ဆောင်ပုဒ်စီထားတယ်။ "ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိနိုင်သည်"တဲ့။ အဲဒါကို ဆိုကြ ရမယ်။

ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိနိုင်သည်။

ဥပမာအားဖြင့် လျှပ်ရောင်ဆိုတာ လက်နေဆဲမှာပင်ရှိတယ်။ ဒါကြောင့် လျှပ်ရောင်ကို မြင်ချင်ရင် လျှပ်လက်နေတုန်းကြည့်ရတယ်။ လက်ပြီးတဲ့နောက်မှ ကြည့်ရင်လည်း မမြင်နိုင်ဘူး။ မလက်ခင်က မှန်းဆပြီး ကြည့်လို့လည်း မမြင်နိုင်ဘူး။ အဲဒီလိုပဲ ပရမတ်ရုပ်နာမ်အစစ်တွေက ဖြစ်နေတုန်းဆဲဆဲမှာသာ ရှိတယ်။ ဖြစ်ပြီးတဲ့နောက် ချုပ်သွားတဲ့အခါကျတော့လည်း မရှိတော့ဘူး။ မဖြစ်ခင်ကလဲ မရှိသေးဘူး။ ဒါကြောင့် ချုပ်ပျောက်သွားပြီး တရားကို ရှုလို့လည်း အမှန်အတိုင်းမသိနိုင်ဘူး။ မဖြစ်သေးခင်က မှန်းဆရှုလို့လည်း အမှန်အတိုင်းမသိနိုင်ဘူး။ ဖြစ်ဆဲရှုမှ သူ့ပင်ကိုယ်ရင်းသဘောမှန်ကို သိနိုင်တယ်။ အဲဒီလို သဘောအမှန်ကို သိပြီးမှ အဲဒီသဘောတရား အစဖြစ်ပေါ်လာပုံ, အဆုံးပျောက်ကွယ် သွားပုံကိုလည်း သိရတယ်။ အဲဒါကိုလည်း "သဘောသိမှ၊ ဥဒယ၊ ဝယ

http://www.dhammadownload.com

မြင်နိုင်သည်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။

ဥဒယဆိုတာ ဖြစ်ခြင်းပဲ၊ ဝယဆိုတာ ပျက်ခြင်းပဲ။ အဲဒီ အဖြစ်ခြင်း ပျက်ခြင်းကို အဖြစ်အပျက် အဖြစ်အပျက်လို့ ပြောနေ ကြတာပဲ။ တကယ်ဖြစ်ပျက်နေတဲ့ ရူပနာမ်တွေကို ဖြစ်တိုင်း ပျက်တိုင်းလိုက် ရှုလို့ အသိဉာဏ် လျင်မြန်ထက်မြင်လာတဲ့အခါကျမှ ပရမတ်ရူပ် နာမ်အစစ်တွေ၏ အဲဒီအစဖြစ်လာပုံ အဆုံးပျောက် ပျောက်သွားပုံကို ဉာဏ်ဖြင့်ထင်ရှားတွေ့ရတယ်။ ဖြစ်ပျက်ဖြစ်ပျက် လို့ ဆိုနေရုံနဲ့တော့ အဲဒီအဖြစ်အပျက်ကို မမြင်နိုင်ဘူး။ သဘော သဘာဝတွေကို ဖြစ်တိုင်း ဖြစ်တိုင်းလိုက်ရှုလို့ ပိုင်ပိုင်နိုင်နိုင်သိတဲ့ အခါကျမှ အဲဒီ အဖြစ်အပျက်ကို အမှန်အတိုင်းသိရတယ်။ အဲဒီလိုသိပါမှ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားလို့မမြဲဘူးဆိုတာကို ကိုယ်တိုင်ဒိဋ္ဌသိနိုင်တယ်။ အဲဒါကိုလည်း "ဖြစ်ပျက်မြင်မှ၊ အနိစ္စ၊ ဒိဋ္ဌ သိနိုင်သည်"လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ဖြစ်ပျက်မြင်မှ, အနိစ္စ, ဒိဋ္ဌသိနိုင်သည်။

အနိစ္စကိုသိမြင်ရင် ဒုက္ခ၊ အနတ္တတွေကိုလည်း သိမြင်တော့ တာပဲ။ အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာတို့ဖြင့် ရူပနာမ်တရား တွေကို ရှုတာဟာ ဝိပဿနာအစစ်ပဲ။ ဒါကြောင့် အဲဒီ ဝိပဿနာ ဉာဏ်အစစ် ဖြစ်ပွားရအောင် မြင်တိုင်း,ကြားတိုင်း, တွေ့တိုင်း, သိတိုင်း ဖြစ်ဆဲရူပနာမ်ကို မပြတ်ရှုမှတ်နေရတယ်။ အဲဒီလို ရှုနေတာကို ဝိပဿနာရှုတယ်လို့ ဆိုရတာပဲ။

http://www.dhammadownload.com

မြင်ဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ

ရှုပုံကတော့ (ဂစ္ဆန္တော ဝါ-သွားသည်ရှိသော်မူလည်း၊ ဝါ-သွားနေဆဲ သွားနေတုန်းမူလည်း၊ ဂစ္ဆာမီတိ-သွားသည်ဟူ၍၊ ပဇာနာတိ-သိ၏ စသည်ဖြင့် ဟောတဲ့အတိုင်း) မြင်လျှင် မြင်တယ်, မြင်တယ်လို့ ရှုမှတ်ရတယ်။ အဲဒီလို ရှုမှတ်နေရင် မြင်ခိုက်မှာ ထင်ရှားပေါ်လာတဲ့ ပရမတ်ရုပ်နာမ်အစစ်တွေကို အမှန်အတိုင်း သိရတယ်။ မြင်ခိုက်၌ ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တွေကို ကျမ်းဂန်အရပြောရရင် -

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ။

စက္ခုဉ္စ-မျက်စိကိုလည်း၊ ပဋိစ္စ-စွဲမှီ၍၊ ရူပေစ-အဆင်းတို့ကိုလည်းပဋိစ္စ-စွဲမှီ၍၊ စက္ခုဝိညာဏံ-စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်၏၊ တိဏ္ဏံ သင်္ဂတိ-မျက်စိ, အဆင်း, မြင်သိစိတ် ဟူသော သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့်၊ ဖဿော-အာရုံကို တွေ့မှု ဖဿ-ဖြစ်ပေါ်၏၊ ဖဿပစ္စယာ-တွေ့မှုဟူသော အကြောင်း ကြောင့်၊ ဝေဒနာ-ခံစားမှု ဝေဒနာ ဖြစ်ပေါ်၏။

ကြည်လင်တဲ့မျက်စိနဲ့ အဆင်းဆိုတဲ့ ဒီ ၂-ပါးကို မှီပြီး မြင်သိစိတ် ဖြစ်ပေါ်လာတယ်တဲ့။ မြင်တယ်ဆိုရင် ကြည်လင်တဲ့မျက်စိရုပ်ကလဲရှိလို့၊ မြင်စရာ အဆင်းရုပ်ကလဲ ရှိလို့မြင်တာပဲ။ အဲဒီတော့ မြင်ဆဲခဏမှာ မျက်စိရုပ်လည်းထင်ရှားရှိတယ်။ မြင်သိစိတ်လည်း ထင်ရှားရှိတယ်။ ဝိပဿနာဉာဏ်မရှိတဲ့ ပကတိပုဂ္ဂိုလ်တို့အနေအား

http://www.dhammadownload.com

ဖြင့် အဲဒီမြင်တာကို ငါလို့လည်းထင်နေကြတယ်။ အမြဲရှိနေတယ်လို့ လည်းထင်နေကြတယ်။ အကောင်းတွေကို မြင်တဲ့အခါ ချမ်းသာ တယ်။ ကောင်းတယ်လို့ ထင်နေကြတယ်။ ထို့အတူပင် မျက်စိနှင့် တကွ တကိုယ်လုံးကိုလည်း မြဲတဲ့အနေ, ချမ်းသာတဲ့အနေ, ငါကောင် အနေနဲ့ ထင်နေကြတယ်။ မြင်ရတာကို မြဲတဲ့အနေ, ကောင်းတဲ့ အနေ, အသက်ရှိ အတ္တကောင်အနေနဲ့ ထင်နေကြတယ်။ ဒါက သက်ရှိ အာရုံကိုမြင်တဲ့အခါ စွဲလမ်းပုံပဲ။ သက်မဲ့အာရုံကိုမြင်တဲ့ အခါကျတော့ ပညတ်အထည်ဝတ္ထုအနေနဲ့ ထင်နေကြပါတယ်။

မြင်တိုင်း, မြင်တိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ် အားရှိတဲ့အခါဆိုရင် မျက်စိနဲ့အဆင်းရုပ်ကတခြား, မြင်သိတာကတခြား, ရှုသိတာကတခြား၊ ဒီလိုလည်း ပိုင်းခြား သိတယ်။ မျက်စိရော, မြင်သိတာရော, ရှုသိတာရော သိပြီးပြီးချင်း ကွယ်ပျောက်ကုန်ဆုံးသွားတယ်။ ဒါကြောင့် မမြဘူးလို့လည်း သိရ တယ်။ မမြဲတဲ့အတွက် အားကိုးဖွယ် နှစ်သက်ဖွယ်မရှိတဲ့ ဆင်းရဲပဲလို့ လည်း သိရတယ်။ ဉာဏ်ထက်တဲ့သူမှာဆိုရင် မြင်တွေ့တာမြင်လို့ ကောင်းတာ မကောင်းတာကိုလည်း နည်းတူပင် မမြဘူး ဆင်းရဲပဲ, အနတ္တပဲလို့ သိရတယ်။

အဲဒါဟာ မြင်တိုင်း, မြင်တိုင်းရှုမှတ်ပြီး အနိစ္စ စသော အခြင်း အရာတို့ဖြင့် သိမြင်တဲ့ ဝိပဿနာဉာဏ် အစစ်ပါပဲ။ ဒါကြောင့် ဝိပဿနာဆိုတဲ့ပုဒ်ကို အဋ္ဌကထာများမှာ "အနိစ္စာ ဒိဝသေန- အနိစ္စ စသည်တို့၏ အလိုအားဖြင့်၊ ဝိဝိဓေန

http://www.dhammadownload.com

အာကာရေန-အမျိုးမျိုးသော အခြင်းအရာအားဖြင့်၊ ပဿတီတိ-ရှုမြင်တတ်သောကြောင့်၊ ဝိပဿနာ-ဝိပဿနာမည်သည်"လို့ ဖွင့်ပြထားကြပါတယ်။ အဲဒီလို သိပုံအကျဉ်းချုပ်ကို လိုက်ဆိုကြ ရမယ်။

မြင်ဆဲခဏ၌ မျက်စိနဲ့အဆင်းက အာရုံမသိတတ်တဲ့ ရုပ်၊ မြင်သိတာက နာမ်၊ ရှုသိတာကလည်း နာမ်၊ မြင်သိပြီး, ရှုသိပြီးလျှင် ချက်ချင်းပင် ကုန်ဆုံးချုပ်ပျက်သွားသောကြောင့် မမြဲ,ဆင်းရဲ, အနတ္တ သဘောတရားမျှပဲ။

ကြားဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ

ကြားတိုင်း ကြားတိုင်းလည်း ပကတိပုဂ္ဂိုလ်တွေမှာ ကြားတာ ရော, နားရုပ်ရော, ကြားရတာရော အဲဒါတွေကို မြဲတဲ့အနေ, ချမ်း သာတဲ့-ကောင်းတဲ့အနေ, အတ္တကောင်အနေဖြင့် ထင်မှတ်နေကြ တယ်။ အဲဒါဟာ အမှန်အတိုင်း မသိတဲ့ အဝိဇ္ဇာပဲ။ အဲဒီအဝိဇ္ဇာက အခြေခံပြီးတော့လည်း သခ်ါရ, ဝိညာဏ် စသော ဝဋ်ဆင်းရဲတွေ ဖြစ်ပွား နေတာပဲ။

ကြားတိုင်း, ကြားတိုင်း, ကြားတယ်, ကြားတယ်လို့ ရှုမှတ် နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ် အားရှိတဲ့အခါဆိုရင် နားနဲ့ အသံရုပ်ကတခြား, ကြားသိတာကတခြား, ရှုသိတာကတခြား, ဒီလို လည်း ပိုင်းခြားသိတယ်။ နားရော, ကြားသိတာရော, ကြားရ တာရော, ရှုသိတာရော သိပြီးပြီးခြင်း ကုန်ဆုံးချုပ်ပျောက်သွား

http://www.dhammadownload.com

တယ်။ ဒါကြောင့် မမြဲ,ဆင်းရဲ, အနတ္တ သဘောတရားမျှပဲလို့ သိတယ်။ အဲဒါဟာ အနိစ္စ စသောအခြင်းအရာဖြင့် အမှန်အတိုင်း သိမြင်တဲ့ ဝိပဿနာဉာဏ် အစစ်ပါပဲ။ အဲဒီလို သိမြင်ပုံကို လိုက်ဆိုကြရမယ်။

ကြားဆဲခဏ၌ မျက်စိနဲ့အဆင်းက အာရုံမသိတတ်တဲ့ ရုပ်၊ ကြားသိတာကနာမ်၊ ရှုသိတာကလည်းနာမ်၊ ကြားသိပြီး, ရှုသိပြီးလျှင် ချက်ချင်းပင် ကုန်ဆုံး ချုပ်ပျက်သွားသောကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘောတရားမျှပဲ။

နံဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ

နံတိုင်း, နံတိုင်းလည်း ပကတိပုဂ္ဂိုလ်တွေမှာ နံသိတာရော, နား ရုပ်ရော, ကြားရတာရော အဲဒါတွေကို မြဲတဲ့အနေ, ချမ်းသာတဲ့-ကောင်းတဲ့အနေ, အတ္တကောင်အနေဖြင့် ထင်မှတ်နေကြတယ်။ အဲဒါဟာ အမှန်အတိုင်း မသိတဲ့ အဝိဇ္ဇာပဲ။ အဲဒီ အဝိဇ္ဇာကအခြေခံ ပြီးတော့လည်း သခါရ ဝိညာဏ်စသော ဝဋ်ဆင်းရဲတွေဖြစ်ပွားနေတာပဲ။

နံတိုင်း, နံတိုင်း- နံတယ်, နံတယ်လို့ ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ် အားရှိတဲ့အခါဆိုရင် နှာခေါင်းနဲ့အနံ့ ရုပ်တခြား, နံတာကတခြား, ရှုသိတာကတခြား, ဒီလိုလည်းပိုင်းခြားသိတယ်။ နှာခေါင်းရော, နံတာရော, အနံ့ရော, ရှုသိတာရော သိပြီးပြီးချင်း ကုန်ဆုံးချုပ်ပျောက်သွားတယ်။ ဒါကြောင့် မမြဲ,ဆင်းရဲ အနတ္တသဘောတရားမျှပဲလို့လည်း သိတယ်။ အဲဒါဟာ အနိစ္စ

http://www.dhammadownload.com

စသော အခြင်းအရာဖြင့် အမှန်အတိုင်းမြင်တဲ့ ဝိပဿနာဉာဏ် အစစ်ပါပဲ။ အဲဒီလို သိမြင်ပုံကို လိုက်ဆိုကြရမယ်။

နံဆဲခဏာ၌ နှာခေါင်းနဲ့ အနံ့က အာရုံမသိတတ်တဲ့ရုပ်၊ နံသိတာက နာမ်၊ ရှုသိတာကလည်း နာမ်၊ နံသိပြီး, ရှုသိပြီး လျှင် ချက်ချင်းပင် ကုန်ဆုံး ချုပ်ပျက်သွားသောကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘော တရားမျှပဲ။

စားဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ

စားဆဲခဏဆိုတာ အရသာသိဆဲကိုဆိုတာပဲ။ စားစရာကို ကြည့်တာ, မြင်တာက မြင်ဆဲနဲ့ဆိုင်တယ်။ စားစရာကို ကိုင်တာယူတာ, ပါးစပ်ထဲထည့်တာ, ဝါးတာတွေကတော့ ထိဆဲနဲ့ဆိုင်တယ်။ အဲဒီလို ဝါးစားနေရင်း လျှာထဲက အရသာကို သိသိသွားတာဟာ စားသိတာပါပဲ။ အဲဒီလို စားသိတိုင်း ပကတိပုဂ္ဂိုလ်တွေမှာ အရသာသိတာရော, လျှာရုပ်ရော, အရသာရော, အဲဒါတွေကို မြဲတဲ့အနေ, ချမ်းသာတဲ့-ကောင်းတဲ့အနေ, အတ္တကောင်အနေဖြင့် ထင်မှတ်နေကြတယ်။ အဲဒါဟာပင် အဝိဇ္ဇာပဲ။ အဲဒီ အဝိဇ္ဇာက အခြေခံပြီးတော့ လည်း သခ်ါရ ဝိညာဏ်စသော ဝဋ်ဆင်းရဲတွေ ဖြစ်ပွားနေတာပဲ။

အရသာသိတိုင်း သိတယ်လို့ ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ် အားရှိတဲ့အခါဆိုရင် လျှာနဲ့ အရသာရုပ်က တခြား, အရသာသိတာကတခြား, ရှုသိတာကတခြား, ဒီလိုလည်း ပိုင်းခြားသိတယ်။ လျှာရော, သိတာရော, အရသာရော, ရှုသိတာရော

http://www.dhammadownload.com

သိပြီးပြီးချင်း ကုန်ဆုံး ချုပ်ပျောက်သွားတယ်။ ဒါကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘောတရားမျှပဲလို့လည်း သိတယ်။ အဲဒါဟာ အနိစ္စ စသော အခြင်းအရာဖြင့် အမှန်အတိုင်းသိမြင်တဲ့ ဝိပဿနာ ဉာဏ် အစစ်ပါပဲ။ အဲဒီလို သိမြင်ပုံကို လိုက်ဆိုကြရမယ်။

စားသိဆဲခဏ၌ လျှာနဲ့အရသာက အာရုံမသိတတ်တဲ့ ရုပ်၊ စားသိတာက နာမ်၊ ရှုသိတာကလဲနာမ် စားသိပြီးရှုသိပြီး လျှင် ချက်ချင်းပင် ကုန်ဆုံးချုပ်ပျက်သွားသောကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘောတရားမျှပဲ။

ထိသိဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ

ထိသိဆဲခဏဆိုတာကတော့ အလွန်ကျယ်ပြန့်ပါတယ်။ မြင်တာကိုလည်း မမြင်အောင် မျက်စိမှိတ်ထားရင်ရတယ်။ ကြားတာကိုလည်း မကြားအောင် အသံမရှိရာ သွားနေရင် ရတယ်။ နံသိတာ, စားသိတာတွေကတော့ တစ်ရံတစ်ခါမှ ကြုံပါတယ်။ ဒီထိသိတာကတော့ ကိုယ်ထဲမှာ နှလုံးသွင်းကြည့်လိုက်ရင် နေရာတကာကလိုပင် ထင်ရှားနေတာပါပဲ။ အထူးနှလုံးသွင်း မသွင်းဘဲ အလိုလိုလည်း ထင်ရှားနေတာတွေ ရှိနေတာပဲ။ ထိုင်နေရင် အောက်ပိုင်းကိုယ်က ထိသိမှုတွေ ထင်ရှားတယ်။ အဝတ်နဲ့ကိုယ် ထိနေတာလည်း ထင်ရှားတယ်။ ပါးစပ်ထဲက လျှာနဲ့သွား ထိနေတာလည်း ထင်ရှားတယ်။ ကိုယ်ထဲက အသွေး အသားစသည်တွေ ထိသိနေတာတွေလည်းထင်ရှားတယ်။ သွားတဲ့အခါ လှုပ်ရှားပြုပြင်တဲ့အခါတွေမှာ လှုပ်ရှားပြုပြင်တဲ့ ကိုယ်အစိတ်အပိုင်းထဲက ထိမှုထင်ရှား

http://www.dhammadownload.com

တယ်။ အသက်ရှူတိုင်း နှာခေါင်းထဲကရော, ဝမ်းဗိုက်ထဲကရော တွန်းကန်လှုပ်ရှားမှု, ထိမှု ထင်ရှားတယ်။ အပူ အအေးစသည်နှင့် ထိမှုလည်း ထင်ရှားတာပဲ။

ပကတိပုဂ္ဂိုလ်တွေက အဲဒီထိမှုနဲ့စပ်ပြီး ငါလို့လည်း ထင်နေကြတယ်။ အမြဲထိသိနေတယ်လို့လည်း ထင်နေကြတယ်။ အတွေ့ကောင်းကလေးများနဲ့ တွေ့ထိရတဲ့အခါ ချမ်းသာတယ်။ ကောင်းတယ်လို့လည်း ထင်နေကြတယ်။ အဲဒါတွေဟာ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေကို နိစ္စ, သုခ, အတ္တအနေဖြင့် အသိမှားတွေပဲ။ အဝိဇ္ဇာတွေပဲ။ အဲဒီ အဝိဇ္ဇာက အခြေခံပြီးတော့လည်း သခ်ါရဝိညာဏ် စသော ဝဋ်ဆင်းရဲတွေ ဖြစ်ပွားနေတာပဲ။

ယောဂီမှာတော့ အဲဒီလို အတွေ့အထိကို ထိတယ်, ထိတယ် စသည်ဖြင့် ရှုမှတ်နေတယ်။ အထူးအားဖြင့် သွားနေတဲ့အခါ သွားတယ်, သွားတယ်။ ညာလှမ်းတယ်, ဘယ်လှမ်းတယ်။ ကြွတယ်, လှမ်းတယ်, ချတယ် စသည်ဖြင့် မပြတ်လိုက်ပြီး ရှုမှတ်နေရတယ်။ အဲဒါဟာ (ဂစ္ဆန္တော ဝါ-သွားသည်ရှိသော်မှလည်း၊ ဝါ-သွားနေဆဲ, သွားနေတုန်းမှလည်း၊ ဂစ္ဆာမီတိ-သွားသည်ဟူ၍၊ ပဇာနာတိ-သိ၏ စသည်ဖြင့် ဟောတော်မူတဲ့) မဟာသတိပဋ္ဌာနသုတ် ပါဠိတော်နှင့် အညီ ရှုသိနေတာပါပဲ။ အဲဒီမှာ ရှုသိပုံကို "သွားသည်ဟူ၍ သိ၏"လို့ အရပ်သုံးစကားဖြင့် ပြဆိုထားတာကို အထူးသတိပြုကြရမယ်။ ရုပ်ဟုသိရမယ်။ ဝါယောဓာတ်ဟု သိရမယ်လို့ ပရမတ်အမည်ဖြင့် ရှုသိဖို့ ပြမထားဘူး။ ဒါပေမယ့် သွားတယ်, သွားတယ် စသည်ဖြင့်

http://www.dhammadownload.com

အရပ်သုံးစကားနဲ့ ရှုမှတ်နေရင်းပင် ယောဂီက တောင့်တင်းတွန်းကန်လှုပ်ရှားတဲ့သဘောတရားကို သိသိသွားတာပဲ။ ရပ်တဲ့အခါ စသည်မှာလည်း ရပ်တယ်, ထိုင်တယ်, အိပ်တယ်, ကွေးတယ်, ဆန့်တယ်, လှုပ်တယ်, ပြုပြင်တယ် စသည်ဖြင့် အရပ်သုံးစကားနဲ့ ရှုမှတ်နေရင်းပင် အဲဒီတောင့်တင်းတွန်းကန်လှုပ်ရှားတဲ့ ဝါယောရုပ်သဘောအမှန်ကို သိသိသွားတာပါပဲ။

နောက်ပြီးတော့ ဝမ်းဗိုက် ဖောင်းတိုင်း, ပိန်တိုင်း, ဖောင်းတယ်, ပိန်တယ်လို့ အရပ်သုံးစကားနဲ့ ရှုမှတ်နေရင်းလဲ အဲဒီတောင့်တင်း တွန်းကန်လှုပ်ရှားတဲ့ ဝါယောရုပ်သဘောအမှန်ကို သိသိသွားတာပါပဲ။ ဖောင်းတယ်, ပိန်တယ်လို့ ရှုမှတ်ရာမှာ ထူးခြားတဲ့အချက် တစ်ခုလည်း ရှိတယ်။ အဲဒါဟာ ဘာလဲဆိုရင် ဖောင်းတာဆုံးရင် ပိန်ကျတယ်။ ပိန်တာဆုံးရင်လည်း ဖောင်းတက်တယ်။ ထိုင်တယ်, ထိတယ်လို့ မှတ်တာမျိုးလို့ ရပ်နားနေရမည့် အချိန်ရယ်လို့မရှိဘူး။ ဖောင်းတာပြီးရင် ပိန်တယ်လို့ရှုမှတ်ရမယ်။ ပိန်တာပြီးရင်လည်း ဖောင်းတယ်လို့ ရှုမှတ်ရမယ်။ အဲဒီလို မပြတ်ရှုမှတ်နေရတော့ ရှေ့သတိနဲ့, နောက်သတိ, ရှေ့သမာဓိနဲ့ နောက်သမာဓိ တစ်စပ်တည်း စပ်ဆက်နေသောကြောင့် သမာဓိဖြစ်လွယ်တယ်။ သမာဓိဖြစ်တော့ ဝိပဿနာဉာဏ်ဖြစ်တယ်။ အဲဒါဟာ အဖောင်းအပိန် ရှုမှတ်ရာမှာ ထူးခြားတဲ့အချက်ပဲ။ ဒါပေမယ့် ဖောင်းတာနဲ့ ပိန်တာ ဒီ ၂-ခုတည်းကိုသာ ရှုမှတ်ရတာတော့ မဟုတ်ပါဘူး။ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေရင်း စိတ်ကူးကြံစည်ရင် အဲဒီစိတ်ကူးကြံစည်

http://www.dhammadownload.com

တာကိုလည်း ရှုမှတ်ရတာပဲ။ ညောင်းတာ, ပူတာ, နာတာ ထင်ရှားပေါ်လာရင် အဲဒါကိုလည်း ရှုမှတ်ရတာပဲ။ ကိုယ်လက်လှုပ်ရှားပြုပြင်ရင် အဲဒါကိုလည်းရှုမှတ် ရတာပဲ။ ကြားရင်, မြင်ရင် အဲဒါကိုလည်း ရှုမှတ်ရတာပဲ။ ဘာမှ အထူး ရှုမှတ်စရာမရှိရင်တော့ ဖောင်းတာနဲ့ပိန်တာကိုသာ ရှုမှတ်နေရတယ်။

အဲဒီလို ရှုမှတ်နေရာမှာ တောင့်တာ, တင်းတာ, တွန်းကန်တာ လှုပ်ရှားတာက ဝါယောဓာတ်ပဲ။ အဲဒါကို ထိသိတာက ကာယဝိညာဏ်ပဲ။ အဲဒီထိသိမှု၏ တည်ရာက ကာယပသာဒရုပ်ပဲ။ ဖောင်းတယ်, ပိန်တယ်လို့ ရှုမှတ်တိုင်း,ရှုမှတ်တိုင်း အဲဒီတောင့်တာ, တင်းတာ, လျော့တာ, တွန်းကန်တာ, လှုပ်ရှားတာကိုဖြစ်စေ၊ ထိသိတာကိုဖြစ်စေ၊ ကိုယ်အကြည်ရုပ်ကိုဖြစ်စေ သိသိသွားတယ်။ သမာဓိဉာဏ်အားရှိလာတဲ့ အခါကျတော့ ဖောင်းရုပ်ကတခြား, ရှုသိတာကတခြား၊ ပိန်ရုပ်ကတခြား, ရှုသိတာကတခြား ခွဲခြားပြီးသိတယ်။

ဒါကြောင့် ထိသိဆဲခဏမှာ ကိုယ်နဲ့ထိသိရတာက ရုပ်၊ ထိသိတာ, ရှုသိတာက နာမ်လို့ ဒီလိုခွဲခြားသိတယ်။ ထို့အတူပင်သွားဆဲ, ခြေလှမ်းဆဲခဏမှာ ကိုယ်နဲ့လှုပ်ရှားတာကရုပ်၊ ထိသိတာ ရှုသိတာ နာမ်-ဒီလို ခွဲခြားသိတယ်။ ကွေးဆဲ, ဆန့်ဆဲခဏမှာ ကိုယ်နဲ့တောင့် တင်းလှုပ်ရှားတာက ရုပ်၊ ထိသိတာ, ရှုသိတာက နာမ်, ဒီလိုလဲခွဲခြားသိတယ်။ ဖောင်းတယ်-ပိန်တယ်လို့ မှတ်ဆဲခဏမှာ ကိုယ်နဲ့တင်းတာ, လှုပ်ရှားတာက ရုပ်၊ ထိသိတာ, ရှုသိတာ ကနာမ်လို့ ဒီလိုလည်း ခွဲခြားသိတယ်။ သမာဓိဉာဏ် အထူးကောင်းလာတဲ့အခါကျတော့ အဲဒီသိရတာရော, သိတာရော သိပြီးပြီးချင်း

http://www.dhammadownload.com

ကုန်ဆုံး ချုပ်ပျောက်သွားတာကိုလည်း သိရတယ်။ ဒါကြောင့် မမြဲဘူး၊ ဆင်းရဲပဲ၊ အနတ္တသဘောတရားမျှပဲလို့လည်း သိရတယ်။ အဲဒါဟာ အနိစ္စ စသော အခြင်းအရာဖြင့် အမှန်အတိုင်းသိမြင်တဲ့ ဝိပဿနာဉာဏ်အစစ်ပဲ။ အဲဒီလို သိမြင်ပုံတွေကို လိုက်ဆိုကြရမယ်။

ထိသိဆဲခဏာ၌ ကိုယ်နဲ့ ထိသိရတာက အာရုံမသိတတ်တဲ့ရုပ်၊ ထိသိတာက နာမ်၊ ရှုသိတာကလည်း နာမ်၊ ထိသိပြီး ရှုသိပြီးလျှင် ချက်ချင်းပင် ကုန်ဆုံး ချုပ်ပျက်သွားသောကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘောတရားမျှပဲ။

သွားဆဲခဏာ၌ ကိုယ်နဲ့လှုပ်ရှားတာက အာရုံမသိတတ်တဲ့ ရုပ်၊ ထိသိတာက နာမ်၊ ရှုသိတာကလည်း နာမ်၊ ထိသိပြီး ရှုသိပြီးလျှင် ချက်ချင်းပင်ကုန်ဆုံး ချုပ်ပျက်သွားသောကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘောတရားမျှပဲ။

ဖောင်းဆဲ,ပိန်ဆဲခဏာ၌ ကိုယ်နဲ့ လှုပ်ရှားတာက အာရုံမသိတတ်တဲ့ရုပ်၊ ထိသိတာ, ရှုသိတာက နာမ်၊ ထိသိ, ရှုသိပြီးလျှင် ချက်ချင်းပင် ကုန်ဆုံးချုပ်ပျက်သွားသောကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘောတရားမျှပဲ။

ကြံသိဆဲ၌ ရှုမှတ်ပုံ, သိမြင်ပုံ

စိတ်ကူးကြံစည်နေတာကိုတော့ ငါ့ကောင်အနေဖြင့် အထင်မှတ်ဆုံး, အစွဲလမ်းဆုံးပါပဲ။ အဲဒီကြံသိတာကလည်း တစ်သက်ပတ်လုံး အမြဲတည်နေတယ်လို့ ထင်မှတ်နေကြတယ်။ အလိုရှိတိုင်း

http://www.dhammadownload.com

ကြံနေရတာကို ကောင်းတယ်, ချမ်းသာတယ်လို့လည်း ထင်မှတ်နေကြတယ်။ အဲဒါဟာ နိစ္စ, သုခ, အတ္တအနေဖြင့် မှားယွင်းစွာသိတဲ့ အဝိဇ္ဇာပဲ။ အဲဒီအဝိဇ္ဇာက အခြေခံပြီးတော့ သခ်ါရ, ဝိညာဏ် စသော ဝဋ်ဆင်းရဲတွေ ဖြစ်ပွားနေတယ်။

အဲဒီအဝိဇ္ဇာကို ပယ်နိုင်အောင် စိတ်ကူးကြံစည်မှုဖြစ်တိုင်း ရှုမှတ်ရတယ်။ "ဖောင်းတယ်-ပိန်တယ် စသည်ဖြင့် ရှုမှတ်နေရင်း စိတ်ကူးကြံစည်မှုဖြစ်ပေါ်ရင် စိတ်ကူးတယ်, ကြံစည်တယ် စသည်ဖြင့် ရှုမှတ်ရတယ်"ဆိုတာဟာ ဒီကြံသိမှုကို ရှုမှတ်ဖို့ ပြောတာပါပဲ။ အဲဒီလို ကြံသိမှုဖြစ်တိုင်းရှုမှတ်ဖို့ သမာဓိဉာဏ်အားရှိလာတဲ့အခါမှာ တည်ရာကိုယ်ရုပ်ကတခြား, ကြံသိမှုကတခြား, ရှုသိမှုကတခြား ဒီလိုလည်း ပိုင်းခြားသိတယ် ကြံသိရတဲ့ အာရုံကတော့ ရုပ်လည်းရှိတယ်။ စိတ်, စေတသိက်, နာမ်တရားလည်းရှိတယ်။ အမည်,ပုံသဏ္ဌာန်စသော ပညတ်လည်းရှိတယ်။ ဒါကြောင့် အဲဒီသိရတဲ့အာရုံကိုတော့ ရုပ်ရယ်လို့ အတိအကျမဆိုရဘူး။ နောက်ပြီးတော့ ကိုယ်ရုပ်ရော, ကြံသိတာရော, ရှုသိတာရော သိပြီးပြီးချင်း ကုန်ဆုံးချုပ်ပျောက်သွားတယ်။ ဒါကြောင့် မမြဲဆင်းရဲ အနတ္တသဘော တရားမျှပဲလို့လည်းသိတယ်။ အဲဒါဟာ အနိစ္စ စသော အခြင်းအရာဖြင့်အမှန်အတိုင်း သိမြင်တဲ့ ဝိပဿနာဉာဏ် အစစ်ပါပဲ။ အဲဒီလို သိမြင်ပုံကို လိုက်ဆိုကြရမယ်။

ကြံသိဆဲခဏာ၌ ကြံသိမှု၏ တည်ရာ, မှီရာကရုပ်၊ ကြံသိတာ, ရှုသိတာက နာမ်၊ ဒီ ရုပ်နာမ် ၂-ပါးမျှသာ ရှိတယ်။ ဒီ ၂-ပါးဟာ

http://www.dhammadownload.com

ကြံသိ, ရှုသိပြီးလျှင် ချက်ချင်းပင် ကုန်ဆုံး ချုပ်ပျက်သွားသော ကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘောတရားမျှပဲ။

ယခုတရားနာနေရင်း အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေလို့ ရွတ်ဆိုပြီး မေတ္တာပွားတိုင်း ရှုပြီးသိတာလည်း ကြံသိဆဲခဏမှ ထင်ရှားတဲ့တရားတွေကို ရှုသိတဲ့ဝိပဿနာဉာဏ်ပဲ။ အဲဒီလို ရှုသိတဲ့ အခါ နှလုံးသွင်းတာနဲ့ ရွတ်ဆိုချင်တာက နာမ်တရားပဲ။ ရွတ်ဆိုတာနဲ့ အသံကရုပ်တရားပဲ။ ရှုသိတာကလဲ နာမ်တရားပဲ။ အဲဒီရုပ်နာမ်တွေဟာ နှလုံးသွင်းရွတ်ဆိုနေရင်း, ရှုသိနေရင်း ကုန်ဆုံး ချုပ်ပျောက်သွားကြတယ်။ အဲဒီလို ကုန်ဆုံး ချုပ်ပျောက်သွားလို့ မမြဲဘူး, ဆင်းရဲပဲ, အနတ္တသဘောတရားမျှပဲလို့ သိသိသွားတာက အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာဖြင့် အမှန်အတိုင်းသိတဲ့ ဝိပဿနာဉာဏ် အစစ်ပဲ။ အဲဒီလို သိမြင်ပုံကို လိုက်ဆိုကြရမယ်။

အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။ ချမ်းသာကြပါစေ၊ ချမ်းသာစေချင်တာ, ရွတ်ဆိုချင်တာက နာမ်၊ ရွတ်ဆိုတာနဲ့အသံက ရုပ်၊ အဲဒါကို ရှုမှတ်တာကလည်း နာမ်၊ ဒီရုပ်နာမ် မျှသာရှိသည်။ ဒီရုပ်, နာမ်တွေဟာ ချက်ချင်းပင် ကုန်ဆုံး ချုပ်ပျက်သွားကြသောကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘောတရားမျှပဲ။

ယခုဆိုခဲ့ကြတာက မေတ္တာပွားပုံနဲ့ ဝိပဿနာရှုပုံ သိမြင်ပုံပဲ။ ယခုတစ်ဖန် ကရုဏာပွားပုံနှင့် ဝိပဿနာရှုပုံ, သိမြင်ပုံကို လိုက်ဆိုကြရမယ်။

http://www.dhammadownload.com

အားလုံး သတ္တဝါတွေ ဆင်းရဲမှု လွတ်မြောက်ကြပါစေ၊ လွတ် မြောက်ကြပါစေ၊ ဆင်းရဲမှု ထွက်စေချင်တာ, ရွှတ်ဆို ချင်တာက နာမ်၊ ရွှတ်ဆိုတာနဲ့ အသံကရုပ်၊ အဲဒါကို ရှုမှတ် တာကလည်း နာမ်၊ ဒီရုပ်နာမ်မျှသာရှိသည်။ ဒီရုပ်, နာမ်တွေဟာ ချက်ချင်းပင် ကုန်ဆုံး ချုပ်ပျက်သွားကြသော ကြောင့် မမြဲ, ဆင်းရဲ, အနတ္တသဘောတရားမျှပဲ။

ယခု မုဒိတာပွားပုံနှင့် ဝိပဿနာ ရှုပုံ, သိမြင်ပုံကို လိုက် ဆိုကြရမယ်။

အားလုံးသတ္တဝါတွေ ရရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ် ယုတ်ကြပါစေနဲ့၊ ပြည့်စုံမြဲပြည့်စုံကြပါစေ၊ ချမ်းသာမြဲ ချမ်းသာ ကြပါစေ၊ ဝမ်းမြောက်ကြည်ဖြူတာ ရွှတ်ဆိုချင်တာကနာမ်၊ ရွှတ်ဆိုတာနဲ့ အသံကရုပ်၊ အဲဒါကို ရှုမှတ်တာကလည်း နာမ်၊ ဒီရုပ်နာမ်မျှသာရှိသည်။ ဒီရုပ်, နာမ်တွေဟာ ချက်ချင်းပင် ကုန်ဆုံးချုပ်ပျက်သွားသောကြောင့် မမြဲ, ဆင်းရဲ, အနတ္တ သဘောတရားမျှပဲ။

ဗ္ဗီဝဲသင့်, ပြုသင့်တဲ့ ကုသိုလ်အဆက်

ယခုပြောခဲ့တာတွေဟာ မေးမြန်းသင့်တဲ့ ကုသိုလ်တရားတွေ ပဲ။ အဲဒီကုသိုလ်တွေထဲကလည်း မေတ္တာ, ကရုဏာ, မုဒိတာခေါ်တဲ့ သမထဘာဝနာကုသိုလ်နဲ့ ဝိပဿနာကုသိုလ် ဖြစ်ပုံတွေပဲ။ ယခု တရားနာပုဂ္ဂိုလ်တွေဟာ မေးသင့်တဲ့ အကုသိုလ်အကြောင်း,ကုသိုလ် အကြောင်းတွေကို ကြားနေရတဲ့အတွက် ဉာဏ်ပညာကြီးကြောင်း

http://www.dhammadownload.com

ကုသိုလ်တွေ အများကြီး ဖြစ်သွားပါပြီ။ မေတ္တာ, ကရုဏာ, မုဒိတာ ကုသိုလ်တွေကိုရော, ဝိပဿနာကုသိုလ်တွေကိုရော, ကြားနာရုံမျှ မဟုတ်ဘဲ, ကိုယ်တွေ့အားဖြင့်လည်း သိနားလည်ကြရပြီ။ ယခုလဲ အသိပညာတွေပွားသွားပြီ။ နောင်လည်း ဉာဏ်ပညာတွေ ကြီးမားထက်မြက်သွားမယ်။ အဲဒီလို အကျိုးများပုံကို မြတ်စွာဘုရားက-

မာဏဝ-သုဘလုလင်၊ ဧသော ပဋ္ဌိပဒါ-အကုသိုလ်က ဘယ်ဟာလည်း, ကုသိုလ်က ဘယ်ဟာလည်း စသည်ဖြင့် မေးမြန်းနာကြားရ၍ မှတ်သားသော ဤအကျင့်သည် မဟာပညာသံဝတ္ထုနိကာ-အသိအလိမ္မာ ဉာဏ်ကြီးခြင်းကို ဖြစ်စေတတ်ပါသည်- လို့ ဟောထားပါတယ်။ အဲဒီ ဒေသနာနှင့်စပ်ဆိုင်တဲ့ အမှတ် ၇-ဆောင်ပုဒ်ကို ဆက်ဆိုကြရမယ်။

(၇) မမေးမမြန်း, ဉာဏ်မြင်ကန်း, စုံစမ်းဉာဏ်ကြီးသည်။

(၁) သတ္တဝါကို သတ်ရင် အသက်တိုတတ်တယ်။ မသတ်ပဲ ကြဉ်ရှောင်ရင် အသက်ရှည်တတ်တယ်။

(၂) ညှဉ်းဆဲရင် အနာရောဂါများတတ်တယ်။ မညှဉ်းဆဲရင် ကျန်းမာတတ်တယ်။

(၃) ဒေါသကြီးရင် ရုပ်ဆိုးတတ်တယ်။ စိတ်မဆိုးဘဲ သည်းခံ ရင်လှပတတ်တယ်။

(၄)သူတစ်ပါးကို မနာလိုရင် အခြွေအရံနည်းတတ်တယ်။ သူတစ်ပါးချမ်းသာတာကို ကြည်ဖြူဝမ်းမြောက်ရင် အခြွေအရံများတတ်တယ်။

http://www.dhammadownload.com

(၅) ဝန်တိုပြီးမပေးမလျှုရင် ဆင်းရဲနွမ်းပါးတတ်တယ်။ ပေးလျှုရင် ပေါများကြွယ်ဝတတ်တယ်။

(၆) မာနကြီးရင် အမျိုးညံ့၌ ဖြစ်တတ်တယ်။ ရိုသေကိုင်း ညွှတ်ရင် အမျိုးမြတ်၌ ဖြစ်တတ်တယ်။

(၇) မမေးမမြန်း,မလေ့လာရင် အသိဉာဏ်နည်း တတ်တယ်။ မေးမြန်းလေ့လာရင် ဉာဏ်ပညာကြီးမား ထက်မြက်တတ်တယ်။

အဲဒီ ၇-မျိုး အကျယ်အားဖြင့် ၁၄-မျိုးဟာ သတ္တဝါတွေကိုယ်တိုင်ပြုခဲ့တဲ့ အကုသိုလ်ကံနဲ့ ကုသိုလ်ကံအားလျော်စွာ ဖြစ်နေတဲ့ ဆိုးကျိုး, ကောင်းကျိုးတွေပဲ။ ဘယ်သူကမျှ ဖန်ဆင်းပြုလုပ်ပေးလို့ ဖြစ်နေတာမဟုတ်ဘူး။ အဲဒါက ရှေးဘဝက ပြုခဲ့တဲ့ ကံများအရ ပြဆိုချက်တွေပါပဲ။ ယခုမျက်မှောက်ကံအရ ဖော်ပြရမယ်ဆိုရင် တော့-

ယခုမျက်မှောက်ကံအရ ဖော်ပြချက်

(၂) ကျန်းမာရေးကို မလေ့လာ မလိုက်စားရင်, မသင့်တော်တဲ့အစာ စသည်ကိုမှီဝဲရင် အနာရောဂါ များတတ်တယ်။ ကျန်းမာရေးလေ့လာလိုက်စားရင်၊ မသင့်တာကို ရှောင်ရင် သင့်တာကို မှီဝဲရင် ကျန်းမာတတ်တယ်။ အဲဒါကလည်း ရှေးအကုသိုလ်ကံ အကြီးအကျယ် မရှိပါမှုဖြစ်မယ်။

(၄) ပေးကမ်းခြင်း- ၁-ချစ်စဖွယ် ချိုသာစွာပြောဆိုခြင်း၊

http://www.dhammadownload.com

၂-သူတစ်ပါးကိစ္စ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း၊ ၃-မိမိနှင့် တန်းတူထား၍ ဆက်ဆံခြင်း၊ ၄-ဒီအကျင့် ၄-ပါးကို အခြွေအရံများ ခြင်း၏ ပစ္စုပ္ပန်အကြောင်းအဖြစ်ဖြင့် မြတ်စွာဘုရားက ဟောထား ပါတယ်။ အဲဒီအကျင့်၄-ပါး သင်္ဂဟတရားကို ပြည့်စုံစွာကျင့်ရင် မိတ်ဆွေအခြွေအရံ များတတ်ပါတယ်။ အဲဒီ သင်္ဂဟတရားတွေ ပျက်ကွက်ရင်တော့ မိတ်ဆွေအခြွေအရံ နည်းတတ်တယ်။

(၅) ပစ္စည်းဥစ္စာပြည့်စုံကြောင်း အကျင့်ကို သမ္မဒါ ၄-ပါး ဖြင့် မြတ်စွာဘုရားက ဖော်ပြထားပါတယ်။ ၁-ဥဋ္ဌာနသမ္မဒါ-စီးပွား ရေး အလုပ်အကိုင်ကို တတ်သိနားလည်ပြီးတော့ ထထကြွကြွ အား ထုတ်လုပ်ကိုင်ခြင်း၊ ၂-အာရက္ခသမ္မဒါ-ရပြီးစီးပွားကို မပျက်စီးရ အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ၃-ကလျာဏမိတ္တတာ-မိတ် ဆွေကောင်းရှိခြင်း၊ ၄-သမဇီဝိတာ-အသုံးက အရထက်မပိုလွန်စေ ဘဲ၊ ညီမျှစွာ အသက်မွေးခြင်း၊ ဒီသမ္မဒါ ၄-ပါးနှင့်အညီ နေထိုင်ရင် ပစ္စည်းဥစ္စာပေါများနိုင်တယ်။ အလွန်မပေါများနိုင်တောင်မှ အတော်အသင့်တော့ ပြည့်စုံနိုင်တယ်။ ဒီသမ္မဒါ ၄-ပါးနှင့် ဆန့်ကျင့် ရင်တော့ ဆင်းရဲနွမ်းပါးဖို့ သေချာပါတယ်။

(၇) ပညာနည်းခြင်းနှင့် ပညာကြီးခြင်း၏ပစ္စုပ္ပန်အကြောင်း များကတော့ ပြောခဲ့ပြီးထဲမှာ ပါဝင်သွားပါပြီ။ ၁-အသက်တိုခြင်း, အသက်ရှည်ခြင်း၏ ပစ္စုပ္ပန်အကြောင်းကတော့ ၂-အနာများခြင်း, ကျန်းမာခြင်း အကြောင်းထဲမှာ ထိုက်သည်အားလျော်စွာ ပါဝင် သွားပါပြီ။ ၃-အရ အရုပ်ဆိုးခြင်း, လှပခြင်း၏ ပစ္စုပ္ပန်အကြောင်း

http://www.dhammadownload.com

ကတော့ ပြောပလောက်အောင် ရှိပုံမရပါဘူး။ ၆-အရ အမျိုးမြတ်ခြင်း, အမျိုးယုတ်ခြင်း၏ ပစ္စုပ္ပန်အကြောင်းကတော့ မရှိဘူးလို့ ဆိုရမှာပဲ။ ဒါပေမယ့် ခေတ်ကာလအားလျော်စွာ ပစ္စည်းအင်အား, အပေါင်းအသင်းအင်အား, ဉာဏ်ပညာအင်အားများဖြင့် မိမိအမျိုးကို အများက လေးစားအောင် အားထုတ်ရင်တော့ ဖြစ်တန်သလောက် ဖြစ်နိုင်ဖို့ရှိပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း သတ္တဝါတွေမှာ မိမိတို့ကိုယ်တိုင်ပြုထားတဲ့ ရှေးကံနှင့် ပစ္စုပ္ပန်ကံအားလျော်စွာ ဆိုးကျိုး, ကောင်းကျိုးတွေကို တွေ့ကြုံခံစားနေရတယ်။ မည်သူကမျှ မည်သို့ဖြစ်စေလို့ မပြု ပြင်နိုင်, မဖန်ဆင်းနိုင်ဘူး။ ဒါကြောင့် -

ကံနှင်ကံ၏အကျိုး ဝေဖန်ချက်နိုင်းချုပ်

သဗ္ဗေသတ္တာ-အလုံးစုံသောသတ္တဝါတို့သည်၊ ကမ္မသကာ မိမိတို့ကိုယ်တိုင် ပြုထားတဲ့ အမှုကံလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏လို့ မြတ်စွာဘုရားက ဟောတော်မူတာပဲ။ အဲဒါကို "ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားသည်။ ဆိုးကောင်းနှစ်တန်၊ ကံစီမံခံစံကြရသည်"လို့ ဆောင်ပုဒ်စီထားတယ်။ ရှေ့ပိုင်းကလည်း ဆိုခဲ့ကြပါပြီ။ ယခုလည်း ထပ်ဆိုကြရဦးမယ်။

ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှကောင်စားမည်။
ဆိုး ကောင်းနှစ်တန် ကံစီမံ ခံစံကြရသည်။

အဲဒီဒေသနာကို ကြားနာပြီးတော့ သုဘလုလင်ဟာ သရဏာဂုံတည်တဲ့ ဗုဒ္ဓဘာသာဝင် ဖြစ်သွားပါသတဲ့။ ယခု ဒီ ဥပေက္ခာ

http://www.dhammadownload.com

ဘာဝနာအရာမှာ သိဖို့လိုရင်းကတော့ ဆင်းရဲ၊ ချမ်းသာ၊ ဆိုးကျိုး၊ ကောင်းကျိုးတွေကို ဘယ်သူကမျှ ပြုပြင်ဖန်ဆင်းမပေးနိုင်ဘူး။ မိမိတို့၏ ကံအားလျော်စွာ ဖြစ်နေတာပဲ။ သူ့ကံနဲ့သူ ကိုယ့်ကံနဲ့ ကိုယ်ပဲလို့ လျစ်လျူရှုဖို့ပါပဲ။ သူတစ်ပါးအား ချမ်းသာအောင်, ဆင်းရဲမှလွတ်အောင်, ချမ်းသာမြဲ ချမ်းသာနေအောင် နှလုံးသွင်းဖို့ မလိုဘူး။ ကြောင်ကြစိုက်ဖို့ မလိုဘူး။ ကြောင့်ကြစိုက်နေရင် ပင်ပန်းရုံပဲ။ ကမ္မသကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။ ကံအားလျော်စွာ ဖြစ်နေကြတယ်လို့ လျစ်လျူရှုဖို့ပါပဲ။ အဲဒီလို လျစ်လျူရှုမှု ဥပေက္ခာကို ပွားများကြရအောင် လိုက်ဆိုကြရမယ်။ အဲဒီလို နှလုံးသွင်းရွတ်ဆိုတာကို ရှုမှတ်ပြီးသိပုံရော တစ်ဆက်တည်းဆိုကြရမယ်။

အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိကြသည်။ ကံအားလျော်စွာ ဖြစ်နေကြသည်။ အဲဒီလို လျစ်လျူရှုတာနဲ့ ရွတ်ဆိုချင်တာကလည်း နာမ်၊ ရွတ်ဆိုတာနဲ့ အသံကရှုပ်၊ အဲဒါကို ရှုမှတ်တာကလည်း နာမ်၊ ဒီနာမ်ရှုပ်မျှသာ ရှိတယ်။ ဒီရှုပ်နာမ်တွေဟာ ချက်ချင်းပင် ကုန်ဆုံး ချုပ်ပျက်သွားသောကြောင့် မမြဲဆင်းရဲအနတ္တသဘော တရားမျှပဲ။

ချမ်းသာတာလည်း ကံကြောင့်ပဲ။ ဆင်းရဲတာလည်း ကံကြောင့်ပဲ။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်။ သူ့ကံနဲ့သူပဲ။ ကိုယ့်ကံနဲ့ကိုယ်ပဲလို့ ဥပေက္ခာဖြင့် လျစ်လျူရှုတာဟာ ဆင်းရဲဒုက္ခရောက်နေတဲ့အခါ စိတ်သက်သာခွင့်၊ ချမ်းသာခွင့်ကို ရစေ

http://www.dhammadownload.com

တတ်ပါတယ်။ အဲဒီလိုကံကို အကြောင်းအရင်းအဖြစ် နှလုံးသွင်း တာဟာ ယခုမျက်မှောက်မှာလည်း သက်သာခွင့်ရပြီး အပြစ်ကင်း ပါတယ်။ နောင်သံသရာမှာ အားကိုးစရာရအောင် အကုသိုလ်ကို ကြဉ်ရှောင်ပြီး ကုသိုလ်ကံကို စွမ်းနိုင်သမျှ ပြုလုပ်အားထုတ်သွား တဲ့အတွက် နောင်သံသရာမှာလဲ ကြီးပွားချမ်းသာသွားနိုင်ပါတယ်။ အဲဒီလိုကံကို အကြောင်းအရင်းအဖြစ် နှလုံးမသွင်းဘဲ နေရင်တော့ မည့်သူတွေကြောင့် ဆင်းရဲရတယ်စသည်ဖြင့် သူတစ်ပါးအပေါ်မှာ အပြစ်ဖို့ပြီး ဒေါသ အကုသိုလ်တွေနဲ့ စိတ်ဆင်းရဲတွေ ပွားနေတတ် တယ်။ ဒါကြောင့် ဆင်းရဲဒုက္ခ ရောက်နေတဲ့အခါမှာ ကမ္မသကာဆိုတဲ့ ဒေသနာအရ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်။ ရှေးက ကိုယ်တိုင်ပြုမှားမိတဲ့ အကုသိုလ်ကံကြောင့် ယခုဆင်းရဲနေရတာပဲ။ ကိုယ်ကံနဲ့ကိုယ်ပဲလို့ နှလုံးသွင်းပြီး ဖြေဖျောက်တာဟာ မှန်လည်း မှန်တယ်။ ကောင်း လည်း အကောင်းဆုံးပဲ။

ဥပေက္ခာဘာဝနာပွားပုံကိုတော့ စုံသွားပါပြီ။ ကမ္မသကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်ဆိုတဲ့ ဒေသနာတော်အရ ဆောင်ပုဒ်များကို ဆိုပြီး တရားသိမ်းရမယ်။

(၁) သူ့ကိုသတ်ဖြတ်၊သက်တိုတတ်၊ မဆတ်အသက်ရှည်။
(၂) ညှဉ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်။
(၃) ဒေါသမီးလျှိ၊ အကျည်းတန်၊ သည်းခံ လှပေသည်။
(၄) မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။

http://www.dhammadownload.com

(၅) မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါကြွယ်သည်။
(၆) မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်။
(၇) မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။
(၈) ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားမည်။
(၉) ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ ခံစံကြရသည်။

အားလုံးသတ္တဝါတွေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်။ ကံအားလျော်စွာ ဆင်းရဲကြရ, ချမ်းသာကြရ သည်။

အဲဒီလို လျစ်လျူရှုမှု ဥပေက္ခာကို ပွားစေခြင်းဖြင့် (တတိယ စျာန်ရပြီး ပုဂ္ဂိုလ်မှာ) ဥပေက္ခာနှင့်ယှဉ်တဲ့ စတုတ္ထစျာန်ကို ရနိုင် ကြောင်း အစပိုင်းက ပြောခဲ့ပါပြီ။ ဘာစျာန်ကိုမျှ မရသေးတဲ့ သာမန်ပုဂ္ဂိုလ်မှာလည်း မိမိကိုယ်တိုင် ဆင်းရဲဒုက္ခရောက်နေတဲ့အခါ ဖြစ်စေ၊ မိမိနဲ့ ရင်းနှီးစပ်ဆိုင်တဲ့သူတွေ ဆင်းရဲဒုက္ခရောက် နေတဲ့အခါဖြစ်စေ (သဗ္ဗေ သတ္တာ ကမ္မသကာ-ဆိုတဲ့ ဒေသနာ တော်နဲ့အညီ) အားလုံးသတ္တဝါတွေဟာ မိမိတို့ကိုယ်တိုင် ပြုထားတဲ့ အမှု-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။ ကိုယ့်ကံနဲ့ကိုယ်ပဲ။ သူတို့ကံနဲ့ သူတို့ပဲ၊ ယခုလို ဆင်းရဲဒုက္ခရောက်နေရတာဟာ ရှေးက မကောင်းမှုပြုခဲ့လို့ဘဲ။ အနာရောဂါများတာ, အနှိပ်စက်ခံရတာဟာ ရှေးက သူများကို မညှာမတာနှိပ်စက်ခဲ့လို့ပဲ။ အခြွေအရံ ပျက်စီး တာ, နည်းတာဟာ သူများကိုမနာလိုခဲ့လို့ပဲ၊ ပစ္စည်းဥစ္စာပျက်တာ, မပြည့်စုံတာဟာ ရှေးက သူများပစ္စည်းကို မတရားပြုခဲ့လို့,

http://www.dhammadownload.com

မပေးလျှောခဲ့လို့ပဲ။ အမျိုး ယုတ်ညံ့တာ, မထီမဲ့မြင် အပြုခံရတာဟာ ရိုသေထိုက်သူကို မရိုသေဘဲ မာနကြီးခဲ့လို့ပဲ-စသည်ဖြင့် ကံကို အကြောင်းအရင်းအဖြစ် ဆင်ခြင်ရင် စိတ်သက်သာခွင့်တော့ ရမှာ သေချာပါတယ်။

၁၃၂၇-ခု ဝါဆိုလပြည့်နေ့မှ စပြီး ဒီပြဟ္မဝိဟာရ တရားကို ဟောလာခဲ့တာ ၁၆-ကြိမ်ရှိပြီ။ ကြားထဲမှာ ၃-သီတင်းတော့ ဒီ တရားကို မဟောခဲ့ရဘူး။ ယခု တန်ဆောင်မုန်းလကွယ်နေ့မှာ ပြဟ္မဝိဟာရလေးပါးလုံး ဟောလို့ ပြီးဆုံးသွားပါပြီ။ ဒါကြောင့် ဒီပြဟ္မ ဝိဟာရ ၄-ပါးပွားပုံကို ရွတ်ဆိုပွားများပြီး တရားသိမ်းရမယ်။

(၁) အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

(၂) အားလုံးသတ္တဝါတွေ တွေ့ကြုံနေရဆဲ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

(၃) အားလုံးသတ္တဝါတွေ ရရှိပြီး စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့၊ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာ မြဲချမ်းသာကြပါစေ။

(၄) အားလုံးသတ္တဝါတွေ မိမိပြုထားတဲ့ ကောင်းမှုက်, မကောင်းမှုက်လျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

http://www.dhammadownload.com

ဤပြဟ္မဝိဟာရ တရားတော်ကို ရိုသေစွာ နာယူမှတ်သားကြ ရသော ဓမ္မသဝန ကုသိုလ်စေတနာတို့၏ အစွမ်းအာနုဘော် ကြောင့် ယခုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်းကြ၍ မိမိသန္တာန်၌ဖြစ်ဆဲ ရုပ်နာမ်တရားတို့ကိုလည်း အမှန်အတိုင်း သိအောင် ရှုမှတ်ပွားများ အားထုတ်နိုင်ကြသည်ဖြစ်၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု ။

ပြဟ္မဝိဟာရတရားတော် သတ္တမဝိုင်းပြီး၏။

ပြဟ္မဝိဟာရတရားတော်အလုံးစုံ ဤတွင်ပြီး၏။

× × × × ×